www.burmeseclassic.com

# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

## မျက်မမြင်ဂီတသမားနှင့်မိတ်ဟောင်းဆရာ

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ



မောင်ညိုမှိုင်း(သန်လျင်)၊ မကွေးညိုစိမ့်၊ ဆရာကြီးအရှင်မှာ၊ အောင်သာမိုး၊ စိုတာမြင့်ဦး
ထောင်မှူးကြီးသိန်းဝင်း၊ ဧယျမင်းသျှင်၊ ညြိမ်သ၊ မိုးကျရွှေကိုယ်၊ စကြာဒေဝီ၊ စိုးယဉ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၅၊ စက်တင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Eagle*

ပုံနှိပ်သူ
ဒေါ်ယဉ်ယဉ်မွန်
မြိုးဝေလှုံပုံနှိပ်တိုက် (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ
ဦးတင်ထွန်း (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၈၀၀ ကျပ်


၈၉၅ • ၈၃
ညိုမှိုင်းမောင်(သန်လျင်)
မျက်မမြင်ဂီတသမားနိမိတ်ဖောဆရာအပါအဝင်ဝတ္ထုတိုများ/
ကလောင်စုံ။ -ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၅။
၂၉၈-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) မျက်မမြင်ဂီတသမားနိမိတ်ဖောဆရာအပါအဝင်ဝတ္ထုတိုများ


# မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | မျက်မမြင်ဂီတသမားနိမိတ်ဖောဆရာ<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | ပုဏ္ဏားခြောက်ယောက်နဲ့ ဆင်<br>*ဇေယျမင်းသျှင်* | ၃၇ |
| ၃။ | သတ္တဝါဆန်း<br>*ဆရာကြီးအရှိန်မှာ* | ၆၉ |
| ၄။ | သုံးယောက်ပေါင်းအလောင်းဖော်<br>*မကွေးညိုစိမ့်* | ၈၉ |
| ၅။ | ဘဝဆက်ခါဖြစ်လေရာဝယ်<br>*ဝိတာမြိုင်း* | ၁၂၀ |
| ၆။ | လူမိုက်ကံကောင်းနှင့် ကောင်းခြင်းရသည့်ချိန်ခါ<br>*မိုးကျရွှေကိုယ်* | ၁၅၆ |
| ၇။ | ကျားဆိုမှကျား<br>*အောင်သာမိုး* | ၂၀၂ |
| ၈။ | ဂျွန်ဆေးရာစံ၏ သမိုင်းဝင်ဓားတစ်လက်<br>*ထောင်မှူးကြီးသိန်းဝင်း* | ၂၂၉ |
| ၉။ | အရိပ်ည<br>*စကြာဒေဝီ* | ၂၅၃ |
| ၁၀။ | ဘဝမင်းသားကြီး<br>*ညိုမိသ* | ၂၆၄ |
| ၁၁။ | အဓိဋ္ဌာန်ခရီးနှင့်လူပေါင်းများ<br>*စိုးယဉ်ထွန်း* | ၂၈၇ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တစ်နေ့သောအခါ ကျွန်ုပ်သည် အလွန်အံ့ဖွယ်ကောင်းလှသော နိမိတ်ဟောဆရာ အဘိုးအိုတစ်ဦးကို ကြုံတွေ့ခဲ့ရလေသည်။

အဘိုးအိုမှာ အသက်ခုနစ်ဆယ်ခန့် ရှိမည်ထင်၏။ ခါးကုန်းနေ၏။ ပါးရေနားရေ တွန့်နေ၏။ ဆံပင်ရှည်များက ကုပ်ပေါ်မှာ ဖားလျားကောက်ကွေးကျနေ၏။

သူ့ဆံပင်ပုံစံသည် ကျွန်ုပ်ရေးနေသည့် လူထူးဆန်း ဘတိုက်ပုံဦးရာကျော် (ခေါ်) ဦးရေချမ်းအိုးကြီး၏ ဆံပင်ဖားလျားကျနေပုံနှင့် ဆင်ဆင်တူ၏။

ဖြူဖွေးနေသော နှုတ်ခမ်းမွေးများသည် ကွမ်းတံတွေးနီကြန်ကြန်နှင့် ပေကျံနေကာ သူ့ပါးစပ်ထဲသို့တိုင် ကုပ်ဝင်နေ၏။

သူသည် ရင်စေ့တိုက်ပုံ ပင်နီကြမ်းကို ဝတ်ထား၏။ ပင်နီကြမ်းတိုက်ပုံ ရင်ဘတ်မှာလည်း ကွမ်းတံတွေးများ ပေကျံနေ၏။ ပုဆိုးကား ကချင်ကွက်ပုဆိုးအနွမ်းနှင့်ဖြစ်သည်။





သူ့လက်ထဲမှာ အလွန်ရှေးကျလှသော ဟွန်းတယောအိုကြီးတစ်လက်ရှိပြီး ကျွန်ုပ်ရောက်ရှိနေချိန်၌ အဘိုးအိုသည် သီချင်းတစ်ပုဒ်ကို ဟွန်းတယောအိုကြီးထိုး၍ ကိုယ်တိုင် သီဆိုနေ၏။

အသံကား 'အရွယ်နှင့်မလိုက်အောင် ကောင်းလှပေစွ။

ပို၍ထူးဆန်းသည်ကား သူ့မျက်လုံးနှစ်လုံးသည် လူမျက်လုံးပကာတိကဲ့သို့ မဟုတ်။

ကျောက်မျက်လုံးနှစ်လုံး ထည့်ထားရကား အဘိုးအိုမျက်စိမမြင်မှန်းကို သီချင်းဝိုင်းနားထောင်နေသူများပါ သဘောပေါက်ကြပေ၏။

ဒါ့အပြင် အဘိုးအိုရဲ့ရှေ့နားမှာ သစ်သားတုံးငယ်ကို ကတ်ထူစက္ကူနှင့် ကပ်ရိုက်ထားသော စာတန်းဆိုင်းဘုတ်ကလေး ထောင်ထား၏။

စာကား. .

'မနောဂီတဗေဒင်ဆရာ'

ဟူသတည်း။

သူ့အနီးမှာ ဆံရစ်ဝိုင်းလေးနှင့် ရှင်မီးအင်္ကျီ၊ သရက်ထည်ထဘီအဖာလေး ဝတ်ထားသော အသက်ရှစ်နှစ်ခန့် ကလေးမလေးတစ်ဦးလည်း ပါရှိလေ၏။

'မနောဂီတဗေဒင်ဆရာ' ဆို၍ ကျွန်ုပ် အနည်းငယ်စိတ်ဝင်စားသွားလေ၏။ ကျွန်ုပ်သည် ဂမ္ဘီရစာရေးဆရာတစ်ဦးဖြစ်လေရကား ဘယ်အရပ်ကိုရောက်ရောက် အဆန်းတကြယ်များကို စိတ်ဝင်စား၏။ စူးစမ်းလေ့လာ၏။ ချဉ်းကပ်မေးမြန်း၏။

ပြီး ဝတ္ထုဆောင်းပါးများ ရေးသားလေ့ရှိ၏။

ကျွန်ုပ်သိသမျှ မြင်ဖူးသမျှ ဗေဒင်ဆရာဆိုသူများ၊ အကြားအမြင်ပါရမီရှင်ဆိုသူများ၊ တယ်လီပသီမနောပညာရှင်ဆိုသူများသည် အခန်းနှင့်ဟောပြောသူလည်းရှိ၏။ တိုက်ခန်း၊ ရုံးခန်း၊ ဆိုင်းဘုတ်ကြော်ငြာကြီးနှင့် ဟောသူလည်းရှိ၏။

လမ်းဘေးအုတ်ခုံမှာထိုင်၍ လက္ခဏာရုပ်ပုံများ၊ မြင်းရုပ်အဟော၊ ဆင်ရုပ်အဟောနှင့် ဟောသူများလည်း ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါ့အပြင် ...

စာကလေးဗေဒင်၊ ကြက်တူရွေးဗေဒင်၊ သာလိကာဗေဒင်ဆိုပြီး ငှက်ကလေးများအကူအညီဖြင့် စာအိတ်ကိုဆွဲ၍ ဟောသည့် ဗေဒင်ဆရာမ ကုလားမများလည်း မြင်ဖူး၏။

ကြွေစေ့ဗေဒင်ဆိုသည်လည်း မြင်ဖူး၏။

တရုတ်တူဗေဒင်လည်း အမွေးတိုင်ရနံ့သင်းသင်းနှင့် လမ်းနံဘေးမှာ မြင်ဖူး၏။

မနောဂီတဗေဒင်ဆိုသည် ကျွန်ုပ်မမြင်ဖူး။ သို့ကလို စဉ်းစားစိတ်ဝင်စားသလိုရှိနေစဉ် မျက်မမြင်အဘိုးအိုသည် ဟွန်းတယောအိုကြီးနှင့် သီချင်းတစ်ပုဒ်ကို စ၍သီဆိုလေ၏။

"လင်ချစ်ပါတဲ့ တသာဂီ xxx လင်ကြိုက်တဲ့ တသာဂီ xxx
တိုင်းလေးဌာနီ xxx ဝေးကွာခဲ့ပြီ xxx
လင်ချစ်ပါတဲ့ တသာဂီ xxx လင်ကြိုက်ပါတဲ့ တသာဂီ xxx
တိုင်းလေးဌာနီ xxx ဝေးကွာခဲ့ပြီ xxx
ဘယ်ဆီဝယ် xxx ရွှေပြည်ကြီး xxx နီးရပါတော့မယ် xxx
ဘယ်ဆီဝယ် xxx ရွှေပြည်ကြီး××နီးရပါတော့မယ် xxx
ဘုန်းလေးမှ xxx မောင်မောင့်မဟာနွယ် xxx
ဘုန်းလေးမှ xxx ကိုယ်တော့်မဟာနွယ် xxx
ဝေဟင်လမ်းဝယ် xxx ဖေလင်တမ်းကွယ်××ယောက်ျားသည်××
သြော် xxx နောက်များဝယ် xxx
သူ့ခြေအမိုက်ကို xxx ကျွန်မအမီလိုက်ရတယ် xxx
သခင်ရဲ့ xxx ကြင်မကွယ့် xxx တမင်ဖွဲ့ရှာ xxx
အဲဒါတွေကို xxx မြင်ပြန်ပါတယ် xxx"

အလို ... ကောင်းလိုက်သည့် အသံနယ်။ ဒါ ပေါ့သေးသေးသီချင်းမဟုတ်။ ဆရာကြီးရွှေတိုင်ညွန့်ရေးပြီး အဆိုတော်ကြီး ဒေါ်ကြည်အောင်ဆိုခဲ့သည့် အောင်ဗလအလွမ်းပြေသီချင်းဖြစ်၏။





ဦးအောင်ဗလက မင်းသမီးလိုသရုပ်ဆောင်ခဲ့သည့် ရှေးသဘင်ပညာသည်အလွမ်းကို ပြန်တမ်းတသည့် သီချင်းဖြစ်၏။

ကြည့်စမ်းပါ့ဗျာ ...

ကြားရခဲပေခြင်းရယ် ...

အားလုံးသောပရိသတ်များက အဘိုးအိုရဲ့ ဟွန်းတယောနှင့် အဆိုသံမှာ နစ်မျောပြီး နေကြ၏။

"ပျိုကြည်အောင် xxx ယခုတိုင်ပင် xxx စေ့စေ့တွေးတော့ xxx မှတ်မိသေးတယ် xxx

ခင်ကြည်အောင် xxx ယခုတိုင်ပင် xxx စေ့စေ့တွေးတော့ xxx မှတ်မိသေးတယ် xxx

မြိုင်ဝဥ္စာအလယ် xxx ထဘီစွန်တောင်ဆွဲကာ xxx သွားရင် xxx တစ်ပါးလင်သည့် xxx မသနားရင်ကွယ် xxx ဟောဒီကျားဆင်အလယ် xxx ခင်အောင်နေရစ်မယ် xxx

မြိုင်ဝဥ္စာအလယ် xxx ထဘီစွန်တောင်ဆွဲကာ xxx သွားရင် xxx တစ်ပါးလင်သည့် xxx မသနားရင်ကွယ် xxx ကျားဆင်အလယ် xxx ထားရင်ကွယ် xxx ခင်အောင်နေရစ်မယ် xxx

ကြာကြာသွယ် xxx ကိုအောင်ဗလက xxx နွဲ့တာများရယ် xxx အလယ်လယ် xxx လယ် xxx အလယ် xxx လယ် xxx လယ် xxx ကိုယ်တော်အောင်မောင်း သခင် xxx ကြင်နာဦးကွယ် xxx"

မျက်မမြင်အဘိုးအိုသည် သီချင်းအဆိုကို ရပ်လိုက်ပြီး အတီးပိုဒ်ကို ဟွန်းတယောတစ်လက်တည်းနှင့် ဒူးပေါင်လှုပ် စည်းဝါးတီးပြီး နွဲ့နေရကား ဟွန်းတယောသံသည် ဝိုင်းကြည့်နေသည့် လူအုပ်ကြီးကို ညို့ယူဖမ်းစားထားသလို ရှိနေ၏။

တယောသံဆုံးသည်နှင့် မျက်မမြင်အဘိုးအိုက အဆို၊ အတီးကို ခေတ္တနားလိုက်သည်။

သည်အချိန်မှာ ဆံရစ်ဝိုင်း၊ ရှင်မီးအကျီနှင့် အသက်ရှစ်နှစ်ခန့်ရှိသော မိန်းကလေးက ...



www.burmeseclassic.com

www.burmeseclassic.com



"အမိ၊ အဖ၊ အစ်ကို၊ အစ်မ၊ ဦးဦး၊ ဒေါ်ဒေါ် ပရိသတ်များရှင့် ... ဟောဒီက တယောသမားကြီး ကျွန်မရဲ့အဘိုးအမည်က ဦးရွှေဘုန်းညို လို့ ခေါ်ပါတယ်ရှင့်။ အသက်ခုနစ်ဆယ်ရှိပါပြီ။ အသက်ငါးဆယ်အရွယ်မှာ ကား တိုက်ခံရပြီး မျက်စိနှစ်လုံးကွယ်ခဲ့ရပါတယ်။ အဘိုးဦးရွှေဘုန်းညိုဟာ တစ်ချိန် တစ်ခါတုန်းက မဟာဂီတသမားတစ်ဦးပါ။ အခု အဘိုးဟာ ဒီဟွန်းတယော နဲ့ သီချင်းဆိုပြပြီးတိုင်း မနောစိတ်ပညာနဲ့ လူတစ်ယောက်ရဲ့ ကံကြမ္မာ အကောင်းအဆိုး၊ ရှေ့ဖြစ်နောက်ဖြစ်များကို သုံးခွန်းဟောပြောပေးလေ့ ရှိ ပါတယ်ရှင်။ စိတ်ဝင်စားသူများ ဝင်ရောက်မေးမြန်းလေ့လာလို့ ရတယ်ရှင့်။ ပညာပူဇော်ခကတော့ မိမိတို့သဒ္ဓါရှိသလောက်ပဲ ဖြစ်ပါတယ်ရှင်။ အားလုံး ကို ကျေးဇူးတင်ပါတယ်"

ကြည့်စမ်းပါ့ဗျာ ...

ရှင်မီးအကျႌအနွမ်းလေးနဲ့ ကလေးမလေး။

အဘိုးအိုရဲ့ မြေးမလေးရယ် ...

ပါးပေါ်မှာ သနပ်ခါးပါးကွက်ကြား ခပ်ထူထူနဲ့ နှာကြားမှာ သနပ်ခါး တင်လို့ ...

ကြည်လင်တဲ့အသံလေးနဲ့ သူ့ရဲ့အဘိုး မနောဗေဒင်နဲ့ ဟောပြော နိုင်တဲ့အကြောင်းကို ကြေညာနေလေရဲ့။

ဒီအချိန်မှာပဲ မျက်မမြင်မနောဂီတဗေဒင်ဆရာဆိုသူ အဘိုးအို ဟွန်းတယောလေးနဲ့ အသံခြေဆင်းကြောင်းလေး စပေးလိုက်ရော ရှင်မီး အကျႌနဲ့ အဘိုးအိုရဲ့မြေးမလေးက သီချင်းတစ်ပုဒ်ကို ကောက်ဝင်လိုက် ရောခင်ဗျ။

"အစကတော့ ××× ဖြူဖြူ ××× ညိုသွားပြီ ××× ခုတော့ ညိုသွားပြီ ××× ပျိုမှားပါပြီရှင် ××× ခေါ်လာမိတယ် ×××"

ဟယ် ... ဘိုးအေမျက်မမြင်ကြီးလိုပဲ ကောင်းလိုက်သည့်အသံ ကြည်လိုက်၊ ပီလိုက်သည့်အသံ။





မှန်း ... ကလေးမလေးဆိုနေသည့်သီချင်းက နန်းတော်ရှေ့ဆရာ တင်ရေးပြီး အဆိုတော်ကြီး အမေမန္တလာမြင့် သီဆိုခဲ့တတ်ပြားရသည့် ရွှေဘို သနပ်ခါးသီချင်း။

"အင်းလျားရေတစ်စည်လောက်တော့ ××× လိုချင်ပါသည် ××× ဆယ်ချင်ပါသူ ××× ရွှေမန်းသူတွေ ××× ရေခေါ်ချိုးမယ် ××× တစ်မျိုးနော် သူ့အောင် ××× မိုးပေါ်ကျသူ ×××

အင်းလျားရေတစ်စည်လောက်တော့ ××× လိုချင်ပါသည် ××× ဆယ်ချင်ပါသူ ××× ရွှေမန်းသူတွေ ××× ရေခေါ်ချိုးမယ် ××× တစ်မျိုးနော် သူ့အောင် ××× မိုးပေါ်ကျသူ ×××

အင်းလျားရေကိုယူ ××× အင်းလျားရေကိုယူ ××× မီးရထားနဲ့ တင်မလို့ကြတယ် ××× တန်ဆာခတော့ ××× သုံးရာလောက်တော့ ××× သူ့မှာကေန် ××× ကြဲကြဲဖန်ဖန်ရန်ကုန်သူ ××× မန္တလာမြင့်တို့ရန်ကုန်သူ ××× မန္တလေးသွားလို့ အသားမည်းပြန်သတဲ့ဆူ ×××

ရွှေဘိုသနပ်ခါးတုံးများ ××× ရန်ကုန်လိမ်းဖို့ယူ ×× ဘယ်လိုအသား ညိုမည်း ××× ဝါဝါညက်ညက်ညက်ဖြူ ×××

ရွှေဘိုသနပ်ခါးတုံးများ ××× ရန်ကုန်လိမ်းဖို့ယူ ××× ဘယ်လိုအသား ညိုမည်း ××× ဝါဝါညက်ညက်ညက်ဖြူ ×××

ပုဖွန်တောင်ကြည့်မြင်တိုင်သူနဲ့ ××× မန္တလေးမြို့တော်သူ ×××

ပုဖွန်တောင်ကြည့်မြင်တိုင်သူနဲ့ ××× မန္တလေးမြို့တော်သူ ×××

ရွှေဘိုသနပ်ခါးလိမ်းကြရင်ဖြင့် ××× စိမ်းစိမ်းညက်ညက်ဖြူ ××× ကြဲကြဲဖန်ဖန်ရန်ကုန်သူ ××× မန္တလာမြင့်တို့ရန်ကုန်သူ ××× မန္တလေးသွားလို့ အသားမည်းပြန်သတဲ့ဆူ ×××"

အိုဗျာ ... ကောင်းလိုက်တဲ့အသံနဲ့ သီချင်းနယ် ... သူ့ပါးပေါ်က သနပ်ခါးအကွက်ကြားနဲ့ သူ့ဆိုသံဟန်ပန်ဟာ တကယ့်ပြိုင်ပွဲဝင် အဆိုတော် တစ်ဦးအလား၊ စင်မြင့်ပေါ်က အဆိုတော်တစ်ဦးအလား ထင်ရပေရဲ့။

ခပ်တိုတို၊ ခပ်ရှင်းရှင်းဆိုရင် ...



www.burmeseclassic.com

www.burmeseclassic.com



သူမတို့မြေးအဘိုး အဲဒီနေ့မနက်တုန်းက ဈေးရှေ့ကုက္ကိုပင် အရိပ်အောက်မှာ . . .

အောင်ဗလအလွမ်းပြေသီချင်း၊ ရွှေဘိုသနပ်ခါးသီချင်း၊ ဆယ့်နှစ်လရာသီသီချင်းနဲ့ ရှင်သီဝလိသီချင်း . . . စသည့် ရှားရှားပါးပါး ခေတ်ဟောင်းသီချင်းများကို စေတနာသဒ္ဓါတရားအပြည့်ဖြင့် သီဆိုဖျော်ဖြေသွားသည့်တိုင် . . .

ဘယ်သူမှ သူတို့ရဲ့ မနောဂီတဗေဒင်ကို ဝင်ရောက်မေးမြန်းလေ့လာကြည့်ရှုသူ တစ်ယောက်မှ မရှိခဲ့ပေဘူးဗျာ။

✿ ✿ ✿

[ ၂ ]

❑

ရှင်မီးအကျီနှင့် ကလေးမလေးက သစ်သားဖင်ထိုင်ခုံပေါ်မှာ ထိုင်၍ ဗေဒင်လာကြည့်နိုးနိုးနှင့် မျှော်လင့်နေရှာသည်။

မျက်မမြင်ဂီတသမားကြီးက သူ့ရဲ့ ဟွန်းတယောကို အေးချလိုက်ပြီး ကွမ်းမြုံ့နေ၏။ သူတို့အနီးဝန်းကျင်မှာ မည်သူမျှမရှိ။

စောစောတုန်းက သူတို့သီချင်းသံကို နားထောင်ရင်း ကောင်းလိုက်တာဟု ချီးမွမ်းသူများသည် အခုတော့ သူတို့မြေးအဘိုးကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင် မထွေးကြ။





ကျွန်ုပ် သူတို့မြေးအဘိုးရဲ့ ဘဝဝမ်းစာရှာဖွေမှုကို ကြော်ငြာ၍ဆိုနိုင်မိ၏။ သို့နှင့် ကူညီရာလည်းရောက်၊ အခြေအနေလည်း သိလို၍ ကုက္ကိုပင်အရိပ်အောက် သူတို့မြေးအဘိုးရှိရာသို့ အသာလှမ်းဝင်ခဲ့လိုက်သည်။

ကျွန်ုပ်ဝင်လာသည်ကိုမြင်သော် ကလေးမလေးက ဝမ်းသာမျက်လုံးနှင့် ကြည့်နေရှာ၏။

"သမီး . . ."

"ရှင် . . . ဦးဦး"

"ဦးဦး . . . အဘဆီမှာ ဗေဒင်ကြည့်ချင်လို့ပါ"

"သြော် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ရှင့် . . . ဘိုးဘိုး . . ဘိုးဘိုး"

"ဘာတုံး . . . မြေး"

"ဒီမှာ ဦးဦးတစ်ယောက် မနောဗေဒင်ကြည့်ချင်လို့တဲ့ ဘိုးဘိုး"

"သြော် . . . သြော် . . . ထိုင်ပါ . . . ကြွပါခင်ဗျာ"

အဘိုးအိုက လေးစားစွာ ဖိတ်မန္တကပြု၏။ ရှင်မီးအကျီနှင့် ပါးကွက်ကြားမိန်းကလေးက ကျွန်ုပ်ထိုင်ရန် သူ့သစ်သားဖင်ထိုင်ခုံလေးကို ချပေး၏။

"နာမည် ဘယ်လိုခေါ်ပါသလဲခင်ဗျာ"

"ကိုချစ်စရာလို့ ခေါ်ပါတယ်အဘ"

"သြော် . . . ကိုချစ်စရာတဲ့လား။ အသက်ကရော ကွယ်"

"သုံးဆယ့်ငါးနှစ်ပါခင်ဗျာ"

"အိမ်း . . . ရပြီ။ လူကလေး ကိုချစ်စရာကို အဘက ဂီတမနောဗေဒင်နဲ့ ဟောပြောပေးပါ့မယ်။ ဦးစွာ ဂီတမနောဗေဒင်ဆိုတာကို ရှင်းပြပါရစေ၊ ဒီပညာဟာ ဗေဒင်လေးပုံမှာ ပါချင်မှ ပါပါလိမ့်မယ်။ ဒါပေမင့် အဘရဲ့ဘဝမှာ ဂီတသီချင်းတစ်ပုဒ်ကို ဆိုပြီး၊ တီးပြီးရင် အံ့သြစရာကောင်းတဲ့ မနောအမြင်စိတ်သမထအာရုံဆန်းကို ရနေ၊ မြင်နေရတယ်။ ဒါကလည်း လိုလိုလားလားမေးသူရှိမှ မြင်ရ၊ ကြားရတာပါ။ ကိုင်း . . . အဘသီချင်းတစ်ပုဒ်နှစ်ပုဒ်နဲ့ အာရုံချာန်သွင်းပါရစေ သားရယ်၊ ခဏလေးစောင့်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . အဘ၊ လုပ်ပါခင်ဗျာ"

သည့်နောက် ထူးဆန်းသော မျက်မမြင်ဂီတအဘိုးအိုဟာ လက်အုပ်ချီး ဘုရားကို အတန်ကြာအာရုံပြုနေလေရဲ့။ နှုတ်ကလည်း အသံမထွက်ဘဲ တိုးတိုး တိုးတိုး ရွတ်ဆိုနေလေရဲ့။

သည့်နောက် သူသည် ဟွန်းတယောအိုကြီးကို ကောက်ကိုင်ပြီး ဘုရားရုပ်တော်နှင့် ဝပ်လျှိုးသည့် သီချင်းတစ်ပုဒ်ကို စ၍ ပူဇော်သီဆိုလိုက်လေသည်။

"ရွှေဘုန်းတော်ရောင်ခြည် xxx ခြောက်ရောင်ကွန့်မြူးသည်xxx
တန်ခိုးတော်အနန္တ xxx ပြည့်စုံကြသည် xxx
အခါခါကြည်နူး xxx ရှိခိုးတင် xxx
နေ့တိုင်းစွဲမြဲကြသည် xxx ညတိုင်းစွဲမြဲကြသည် xxx
ငါးပါးပဥ္စသီ xxx အမှန်ပင်ဆောက်တည် xxx
စေတ္တာဒိဘဂဝါ xxx ဖူးမြော်ကြသည် xxx တင်ချီကြလို့ xx ကန်တော့လိုက်ပါသည် xxx"

နားထောင်လို့ ကျက်သရေ ရှိလှပေစွ။ ကျွန်ုပ်သည် ဘုရားဘုန်းတော်ဘွဲ့သီချင်းမှာ ကြည်နူးနေစဉ် သူက နောက်တစ်ပုဒ်ကို သီဆိုပြန်လေ၏။

သူသည် သီချင်းကိုဆိုရင်းက ကျွန်ုပ်မျက်နှာရှိရာကို ကျောက်မျက်လုံးအစုံဖြင့် တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်နေလိုက်သေး၏။

"ဘုံဓမ္မတာမှာ xxx ကြုံရလေသမျှ xxx ကာမစိတ်တွင် xxx တရားနဲ့တွေးတော့ xxx ငါးဆယ့်လေးဝပင် xxx
ဘုံဓမ္မတာမှာ xxx ကြုံရလေသမျှ xxx ကာမစိတ်တွင် xxx တရားနဲ့တွေးတော့ xxx ငါးဆယ့်လေးဝပင် xxx
ဟောဒီလောကီတစ်ခွင် xxx တွေ့မြဲ xxx ဆုံမြဲ xxx ကြုံမြဲ xx ဓမ္မတာပင် xxx သမုဒယသံယောဇဉ် xxx နွယ်ကြိုးမိတဲ့လင် xxx
ဟောဒီလောကီတစ်ခွင် xxx တွေ့မြဲ xxx ဆုံမြဲ xxx ကြုံမြဲ xxx ဓမ္မတာပင် xxx သမုဒယသံယောဇဉ် xxx နွယ်ကြိုးမိတဲ့လင် xxx





ချစ်ကြင်နာ xxx မေတ္တာလွန်ကဲ xx လွန်ကဲ xxx မေတ္တာလွန်ကဲxx လွန်ကဲ xxx မလွဲပေါင်စေတနာထားလို့ xxx မလွဲပေါင်စေတနာထားလို့ xxx သူများတကာထက် xxx ပိုတဲ့လင် xxx"

အဘိုးအိုသည် သီချင်းဆိုတီးခြင်းကို ရပ်လိုက်ပြီး ကျွန်ုပ်ရှိရာသို့ ကျောက်မျက်လုံးအစုံနှင့် အာရုံပြုကြည့်နေ၏။

"လူကလေး . . ."

"ခင်ဗျာ . . . အဘ"

"ဒီသီချင်း ကြားဖူးသလားကွယ်"

"ဟုတ်ကဲ့ . . . ကြားဖူးပါတယ်ခင်ဗျ"

"ကိုင်း . . . ကြားဖူးရင် ဒီသီချင်းကို ဘယ်သူရေးပြီး ဘယ်သူက ဆိုခဲ့ပါသလဲခင်ဗျာ"

"ဒီသီချင်းရဲ့အမည်က 'ဘုံဓမ္မတာ' ပါ အဘ"

"ဟုတ်လိုက်လေဗျာ . . . ပြီးတော့ ရေးသူကရောဗျာ"

"တေးရေးဆရာက ရောဝတ်ဦးအောင်ဒွန်းပါခင်ဗျ"

"မှန်လိုက်လေ . . . ဆိုတဲ့သူကရောကွာ"

"အဆိုတော်ကြီး ဥညြဘသောင်ပါခင်ဗျာ"

"အေး . . . ဟုတ်လိုက်လေ၊ မှန်လိုက်လေဗျာ . . . ငါ့သားကြီးတော်လိုက်ပါဘိ။ ငါ့သားသည် သာမန်မဟုတ်ပေဘူးဗျာ။ ကိုင်း . . . အဘကို လူကလေးသိချင်တာ သုံးချက်မေးပါ"

"အဘမြင်တာပဲ ဟောပါခင်ဗျာ"

ကျွန်ုပ်က သူ့အစွမ်းအစကို သိချင်၍ အဘမြင်တာပဲဟောပါဟု ပြောလိုက်သောအခါ သူက ဟွန်းတယောအိုကို ညာလက်နှင့်ပွတ်ရင်းမှ၊ ကျွန်ုပ်၏ညာလက်ဝါးကို သူ့လက်ဝါးနှင့် အုပ်ကိုင်ရင်းက . . .

"တစ်အချက် . . လူကလေးသည် ဂီတနှင့်ဇာတ်သဘင်ပညာကို အာရုံဝင်စားတဲ့ စာသမားတစ်ဦးပဲ . . . ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ခင်ဗျာ . . . ကျွန်တော် စာရေးဆရာပါ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်အချက် . . . လူကလေး . . . စာရေးဆရာ၊ လူကလေးသည် ကိုယ့်မိန်းမကို အလွန်ချစ်မြတ်နိုးပြီး တန်ဖိုးထား အရိပ်တကြည့်ကြည့် လုပ်သူပဲ။ ဒါပေမင့် အခု မင်းချစ်မြတ်နိုးလှစွာသော မင်းမိန်းမ မင်းအိမ်ပေါ်က ဆင်းသွားတာ တစ်လလောက်ရှိနေပြီ . . . ဟုတ်ရဲ့လားခင်ဗျာ"

ကျွန်ုပ် သူ့ဟောပြောချက်ကို ကြားလိုက်သောအခါ လွန်စွာ အံ့သြသွားခဲ့ရပေသည်။ အကြောင်းကား ကျွန်ုပ်ချစ်မြတ်နိုးလှစွာသော ချစ်ဇနီးသည်သည် ကျွန်ုပ်နှင့် သဘောထားမတိုက်ဆိုင်၍ အိမ်ပေါ်မှ တတိယအကြိမ်မြောက် ဆင်းသွားခဲ့လေပြီ။

သူမ ဘယ်အရပ်ဒေသသို့ ထွက်ခွာသွားသည်ကို ကျွန်ုပ်မသိရ။

"မှန်ပါတယ် . . . အဘရယ်"

"ကောင်းပြီ . . . ။ သုံးအချက် . . . ဒါကတော့ လူကလေးသိချင်ရာကို မေးလိုက်ပါကွယ်"

"ကျွန်တော်နဲ့သူ ပြန်တွေ့ရကိန်း၊ ပြန်သင့်မြတ်ကိန်း ရှိပါ့မလား အဘရယ်"

သူက ကျွန်ုပ်၏ညာလက်ဝါးကို ခပ်တင်းတင်း ဆုပ်ညှစ်ပြီးနောက် အတန်ကြာ အာရုံယူနေသလို လုပ်ပြီးနောက် . . .

"လူကလေး . . ."

"ခင်ဗျာ . . ."

"မင်းနဲ့သူ ဒီဘဝ လုံးဝ ပြန်မပေါင်းရတော့ဘူး။ သူမသည်လည်း လူ့လောကမှာ ကြာကြာမနေရဘူး။ အနာရောဂါ ဖိစီးနှိပ်စက်တဲ့ဒဏ်နဲ့ နောင်တကြီးစွာရပြီး ကွယ်လွန်အနိစ္စ ရောက်ရလိမ့်မယ်"

"ဗျာ . . . ဟုတ် . . . ဟုတ်ပါ့မလား . . . အဘ"

"စောင့်ကြည့်ပါ . . . လူကလေး"

ကျွန်ုပ်သည် မျက်မမြင်မနောဂီတဗေဒင်ဆရာ အဘိုးအို၏ ဟောချက်ကြောင့် လွန်စွာ စိတ်ဓာတ်ကျသွားခဲ့ရ၏။





သူ့ဟောချက်သုံးချက်အနက် ပထမနှစ်ချက်သည် လုံးဝကို မှန်ကန်နေ၏။ တတိယအချက်ကား ရင်မောစရာကောင်းလှ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ဇနီးသည်ကို လွန်စွာချစ်မြတ်နိုးခဲ့၏။

သူမသည် ကျွန်ုပ်ထက် ဆယ်နှစ်ငယ်၏။ လွန်စွာလည်း ချောမောသူပေ၏။ သူမက ခေတ်အလွန်ဆန်၏။ ဆိုရှယ်ကျချင်၏။ လှချင်ပချင်၊ ဝတ်စားပျော်ပါးချင်စိတ် ပြင်းပြ၏။

ကျွန်ုပ်က ရှေးရိုးဆန်၏။ ခြိမ်ခြိမ်ကုတ်ကုတ် နေချင်၏။ ပညာကို တန်ဖိုးထား၏။ အစားအသောက်လည်း ရသမျှနှင့် ရောင့်ရဲတင်းတိမ်၏။

ကြာတော့ အတွေးအခေါ်၊ အယူအဆများ ကွဲလွဲ၍ မကြာခဏ စကားများရ၏။ သူမက ခေတ်ပေါ်အပေါင်းအသင်းများလည်း စုံလင်ရကား နေရာတိုင်း မပါမပြီးကိစ္စများနှင့် အိမ်မှာ အနေနည်းလေ၏။

ရန်ဖြစ်စကားများရသည့်နေ့များ နေ့စဉ်နှင့်အမျှ ဖြစ်၏။ အခုလည်း အိမ်ပေါ်မှ သုံးကြိမ်မြောက် ဆင်းသွားခဲ့ပြီ။

"ရှင်နဲ့ကျွန်မ ရေစက်ကုန်ပြီ၊ လိုက်မရှာနဲ့" ဟု ပြောသွားသည့် စကား ယခုတိုင် နားထဲမှာ ကြားယောင်မိ၏။

ကျွန်ုပ်သည် သူမကို ချစ်မြတ်နိုးလွန်း၍ နေ့စဉ်နှင့်အမျှ မေးမြန်းစုံစမ်း မျှော်လင့်ခဲ့ပါသော်လည်း သူမရဲ့သတင်းအစအနကို စုံစမ်း၍မရခဲ့။

သူမကို သတိရတိုင်း အမည်မသိစာရေးဆရာတစ်ဦး ရေးဖွဲ့ခဲ့သည့် ကဗျာတစ်ပုဒ်ကိုသာ မန္တန်ရွတ်သလို နေ့စဉ် ရေရွတ်မိတော့သည်။

"တစ်သက်တစ်ခါ
တစ်လွှာတစ်ရွက်
တစ်ခက်တစ်ပွင့်
ငုံအဆင့်မို့
ရင့်လို့ပဲဝါဝါ
လေမှာပဲပြုတ်ပြုတ်
သုတ်ခနဲကျကျ
မြေခလို့ရောက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ဖွဖွလေးကောက်ပြီး

အဲဒီပန်းခြောက်ကလေးကိုမှ

ထာဝရမြတ်နိုးနေပါ့မယ် အချစ်ရယ်'' ... တဲ့။

ကျွန်ုပ်သည် ပြန်လည်သတိရခြင်းအလွမ်းကို လက်စသတ်လိုက်ပြီးနောက် သုံးခွန်းသောဖြေကြားချက်ပြီးပြီမို့ ငွေငါးရာတန်တစ်ရွက်ကို ကိုင်ပြီး..''

''အဘ ... သား ငွေငါးရာကျပ်ပူဇော်ပါတယ်ခင်ဗျာ''

''ဟေ ... ငါးရာကျပ်တောင်''

''ဟုတ်ကဲ့ခင်ဗျ''

''များလှချည်လား ... လူကလေးရယ်။ နှစ်ရာကျပ်ဆို အဘတို့လုံလောက်ပါပြီ''

''ရပါတယ် ... အဘရယ်။ ပိုလျှံတဲ့ပိုက်ဆံကို ဟောဒီက သမီးလေးအတွက် အဝတ်အစားလေး ဝယ်ပေးလိုက်ပါခင်ဗျာ''

''သာဓု ... သာဓု ... သာဓု ... အင်း ... ဒက္ခ ... ဒက္ခ ... နေဦး ... သားရယ် ... ငါ့သားညာလက် ခဏပေးစမ်း''

အဘိုးအိုသည် ငါးရာတန်ငွေစက္ကူကို ကိုင်ရင်း ဝမ်းသာတုန်ရင်လှိုက်လှဲသံနှင့် ပြောလိုက်ပြန်၏။

သို့နှင့် ကျွန်ုပ်က သူ့ထံသို့ ကျွန်ုပ်၏ညာလက်ကို လှမ်းထည့်ပေးလိုက်သည်။ အဘိုးအိုသည် ကျွန်ုပ်၏ညာလက်ဝါးကို သူ့လက်အစုံနှင့် လိုက်စမ်း၏။

လက်ဖဝါးကို နှိပ်ကြည့်၏။

လက်ဆစ်များကို ကိုင်ကြည့်၏။

လက်ထိပ်များကို ပွတ်သပ်၏။

လက်မကို လှန်ချိုးကြည့်သလိုလုပ်၏။

ပြီး ... ကျွန်ုပ်လက်ဖဝါးရဲ့ အလယ်ဗဟိုကို သူ့လက်မနှင့် ဖိနှိပ်၍ လက်ဝါးချင်းအပ်ကပ်ပြီး အာရုံခံသလို လုပ်နေ၏။ သည့်နောက် ဦးခေါင်းကို ညိတ်ပြီး ဝမ်းသာသလို ပြုံးနေပြန်၏။





၎င်းနောက် ကျွန်ုပ်လက်ခုံကို မှောက်ပြီး သူ့လက်ညှိုးနှင့်ထောက်၍ ပြောလိုက်သည်။

''လူကလေး ... မောင်ချစ်စရာ''

''ခင်ဗျာ ... အဘ''

''လူ့ဘဝဆိုတာ သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံကွယ့်။ လောကဓံဆိုတာလည်း မုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်ပဲ။ အဆိုးပြီးရင် အကောင်းလာတတ်တယ်။ အကောင်းတွေ သိပ်များနေရင်လည်း အဆိုးက အလည်ရောက်လာတတ်တယ်။ ငါ့သားရဲ့ဘဝက မျက်ရည်နဲ့အပြုံး နပန်းလုံးနေတဲ့ဘဝပဲ။ ဒီမှာ ... လူကလေး၊ မင်း မကြာခင် ရပ်ဝေးမြေခြား နိုင်ငံခြားခရီးသွားရလိမ့်မယ်''

''ဗျာ ... ဟုတ်ပါ့မလား ... အဘရာ။ ကျွန်တော် နိုင်ငံရပ်ခြားခရီးသွားဖို့ အစီအစဉ် လုံးဝမရှိပါဘူးခင်ဗျာ''

''သွားကိုသွားရလိမ့်မယ် ... လူကလေး''

''ဘယ်တော့သွားရမှာလဲဟင်''

ကျွန်တော်က မယုံ၍ မေးလိုက်သည်။

''တစ်လအတွင်း သွားရလိမ့်မယ်''

''တကယ်သွားခဲ့ရရင် အဘကို ကျွန်တော် ထိုက်ထိုက်တန်တန် ကန်တော့မှာနော် အဘ''

''ဟင်း ... ဟင်း ... ဟင်း ... အဘတို့ မြေးအဘိုးအတွက် အရေးမကြီးပါဘူး သားရယ်။ တို့မြေးအဘိုးဘဝမှာ ဟောဒီဟွန်းတယောကြီး တစ်လက်ရှိရင် မနက်စာ၊ ညစာ ဖူလုံပါတယ်။ ဘယာကြော်နှစ်ခုနဲ့ ရေအိုးစင်ရှိရင် အာဟာရသိဒ္ဓိဖြစ်ပါတယ် ... သားရယ်။ ငါ့သားကြီးသာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ မမေ့နဲ့။ ဂုဏ်တော်၊ ပရိတ်များနဲ့ ရှင်သီဝလိဂါထာတော်မြတ်ကြီးကို နေ့စဉ်ရွတ်ပြီး သုံးဆယ့်တစ်ဘုံကို အမျှအတန်းပေးဝေပါ။ ဒါနတစ်ခု နေ့စဉ်ပြုပါ။ ငါ့သား ရှေ့လျှောက် ကြီးပွားလိမ့်မယ်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဂီတမနောပညာရှင် အဘိုးအိုကို ရိုသေစွာဦးချကန်တော့လိုက်ပြီး..

''အဘ..''

''ဘာတုံး ... လူလေး''

''အဘတို့မြေးအဘိုး ဘယ်မှာ နေထိုင်ကြပါသလဲခင်ဗျာ''

''အဘတို့မြေးအဘိုးဘဝမှာ အိမ်ခြေရာခြေ အတည်တကျမရှိပါဘူး ... လူကလေး။ ဘုရားပွဲရှိရင် ဘုရားပွဲ၊ ဘုန်းကြီးပျံရှိရင် ဘုန်းကြီးပျံ၊ အသံကြားရာအရပ်ကို ရောက်နေရတာပဲ။ အဲဒါ အဘတို့ရဲ့ ရွှေ့ပြောင်းအိမ်ရာပဲ။ အဲဒါမျိုးမရှိရင် ကြုံရာမြို့ရွာ လမ်းလေးဆုံမှာ၊ ဇရပ်မှာ ဒီပတ္တနီးတယောနဲ့ သီချင်းဆိုလိုက်၊ ယုံကြည်သူရှိရင် မနောစိတ်ဗေဒင် အကြားအမြင်အားလေးနဲ့ ဟောပြောလိုက် နေလိုက်ကြတာပဲ။ ဘယ်မှာနေလဲလို့ မေးကြရင် အမှတ်မရှိ၊ လမ်းမရှိ၊ ကီလီဗောတံတားလို့ ပြောရမလို ဖြစ်နေပါ့ဗျား။ ဟား ... ဟား ... ဟား ... ဟား ...''

မျက်မမြင်ဂီတသမား မနောဗေဒင်ဆရာ အဘိုးအိုသည် လောကဓံကို ကြုံကြုံခံရဲသူ ဖြစ်ပုံရ၏။ သူ့ဘဝအကျဉ်းကို အရယ်နှော၍ ပြောနေလေ၏။

သည့်နောက် အဘိုးအိုမြေးအဘိုးကို နှုတ်ဆက်ပြီး ကျွန်ုပ်ပြန်လာခဲ့လိုက်သည်။

✿ ✿ ✿

[၃]

❑

သည်လိုနှင့် ကျွန်ုပ်သည် ဖနီးချောလေး၏သတင်းကို စုံစမ်းမေးမြန်း မျှော်လင့်တမ်းတခြင်းကို တစ်ခဏရပ်၍ ...

စိတ်ပြေခြင်းအလို့ငှာ ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ ကျိုက်ခေါက်ဘုရား၊ ပါဒင်းထပ်ကြီးဘုရား၊ ကျိုက်ကမော့တောင်ပေါ်ဘုရားတို့မှာ လှည့်လည်ပတ်းစိပ် အဓိဋ္ဌာန်ဝင်ခဲ့လိုက်လေ၏။

တစ်နေ့သောအခါ ကျွန်ုပ်နှင့် တက္ကသိုလ်မှာတုန်းက ကျောင်းနေဖက်ဖြစ်ခဲ့သော သူငယ်ချင်းကိုချမ်းသာအောင်ဆိုသူ ကျွန်ုပ်၏အိမ်သို့ ရောက်ရှိလာလေ၏။

''ရှာလိုက်ရတာ ... ချစ်စရာရာ''

''မင်းရော ပျောက်နေလိုက်တာ ချမ်းသာအောင်၊ အခု ဘယ်ရောက်ပြီး ဘာလုပ်ငန်းများ လုပ်နေတုံး ... သူငယ်ချင်း''

''ငါ ကိုးမိုင်မှာ စိုက်ပျိုးရေးခြံလုပ်ငန်း လုပ်နေတယ်ကွ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ပညာတတ်ဖြစ်ပြီး တောင်ယာစိုက်နေသလား"

"တောင်ယာမဟုတ်ဘူး . . . ငါ့လူရေ၊ ရှားပါးသစ်ခွများနဲ့ ပန်းအလှမျိုးဥယျာဉ်လုပ်ငန်း လုပ်နေတာဟ"

"မိန်းမရော ရပလား ချမ်းသာအောင်"

"မိန်းမလား . . ."

"အေး . . ."

"မိန်းမအချို့က ငါ့ကို လိုချင်တယ်။ ငါက မလိုချင်လို့ ရှောင်ပြေးနေရတယ် . . . ချစ်စရာရေ"

"မင်းက ဂန်ဒူးမို့လို့လားဟ . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဗွီ . . . . . ယောက်ျားမှ ယောက်ျားအစစ်ပါ . . . ငါ့လူရာ။ မင်းကြားဖူးသမို့လား။ အဆိုတော်ခင်မောင်ရင်ဆိုတဲ့ သီချင်းလေ။ 'မိန်းမဆိုတာဆောင်းလေပမာအညီ . . . အတွင်းသဘောမတည်ကြည် . . . ပြောင်းလဲတတ်သည် . . . မောင့်အချစ်ဆုံး မြကာ . . . အဖိုးမထိုက်လေပြီ . . . နောက်ဆုံးခင်မောင်ရင်တစ်ကိုယ်တည်းမှာ . . . အရှုံးကြီးဖြစ်ကာ ဇာတ်သိမ်းပြီ'' တဲ့''

"ဒါဆို မင်းက အခု အရှုံးကြီးဘဝနဲ့ ဇာတ်သိမ်းနေပြီပေါ့"

"အဲဒီလိုဇာတ်သိမ်းရမှာ ကြောက်လို့ပေါ့။ မ,ဆို ဝေးဝေးကရှောင်နေသဟ"

"မင်းကလည်း မ,ဆို ဝေးဝေးကရှောင်ပြီး လုပ်ငန်းလုပ်တော့ မိန်းမသားအကြိုက် ပန်းစိုက်နေရသလား . . . ချမ်းသာရ . . . ဟင်"

"မင်းသိတဲ့အတိုင်း မင်းရော၊ ငါပါ ရုက္ခဗေဒအထူးပြုနဲ့ ဘွဲ့ရသူမဟုတ်လား။ မင်းကသာ ကြောင်ပြီး စာရေးဆရာလုပ်နေတာ။ ငါက အပင်တွေကို စိတ်ဝင်စားလို့ ပန်းဥယျာဉ်လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်နေတာ။ ဒီမှာ ချစ်စရာ . . ."

"ပြော . . ."

"မင်း ငါနဲ့လိုက်ခဲ့ကွာ"





"ဘာတုံး . . . ပန်းပင်ရေလောင်းဖို့လား။ No . . . No . . . I can not. မလုပ်နိုင်ဘူး . . . ကိုယ့်လူ။ စာရေးတာက ပိုအကျိုးရှိတယ်"

"ဟေ့ကောင် . . . တုံး . . . မင်းကို ပန်းပင်ရေလောင်းဖို့ ခေါ်တာမဟုတ်ဘူး။ ငါနဲ့ နိုင်ငံခြားကို လိုက်ခဲ့ဖို့ ခေါ်နေတာ"

"ဟေ . . . နိုင်ငံခြားကို"

"ဟုတ်တယ်"

"ငါက ဘာလိုက်လုပ်ရမှာလဲဟ"

"မင်းလည်း ရုက္ခဗေဒနဲ့ ဘွဲ့ရပြီးသားပဲ . . . ချစ်စရာ။ ပြီး မင်းက ချင်းတောင်ရော၊ ကချင်ပြည်နယ်က သစ်ခွတောရော ရောက်ဖူးတဲ့လူ။ အခု ငါ . . . . . နိုင်ငံက အာရှသစ်ခွများပန်းဥယျာဉ်ကို သွားလေ့လာမလို့။ အဲဒီကပြီးရင် ဂျပန်ကို ဝင်မယ်။ အာရှသစ်ခွမျိုးစုံ စိုက်ပျိုးပျိုးထောင်နည်းပညာကို လေ့လာပြီး တို့နိုင်ငံမှာ အဲဒီကပျိုးပင်တွေ ပန်းမွေးမယ်။ ပြီးရင် သစ်ခွမျိုးစေ့ပျိုးပင်စပ်ပြီး အသစ်ကို ဖော်ထုတ်မယ်။ ဒီနေရာမှာ မင်းက ငါ့ထက် သစ်ခွဆိုင်ရာ အသိပညာမှာ အတွေ့အကြုံများလို့ မင်းကိုလာခေါ်ရတာ"

ကျွန်ုပ်သည် ကြားရချက်ကြောင့် လွန်စွာ အံ့သြနေ၏။

ကျွန်ုပ် သူငယ်ချင်းချမ်းသာအောင်ရဲ့ မျက်နှာကို စေ့စေ့ကြည့်နေရင်းမှ သူ့မျက်နှာပေါ်မှာ အဘ မနောဂီတဗေဒင်ဆရာကြီး ဦးရွှေဘုန်းညိုဆိုသူရဲ့ မျက်နှာပုံရိပ်ပေါ်လာသည်ကို လှမ်းမြင်လိုက်ရသလို ရှိနေ၏။

"ချမ်းသာအောင် . . ."

"ဘာတုံး . . . ချစ်စရာ"

"မင်းနဲ့ နိုင်ငံခြားကိုလိုက်ရအောင် ငါ့မှာ . . . . ငွေ . . . ငွေ . . . မ . . ."

"မလိုဘူး . . . ပူမနေနဲ့။ လမ်းစရိတ်၊ စားစရိတ် အားလုံး ငါ အကုန်အကျခံမယ်"

"ဘယ်တော့သွားမှာလဲဟင်"

"နိုင်ငံကူးလက်မှတ်စ်ပို့ကိစ္စပြီးရင် ချက်ချင်းသွားမယ်။ လိုက်မယ်မဟုတ်လား"

"Yes"



www.burmeseclassic.com

www.burmeseclassic.com



"OK. All right my dear friend."

ဒီလိုနှင့် တစ်လခန့်ကြာပြီးနောက် ကျွန်ုပ်သည် သူငယ်ချင်းချမ်းသာအောင်နှင့် ...... နိုင်ငံရှိ ပန်းမျိုးစုံဥယျာဉ်သို့ ရောက်ရှိသွားခဲ့၏။ ၎င်းဥယျာဉ်မှာ အာရှနိုင်ငံများမှ သစ်ခွပန်းများနှင့် အပူပိုင်း၊ အအေးပိုင်းဆိုင်ရာ သစ်ပင်ပန်းမန်များအား ခေတ်မီသိပ္ပံနည်းစနစ်နှင့် စိုက်ပျိုးထားသည်များကို လေ့လာခဲ့ကြ၏။

၎င်းနောက် ပျိုးပင်နှင့် မျိုးစေ့များကို မှာကြားခဲ့ကြသည်။ ...... နိုင်ငံမှာ ရက်သတ္တတစ်ပတ်ကြာပြီးနောက် ဂျပန်နိုင်ငံသို့ ခရီးဆက်ခဲ့ကြသည်။

အဲဒီမှာ သစ်ပင်ပုများအကြောင်းနှင့် ပန်းအလှပြင်ပညာရပ်များကို လေ့လာဆည်းပူးပြီး လိုအပ်သောအပင်များကို ဝယ်ယူခဲ့ကာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့လိုက်ကြလေသည်။

ကျွန်ုပ်သည် ...... နှင့် ဂျပန်မှ ပြန်လာပြီးနောက် ၎င်းနှစ်နိုင်ငံရဲ့ သစ်ခွများနှင့် အာရုတော်ဝင်ပန်းမျိုးစုံ ပြုစုပျိုးထောင်ခြင်းဆိုင်ရာ လုပ်ငန်းများကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနှင့် စာအုပ်တစ်အုပ်ရေးသားခဲ့ရာ ၎င်းစာအုပ်သည် မြန်မာပြည်ဈေးကွက်မှာ ပေါက်သွားသဖြင့် ငွေလုံးငွေရင်း အတော်များများရရှိပြီး ဟန်ကျပန်ကျ ရှိခဲ့လေသည်။

ဒါ့အပြင် သူငယ်ချင်းချမ်းသာအောင်ကလည်း သူ့ရဲ့ 'သုခချမ်းသာ' ပန်းမျိုးဥယျာဉ်ကြီးမှာ အကြံပေးခန့်ပြန်သဖြင့် နေရင်းထိုင်ရင်း လစာနှစ်သိန်းပါ ရပြန်ရကား ကျွန်ုပ်အဖို့ အကျိုးကျေးဇူးဖြစ်ရင်း ဖြစ်နေလေ၏။

ထိုအခါ ကျွန်ုပ်သည် လွန်ခဲ့သည့်နှစ်လသုံးလခန့်က ကျွန်ုပ်ရဲ့ ဘဝ ရှေ့ရေးကြောင်း၊ နောက်ကြောင်းဖြစ်စဉ်ကို ဟွန်းတယောကြီးထိုး သီချင်းဆိုပြီးမှ မနောစိတ်ပညာနှင့် ဟောပြောခဲ့သည့် မျက်မမြင်ဂီတမနော ပေဒင်ဆရာကြီး ဦးရွှေဘုန်းညိုကို သွားသတိရတော့သည်။

အဘဆရာကြီးရဲ့ ကြိုတင်နိမိတ်ဟောချက်များ မှန်လိုက်လေခြင်း။ အဘဆရာကြီးကို ကျွန်ုပ် တွေ့ချင်သည်။ ကျေးဇူးပြုချင်သည်။ အဘဂီတ ပေဒင်ဆရာကြီး ဘယ်အရပ်များ ရောက်နေပါလိမ့်။





ကျွန်ုပ်က ထိုအံ့ဖွယ်ဖြစ်ရပ်ဆန်းကြယ်အကြောင်းအား သူငယ်ချင်း ချမ်းသာအောင်ကို ပြောပြသောအခါ ချမ်းသာအောင်က ရယ်နေ၏။

"တိုက်ဆိုင်မှုတစ်မျိုးပါ ... ချစ်စရာ။ သိပ်လည်း အစွဲအလမ်း ဖြစ်မနေပါနဲ့ကွာ"

ဒီမှာ ဒေါ်ခင်မမစိန်ဆိုသူ အပျိုသူဌေးမကြီးနှင့် ကိုချောထွန်းမြတ်ဆိုသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးတို့က မနောပေဒင်ဆရာကြီးကို လွန်စွာ စိတ်ဝင်စားကြ၏။

"ကျွန်မစိတ်ဝင်စားတယ် ... စာရေးဆရာ"

"ကျွန်တော်လည်း ဒေါ်ခင်မမစိန်လိုပဲ စိတ်ဝင်စားတယ် .. စာရေးဆရာ။ အဲဒီဆရာကြီးကို ဘယ်မှာတွေ့လို့ရမလဲဟင်"

"သူက နေရာအတည်တကျ မရှိဘူးဗျ။ ဘုရားပွဲရှိရင် ဘုရားပွဲ၊ ဘုရားပွဲမရှိရင် ကြုံရာမြို့ရွာများ လှည့်ပြီး ဟွန်းတယောတစ်လက်နဲ့ မြေးမလေးအကူအညီယူပြီး သွားနေတာပဲ"

"စုံစမ်းစမ်းပါ ... စာရေးဆရာရယ်။ ကျွန်မ ကြုံချင်လို့ပါ"

"ဟုတ်တယ် ... ကိုချစ်စရာ။ တွေ့ရင် အကြောင်းကြားပါများ နော်"

"စိတ်ချဗျာ ... ကျွန်တော်ကလည်း ဆရာကြီးကို ကျေးဇူးပြုချင် လွန်းလို့ မတွေ့တွေ့အောင် လိုက်ရှာစုံစမ်းမှာပါ"

ကျွန်ုပ်တို့ ပျိုးဥယျာဉ်မှ လမ်းခွဲပြီး ကျွန်ုပ်အိမ်ရှိရာသို့ ကားစီးပြီး ပြန်ရောက်သောအခါ အိမ်မှာ ဧည့်သည်ရောက်နေ၏။

ဧည့်သည်ကား ပဲခူးမြို့မှာနေသည့် ကျွန်ုပ်ဇနီးသည်၏အစ်မဖြစ်နေ၏။

"အစ်မ ... ဘယ်တုန်းက ရောက်နေတာလဲ"

"စောစောကပဲ ... မောင်ချစ်စရာ"

"အရေးကြီးလို့လားဟင် အစ်မ"

"အေးကွယ် ..."

"ဘာလဲဟင် အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



မရှိးဖြစ်သူ မချမ်းမြတွေးရဲ့မျက်နှာမှာ ညိုးရိပ်သန်းနေ၏။ သည့်နောက် မျက်ရည်ပေါက်များ မျက်လုံးအိမ်မှ တလိမ့်လိမ့်စီးကျလာပြီး ရှိုက်၍ ငိုတော့သည်။

"အစ်မ ... ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့လဲ"

"မင်း ... မင်း ... မင်းမိန်းမ ပြန်ရောက်နေတယ်"

"ဗျာ ... ကျွန်တော့်ဇနီး ပြန်ရောက်နေတယ်။ အစ်မတို့ ပဲခူးအိမ်မှာလားဟင် ... အစ်မ ... ဟင် ... ဟင်လို့ ..."

"ဟုတ် ... ဟုတ်တယ် ... အင့် ... ဟီး ..."

"အို ... အစ်မ ... ဘာလို့ငိုနေရတာတုံး ... အစ်မရယ်။ ဒါနဲ့မွေး ... မွေး နေကောင်းတယ်မဟုတ်လား ... ဟင် ... အစ်မ"

"သူ ... သူ ... တိုက်ဖျိုက်ရောဂါနဲ့ ဆုံးသွားပြီ"

"ဗျာ ..."

ကြားရချက်စကားကြောင့် ကျွန်ုပ်၏ဦးခေါင်းသည် ချာချာလည်၍သွားခဲ့ရတော့သည်။ ဒီမှာ မရှိးလုပ်သူက ဖြစ်ကြောင်းကုန်စင်များကို ပြန်ပြောပြနေသည်။ သူမရဲ့ ရှင်းပြချက်၊ ပြောပြချက်များ ကျွန်ုပ်၏နားထဲသို့ ဝင်လာတစ်ချက်၊ မဝင်လာတစ်ချက်။

ကျွန်ုပ်၏ မျက်လုံးအိမ်ထဲမှာမူ ကျွန်ုပ်တို့ ချစ်သူများဘဝက ပျော်ရွှင်စရာပုံရိပ်များကို မြင်လိုက်၊ ဇနီးသည်မွေးရဲ့ ဒေါသရိပ်များကို မြင်လိုက်။

ခုတော့ ...

တစ်သက်တစ်ခါ၊ တစ်လွှာတစ်ရွက်ဟု ပိုင်းဖြတ်ထားသည့် အချစ်ဆိုသောပန်းတစ်ပွင့် ခြောက်သွေ့သွားခဲ့ပြီ။

အေးလေ ...

ဒီပန်းခြောက်ကလေးရဲ့ ရနံ့လေးကိုပဲ ...

အချစ်လက်ကျန်၊ အလွမ်းလက်ကျန်အဖြစ် ... သိမ်းထားရုံမှတစ်ပါး။

❁ ❁ ❁

# [၄]

❑

ကျောက်တန်းမြို့ ရေလယ်ဘုရားပွဲကြီး စနေ၍ ကျွန်ုပ်ရောက်သွားခဲ့၏။ ကံကောင်းလေစွ ... ဘုရားပွဲမှာ ကျွန်ုပ်လိုက်ရှာနေသည့် ဂီတမနောမေဒင်ဆရာကြီး အဘရွှေဘုန်းညိုတို့မြေးအဘိုးနှင့် ပက်ပင်းကို ဆုံရတော့၏။

အဘရွှေဘုန်းညိုသည် ဝဏ္ဏကျော်ထင်စိန်အောင်မင်းဇာတ်ရုံနှင့် မလှမ်းမကမ်း လမ်းပလက်ဖောင်းနံဘေးမှာ ရွှေပြည်ကြီးသီချင်းကို ဟွန်းတယောကြီးနှင့် သီဆိုဖျော်ဖြေနေ၏။

သူ့ရဲ့ဖျော်ဖြေရေးကိစ္စများပြီးမှ ကျွန်ုပ်က သွားတွေ့ရ၏။ သူ့မြေးမလေးက ကျွန်ုပ်ကို မှတ်မိပုံရ၏။

"အဘ ..."

"ဘယ်သူတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ချစ်စရာလေ ... အဘရဲ့"

"ဘယ်က ချစ်စရာတုံးကွယ်"

"ဟိုး ... လွန်ခဲ့တဲ့သုံးလလောက်က အဘ မနောဂီတဗေဒင်နဲ့ ဟောလိုက်တဲ့ စာရေးဆရာ မောင်ချစ်စရာလေ"

"ဩော် ... အဘကို ငွေငါးရာကျပ်ကြီးများတောင် ပေးသွားတဲ့ စာရေးဆရာလေးလား"

"ဟုတ်ပါရဲ့ခင်ဗျာ ... ဟုတ်ပါရဲ့"

"လူကလေး ... လုပ်ငန်းများ အဆင်ပြေရဲ့လားကွယ်"

ဒီမှာ ကျွန်ုပ်က အဘရဲ့ ကြိုတင်ဟောပြောချက်များ ကွက်တိ မှန်နေပုံများမှသည် ကျွန်ုပ် နိုင်ငံရပ်ခြားသို့ ရောက်ခဲ့ရပုံ၊ သည့်နောက် ကျွန်ုပ်ရဲ့ဇနီး အနာရောဂါနှင့် ကွယ်လွန်သွားပုံအထိ ပြန်ပြောပြလိုက်သောအခါ အဘက ခေါင်းတညိတ်ညိတ်လုပ်ရင်း ...

"ဒီလိုပဲပေါ့ ... လူကလေးရယ်၊ လူ့ဘဝဆိုတာ ကံဆုံစား၊ ကံကုန်သွားချည်းပါပဲ။ ကံ့,ကံ၏အကျိုးကို လူတိုင်း ခံစားကြရစမြဲပါပဲ"

"အဘခင်ဗျား ..."

"ဘာတုံး ... လူလေး"

"အဘ ဒီဘုရားပွဲမှာ နေ့တိုင်း၊ ညတိုင်း ရှိနေဦးမှာလားဟင်"

"ရှိမယ် ... ဘာကိစ္စရှိလို့လဲ"

"ကျွန်တော့်မိတ်ဆွေနှစ်ယောက် အဘနဲ့ ဆုံပေးချင်လို့"

"ဟုတ်လား ..."

"ခေါ်ခဲ့မယ်နော်"

"အေး ... အေး ... ခေါ်ခဲ့"

"ဟောဒါ အဘနဲ့ အဘမြေးအတွက် သားကန်တော့လက်ဆောင် ပေးတာပါခင်ဗျာ"

"ဘာတွေများတုံး ... လူကလေးရယ်၊ ဒုက္ခရှာလို့ကွယ်"

"ဒါက ကချင်ပုဆိုး၊ ဒါက လည်ကတုံးရှပ်လက်ရှည်၊ ဟောဒါက တက်ထရက်စ်တိုက်ပုံ"





"ဟော ... များလှချည်လား ... လူကလေးရဲ့၊ တန်ဖိုးကြီးတွေပါလားဟဲ့"

"ကျန်သေးတယ်ခင်ဗျ"

"ဟ ... လုပ်လှချည်လား ... လူလေးရာ"

"ဟောဒါက အဘဖို့ အနွေးထည်။ ဒါက တူမလေးဝတ်ဖို့ ထဘီ၊ အင်္ကျီနဲ့ ဖိနပ်ရယ်၊ မိတ်ကပ်ဘူးရယ်ခင်ဗျ"

"အလိုလေး ... များလိုက်တာ ... သားရယ်၊ အင်း ... သာဓု .. သာဓု ... သာဓု ... အဘရဲ့ အသက်ခုနစ်ဆယ်ဘဝခရီးမှာ ငါ့သားလူကလေးလိုလူမျိုး ဒီတစ်ယောက်ပဲ တွေ့ဖူးသေးသကွယ့်။ ငါ့သားလူကလေး ကျန်းမာချမ်းသာပါစေ၊ ဘုန်းကြီး၍ အသက်ရှည်ပါစေ၊ စာပေလောကမှာ အညွန့်တလူလူနဲ့ ဂုဏ်သတင်းမွှေးကြိုင်ပါစေဗျာ"

"ပေးတဲ့ဆုနဲ့ပြည့်အောင် ကြိုးစားပါ့မယ် အဘခင်ဗျာ"

မနုဆိုသော အဘဆရာကြီးရဲ့ မြေးမလေးသည် ဝမ်းသာလွန်း၍ မျက်ရည်များစီးကျလာပြီး ကျွန်ုပ်ကို ထိုင်ကန်တော့နေ၏။ မျက်နှာမော့လိုက်သောအခါ ပါးကွက်ကြားပေါ်မှာ မျက်ရည်စီးကြောင်းများ စိုထင်း၍ ကျန်နေသည်ကို ကျွန်ုပ် မြင်လိုက်ရလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၅ ]

❑

ဒီနေ့နေ့ခင်းမှာ အပျိုကြီးသူဌေးမ ဒေါ်ခင်မမစိန်နှင့် အယုံအကြည် သိပ်မရှိသူ သူငယ်ချင်းကိုချမ်းသာအောင်တို့ ကျောက်တန်းဘုရားပွဲ အဘရှိ ရာသို့ လိုက်ပါရောက်ရှိခဲ့ကြသည်။

စိတ်ပါဝင်စားသည့် ကိုချော်ထွန်းမြတ်က ခရီးသွားနေ၏။ ကျွန်ုပ် တို့သုံးဦးသည် အဘတို့မြေအဘိုး ထိုင်နေသည့် ရေတမာပင်အောက်သို့ ရောက်ရှိခဲ့ကြ၏။

ကျွန်ုပ်တို့ ရောက်ရှိချိန်မှာ တောရွာမှ မိန်းမကြီးတစ်ဦးကို အဘ ဟောပြော၍ ပြီးချိန်ဖြစ်၏။

"အဘ ... ကျွန်တော်တို့ ရောက်နေပြီခင်ဗျ"

"လူကလေးမောင်ချစ်စရာတို့လားကွယ်"

"ဟုတ်ကဲ့ခင်ဗျ ... အဘ ... ဒါ ... ဒေါ်ခင်မမစိန်တဲ့။ အဘထံ မှာ အစစ်ဆေးခံချင်လို့"





"အိမ်း ... အိမ်း ... ရှေ့တိုးဟဲ့။ သမီးနာမည်က ဒေါ်ခင်မမစိန် မဟုတ်လား"

"ဟုတ်ကဲ့ရှင့်"

"အသက်ရောကွယ့်"

"သုံးဆယ်နှစ်ပါရှင်"-

"သမီးညာလက် အဘကို ကမ်းလိုက်ပါ"

မမစိန်က သူမရဲ့ညာလက်ကို ဖြန့်ကမ်းလိုက်၏။ အဘက လက် ဝါးကို နှိပ်ကြည့်၏။ လက်ချောင်းများကို ကိုင်ကြည့်၏။ လက်မကို လှန်ချိုး ကြည့်၏။ လက်ခုံများကို စမ်းကြည့်၏။

ပြီး ခေါင်းတညိတ်ညိတ် လုပ်နေ၏။

ရင်းနောက် သူ့ရဲ့ ရှေးဟောင်းဟွန်းတယောကြီးကို ကောက်မ,ပြီး သီချင်းတစ်ပုဒ်ကို ဆိုလိုက်သည်။

ဒေါ်ခင်မမစိန်နှင့် ကိုချမ်းသာအောင်တို့က ဘုမသိဘမသိ ပြူး၍ ကြည့်နေကြ၏။

"တောမြိုင်စွန်းက ××× လွမ်းအောင်ဖန် ×××
မကြဲနိုင် ××× ကိုယ်ထူးကြဲ့ရပြန် ×××
ချစ်သူ ××× ခင်သူ ××× မြင်လာဦးဗျ ×× သုံးရွှေရင် ×××
ချစ်သူ ××× ခင်သူ ××× မြင်လာဦးဗျ××သုံးရွှေရင် ×××
သက်လယ် ××× သက်လယ် ××× ရွှေသွေးရယ် ×××
မကြင်နာစိမ်းတော့ ××× စိမ်းရက်တယ် ×××
ရာကျော်သက်ပန် ××× ဘယ်ရှေးကံငယ် ××× စီမံဖန်လှချယ်××
ကြင်စဦးကို ××× မေ့ဘူးမောင်ရယ် ×××
ဘုန်းကြော့ပျို့သက်လယ် ×××"

အဘဆရာကြီးသည် 'တောမြိုင်စွန်း' အမည်ရှိ ရှေးခေတ်ဟောင်း သီချင်းကို လွမ်းလွမ်းဆွေးဆွေး သီဆိုပြီးနောက် ဟွန်းတယောကြီးကို ဘေးပေါင် ပေါ်မှာချရင်း ခင်မမစိန်ရဲ့ လက်ညှိုးကိုကိုင်၍ ဟောတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ..."

"ရှင် ..."

"ငါ့သမီးက ချမ်းသာတယ်"

ခင်မမစိန်က ပြုံးနေလိုက်သည်။

"မာနအလွန်ကြီးတယ်"

အမျိုးသမီးက ပြုံးနေလိုက်သည်။

"ပစ္စည်းဂုဏ် မောက်လွန်းတယ်"

အမျိုးသမီးက နှုတ်ခမ်းကို တွန့်လိုက်၏။

"မကြာခင် အိမ်ထောင်ကျတော့မယ်"

"ရှင် ... ဟုတ်ရဲ့လား ... ဆရာကြီး"

"ဟုတ်တယ်"

"ကျွန်မ ဒီတစ်သက် အိမ်ထောင်မပြုဘူးလို့ ဆုံးဖြတ်ထားပါတယ်"

"အဲဒီဆုံးဖြတ်ချက် နေဝင်သွားပါပြီ ... သမီး"

"ဘယ်လိုလူစားမျိုးနဲ့ အိမ်ထောင်ကျမှာလဲ ... ဆရာကြီး"

"အဲဒါ အဘ မပြောချင်ဘူး"

"ဘာဖြစ်လို့လဲ ... ဆရာကြီး"

"အားနာလို့ပါ"

"အားမနာပါနဲ့ ... ကျွန်မ သိချင်လို့ပါ"

"မပြောပါရစေနဲ့ သမီး"

"ပြောပါ ... ဆရာကြီး။ ကျွန်မ နားထောင်ရဲပါတယ်"

"အင်းလေ ... ဒါဆို ပြောရမှာပေါ့။ သူက သမီးထက် အသက်အများကြီးငယ်မယ်"

အမျိုးသမီးက ကျွန်ုပ်တို့ဘက်လှည့်၍ ပြုံးပြနေ၏။

"ချမ်းသာသလား၊ ဆင်းရဲသလား အဘ"

"ကုန်းကောက်စရာ မရှိသူပါ သမီး"





"ရှင် ... မဖြစ်နိုင်တာ ဆရာကြီးရယ်။ ကျွန်မနံဘေးမှာ ပညာတတ်၊ ဥစ္စာပေါ၊ ရုပ်ချောတွေ အများကြီး ဝိုင်းဝိုင်းလည်နေတာပါ။ အဲဒီလိုယောကျ်ားမျိုးကိုတောင် ကျွန်မက ခါချပစ်လိုက်တာ ... ဆရာကြီးရဲ့ ... အဟင်း ..."

"ဟုတ်ပါတယ် ... ခုနေမှာ ချမ်းသာတဲ့လူနဲ့ ညားခဲ့ရင် သမီးမကြာခင် ဆင်းရဲမွဲတေသွားလိမ့်မယ်။ ဆင်းရဲတဲ့လူနဲ့ ညားခဲ့ရင် မကြာခင်သမီး ဒီ့ထက်မက ကျိုကျိုတက်ချမ်းသာပြီး နိုင်ငံခြားလိုနေရာမျိုးကို ချစ်သူအိမ်ထောင်ဖက်နဲ့ ပျားရည်ဆမ်းခရီး သွားရပါလိမ့်မယ်။ ကဲ ... ဒါလောက်ပါပဲ"

ဒေါ်ခင်မမစိန်က ဆရာကြီးရဲ့မျက်နှာကို ရှုံ့မဲ့၍ကြည့်ပြီး ငါးရာတန်တစ်ရွက် လှမ်းပေးလိုက်သည်။ သူမရဲ့မျက်နှာမှာ မှားပါပြီဆိုသည့်အနေအထား ပေါ်လွင်နေပြီး ကျွန်ုပ်တို့ဘက်သို့ လှည့်၍ ခေါင်းယမ်းပြလိုက်သည်။

သည်မှာ ကိုချမ်းသာအောင်က ရောက်တုန်းရောက်ခိုက် အပျော်သဘောမျိုး ကြည့်ဦးမည်ဟုဆိုကာ ဝင်ကြည့်ပြန်၏။

ထုံးစံအတိုင်း အဘက ကိုချမ်းသာအောင်ရဲ့လက်ဖဝါးကို အမျိုးမျိုးစမ်းသပ်ပြီးနောက် ဟွန်းတယောအိုကြီးကိုကိုင်၍ နိမိတ်ပြသီချင်းတစ်ပုဒ်ကို ကောက်ဆိုတီးလိုက်လေသည်။

"ဆင်းရဲခြင်းလွတ်ကင်းအောင် xxx လမ်းပြဆောင်ပါမည် xxx ရတနာxxx ခုနစ်သွယ် xxx တကာယ်ပင် xxx စုံညီ xxx တို့အမျိုးသားဆိုင်းပြည် xxx မွဲတဲ့သူ xxx လျှုဒါန်းနိုင်မည် xxx ကျောင်းဆောက်ကာ xx သူရားတည် xxx ဘိုးဘိုးအောင်နဲ့ xxx ရှင်အဖွဲ့ဂေါဏတို့ xxx မ,တဲ့ကိန်းဆိုက်မည် xxx"

သူသည် နဂါးနီသီချင်းပထမအပိုဒ်ကို စိတ်လိုလက်ရ ပျော်ရွှင်စွာသီဆိုပြီးနောက် ကိုချမ်းသာအောင်ရဲ့လက်ကို ကိုင်၍ ဟောလေ၏။

"လူကလေးအမည် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုချမ်းသာအောင်ပါခင်ဗျ"

"ကိုချမ်းသာအောင် ...ငါ့သားက ဗေဒင်တို့၊ နတ်တို့၊ သရဲတစ္ဆေတို့ လုံးဝ အယုံအကြည်မရှိဘူး"

"ဟုတ်ပါတယ် အဘ"

"ကိုယ့်ပညာနဲ့ ကိုယ့်အလုပ်ကိုပဲ ယုံကြည်တယ်"

"မှန်ပါတယ်ခင်ဗျာ"

"လာမည့်ခုနစ်ရက်အတွင်း လူလေးရဲ့ အိမ်ရှေ့ခြံဝမှာ ခေါင်းတုံးနဲ့ အရူးတစ်ယောက် သူ့ကိုယ်မှာ သက်နီးစုတ်ပတ်ထားပြီး ရောက်လာလိမ့်မယ်။ သူ့ကို စိပ်ပုတီးတစ်ကုံး လူလေးပေးလှူလိုက်ပါ"

"လှူလိုက်ရင် ဘာဖြစ်မှာလဲ ...အဘဆရာကြီး"

"လှူပြီး တစ်လအတွင်း လူလေး ပဥ္စင်းဝတ်ရလိမ့်မယ်"

"မဝတ်ချင်သေးပါဘူး ...အဘဆရာကြီး"

"ဝတ်ရပါလိမ့်မယ်။ ဝတ်ရရုံတင် မကဘူး၊ မင်းကိုယ်တိုင်ရော၊ မင်းမိဘများပါ ထမင်းရည်ချောင်းစီး မောင်းတီးလှူရတဲ့ အလှူ့ဒါယကာကြီး ဖြစ်ရပါလိမ့်ဦးမယ်ခင်ဗျာ"

✿ ✿ ✿

|၆|

❑

ကျွန်ုပ်တို့သုံးယောက် ကျောက်တန်းမြို့မှပြန်လာပြီးနောက် ကားပေါ်မှာ စကားပြောဖြစ်ကြ၏။ အပျိုကြီး သူဌေးမ ဒေါ်ခင်မမစိန်က သူမကို အလွန်ဆင်းရဲ၊ ကုန်းကောက်စရာမရှိသူနှင့် အိမ်ထောင်ကျမည်ဟုဟော၍ အကြီးအကျယ် ဒေါပွနေ၏။

"လိုက်လာမိတာ၊ မေးမိတာ မှားပါရဲ့ ...ကိုချစ်စရာရယ်"

"စောင့်ကြည့်လိုက်ပါဦး ...မမစိန်ရာ"

"ဟွန်း ...ကျွန်မလိုမိန်းမမျိုးက အင်ဂျင်နီယာတွေ၊ ဆရာဝန်တွေတောင် ခါချနေတာရှင့်"

"အေးပါ ...ဒါဆိုလည်း မေ့လိုက်ပါတော့ဗျာ"

"ကျုပ်ကိုတော့ ပဥ္စင်းဝတ်ရမတဲ့။ ဟား ...ဟား ...ဟား"

"ဝတ်ချင်လို့လား"

"စဉ်းတောင် မစဉ်းစားဖူးပါဘူးဗျာ။ မိန်းမချောချောရမယ်ဟောရင် တော်သေးရဲ့။ ဟား ...ဟား ...ဟား ...ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့် ... ကိုယ့်လူ ... စောင့်ကြည့် ..."

"ကြည့်ပါ ... ကြည့်ပါ ... မျက်လုံးပြူးကြည့်ပါ။ ဟား ဟား"

သည်လိုနှင့် အမှုမဲ့အမှတ်မဲ့နေလိုက်ကြရာ တစ်လခန့်ကြာသော အခါ အပျိုကြီးသူဌေးမ ယောက်ျားရသွားသည့်သတင်းကို အံ့ဖွယ်ဘနန်း ကြားလိုက်ရလေသည်။

ကြားကြသော် ဟုတ်မှဟုတ်ရဲ့လားဟု အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြ၏။ အပျိုကြီးသူဌေးမနှင့် ညားသွားသူကား သူမအိမ်မှာ တစ် ပတ် တစ်ခါ၊ နှစ်ခါ ခြံလာရှင်း၊ ပန်းအလှပြုပြင်၊ ရေလောင်းသည့် မာလီလို လူငယ်လေးနှင့် ဖြစ်လေ၏။

လူငယ်လေးက အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိ၏။ အလွန်ဆင်းရဲ၏။ မိခင်မုဆိုးမ မအေအိုကြီးကို အရပ်ထဲမှာ ရေထမ်းရောင်းကျွေး၊ ဟို အိမ်သည့်အိမ် ဗာဟီရ တောက်တိုမယ်ရလုပ်ပေးရင်း ဆယ်တန်းကို အပြင် မှဖြေရန် လုပ်နေသူကလေးဖြစ်၏။

ဖြစ်ပုံက ကြည့်ဦး ...

တစ်နေ့ မောင်မင်းယာကိုအမည်ရှိ ၎င်းကောင်လေးက ထုံးစံ အတိုင်း အပျိုကြီးသူဌေးမရဲ့ ပန်းဥယျာဉ်ကို ရေလောင်းပေါင်းသင် လုပ် ပေးနေ၏။

သည်မှာ အပျိုကြီးမမက ဟိုလိုလုပ်၊ သည်လိုလုပ်နှင့် အမိန့်ပေး နေရင်း ဒေါက်မြင့်ဖိနပ်နှင့် ချော်လဲပြီး မထနိုင်တော့။ နာလွန်း၍ အော် ဟစ်နေရသည်။

ခြေသွက်လက်သွက်၊ ချက်ချက်ချာချာရှိသော မောင်မင်းယာကို က အပျိုကြီးသူဌေးမကို သူ့ဗလကြီးနှင့် တွဲထူပေးရာသည်။ တွဲထူပေး၍ မရတော့ ပွေ့ယူပြီး တိုက်ထဲသို့ သယ်လာခဲ့လိုက်သည်။

ပြီး ... ဒဏ်ကြေလိမ်းဆေးများလိမ်းလို့ ပတ်တီးစည်းပေးလိုက် သည်တဲ့။

ထိုနေ့မှစ၍ မောင်လေးနှင့်မမဇာတ်လမ်းစလိုက်သည်မှာ နောက် ဆုံး အိပ်ရာပေါ်မှာ အတူရှေ့လက်တွဲသည့်ဘဝသို့ ရောက်သွားခဲ့တော့ သည်။





နောက်ဆုတ်လို့လည်း မရ။

အပျိုကြီးမမ အတွေ့ထူးမှာ ယစ်မူးပြီး ဆားငန်ရည်သောက်မိ သလို ဝတ်မပြေ၊ မက်မပြေဖြစ်ပြီး နောက်ဆုံး ညားကြလေသတည်းဘဝ သို့ ရောက်သွားခဲ့လေ၏။

အပျိုကြီးမမခမျာ ရှက်လည်းရှက်၊ စွဲလည်းစွဲ၊ ချစ်လည်းချစ် ဖြစ် ကာ ရုံးတက်လက်မှတ်ထိုးလက်ထပ်ပြီး သူမရဲ့ ငွေအား၊ အဆက်အသွယ် အားနှင့် လင်တော်မောင်ကို နိုင်ငံခြားလုပ်ငန်းတစ်ခုသို့ အရောက်ပို့လိုက် လေ၏။

ကောင်လေးကလည်း ကြိုးစားရှာသည်။

တစ်နှစ်ပြည့်သောအခါ နောက်ဆုံးပေါ်ကားတစ်စီးကို ချစ်မယား မမကြီးရှိရာသို့ ပို့လိုက်ရကား ...

လင်ရတော်သဟဲ့ဟု အရပ်က ချီးမွမ်းလေ၏။

သို့မကြာလိုက် ...

ဒေါ်ခင်မမစိန် လင်တော်မောင်လေးရှိရာ စင်ကာပူနိုင်ငံသို့ လိုက် သွားလေ၏။

ပြောရလျှင် ...

ချစ်လင်တော်မောင်လေးနှင့် စင်ကာပူနိုင်ငံမှာ အားလပ်ရက်တိုင်း ပျားရည်ဆမ်းခရီး ထွက်ကြသည်ဆို၏။

မကြာခင် ကျွန်ုပ်ထံသို့ စင်ကာပူမှ စာတစ်စောင် ရောက်ရှိ၍ပင် လာခဲ့၏။ စာကို ဖောက်ဖွင့်ဖတ်လိုက်သောအခါ ...

"ကိုချစ်စရာရေ ...

ရှင့်ရဲ့ မျက်မမြင်ဂီတမနောဗေဒင်ဆရာကြီး ဟောချက်ကတော့ ကွက်တိပါပဲရှင်"

ဟူသတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

ဒါနှင့်အတူ ပေဒင်ဆိုလျှင် လုံးဝ အယုံအကြည်မရှိဟု ကြွေးကြော်ခဲ့သော ကိုချမ်းသာအောင်လည်း ဘဝသစ်သို့ ရုတ်ခြည်း ကူးပြောင်းသွားခဲ့လေ၏။

တစ်နေ့သောအခါ ...

ကိုချမ်းသာအောင်တို့ တိုက်ခြံဝသို့ အရူးလူကြီးတစ်ယောက်ရောက်ရှိ၍ လာခဲ့လေ၏။ အရူးကြီးသည် ခေါင်းတုံးပြောင်ကြီးနှင့်ဖြစ်၏။ ခန္ဓာကိုယ်ပေါ်မှာ အပေါက်အပြဲပရွနှင့် သင်္ကန်းစုတ်ကို ပတ်ထားပြီး ခြံဝမှ သီချင်းတစ်ပုဒ်ကို အော်ဆိုနေ၏။

သူသည် နဂါးနီသီချင်းကို အသံပြဲကြီးနှင့် ကိုချမ်းသာအောင်တို့ရဲ့ တံခါးသံတိုင်ကို ကိုင်ပြီး အော်ဆိုနေ၏။

"သိဒ္ဓိအဖုံဖုံ ××× လုံခြုံစေမည် ×××

နေ့စဉ်ညစဉ် ××× ဖိုမထိုးဘဲ ××× အကျိုးပေးနိုင်မည် ×××





မြန်မာပြည် ××× နဂါးနီတန်ခိုးနဲ့ ×××

မြေလျှိုးပါလို့ ××× မိုးပျံနိုင်မည် ×××

မွဲတဲ့သူတွေ ××× ငွေမရှားအောင် ××× ကြိုးစားလို့ ×××

ဆောင်ရွက်ကာမှန်း ××× ထွက်ရပ်လမ်းပြမည် ×××"

ကတုံးနှင့် အရူးလိုလူကြီးသည် ၎င်းသီချင်းကို ထပ်ကာထပ်ကာ ကျော့၍ ဆိုနေရကား ကိုချမ်းသာအောင်ရဲ့ မိဘများက ထူးဆန်း၍ ထွက်ကြည့်ကြ၏။

နိမိတ်ကောင်းဟဲ့ဟုလည်း ပြောကြလေ၏။

သည်မှာ ကိုချမ်းသာအောင်က မျက်မမြင်ဂီတမနောပေဒင်ဆရာကြီးရဲ့ စကားဟောချက်ကို ပြန်ကြားပြီး ထူးတော့ထူးသည်ဟုဆိုကာ အိမ်မှာရှိနေသည့် အဝိုစိပ်ပုတီးတစ်ကုံးနှင့် ငွေငါးရာကျပ်ကို အရူးကတုံးကြီးအား ပေးကမ်းလိုက်လေ၏။

သည်မှာပဲ အရူးခေါင်းတုံးကြီးက ကိုချမ်းသာအောင်ရဲ့မျက်နှာကို စေ့စေ့ကြည့်၊ လက်ညှိုးထိုးပြီး ...

"ကျန်းကျန်းမာမာ ××× ချမ်းချမ်းသာသာ ××× ဘေးရန်ကာဆီးသည် ×××

လူမွဲတွေက ××× မနေးခေတ်မီ ××× သူဌေးဖြစ်တော့မည် ××"

ဟု အကြိမ်ကြိမ်အော်ဆိုပြီး ထွက်သွားလေသည်တဲ့။

မကြာခင်မှာပဲ ကိုချမ်းသာအောင်၏မိဘများက သူတို့၏ မွေးရပ်မြေ ဘုတလင်အညာမြို့မှာ ရှင်အပါးတစ်ရာ တစ်ဦးတည်းအလှူကြီးပြုလေရာ သားဖြစ်သူ ကိုချမ်းသာအောင်ကို ပဉ္စင်းခံပါဟု တိုက်တွန်းရကား ..

နောက်ဆုံး မိဘများလည်း ကုသိုလ်ရ၊ ကိုယ်လည်း ကုသိုလ်ရအောင် ရှင်အပါးတစ်ရာနှင့်အတူ ပဉ္စင်းဝတ်ခဲ့ရသည့်ဘဝသို့ ရောက်သွားခဲ့ရသော့၏။

ထိုအလှူတော်မဟာပွဲကြီးသို့ ကျွန်ုပ် ရောက်ရှိလိုက်ပါသွားခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ကိုချမ်းသာအောင်အား လူ့ဝတ်ဘဝမှသည် ရှင်အပါး တစ်ရာတို့အကြား သင်္ကန်းဝတ်နှင့် တွေ့လိုက်ရသောအခါ ကျွန်ုပ်က ရိုရို သေသေ ဦးချကန်တော့လိုက်လေ၏။

''သူငယ်ချင်း . . . အဲလေ . . . ဒကာကြီး . . .''

''ဘာတဲ့ . . . အဲလေ . . . ငါပါ ယောင်နေပြန်ပါပြီ။ ဘုရား . . . ဘုရား . . . ဦးပဥ္စင်း ဘာများ မိန့်မလို့ပါလဲဘုရား''

''မှန်လိုက်တာဗျာ''

''ဘယ်လိုမှန်လို့ပါလဲဘုရား''

''ဟာ . . . သူငယ်ချင်း . . . အဲ . . . အဲ . . . ဒကာကြီးကလည်း ဟိုလေ . . . ဟို . . . မျက်မမြင်ဂီတမနောဗဒင်ဆရာကြီး ကြိုဟောလိုက်တဲ့ ဟောချက် ကွက်တိမှန်လိုက်တာလို့ ပြောတာဗျ''

''ကိုယ်တော် ယုံပြီလား''

''ကျုပ်တင်မဟုတ်ဘူး။ အပျိုကြီးသူဌေးမ ဒေါ်ခင်ခင်စိန်ပါ တန်းကိုမှန်နေလို့ ကျုပ်ယုံပါပြီ . . . ဒကာကြီးရာ၊ အင်း . . . ဒီလောကီလူ့နယ်မှာ ကျုပ်တို့ မသိသေး၊ မမြင်ဖူးသေး၊ မကြုံဖူးသေးတဲ့ ဂမ္ဘီရဆန်းကြယ် လူပုဂ္ဂိုလ်၊ ရှင်လူရဟန်းများ အများကြီးရှိနေသေးတာပဲဆိုတာ ကျုပ်လက်တွေ့ကြုံရလို့ ယုံပါပြီ . . . ဒကာချစ်စရာရယ်''

ထိုနေ့၊ ထိုအချိန်မှစ၍ ကျွန်ုပ် ဂမ္ဘီရစာရေးဆရာသည် အလွန်ထူးဆန်းအံ့သြဖွယ်ကောင်းလှသည့် ဟွန်းတယောကြီးနှင့် သီချင်းသီဆိုပြီးမှ မနောအာရုံရယူပြီး မနောဂီတဗေဒင်ဟောပြောသည့် မျက်မမြင် အဘဦးရွှေဘုန်းညိုရဲ့ ထူးဆန်းအံ့သြဖွယ် ဘဝနောက်ကြောင်းကို သေသေချာချာ လေ့လာမေးမြန်းပြီး နောက်ထပ် စိတ်နယ်လွန် ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတစ်ပုဒ်ရေးသားရန် အဘရွှေဘုန်းညိုရဲ့နောက်ကို ခြေရာကောက်လိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

[၁]

❑

ရွာကလေးတောင်ပိုင်းမှ အကြော်သည် ခေါ်ထူးကြီး၏ယောက်ျား ဘကြီးဦးဖြိုးသာကို 'လေဖြိုး'၊ 'အာဖြိုး'၊ 'ဆယ်လံအာဝါး' . . . စသဖြင့် အမနာပ ခေါ်ပြောဆက်ဆံနေကြရာက ရုတ်တရက် ချက်ချင်းကြီး ကောက်ကာငင်ကာ 'ဘကြီးဖြိုး'၊ 'ဘကြီးဦးဖြိုးသာ'၊ 'ဆရာဖြိုး' . . စသည်စသည် လေသံပြောင်းသွားကြခြင်း။ အခါတိုင်း မထီမဲ့မြင် ခေါင်းပုတ်ဖင်ပုတ် သေသေချွေချွေ မရှိနိုင်ခဲ့ကြသူများကပင် ဘကြီးဦးဖြိုးသာ၏ အသံကြားရုံမျှ လူရိပ်လူယောင်ကလေး မြင်ရုံမျှနှင့် တလေးတစား ဝိဝိပြားပြား ရှိလာနေကြခြင်းတို့၏ အကြောင်းဇျူပွတ်ကို အထူးတလည် ဝိတ္တာရချဲ၍ ဖာတ်စုံခင်းပြစရာမရှိ။ ကလေးအသိ၊ ခွေးအသိ . . ။ ရွာလုံးပတ်လည် မကြားချင်မှအဆုံး အားလုံးအသိ။

ထိုသည့်ညက ဖြစ်ချင်တော့ မြှုန်းစားဒိုင်းစားကြီး မခေါ်ပင့်ချေဘဲ အရေးအရာ ပေါ်လာခဲ့ကြရခြင်းဖြစ်သည်။





မှတ်မှတ်ရရ ထိုညက ဝါခေါင်လပြည့်ည။ လသာညကြီး . . . ။

တောင်ပြူးမှာ ကိုကြီးကျော်တို့၊ အမေကျမ်းတို့၊ မင်းကြီးမင်းလေး မင်းညီနောင်နှစ်ပါးတို့ အားရပါးရ စိတ်လွတ်လက်လွတ် ပျော်နေမြူးနေ အကဲထူးနေကြချိန် . . . ။

ရွာကလေးခမျာလည်း လက်ဖက်မကမ်း၊ ကွမ်းမကမ်းဘဲ ရွာထဲရောက်လာကြသည့် လူစိမ်းတစ်သိုက်ကြောင့် မြုန်းမြုန်းဖြင်းဖြင်း ဝုန်းဒိုင်းတွေကြုံလျက် ပဒ္ဒအုံကို ချေးထုပ်ပစ်ထားသလို ရှုန်းရင်းဆန်ခတ်ဖြစ်နေတော့သည်သာ။

ဟုတ်၏။ သူငယ်အိပ်ဆိတ်ချိန်အလွန် သန်းခေါင်ကျော်၊ သက်ကြီးခေါင်းချချိန်သာသာကလေး၌ဖြစ်သည်။

✿ ✿ ✿

[၂]

❑

"မဆိုင်ရင် ဘယ်သူမှ မကပ်ကြနဲ့ဟေ့။ မင်းတို့မိန်းမတွေ အချောင်မှုခိုးမဖြစ်ကုန်မယ်။ ထမင်းမှုန်းပြီဆိုရင်တော့ ထွက်လာခဲ့။ အကြောင်းသိသွားရအောင်"

"ဒိုင်း . . ."

"ဒိုင်း . . ."

"ဒိုင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း … ဖောင်း … ဖောင်း …"

"ရွှေတီးတဲ့ဟေ့ … ရွှေတီးတဲ့ကွ"

ဆူဆူညံညံ ထိုအသံများကို ဗွေဆော်ဦးကြားကြားချင်း မြောက်အိုးဖောက်သံပဲ ထင်နေမိခဲ့ကြသေးသည်။ 'သီတင်းတောင် မကျွတ်သေးဘူး။ လူဆိုလူဆော့ မြောက်ချောင်က ဥဏ္ဏသိန်းတို့၊ လုချောတို့၊ ခင်ပေါ်တို့အုပ်တွေ ကဲနေကြပြန်ပြီ' ဟုပင် မဆီမဆိုင် ရမ်းသမ်းဥပါဒ်လိုက်ကြသေး၏။

"အုန်း …"

"အုန်း …"

"ဖြောင်း … ဒိုင်း …"

"အား … အမလေး … သေပါပြီဗျာ"

"ကယ်ကြပါဦး … အရပ်ကတို့၊ သတ်ကုန်ပါပြီ … သေကုန်ပါပြီတော့် … ကယ်ကြပါဦး"

"ဟယ် … ဒီသေနာမကြီး။ တယ်နှုတ်သီးကောင်းလှချာပါး ရှိလိုက်ပလေ … ကဲ … ကဲ …"

"ဖုန်း …"

"ဖုန်း …"

"အောင်မယ်လေးတော့်"

ချောက်ချားထိတ်လန့် သွေးပျက်ချင့်စဖွယ် ရိုက်သံနှက်သံ၊ ထုသံထောင်းသံ၊ ကယ်ပါယူပါ အော်ဟစ်သံတွေက ညယံကို လုံးဝကြီးစိုးထားလိုက်တော့၏။ ရွာကလေးတစ်ရွာလုံး နလုံးသည်းခြေပျက်မတတ် ဖြစ်ပြီ။ လူစိမ်းတွေ တစ်အုပ်တစ်မ၊ တစ်စုတစ်ဖွဲ့ကြီးက ရွာလေးဂျင်ဂလယ် ထန်းစေ့မှုတ်လောက်ကို လေးပိုင်းခွဲ၊ လေးတိုင်းဝေလျက် အိမ်ပေါက်စေ့တစ်အိမ် တက်ဆင်း ဖွတ်ကြီး အဓမ္မစားပြတိုက်နေကြခြင်း … တဲ့။

ရွာကလေး အဖြစ်ဆိုးကြုံနေရပုံတွေကို ပြူးပြူးကြီး ငုံ့ကြည့်နေသည့် လဝန်း၏အလင်းရောင်၌ နှုတ်ကြမ်းလှကြမ်း၊ စရိုက်ကြမ်းကြမ်း လူစိမ်းတစ်သိုက်သာ ထင်သလို လမ်းသလားမင်းမူလျက်ရှိကြရာ ရွာလယ်လမ်းမကြီးမှာ ဖုန်တသောသော ထောင်းလမောင်း ထနေတော့သည်။





ဟိုက၊ သည်က အော်သံဟစ်သံ၊ ရိုက်နှက်သံ၊ လဲပြိုသံ၊ မချိမဆံ့နာကျင်မြည်တမ်းသံတွေက ပွက်ညံဟိန်းထလျက် ခဏသား၌ ကမ္ဘာပျက်သလိုကြီး ဖြစ်နေလေ၏။

လရောင်အလင်းကလည်း ရွာကလေးကို မကယ်နိုင်။

မင်းရဲ၊ တောင်ဦး၊ အလယ်တောင်ကျောက်မိုင်း၊ ဈေးကုန်း … စသည့် ရွာနီးချုပ်စပ် တဲကုပ်အိမ်ကုပ်ကလေးတွေကလည်း တုတ်တုတ်မှ မလှုပ်ရဲ။ ကူဖို့ကယ်ဖို့ဝေးစွ။ သူတို့ဘာ့သာပင် အသက်တောင် ပြင်းပြင်း မရှူရဲ။

"မယ်ထွေး …"

"တော့် … ကဖြိုးသာ"

"ဘကြီးဒော်တို့အိမ်ဘက်က ဘာကြားသေးတုံး"

"ရှော် … နှစ်လုံးပြူးကိုင်ထားတဲ့ သူကြီးဟောင်းအိမ်ကို ဘယ်ဓားပြက အရဲကိုးပြီး ဒုတ်ဒုတ်ထိ ဝင်တိုက်ရဲပါ့မလဲတော့်။ ပြီးတော့ … သူ့လှည်းဒေါက်ဖိုမှာက ဒေါက်ဆရာနဲ့ 'ကံ့ကူလက်သင်၊ မီးလက်သင်' နှည်း နှစ်ဆယ်၊ အစိတ် ဆုပ်ဆုပ်ခဲခဲ ရှိနေမင့်ဟာကို"

"အေး … မြောက်ဘက်က ဖိုးချစ်ထွန်းတို့၊ ဘကြီးတိုးတို့အိမ်ထည်း ဓားပြတွေဝင်စီးပြီး ကောင်းကောင်း အတွယ်ခံထိနေပုံကျတယ်ကွ။ အသံတွေ ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့ ကြားနေရတုန်းဟ။ ကျန်တဲ့လူတွေ သနားပေသည့် သင်းတို့တစ်အိမ်ထောင်တော့ဖြင့် နာနာကြည်းကြည်း လေး ဆွယ်ထားခဲ့စေချင်တာ။ ထောင်လွှန်းလို့ …"

"တော် … ရှင့်မလည်း အရေးထဲအရာပေါ် အလကားနေ … အလကား အဒလိကြောင်းပြီး သူတစ်ပါးတွေကို မစ္ဆရိယစိတ် ပွားနေလိုက်တာ။ အကုသိုလ်ကလည်း များပ"

"ဟုတ်ပါရဲ့။ အဖေကလည်း …"

"တိတ်စမ်း … နင်တို့ညီအစ်မတွေ အိပ်ခန်းထဲဝင်နေပြီး တံခါးတွေကို ဒန်သေသေချာ ပိတ်ထားလိုက်… ကြားလား။ မိထွေး … နင်က ရှိတာလေးတွေ စုထုပ်ပြီး နောက်ဖေးမီးဖိုတံခါးက ထွက်။ ခြံစည်းရိုးဒါးက



www.burmeseclassic.com

www.burmeseclassic.com



ထင်းပုံဘေးမှာ ဝပ်ချင်ဝပ်နေ။ ဘကြီးဘော်တို့ကို ခေါ်လို့ရရင်လည်း အဲဒီဘက်ကိုပြေး''

''တော်ကရော''

''ငါ့ဘာ့သာငါ ကြည့်လုပ်ပါ့မယ်။ ငါ့ဘာ့သာ စဉ်းစားထားပြီးသား''

''ရှင် ... ကဖြိုးသာ ... ကဖြိုးသာ ... ဒီလို မိုးထဲရေထဲကြီးမှာ ပေါက်တတ်ကရတွေ လျှောက်လုပ်မနေနဲ့ဦးနော်။ ဗုံမဟုတ်ပတ်မဟုတ်တော့ တောရမ်းမယ်ဖွဲ့တွေကို အရည်မရအဖတ်မရ အထင်ကြီးတစ်ခွဲသားလုပ် မနေနဲ့ဦး။ ဓားပြတွေထဲမှာ တော့ပထွေး တစ်ယောက်မှမပါဘူးရယ်။ ကြားရဲ့မဟုတ်လား။ တအုန်းအုန်း တဘုံးဘုံး ထုရိုက်နေသံတွေ။ ဝေသာလီပြည်ကို ဘီလူးကျနေသလိုကြီး''

''တယ် ... မိထူး ... ဂန်းမ ... နင့်လျှာက ရှာပတ်နေပါရော့လား။ သွား ... ငါခိုင်းတဲ့အတိုင်းလုပ်။ ကြားလား ... ကြားလား ... နင့်လင်တွေ လာနေကြပြီ''

ဝိုင်းပေါက်ထဲသို့ ပြေးဝင်လာနေကြသည့် ခြေသံတွေကို ကြားသည်။

ဖိုးချစ်ထွန်းတို့၊ ဘကြီးတိုးတို့အိမ်တော့ ဖြူခါပြာခါကျ၊ ခရုခံကျွတ် ဖြစ်ခဲ့ကြရပြီထင်သည်။

ရှာတံခါးထိပ်စမှ အစ်ကိုလေးဟန်တင်တို့၊ မရီးသောင်းတို့ အိမ်ဘက်ဆီမှာလည်း လူသံသူသံတွေက မဆိတ်မငြိမ်။ ရွာတောင်ဖျားမှ မြောက်ဖျား၊ အရှေ့ကနေ အနောက် ... တိုးလျှိုပေါက်ကြီးရှိနေသည့် သဲလမ်းဖွေးဖွေးတစ်လျှောက် သေနတ်သံတဒိန်းဒိန်းတွေကို ကြိုကြားကြိုကြားကြားနေရဆဲ။

ဦးဖြိုးသာက ဒေါ်ထူးကို မျက်နှာမာကြီးနှင့် လှည့်ကြည့်ပြန်၏။

ဒေါ်ထူးက လက်နှီးစုတ်သာသာ နင်လားငါလား မျက်နှာသုတ်ပဝါလေးဖြင့် စုထုပ်ထားသည့် အထုပ်ကလေးကို ရင်ခွင်ပိုက်ရင်း နောက်ဖေးမီးဖိုချောင်ဆီ ပြေးဆင်းသွား၏။ အကြီးမ မြရင်နှင့် အငယ်မ သန်းခင်





တို့လည်း သုတ်ခနဲ အိပ်ခန်းဆီသို့ ကတုန်ကယင် ငိုငိုမဲ့မဲ့ကြီးတွေနှင့် ပြေးဝင်သွားကြသည်။

''ဟော ... မောင်မင်းကြီးသားတွေ လာကြပြီနဲ့တူရဲ့''

ခြေသံတွေက ဖောင်ခြမ်းပင် ဝိုင်းဝိုင်းအုပ်အုပ်ကလေးရှေ့ မြေသားကွက်လပ်ကလေးဆီ၌ တိခနဲ ရပ်တန့်သွားကြ၏။ ဦးဖြိုးသာက ထရံပေါက်ကနေ အပြင်ကို အသာချောင်းကြည့်သည်။ လူလေးငါးခြောက်ယောက်၏ အရိပ်တွေကို မည်းမည်းမည်းမည်းနှင့် တွေ့ရသည်။ ဓားတွေ၊ လှံတွေ၊ ပြောင်းရှည်သေနတ်တွေကို လက်က ကိုင်ထားကြလို့။ သင်းတို့ လူအုပ်အလယ်၌ မားမားမားမား၊ အလုံးအထည်ကောင်းကောင်း၊ ဒေါင်းတည်မောင်းတည် ငနဲတစ်ကောင်ကို ထူးထူးခြားခြားကြီး မြင်နေတွေ့နေရသည်။ သည်မောင်ကို ကျန်လူစုတွေက ရိုရိုကျိုးကျိုး။

''ဟုတ်ပြီ ... သင်းပဲ''

နားရွက်ကို ထရံနှင့်ကပ်လျက် အပြင်ကအသံတွေကို နားစွင့်လိုက်၏။

''ဆရာရွှေတီး ... ဒီနားက သုံးလေးအိမ်ပြီးရင် ပြီးပြီ။ ပြန်ထွက်ကြရုံပဲ။ ဂိုဏ်းထောက်ကျောင်းထောင့်က ခရေပင်စုမှာ တင်မောင်တို့ မြင်းတွေနဲ့ စောင့်နေလိမ့်မယ်။ မင်းရဲမြောင်းကိုဖြတ်ပြီး ဖိုးကြာညွန့်စိမ့်မြောင်းအတိုင်း ကားလမ်းဘက် ဖြတ်ထွက်ကြရအောင်။ အကြော်ဆိုင်ကားဂိတ်အလွန် တံတားဖြူလေးမှာ ငပွေးတို့ဒေါ့ဂျစ်ကား ရှိနေမှာ။ အဲဒီရောက်ရင် ပွဲပြတ်ပြီ''

''အေး ... ချစ်တီးတို့အုပ်တွေကို ဒီတောင်ဝိုင်းဘက် စုလာခဲ့ကြဖို့ ပြေးပြောချေ။ ရွာသားတွေစုပြီး ပြန်ရန်မမူရဲအောင် ကလေးဖြစ်ဖြစ်၊ မိန်းကလေးငယ်ငယ်တွေထဲကဖြစ်ဖြစ် ဓားစာခံဖမ်းလာခဲ့ဖို့ပြော။ ရွာလယ်ဘုရားနဲ့ သူကြီးအိမ်ဘေးက ဖြတ်ထွက်မယ်။ ဈေးကုန်းအပေါက် ရောက်မှပဲ အဆင်ပြေသလို ကြည့်လုပ်ကြစို့။ ကဲ ... ထွန်းဖေ၊ မင်းသွား။ မြန်မြန်လုပ်လို့ပြော''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဟော့ကောင် . . . ပြေး . . . ပြေး . . . မတော် . . ခင်ဗျားတို့ ပေထုပ်သံတွေကို တာကယ့်သေနတ်သံထင်ပြီး ရဲဘက်စခန်းက ယက်နက်တွေနဲ့ ပြိုဆင်းလာကုန်ရင် ပြေးပေါက်မှားမနေဘ်။ တို့တွေလက်ထဲမှာက ကျည်ဆန်ထွက်တဲ့ သေနတ်ဆိုလို့ ဆရာရွှေတီးရဲ့တစ်လက်ပဲ"

"ဟာ . . . ဒီကောင်၊ သောက်ကြောရှည်လိုက်ပကွာ။ သောက်ပေါက်က လုံပဲမလုံနိုင်ဘူး"

ငနဲသားတစ်ကောင် ဝိုင်းထဲမှ ပြေးထွက်သွားသံတဖုန်းဖုန်းကို ကြားရ၏။ သူတို့လုပ်ငန်းသိမ်းပြီး ရွာခြေကိုခွာဖို့ စတင်ခြေလှမ်းပြင်ခြင်းဖြစ်သည်။

သူ့အိမ်ရှေ့က သတ္တဝါကောင်တွေက သူ့အိမ်တံခါးကို မျက်စောင်းထိုးကြပြီ။ ဦးဖြိုးသာက မထိတရိပြုံးလိုက်မိ၏။ သူ့မျက်စိ၊ သူ့နားတွေက အလကားအရာတွေမဟုတ်။ ပြီးတော့ သူ့ဦးနှောက်။ 'ရှင်ပုည'ဟု ငယ်ငယ်ရွယ်ရွယ်နှင့် သာမဏေကျော်ဖြစ်ခဲ့ဖူးသေးသည့် သူ့ဦးနှောက်နှင့် သူ့ခေါင်း။ ရာရာစစမှတ်လို့။

ဦးဖြိုးသာက တဖျပ်ဖျပ်လှမ်းတက်လာနေသည့် ခြေသံတွေကို အာရုံတင်းရင်း အိမ်ဦးခန်းဘက်ဆီသို့ ကပျာကယာ သုတ်ခြေတင်သည်။

သူ့မိန်းမ ဒေါ်ထူးက မင်းကြီးမင်းလေးကို . အရှုးအမူးယုံကြည်ကိုးကွယ်သည့် အသိတစ်ဖက်ကန်းမိန်းမ။ ရံဖန်ရံခါ ဦးဖြိုးသာပင်လျှင် မင်းညီနောင်နှစ်ပါးလောက် ပစားအပေးမခံရဘဲ အိမ်ဦးနတ်အရာကျမည့်ကိန်းမျိုး မကြာခဏကြုံရတတ်သေး၏။ သို့ဖြစ်၍ ဘုရားစင်၏အောက်နားခပ်ကျကျ တောင်ဘက်ထရံ၌ အုန်းပွဲ၊ ငှက်ပျောပွဲ၊ ရှန်ပန်းထည်သစ်သစ်လွင်လွင်နှင့် နတ်စင်သီးခြား တစ်ထီးတစ်နန်း ဟည်းထနေအောင် ရှိနေခြင်းကို မျက်စောင်းမထိုးသာခဲ့။ နတ်ပွဲအနီး ဝါးထရံ၌ ငှက်ကြီးတောင်ဓားနှစ်လက်က မီးရောင်တွင် ပြောင်ခနဲ ဝင်းခနဲ။

'နေရာကျပြီ။ ဒီတစ်ခါတော့ ကိုရင်တို့ တစ်ပြန်တစ်လှည့် ကူကြဝိုင်းကြဦးမှပဲ မင်းညီနောင်တို့ရေ။ အိမ်ရှေ့ခန်းမှာ အခန့်သားကြီး မိထူးပူဇော်ပသသမျှ အချိုအချောင်ထိုင်ကြိတ်လာခဲ့တာပဲ ကြာပေါ့။ ဟုတ်စ . . .။





ဒီတောင်မှ မကျော်ရင်တော့ ကိုရင်တို့အဆောင်အယောင်တွေကို အကြော်ဖိုမှာ ထင်းဆိုက်အပစ်ပဲ။ သိလား . . ."

ရင်ထဲကနေ ကြိတ်၍ မင်းညီနောင်ကို ဓားကြိမ်းကြိမ်းလိုက်သေး၏။

နတ်အုန်းပွဲမှ ရှန်ပန်းထည်ကို ရုတ်တရက် ဆတ်ခနဲ ဆွဲဖြုတ်သည်။ ခေါင်းမှာ အကျအန စည်းလိုက်သည်။ ပြီးနောက် ထရံတွင်ထိုးထားသည့် ငှက်ကြီးတောင်ဓားနှစ်ချောင်းကို ဆွဲဖြုတ်။ ဘယ်ညာလက်နှစ်ဖက်တွင် ဝင့်၍ဝင့်၍ ခပ်ဆဆကိုင်။ သူငယ်ငယ် ကိုရင်ပေါက်စဘဝက ဂိုဏ်းထောက်ကျောင်းဦးပဉ္စင်းလေး ဦးသံဝရ သင်ကြားပေးခဲ့သမျှ ပွဲကျောင်းဓားရေးဓားကွက်တွေကို အာရုံယူလိုက်သည်။

"၃၇ မင်းနတ်များကို နေ့စုံနံစုံ သားတော်သမီးတော်များက ရှိရှိသေသေ ကန်တော့ပါတယ်။ ကြွရောက်တော်မူကြပါ။ သုံးဆောင်တော်မူကြပါ။ လိုတာများ ရှိတော့လည်း ဖြည့်စွက်သုံးဆောင်တော်မူကြပါ။ ပိုတာရှိရင်လည်း နတ်ပယ်တော်မူကြပါ။ ခြေလက်ဆေးကာ သုံးဆောင်ရန် ကြွကြပါတော့ ရွှေဘုန်းရောင်ပပ ပသသူသားသမီးများ အန္တရာယ်ကင်းကြလို့မို့ ရင်စွယ်ခပင်းဘေးမသိရအောင် အေးကြည်စွာမင်္ဂလာပွဲမှာ ရွှင်စရာတစ်နည်းစားတော်ခန်းစရအောင် . . . ကိုင်း . . . အပျော်စခန်းဖွင့်တော်မူပါရော့"

ဆိုင်လေသည်၊ မဆိုင်လေသည် မသိ။

မိထူးခါတိုင်းရွတ်ဆိုနေကျ နားစွဲနေသည့် ကဗျာလိုလို၊ သီချင်းလိုလို စာသားတွေကို ဖုတ်ပူမီးတိုက် ဆီမန်းမန်းပစ်လိုက်သည်။

"ဒုန်း . . ."

"ဒုန်း . . ."

"ဒုန်း . . ."

"ဟော့ . . . တံခါးမြန်မြန်ဖွင့်ကြစမ်း။ သေချင်လို့လား။ ဖွင့်စမ်း . . မြန်မြန်ဖွင့်"

ဓားပြများက တံခါးမကြီးကို ထုထောင်းလျက် ဖွင့်အတင်းဖွင့်ခိုင်းလျက်ရှိ၏။ အိပ်ခန်းတွင်းမှ သမီးနှစ်ကောင်လည်း ဖျာလိပ်ထဲ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပုနေရင်းကပင် ချေးတွေသေးတွေ အလိုလို ထွက်ကျလာတော့မတတ် အကြောက်လွန်နေကြ၏။

"ဒုန်း ..."

"ဒုန်း ..."

"ဒုန်း ..."

"ဒုန်း ..."

"ဟာ ... ဒီလူတွေ။ တံခါးဖွင့်ပါဆို။ ဖွင့်မပေးဘဲ တင်းခံနေ။ သေပန်းပွင့်နေကြပြီထင်ပ။ ကိုင်း ... သေနတ်ဒင်နဲ့ ထုဖွင့်စမ်းကွာ။ တံခါးပွင့်လို့ကတော့ သင်းတို့မိသားတစ်စုလုံးကို အရှင်လတ်လတ် အရေခွံခွာပစ်လိုက်မယ်။ သောက်ဂန်းမသားတွေ"

မားပြခေါင်းဆောင်လည်း ဒေါသအိုးကွဲပြီ။ တားမရ၊ ထိန်းမရတော့၊ သည်တွင် အိမ်အတွင်းက ဆောင့်ကြီးအောင့်ကြီး ခုနစ်သံချီအော်သံ၊ ကြိမ်းသံကြီးက မာမာတင်းတင်း ဟိန်းညံ၍ ထွက်လာခြင်းဖြစ်တော့၏။

"သယ် ... မင်းကြီး၊ မင်းလေး စောင့်ရှောက်နေတဲ့အိမ်ကို ဘယ်သူ့အားကိုးနဲ့ လာပြီး နှောင့်ယှက်ရဲကြတာလဲဟေ့။ နတ်တိုက်၊ ဓာတ်ခိုက်တဲ့ကွ။ မင်းညီနောင်မျက်စောင်း အကြောင်းသုံးပါး မရွေးဘူးတဲ့နော်။ ငါ့အကြောင်းကို ကောင်းကောင်းကြီး သိရစေ့မဟေ့"

"ဗုဒ္ဓေါ ... ဘာသံကြီးပါလိမ့်မလဲ။ ဓားပြဆိုရင် တစ်ရပ်လုံးတစ်ရွာလုံးက ဖြန်းဖြန်းကွဲ ခေါင်းပင်မော်မကြည့်ရဲ။ ကိုယ့်ပါးစပ်ကစကား ကိုယ့်ဖင်က ကြားအောင်တောင် လေသံမဟရဲကြတဲ့ဟာ။ ဘယ်လိုပါလိမ့်ဟ"

ဓားပြဗိုလ်ရွှေတီးစိတ်ထဲ ထင့်ခနဲဖြစ်သွား၏။ သည်ရွာကို ဓားပြဝင်မတိုက်ခင် ရွာထိပ်ညောင်ပင်ကြီးမှာ သူတို့ လက်နက်တွေစုထောင်၍ ရွာတော်ရှင်ကို စားတော်တိုက်၊ ဆိုင်ရာပိုင်ရာတွေကို အခွင့်တောင်းတုန်းကတည်းက မဖြစ်စဖူး ထူးထူးကဲကဲ သူ့သေနတ်က စလဲလျက် ဖရိုဖရဲတွေ နိမိတ်မကောင်းခဲ့ရသည်ကြောင့် လုပ်သာလုပ်နေရ၊ ရင်တဖိုဖို၊ ကျောတချမ်းချမ်း ရှိနေရသည့်အထဲ 'ဘာဖြစ်ရပြန်ပလဲ' ဟု စနိုးစနောင့် စလုံးစခုကြီး ဖြစ်ချင်လာရသည်။





ထရံပေါက်က ချောင်းကြည့်လိုက်၏။

လား ... လား ... လက်ဆွဲမီးအိမ်နှင့် ဘုရားမီးပူဇော်ထားသည့် ဖယောင်းတိုင်မီးရောင်၌ ဘာကြီးမှန်းမသိ ဓားသိုင်းက,နေသည်။ ခေါင်းမှာ ရှုန်ပန်းနီနှင့်။ ရင်မှာ ကျင်ခတ်ပဝါနှင့်။ လက်နှစ်ဖက်မှာ ငှက်ကြီးတောင်ဓားနှစ်လက် ဝဲခနဲဝင့်ခနဲ။ အင်္ကျီကိုယ်တိုးလုံးကျွတ်။ ရင်ဘတ်မှာ 'စ,ဓ,ဗ,ဝ' စမတွေ၊ အင်းတွေက အပြည့်။ ရှမ်းမှောင်းဘီအနက်ကို တစ်ဖက်ဒူးအထက်ထိ လိပ်တင်လျက် အပီအပြင်၊ အကျအနကြီးကို ဓားသိုင်းက,နေလေသည်တကား။ မြတ်စွာရယ်တဲ့မှ ဘုရား။ ဘုရားရယ်တဲ့ မြတ်စွာ ...။

"ဆရာရွှေတီး ... ကိုချစ်တီးတို့ နောက်မှာ လိုက်လာကုန်ကြပြီ။ ခဏနေ ရောက်ကြလိမ့်မယ်။ ဘယ်လိုလဲ အခြေအနေ"

"အထဲက တံခါးဖွင့်မပေးသေးဘူးဟ ... ထွန်းတင်ရ။ ချောက်ပေါက်ပဲ"

"ဒီအိမ်ကို တိုက်လို့မဖြစ်ဘူးဟေ့။ နတ်မကြိုက်ဘူးနဲ့တူတယ်".

"ဟင် ... ဘာဖြစ်လို့လဲ ... ဆရာရွှေတီး"

"လာ ... လာ ... ကိုယ်တိုင်သာ လာကြည့်ကြကွာ"

ဓားပြတစ်သိုက် ကျွက်စီကျွက်စီနှင့် ချောင်းအကြည့်ကောင်းဖို့ ကြိုးစည်နေခိုက် ဖြုန်းခနဲ တံခါးမကြီးနှစ်ချပ်က ပွင့်ထွက်အသွား။ အတွင်းကလူကို မမြင်ရသေးခင် ဝင်းခနဲ ပြောင်ခနဲ ထွက်လာသည့် ငှက်ကြီးတောင်ဓားနှစ်လက်က မည်းမည်းမြင်ရာတွေကို သိမ်းကြုံး၍ ပိုင်းတော့ခုတ်တော့၏။ 'လင်းယုန်ငှက်ကြီး အတောင်ပံခတ်နေသလို' ဟု နောက်ပိုင်းမှာ အပြောရှိကြလေသည်။

ဖွေခေါ်ဦး ငှက်ကြီးတောင်ဓားနှစ်လက်ဖြင့် ပွဲတွေ့ကပ္ပိခြင်းခံလိုက်ရပြီး တုံးခနဲပစ်လဲသွားသူမှာ ဓားပြဗိုလ်ရွှေတီး။ 'အောင်မယ်လေး'ပင် ဟဟအော်ချိန်မရလိုက်၊ တံခါးခြေကျော်ပေါ် ကားယားကြီးခွလျက် ငှက်ပျောတုံးကြီး ထက်ပိုင်းပိုင်း၍ တွန်းလှဲလိုက်သည့်နှယ် ပိုင်းခနဲ။

ဘာပြောကောင်းမည်နည်း။ ခေါင်ထိ အကုန်စားပ။ တံခါးဝ၌ ရှိနေသည့် ဓားပြမောင် လေးငါးခြောက်ယောက်ခမျာ ဆရာကောင်းဟပည့်



www.burmeseclassic.com

www.burmeseclassic.com



ပန်းကောင်းပန်လျက် ဆရာ့လမ်းစဉ်နောက်သို့ အလုအယက်လိုက်ကြတော့သည်တဲ့။ ကဲ . . ။

"ဟိုးရှေ့က မည်းမည်းနဲ့ ချစ်တီးတို့အဖွဲ့လားဟေ့"

ဦးဖြိုးသာကြီးက ရောင်တော်ပြန်နှင့် ရောကြိတ်လိုက်၏။ နိုင်ချင်ကြက်ပမာ စိတ်ထဲက တကြွကြွ။ စောစောကလေးက ကြောက်ဒူးတွေတုန်၊ ကြောက်ချွေးတွေပြန်လျက် လုပ်မိလုပ်ရာ နတ်ဆက်ထားသည့် ချက်အရက်ပုလင်းကို စလုတ်ကကိုင်၍ နှစ်ကျိုက်ခန့် တဂွတ်ဂွတ် မော့ချထားခဲ့သည့် အရှိန်တန်ခိုးကလေးကလည်း တမြူးမြူး တရွရွ။

"အေး . . . အစ်ကိုရွှေတီးတို့လား"

"မဟုတ်ဘူး . . . ရွှေတီးက ဒီမှာ စန့်စန့်ကြီးလဲနေပြီ မောင်"

"ဟေ . . ."

ချစ်တီးမှာ ရင်ဝတည့်တည့်ကို မြင်းကန်ခံလိုက်ရသလို ဒိန်းခနဲ မီးတွေပွင့်ထွက်သွား၏။ အကုသိုလ်ကတော့ ပါပဂြိုဟ်တွေ တစ်ပြုံလုံး ပခုံးထမ်းပြီး ကြွလာခဲ့ပြီထင့်။

"ဟေ . . . မနေနဲ့။ မင်းတို့လက်ထဲက လုပ်သေနတ်အတုတွေကို ချက်ချင်းလွှတ်ချပြီး အဲဒီသဲပြင်မှာ အလျားမှောက်လိုက်ကြစမ်း။ ခေါင်းထောင် ထမလာနဲ့။ ဖောင်းအိုးထုပ်ကို လေးနဲ့ပစ်ခွဲသလို ဖြောင်းခနဲ ဖြောင်းခနဲ အစိတ်စိတ် အမြွာမြွာ ဖြစ်သွားစေ့မယ်။ ဘာမှတ်သလဲ။ မင်းတို့အဖွဲ့ထဲက ပစ်ရတဲ့သေနတ်ဆိုလို့ ရွှေတီးကိုင်တဲ့ ဟောဒီတူမီးတစ်လက်ပဲ ရှိတာများ။ အဲဒါလည်း ငါ့လက်ထဲကို ရောက်နေပြီ။ လှုပ်ခနဲဆိုရင် ခေါင်းအပြတ်ပဲ၊ ခွေးမသားတွေ"

"အောင်မယ်လေးဗျ . . ."

ရွာလုံးပတ်လည်လှည့်၍ တအုန်းအုန်း၊ တဖြုန်းဖြုန်း ထုခဲ့ရိုက်ခဲ့တုန်းက လက်ယဉ်ခဲ့သလောက် ကိုယ့်အလှည့်ရောက်တော့ ကြောက်တတ်လိုက်ပုံများနယ် . . . သေနတ်ဖြင့်ပစ်လိုက်ရဖို့ ဝေးစွ။ သေနတ်ပြောင်းကို ခေါင်းတည်မိလိုက်ရုံရှိသေး။ ဖာတ်တိုက်ထားသည့် ယိမ်းသမများပမာ





သဲလမ်းဖွေးဖွေး၌ မှောက်ခုံကြီးတွေ ဝမ်းလျားထိုးပစ်လှဲချလိုက်ကြပြီး ဝပ်နေကြသည်မှ ပိပိပြားပြား။

"တစ်အိမ်တစ်ယောက် ထွက်ခဲ့ကြဟေ့။ ဓားပြတွေကို အကုန်လုံး ဖမ်းမိထားပဟ။ ထွက်ခဲ့ကြ . . . ထွက်ခဲ့ကြတော့"

ဦးဖြိုးသာက သံကုန်ဟစ်သည်။

ဟုတ်သည်လေ . . . အရေးသာတုန်း လူအားနှင့် ဖိလုံးထားမှပေါ့။ မတော် အများနှင့်တစ်ယောက် နမူးနထိုင်းတစ်ကောင်ကောင်က လောချိတ်ကြလျှင် ကိုယ်ပဲ နာနေဦးမည်။

"ဒိန်း . . ."

"ဒိန်း . . ."

"တစ်အိမ်တစ်ယောက် ရရာလက်နက်ဆွဲပြီး ဝိုင်းကြဟေ့။ ဓားပြတွေက ရွာလယ်လမ်းမမှာတဲ့။ ထွက်ကြ . . . ထွက်ကြ . . ."

"ဝိုင်းဟေ့ . . . ဝိုင်းဟ . . ."

"ရွာကြေအောင် မွှေသွားတဲ့ သေနာတွေ။ အရှင်မထားနဲ့ဟ"

"ဒိန်း . . ."

"ဒိန်း . . ."

"ဒိန်း . . ."

"ဝိုင်းဟေ့ . . . ဝိုင်းဟ . . ."

"ဒူ . . . ဟူ . . . ဟူ . . . ဟူ . . ."

"ဒူ . . . ဟူ . . . ဟူ . . . ဟူ . . ."

ဓားပြထနေတုန်းက ဘယ်ချောင်ဝယ်ခွေနေခဲ့မှန်းပင် မသိသည့် ရွာခေါ်ကိုမှန်း၏ မောင်းကွဲကြီးက ညကို လှုပ်၍လှုပ်၍နှိုးသည်။

'ဒိန်း' ခနဲ 'ဒိန်း' ခနဲ လေးချက်ဆက်၍ မိုးပေါ်ထောင်ပစ်လိုက်သည့် သူကြီးဟောင်း ဘကြီးခေါ်၏ ၁၂ ဗို့နှစ်လုံးပြူး ပစ်သံကကြီးလည်း ရွာကလေးကို မော်ရီယာမင်းသွင်းလိုက်သည်နှယ်။ အရိုက်ခံ၊ အနှက်ခံ၊ အထုအထောင်းခံလျက် ငါးဖယ်တေအတောခံထားရသည့် ရွာသားကြီးငယ်



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ 'ဇနပုဒ်ရက္ခိတ' တရားတွေ ဖွတ်ကြီးနိုးကြားလာခဲ့လျက် အခုမှပင် 'ဟုန်း' ခနဲ တောက်ခွင့်သာရချေတော့၏တမုံ့။

ဟုတ်ကဲ့ . . . သိတော်မူကြသည့်အတိုင်း ဓားပြမိုလ်ရွှေတီးကို လေဖြိုးခေါ် ဦးဖြိုးသာကြီးက စွတ်စွတ်ရွှတ်ရွှတ် ဖမ်းနှိပ်ကွပ်လိုက်လျက် ယင်း၏ တစ်ခုတည်းသော သေမင်းငင်နှစ်လုံးပြူးသေနတ်ကြီးကို လက်ဝယ် ပိုင်ပိုင်ရလိုက်ချိမ့်ပြီဆိုကတည်းက နောက်ထပ်နောက်ထပ် ဓာတ်ကွက် ဓာတ်ခန်းများကိုမူ သူကြီးမင်းဟောင်း ဘကြီးဘော်တို့၊ ရွာလူကြီးဖိုးချစ် ထွန်းတို့၊ ပါတီစိတ်မှူးပြုတ် အစ်ကိုလေးကိုဟန်တင်တို့၊ ဆယ်အိမ်ခေါင်း ကိုဝင်းလှ၊ ကိုမောင်ညို၊ ဖိုးညာဏ်သိန်းတို့၊ ရွာထိပ်က နဂါးနီလက်ဖက်ရည် ဆိုင်ပိုင်ရှင် ဦးထွန်းရွှေ၊ ရွာမိရွာဖ နွားကုန်သည် ဖိုးသန်းမောင်ကြီးတို့တွေ က ညလုံးပေါက် မိုးအလင်း ကပြအသုံးတော်ခံသွားကြတော့မည်မှာ ပြော စရာမလိုတော့ပါချေ။ ရွာကလေး၏ ထုံးစံကိုး။ 'ဝန်မပါ မိုးမလင်း၊ ဝန်ပါ မှ မိုးလင်း' ဆိုပေသည်ကိုး။

မည်သို့ပင်ဖြစ်စေ ထိုသည့်ညနောက်ပိုင်း ရွာကလေးက ဘကြီး ဦးဖြိုးသာအပေါ် သိသိသာသာမှုပြောင်းလာခဲ့သည်ကား ဒက်ထိကေန်။

✿ ✿ ✿

[၃]

❑

"အဲသလို . . . အဲသလို . . . ကိုရင်ရေ"

စကားစကို ခဏဟပ်ဖိတိုင်းပေး၍ အေးစက်နေပြီဖြစ်သည့် အခါး ရည်ပန်းကန်ကို ကသောကမျော ကောက်မော့ရှာသည်။ 'အာဖြိုး' ကြီး တိုလီမုတ်စ သဗ္ဗန်ပေါင်းတွေကို ချေးခြောက်ရေနှူးလျက် အားရပါးရကြီး စားမြုံ့ပြန်နေတော်မူခဲ့သည်မှာ ကြာတောင့်ကြာပြီ။

သူ့မဟေသီ ဒေါ်ထူးကြီး၏ အကြော်ဖိုခွင်ဘေး၌ မီးကျိုးခဲတရဲရဲ ဖြင့် နှပ်ထားသည့်အခါးရည်ကို ထဖြည့်ရသည်မှာ သုံးလေးကြိမ်။ ရောင်း မဖြစ်သည့် အကြော်အကျိုးအကြေ အပဲ့အရွဲ့တွေပါဟု ရမည်ရှာလျက် လက်ဖြင့် ဆုပ်၍ဆုပ်၍ထည့်ရင်း အကြော်အကောင်းတွေကိုပါ အရောရော အနှောနှော ထည့်၍ ကြိတ်နေခဲ့ကြသည်မှာလည်း လေးငါးပန်းကန်။ သည့် အထဲ 'အာဖြိုး' ကြီးက သူ့စကား၌ အလေးအနက်ရှိစေဖို့ မပျို၏ ကောက် ညှင်းငါးချိတ်ပေါင်းတွေကိုပါ ဒေါ်ထူးအလစ်၌ အကြော်ဖိုးသိမ်းသည့် ကြေး



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြီးထဲတနိုက်ကျာ တနင့်တပိုး စေတနာမိုးတွေ ဇွဲထား [illegible] ရာနှင်ခေတ်က သူ့တစ်ကိုယ်တော် 'တော်လှန်ရေး အရေး [illegible]ကြီး' မှာ နားသောတဆင်သချင့်ဖွယ်အဖြစ်ကြီး ဖြစ်နေတော့သည် [illegible]

"အဲ ... ကိုရင်ရေ့ စဉ့်ကိုင်မှာက ဂျပန်ကင်ပေတိုင်ရုံးနဲ့ ဂျပန်တပ်က အုံနဲ့ကျင်းနဲ့ ရှိနေတာကလား။ ရန်ကုန်-မန္တလေး ကားလမ်းနဲ့ မီးရထားလမ်းတစ်လျှောက် အချက်အချာကျတဲ့ ဘူတာရုံတို့၊ ကားဂိတ်တို့၊ ရွာကြီးတို့မှန်ရင် သင်းတို့တွေ တင်းကျမ်းပဲ။ မိတ္ထီလာဘက်မှာ မဟာမိတ်တွေက အပြတ်နှိပ်လိုက်လို့ တပ်လန်ပြီး စစ်ဆုတ်ခဲ့ရထင်ပါရဲ့။ အိုး ... ပေတွေ ပြုဆင်းလာလိုက်ပုံများ ရထားလမ်း၊ ကားလမ်းတစ်လျှောက် ဖွေးဖွေးကိုလှုပ်လို့ ပြွတ်သိထိုးနေတာပဲ။ ရထားနဲ့တစ်မျိုး၊ ကားနဲ့တစ်မျိုး၊ နွားလှည်း၊ မြင်းလှည်းတွေနဲ့က တစ်ဖုံ။ ခြေကျင်လျှောက်ကြရတဲ့ တပ်တွေလည်း မနည်းပါမောင်"

သူပြောပြကာမှ မတ်လ ၂၇ ဖက်ဆစ်ဂျပန် တော်လှန်ရေးကြီး မစတင်မီ တိုင်းအမှတ် ၆ နှင့် အထူးစစ်တိုင်းအဖြစ် ထင်ရှားခဲ့သည့် ဗိုလ်မှူးကြီးဗထူး၏ မြန်မာ့တပ်မတော်တို့ တော့တော့တင်တင် ထိပ်တိုက်ရင်ဆိုင်ခဲ့ရသည့် ဂျပန်တပ်အင်အားကို ပြေး၍ မြင်ယောင်ရသည်။ အဖေကလည်း ပြောခဲ့ဖူးသည်။ ၁၉၄၅၊ မတ်လ ၂၇ မတိုင်မီ မတ် (၄-၅) ရက်ကတည်းက မိတ္ထီလာမှ မန္တလေး၊ ကျောက်ဆည်ဘက်သို့ ဆုတ်ပြေးလာခဲ့ကြသည့် ဂျပန်တပ်တွေ တောင်ပုံရာပုံတဲ့။ ကျောက်ဆည်မြို့ပေါ်က အစိုးရစာသင်ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေ၊ ရုံးတွေရုံးတွေ မှန်လေသမျှ ဂျပန်တပ်တွေဖြင့် ပြည့်လို့တဲ့။ မန္တလေးအဝင် မုခ်ဝက 'တံခွန်တိုင်' နှင့် မြို့ပေါင်းမှာ ဂျပန်အုပ်ကြီးတွေဟာ လှုလှိုင်းကြီးတွေလိုပဲတဲ့။

"သူများတွေတော့ တလှုပ်လှုပ်တရွရွပေါ့ ... မောင်။ သူကြီးဦးလှဘော်ကြီးတို့၊ မင်းအဖေ ဘိုးလွန်းတို့၊ မင်းဘကြီး ဖိုးလှမောင်ကြီးတို့ အုပ်တွေကလည်း ဂျပန်ပေတွေကို ခံချကြမလို့တဲ့။ မဟာမိတ်ဆိုလား၊ တော်လှန်ရေးတပ်က ဆိုလားကွာ။ သခင်တင်ရွှေဆိုတာ။ အဲ ... အဲဒီ သခင်





တင်ရွှေနဲ့ ကျိတ်ကျိတ်ကျိတ်ကျိတ် ခြေပုန်းခုတ်နေကြလို့။ သုံးနှစ်သုံးမိုး ပါးရိုက်လိုက်၊ လက်သည်းခွာလိုက်၊ လူရှေ့သူရှေ့မရှောင် ကိုယ်လုံးတီးရေချိုးလိုက်၊ နွားဆွဲ၊ ကြက်ဆွဲ ထင်သလိုမွှေလာခဲ့တဲ့ ပေတွေကို ဒီတစ်ချီတော့ အတိုးနဲ့အရင်းပေါင်းပြီး ဆော်မဟဲ့နှက်မဟဲ့ဆိုတဲ့ မောင်ချည်းပဲ။ ဓားတပြင်ပြင်၊ လက်တပြင်ပြင်နဲ့ ... ကောင်ရေ"

"အဲ ... အဲ ... နို့ပေတဲ့ အဲဒီ သူတို့ပေတော်လှန်ရေးထဲ ငါမပါရဘူးတဲ့ဟ။ ဟုတ်ပ ... နုတ်မလုံတတ်လို့တဲ့လကွာ။ သူတို့စွဲတဲ့ ပြစ်ချက်ကြီးက ... လစ္စီးတဲ့မှ။ လက်တိုငါးရိုးမျက်ကို ဖြစ်ကရော့၊ ထိုင်မရ၊ ထရေပေ့။ သိတယ်မဟုတ်လား ဖြိုးသာအကြောင်းကို။ ငါးကျည်းရတော့အတူတူ။ ငါးခူရမှ ခွဲခြမ်းခွဲခြမ်း လုပ်လာတာကြီးကို ဘယ်ဒီအတိုင်း တိုင်းငြိမ်ခံနေရမှာတုံး။

ဖြိုးသာကလည်း ဖြိုးသာနည်းနဲ့ဖြိုးသာ တစ်ကိုယ်တော်တော်လှန်ရေးကြီး၊ ဆင်နွှဲပစ်လိုက်ရတော့တာပေါ့လေ။ 'အုံ့ပုန်းပူ လူမသိ' ဆိုသလို ကိုယ့်ဘာ့သာ ကြိတ်လုပ်တဲ့ ကိစ္စပဲလကွာ။ ဘယ်အုတ်အော်သောင်းတင်းဖြစ်လာပါ့မလဲ။ ပေတွေသိသွားခဲ့ရင်လည်း သေရေးရှင်ရေး မာလကီးယားနဲ့က အရင်ကိုးကွ"

"ဒါဆို ဘကြီးဖြိုးက ပေတွေကို တစ်ကိုယ်တော်နှိပ်ပစ်ခဲ့လိုက်တာပေါ့။ အဲသလိုလား"

"ဟုတ်ပခင်ဗျာ ... ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်စစ်ဆုတ်လာတဲ့ပေတွေထဲက ငါတို့အကြော်တဲကို ဝင်ပြီးစားတဲ့၊ သောက်တဲ့ ဖက်ဆစ်ကောင်တွေမှန်သမျှ ငါ့လက်ချက်မမိဘဲ ပြန်သွားရ၊ လွတ်သွားရတဲ့ကောင် တစ်ကောင်မှ မရှိခဲ့ဘူးရယ်"

"တကယ် ... ဘကြီးဖြိုးတစ်ယောက်တည်း ချခဲ့တာလား"

"ရော် ... ခက်တဲ့ကောင်ပဲ။ မိလိန္ဒမင်းကြီးနဲ့ စိဥ္စမာန စပ်ကျထားတာတုရဲ့။ သံသယကလည်း ကြီးပ။ ဒီမောင်တစ်ယောက်တည်း၊ ဤဖေကိုယ်တစ်ယောက်တည်း ကြံခဲ့တာ ခင်ဗျားရေ။ ဆွေမျိုးအရင်းကြီး မိရွှေ့ဆောင် နကန်းတစ်လုံး မသိလိုက်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှိ … တယ်ကြိတ်လိုက်ပါလား ဘကြီးရဲ့။ ဘကြီးရဲ့ တော်လှန်ရေးကြီးကို အသေးစိတ်ကလေးများလည်း ပြောပြစမ်းပါဦးခင်ဗျာ … တဆိတ်"

"ဂလိုမောင်ရေ … ဂလို … ဂလို … ဆေးပုလဲရွက် သိပါရောလား။ ဘိုးကြာညွန့်စိမ့်မြောင်းနံ့ဘေးမှာ တောထနေတဲ့ ဆေးပင်အုပ်အုပ်တွေလေ"

"ဝမ်းချုပ်၊ လေချုပ်ရင် ဝမ်းနုတ်ဆေးအနေနဲ့ သုံးရတဲ့ ဆေးပုလဲရွက်တွေကို ပြောတာမဟုတ်လား။ တစ်ညွန့်နှစ်ညွန့် အတို့အမြှုပ်လုပ်စားလို့ရှိရင်တောင် စားပြီးသား ထမင်းစေ့ပါမကျန် ဖင်ထောင်ပန်းချတတ်တဲ့ ကြောက်စရာအရွက်သေးသေးလေးတွေလေ။ ဟုတ်လား … ဘကြီးဖြိုး"

"ဟုတ်လှချည့်ပေါ့ … လူရာ။ အဲဒီ ဆေးပုလဲရွက်ပါပဲ။ ရွှေးစေ့တောင် မလွဲပါဘူးတဲ့ဗျား"

"အင်း … အင်း … အဲဒီတော့ …"

"အဲဒီတော့ ဘာဖြစ်ရဦးမလဲ … ကိုရင်ရဲ့။ အဲဒီဆေးပုလဲရွက်တွေကို ပင်လုံးကျွတ်နုတ်။ ရေစင်စင်ဆေး။ သံရေတ်ဆုံကြီးထဲမှာ ညက်ညက်ကြေအောင်ထောင်း။ သတ္တုရည် သံဇလုံတစ်လုံးရအောင် ညှစ်ချရတာပေါ့။ ပြီးတော့ မန်ကျည်းမှည့်လက်သစ်ကလေးတွေကိုလည်း ရေစိမ်ပြီး ချဉ်ရည်ဖောက်။ ဆေးပုလဲရွက်သတ္တုရည်ရယ်၊ မန်ကျည်းမှည့်ရည်ရယ်၊ ငရုတ်သီးစိမ်း၊ ဂျင်း၊ ကြက်သွန်ဖြူ၊ ကုလားပဲမှုန့်ရယ်ကို သေသေချာချာ အချိုးကျကျစပ်ပြီးမှ အကြော်နဲ့တွဲဖက်ပေးရတဲ့ စပယ်ရှယ့်စပယ်ရှယ် အချဉ်ရည် လုပ်ပေးလိုက်သလေ။ ဘယ်လောက်ကြီးများ ကောင်းတယ်၊ မကောင်းဘူးဆိုတာတော့ မြည်းမကြည့်လိုက်ရလို့ မသိတတ်ဘူး … မောင်ရေ။ သေမင်းငင်တွေ ငတ်ကြီးကျလိုက်ပုံများတော့ ချဉ်ရည်ဖောက်တဲ့ဇလုံတောင် ရေမဆေးလိုက်ရဘူး။ တက်တက်ကိုပြောင်ရော။ တို့စားစရာ ငှရွက်နုနု အညွန့်လေးတွေကိုလည်း သူ့အစိမ်းရောင်လေးမပျက်ရှိ ရေနွေးဖျောပေးခဲ့သေးတာဆိုတော့လေ… နွားငတ်တွေ ပဲကြီးခင်းထဲ ကျသလိုပဲ … ကိုရင်ရေ့"

"ဟောဗျာ …"





"ဟီ … ဟီ … ဟုတ်တယ်မောင်ရေ။ ပြောမနေနဲ့တော့။ ဆေးပုလဲကလည်း ဝမ်းသွား။ မန်ကျည်းမှည့်ကလည်း ဝမ်းနှုးဝမ်းပုပ်ချ။ ငှရွက်ကလေးကလည်း ဓာတ်သက်ဆိုတော့ … ဟောဟော့ … မင်းကောင် ဂျပန်ငပုတွေ စစ်ဆုတ်ပြေးရင်း ကြောက်ချေးတွေ ပန်းသွားလိုက်ချက်ကတော့ ဖင်စလောင်းကို လန်ကရောပေ့ဗျာ။ ဖြိုးသာအကြော်တဲကို နွားငတ်ရေကျကမူးရှူးထိုးဝင်ပြီး ငတ်ကြီးကျသွားတဲ့ ကာလနာမှန်သမျှ နာရီဝက်၊ တစ်နာရီအတွင်း မျက်တွင်းဟောက်ပက်ကြီးတွေနဲ့ သာခွေယိုင်ချည်းပေါ့ မောင်ရာ။ အပျက်အစီး၊ အဖိတ်အစဉ်များတောင် ရှိခဲ့ကြသတဲ့။ သင်းတို့က ရေမသန့်လို့ ဝမ်းရောဂါဖြစ်တာ၊ ကာလနာကျတာဆိုပြီး ဆေးတွေနင်းကန်တိုက်။ အနာတခြား ဆေးတခြား၊ ခါးတောင်းကျိုက်တခြား ဖင်တခြားတွေကို ဖြစ်လို့။ ပေါ့စေလိုလို့ကြောင်ရုပ်ထိုး ဆေးအတွက်ပိုလေး ဖြစ်ကုန်သပေါ့။ ဟေး … ဟေး … ဟေး …"

"ဟား … ဟား … ဟား … ဘကြီးကတော့ဗျာ … တကယ်ပဲ ဟား … ဟား … ဟား … ဟား …"

"ရယ်မနေနဲ့ … မောင်ရေ။ ဖြိုးသာရဲ့ တစ်ကိုယ်တော်စစ်ဆင်ရေးကြီးကြောင့် ငပုတွေ ဒုက္ခဖြစ်လိုက်ကြရပုံများနှယ်။ အင်္ဂလိပ်က ဝိုင်းပတ်ဆော်၊ ကောင်းကင်က ကျွဲညီနောင်က တရစပ်ပစ်ဟဲ့ခတ်ဟဲ့။ အရေးထဲဖြိုးသာရဲ့ ဆေးပုလဲတန်ခိုးကြောင့် အီးတွေချေးတွေက တပျစ်ပျစ်ထွက်။ ဝမ်းရောဂါကျပြီဆိုပြီး တပ်ပျက်မလောက်တောင် ဖြစ်သွားခဲ့တာတဲ့ဗျား"

"ဟား … ဟား … ဟား … ဟား …"

ဟုတ်၏၊ မဟုတ်၏ အသာထား။

သူ့အကြော်၊ ကောက်ညှင်းပေါင်း၊ ရေနွေးကြမ်းမျက်နှာတွေက ရှိသေး၏။ ရှေ့မျက်နှာ ရှေ့ထားပြီး သွားကြီးတွေအဖြီးသားနှင့် အလိုက်သင့် တဟီးဟီး လုပ်နေရတော့၏။

ဘကြီးဦးဖြိုးသာ၌ သူကိုယ်တိုင် 'ရိုက်ကောင်' ဒါရိုက်တာ၊ သူကိုယ်တိုင် ဇာတ်လိုက်မင်းသားအဖြစ် ပါဝင်ထားသည့် အာကာလန်ပါကဒန် ဇာတ်လမ်းတွေက များမှများ။ ပွစိကို တက်လို့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း . . . တဲ့။

သူ့၏ ဘယ်ဓာတ်လမ်းဓာတ်ကွက်မျှ ဓာတ်သိမ်းမလှ။ သိသိသာသာကြီး ပြောစရာဖြစ်လောက်အောင်ကို အဖျားရှူးသွားတတ်ကြသည်ချည်း။

သူ့တစ်ကိုယ်တော် ဖက်ဆစ်ဂျပန်တော်လှန်ရေးဓာတ်လမ်းကြီး အစသတ်ပုံ၊ နှုတ်ခမ်းသတ်ပုံကိုလည်း ကြည့်ဦး။

"နို . . . ဘကြီးက အဲသလို ပလိန်းကြီးနိုပ်ကွပ်လွှတ်လိုက်တော့ ငပုတွေက မရိပ်မိကြပေဘူးလား ဘကြီးရဲ့။ ရိုးတိုးရိပ်တိပ်ကလေးတောင်မှ သတိမထားမိလိုက်ကြဘူးတဲ့လား"

"အေး . . . အဲဒါပြောတာပေါ့ကွ။ လူများ မစ္ဆရိယတယ်ကြောင်တယ်ဆိုတာ။ လူတစ်ယောက်၊ ကျည်တစ်တောင့်တောင် မရင်းနှီးလိုက်ရတဲ့ ဖြိုးသာရဲ့တော်လှန်ရေးကြီးကြောင့် ငပုတွေ တပ်ပျက်လုနီး ဖြစ်သွားရတဲ့ အကြောင်းထဲမှာ အချောင် ယုန်ထောင်ကြောင်မိ ဖြစ်သွားတဲ့ကောင်က ရှိသေး။ ပထ္တာရွာထဲက အောင်သင်းတဲ့။ ဒီကောင်က ခေတ်ပျက်သူဌေးကွ။ ကုန်သည်ယောင်ယောင်၊ ဘာယောင်ယောင်ရယ်။ အမှန်က ပွဲစားပါကွာ။ အဲဒါ ကင်ပေတိုင်မိုလ်ကြီး လက်ဖတင်နင်ဆူးဖူးကီး၊ ဆာဂျင် ယာမာဆာကီး၊ ဆာဂျင်မေဂျာ အဒါချီး၊ ဂျပန်စကားပြန် မြဒင်တို့နဲ့အတူတူ ဆိုင်ထဲ ပါလာတယ်လေကွာ။ ပွဲစားကျင့် ပွဲစားကြဲပေါ့လကွာ။ အလကားကြိတ်ရတာပဲဆိုပြီး စားလိုက်သောက်လိုက်ပုံများ ဗိုက်ပွင့်ထွက်မတတ်ပဲ။ သေပေါ့။ သူ့အကုသိုလ်နဲ့ သူလေ။ သူ့ရွာတောင် သူပြန်မရောက်လိုက်ရဘူး။ သစ်ကြီးတန်းကျော်ကျော် ကိုထွန်းအုံကြီးတို့လယ်ပွဲနားက ထန်းပင်ညီနောင်ကို ခေါင်းစိုက်လို့ ဖင်ကြီးပွင့်နေတော့တာလေ။ ကိုထွန်းအုံကြီး အတွေ့ဦးလို့ပေါ့ကွာ။ မင်းကောင် အသက် ဖင်ကထွက်ရမလား၊ ခေါင်းကထွက်ရမလား မသိဘဲ မြော့မြော့လေးပဲ ကျန်တော့သတဲ့။ နို့မို့ သေဖြစ်သေးတယ်"

"အဲဒီတော့ . "

"ဟ . . . အဲဒီ 'မအေ . . . ဖေတာ်ရာမွေး' က ထင်ကြေးနဲ့မှန်းပြီး သူ့အဖေ ကင်ပေတိုင်ကို အပြေးအလွှားသံတော်ဦးတင်၊ လက်ထောက်ချ လိုက်ကရောဟေ့"





"ဟာ . . . ဝွပဲပေါ့"

"ကွာ . . . ယောက်ျားသေွးပဲဟာ။ ရဲလို့၊ နီလို့ လုပ်ခဲ့မင့်ဟာကို ဘာသောက်ရေးစိုက်ရမလဲ"

"ဒါဆို . . . ဘကြီးဖြိုး ဘာလုပ် . . ."

"ဟဲ့ကောင်ရဲ့ . . .။ အိုင်ကြီးတောဘက်ကနေ ကီနွရာတောင်မေါ် တက်ပုန်းနေလိုက်တာပေါ့ဟ"

"ဟာ . . . ဘကြီးဟာကလည်း။ တော့တော့ဆိုင်ဆိုင်ကြီးကျကာမှ ထွက်ပြေးရသေးတယ်လို့။ မနိပ်လိုက်တာဗျာ။ သိက္ခာကျလိုက်ပလေ"

"ရော် . . . မင်းတို့ တယ်ခက်ပါကော။ အဲဒါ သခင်တင်ရွှေပြောပြောနေတဲ့ သေနင်္ဂဗျူဟာကွ . . . သေနင်္ဂဗျူဟာ . . . သိရဲ့လား . . . သူတို့ မဟာမိတ်တွေကတော့ 'အောင်မြင်စွာဆုတ်ခွာခြင်း' လို့ ခပ်မိန့်မိန့် စာချိုးထားခဲ့ကြတာပဲ။ ဘယ် . . . ထွက်ပြေးတယ်လို့ ဆိုရမတုံး။ ချီးတဲ့မှ"

"အင်းပါလေ . . .။ ဟုတ်ပါပြီ။ ပြီးတော့ ဘာတွေဘယ်လိုဖြစ်ကြသေးတုံး . . . ကဲ . . . ခြော် . . . စကားမစပ် ဘကြီးရေ။ အကြော်ကုန်နေပြီဗျ"

"ကိုယ့်ဘာသာကိုယ် စိတ်ကြိုက်သာ ထည့်စားကြပေတော့ကွာ။ ပြောရတာ အရှိန်ပျက်တယ်။ ရှေ့မှာက တကယ့်စွန့်စားခန်းတွေချည်းရယ်တ . . . ကိုရင်တို့ရ"

"ကဖြိုးသာ . . . ကဖြိုးသာ . . . တော်တို့ဝိုင်းက မပြီးနိုင်ကြသေးဘူးလား။ ကိုယ့်မြေးလောက်သာသာ ဘုစုခရုတွေကို ဘယ်လို မုံမဟုတ်ဝတ်မဟုတ် တောရမ်းမယ်ဖွဲ့တွေကို လျှောက်ပြောနေပြန်ပလဲ။ ပေါက်တတ်တရတွေ"

"အေး . . . ဒါကလေးပြီးရင် ပြီးပြီဟေ့ . . . မိန်းမရဲ့။ ခဏ . . . ခဏ . . ."

"တို့ဟူးကြော်လေးတွေ ကောင်းမှကောင်း။ ပဲခြမ်းကြော်လေးတွေကလည်း ကြွပ်မှကြွပ်။ ဟဲ . . . ဟဲ . . . ဟဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"စားကြပေါ ... စားကြဟ ... ဇီဝိတဒါနတဲ့ ...။ သတ္တဝါတွေ အသက်တစ်ချောင်း ကယ်ကောင်းပါရဲ့။ 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' ဆိုသကိုးကွ ကိုရင်တို့ရ ... ဟုတ်ဘူးလား"

"တိန် ..."

"အွန့် ..."

"အဲ ... အဲ ... ဘယ်ရောက်သွားပါလိမ့်။ ပြော် ... ဂလိုပေါ့။ ကင် ပေတိုင်ဗိုလ် ဆူးဖူးကီးနဲ့ အဖွဲ့က အောင်သင်းတို့၊ မြဒင်ကြီးတို့နဲ့ ရွာကို လာပိုင်းတော့ မင်းတို့ဘကြီး ဖြိုးသာကြီး ဘယ်လိုလွတ်အောင်ပြေးခဲ့တယ် မှတ်သလဲ။ ပေါ ... ကိုရင်တို့"

"ဟုတ်ကဲ့"

"ဘုန်းကြီးဦးပြည့်ဘာတောင်ခြေရင်း နတ်စင်ကုန်းက နဘဲပင်ကြီး အောက်မှာ နေစာလှုံနေတဲ့ ကိုးတောင်ကျားကြီးကိုစီးပြီး ပြေးခဲ့တာ ကိုယ့် လူရေ ... မှတ်ပလား ...။ ဂျပန်ဗိုလ်ဆူးဖူးကီးဆိုတာ 'လူမဟုတ်ဘူး။ နတ်ဟ ... နတ်ဟ ...' နဲ့ ကုန်းကုန်းရှိခိုးတော့တာတဲ့။ သဘောက်မသား ဟို ... လက်ထောက်ချတဲ့ အောင်သင်းနဲ့ကိုလည်း သူ့ကို တမင်သက် သက် ချောက်ချရပ့်မလားဆိုပြီး ပါးကို ဘယ်ပြန်ညာပြန် ပိတ်ပိတ်တီးတော့ သတဲ့။ သွားသုံးချောင်းတောင် ကျွတ်ကရောတဲ့"

သေဟဲ့ နန္ဒိယ ...။

စားလက်စအကြော်တစ်ဖဲ့ကပင် လည်ချောင်းဝ၌ ငုတ်တုတ်သား ကြီး ဆို့၍ တစ်နေ၊ နင်နေတော့၏။ ကောင်းပြီကောင်းရဲ့ပြောနေရင်းက ဘယ်လိုဘယ်ပုံ ထဖောက်လာရပါချိမ့်။

"ဒီဂျပန်ငပုကောင်တွေဟာ သဲသဲမဲမဲ ဖွဲ့တော့အကြီးသား မောင် ရေ။ ငါ့မှာ ကိန္နရာတောင်ဘုရားပေါ် တက်ပုန်းနေခဲ့တာတောင် စစ်လေ ယာဉ်ပျံသုံးလေးစင်းနဲ့ ပတ်ပတ်ဝဲဝဲပြီး ရှာသေးဖွေသေးတာမောင်"

"အဲဒီတော့ ..."

ငါလည်း စိတ်ပေါက်ပေါက်ရှိလှတာနဲ့ ပုဆိုးကိုချွတ်ပြီး လောက် လွှဲလိုလုပ်တဲ့လို့ လိမ္မော်သီးလုံးလောက် ကျောက်တုံးတွေနဲ့ ပစ်ပစ်ချတာ။





ဟား ... ဘာပြောကောင်းမတုံး။ လေယာဉ်သုံးစင်းလည်း ကျောက်ခဲမှန် ပျက်ကျကရော။ ငပုတွေ တစ်ခါတည်း လက်လျှော့သွားတော့တာပဲ ကိုရင် ရေ"

"ဖူး ... သေပြီဆရာ"

အခြေအနေက သိပ်အရေးမလှချင်။ နားရာဇဝတ်သင့်ရမည့်ကိန်း တွေက တိုး၍သာ လာနေသည်။ ပန်းကန့်ထဲက အကြော်တွေကို အပြောင် ရှင်းပစ်နိုင်ဖို့သာ အတင်းကြိုး၍ ဖိတွယ်ရင်း ပြေးပေါက်ပြေးလမ်းကို ကမန်း ကတမ်း မျက်စိလျှင်နားလျှင် ရှာဖွေထားရတော့သည်။

"ဘာရှိမတုံးကွာ ... ရက်နှစ်ဆယ်၊ အစိတ်တော့ ပုန်းလိုက်ရ ထင်ပါရဲ့။ လူလည်း ရော်ဘင်ဆန်ကရူးဆိုးကို ဖြစ်ကရော။ နောက် ... ငပု တွေ ဆုတ်ပြေးကုန်ပြီဆိုတော့မှ ရွာခြေ ပြန်ကပ်နိုင်တော့တာရယ်။ အဲ ... အဲဒါလည်း ပြောရဦးမယ်ပေါ့။ သဲချောင်းကြီးက ကမ်းပြည့်ကမ်းလျှံ ရေတွေ တောင်းလန်နေတော့တာကိုး။ အဲဒါ အိုင်ကြီးတောက တောပိုင်တောင်ပိုင် အရှင်ကြီးရဲ့ ဖွတ်မိကျောင်းကြီး ခဏငှားစီးပြီး ရွာပြန်လာတော့ ရွာနီးချုပ် စပ်က ကြားသမျှလူတွေ ပြေးပြေးပြီး လာကြည့်ကြတာများကွာ ... ကမ်း လုံးကိုညွတ်ပြီး လူတွေလူတွေ သီးနေတာပဲ။ သိလား ..."

"ကိုင်း ... မှတ်ဟ၊ ငတ်ကြီးကျချင်ဦး။ စားရတဲ့အကြော်ကလေး သုံးလေးခုက နံချောင်တောင် မကာဝ်ချင်ဘူး။ ကြားလိုက်ရချက်ကတော့ နားဝကိုတော့ပြီး စိန်ပြောင်းကြီးနဲ့ ထုထည့်လိုက်သလိုပဲ။ စားမိလို့ ကြားရ တာ။ မစားမိရင် ကြားစရာအကြောင်းမရှိ။ တစ်သက်စာ ဂဏှာပဲ။ မှတ် ရော့ ... မှတ်ရော့"

ကိုယ့်ဘာသာကိုယ် ကျိတ်၍ရင်ထုရင်း ဖြေ ဖြေမဆည် ...။

ဟုတ်ကဲ့ ...။ ကျွန်တော်တို့ရွာကလေး၏ 'အာဖြိုး'၊ 'လေဖြိုး'၊ 'ဆယ်လ်အာဝါး' သုံးဘွဲ့ရ ဘကြီးဦးဖြိုးသာ၏ အတိတ်ရာဇဝင်ကား ထိုသို့ သျှင်နှင်နှင်တည်း ... တဲ့ခင်ဗျား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❏

''ဘကြီးဦးဖြိုးသာ . . . ဘကြီးဦးဖြိုးသာ . . .''

''ဟေ . . . ဘာလဲဟ၊ အော်ကြီးဟစ်ကျယ်နဲ့''

''ဘကြီးရေ . . . ကျေးရွာကောင်စီလူကြီး မဲပေးကြတာမှာ ဘကြီး အရွေးခံရသတဲ့ဗျ။ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌတောင်မှ လုပ်ရမယ်ဆိုလား ဘာလားပဲ''

''ဟေ . . . ဟုတ်ကဲ့လား . . . မှန်းရယ်။ ဒါ . . . ပေါက်ပေါက်စစ နောက်ရမယ့် သာမညောင်ညကိစ္စ မဟုတ်ဘူးဟဲ့''

''ရော် . . . ဘကြီးကလည်း၊ အခုပဲ ကောင်စီစာရေးလေးကို ကျောက်ခဲပါးစပ်က ပြောတာကြီးကို ဒီနားနဲ့ဆတ်ဆတ် ကြားခဲ့ရတဲ့ဟာ။ တင်မောင်တို့ ဆံပင်ညှပ်ဆိုင်မှာ ကြားခဲ့တာဗျို့ . . . သိပြီလား''

သည်သတင်းက ရွာကလေးမှာ 'မဇေဒါအငြိမ့်' ကြည့်ချင်ပွဲသွင်း ဖြစ်ဖို့ ဖန်လာခဲ့သည့် ဓမ္မစစ်အကြောင်းခံဖြစ်တော့သည်။





ရွာလေး၌ မားပြတွေထသည့်ညက ဦးဖြိုးသာကြီး၏ အံ့ဘနန်း စွန့်စားခန်းတွေကို 'သတ္တိရှိချက်ကွာ' ဟု ရင်ဘတ်စည်တီး၊ အံ့သြဘနန်း စုတ်တသပ်သပ် ဖြစ်မဆုံးသူတွေလည်း ရှိ၏။ 'ကြက်ကန်းခွပ်တာနဲ့တင် ဝိုင်းကျွတ်အောင် နိုင်သွားသကွာ' ဟု ဦးဖြိုးသာကြီး မျက်နှာပွင့်နေပုံကို မချိတင်ကဲ ခံစားနေသူတွေလည်း ရှိသည်။ 'သောက်ရူးမို့သာ ကြောက် ကြောက်နဲ့ လုပ်မိလုပ်ရာ စွတ်လုပ်ရင်း ကံမျက်နှာသာပေးလို့ အပေါက် အလမ်းတည့်သွားတာပါကွာ' ဟု မဲ့မဲ့ရွဲ့ရွဲ့ စကားတင်းဆိုချင်သူတွေက လည်း မရှား။

သည်အထဲမှာ အသည်းဆုံး၊ အကဲဆုံးကား မည်သူရှိရဦးမည် နည်း။ ဦးဖြိုးသာ၏မဟေသီ ဒေါ်ထူးမှ ဒေါ်ထူး။ သူမကိုလွန်၍ ရင်ဘတ် ထုကာ ပျော်ပွဲဖွဲ့နိုင်သူ ရှိလိမ့်မည်မထင်။

''ဘယ့်နဲ့တော် . . . သိဒ္ဓိမဟိဒ္ဓိ အရှိန်အစော်ရှိတဲ့ နတ်ပါဆိုမင့် ဘယ်။ ကျုပ်တို့ရွာကလေး ကူသူကယ်သူမဲ့နေတုန်း အရေးဟဲ့အကြောင်းဟဲ့ မှာ မျက်နှာလွှဲတော်မမူဘဲ ကျုပ်လင် ကဖြိုးသာကြီးကို မင်းကြီးဝင်ပူးပြီး သူတော်တွေကို ဆုံးမလွှတ်လိုက်တာလေ။ ဘာပြောကောင်းမတုံး . . .။ ဓားပြဗိုလ်ဆိုတဲ့အကောင် မနည်းကုယူလိုက်ရတယ်။ အမယ်လေး . . . ကျုပ် သင်များဖြင့် ရမ်းသမ်းပြီး စွတ်ရွတ် အထင်မကြီးလိုက်ကြပါနဲ့ဦးနော်။ ကျုပ် သင်အကြောင်း ကျုပ်ထက်သိတာ ဘယ်သူရှိရဦးမတုံး တော်တို့ရဲ့။ ညည များ တပိုတပါးသွားရင်တောင် အိမ်သာတံခါးက လက်ထုတ်ပြီး အဲဒီလက် ကို ကျုပ်မှကိုင်မထားပေးရင် ချေးတောင်ဖြောင့်ဖြောင့်ပါရဲတာ မဟုတ်ဘူး ရယ်။ တုံးတုံးသာချလိုက်စမ်းပါတော်။ မင်းကြီးမင်းလေးစောင့်ရှောက်ခဲ့တာ အာနိသင်ကပါပဲ တော်ရဲ့''

ကိုင်း . . . ကောင်းကြရော။

သို့တစေ . . .



www.burmeseclassic.com

www.burmeseclassic.com



ရွာဦးထိပ်မှ ညောင်ဘောကျောင်းဆရာတော် ဘုန်းကြီးဘုရားကိုယ်တော်တိုင် အိမ်ပေါက်ဝအရောက် ကြွလာပြီး ယောက်ျားရင့်မကြီးတစ်ယောက်က လုပ်သင့်လုပ်ထိုက်တာ လုပ်လိုက်နိုင်ခြင်းကို ကောင်းချီးပေးပြန်တော့ ရွာကလေး မနေသာ။ ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက် 'ဦးဖြိုးသာကြီး တော်လိုက်တာ' ဟု တစ်လေသံတည်း ထွက်ကြရပြန်၏။ မထွက်၍ကလည်း မဖြစ်။ ဆရာတော်ကြီးကြွလေရာကို နောက်တော်ပါးကလိုက်ရလေ့ရှိမြဲ သူ့ကပ္ပိယ ကိုသန်းကြီးလက်ထဲ၌ 'ရမထာကြိမ်' နှစ်လုံးပူးကြီးက ပြူးပြူးကြီး ဖြုပြနေတော့သည်ကိုး။

မြို့နယ်ပါတီကောင်စီကလည်း နာမည်ကောင်းလက်မှတ်နှင့် ဆုတော်ငွေ ... တဲ့။ ထိုးလိုမင်းလို ဖြစ်နေမှဖြင့် ဦးဖြိုးသာကြီးကိုယှဉ်လျက် ဘယ်သူရွေးရွေး၊ ဘယ်သူပြိုင်ပြိုင် ဘယ်မှာနိုင်ချိမ့်တော့မည်နည်း။

သို့ဖြင့် ရွာကလေးသည် နေ့ချင်းညချင်းပင် မားပြမထခင် ယခင်နေ့တွေက 'လေဖြိုး'၊ 'အာဖြိုး'၊ 'ဆယ်လံအာဝါး' ကြီးကို မေ့လိုက်လေပြီ။ သို့တည်းမဟုတ် တမင် မျက်စိစုံမှိတ်ပြီး မေ့ချင်ယောင်ဆောင်လိုက်လေပြီ။

"အေ ... ရှင်မယ်ထူး။ ညည်းနဲ့ငါ သဘောချင်း မတိုက်ဆိုင်လို့ကွာချင်မှကွာရော့။ ငါတော့ ဒီတစ်ခါ လုံးဝ အလျှော့မပေးတော့ဘူးဟေ့။ ရပ်က၊ ရွာက ငါ့ရဲ့သိက္ခာ၊ ငါ့ရဲ့သမာဓိ၊ ငါ့ရဲ့သူရသတ္တိကို ယုံလို့မှ ထိုက်ထိုက်တန်တန်ထိုးအပ်တဲ့ ဒီအလုပ်ကို ပိုက်ဆံတစ်စေ့မှ မရရင်နေ။ ငါကတော့ လုပ်ရမှာပဲ။ ကိုင်း ... ငါမှမလုပ် ဒီအလုပ်ကို ဘယ်သူလုပ်ပ။ ပြီးတော့ ဒီအတိုင်းတိုင်း ကုပ်ကုပ်ကလေး။ ယို့ယို့ကလေးလုပ်မှာ မဟုတ်သေးဘူးနော်။ မြိမ့်မြိမ့်သည်းသည်း 'ပွဲခံ' ပြီးကို လုပ်ဦးမှာ ... မယ်မင်းကြီးမရေးကိုရင်အောင်သန်းနဲ့ ဖိုးသန်းမောင်ကြီးကို မပေဒါအငြိမ့် ရက်ရွေး၊ စရံသတ်နိုင်းလိုက်ပြီ။ ညည်းသဘောမတူရင်တော့ ညည်းသဘော။ ငါ့ကို ညည်း





တစ်ယောက်တည်း ပိုင်တော့တာမဟုတ်ဘူးဟဲ့။ လူထုတွေကလည်း ပိုင်သွားကြပြီ။ သိလား ..."

"အလိုလေးတော် ..."

ဒေါ်ထူးခမျာကော ဘာများလည်း တတ်နိုင်ပါဦးမည်နည်း။

သည်လိုနှင့် သီတင်းကျွတ်လပြည့်ညမှာ ရွာကလေး၏ ရွာလယ်လေးလမ်းဆုံ၌ ဦးဖြိုးသာကြီး၏ လူထုအောင်ပွဲကြီး ဝှဲချီးကျင်းပခဲ့ခြင်း ဖြစ်လေသတတ်။

✿ ✿ ✿

[၅]

❑

"အစ်ကိုကြီး ..."

"ဟ ... ဖြိုးသာ။ လာလေကွာ ... ထိုင်။ ဘယ်က လှည့်လာတုံး"

"ဒီမှာ ... အစ်ကိုကြီး။ ကျုပ် ဘယ်ကလှည့်လာတာမှ မဟုတ်ဘူး။ ခင်ဗျားအိမ်ကို တည့်တည့်ကြီးပဲ လာခဲ့တာ။ ပြီးတော့ ခင်ဗျားညီဖြိုးသာအနေနဲ့ လာခဲ့တာလည်း မဟုတ်ဘူး။ ကျေးရွာလူကြီးတစ်ယောက်အဖြစ် တာဝန်နဲ့လာခဲ့တာ။ ကဲ ... သိပလား"

ဘိုးထွန်းအေး ဆတ်ခနဲ ခေါင်းမော့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . ဟကောင်ရ။ ညီအစ်ကိုချင်းကို မင်းဟာက မျက်နှာက လည်း တယ်မာ၊ လေသံကလည်း တယ်ပြင်းလိုက်ပါကလား လူရ။ ကဲ . . . ဆို။ မင်းလူကြီးဖြစ်တော့ ငါက ဘာလုပ်ရဦးမှာတုံး။ ငှက်ပျောပွဲ၊ အုန်းပွဲတွေနဲ့ အိမ်ဦးခန်းတင်ပြီး ကန်တော့ရဦးမှာလား။ ဟုတ်လား . . ."

"အဲ . . . အဲဒါပဲ။ အစ်ကိုကြီးတို့ခက်နေတာ အဲဒါတွေပဲ။ မဟုတ်တာလုပ်ရင်သာ လုပ်ရမယ်။ ပြောကြဟေ့ ဆိုကြဟေ့ဆိုရင် အငေါ်တူးဖို့၊ အပေါက်ဆိုးမှုတ်လိုက်ဖို့ပဲ တတ်တယ်"

"ကဲကွာ . . . မင်းလာရင်းကိစ္စကိုသာ ပြောစမ်း။ တောမဟုတ်တောင်မဟုတ်နဲ့ ဓားပြဖမ်းပေးပြီးကတည်းက မင်းလေသံ တစ်ပေါက်မြင့်နေတာကြီးကို ငါက နှလုံးနာ၊ နားခါးလွန်းလှပြီ။ ပြော . . . မင်းလာတာ ဘာကိစ္စ . . ."

"အစ်ကိုကြီးအိမ်က ဖဲဝိုင်း၊ ဂျင်ဝိုင်း သိမ်းချင်သိမ်း။ နားချင်နား။ ရပ်ချင်ရပ်။ ဒါမှမဟုတ်ရင် အစ်ကိုကြီးဖဲဝိုင်း၊ ဂျင်ဝိုင်းတွေကို ဘာ့သာ မွေ့ပြီး အစ်ကိုကြီး ဒီရွာထဲကပြောင်း။ အဲဒါ လိုရင်းတိုရှင်းပဲဗျာ"

"ဟေ . . . ဘယ့်နှယ် . . ."

"ဟုတ်သလေ . . . ကျုပ်က ဒီရွာရဲ့ ကောင်စီလူကြီး။ တရားသူကြီး ဥက္ကဋ္ဌ။ အစ်ကိုကြီးက ရွာလယ်တည့်တည့်ကြီးမှာ ဖဲဝိုင်း၊ ဂျင်ဝိုင်း ဒိုင်ခံ။ ကောင်းနိုင်ပါဦးတော့မလား။ ညီအစ်ကိုက ညီအစ်ကို၊ သွေးသားက သွေးသား . . . ကျုပ်ကတော့ လူထုမျက်နှာ ကြည့်ရမှာပဲဗျ။ အဲဒါ လမ်းမှန်ပဲ"

"ဖြိုးသာ . . . မင်း . . . မင်း . . ."

"အဝေးကြီးမဟုတ်ဘူး၊ ကျုပ်တို့ ရွာစည်းရိုးအရိပ်ကလွတ်ရင် တော်ပြီ။ တရားသူကြီးဥက္ကဋ္ဌက သူ့တစ်ရွာတည်းနေတဲ့ အစ်ကိုကြီး ဖဲဒိုင်၊ ဂျင်ဒိုင်ခံနေတာကိုမှ မတားနိုင်ရင် လူထုတွေက ကျုပ်ကို ဘာပြောကြမလဲ။ ဘယ်လိုထင်ကြမလဲ . . . ကဲ . . .။ ရွာစည်းရိုးလွန်ရင် ခင်ဗျားဘာ့သာ ခင်ဗျားသဘော။ ကြိုက်တာလုပ်။ ကျုပ်နဲ့ မပတ်သက်တော့ဘူး။ ကိုယ်ဖြစ် ကိုယ်ခံပဲ"





"ဗွီ . . ."

စိတ်က လက်တစ်ဆစ်သာသာ။ ခြေမြန်လက်မြန် ထန်ထန်ပြင်းပြင်း ရှိတတ်လွန်းသည့် ဘိုးထွန်းအေးက ရေထမ်းထမ်းပိုးကို သုတ်ခနဲပြေးဆွဲ၏။ ချက်ဆို နားခွက်ကမီးတောက်သည့် ဦးဖြိုးသာက သူ့ထက်အလျင် ဦးအောင် လေပြည်ကလေးသုတ်သလို လှစ်ခနဲ ပြေးထွက်ခဲ့ပြီးပြီ။

မည်သို့ရယ်ပင်ဖြစ်စေ . . .

ဘိုးထွန်းအေးကြီးတို့ မိသားစုတွေ ရွာလယ်က သူတို့အိမ်ကြီးကို ကျောင်းဆရာကိုအောင်သန်းအား ဖွတ်ကြီးထိုးရောင်းလျက် မင်းရဲမြောင်းကလေး ပေနှစ်ဆယ်သာသာမျှခြားသည့် မင်းရဲရွာဆီသို့ ချက်ချင်းကြီး ပြောင်းသွားခဲ့ကြသည့်အဖြစ်ကို ရပ်က၊ ရွာက သတိစိုက်လိုက်မိကြ၏။

"ဘိုးလေးတင့် . . ."

"ဟော . . . ကိုရင်ဖြိုးသာကြီး၊ တို့ရွာအနောက်ချောင်ကို မလာဖူး ဘယ်လိုကဘယ်လို မျက်စိလည်လမ်းမှား လာပြန်သတုံး။ လာ . . . အခါးရည်သောက်"

"အင်း . . . ဒီလိုပဲ။ ဒါနဲ့ အရီးဘွားတင်ရရော"

"အလယ်တောင်ကျောက်မိုင်းက ထွန်းပိုင်ကြီးဆီတဲ့ဟေ့။ စောစောလေးကတင် ထွက်သွားလေရဲ့"

"ဩော် . . . ဒီလို ဘိုးတင့်ရေ။ ကျုပ်လာရင်းကိစ္စက ဒီလိုဗျ။ ကျုပ် ကျေးရွာကောင်စီလူကြီးဖြစ်တာရော၊ တရားသူကြီးဥက္ကဋ္ဌဖြစ်တာရော ကြားလိုက်ရဲ့နော်"

"ကြားပဗျာ . . . ကြားပ . . . ရွာ့သမိုင်းမှာတော့ ထွန်းထွန်းပေါက်ပေါက်ရယ်လို့ ကိုရင်တစ်ယောက်ပဲ လောက်လောက်လားလားရှိသေးတဲ့ ဥစ္စာ။ အိမ်က အဘွားကြီးနဲ့တောင် ပြောမိကြသေး။ ငါတို့တော့ ဂုဏ်လည်းယူသဗျာ။ အားလည်း အဟုတ်တကယ်အားကိုးသဟေ့။ တကယ် . . ."

"ဒီစကားက အဟုတ်ချည်းပဲလား . . . ဘိုးလေးတင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားပေးပေး ကျမ်းပေးပေးပါ ... မောင်။ ဘဝအကျိုးပေး မကောင်းခဲ့လို့ အရက်ရောင်းစားရပေတဲ့ မှန်သောစကားပဲ ပြောတတ်ပါရဲ့"

"ကောင်းဗျာ ... ကျုပ်လာခဲ့ရတာလည်း အဲဒီကိစ္စပဲ ... ဘိုးလေးတင့်"

"ဘယ်လို ... ဘာကိစ္စ ..."

"ဘိုးလေးတင့်တို့ ရွာထဲမှာ အရက်၊ စိမ်ရည်၊ ကစော် ... စတဲ့ ယစ်မျိုးဥပဒေနဲ့ မလွတ်မကင်းတာတွေ ရောင်းဝယ်နေတဲ့ကိစ္စ"

"ဣာ ... ကိုရင့်နှယ်။ ဒါကိုများ တဆန်းတပြားလုပ်လို့။ ငါ့တစ်သက်လုံး စကားပီ၊ နားကြားကတည်းက အရက်ပဲ ရောင်းစားလာခဲ့တဲ့ဥစ္စာ။ ကျန်တာလည်း လုပ်မစားတတ်။ ပြီးတော့ ငါတို့က ရဲမကြောက်၊ သံသရာ မကြောက် သူရာမေရိယတွေ ရောင်းပေးလို့ပဲ ရွာသူရွာသားတွေ ပျော်ရေးပါးရေး အဆင်ပြေ ..."

"တော်ပါ ... အဘိုးလေးရာ။ ဟိုတုန်းက ဟုတ်ပေတဲ့ အခု မဟုတ်တော့ဘူးဗျ"

"အလို ... ဘယ့်နှာကြောင့်ပါလိမ့် ... ကိုရင်"

"ရော် ... မသိသားဆိုးရွားလိုက်တာ ... အဘိုးလေးရာ။ ဒီမှာ ကျုပ်လိုပုဂ္ဂိုလ်ရှိနေတဲ့ ရွာထဲမှာ ဘိုးလေးတင့်တို့က ဝံ့ဝံ့စားစား ဒီလိုရောင်းဝယ်နေလို့ ဘယ်နိုင်မလဲဗျ။ လူထုတွေက ဘာပြောကြမလဲ"

"ဟေ ..."

"မဟေနဲ့ ... ဘိုးလေးတင့်ရေ။ အရီးလေးဘွားတင်ရ လာရင်သာ ခင်ဗျားတို့ပစ္စည်းတွေကို ညတွင်းချင်း ရွာပြင်ညောင်ဘောကျောင်းဟိုဘက်ကို ကြည့်ကျက် ပြောင်းကြရွှေ့ကြပေရော့။ ကျုပ်ကိုယ်တိုင် လာပြောထားပါရက်ကနဲ့ ဥပဒေနဲ့ အငြိအစွန်းရှိလာခဲ့ရင်တော့ ကျုပ်အဆိုးမဟုတ်တော့ဘူးနော်။ ကျုပ်ကတော့ လူထုတွေတစ်မျက်နှာပဲ ကြည့်မှာဗျား"

"ဟေ ..."

ဟေချင်ဟေ၊ မဟေချင်နေ။

**စိတ်ကူးသစ်စာပေ**



ထိုနေ့ညတွင်းချင်း ကျောက်ဖြူး၊ ပွကြီး၊ သာဝိုက်၊ မြင့်ငွေ၊ ကြည်ညွန့်၊ ကြီးပို ... စသည့် ယမကာလုလင်များ၏ အကူအညီဖြင့် ဘိုးလေးတင့်တို့၊ အရီးလေးဘွားတင်ရတို့ အရက်ပုန်းဆိုင်ကလေးခမျာ ရွာအပြင်သချိုင်းဘေးက သရက်တောထဲသို့ သိပ်သိပ်သည်းသည်းကလေး ဝပ်ကျင်းပြောင်းသွားခဲ့သည်မှာလည်း တိုးတိုးတိတ်တိတ်ဖြင့် တစ်ရပ်လုံး တစ်ရွာလုံးအသိ။

သည်လိုတွေနှင့် ...

ဦးဖြိုးသာကြီး ကောင်စီလူကြီးဖြစ်လိုက်ပြီး ဘာကြာတုံး။ တစ်ပတ်ဆယ်ရက်အတွင်း၌ ရွာထဲက ဟိုဟိုသည်သည် တွေလီကာလီ ပလီစီချောက်ချက်တွေ အားလုံးလောက်နီးနီး တောထုတ်ပြီးသား ဖြစ်ခဲ့လေတော့၏တဲ့။

သို့သော်လည်း ... သို့သော်လည်းပလေ။

ကိုယ့်အိမ်ထဲက အမှိုက်ကို ကိုယ့်ခြံစည်းရိုးကျော် ပြီးရော မျက်နှာလွှဲခဲပစ် ပစ်ချလိုက်သလိုပ။ ထိုသည့် ဟိုသင်းဟိုဟာ အဝှာတွေက ရွာတလေး၏ ရွာခရိုးနှုတ်ခမ်းကို မေးတင်လျက် ရွာကလေးကို မျက်စပစ်လိုက်၊ လျှာထုတ်လိုက် လုပ်ပြနေကြသည်မှာလည်း အမှန်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၆|

❑

ဘယ်လိုရယ်ပဲဖြစ်ဖြစ် ...

'အာဖြိုး'၊ 'လေဖြိုး'၊ 'ဆယ်လံအာဝါး' တစ်ဖြစ်လဲ ဘကြီးဦးဖြိုးသာတစ်ယောက် ပြည်သူ့ကောင်စီခေတ်ကြီး နိဋ္ဌိတံသည်အထိ တစ်သက်လုံးတစ်သောင်လုံး ရွာကလေး၏ကျက်သရေ လူထုတွေ၏အကျိုးကို ဆောင်သယ်ပိုးခဲ့လေသည်ကား အိပ်ရာဝင်ပုံပြင်တစ်ပုဒ် မဟုတ်ပါပေ။

မေတ္တာဖြင့် ...

**ဧရာဝတီ၊ မင်းသျှင်**



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ကျုပ်ရဲ့နာမည် 'မောင်နက်ကျော်' ပါ။ ကျုပ်ရဲ့အလုပ်က တောတောင်အတွင်းမှာရှိတဲ့ တိရစ္ဆာန်တွေကို သေနတ်တစ်လက်နဲ့ ဒိုင်းခနဲပစ်ပြီး အသားတွေ၊ ဦးချို၊ အစွယ်တွေကို ရောင်းစားနေတဲ့ မုဆိုးပါ။

ဒီနယ်တစ်ပိုက်မှာတော့ ကျုပ်ကို မုဆိုးကြီးနက်ကျော်အဖြစ် မသိသူ မရှိသလောက်ပါပဲ။ ကျုပ်ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေကတော့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကော့စံနိုင်ကပေါ့။

အဖေ့နာမည်က ဦးမို့ကာ။ အမေ့နာမည်က ဒေါ်အုံးပွင့်။ မွေးချင်းပေါက်ဖော်ဆိုလို့ တစ်ဦးတစ်ယောက်မှ မရှိပါဘူး။ မိဘတွေက လက်လုပ်လက်စားတွေပါ ကျုပ်ငယ်ငယ်က ဆင်းရဲလွန်းလို့ ကျောင်းတောင့်မနေနိုင်ပါဘူး။

ကျောင်းအပ်စရာ ငွေမရှိလို့ ကျောင်းက အလကားလာတက်နိုင်းတာတောင် ကျောင်းချိန်မှာ သူများကျွဲနွားတွေကို ထိန်းကျောင်းပေးနေရလို့ သွားမတက်နိုင်ခဲ့ပါဘူး။





ကျောင်းအုပ်ဆရာကြီးဦးအုန်းက သနားလို့ ကျုပ်အားတဲ့ ညအချိန်မှာ အိမ်ကိုလာရောက်ပြီး စာသင်ကြားပြသပေးလို့ သေစာရှင်စာလောက်တော့ ရေးတတ်ဖတ်တတ်ပါတယ်။

ကျုပ်ဟာ လူမှန်းသိတတ်စအရွယ်ကစပြီး အလုပ်မျိုးစုံကို လုပ်ကိုင်ခဲ့ရပါတယ်။ မြေတူးမြေပေါက်တဲ့ အလုပ်ကိုလည်း လုပ်ကိုင်ခဲ့ဖူးပါတယ်။ အဖိုးအခယူပြီး ရေတွင်းတူးတဲ့ အလုပ်မျိုးကိုလည်း လုပ်ကိုင်ဖူးပါတယ်။ တောင်ယာအလုပ်ကိုလည်း လုပ်ကိုင်ခဲ့ဖူးပါတယ်။ ငယ်ငယ်က တောင်ယာထွက်သစ်သီးဝလံတွေကို ကျိုက်ထိုဈေးကြီးနဲ့ ရှမ်းဈေး သွားရောင်းခဲ့ဖူးပါတယ်။

ကျိုက်ထီးရိုးတောင်တက်လမ်းမှာ ကုန်ထမ်းသမားအဖြစ်နဲ့လည်း အသက်မွေးဝမ်းကျောင်းဖူးပါတယ်။ ဒီတုန်းက ကျိုက်ထီးရိုးဘုရားဖူးတွေက ကျုပ်အရွယ်ကိုကြည့်ပြီး ...

"ဟော့ ... သူငယ်။ မင်းအရွယ်လေးနဲ့ ဒီပစ္စည်းတွေ အကုန်ထမ်းပိုနိုင်ပါ့မလား"

"နိုင်ပါတယ်ခင်ဗျ။ ကျွန်တော်တက်နေကျပါ"

ကျုပ်ဟာ ပစ္စည်းတွေကို ကျောပိုးခြင်းထဲကိုထည့်ပြီး ထမ်းပိုးလိုက်ပါတယ်။

"အေး ... အေး ... သိပ်မြန်မြန်ကြီးတော့ မတက်နဲ့နော်။ ဦးတို့ကို စောင့်ပြီး တက်ပါကွ။ ဦးတို့က အသက်အရွယ်က ကြီးတော့ သိပ်မတက်နိုင်ဘူး"

လို့ ပြောပါတယ်။

ဘုရားဖူးတွေပြောသလို ကျုပ် တောင်ပေါ်ကို သူတို့ကိုစောင့်ပြီးတက်လို့ ကျုပ်ကို ပေးသင့်တဲ့ အခကြေးငွေထက် ပိုလို့ပေးကြပါတယ်။ ကျုပ်ဟာ ငယ်ငယ်လေးကတည်းက တွေ့ကြုံတဲ့သူတွေနဲ့ အလိုက်သင့်ပေါင်းသင်းနေထိုင်တတ်ပါတယ်။

ကျုပ်ဟာ အမေမွေးကတည်းက တုတ်တုတ်ခိုင်ခိုင်နဲ့ ခွန်အားဗလတောင့်တင်းပြီး သန်မာထွားကျိုင်းသူတစ်ယောက်ဖြစ်ပါတယ်။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ဟာ လက်ဝှေ့သမားကြီးတစ်ယောက်ဆီမှာ တပည့်ခံပြီး မြန်မာ့ကိုယ်လုံ့ လက်ဝှေ့ပညာရပ်ကို သင်ရိုးကျွတ်အောင်ကို သင်ယူလေ့ကျင့်ခဲ့ပါတယ်။

ဒီအချိန်မှာ အာဝါဒေးနဲ့ ဘုရားပွဲတွေမှာ မြန်မာ့လက်ဝှေ့ပွဲတွေ အလွန်ခေတ်စားပါတယ်။ လက်ဝှေ့ထိုးရရင် ငွေကို လုံးခနဲခဲခနဲ ရပါတယ်။ ကျုပ်ဟာ လူညွှလည်ပြီးတော့ လက်ဝှေ့ထိုးသတ်ခဲ့ဖူးပါတယ်။

ကျုပ်ရဲ့ အပေါင်းအသင်းတွေက ...

''ဟေ့ ... နက်ကျော်။ ကျိုက်ပေါလောဘုရားပွဲမှာ မင်းလက်ဝှေ့ထိုးမလို့ဆို''

''ဟုတ်တယ်လေ''

''ဖြစ်ပါ့မလားကွ ... မင်းနဲ့ယှဉ်ပြီး ထိုးသတ်မယ့် ကျားကြီးက မင်းထက် အကောင်ကြီးတယ်နော် ... သတိထား''

''ကြီးစမ်းပါစေကွာ ... ဘယ်လောက်ပဲကြီးကြီး ယှဉ်ပြိုင်ထိုးသတ်ရဲပါတယ်။ လက်ဝှေ့ထိုးတယ်ဆိုတာ ပညာနဲ့ယှဉ်ပြီး ထိုးသတ်ရတာပါ။ ရဲစွမ်းသတ္တိရှိတဲ့သူဟာ ဘာကိုမှ ကြောက်စရာမလိုဘူးဗျ။ ကျုပ်ကတော့ ဘယ်သူ့ကိုမှ မကြောက်ဘူး''

လို့ ပြောခဲ့ပါတယ်။

ကျိုက်ပေါလောဘုရားပွဲမှာ လက်ဝှေ့ကျော်ကျားကြီးနဲ့ ကျုပ်ဟာ လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ခဲ့ပါတယ်။ အားပေးတဲ့ပရိသတ်ကတော့ ရုံပြည့်လျှံနေတာပဲ။

ပရိသတ်တွေက ...

''ချကွ ... နက်ကျော်တဲ့ဟေ့ ... ပွဲတိုင်းကျော်လေး ... ကော့စ်နိုင်သားကွ''

လို့ အားပေးကြသံကို လက်ဝှေ့ကျော် ကျားကြီးပရိသတ်တွေကလည်း ...

''ဟေ့ ... လက်ပံသား ကျားကြီးကွ ... မညှာနဲ့ ... ချကွ''

လို့ အားပေးကြပါတယ်။

လက်ဝှေ့ကျော်ကျားကြီးနဲ့ ကျုပ်တို့ဟာ ရေကုန်ရေခန်းထိုးသတ်လိုက်ကြတာ နောက်ဆုံး ကျုပ်ဟာ ကျားကြီးကို အလဲထိုးပြီး အနိုင်ရခဲ့ပါတယ်။





လက်ဝှေ့ထိုးတဲ့အလုပ်ဆိုတာ နိုင်တဲ့အခါရှိသလို ရှုံးနိမ့်တဲ့အခါလည်း ရှိပါတယ်။ အဲ ... နိုင်တဲ့အခါဖြစ်စေ၊ ရှုံးနိမ့်တဲ့အခါဖြစ်စေ အနည်းနဲ့ အများတော့ ဒဏ်ရာရတာချည်းပဲ။ လူမြင်သူမြင် ဒဏ်ရာမရတောင်မှ အတွင်းကြေတော့ ရကြတာပဲ။ ကျုပ်ဟာ လက်ဝှေ့ကျော်ကျားကြီးနဲ့ လက်ဝှေ့ထိုးသတ်လို့ ရရှိခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေကို အိပ်ရာထဲမှာ မြင်းချေးနဲ့ ကြပ်ထုပ် ထိုးနေရပါတယ်။

ဒီအချိန်မှာ အမေဖြစ်တဲ့ ဒေါ်အုံးပွင့်က ...

''ဟဲ့ ... နက်ကျော်နော်။ နင် ပြောလို့လည်း မရဘူး။ နောက်တစ်ခါ ဘုရားပွဲတွေမှာ လက်ဝှေ့ထိုးတယ် ငါကြားရင် သေမယ်သာမှတ်။ နင့်အဖေကလည်း ဘာမှမပြောဘူး ... အံ့ရော''

လို့ပြောတော့ အဖေဖြစ်တဲ့ ဦးငှိုကာက ...

''ဟ ... ယောက်ျားလေးပဲ။ ငါလည်း ငယ်ငယ်က လက်ဝှေ့ထိုးသတ်ဖူးတာပဲ။ ဘာဖြစ်သလဲ''

''ဘာဖြစ်ရမှာလဲ။ ဒဏ်ရာရလို့ ဆေးကုရတာနဲ့ ရတဲ့ဆုနဲ့တောင် မကာမိပါဘူး''

''ဒီလောက်တော့ ရှိမှာပေါ့။ လက်ဝှေ့ထိုးသတ်တာပဲဟာ''

''အေး ... ဒီတစ်ခါ နင့်အဖေမရိုက်ရင် ငါကိုယ်တိုင် ကြိမ်နဲ့ရိုက်မယ်။ သေပြီသာမှတ်''

လို့ ပြောပြီး အမေဒေါ်အုံးပွင့်က ကျုပ်ကိုရိုက်တာ ခံခဲ့ရပါတယ်။

နောက်ပြီးတော့ ကျုပ်ဟာ ငယ်ငယ်လေးကတည်းက ကြက်ပစ်၊ ငှက်ပစ်ရတာကို အလွန်ဝါသနာပါရှိခဲ့တယ်။ လောက်လေးကိုကိုင်ပြီး ပစ်ခတ်နေရရင် ပျော်ရွှင်နေတဲ့ လူစားမျိုးပါ။ သွားလေရာမှာ လွယ်အိတ်တစ်လုံးနဲ့ လောက်စာလုံး၊ လောက်လေးခွတို့ ပါရှိပါတယ်။

အလုပ်အားတာနဲ့ ကျုပ်ဟာ တောထဲကိုသွားရောက်ပြီး ငှက်ပစ်ထွက်ခဲ့တော့တာပဲ။ ကျုပ်ရဲ့အပေါင်းအသင်း ဖိုးလုံးက ...

''ဟေ့ကောင်နက်ကျော် ... မင်းက မင်းကိုယ်မင်း အင်မတန်မှ သက်တည့်တယ်လို့ ကြားတဲ့ကောင်။ ငါတော့ မယုံဘူး။ လက်တွေ့ပစ်ပြမယ်။ ဟိုမှာနားနေတဲ့ငှက်ကို တစ်ချက်တည်းနဲ့ ထိအောင်ပစ်နိုင်လို့လား''



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ ကျုပ်က ...

"ဟာ ... စိန်လိုက်လေကွာ။ နက်ကျော်ပါကွ။ ငှက်တစ်ကောင်ကို နှစ်ခါပြန်ပြီး မပစ်ဘူး။ ဒီမှာကြည့် ..."

လို့ပြောပြီး လွယ်အိတ်ထဲက လောက်လေးခွ၊ လောက်စာလုံးထုတ်ပြီး ငှက်ကိုချိန်ကာ ပစ်ထည့်လိုက်ရာ ငှက်ရဲ့ရင်အုပ်တည့်တည့်ကို မှန်ကာ ငှက်ဟာ နောက်ကိုလန်ပြီး သစ်ပင်ပေါ်က ပြုတ်ကျကာ သေသွားပါတော့တယ်။

"တွေ့တယ်မဟုတ်လား ... တစ်ချက်တစ်ကောင်ပဲ"

လို့ ကျုပ်က ပြောလိုက်ပါသေးတယ်။ အဲဒီလောက်ထိကို ကျုပ်ရဲ့လက်ဟာ ဖြောင့်တယ်လေ။

အဲဒီလို တောထဲကို သွားရောက်ပြီး ကြက်ကလေး၊ ငှက်ကလေးတွေမှ မပစ်ရရင် ချောင်းစပ်ကမ်းစပ်ကိုသွားပြီး ကျုပ်ဟာ ငါးမျှားတံတစ်ချောင်းနဲ့ တီကောင်တွေရှာပြီး ငါးမျှားနေလေ့ရှိပါတယ်။

ဒီအခါမှာ ကျောင်းဆရာကြီးဦးအုန်းက လာရောက်ပြီး ...

"နက်ကျော် ... ငါးမျှားနေပြန်ပြီလား"

ကျုပ်က လှည့်ကြည့်လိုက်ပြီး ...

"မ ... မဟုတ်ပါဘူး ... ဆရာကြီး"

"ဘာမဟုတ်ရမှာလဲ။ လက်ထဲမှာ ငါးမျှားတံနဲ့ တွေ့နေတာတောင်မဟုတ်ပါဘူးလို့ လုပ်နေပြန်ပြီ။ မင်းဟာ အတော်ကို အကုသိုလ်များတဲ့ကောင်ကလေးပဲ။ ဒီမကောင်းတဲ့အလုပ်တွေကို မလုပ်ပါနဲ့ ... တပည့်ရာ။ သွား ... သွား ... အိမ်နေ"

လို့ ကျုပ်ကို မောင်းထုတ်လိုက်ပါတယ်။

ဒီလိုနဲ့ နေလာလိုက်တာ ကျုပ်ဟာ အရွယ်ရောက်လာတဲ့အချိန်မှာ ကျုပ်ရဲ့ မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်အနိစ္စရောက်ရှိလို့ သွားခဲ့ပါတယ်။ ကျုပ်ရဲ့ဘဝမှာ ကျုပ်ကိုရိုက်မယ့်သူလည်း မရှိ၊ ဆုံးမသွန်သင်ပေးမယ့်သူလည်း မရှိတော့ဘူးပေါ့။

✿ ✿ ✿

။၂။

❑

ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်ဖြစ်နေတဲ့ ကျုပ်ကို ငယ်ငယ်က စာသင်ကြားပေးတဲ့ ကျောင်းဆရာကြီးဦးအုန်းရဲ့ အဆက်အသွယ်နဲ့ သထုံခရိုင်အရေးပိုင်ရုံးမှာ ကျုပ်ကို အလုပ်သွင်းပေးခဲ့ပါတယ်။ အလုပ်က မင်းစေပေါ့။ အရေးပိုင်ကြီးရုံးခန်းရှေ့မှာ ကျုပ်ဟာ အရေးပိုင်ကြီးခိုင်းစေတဲ့ အလုပ်တွေကို လုပ်ကိုင်ဖို့ အသင့်စောင့်ဆိုင်းလို့နေရပါတယ်။

အရေးပိုင်ကြီးဟာ ရုံးပိတ်ရက်တွေမှာ သူ့အဖော်အပေါင်းတွေနဲ့ အပျော် တောပစ်ထွက်လေ့ရှိပါတယ်။ အဲဒီလိုအခါမှာ ကျုပ်က အရေးပိုင်ကြီးရဲ့ နောက်တော်ပါးက တောလိုက်သေနတ်ကိုထမ်းပြီး အမြဲလိုက်ပါသွားခဲ့ပါတယ်။

အရေးပိုင်ကြီးဟာ ဘယ်လောက်များ သေနတ်ကိုလေ့ကျင့်ထားသလဲတော့ မသိဘူး။ အင်မတန်ကိုမှ သေနတ်ပစ်လက်ဖြောင့်တယ်။ တစ်ချက်တစ်ကောင်ကို ထိမှန်အောင် ပစ်နိုင်တယ်။

အရေးပိုင်ကြီးဟာ သားကောင်ကို တစ်ချက်ပစ်ပြီးတိုင်း ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သွားကောက်ပေတော့ ... နက်ကျော်ရေ"

လို့ ပြောလို့ ကျုပ်ဟာ အရေးပိုင်ကြီးပစ်ထားတဲ့ သမင်သေကို သွားကောက်ယူပါတယ်။ အရေးပိုင်ကြီးက ...

"တစ်ခါတလေ တောထဲမှာနေကြည့်ရအောင်။ ဒီည ဒီတောထဲ မှာပဲ တဲထိုးပြီး အိပ်ကြမယ်။ ပျော်ပျော်ပါးပါးပေါ့"

ပါလာတဲ့ အပေါင်းအသင်းတွေထဲက တဲထိုးတဲ့သူကထိုး၊ ပစ်လို့ ရတဲ့ သမင်ကို ဖျက်တဲ့သူကဖျက်၊ ချက်တန်ချက်၊ အသားကို ကင်တန် ကင်ပါတယ်။ ကျုပ်က ပါလာတဲ့ဆန်နဲ့ ထမင်းချက်ပြီး ငရုတ်သီးစပ်စပ်နဲ့ သမင်သားဟင်းကို ဝိုင်းဖွဲ့ပြီး မြိန်မြိန်ရှက်ရှက် စားသောက်ကြပါတယ်။

အရေးပိုင်ကြီးက ထမင်းစားနေတုန်း ...

"ဒီသမင်သားဟင်း ဘယ်သူချက်တာလဲ"

"နက်ကျော်ချက်တာပါ ... အရေးပိုင်ကြီး"

"ငါတပည့်က ဟင်းချက်၊ ထမင်းချက် အတော်ကောင်းတာပဲ။ နောင်ကို တောပစ်ထွက်တိုင်း နက်ကျော်ကို ခေါ်ခဲ့ရမယ်"

လို့ ပြောကြားပြီးချိန်ကစပြီး ကျုပ်ဟာ အရေးပိုင်ကြီးရဲ့ လက်စွဲ တပည့်ကျော် ဖြစ်ခဲ့ပါတယ်။ ကျုပ်ကလည်း တောပစ်ထွက်ရတာ ပျော်တာ နဲ့ အတော်ပဲဖြစ်သွားတာပေါ့။ အရေးပိုင်ကြီး သေနတ်နဲ့ တောပစ်တာကို ကျုပ်က သိပ်ကိုအားကျမိပါတယ်။

ဒါကြောင့် အရေးပိုင်ကြီးလို တောလိုက်သေနတ်ကို မကိုင်နိုင်ပေ မယ့် ကျုပ်လက်ဖြစ် ဒူးလေးတစ်လက်နဲ့ အဆိပ်လူးမြားတံတွေကို သေသေ ချာချာလုပ်ကိုင်ပြီး ကိုင်ပါတယ်။ အချိန်အားရတိုင်း ကျုပ်ဟာ တောထဲကို တစ်ယောက်တည်းသွားပြီး ဒူးလေးပစ် လက်တည့်လေ့ကျင့်ပါတယ်။

ပထမ ဒူးလေးပစ်လေ့ကျင့်စကတော့ ပစ်မှတ်ကို မထိဘူး။ ဒူးလေး အကြောင်း၊ မြားတံအကြောင်းကို သိရှိလာတော့၊ လေ့ကျင့်တဲ့ အကြိမ် ပေါင်းများတော့ ကျုပ်ဟာ မိမိပစ်လိုတဲ့ ပစ်မှတ်ကို တည့်တည့်မတ်မတ် ထိမှန်အောင် ပစ်နိုင်ခဲ့ပါတယ်။

ငယ်ငယ်ကတည်းက လောက်လေးခွအလွန်တည့်တဲ့ ကျုပ်ရဲ့ လက်ဟာ ဒူးလေးပစ်လေ့ကျင့်တော့လည်း အကုသိုလ်ပါရမီ ပါလာလို့လား





တော့ မပြောတတ်ဘူး။ လက်အလွန်တည့်ပါတယ်။ ငါးမူးစေ့သာသာလောက် ရှိတဲ့ သစ်ရွက်လေးတစ်ရွက်ကိုတောင် အလယ်ဗဟိုတည့်တည့်က ပေါက် ထွက်သွားအောင် ဒူးလေးနဲ့ ပစ်နိုင်ခဲ့ပါတယ်။

အရေးပိုင်ကြီးတို့အဖွဲ့ တောပစ်ထွက်တိုင်း ကျုပ်ရဲ့ခါးမှာ ချိတ်ဆွဲ ထားတဲ့ သားကောင်ဖျက်ဖို့ ဓားမြှောင်နဲ့အတူ ကျုပ်ရဲ့လက်ဖြစ် ဒူးလေးနဲ့ အဆိပ်လူးမြားတံအိတ်ကို လွယ်ပြီး လိုက်ပါခဲ့ပါတယ်။

ကျုပ်ကို အရေးပိုင်ကြီးက ကြည့်ပြီး ...

"ဟ ... ဒူးလေးတွေ၊ မြားတံတွေနဲ့ တယ်ဟုတ်ပါလား"

"ဟုတ်ကဲ့ပါဆရာ။ ကျွန်တော်လည်း ဆရာတို့ကို အားကျလို့ သားကောင်တွေကိုပစ်ဖို့ လုပ်ထားတာပါ"

"ကောင်းတာပေါ့ကွာ"

အရေးပိုင်ကြီးဟာ သူနဲ့ဝါသနာတူတဲ့ ကျုပ်ကို သိပ်အရေးပေး တယ်။ အရေးပိုင်ကြီးက ...

"နက်ကျော် ... မင်းလည်း ဝါသနာပါတယ်ဆိုတော့ တို့အတွက် ပြီးအဆင်ပြေတာပေါ့ကွာ"

လို့ ပြောပါတယ်။

ကျုပ်ဟာ အရင်ကလို အရေးပိုင်ကြီးရဲ့သေနတ်ကို ထမ်းပြီး မလိုက် နေတော့ဘဲ အရေးပိုင်ကြီးရဲ့ နောက်တော်ပါးက သက်တော်စောင့်အဖြစ် လိုက်ပါခဲ့ရပါတယ်။

ရုံးအားရက်တစ်နေ့မှာတော့ ဘီးလင်းနယ်ဘက်က တောကြီးထဲ ကို အရေးပိုင်ကြီးတို့အဖွဲ့ဟာ တောပစ်ထွက်ခဲ့ကြပါတယ်။ ကျုပ်လည်း အရေးပိုင်ကြီးနောက်တော်ပါးက လိုက်ပါလို့သွားတာပေါ့။ အဲဒီဘက်မှာက သားကောင်ကြီးတွေ ကျက်စားတတ်တယ်လို့ ရွာခံလူတွေက ပြောတာပဲ။

ဒါပေမဲ့ အရေးပိုင်ကြီးက ...

"ခုချိန်ထိ ဘာကောင်မှလည်း မတွေ့သေးပါလား"

လို့ တောကြီးထဲမှာ သားကောင်မမြင်တွေ့ရလို့ ညည်းရှာတယ်။ သွားပါတယ်။ နေ့တစ်ဝက်ကျိုးချိန်မှာ တောနက်ကြီးထဲကို ကျုပ်တို့အဖွဲ့ ဟာ တော်တော်လေး ခရီးရောက်ခဲ့ကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်ကြီးက မြေကြီးကို ငုံ့ကြည့်ပြီး ...

"ဟော့ ... ဒီမှာ ကျားခြေရာပဲ ... နက်ကျော်"

ကျုပ်က ကြည့်လိုက်ပြီး ...

"ဟုတ်တယ် ဆရာ"

"ခြေရာက သေးတယ်။ ကျားကြီးတစ်ကောင်တော့ မဟုတ်ဘူး ကွ"

"ဘာပဲဖြစ်ဖြစ် သတိ၊ ဝီရိယတော့ ထားသွားမှ ဆရာ"

သတိဆိုတာ ပိုတယ်လို့မရှိလို့ ကျုပ်ဟာ ကျောမှာလွယ်ထားတဲ့ ဒူးလေးကိုဖြုတ်ကာ အရေးကြုံလျှင် အသင့်အနေအထားမျိုးဖြစ်အောင် လက်မှာ ကိုင်တွယ်ထားလိုက်ပါတယ်။ အရေးပိုင်ကြီးက ကျုပ်ကိုကြည့်ကာ ...

"လာစမ်းပါကွာ ... မင်း ဆရာလက်အကြောင်းလည်း သိတယ် မဟုတ်လား"

လို့ ပြောလိုက်ပါတယ်။ ပြီးတော့ အရေးပိုင်ကြီးက မြေကြီးပေါ်က ကျားရဲ့ခြေရာတွေကိုကြည့်ကာ သဲသဲမဲမဲ လိုက်နေတော့တယ်။

"ခြေရာကတော့ ဒီဘက်ကို သွားတာပဲ"

ကျုပ်တို့ဟာ ညနေစောင်းလာတော့ တောင်ကမူတစ်ခုနားကို ရောက်ရှိကြပါတယ်။ ဒီနေရာအရောက်မှာ ရှေ့ဆုံးက ဦးဆောင်သွားနေတဲ့ အရေးပိုင်ကြီးကို မမျှော်လင့်ဘဲ ကျားက ခုန်အုပ်လိုက်တော့ သူ့ရဲ့တောလိုက်သေနတ်နဲ့ ပစ်လိုက်ပေမယ့် ဒီတစ်ချီတော့ ချက်ကောင်းကို မထိဘဲ လွဲချော်လို့သွားပါတယ်။

ဒီအခါမှာ အရေးပိုင်ကြီးရဲ့ နောက်ကနေပြီး ကျုပ်က ပစ်ထည့်လိုက်ရာ ကျားနဖူးတည့်တည့် မြားထိမှန်သွားပြီး ကျားဟာ ပုံလျက်သား လဲကျသေဆုံးသွားပါတော့တယ်။

အရေးပိုင်ကြီးဟာ ကျုပ်ရဲ့ပခုံးကို ဆုပ်ကိုင်ထားလိုက်ပြီး ...

"ကျေးဇူးတင်လိုက်တာ ... မောင်နက်ကျော်ရာ။ ငါ့မှာ မင်းပေးတဲ့အသက်ပဲ ရှိတော့တယ်"





"မလိုပါဘူး ... ဆရာရယ်။ ကျွန်တော်သာ ကျွန်တော့်ဒူးလေး အစွမ်း ပြလိုက်ရလို့ ပိုပြီးတော့ ကျေးဇူးတင်ရမှာပါ"

"ဆရာလည်း ဖြန်းစားကြီး ရင်ဆိုင်ပြီး ပစ်ထည့်လိုက်ရတော့ လွဲသွားတာပေါ့ကွယ်။ ဘာပဲပြောပြောကွာ ...။ ခုအချိန်မှာတော့ မင်းက ငါ့အသက်ကို ကယ်လိုက်တဲ့ ကျေးဇူးရှင်ပဲ"

လို့ ပြောပါတယ်။

နောက်တစ်နေ့မှာတော့ အရေးပိုင်ကြီးက ကျေးဇူးတင်လွန်းလို့ ဆိုပြီး ကျွန်တော့်အတွက် တောလိုက်သေနတ်တစ်လက်ဝယ်ပြီး ပစ်ခွင့် လိုင်စင်ပါ ပေးခဲ့ပါတယ်။

"မောင်နက်ကျော် ... မင်းကို ကျေးဇူးဆပ်တဲ့အနေနဲ့ ပေးတာ။ ကြိုက်ရဲ့လား"

"ဟာ ... သိပ်ကြိုက်တာပေါ့ ... ဆရာရယ်။ ဒီလိုသေနတ်မျိုး ကို မြင်ရုံသာ မြင်ဖူးတာ။ ကိုင်ချင်နေတာ ကြာလှပြီ"

"အေး ... မင်းကို သေနတ်ပစ် သင်ထားပေးရဦးမယ်"

"ဟုတ်ကဲ့ ... ဆရာ၊ ကျွန်တော်လည်း သင်ချင်နေတာနဲ့ အတော်ပဲ"

လို့ ပြောလိုက်ပါတယ်။

ဒီနောက်မှာ ရုံးက အချိန်အားရရင် အရေးပိုင်ကြီးဟာ ကျုပ်ကို တောစပ်ကိုခေါ်သွားပြီး တောင်ကမူအမြင့်မှာ ပုလင်းအလွတ်တွေ ထောင်ထားပြီး တောလိုက်သေနတ် ပစ်ပုံပစ်နည်းတွေကို သင်ပေးခဲ့ပါတယ်။ အရေးပိုင်ကြီးက ...

"သေနတ်ကို ဒီလိုကိုင်။ စိတ်ကို ငြိမ်ငြိမ်လေးထားပြီးချိန် ... မှတ်ပြီ ... ခလုတ်ကို ဆွဲပြီးပစ်"

လို့ အရေးပိုင်ကြီးကိုယ်တိုင် ကျုပ်ကို တောလိုက်သေနတ်ပစ် တတ်အောင် သင်ကြားပြသပေးပါတယ်။

ကျုပ်ကလည်း မိမိကိုယ်တိုင် ဝါသနာပါတဲ့အလုပ်ဖြစ်နေတော့ သိပ်ကြာကြာ မသင်ကြားလိုက်ရပါဘူး။ တစ်ပတ်လောက်အကြာမှာပဲ တော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သေနတ်ကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ ပစ်မလွဲအောင်ကို တတ်မြောက်ခဲ့ပါတယ်။

"မင်းသိပ်တော်တယ် ... မောင်နက်ကျော်။ ခဏလေးနဲ့ သေနတ်ပစ် ကျွမ်းကျင်တတ်မြောက်နေပြီ"

လို့ အရေးပိုင်ကြီးက ချီးကျူးစကားပြောတော့ ...

"ကျွန်တော်ဝါသနာပါတဲ့ အလုပ်မို့ပါ ဆရာ"

"အေး ... အေး ... တောပစ်ထွက်ရင်တော့ တို့ဆရာတပည့် နှစ်ယောက် သေနတ်တစ်ယောက်တစ်လက်နဲ့ လက်စွမ်းပြကြတာပေါ့ကွာ။ ဟား ... ဟား ... ဟား ..."

လို့ ပြောကြားပါတယ်။

ကျုပ်နဲ့ အရေးပိုင်ကြီးတို့အဖွဲ့ဟာ တောပစ်ထွက်ကြပါတယ်။ သူတစ်ကောင်၊ ကိုယ်တစ်ကောင် ပစ်လို့ တောကောင်တွေ အများကြီးရလို့ စားလို့မကုန်တာကြောင့် ရုံးက ရုံးသူရုံးသားတွေကိုတောင် ခွဲဝေခြမ်းပြီး ပေးရတယ်။

ဒီလိုနဲ့ နှစ်ကာလတွေ အလီလီပြောင်းလာတော့ အရေးပိုင်ကြီးဟာ နယ်ပြောင်းလို့ သွားပါတယ်။

နယ်ပြောင်းသွားခါနီးမှာ အရေးပိုင်ကြီးက ...

"ကဲ ... သွားတော့မယ် ... မောင်နက်ကျော်။ မင်းကိုတော့ ငါ တောပစ်ထွက်တိုင်း သတိရနေမှာပဲ"

"ကျွန်တော်လည်း ဆရာ့လိုပါပဲ"

လို့ ပြန်ပြောပြီး အရေးပိုင်ကြီးနဲ့ ခွဲခွာခဲ့ကြပါတယ်။

✿ ✿ ✿

[ ၃ ]

❑

အဲဒီအချိန်စပြီး ကျုပ်ဟာ ရုံးအလုပ်ကနေ အပြီးအပိုင် ထွက်ခဲ့ပါတယ်။ ကျုပ်ဟာ 'ငါဟာ မုဆိုးအလုပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်းတော့မယ်' လို့ စိတ်ဆုံးဖြတ်လိုက်ပါတယ်။

တကယ်တော့ ကျုပ်လို စာပေကို ဖြစ်ဖြစ်မြောက်မြောက်မတတ်ဘဲ တောလိုက်သေနတ်ပစ် အလွန်လက်ဖြောင့်တဲ့ လူတစ်ယောက်ဟာ ဒီလို ဆုံးဖြတ်တာဟာ အမှန်ကန်ဆုံးလို့ ကျုပ်ထင်ပါတယ်။

ခုလို ကျုပ်ဟာ မုဆိုးအလုပ်နဲ့ အသက်မွေးမယ်လို့ ဆုံးဖြတ်ပြီးတဲ့နောက်မှာ တောလိုက်မယ့်နေရာ တောတောင်ကောင်းကောင်းကို ရှာဖွေတဲ့အခါမှာ အရှေ့ရိုးမတောင်တန်းမှာ ပါဝင်ပြီး ပေ ၃၆၀၀ ကျော်မြင့်မားတဲ့ ရှေးအခါက လုံးတင်တောင်ခေါ်တဲ့ ပေါင်းလောင်းတောင်တန်းကြီးကို သွားတွေ့ပါတယ်။

အဲဒီ ပေါင်းလောင်းတောင်တန်းကြီးဆိုတာက အင်မတန်တန်ခိုးကြီးတဲ့ ကျိုက်ထီးရိုးဆံတော်ရှင်မြတ် ကိန်းဝပ်တော်မူတဲ့ တောင်တန်းကြီးပါ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ အဲဒီအချိန်အခါတုန်းက ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်ရဲ့ ပွဲတော်အချိန်အခါမှာ ဘုရားဖူးတွေကျပေမယ့် ခုလောက်ကို မစည်ကားသေးဘူး။

စေတီတော်ပေါ်ကိုတက်တဲ့ တောလမ်းတစ်လျှောက်မှာရှိတဲ့ ဈေးဆိုင်ကလေးတွေကလည်း ခုလောက် မများလှသေးဘူး။ တစ်မျှော်တစ်ခေါ်လောက်မှ ဈေးဆိုင်လေး တစ်ဆိုင်စနှစ်ဆိုင်စ ရှိတာပါ။ တောင်တက်တောလမ်းဘေး တစ်ဖက်တစ်ချက်မှာလည်း ဝါးရုံတောကြီးတွေက နေပြောက်မထိုးနိုင်အောင်ကို အုပ်မိုးလို့နေပါတယ်။

ပေါင်းလောင်းတောင်တန်းကြီးရဲ့ ဝန်းကျင်တစ်ဝိုက်ကို ကြည့်လိုက်မယ်ဆိုရင် ညို့ညို့မှိုင်းမှိုင်း တောတောင်လျှိုမြောင်တွေ၊ ရေတံခွန်ကြီးတွေ၊ ဆေးဘက်ဝင်တဲ့ အဖိုးတန်ဘယဆေးပင်တွေနဲ့ သစ်ပင်ခွကြားတွေမှာ ပေါက်နေတဲ့ သစ်ခွပန်းမျိုးစုံတို့ဟာ သဘာဝအလျောက် ပေါက်နေကြသလို သားရဲတိရစ္ဆာန်အမျိုးမျိုးတို့ ကျက်စားရာဒေသ တောတန်းကြီးတစ်ခု ဖြစ်နေပါတယ်။

ဒီပေါင်းလောင်းတောင်တန်း တောနက်ကြီးထဲမှာ ထင်းခုတ်သမားအချို့နဲ့ ဘယဆေးပင်တွေ ရှာဖွေတဲ့ လူတစ်ယောက်စနှစ်ယောက်စသာ တစ်ခါတလေ သွားလာလှုပ်ရှားနေတာကလွဲလို့ လူသူအရောက်အပေါက်မတွေ့ကြရပါဘူး။ ဒါကြောင့် တောကြီးထဲမှာ သားရဲတိရစ္ဆာန်မျိုးစုံ မင်းမူအုပ်စိုးလို့နေကြတာပါ။ တောင်ခြေ လျှိုမြောင်ဂူတွေမှာတော့ ရသေ့သူမြတ်တွေ တရားကျင့်ကြံအားထုတ်နေကြတာကို မြင်တွေ့ရပါတယ်။

ကျုပ်ဟာ ဣစ္ဆာသယရသေ့တောင်ခြေက တောင်ကြားမှာရှိတဲ့ လျှိုကြီးတစ်ခုမှာ တဲထိုးပြီး နေထိုင်ခဲ့ပါတယ်။ ဒီနေရာဟာ ကျုပ်အတွက်ကတော့ သားရဲတိရစ္ဆာန်တွေရဲ့ ဘေးရန်က လုံခြုံစိတ်ချရပါတယ်။ ရှေ့မှာကလည်း ကျောက်နံရံချပ်ကြီးတစ်ချပ်က သဘာဝအလျောက် ကာဆီးထားသလို ဖြစ်နေပါတယ်။

တောထဲတောင်ထဲမှာ ကျုပ်ဟာ မုဆိုးအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြီး နေထိုင်ခဲ့ပါတယ်။ ပြီးတော့ ကျုပ်ဟာ တပည့်ကျော် တောလိုက် ခွေးကြီးငါးကောင်ကို ကျွေးမွေးထားပါတယ်။ ကျုပ်ဟာ တောလိုက်





ထွက်တိုင်း တောလိုက်ခွေးကြီးငါးကောင်ကို ခေါ်သွားလေ့ရှိပါတယ်။ တောလိုက်ထွက်ရင် သားကောင်မရတဲ့နေ့ရယ်လို့ မရှိပါဘူး။ တစ်ချက်ပစ်ရင် တစ်ကောင်ရရှိပါတယ်။

ယုန်လို အကောင်ငယ်သတ္တဝါဆိုရင်တော့ ကျုပ်ဟာ ကျည်ဆန်အကုန်ခံပြီး ပစ်ကိုမပစ်ဘူး။ ကျုပ်ရဲ့တောလိုက်ခွေးတစ်အုပ်နဲ့ပဲ ကိစ္စပြီးသွားတာပဲ။ ရလာတဲ့ တောကောင်ကိုဖျက်၊ အသားတွေကို အမြောင်းလိုက်လှီးပြီး ဆားသိပ်၊ နေလှန်းပြီး ရောင်းစားပါတယ်။

ပြီးတော့ ရရှိထားတဲ့ သားရဲတိရစ္ဆာန်တွေရဲ့ အရိုးတွေ၊ အစွယ်တွေ၊ ခြေသည်း လက်သည်းတွေ၊ အရေခွံတို့၊ စပါးကြီးသည်းခြေ၊ ကျားရိုး၊ တောဆိတ်ချိုတွေကိုတော့ ကျိုက်ထီးရိုးတောင်ခြေက ဆိုင်လေးတွေမှာ သွားပြီး ကျုပ်က ရောင်းပါတယ်။

တစ်ခါတစ်ခါ တကယ်အသုံးလိုလို့ လာရောက်ဝယ်ယူတဲ့ ဘုရားဖူးတွေ ကြုံကြိုက်ရင်တော့ ဈေးကောင်းရတတ်ပါတယ်။ အဲဒီအခါမှာ ဝယ်ယူတဲ့သူက ...

"ဒီတောဆိတ်ချို ... ဘယ်လောက်လဲ"

"နှစ်ရာပါ"

"ဒီကျားကကော စစ်ရဲ့လား ... ဦးကြီး"

"ဟာ ... စစ်သလားတော့ မမေးနဲ့။ ကျုပ်ကိုယ်တိုင် ပစ်ထားတာ"

လို့ပြောတော့ စိတ်ချလက်ချ ကျုပ်ဆီက ဝယ်ယူသွားကြတယ်။

ကျိုက်ထီးရိုးတောင်တက်လမ်းက ဆိုင်လေးတွေကို သွားရောင်းတဲ့အခါမှာ ဈေးဝယ်သူ၊ ဘုရားအချို့နဲ့ အနီးအနား ဆိုင်ဝန်းကျင်မှာရှိတဲ့ သူတွေက ...

"ဦးနက်ကျော်ကြီး ... အဲဒီတောနက်ကြီးထဲမှာ အမြဲတောလိုက်သလား"

"တောလိုက်တာပေါ့"

"အဲဒီတောတောင် လျှိုမြောင်တစ်ဝိုက်မှာ ဝိဇ္ဇာဇော်ဂျီ တပည့်နဂါးတွေ၊ နတ်ဘီလူးတွေ၊ ပုံသဏ္ဍာန်ဆောင်နိုင်တဲ့ ဘုမ္မိယသိက်စောင့်ရှင်



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ဥစ္စာစောင့်တွေ ရှိတယ်လို့ ပြောကြပါတယ်။ အဲဒါ ခင်ဗျားမကြောက်ဘူးလား''

''မကြောက်ပါဘူးဗျာ . . . ကျုပ်က သူတို့ကို ဘာမှ ရန်မူတာမှ မဟုတ်တာ။ ကျုပ်ဟာ အသက်မွေးဝမ်းကျောင်းမှုအတွက် အမဲလိုက်နေတာပဲ။ ခင်ဗျားတို့ပြောတာတွေကို ကျုပ်တော့ တစ်ခါမှ မမြင်မတွေ့ဖူးပါဘူး။ ကျုပ်ဟာ ငယ်ငယ်ကတည်းက ကြောက်စိတ် လုံးဝကို မရှိခဲ့ပါဘူး။ ညအချိန်အခါမှာဆိုရင် ကျိုက်ထိုင်ပိစေသချိုင်းကုန်းက ဂူတွေပေါ်မှာ သွားအိပ်နေတဲ့သူဆိုတော့ အခုလို တောထဲတောင်ထဲမှာ တစ်ယောက်တည်း နေရဲထိုင်ရဲတယ်။ ဒီလို မမြင်မတွေ့ရတဲ့ ပရလောကသားတွေကို ကြောက်ရွံ့ထိတ်လန့်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ ကျုပ်အလုပ်က မုဆိုးမဟုတ်လား''

''ကျွန်တော်တို့ကတော့ မနေရဲပါဘူးဗျာ။ ကြောက်တယ်''

လို့ ပြောပြပါတယ်။

တစ်ညနေမှာတော့ . . .

''ဦးနက်ကျော်ကြီး . . . ဝိဇ္ဇာတောင်ခြေမှာ ချေအုပ်စုကို တွေ့ခဲ့ရတယ်ဗျ''

လို့ ဘယဆေးပင်တွေရှာပြီး ပြန်လာတဲ့ ဘကြီးဖြိုးက ကျုပ်ကို သတင်းပေးပြီး ကျိုက်ထီးရိုးတောင်ပေါ်ကို တက်သွားပါတယ်။

ကျုပ်ဟာ ချေအုပ်ကြီးဆိုတဲ့ သတင်းစကားအသံကို ကြားလိုက်ရတာနဲ့ ချက်ချင်းပဲ တောလိုက်သေနတ်ကို ပြေးဆွဲကိုင်ကာ တပည့်ကျော် တောလိုက်ခွေးအုပ်စုကိုခေါ်ပြီး ဝိဇ္ဇာတောင်ခြေကို ထွက်ခဲ့ပါတယ်။

ကျုပ်နေထိုင်တဲ့ နေရာကနေပြီး ဝိဇ္ဇာတောင်ခြေကို သစ်ခုတ်သမားတွေသွားတဲ့ တောလမ်းကနေပြီး သွားရင် တစ်နာရီခွဲလောက် သွားရပါမယ်။ ကျုပ်ကတော့ တောကျွမ်းနေသူဖြစ်လို့ လျှိုမြောင်ဖြတ်လမ်းကနေပြီး သွားလိုက်တော့ နာရီဝက်လောက်နဲ့ကို ရောက်ရှိလို့သွားပါတယ်။

ကျုပ်ရောက်သွားတဲ့အချိန်မှာ ချေဆိုလို့ တစ်ကောင်တစ်မြီးမှ မမြင်တွေ့ရပါဘူး။ ကျုပ်ဟာ မကျေနပ်လို့ ဝိဇ္ဇာတောင်ခြေကို အထပ်ထပ် အခါခါပတ်ပြီး ချေတွေကို ရှာနေခဲ့ပါတယ်။





တစ်နေ့ရာရောက်တော့ လှုပ်ရှားသွားလာနေတဲ့ ကျုပ်ရဲ့ခြေလှမ်းတွေဟာ အလိုလိုရပ်တန့်လို့သွားပါတယ်။ ကျုပ်ရဲ့ မုဆိုးဘဝသက်တမ်းမှာ တစ်ကြိမ်တစ်ခါမှ မမြင်တွေ့ဖူးတဲ့ အလွန်ထူးဆန်းတဲ့ သတ္တဝါကြီးတစ်ကောင်ကို မမျှော်လင့်ဘဲ ရင်ဆိုင်တွေ့မြင်လိုက်ရလို့ ကြက်သေသေနေမိပါတယ်။

ကျုပ်မြင်တွေ့နေရတဲ့ သတ္တဝါက ကျွဲကြီးတစ်ကောင်လောက် ရှိပါတယ်။ သူ့မှာ ခြင်္သေ့သတ္တဝါလို လည်ဆံမွေးတွေ ပါရှိပါတယ်။ ပြီးတော့ သူ့ကိုယ်ခန္ဓာပေါ်မှာရှိတဲ့ အမွေးအမျှင်တွေဟာလည်း တစ်မိုက်ကနေ တစ်ထွာခန့် ရှည်လျားလို့နေပါတယ်။ အမွေးတွေဟာ ဆံပင်လို သေးသေးသွယ်သွယ်လေးတွေ မဟုတ်ပါ။ အမွေးတစ်မျှင်ဟာ လူ့လက်သန်းလုံးတစ်ဝက်ခန့် ရှိနေပါတယ်။ အရောင်အသွေးကား တစ်မျိုးတစ်စားတည်း မဟုတ်ပါ။ ဖြူ၊ နီ၊ ညို၊ ပြာ၊ ဝါ အရောင်အသွေးမျိုးပါ။ ဒီသတ္တဝါကြီးရဲ့ ဦးခေါင်းမှာက သမင်ချိုကဲ့သို့ ချိုနှစ်ခုပါရှိပါတယ်။ မျက်လုံးနှစ်လုံးက အပြင်ကို လက်တစ်လုံးခန့် ပြူးပြီးထွက်လို့နေပါတယ်။ ကျုပ်တို့ ဘုရားပွဲတွေမှာ ကပြအသုံးတော်ခံတဲ့ တိုးနယားလိုအကောင်မျိုးနဲ့ ပုံသဏ္ဌာန်ချင်းတူသလိုလို ရှိနေပါတယ်။

ကျုပ်ဟာ ဒီအမျိုးအမည်မသိတဲ့ ထူးဆန်းသတ္တဝါကြီးကို ကြက်သေသေပြီး ကြည့်နေတဲ့အချိန်မှာ ထူးဆန်းတာက တစ်တောလုံး၊ တစ်တောင်လုံးမှာ ကြက်သံငှက်သံဆိုလို့ ဘာသံမှ မကြားရတော့ပါဘူး။ အားလုံးဟာ တိတ်ဆိတ်ငြိမ်သက်နေပြီး အပ်ကျသံကိုပင် ပြန်ကြားလောက်အောင် ဖြစ်လို့နေပါတယ်။

ကျုပ်ရဲ့တပည့်ကျော် တောလိုက်ခွေးတစ်အုပ်ဟာလည်း ကျားတစ်ကောင်နဲ့ ရင်ဆိုင်တွေ့ကြုံရသလို အားလုံးဟာ ဖင်သီနေကြပြီး တစ်ကောင်မှ မဟောင်ရဲကြဘဲ အားလုံးဟာ ထွက်ပြေးကုန်ကြပါတယ်။ တကယ်တော့ ကျုပ်ဟာ ဒီပေါင်းလောင်းတောင်တန်းကြီးမှာ ရဲစွမ်းသတ္တိရှိတဲ့ မုဆိုးကျော်ကြီးတစ်ယောက်ပါ။ တောလိုက်လာခဲ့တဲ့ သက်တမ်းလည်း မနည်းတော့ပါဘူး။ တစ်ကြိမ်တစ်ခါမှ ဒီလိုထူးဆန်းတဲ့သတ္တဝါမျိုးကို တောတောင်ထဲမှာ မမြင်မတွေ့ခဲ့ဖူးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



**ဒီအရိုးအပည်မသိတဲ့** သတ္တဝါကြီးဟာ ကျုပ်နဲ့ နှစ်ကိုက်လောက် **အကွာမှာ** ရပ်ပြီး ကျုပ်ကို စူးစူးစိုက်စိုက် ကြည့်လို့နေပါတယ်။ ကျုပ်ဟာ **တထည့်တော့** တောလိုက်ခွေးတစ်အုပ် ကျုပ်ရဲ့အနားမှာ မရှိပေမယ့် အား **ငယ်တဲ့စိတ်** လုံးဝမဖြစ်မိပါဘူး။ ကျုပ်ရဲ့လက်ထဲမှာ တောလိုက်သေနတ်က **ရှိနေတယ်လေ။**

ကျုပ်ဟာ ဒီသတ္တဝါဆန်းကြီးရဲ့ မျက်လုံးနှစ်လုံးကြား နဖူးပြင် တည့်တည့်ကို တောလိုက်သေနတ်နဲ့ သေသေချာချာ ချိန်ရွယ်လိုက်ပါတယ်။ ဒီအခါမှာ ဒီသတ္တဝါကြီးက ကျုပ်ဆီကို ပြေးလိုက်ဖို့ ဟန်ပြင်လိုက်ပါတယ်။ သူ့ရဲ့ ရှေ့လက်နှစ်ဖက်ကို မြေမှာယက်လို့နေပါတယ်။ ကျုပ်က ကြည့် လိုက်တော့ ဒီသတ္တဝါကြီးရဲ့ နောက်ခြေကိုတော့ မပြောတတ်ဘူး။ ရှေ့ လက်နှစ်ဖက် (ခြေထောက်) ကတော့ ကျွဲခွာတွေ ပါရှိလို့နေတာကို မြင်တွေ့ ရပါတယ်။

ကျုပ်ဟာ စိတ်ကို ငြိမ်ငြိမ်ထားပြီး သေနတ်ရဲ့ခလုတ်ကို ဖြုတ် လိုက်တဲ့အချိန်မှာ 'ချပ်' ဆိုတဲ့အသံကလွဲလို့ သေနတ်ကျည်ဆန်ဟာ ထွက် မသွားပါဘူး။ ဒါနဲ့ ကျုပ်ဟာ နောက်ကျည်တစ်တောင့်ထိုးပြီး ပစ်ပြန်ပါ တယ်။ ပထမကျည်ဆန်ဖြစ်တဲ့အတိုင်း ကျည်ဆန်ဟာ လုံးဝကို မထွက်ပါ ဘူး။ တတိယအကြိမ် သေနတ်နဲ့ပစ်ကြည့်ပြန်တော့ ဒီအတိုင်းပဲဖြစ်သွားတဲ့ အချိန်မှာ ကြောက်စိတ်မရှိတဲ့ကျုပ်ဟာ ဇောချွေးတွေပြန်လာပြီး အလွန့် အလွန်ကို ကြောက်လာပါတော့တယ်။

ဒီအချိန်အခါမှာ ဒီသတ္တဝါဆန်းကြီးဟာ ကျုပ်ဆီကို ပြေးလာပြီး ရန်မူမယ်လုပ်တော့ ကျုပ်ဟာ တောလိုက်သေနတ်ကို ပခုံးမှာလွယ်ပြီး ဝိဖွာတောင်ပေါ်ကို တက်ပြေးခဲ့ပါတယ်။ ဒီသတ္တဝါကြီးဟာ မျက်ခြည်ပြတ် မခံဘဲ ကျုပ်ကို သဲကြီးမဲကြီး လိုက်လို့နေပါတယ်။ ကျုပ်ဟာ မိမိရဲ့အသက် ရှင်ဖို့အတွက် ခြေဖဝါးနဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးလွှားလို့ နေရပါတယ်။

ကျုပ်ဟာ သားရဲတိရစ္ဆာန်တွေကို တောလိုက်သေနတ်တစ်လက် နဲ့ ပစ်ခတ်ပြီး အသက်မွေးဝမ်းကျောင်းနေတဲ့မုဆိုး။ ယခုတော့ ကျုပ်ဟာ





သားရဲတိရစ္ဆာန် သတ္တဝါဆန်းတစ်ကောင်ရဲ့ လိုက်ခြင်းကို ခံနေရတဲ့ သား ကောင်ဘဝကို ရောက်ရှိလို့သွားပါပြီ။ လောကကြီးရဲ့ သဘာဝတရားဟာ ဘယ်လောက်များဆန်းကြယ်သလဲ။ ကျုပ်ဟာ တော်တော်လေးလှမ်းလှမ်း ပြေးလွှားမိတဲ့အချိန်မှာ နောက်ကိုလှည့်ကြည့်မိပါတယ်။ ဒီသတ္တဝါဆန်း ကြီးဟာ ကျုပ်နောက်ကို လိုက်နေတုန်းပဲ။ ကျုပ်ဟာ ဝိဖွာတောင်ပေါ်ကို တက်ရောက်လို့ ပြေးနေရပါတယ်။

ဝိဖွာတောင်ဟာ နည်းနည်းမတ်စောက်လို့ အတက်ရခက်ပေမယ့် လို့ အသက်လုပြီး ပြေးလွှားနေရတာကြောင့် ကျုပ် နောက်လှည့်မကြည့် အားဘဲ တောင်ပေါ်အရောက် ပြေးတက်နေပါတယ်။ ဝိဖွာတောင်ထိပ်မှာ စေတီတော်တစ်ဆူရှိပြီး အဲဒီမှာ ကျောင်းသခ်မ်းရှိပြီး ဘုန်းတော်ကြီးတစ်ပါး သီတင်းသုံးနေထိုင်တော်မူပါတယ်။ ကျုပ်က ဘုန်းတော်ကြီးဆီ အရောက် ပြေးပြီး အကူအညီတောင်းမလို့ပါ။

ကျုပ်ဟာ ဝိဖွာတောင်ပေါ်က ဘုန်းတော်ကြီးရဲ့ ကျောင်းသခ်မ်း ဝရဝဏ်ထဲ ရောက်တဲ့အခါမှာ နောက်ကို လှည့်ကြည့်မိတော့ ကျုပ်နောက် က စဉ်ဆက်မပြတ်လိုက်နေတဲ့ သတ္တဝါဆန်းကြီးကို လုံးဝမမြင်တော့ပါဘူး။ ကျုပ်ဟာ မောပန်းလွန်းလို့ ခေတ္တခဏ အမောဖြေနေရပါတယ်။ ကျုပ်ရဲ့ တစ်ကိုယ်လုံးမှာ ထွက်နေတဲ့ ချွေးတွေဟာ ရေချိုးထားတဲ့အတိုင်းပါပဲ။

ကျုပ်ဟာ ကျောင်းသခ်မ်းထဲမှာ သီတင်းသုံးနေတဲ့ ဘုန်းတော် ကြီးကို ဝင်ရောက်ဖူးမြော်ပြီး ကျုပ်ရဲ့အဖြစ်သနစ်ကို လျှောက်ထားပါတယ်။ ဒီအခါမှာ ဘုန်းတော်ကြီးက ...

"ဒကာက သူများအသက်တွေကို သတ်ဖြတ်ပြီး အသက်မွေးနေ တဲ့ မုဆိုးကိုး။ ဒီတော့ ဒကာပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံဟာ ခု ဒကာကို အကျိုးပေးပြီပေါ့။ သူတစ်ပါးရဲ့အသက်ကို သတ်ဖြတ်တယ်ဆိုတာ လောကီ မှာလည်း မကောင်းဘူး။ လောကုတ္တရာမှာလည်း ဘယ်တော့မှ ကောင်း ကျိုးချမ်းသာကို မပေးဘူး။ ဒီတော့ မိမိအသက်ရှင်ရပ်တည်နိုင်ဖို့အတွက် သူတစ်ပါးရဲ့အသက်ကို မသတ်ဖြတ်ဘဲ သမာအာဇီဝအလုပ်နဲ့ အသက်မွေး ပါ။ ဒီအကုသိုလ်အလုပ်ဖြစ်တဲ့ မုဆိုးအလုပ်ကိုရော စွန့်လွှတ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



လို့ မိန့်တော်မူပါတယ်။

ဒီအခါမှာ ကျုပ်က ဘုန်းတော်ကြီးကို လက်နှစ်ဖက်ယှက်ကာ ရှိခိုးကန်တော့လိုက်ပြီး ...

''တပည့်တော်ဟာ ဒီနေ့ဒီအခါမှစပြီး ရာသက်ပန် မုဆိုးအလုပ်ကို စွန့်လွှတ်လိုက်ပါပြီဘုရား''

လို့ လျှောက်ထားလိုက်တဲ့အခါမှာတော့ ဘုန်းတော်ကြီးက သာဓု သုံးကြိမ်ခေါ်ဆိုပါတယ်။ ကျုပ်ဟာ ဘုန်းတော်ကြီးကို ပေးခဲ့သော ကတိစကားအတိုင်း မကောင်းတဲ့ မုဆိုးအလုပ်ကို စွန့်လွှတ်ကာ ကျိုက်ထီးရိုးတောင်တက်လမ်းက ဖိုးပြန်တောင်မှာ ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်က တပည့်ဖြစ်သူ စံဖဲနဲ့အတူ တောထဲတောင်ထဲက အဖိုးတန်ဘယဆေးပင်တွေကိုရှာဖွေပြီး ဘယဆေးဆိုင်ဖွင့်ကာ အသက်မွေးဝမ်းကျောင်းလို့ နေထိုင်ပါတယ်။

ကျုပ်ဟာ ကျုပ်အိပ်တဲ့ အိပ်ရာခေါင်းရင်း သစ်သားနံရံမှာ တစ်ချိန်တစ်ခါက ကျုပ်ကိုင်ခဲ့တဲ့ အဖော်မွန် လက်စွဲတော် တောလိုက်သေနတ်ကိုတော့ အမှတ်တရ ချိတ်ဆွဲလို့ထားပါတယ်။ ကျုပ်ဟာ တစ်ချက်တစ်ကောင် ပစ်မလွဲခဲ့တဲ့ တောလိုက်သေနတ်ကို မြင်တွေ့လေတိုင်း ကျုပ်ဟာ မုဆိုးဘဝမှာ မမျှော်လင့်ဘဲ ကြုံတွေ့၊ ဆုံတွေ့ခဲ့ရတဲ့ ထူးဆန်းတဲ့သတ္တဝါကြီးအကြောင်းကို ယနေ့ထက်တိုင်အောင် သတိရနေဆဲပါ။ လူဆိုတာ စွဲမိစွဲရာကို စွဲလမ်းတတ်တဲ့ သတ္တဝါမဟုတ်ပါလား။

အစဉ်ထာဝရ ဂါရဝတရားဖြင့် ...

ဆရာကြီးအရှိန္ဒမာ



www.burmeseclassic.com

# [ ၁ ]

❑

"ပုဂံမှာ ဘုရား"

"စကုမှာ တံတား"

ပုဂံမှာ ဘုရားဘယ်လောက်များသလဲဆိုလျှင် လက်ညှိုးထိုးလျှင်ပင် မလွဲဟု အဆိုရှိ၏။ ထိုကဲ့သို့ပင် ...

မကွေးတိုင်း၊ စကုမြို့နယ်၊ စကုမြို့တွင်လည်း (တံတား)များမှာ ရပ်ကွက်တိုင်းတွင်ရှိနေသဖြင့် စကုမှာတံတားဟု ထင်ရှားကျော်ကြားခဲ့ခြင်းဖြစ်၏။

ပုဂံမြို့နှင့် စကုမြို့၏ ထူခြားချက်မှာ ပုဂံမြို့သည် လက်ရှိအုပ်ချုပ်နေသော မင်းများစိုးစံရာနေရာဖြစ်ပြီး စကုမြို့မှာမူ စစ်ရှုံး၍ ထွက်ပြေးလာသော ပုဂံမင်းများ၊ ဝန်ကြီးများ၊ စစ်မှူထမ်းများ ပုန်းခိုရာဒေသဖြစ်ချေ၏။

မင်းဘူးမြို့မှအလာ စကုမြို့သို့အဝင်တွင် ရှေးဟောင်းလက်ရာ ပန်းပုရုပ်ထုများရှိသော ဘုန်းကြီးကျောင်းကြီးရှိပြီး ပုဂံပုံသဏ္ဍာန်ဘုရားပုထိုး စေတီများ၊ ပုဂံကဲ့သို့ပင် မြောက်မြားစွာရှိသည်။





စကုမြို့သည် မိုးကာလတွင် လူများလမ်းလျှောက်၍မရအောင် ချောက်များထူပေါ၏။ ထို့ကြောင့် ဘုရားတစ်ဆူနှင့်တစ်ဆူအကူး ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်း၊ အကူးအသွားတို့တွင် ရွှံ့ဗွက်လွတ်ကင်းရန်အတွက် မြေကပ်တံတားများ ဆောက်လုပ်ထားခဲ့လေ၏။

ယခုခေတ် (ရန်ကုန်)တွင် ပလက်ဖောင်းများ ခင်းထားသကဲ့သို့ အုတ်ခဲဖြင့်စီထားသော တံတားများ များပြားလှသဖြင့် စကုမှာတံတားဟု ထင်ရှားခဲ့ခြင်းဖြစ်သည်။

ဤစကုမြို့ကို ဖော်ပြနေရခြင်းမှာ စကုမြို့သည် (ဂန္ထီရ)ဓာတ်လမ်းများများစွာ ရှိနေသဖြင့် စကုမြို့သည် ရှေးဟောင်းရာဇဝင်ထဲမှ မြို့တစ်မြို့ဖြစ်ပါကြောင်း သိစေလို၍ဖြစ်၏။

ယခုရေးသားမည့်ဓာတ်လမ်းကလေးမှာ ဟိုး ....နှစ်ပေါင်း(၄၀)က ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်ဖြစ်ပါသည်။ ဓာတ်လမ်း၏အမည်ကတော့ 'သုံးယောက်ပေါင်း အလောင်းဖော်'ဟူ၍ ဖြစ်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❏

ပထမတစ်ယောက်က အောင်မောင်း။

အောင်မောင်းက ထီးကြီးရပ်ကွက်မှာမွေး။ ထီးကြီးရပ်ကွက်မှာကြီးပြင်းလာပြီး ထီးကြီးသူနှင့်ပင် အိမ်ထောင်ကျသည်။

အလုပ်ကို မယ်မယ်ရရ မလုပ်။ ၁၂ လပွဲတော်မှာလိုက်ပြီး လောင်းကစားဒိုင်များကို ကူညီလုပ်ကိုင်ပေး၍ ရင်းတို့ထောက်ပံ့သောငွေကြေးဖြင့်ပင် အရက်သောက် ဖဲရိုက်နေသူဖြစ်သည်။

အိမ်ကို တစ်ပြားတစ်ချပ်မှ မထောက်ပံ့ ဟိုစပ်စပ်ဒီစပ်စပ်ဖြင့် နေသူ လက်ကြောမတင်း၊ ဇနီးဖြစ်သူက မန်းချောင်းထဲတွင် ယက်သယ်ထိုးငါးဖမ်းပြီး စကုဈေးမှာ ဈေးရောင်း၍ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနေရသူ။

စကု၊ စလင်း၊ ပွင့်ဖြူ၊ လယ်ကိုင်း၊ ကျောင်းတော်ရာမြို့များမှာ ဘုရားပွဲပြတ်သည်မရှိ၊ ဂျုလုံး .... ဂျုလုံး ကောင်တွေက ရာသီမဟုတ်လည်း ကြံဖန်ပြီး ဘုရားပွဲများကျင်းပ၍ အမျိုးစုံသော လောင်းကစားများဖြင့် ဒိုင်လုပ်ကြ၏။





(ဂျုလုံး)၊ (ဂျုလုံး) ဆိုသည်က။ ခြောက်ကောင်သမားများကို ခေါ်ခြင်းဖြစ်၏။

ဝက်၊ ကြက်၊ ငါးရှဉ့်၊ မြွေ၊ ပုစွန်နှင့် လိပ်အရုပ်များကို ခြောက်ဒေါင့်၊ ခြောက်မြောင့်ရှိသော နှစ်လက်မပါတ်လည်ရှိသည့် သစ်သားတုံးတွင် အရုပ်များဆွဲထားပြီး ကြိုးဖြင့်ဆွဲရသော လောင်းကစားနည်းဖြစ်၏။

တချို့က (ဖား)နှင့်၊ (ဆင်ရုပ်)များ ဆွဲထား၏။ ဤကစားနည်းကို မိန်းမများလည်း ကစား၏။ အလွန်ငွေရလွယ်သော အလုပ်ဖြစ်ပြီး အရက်စွဲ၊ ဆေးလိပ်စွဲ၊ ဘိန်းဖြူစွဲသကဲ့သို့ ကစားသမားများ အလွန်စွဲလမ်းသော အလုပ်ဖြစ်၏။

အောင်မောင်းက သူရဲ၊ တစ္ဆေ၊ရှိသည်ဆိုသည်ကို လုံးဝယုံကြည်သူမဟုတ်။ ကြောက်မွေးပါလျှင် (ဇာဂနာ)ဖြင့် စွဲနှုတ်ပစ်မည့်ဆိုသည့်လူစား။ ဘုရားပွဲ၊ တစ်နေရာနှင့်တစ်နေရာအကူး ကာလကြား နားသောရက်များတွင် အိမ်သို့ပြန်တတ်သည်။

ငွေရမည်ဆိုလျှင် ဘာမဆိုလုပ်သည်။ တစ်ခုရှိသည်က လူသတ်၊ ဓားပြတိုက်၊ လုယက်ဖို့ကိစ္စကိုတော့ လာမညှိနဲ့။ ထိုသို့သော အမှုအခင်းကြီးများကို လုံးဝစိတ်မဝင်စား။ သာမာန်လောင်းကစားသမား သက်သက်သာဖြစ်သည်။

တစ်ဖက်လူ မျက်ရည်ပေါက်ကြီးငယ်ကျမှ စားရမည့် ထမင်းတစ်လုပ်ကို လုံးဝစိတ်မဝင်စား။ စိတ်တူကိုယ်တူ လောင်းကစားဖြင့်ဖြင့်သာ မိမိတစ်ယောက်အတွက် ဘဝကိုကျောင်းနေသူဖြစ်သည်။

အောင်မောင်း တစ္ဆေမကြောက်ပုံကို ဟာသအဖြစ် ပြောပြရမည်ဆိုလျှင် ...။

ပွဲအားရက် အိမ်သို့ပြန်လာခိုက် မိမိ၏ အိမ်ရှေ့တွင်ရှိသော (ထီးကြီး)ရပ်ကွက် ဓမ္မာရုံမီးပျက်နေဖြင့် ရပ်ကွက်လူကြီးမှ မီးလုံးလဲခိုင်းရာ အောင်မောင်းတစ်ယောက် လက်နှိပ်ဓာတ်မီးတစ်ဖက်ကိုယူ၍ မီးပျက်နေသော ဓမ္မာရုံထဲသို့ တစ်ယောက်တည်းသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာ မီးသီးမှာ မိမိ၏အရပ်ဖြင့် မမှီသဖြင့် ခွေးခြေတစ်လုံးယူပြီး ခွေးခြေပေါ်မှတစ်ဆင့်တက်၍ မီးသီးအပျက်ကို ဖြုတ်ပြီး ခါးပုံစထဲတွင်ရှိသော မီးသီးအကောင်းဖြင့်လဲရာ ဖန်သီးထည့်ထားသော (မီးခေါင်း)ကို မမြင်မကန်းဖြစ်နေ၏။ ဖန်သီးတတ်ရာတွင် အလွဲလွဲအချော်ချော်ဖြစ်နေ၏။

"ပေးပေး ....ကျွန်မ မီးထိုးပြမယ်"

ဟု မိမိ၏နောက်မှ အမျိုးသမီးတစ်ယောက်၏အသံကို ကြားရာ နောက်သို့လှည့်မကြည့်ဘဲ လက်နှိပ်ဓာတ်မီးကို ပေးလိုက်၏။ အမျိုးသမီးက မီးထိုးပြရာ ကောင်းစွာမြင်ရ၍ ဖန်သီးအကောင်းကို တပ်လိုက်ပြီး မီးခလုတ်ကို အဖွင့်အပိတ်လုပ်ခိုင်း၏။

"ဂျောက် ..."

"ဂျလောက် ..."

ခလုတ်နှိပ်သံကြားတော့လည်း မီးက လင်းမလာ။

"ဟော့ ...မိန်းစွိ ချထားသလား သွားကြည့်စမ်း"

ဟု အမျိုးသမီးကို ခိုင်းလိုက်၏။

"ချမထားဘူး ...မိန်းစွိတင်ထားတယ်။ မီးကြိုးပြုတ်နေတယ်ထင်တယ်။ မီးခေါင်းကို ဖြုတ်ကြည့်ဦး"

ဟု အမျိုးသမီးကပြော၍ ခါးကြားမှ ဝက်အူလှည့်ကိုယူ၍ မီးခေါင်းကိုဖွင့်ကြည့်၏။ အမျိုးသမီးက လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြ၏။

"အား ... ငါးညှီစော်ကြီးလား၊ ခွေးသေပုပ်စော်ကြီးလား နံတယ်ဟ ... မိလှရ"

ဖရုပ်တစ်ခုလုံး ပုပ်စော်က ထောင်းခနဲ နံလာ၏။ ထို့ကြောင့် အောင်မောင်းက ပြောလိုက်က ပြောလိုက်ခြင်းဖြစ်သည်။

"ငါးညှီစော်လည်း မဟုတ်ဘူး။ ခွေးသေပုပ်စော်လည်း မဟုတ်ဘူး။ ကျွန်မကိုယ်က နံနေတာတော့"

ဟု အမျိုးသမီးက ပြန်ပြောသည်။





"ဟဲ့ ... မိလှ၊ နင်က ငါလာမယ်ဆိုတာ သိရဲ့သားနဲ့ ငါးဖမ်းပြီး ရေချိုးမထားဘူးလား။ သနပ်ခါးလေးဘာလေး လိမ်းမထားဘူးလား"

ဟု အောင်မောင်းက မီးခေါင်းကို ပြင်နေရင်း မေး၏။

"တော်က ကျွန်မကို ရှင့်ဇနီး မိလှထင်နေသလား။ မဟုတ်ဘူးတော့် တစ်နေ့က ကျွန်မ ကားတိုက်ခံရလို့ သေခဲ့ရတဲ့ ရှင့်သူငယ်ချင်း မိတုတ်ရယ်။ ဒီမှာကြည့်ဦး"

ဟု ပြောကာ မိမိကို ကူညီနေသော အမျိုးသမီးက လက်နှိပ်ဓာတ်မီးဖြင့် မိမိကိုယ်ကိုမိမိ ထိုးပြသဖြင့် အောင်မောင်း ဒီတော့မှ သတိရပြီး ကြည့်မိ၏။

"ဟယ် ... မိတုတ်၊ နင့်ခေါင်းကြီးက ပြားချပ်လို့ပါရောလား။ ဘယ်ကားက တိုက်သွားတာတုံး။ ငါ ဘာကူညီရမတုံး"

ဟုမေး၏။ လုံးဝမကြောက်။ မကြောက်ရသည့် အကြောင်းရင်းက လောင်းကစားပွဲများမှာ လူသူမနီးသော တောထဲတောင်ထဲတွင် ပြုလုပ်ရသည်ကများ၍ ဤသို့ နာနာဘာဝများနှင့် တွေ့ရသည်မှာ အကြိမ်ပေါင်း မနည်းတော့။ ပထမတော့ ကြောက်ခဲ့ဖူး၏။ တွေ့ပါများတော့ မကြောက်တော့ပေ။

"အေး ... နင်က ဒီရေပ်မှာနေတာလား"

"မနေပါဘူးတော် ... ကျုပ်လက်ကောက်ကလေး ဟိုအခေါင်းထဲမှာ ကျန်နေလို့။ အဲဒါရွဲပြီး ဒီက မပြန်နိုင်ဖြစ်နေတာ။ အဲဒါကလေးယူပြီး ကျွန်မကို မြှုပ်ထားတဲ့ သင်္ချိုင်းမှာ လာထားပေးဖို့ အကူအညီတောင်းချင်လို့ပါတော်"

"တခြားလူတွေကို အကူအညီတောင်းဖို့ ကိုယ်ထင်ပြတာ ကြောက်နေကြပြီး တစ်ယောက်မှ ညဆိုရင် ဒီမွှာရုံထဲကို တစ်ယောက်မှမလာရဲကြဘူးတော့။ ရှင်တစ်ယောက်ပဲလာရဲတာ ကျွန်မကို ကူညီပါဦး"

"အေး ... ငါကူညီမယ်၊ တို့ရပ်ကွက်ထဲမှာ နင် မနေနဲ့တော့"

"အေးပါတော် ... ကျုပ် မနေပါဘူး"

ဟုပြောပြီး ဖန်သီးလင်းအောင် ကူညီပေးသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာရုံထဲတွင် ရပ်ကွက်ပိုင် အလောင်းစင်ထား၏။ ရပ်ကွက်မှ လူတစ်ယောက်သေလျှင် ထိုအလောင်းစင်ရှိ စက္ကူအလှများဆင်ပြီး အခမဲ့ချပေး၏။

ထိုလူသေခေါင်းထည့်သော ခေါင်းတလားထဲမှ တစ္ဆေမိတုတ်၏ ဖန်လက်ကောက်ကိုယူ၍ စကုမြို့အထွက်တွင်ရှိသော ရှမ်းစုမြောက်ပိုင်းမှ သချိုင်းအတွင်းသို့သွားရောက်ပစ်ပေးခဲ့လေ၏။

ဤအဖြစ်အပျက်မှာ ထီးကြီးရပ်ကွက်အတွင်း ပြောမဆုံးပေါင်၊ တောသုံးထောင်ဖြစ်ခဲ့ရလေ၏။

အောင်မောင်းဆိုတဲ့အကောင်က အဲဒီလိုကောင်မျိုး။

✿ ✿ ✿

[၃]

❑

ဒုတိယတစ်ယောက်က အောင်သောင်း။

အောင်သောင်းက ဝင်ကစွပ်ကောင်။ အစစအရာရာ အောင်မောင်းကိုမှီနေရတာ။ အောင်မောင်းနဲ့ အောင်သောင်းဆိုလို့ ညီအစ်ကိုများ မမှတ်လိုက်နဲ့။ ဒီနှစ်ကောင်က ဘာဆိုဘာမှ မတော်စပ်ကြဘူး။

အောင်မောင်းက စကုသား။ အောင်သောင်းက ရှမ်းပြည်တောင်ပိုင်းက။ သူ့အမေနောက်ယောက်ျားယူတော့ အမေက ယောက်ျားပြောင်းလာတဲ့ စကုကိုလိုက်လာတာ။ ဒီမှာ အောင်မောင်းနဲ့ စတွေ့။ အောင်မောင်းနဲ့ စခင်။ အောင်မောင်းကျွေးတာစား၊ အောင်မောင်းခိုင်းတာလုပ်ပြီး ဘဝကို





ရပ်တည်လာတဲ့အကောင်။ အောင်မောင်း ဘာလုပ်လုပ် ထောက်ခံတဲ့ အကောင်။

ဒီကောင်ကလည်း သူ့ရဲ့တစ္ဆေဆို လုံးဝမကြောက်ဘူး။ သောက်သောက်စားစား လူမင်းသားပဲ။ အောင်သောင်းက အောင်မောင်းနဲ့မတူတာ တစ်ချက်ရှိတယ်။

ရသမျှပိုက်ဆံကို တစ်ပြားတစ်ချပ်မှ မသုံးဘူး။ အကုန် အိမ်ပို့တယ်။ သူ့မှာ တစ်နှစ်အရွယ် သမီးငယ်ငယ်လေးရှိတယ်။ မိန်းမကလည်း သူ့ထက်ငယ်တယ်။

သူ ငယ်ငယ်က သူ့အဖေရဲ့ ဆိုးသွမ်းမှုကြောင့် သူနဲ့ သူ့အမေ တော်တော်ဒုက္ခရောက်ခဲ့တယ်။ အဖေ့ဒဏ်ကို အမေမခံနိုင်တော့ နောက်လင်ယူပြီး စကုကိုပြေးလာကြတာဖြစ်တယ်။ သူလည်း အမေမရှိရင်၊ အဖေ့ဒဏ်ကိုကြောက်လို့ သူတစ်ယောက်တည်း ခံရမှာကြောက်လို့ အမေနဲ့အတူ လိုက်ပြေးလာကြတာ။

ဒီရောက်တော့ အောင်မောင်းနဲ့တွေ့။ အရက်အလကားသောက်၊ ထမင်းအလကားစားရ၊ အပျော်အပါးဆိုရင်လည်း ငွေအရင်းအနှီး စိုက်စရာမလို။ ကိုင်း … … ဘာလိုသေးလဲ၊ စာက လုံးဝမတတ်။ (က)ကြီးရေး ကြောင် (ယ)ပက်လက်ဖတ်တယ်။ သူနဲ့စာရင် အောင်မောင်းက သေစာရှင်စာ လောက်တတ်သေးတယ်။ ဒါ့ကြောင့် အောင်မောင်း ဘာလုပ်လုပ် အဟုတ်ထင်ပြီး ဆရာကြီးတင်ထားတာ။

အောင်မောင်းနဲ့အောင်သောင်းက တစ်မိဝမ်းထည်းကဆင်းလာတဲ့ ညီအစ်ကိုအရင်းထက် ချစ်ကြတာပင်။ အောင်သောင်းနဲ့ အောင်မောင်းဟော့ ဆိုရင် ခြောက်ကောင်ပိုင်းတွေမှာ ဈေးလိုက်ရောင်းနေကြတဲ့ ထမင်းဆိုင်၊ အရက်ဆိုင်၊ ဖဲဝိုင်း၊ ဂျင်ဝိုင်း၊ ခြောက်ကောင်ပိုင်းကလူတွေက ချစ်ကြတယ်။

သူတို့နှစ်ယောက်က ဖင်ပေါ့မယ်။ ထမင်းဆိုင်အရက်ဆိုင်တွေ အတွက် ရေလိုရင် ရေထမ်းပေးတယ်။ ဈေးကူရောင်းပေးတယ်။ ဒီတော့ သူတို့နှစ်ဝမ်းနှစ်ခါးအတွက်ကတော့ ကျွေးချင်မွေးချင်သူတွေ ပေါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းက ငွေကို ရေလိုသုံးတယ်။ အောင်သောင်းက အိမ်ကမယားနဲ့ သမီးအတွက် ပွဲအကူးမှာ အိမ်ကို ခဏပြန်တိုင်း ပို့ခဲ့တယ်။

အောင်သောင်းယောက္ခမကြီးက အသက်(၆၀)ရှိပြီ။ သူက ရှေ့နောက်မီဆိုတော့ လှူချင်တန်းချင်တယ်။

လှူချင်တန်းချင်ပေမယ့် သူများလို 'ရော့ဟဲ့ . . . အင့်ဟဲ့'ဆိုပြီး ငွေကြေး မလှူနိုင်ဘူး။ ဒီတော့ စားကြွင်းစားကျန်ကလေးတွေကို ကြက်တွေ၊ ငှက်တွေ၊ ခွေးတွေ၊ ကြောင်တွေကို ကျွေးတယ်။ ကျွေးတဲ့အခါတိုင်းလည်း နိဗ္ဗာန္နပစ္စယောဟောတု၊ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်ပါစေ လို့ ပြောပြီး အိမ်ရှေ့မြေပြင်မှာ ပက်ပြီးကျွေးတယ်။ ရန်ကုန်မှာ ခိုစာကျွေ သလိုပေါ့။

အောင်သောင်းတို့နေတာက စကုမြို့၊ ရှမ်းစုရပ်ကွက်က တန်ရိုး ကြီး။ ကိုးတောင်ပြည့် (လေးမျက်နှာ)ဘုရားဝိုင်းထဲမှာ တစ်ဖက်ရပ်တဲကလေး ထိုးပြီးနေတာ။ ပါတ်ပါတ်လည်မှာက ရှေးနှစ်ပေါင်းတစ်ရာကျော်၊ နှစ်ရာ ကျော်က ရေမမန်ကျီးပင်ကြီးတွေရှိတယ်။

တော်တော်တန်တန် မိုးရွာလို့ကတော့ လေးဘက်လေးနံက အုပ် ဝိုင်းထားတဲ့ မန်ကျီးရွက်တွေရဲ့ အုပ်ထားမှုကြောင့် အောင်သောင်းတို့တဲ ကလေးအပေါ် မိုးပေါက်မကျဘူး။ နွေမိုးဆောင်း သုံးရာသီစလုံး နေရောင် မကျတဲ့နေရာဖြစ်တယ်။

အဲဒီစေတီကလည်း ရုက္ခစိုးကြီးပဲ ရှိသလိုလို၊ သဘက်သူရဲကြီး ပဲ ရှိသလိုလို အလွန်နာမည်ကြီးတဲ့နေရာ။ မရှိဆင်းရဲသားဆိုတော့ ဒါတွေ ကြောက်မနေနိုင်ဘူး။ ကျူးကျော်တဲကလေးဆောက်ပြီး နေကြတာ။ လပြည့် လကွယ် ညဆယ့်နှစ်နာရီလောက်ဆိုရင် အဲဒီ မန်ကျည်းပင်တွေအပေါ် မှာ မီးလုံးကြီးတွေက တစ်ပင်နဲ့တစ်ပင် ကူးနေတာကို မြင်ကြရတယ်ပြော တယ်။

တစ်နေ့သောညနေမှာ အောင်သောင်းကို သူ့ယောက္ခမက . . .

''ဟေ့ . . . အောင်သောင်း၊ ငါ ဘာကောင်တွေကို ထမင်းကျွေးနေ သလဲဆိုတာ ကြည့်ချင်မြင်ချင်လား''





လို့ မေးတယ်။

''မကြည့်ချင်ပါဘူး။ ခင်ဗျား ကြက်တွေ၊ ငှက်တွေကို ကျွေးနေတာ ကို ကျွန်တော်သိတာပဲဟာကို''

လို့ အောင်သောင်းက ပြောတော့ . . .

''နင်ထင်သလိုမဟုတ်ဘူး။ ငါ မှင်စာတွေကို ထမင်းကျွေးနေ တာ''

လို့ အောင်သောင်းယောက္ခမက ပြောပြတော့ အောင်သောင်း က . . .

''မဟုတ်ကဟုတ်ကဗျာ . . . မှန်း . . ဘယ်မလဲ ကြည့်ရအောင်''

ဆိုပြီး သူ့ယောက္ခမ ထမင်းစေ့တွေ ပက်ကျွေးနေရာကို ကြည့် လိုက်တော့ . . .

အောင်သောင်း အမြင်မှာ ကြက်တွေ၊ စာကလေးတွေပဲ မြင်နေ ရတယ်။

''အမေကလည်း သူ့ယေပြန်နေပြီလား မသိဘူး။ မဟုတ်မဟတ် တွေ ပြောနေတယ်'

လို့ မကျေမနပ်နဲ့ပြောတယ်။ ဒီတော့ သူ့ယောက္ခမက . . .

''ဟဲ့အကောင် . . . လာ . . . ဒီနားထိုင်စမ်း''

လို့ပြောတော့ အောင်သောင်းက သူ့ယောက္ခမရှေ့မှာ သွားထိုင် တယ်။

ဒီတော့ သူ့ယောက္ခမက ခွက်တစ်ခွက်ကိုယူပြီး အဆင်သင့် ရေဖျော် ထားတဲ့ ဖြူဖြူညစ်ညစ်အရည်တွေကို အောင်သောင်းရဲ့ မျက်လုံးနှစ်လုံး မှာ မျက်စိကိုချန်ပြီး မျက်ခွံပေါ်မှာ (သနပ်ခါး)လိမ်းပေးသလို မျက်ကွင်းကွင်း ပြီး လိမ်းပေးခဲ့ပြီးနောက် . . .

''အောင်သောင်း . . . အစာစားနေတဲ့ကြက်တွေကို ကျောပေးပြီး ထိုင်လိုက်''

''ကိုင်း . . . ထိုင်လိုက်ပြီဗျာ''

''လေးဘက်ထောက်လိုက်''



www.burmeseclassic.com

www.burmeseclassic.com



"ထောက်လိုက်ပြီဗျာ"'

"ပေါင်ခြံကနေ ဖောက်ထိုး ကြက်တွေ အစာစားနေတဲ့ဘက်ကို ကြည့်လိုက်"

"ကြည့်လိုက်ပြီဗျာ ... အောင် ... အောင်မယ်လေးဗျ ... ဘာကောင်တွေတုံး ... ဘာကောင်ကြီးတွေတုံး"

အောင်သောင်း လန့်ခုန်သည်။

"ဟဲ့ ... နင်က မလန့်ရမှာ လန့်နေတယ်"

"လန့်လို့မဟုတ်ဘူးဗျို့ အမှတ်တမဲ့မို့ ဖြစ်သွားတာ"

လို့ ရှက်ရှက်နဲ့ အောင်သောင်းက ဖြေတယ်။

အောင်သောင်းလန့်မယ်ဆိုလည်း လန့်ထိုက်တယ်။ သူမြင်ရတဲ့ မြင်ကွင်းက ခြောက်လက်မလောက် အရွယ်အစားရှိတဲ့ ကလေးတွေ။ လူကလေးတွေ။ အသားအရည်က မည်းပြောင်ပြောင်၊ ခေါင်းကလေးတွေက သေးသေးလေး၊ ပါးစပ်ပေါက်က စပါးစေ့အရွယ်လောက်ရှိပြီး ကိုယ်လုံးကြီးက ခေါင်းနဲ့မလိုက်အောင် ကြီးနေပြီး ခြေချောင်းလက်ချောင်းတွေက သံချောင်းတွေလို သေးသေးလေးတွေဖြစ်နေတာ တွေ့ရတော့ အမှတ်တမဲ့ လန့်သွားတာပေါ့။

"ဒါက ဘာကောင်တွေလဲ ... အမေရ"

"မှင်စာခေါ်တယ်တဲ့။ အရင်ဘဝက သူများပစ္စည်းကို မလိုလောဘနဲ့ ခိုးယူခဲ့လို့ စားပြတိုက်၊ လုယက်ခဲ့လို့ သေတော့ အခုဘဝမှာ စားရမဲ့မဲ့ သောက်ရမဲ့မဲ့နဲ့ ပြိတ္တာတွေ လာဖြစ်နေတာ"

လို့ အောင်သောင်းယောက္ခမက ဖြေတယ်။

"ဒါနဲ့ ဒီအကောင်တွေကို မြင်ရအောင် ခင်ဗျား ကျုပ်မျက်လုံးပေါ်မှာ ဘာတွေလိမ်းပေးတာတုံး"

"ခွေးမျက်ချေးတွေ"

"ဗျာ ... ခွေးမျက်ချေးတွေ"

"ဟုတ်တယ် ... ခွေးမျက်ချေးတွေ"

"ဟာ ... ရွံစရာကြီးဗျာ။ ထွီ ... ဝေါ့ ... ဝေါ့"





အောင်သောင်း ရွံလွန်းလို့ အော့အန်နေတယ်။

"အောင်မယ် ... ဒါ ရွံစရာလား။ ဒီမျက်ချေးမျိုး လွယ်လွယ်နဲ့ရှာလို့ ရတယ်ထင်လား။ ခွေးတစ်ကောင်လုံး မျက်လုံး၊ လက်သည်းကအစ အဖြူစက်တစ်စက်မှမရှိတဲ့ (ခွေးမည်း) ခွေးမဲကို မရမကလိုက်ရှာပြီး နံနက် သုံးနာရီလေးနာရီလောက်မှာ ခွေးက သူ့ရှေ့လက်နဲ့ မျက်ချေးတွေဖယ် ချောင်မသုတ်ခင် ရအောင်ယူရတဲ့ ဂမ္ဘီရပစ္စည်းဟဲ့ ... သေနာကောင်ရဲ့"

လို့ သူ့ယောက္ခမ ဆူပူကြိမ်းမောင်းပါလေရော။ အောင်သောင်းကတော့ ပီပါနားသွားပြီး မျက်နှာသစ်ပစ်လိုက်တယ်။ ဒီလောက် သူ့ယောက္ခမက ရှပ်တာ။ တစ်အိမ်လုံး ဘာသရဲတစ္ဆေမှ မကြောက်ကြဘူး။ ကြောက်ရင်လည်း ဒီနားမှာ ဘယ်နေလို့ရကြမလဲလေ။

ဒီအဖြစ်အပျက်က အောင်သောင်း ပထမတစ်ခေါက် အိမ်ပြန်တုန်းက ဖြစ်တာ။ အခုတစ်ခေါက် အောင်သောင်းအိမ်ပြန်လာတော့ အောင်သောင်းအသည်း ကျွဲခတ်တာခံရသလိုဖြစ်လို့ အောင်သောင်း ကြမ်းပါပကောလား။

ဖြစ်ပုံက ဒီလို ...

အောင်သောင်းပြန်လာတော့ သူ့အသည်းနှင့်အောင်ချစ်ရတဲ့ သူ့သမီးကလေးရဲ့ ငိုသံ၊ လမ်းထိပ်ကတည်းက ကြားနေရလို့ ကလေးအငိုတိတ်အောင် မလုပ်ရကောင်းလားဆိုပြီး မိန်းမကိုရိုက်ဖို့ အိမ်ကို အပြေးလာခဲ့တယ်။

အိမ်ရောက်တော့ ကလေးက သူ့အမေပခုံးပေါ်မှာ ငိုနေတာ တွေ့ရတယ်။

"ကလေးဘာဖြစ်နေလဲ ... မိန်းမ"

"မသိပါဘူးတော် ... ပုခက်ထဲအိပ်နေတာကနေ အခုလေးတင် နိုးအော်ပြီး ငိုနေတော့တာပဲ။ ဘယ်လိုမှကို ချော့မရဘူး။ နို့တိုက်တော့လည်း မစို့ဘူး။ ခေါင်းကြီးသာ တွင်တွင်ခါနေတော့တာပဲ"

"တောက် ..."

"မင်းတို့က ငါ့ကို စမ်းချင်တယ်ပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လို့ ကြိမ်းမောင်းပြီး ထင်းခုတ်ဓားမကို ဆွဲယူကာ ကလေးပုခက်ကို နှုတ်နှုတ်ပါအောင် ဓားနဲ့ ခုတ်ပါလေရောလား။

"မင်းတို့လားကွ … ငါ့သမီးကို ငိုအောင်လုပ်တာ။ လုပ်ဦးကွား … လုပ်ကြဦးကွာ"

"ဒုတ် … ဒုတ် … ဒုတ် …"

"ဖျောင်း …"

"ဒုံး …"

အောင်သောင်းရဲ့ဓားချက်ကြောင့် ကလေး အိပ်တဲ့ပုခက် အစိတ်စိတ်အမြွာမြွာ ဖြစ်သွားတယ်။

ဒါနဲ့ မပြီးသေးဘူး။

အောင်သောင်း။ ထင်းခုတ်ဓားမကြီးနဲ့ သူ့အိမ်ပတ်ဝန်းကျင်မှာရှိတဲ့ မန်ကျည်းပင်တွေကို ဓားနဲ့ လိုက်ခုတ်တာ။ မန်ကျည်းပင်အကာတွေ တစ်ပင်ပြီးတစ်ပင် အဖတ်လိုက် ကွာကျကုန်တယ်။

"ကိုအောင်သောင်း … ရှင် ဘာတွေလုပ်နေတာတုံး"

"ငါ့သမီးကို အငိုတိုက်နေတဲ့ သရဲ၊ တစ္ဆေတွေကို မနေနိုင်အောင် မောင်းထုတ်နေတာ"

"ဒုတ် … ဒုတ် … ဒုတ် …"

"ဖျော … ဖလော … ဖလော …"

မန်ကျည်းအကာတွေ တစ်ဖတ်ပြီးတစ်ဖတ် ကျနေဆဲ။ အောင်သောင်းတစ်ကိုယ်လုံး ချွေးတွေရွှဲနေအောင်ကျနေပေမယ့် အောင်သောင်းက ပါးစပ်ကလည်းဆဲ၊ လက်ကလည်း ဓားနဲ့ခုတ်၊ လုပ်နေတယ် လုံးဝမရပ်ဘူး။

"ဟဲ့ … အောင်သောင်း ဘုမသိ၊ ဘမသိနဲ့ လုပ်မနေနဲ့။ နင့်သမီး ငိုနေတာက ဗိုက်နာလို့။ လေထိုးလေအောင်ဖြစ်လို့ ငိုနေတာ။ ဘယ်အပမှီတာမဟုတ်ဘူး"

လို့ ယောက္ခမပြောတော့ နားမလည်တဲ့ မျက်နှာအကြည့်နဲ့ အောင်သောင်း သူ့မိန်းမနဲ့ သူ့ယောက္ခမကို ကြည့်လိုက်တယ်။





"ဟုတ်တယ်တော့ … ကျူပ် ချည်ပေါင်ရွက်နဲ့ မျှစ်ချဉ်ကို ငရုတ်သီးစပ်စပ်ကလေးနဲ့ စားချင်လို့ ချက်စားလိုက်တာ။ အဲဒါ ကလေးသွားထိတာပဲ … ဟဲ … ဟဲ … ဟဲ …"

ပြုံးဖြဲဖြဲနဲ့ပြောနေတဲ့ သူ့မိန်းမမျက်နှာကို မြင်ရတော့ အောင်သောင်းတစ်ယောက် ဒေါသတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီး လုပ်လက်စအလုပ် ရပ်သွားပါပကောလား။

ကြည့်တော့ …

အောင်သောင်းဆိုတဲ့အကောင်က အဲသလိုအကောင်။

✿ ✿ ✿

[၄]

❑

တတိယတစ်ယောက်က …

အောက်လမ်းဆရာကြီး ဦးပေသီးတဲ့လေ။

ဂြိုဟ်မွှေတာက ဦးပေသီး။ လောဘကြီးတာက အောင်မောင်းနဲ့ အောင်သောင်း။

နှစ်ခါသေတာက မြှုနှင်းမွှေး။ ဒီဇာတ်လမ်းကလေးကို Flash Back အဖြစ် နောက်ကြောင်းပြန်ပြီး ပြောပြရမယ်ဆိုရင်တော့ …

အောက်လမ်းဆရာကြီး ဦးပေသီးက စကုမြို့နဲ့ လယ်ကိုင်းသွားတားလမ်းနံဘေး (ဥယျာဉ်ဇင်) လက်ပံတော သားရေရုံမှာနေတာ။ အဲဒီတုန်းက မန်းချောင်းတံတား မရှိသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ဖင်လက်ပံတော၊ ကတ္တရာကားလမ်းနံဘေးမှာ တစ်ထပ်တိုက်ကလေး ဆောက်ထားတယ်။ အိမ်ခြံဝိုင်းကြီးက (ယာ)နှစ်ကွက်လောက်ကျယ်တယ်။

ဝန်းထရံပတ်ပတ်လည်က အုတ်နံရံစီထားတာ။ အုတ်တံတိုင်းစီကာထားတာ။ ခြံဝိုင်းထဲမှာက နှစ်ပေါင်းရာချီကျော်က လက်ပံပင်ကြီးတွေရှိတယ်။ တစ်ပင်တစ်ပင်ရဲ့ ပင်စည်က လူသုံးယောက် လက်ဆန့်ပြီး ဖက်မှဖက်မိတယ်။ အဲဒီလောက် တုတ်တာ။ လက်ပံပင်ရဲ့ အကိုင်းအခက်တွေက တစ်ပင်နဲ့တစ်ပင် လက်ခြင်းယှက်နေတယ်။

ခြံထဲဝင်လိုက်တာနဲ့ အဘဘိုးမင်းခေါင်ရဲ့ ရုပ်တုကြီးက ဆီးကြိုနေတယ်။ လူကြီးတစ်ယောက် ထိုင်နေတယ်ထင်ရအောင် ကြီးတယ်။

ညာဘက်ပေါင်ပေါ်၊ ဘယ်ဘက်ခြေသားလုံးကို တင်ထားပြီး ဘယ်ဘက်လက်က ဘယ်ဘက်ဒူးကို ကိုင်ထားတယ်။

ညာဘက်လက်က ပါးစပ်နားကို မြှောက်ထားပြီး ဆေးပြင်းလိပ်ဖွာနေတဲ့ပုံ ထုထားတာ။ အဘိုးမင်းခေါင်ရဲ့ လက်ထဲမှာ ဆေးပြင်းလိပ်ကြီးက အမြဲရှိနေတယ်။

အဘဘိုးမင်းခေါင်ရဲ့ရှေ့မှာ ရေနွေးကြမ်းပန်းကန်က အငွေ့တထောင်းထောင်းနဲ့ အမြဲရှိတယ်။ လက်ဖက်သားကို နှမ်းဖြူးပြီး ဆီရွှဲရွှဲအမြဲဆမ်းထားတဲ့ လက်ဖက်ခွက်လည်း အမြဲရှိတယ်။

အဘဘိုးမင်းခေါင်နောက်မှာက သူရဲကြီး ဦးညိုရဲ့ရုပ်ထုကြီး။ ညိုညိုမောင်းမောင်းနဲ့ တင်းပုတ်ကြီးထမ်းထားတဲ့ပုံ။ အဲဒီ သူရဲကြီးဦးညိုရဲ့ရှေ့မှာက ထန်းရည်အိုး၊ ကြက်သားအကောင်လိုက်ကြော်နဲ့ ထန်းရည်သောက်တဲ့ အုန်းမှုတ်ခွက်တစ်လုံး အမြဲရှိတယ်။

သူရဲကြီး အဘညိုရဲ့နောက်မှာက တရုတ်နတ် အန်းကုန်းရုပ်တု။ သူ့ပုံကတော့ (သဘော်)ပုံသဏ္ဌာန်ရွှေချောင်းတွေကို ကလေးတွေကို ဝေပေးနေတဲ့ပုံ။

အဲဒီပုံရဲ့နောက်မှာတော့ တစ္ဆေ၊ မှင်စာ၊ သရဲအမျိုးမျိုးရဲ့ ကြောက်မက်ဖွယ်ရာ ပုံသဏ္ဌာန်အမျိုးမျိုးကို ကြောက်မက်ဖွယ်ရာ ထုထားတာတွေ





ရတယ်။ သူ့အိမ်ဝိုင်းထဲဝင်သွားတဲ့ လူစိမ်းကတော့ ကြောက်ဒူးတုန်ပြီး ထွက်ပြေးလောက်တယ်။

ပိုဆိုးတာက သူ့အိမ်ရှေ့မှာရှိနေတဲ့ ဥယျာဉ်ဖင်မြို့ဦးစေတီရဲ့ ခြေရင်းမှာရှိနေတဲ့ (ဘအိုးလယ်)ဆိုတဲ့ နတ်ရုပ်ပဲ။ (ယခုထိ ၎င်းနတ်ရုပ်ရှိသေးသည်။ စကုမြို့နယ်သူ၊ နယ်သားများ ယုံကြည်စွာ ကိုးကွယ်အားကိုးလျက်ရှိသေးသည်။)

ဘအိုးလယ်ဟာ အင်္ဂလိပ်မြန်မာစစ်ပွဲမှာ အသတ်ခံရပြီး စကုမြို့နှင့် ဥယျာဉ်ဖင်ရပ်ကွက်အကြား စီးဆင်းနေသော (မန်းချောင်း)အတွင်း မျောပါလာပြီး ဥယျာဉ်ဖင်ရပ်ကွက်ထိပ်တွင် သောင်တင်နေရာမှ အိပ်မက်ပေးမှုအရ နတ်ကွန်းဆောက်၍ ကိုးကွယ်ထားရခြင်းဖြစ်သည်။

ဘအိုးလယ်သည် အမှားခံသော နတ်မဟုတ်။ အနီးပတ်ဝန်းကျင်မှ ဖျားနာသူများ စကုဆေးရုံသို့ပို့ရာတွင် ၎င်းနတ်စင်ရှေ့ရောက်ပါက ပက်လက်အနေအထားဖြင့် လူနာကို သယ်ယူခွင့်မပြု။ ပက်လက်အနေအထားဖြင့် သယ်သွားပါက ထိုလူနာ သူ့နတ်စင်ရှေ့မှ ကျော်သွားလျှင် အသက်ထွက်(သေ)သွားသည်ဟုဆို၏။

မထိုင်နိုင်သော လူနာအား ထိုင်သည့်ပုံသဏ္ဌာန် ပြုလုပ်ပေးရသည်ဟု ကြားသိခဲ့ဖူး၏။ ထိုဘအိုးလယ်နတ်နန်းကို အကြောင်းပြုပြီး အောက်လမ်းဆရာကြီး ဦးပေသီး ပို၍ နာမည်ကြီးနေ၏။

ဤဘအိုးလယ်နှင့် ပတ်သက်၍ ကောင်းခြင်းဆိုးခြင်းကိစ္စအားလုံး ဦးပေသီးလုပ်ထားသည်ပင် ထင်ကြ၏။ လင်ကွာ၊ မယားကွာကိစ္စများ၊ တရားရုံးကိစ္စများကို ဦးပေသီးပါဝင်ခဲ့ပါက ပွဲပြတ်သည်ဟု ထင်ကြ၏။ နောက်ဆုံးသတင်းကြီးသည်မှာ ဦးပေသီးသည် သူ၏ခြံထဲ၌ သရဲတစ္ဆေများ မွေးထားပြီး ကလေးများ၊ သက်ကြီးရွယ်အိုများကို သူမွေးထားသော တစ္ဆေ၊ သရဲများကို ဝင်ပူးစေပြီး ဖျားစေ၊ နာစေ ညှဉ်းပန်းခဲ့ရာ ထိုလူနာအများ ဦးပေသီးထံမှ ပျောက်သည်ဟု နာမည်ကြီးနေလေ၏။

ထို့ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးပေသီးဟေ့ဆိုလျှင် စကုမြို့နယ်သူ၊ နယ်သားအားလုံး ကြောက်၊ မုန်း၊ ရှိသေဖြစ်ကြ၏။

ကြောက်၊ ချစ်၊ ရှိသေ မဟုတ်ပါ။ မုန်းလည်းမုန်း ကြောက်ကြလေ၏။

ဤကား အောက်လမ်းဆရာကြီး ဦးပေသီး၏ ရာဇဝင်အကျဉ်းဖြစ်၏။ သို့သော်လည်း ဦးပေသီး၏လျှို့ဝှက်ချက်တစ်ခုကိုတော့ မည်သူမျှ မသိကြ။

ဦးပေသီး၏ လျှို့ဝှက်စီးပွားရေးမှာ ...

အမျိုးသမီးအလောင်းကိုဖော်ပြီး ဝိယဆေးဖော်ရောင်းခြင်းနှင့် ရှေးဟောင်းအုတ်ဂူများအတွင်းမှ သေသူနှင့်အတူမြုပ်ထားသော အဖိုးတန်ရတနာများခိုးယူခြင်းကိစ္စ ဖြစ်ချေ၏။

ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်က စကုမြို့၊ လယ်ကိုင်းမြို့၊ ကျောင်းတောင်ရာမြို့များမှ ငွေရှင်ကျေးရှင် သူဌေးများသည် အိမ်သူသက်ထား ဇနီးမယား၊ လင်ယောက်ျားတို့သေပါက ၎င်းသေဆုံးသူ၏ ပိုင်ဆိုင်သမျှ ပစ္စည်းများကို တစ်ပါတည်းမြှုပ်သော ဓလေ့အကျင့်ရှိခဲ့ကြ၏။

ထိုဓလေ့အကျင့်ကို အောက်လမ်းဆရာကြီး ဦးပေသီးသည် ရာဇဝင်နှင့်ချီ၍ လေ့လာပြီးမှ သချိုင်းဂူများကို ဖောက်လေ့ရှိ၏။

ဤပစ္စည်းများဖြင့် အိမ်ကြီးရခိုင် နေနိုင်နေခြင်းဖြစ်သည်ကို အတွင်းကျကျ မည်သူမှမသိ။

ယခုလည်း အောက်လမ်းဆရာကြီး ဦးပေသီး ခွင်ကောင်းကောင်း တစ်ခုတွေ့နေ၏။ မနေ့တစ်နေ့က စကုမြို့မှ ဆီစက်ပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်၊ ဘုရားဒကာ၊ ကျောင်းဒကာ ဦးမိုးသီး၏သမီး မနှင်းဖွေးတစ်ယောက် ခေါင်းလျော်၊ ရေချိုးမှားသဖြင့် သေဆုံးခဲ့သဖြင့် မြှုပ်နှံရာတွင် ရှေးမူမပျက် နေထိုင်တတ်သော ဦးမိုးသီးတစ်ယောက် မနှင်းဖွေး၏ လက်ဝတ်ပစ္စည်းများ တစ်ပါတည်း ထည့်မြှုပ်မည်ကိုသိ၍ ဖော်ယူရန် စဉ်းစားမိ၏။

ဤသို့ဖော်ယူရာတွင် မိမိတစ်ယောက်တည်းမရ။ မိမိခိုင်းသမျှ လုပ်မည့် လူယုံနှစ်ယောက် လို၏။ ထိုလူများသည် သစ္စာရှိရမည်။ သတ္တိရှိ





ည်ဖြစ်ရာ သရဲ၊ တစ္ဆေမကြောက်သော လူနှစ်ယောက်ကို သတိရမိတော့သည်။ ထိုလူနှစ်ယောက်မှာ ...

အောင်သောင်းနှင့် အောင်မောင်းတို့ဖြစ်သည်။ ပို၍ အဆင်ပြေချောသည်မှာ ဤသို့ အောက်လမ်းနည်းစီစဉ်ပါက (တနင်္ဂနွေ)နေ့သားများ ဖြစ်ရမည့်အပြင် နာမည်၏ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း (အောင်) ပါရမည်ဖြစ်ရာ အောင်မောင်းနှင့်အောင်သောင်းဆိုပါက လွန်စွာမှ အဆင်ပြေ ည်ဖြစ်ရာ ၎င်းတို့နှစ်ယောက်ရှိရာ (မန်းချောင်း) သဲပုံစေတီဘုရားပွဲသို့ ွက်ခဲ့လေ၏။

အောင်မောင်းတို့နှစ်ယောက်ကို သွားရှာသောအခါ လောင်းကစား [illegible]ကျင်းပနေသော မန်းချောင်း၏ မြောက်ဘက်၊ ဥယျာဉ်ဖင်ရွာနှင့် ဒါးမနိုင် [illegible]စ်ရွာကြားမှ လက်ပံပင်တောကြီးထဲတွင် ရောက်နေကြောင်း သိရလေရာ [illegible]တို့နှစ်ယောက်ရှိရာသို့ ထွက်ခဲ့လေတော့သတည်း။

✿ ✿ ✿

[၅]

❑

"သုံးယောက်ပေါင်း အလောင်းဖော်"

"ဂိး ... ဂိး ... ဂိး ..."

"ဝ ... ဝူး ..."

"ဖလူး ... ဖလူး ... ဖလူး ..."

"အ ... အ ... အ ... အ ... အ ... အ"



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းရေပ်အနီးမှ လက်ပံပင်ကြီးမှ ငှက်စုန်းတစ်ကောင်၏ လန့်ဖျပ်၍ အော်ဟစ်သွားသောအသံ။

ခွေးများ၏ အူသံ။

လက်ပံပင်ပေါ်မှ အိပ်တန်းတက်နေသော ကျီးကန်းငှက်များ၏ လန့်ပျံသွားသော အသံများက သချိုင်းအတွင်း ဆူညံသွား၏။

သချိုင်းမှာ စကုမြို့မှ မင်းဘူးမြို့အတွက် ကားလမ်းနှင့် မန်းချောင်းနံဘေးတွင်ရှိ၏။

လကွယ်ညဖြစ်သဖြင့် အလင်းရောင်က မရှိ။ သချိုင်းမှာ ရှင်းရှင်းလင်းလင်းမဟုတ်။ ဆူးရစ်ပင်များ၊ ပင့်ကူထိပ်တင်ဆူးပင်များ၊ ဖီးပင်များဖြင့် ရှုပ်ထွေးနေ၏။ ထိုအပင်များကြားမှ တစ်ယောက်စာ လူသွားလမ်းကလေးသာရှိ၏။

ထိုလမ်း၏ ဘေးတစ်ဖက်တစ်ချက်ဆီတွင် လက်ပံပင်များ၊ ထနောင်းဆူးပင်များ၊ မန်ကျည်းပင်များနှင့် တမာပင်များက အုပ်ဆိုင်းစွာ ပေါက်နေလေရာ ညမိုက်ညကို ပို၍ပင် မှောင်နေစေလေ၏။

ထိုသချိုင်းအတွင်းသို့ မကြောက်မရွံ့သွားနေသူ သုံးယောက်ရှိသည်။ ထိုသုံးယောက်တို့မှာ ရှေ့ဆုံးမှသွားနေသူက အောက်လမ်းဆရာကြီး ဦးပေသီးဖြစ်၏။

ဦးပေသီးသည် အညိုရောင်အင်္ကျီ၊ လုံချည်တို့ကို ဝတ်ဆင်ထားပြီး ခေါင်းပေါင်းကိုလည်း အညိုရောင်အစဖြင့် ပေါင်းထားပြီး ဆေးလွယ်အိတ်ကိုလွယ်ထား၏။

ဦးပေသီး၏နောက်မှ ကပ်လျှက်လိုက်လာသူမှာ အောင်မောင်းဖြစ်၏။ အောင်မောင်းကလည်း ယောဂီရောင်အညိုများပင် ဝတ်ဆင်ထားပြီး လွယ်ထားသော လွယ်အိတ်ထဲတွင် တူနှင့် စို့ထည့်လာပြီး ပေါက်ပြားကိုပခုံးပေါ်ထမ်းလာသကဲ့သို့ နောက်ဆုံးမှ လိုက်လာသော အောင်သောင်းကလည်း ယောဂီရောင်ပင်ဝတ်ထားလျှက် လွယ်အိတ်ထဲတွင် စို့နှင့်တူထည့်လာပြီး ပခုံးပေါ်တွင် ပေါက်ချွန်းကို လွယ်လာသည်။





သချိုင်းအလယ်သို့ရောက်သော် သုံးယောက်သား လမ်းခွဲထွက်ရန်ပြင်ဆင်ကြတော့သည်။

"အောင်မောင်းက ညာဘက်ကဂူတွေမှာ သွားရှာ၊ အောင်သောင်းက ဘယ်ဘက်က ဂူတွေမှာ သွားရှာ။ ဆရာက ရှေ့တည့်တည့်သွားရှာမယ်။ တွေ့ရင် လက်နှိပ်ဓာတ်မီး (တုတ်မီး)ကို ဖွင့်လိုက်ပိတ်လိုက် သုံးခါလုပ်ပြ။ ခြေခင်းလက်ခင်းလည်း သတိထားကြပေါ့"

ဟု ပြောကာ လမ်းခွဲသွားကြ၏။ အောက်လမ်းဆရာကြီး ဦးပေသီးက လမ်းဘေးဝဲယာရှိ အုတ်ဂူများ၏ နာမည်များကိုဖတ်လျက် လက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် ရှေ့တည့်တည့်အတိုင်းထွက်သွားသကဲ့သို့ အောင်မောင်းနှင့်အောင်သောင်းတို့ကလည်း မိမိတို့တာဝန်ကျရာဘက်သို့ ထွက်သွားကြလေ၏။

"ရှီ ... ရှီ ... ရှီ ..."

"ကြွီ ... ကြွီ ... ကြွီ ..."

မြေတွန်သံများ၊ မြေကြွက်များ အစာရှာသံများက ညမှောင်မှောင်တွင် ဟိုမှဒီမှ ကြားနေရ၏။

"ဖရူး ... ရူး ... ရူး ..."

"နင့်မေကလီနီး ..."

မြေဝပ်ငှက်က လန့်ပျံရာ အောင်မောင်းကလည်း မြေဝပ်ငှက်ကိုသန့်ပြီး ခုန်မိလေ၏။

"ဂီး ... ဂီး ... ဂီး ..."

အောင်သောင်း၏နောက်သို့ ငှက်စုန်း(ခေါ်) လင်ကောင်ပိုး(ခေါ်) ကြွက်ငှက်က လိုက်၍ထိုးရင်း အော်နေ၏။

အတိတ်နိမိတ်မကောင်း။ ငှက်စုန်းဆိုသည့်ငှက်က ကျေးရွာနှင့်ခိုက်ကွက်တို့တွင် လူမမာရှိနေ၍ ထိုလူနာ ဆေးကု၍မရတော့ဘဲ သေတော့မည်ဆိုလျှင် ထိုလူနာရှိသောအိမ်ကို ထိုးစိုက်ကာ တဂီး ... ဂီး ... ဖြင့် ထိုးစိတ်အော်ဟစ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု အောင်သောင်းကို ထိုးဆိတ်နေသည့် ငှက်စုန်းကတော့ ကြွက်ကိုဖမ်းစားရန် ချိန်တွယ်ချောင်းမြောင်းနေခိုက် အောင်သောင်းကြောင့် သူချောင်းနေသော ကြွက်လန့်၍ ထွက်ပြေးသဖြင့် ရလုဆဲအခါ မရလိုက်လေရာ ဒေါသထွက်ပြီး အောင်သောင်းကို လိုက်လံထိုးဆိတ်နေခြင်းဖြစ်၏။

"ဂီး ဂီး ဂီး . . . ဂီး ဂီး ဂီး"

"ဟာ . . . ဒီငှက်အကောင်စုတ် . . . သွားရော့ဟာ"

"ဖုန်း . . . ဂီး ဂီး . . ."

အကြိမ်ပေါင်းများစွာ ထိုးဆိတ်နေသော ငှက်စုန်းကို အောင်သောင်းစိတ်မရှည်သဖြင့် လက်ထဲတွင်ပါလာသော ပေါက်ချွန်းဖြင့် ရိုက်ချလိုက်ရာ ငှက်စုန်း၏ကိုယ်ထည်ကို ကောင်းစွာရိုက်မိသဖြင့် အဝေးသို့ လွင့်စင်သွားပြီး ငှက်စုန်း သေပွဲဝင်သွားလေ၏။

ထိုစဉ်ခိုက် အောက်လမ်းဆရာကြီး ဦးပေသီးထံမှ အချက်မီးပြသဖြင့် အောင်မောင်းနှင့် အောင်သောင်းတို့နှစ်ယောက် ဦးပေသီးထံသို့ သူ့ထက်ငါ ဦးလာရောက်ကြလေ၏။

"မနှင်းဖွေး
အသက် ၁၆နှစ်"

မနှင်းဖွေး အသက် ၁၆နှစ်ဟု ရေးထားသော အုတ်ဂူမှာ အခြားအုတ်ဂူများလို အမြင့်မဟုတ်ဘဲ မြေပြင်တွင် ကပ်လျက်လုပ်ထားပြီး ခေါင်းရင်းဘက်တွင် ခေါင်းအုံးပုံဖော်ထားပြီး ထိုခေါင်းအုန်းပေါ်မှ မနှင်းဖွေး၏နာမည်ကို အုတ်ခုံ၌ ထွင်း၍ရေးထားလေ၏။

"အဆင်ပြေလိုက်တာကွာ . . . ချောင်းကမ်းနဖူးမှာဆိုတော့ တို့ ဒီအပေါ်လွှာကို ကလော်ထုတ်လိုက်ရင် ဒီကျောက်ပြားအောက်က ကောင်မလေးရဲ့ အခေါင်းတလား တွေ့နိုင်တယ်ကွ။ မပင်ပန်းတော့ဘူးဟေ့။ တော်တော်ကံကောင်းတာပဲကွ"

အောက်လမ်းဆရာကြီး ဦးပေသီးက အားရဝမ်းသာ ပြောကြလေ၏။ ဝမ်းသာမည်လည်း ဝမ်းသာထိုက်သည်။





အချို့အလောင်းများက အုတ်ခုံအတွင်း ပိတ်လောင်ထားရာ အုတ်ခဲများကို ထုရိုက်ပြီးမှ ထုတ်ရမည်ဖြစ်ရာ မလွယ်ကူလှပေ။

ယခု မနှင်းဖွေး၏ ရုပ်အလောင်းမှာ မြေကြီးထဲတွင် အခေါင်းတလားဖြင့်ထည့်၍ မြှုပ်ထားခြင်းဖြစ်ပြီး ၎င်း၏အပေါ်ယံမှ ဘိလပ်မြေလောင်းထားခြင်းဖြစ်ရာ ထိုဘိလပ်မြေကို လှန်ချလိုက်ခြင်းဖြင့် အောက်မှ အလောင်းမြှုပ်ထားသော အခေါင်းတလား ပေါ်နိုင်မည်ဖြစ်၏။

ပို၍ကံကောင်းသည်မှာ မန်းချောင်းကမ်းနဖူးနှင့် နှစ်ပေသာဝေးရာ ချောင်းထဲမှဆင်းပြီး ကမ်းပါးကို ဖြိုချရုံဖြင့် အလောင်းထည့်သော ခေါင်းတလားပေါ်လာမည်ဖြစ်ရာ အောင်မောင်းနှင့် အောင်သောင်းတို့ကလည်း ကမ်းပါးအောက်ခြေအတွင်းမှလိုက်၍ တူးပြီးနောက် နှစ်ယောက်သား ကုန်းပေါ်ပြန်တက်ပြီး မနှင်းဖွေးအလောင်းပေါ်မှ ကျောက်ပြားကို တွန်းချလိုက်သည်။

"ဝုန်း "

"ဖျော . . . ဖျော . . . ဖျော"

"ဗွမ်း"

ကျောက်ပြားကြီးက ဝုန်းခနဲမြည်ကာ သဲမှုန်များနှင့်အတူ ချောင်းရေထဲသို့ ကျသွားလေတော့၏။

ကျောက်ပြားကြီးကျသွားသောအခါ မနှင်းဖွေး၏ အလောင်းထည့်ထားသည့် ခေါင်းကြီး ပေါ်လာလေ၏။

"ကိုင်း . . . ကိုင်း . . . အဖုံးကို မြန်မြန်ချဟေ့။ ဒီကောင်မလေး အသက်ပြန်ရှင်လာအောင် ဆေးစီရင်ရမယ်ကွ။ ဒါမှ ပီယဆေးဖော်လို့ရမှာ။ ကျောက်ပြင်၊ ရေနံ့သနပ်ခါးတုံး ယူခဲ့ဟေ့"

"အဆင်သင့်ရောက်ပြီးသားပါ . . . ဆရာပေသီးရေ။ ကဲ . . . ကျွန်တော်တို့ အဖုံးခွာလိုက်ဦးမယ်။ ဆရာ ဘေးနည်းနည်း ဖယ်ပေးဦး"

ဟုပြောပြီး ပျဉ်ချပ်ကို ဂေါ်ပြားဖြင့်ကလော်၍ ထုတ်နေသောအချိန်တွင် တခြားအမှောင်ထဲမှ မလှမ်းမကမ်းမှ အသံများ ဆူညံစွာ ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ . . . မလုပ်နဲ့ . . . လှမိုက်တွေ . . . မင်းတို့ကို . . သတ်မယ်"

"ဟေး . . . ဟေး . . . ဟေး . . ."

"သူခိုးတွေ . . . သူခိုးတွေ . . ."

အမှောင်ထဲမှ အသံများ ဆူညံစွာကြားရလေရာ အောင်မောင်းနှင့်အောင်သောင်းတို့က အသံကြားရသော နေရာဆီသို့ မှန်းဆကြည့်လိုက်ရာ အမှောင်ထဲတွင် မျက်လုံးပေါင်း ထောင်သောင်းမက မြင်ရလေ၏။

"ဟေ့ကောင်တွေ . . . မင်းတို့ထဲက မိုက်တဲ့ကောင် ထွက်ခဲ့ကြကွ . . တစ်ယောက်ချင်းချမယ်ကွ"

အောင်သောင်းက ခါးတောင်းမြှောင်အောင်ကျိုက်၍ စိန်ခေါ်လေရာ အောက်လမ်းဆရာကြီး ဦးပေသီးက အောင်သောင်းတို့အား ဆူပူကြိမ်းမောင်းလေတော့၏။

"မင်းတို့ ဒီလိုသာ ဒီကောင်တွေကို ဂရုစိုက်နေရင် တို့လုပ်ငန်း ပျက်လိမ့်မယ်။ လုပ်စရာရှိတာ လုပ်ကြ"

ဟုပြောလိုက်ရာ အဖုံးကို ဖွင့်လိုက်ကြပြီး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။

"ဟာ . . . လှလိုက်တဲ့ ကောင်မလေးကွာ။ ရွှေသွားတွေ ပါတယ်ဟေ့။ ရိုက်ချိုးကွာ"

အောင်သောင်းက အလိုလောဘကြီးစွာ ပြောလိုက်သည်။

"ဟိတ်ကောင်နှစ်ကောင် . . . မင်းတို့အတွက်က ဝီယဆေးပဲရှော်း ဒီထဲကပစ္စည်းတွေက ငါ့အတွက်"

ဟု အောက်လမ်းဆရာကြီး ဦးပေသီးက သတိပေး၏။

"ဟာ . . . ဦးပေသီးကလည်းဗျာ ဝီယဆေးတစ်ခုတည်းနဲ့ ကျုပ်တို့က ဘာလုပ်ရမှာလဲဗျ။ ပစ္စည်းလည်း နည်းနည်းတော့ ပေးဦးမှပေါ့ဗျ"

အောင်မောင်းက တောင်းဆိုသည်။

"ကိုင်း . . . အဲဒီကိစ္စတွေ နောက်မှပြော။ အလောင်းကို အခေါင်းထဲက ထုတ်ကွာ"





ဦးပေသီးက အမိန့်ပေးလိုက်သည်။ စိတ်ထဲမှာ ဒီကောင်နှစ်ကောင်ကို မကျေနပ်တော့။

အောင်မောင်းနှင့် အောင်သောင်းက အလောင်းကို မြေကြီးပေါ်သို့ လက်ပက်အနေအထားဖြင့် ချလိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်မျက်ကဲဖြင့် ကြည့်လိုက်သည်။ သူတို့ကြည့်လိုက်သည့်သဘောကတော့ . . .

"ဒီလူကြီး မယုံရဘူး . . . သတိထား"

ဆိုသည့် သဘော။

"ကိုင်း . . . ကျောက်ပျဉ်၊ ရေဘူးနဲ့ သနပ်ခါးတုံးကို သူ့ခြေထောက်နားမှာထား။ ငါ အသက်သွင်းဖို့ လုပ်လိုက်ဦးမယ်"

ဦးပေသီးက ပြောပြီး လွယ်အိတ်ထဲမှ ဆေးပုလင်းထုတ်လိုက်၏။ ဆေးမှာ အရည်များဖြစ်သည်။

"နေဦး . . . အသက်မသွင်းနဲ့ဦး"

ဟု အောင်သောင်းက ပြောပြောဆိုဆို လွယ်အိတ်ထဲမှ ပလာယာကိုထုတ်ပြီး ကောင်မလေး၏ပါးစပ်ကို အပေါ်မှ ထုချလိုက်လေ၏။

"ဒုတ်"

"ဖျောင်း"

"ဟကောင် . . . ဘာလုပ်လိုက်တာတုံး"

"ရွှေသွားတွေ ချိုးလိုက်တာလေကွာ"

ဟုပြောပြီး ကျိုးသွားသော ရွှေသွားနှစ်ချောင်းကိုယူလိုက်သည်။

"ဟာ . . . ဒီကောင် စည်းပေါက်နေပြီ။ ဒီပစ္စည်းတွေကို မင်းတစ်ယောက်တည်း ယူလို့ရမလားကွ"

ဦးပေသီးက ပြောသည်။

"ကျုပ်တစ်ယောက်တည်း ယူမယ်လို့ ဘယ်သူကပြောသလဲဗျ။ ခင်ဗျားအလုပ် ခင်ဗျားလုပ်ပါ"

အောင်သောင်းက ခပ်ဆတ်ဆတ်ပြော၏။ အောက်လမ်းဆရာကြီး ဦးပေသီးက ဆေးပုလင်းကိုအဖုံး လှပ်လိုက်ပြီး မနှင်းဖွေး၏ မျက်ခွက်



www.burmeseclassic.com

www.burmeseclassic.com



မှစ၍ ခြေသုံးခေါင်းဆုံး ဆေးရည်များဖြင့် ပက်ဖြန်းလိုက်ရာ မနှင်းဖွေး ငုတ်တုတ်ထထိုင်၏။

ထို့နောက် ပြူးကျယ်တောက်ပြောင် နီစုတ်နေသော မျက်လုံးများဖြင့် ပေသီး၊ အောင်သောင်းနှင့်၊ အောင်မောင်းတို့ကို ကြည့်လိုက်သည်။

"ဟဲ့အကောင် ... ငါ့ရွှေတွေ ပြန်ပေး"

"ဖျောင်း"

"အား"

မနှင်းဖွေးက အောင်သောင်းကိုကြည့်ပြီး သူ၏ ရွှေသွားများကို တောင်းရင်း ပါးကိုရိုက်လိုက်ရာ အောင်သောင်း၏ မျက်လုံးများမှ မီးပွင့်သွား၏။

"ဆရာစုတ် ... ဆရာပဲ့ ... သူခိုး ... ခါးပိုက်နှိုက်"

"ဘုန်း"

"အင့် ..."

"မရတော့ဘူး ... ပြေးဟေ့ ... ပြေးဟေ့"

အောက်လမ်းဆရာကြီးပေသီးကို မနှင်းဖွေးသည် မိမိ၏လက်နှစ်ဖက်အား မြေကြီးကိုထောက်၍ ခြေနှစ်ချောင်းဖြင့် ရင်ဝအား ကန်လိုက်ရာ ဦးပေသီး အဝေးသို့ လွင့်ကျသွားရာ ဆေးလွယ်အိတ်ပင် မကောက်နိုင်တော့ဘဲ မရတော့ဘူး 'ပြေးဟေ့ ... ပြေးဟ' ဟု အော်ဟစ်ကာ လက်ပံတောထဲမှ ဖြတ်၍ မိမိ၏တိုက်ရှိရာသို့ တချိုးတည်းပြေးတော့၏။

"လိုက်ဟေ့ ... လိုက်ဟ"

"ဒီကောင်ကြီးကို အသေသတ်ကွ"

သင်္ချိုင်းတစ်ခုလုံး အော်ဟစ်သံများက ဆူညံနေသည်။ ပြေးထွက်သွားသော ဦးပေသီး၏နောက်မှ ညာသံပေး၍ လိုက်နေသော အရိပ်မည်းမည်းကို မြင်ရလေရာ။

အောင်မောင်းလည်း မနေနိုင်တော့ဘဲ မိမိနေထိုင်ရာ ထီးကြိုးရပ်ကွက်သို့ ပြေးတော့၏။





"ဒီငရှုပ်တွေကို လူပြည်မှာ မထားနဲ့။ သတ်ကွ သေအောင်သတ်၊ လိုက်ဟေ့ ... လိုက်ဟ"

ဟု အော်ဟစ်ကာ အရိပ်မည်းမည်းများက အောင်မောင်း၏နောက်မှ လိုက်နေလေ၏။

အောင်မောင်းပါ ပြေးပြီဆိုတော့ အောင်သောင်းလည်း မနေတော့။ မိမိ၏အိမ်ရှိရာ ရှမ်းစုရပ်ကွက်ဆီသို့ မနှင်းဖွေးထံမှ ယူထားသော ရွှေသွားနှစ်ချောင်းကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ပြေးလေ၏။

"ငါ့သွားတွေ ပြန်ပေး ... ငါ့သွားတွေ ပြန်ပေး"

"မပေးဘူး ... မပေးဘူး ... ငါ့ကိုမီအောင်လိုက်"

မနှင်းဖွေးက သူ့ပစ္စည်းကိုတောင်းရင်း နောက်မှလိုက်၏။ လောဘသားကောင်၊ အောင်သောင်းကလည်း သွေးရူးသွေးတန်းဖြင့် ပြောချင်ရာပြော၍ ရှေ့မှပြေးနေလေ၏။

"ဝုန်း ..."

"အား ..."

စကုမြို့သင်္ချိုင်းအဝင်၊ ကောင်းကောင်းခေါက်ဆွဲဆိုင်အရောက် ကတ္တရာကားလမ်းကို အောင်သောင်းဖြတ်အကူး ဆင်ဖြူကျွန်းမြို့မှလာသော (၃)တန်ကုန် ကားကြီးက ဝင်တိုက်လိုက်ရာ အောင်သောင်းတစ်ယောက် မရှောင်နိုင်ဘဲ နေရာမှာပင် ပွဲချင်းပြီး သေဆုံးသွားတော့၏။

အမှန်တော့ ငှက်စုန်းက သတိပေးပါသော်လည်း အောင်သောင်းတစ်ယောက် သတိမထားလိုက်မိသည်က အောင်သောင်း ဘဝပြောင်းသွားသည်အထိ အမှားကို လုပ်မိသွားပေ၏။

မနှင်းဖွေးက စိစိညက်ညက် ကားကြိတ်ခံပြီးသေသွားသော အောင်သောင်းကို ဝမ်းသာအားရ ရပ်၍ ကြည့်နေလေတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

❑

**"နှစ်ခါသေတဲ့ဖြူနှင်းဖွေး"**

"အောင်မယ်လေး သမီးလေးရဲ့၊ အမေတို့ နင့်ကို မသေဘဲ မြေမြှုပ်မိလိုက်တာလားကွယ်။ အမေတို့ကိုလွမ်းလို့ ပြန်လာတာလား သမီးလေးရဲ့။ အီး … ဟီး … ဟီး …"

ဖြူနှင်းဖွေး၏ အမေက ရင်ထုမနာဖြစ်ကာ အော်ကြီးဟစ်ကျယ်ငိုနေလေ၏။

စကုမြို့ရှိ လူကုန်အားလုံး ဖြူနှင်းဖွေး၏အိမ်သို့ ရောက်ရှိနေကြသည်။ တိုးတိုး တိုးတိုး သဖန်းပိုးဆိုသကဲ့သို့ ထင်ကြေးအမျိုးမျိုးပေး၍ ပြောဆိုနေကြ၏။

နံနက်မိုးလင်းတော့ ဖြူနှင်းဖွေး၏အလောင်းက သူမသေခင်က နေထိုင်ခဲ့သော အိမ်ခြံဝင်းဝ တံခါးမကြီးအနီးရောက်နေရာ အိမ်မှလူများတွေ့ရှိပြီးဤကဲ့သို့ မိခင်ကြီးက ငိုနေခြင်းဖြစ်၏။





နှစ်ခါသေခဲ့ရသော ဖြူနှင်းဖွေး၏ အလောင်းကို သင်္ချိုင်းသို့ ပြန်ချရန် ရပ်မိရပ်ဖများနှင့် မြို့လူထုက ပြင်ဆင်နေခြင်းဖြစ်သည်။

"သမီးလေးရဲ့ ဘယ်လိုဖြစ်ရတာတုံး။ ကံဆိုးလှချည်လား … သမီးရဲ့၊ နင့်ရဲ့ ရှေ့ကသွားနှစ်ချောင်းလည်း မရှိတော့ပါလား။ လုပ်ရက်လိုက်ကြတာ"

ဟု မိခင်ကြီးက သမီး၏အလောင်းကို ရေချိုး၊ သနပ်ခါးနှင့် အမွှေးနံ့သာလိမ်းပေးရင်း ပြောဆိုငိုကြွေးနေတော့သည်။

လာရောက်ကြသော မြို့လူထုမှာ ဖြူနှင်းဖွေး၏ မိခင်နှင့်အတူ ဝမ်းနည်းလွန်း၍ မျက်ရည်များကျလျှက်ရှိ၏။ ထိုသို့ ဖြူနှင်းဖွေးကို သင်္ချိုင်းသို့ ပြန်ပို့ရန် စီစဉ်နေခိုက် မီးလန့်သော သံချောင်းခေါက်သံနှင့် မီးသတ်ကားများ (ဥယျာဉ်ဇင်)ရွာဘက်သို့ ဥသြဆွဲကာ မောင်းထွက်သွားသည်ကို ကြားကြရလေ၏။

"ဒေါင် … ဒေါင် … ဒေါင် …"

"ဝီပေါ် … ဝီပေါ် … ဝီပေါ် …"

"ဟဲ့ … ဘယ်သူ့အိမ် မီးလောင်တာတဲ့တုံး"

"ဥယျာဉ်ဇင်ရွာက အောက်လမ်းဆရာကြီး ဦးပေသီးတိုက် မီးလောင်တာတဲ့"

ဟုပြောကာ မီးလောင်ရာသို့ လူထုကြီးက ပြေးထွက်သွားကြ၏။

မီးသတ်ကားများ အချိန်မှီမောင်းထွက်ခဲ့ပါသော်လည်း မန်းချောင်းကို ဖြတ်ကူးရာတွင် ကားပေါ်ပါလာသော ရေအလေးအချိန်ဖြင့် မန်းချောင်းအလယ်တွင် မီးသတ်ကားများ နစ်နေလေတော့၏။ ရှေ့သို့ဆက်၍ မသွားနိုင်တော့ပေ။ ထိုကာလက စကုမန်းချောင်းတွင် တံတားမဆောက်ရသေးပေ။ နာနာဘာဝများ၏ အားပေးကူညီမှုဖြင့် ဦးပေသီး၏တိုက်မှာ နာရီဝက်အတွင်းတွင် ပြာကျသွား၏။

ထိုမီးလောင်ထားသော ပြာများထဲမှ မီးကျွမ်းနေသော ဦးပေသီး၏အလောင်းကို တွေ့ရသည်ဟု သိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထူတစ်ယောက်တွင် ဘုန်းကံရှိတုန်း လုပ်ချင်ရာလုပ်၍ ရပါသော်လည်း ဘုန်းကံနိမ့်သွားသောအခါတွင် ကိုယ် မတရားလုပ်ခဲ့သမျှ ကိုယ်ပြန်ခံရ၏။

ဦးပေသီးလုပ်ခဲ့သော အမြို့မြို့အနယ်နယ်မှ တစ္ဆေ၊ သူရဲများက ဦးပေသီးအား လာရောက်၍ ရန်ညှိုးလက်ဝါးချေလိုက်သည်ဟုပင် မှတ်ချက်ချကြ၏။

ဦးပေသီးသည် လယ်ပိုင်ရှင်၊ ယာပိုင်ရှင် မကျေနပ်ဘဲ ကျူးကျော်၍ တိုက်ဆောက်ထားခြင်းဖြစ်ရာ ယခု သူသေသွားသောအခါ ယာပိုင်ရှင်က သူ၏မြေကိုပြန်ယူသွားကြ၏။ ယခု ဦးပေသီး၏မြေနေရာမှာ ရပ်ကွက်ကလေးတစ်ခုဖြစ်နေချေပြီဖြစ်၏။

စကုရဲတပ်ဖွဲ့မှ ကားတိုက်ခံရ၍ သေဆုံးသွားသော အောင်သောင်း၏အလောင်းကို စစ်ဆေးကြည့်လိုက်သောအခါ သေသူ၏လက်ထဲမှ ဖြူနှင်းဖွေး၏ရွှေသွားနှစ်ချောင်းကို တွေ့ရလေရာ ...

အမှုသွားအမှုလာကို စစ်ဆေးလိုက်သောအခါ ၎င်းကိစ္စမှာ ဒွေးရိုးသားရိုးမဟုတ်။ သချိုင်းဖောက်သည့်ကိစ္စဖြစ်နိုင်ကြောင်းနှင့် အောင်သောင်း၏ဆိုးတူကောင်းဖက်သူငယ်ချင်း အောင်မောင်းကို ဖမ်းဆီးရန်အတွက် အောင်မောင်း၏အိမ်သို့ လာခဲ့ကြသည်။

"ပြေးဟေ့ ... ပြေးကွ"

"ပြေးနိုင်မှ လွတ်မယ်တဲ့ကွနော်"

"သရဲတွေလိုက်လာနေပြီ။ အောင်သောင်းရေ ... လွတ်အောင်ပြေးကွ"

"ဟေ့ကောင် ... အောင်သောင်း၊ မင်းယူထားတဲ့ ရွှေသွားနှစ်ချောင်းက ဦးပေသီးနဲ့ငါလည်း ဆိုင်တယ်ကွ။ မင်း တစ်ယောက်တည်း အပိုင်စီးဖို့ မကြံနဲ့"

"ပြေး ... ပြေး ... အောင်သောင်း၊ မင်းနောက်က ဖြူနှင်းဖွေးလိုက်လာနေတယ် ... လွတ်အောင်ပြေး"





"ဟား ဟား ဟား"

"ဟူး ... ဟူး ... ဟူး"

"ဟား ဟား ဟား"

အောင်မောင်း၏အိမ်သို့ ရဲများရောက်လာတော့ အောင်မောင်းတစ်ယောက် သွက်သွက်ခါအောင် ရူးနေသည်ကို တွေ့ကြရလေရာ ဖမ်းဆီးပြီး ဆေးစာရေး၍ ရန်ကုန်မြို့ရှိ အရူးထောင် (တံတားကလေး) စိတ္တဇဆေးရုံသို့ ရဲအစောင့်အကြပ်ဖြင့် ပို့လိုက်လေတော့သတည်း။


ဤ (သုံးယောက်ပေါင်း အလောင်းဖော်) ဖြစ်ရပ်မှာ လွန်ခဲ့သော အနှစ်(၄၀)က မကွေးတိုင်း၊ မင်းဘူး စကုမြို့နယ်၊ စကုမြို့တွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်ဖြစ်ပါ၍ အမည်များ ပြောင်းလွဲရေးသားလိုက်ပါသည်။

(ဂမ္ဘီရ) ပြဿနာများသည် လိုက်၍မမီအောင် ဆန်းကြယ်လှပေသတည်း ...။

သဗွေ၊ အနီစွ၊ သစ်ရ

**မရွှေညိုမိုး**

www.burmeseclassic.com



[ ၁ ]

❑

ကျွန်ုပ် ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်က သမိုင်းအဓိကဘာသာဖြင့် ဝိဇ္ဇာဘွဲ့ရရှိပြီးနောက် ထိုစဉ်က ပြည်သူ့ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (PSSTB) က ခေါ်ယူလျက်ရှိသော အရာရှိဝင်ပေါက် ရာထူးစာမေးပွဲများကို တစ်ခုပြီးတစ်ခု ဝင်ရောက်ဖြေဆိုခဲ့သည်။

ဌာနအသီးသီးမှ ရာထူးအမျိုးမျိုးဖြစ်သော်လည်း ကျွန်ုပ် အဓိက စိတ်ဝင်စားသော ရာထူးမှာ ပညာရေးဝန်ကြီးဌာနမှ ခေါ်ယူသော တက္ကသိုလ် နည်းပြဆရာ၊ ရာထူးများဖြစ်၏။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ တက္ကသိုလ် ဆရာအဖြစ် ရာထူးအဆင့်ဆင့်တက်ကာ အဓိပတိလမ်း၊ သစ်ပုတ်ပင်စသော ကုံကောတော၏ အလှတရားများကို ခံစားရင်း ဆရာတက္ကသိုလ်ဘုန်းနိုင်၊ တက္ကသိုလ်ခင်မောင်အေးတို့ကဲ့သို့ တက္ကသိုလ်နောက်ခံဘဝခံစားမှုရသ ဝတ္ထု များ ရေးဖွဲ့ရန်ဖြစ်၏။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ ကျွန်ုပ်ကပဲ ဉာဏ်ရည်မမီလို့လား၊ ကံကြမ္မာကပဲစေလွန်း၍လား မသိ။ အဆိုပါ ရာထူးစာမေးပွဲအောင်စာရင်းတွင် တစ်ကြိမ်တစ်ခါမှ ပါဝင်ခဲ့ခြင်း မရှိပါချေ။

ကံ့ကော်တောနှင့်ကား ဝေးခဲ့ပါလေပြီ။

တကယ်မမျှော်လင့်ဘဲ အောင်မြင်ပြန်တော့လည်း ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနက ခေါ်ယူသော ထောင်မှူးရာထူးတွင် ဖြစ်နေပါလေသည်။ မမျှော်လင့်ဘဲ ဆိုသည့်တိုင်အောင် ထိုရာထူးတွင် ရွေးချယ်ခံရဖို့ကလည်း လွယ်သည်တော့မဟုတ်။ လျှောက်လွှာ (၃၀၀၀) ကျော်ကို ဖြတ်သန်းကာ ပဏာမစစ်ဆေးခြင်း၊ ရေးဖြေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း စသည့် အတားအဆီးများကို အောင်မြင်စွာ ကျော်ဖြတ်လာပြီးမှသာ ထောင်မှူးတစ်ယောက် ဖြစ်လာနိုင်ခြင်းဖြစ်၏။

ထောင်မှူးအဖြစ်ရွေးချယ်ခံရသည်နှင့် အင်းစိန်ဗဟိုအကျဉ်းထောင်နယ်မြေထဲရှိ သင်တန်းကျောင်းတွင် အခြေခံစစ်ရေးပြ၊ အကျဉ်းထောင်လက်စွဲဥပဒေ စသည်တို့ကို စာတွေ့လက်တွေ့ လေးလကျော်တက်ရောက် သင်ကြားရ၏။ သင်တန်းပို့ချသူများမှာ ဆရာ ရန်အောင်မောင်မောင်တို့လို သမ္မာရင့်ဝါရင့် ထောင်ပိုင်ကြီးများဖြစ်၏။

ညနေပိုင်း ကာယလေ့ကျင့်ခန်း (P.T) အချိန်များတွင် အင်းစိန်ထောင်ကြီးကို ပတ်၍ ပြေးကြရ၏။ ထိုအခါ ရှေ့သို့ အထပ်ထပ်တက်၍ မည်းညစ်နေသော ထောင်နံရံမြင့်မြင့်ကြီးများကိုလည်းကောင်း၊ ထောင်ပတ်လမ်းတစ်လျှောက် ပုံစံအကျီလုံချည်ဖြူဝတ်ကာ ပေါက်ပြားကိုယ်စီကိုင်လျက်ချွေးတစ်လုံးလုံးဖြင့် အလုပ်လုပ်နေကြသော အပြင်ဘုတ်အကျဉ်းသားများကိုလည်းကောင်း မကြာခဏဆိုသလို တွေ့မြင်နေရ၏။

ထိုမြင်ကွင်းများက ကျွန်ုပ်မျက်စိထဲ နှစ်လိုဖွယ်ကား မရှိလှ။

ကျွန်ုပ်စိတ်ထဲမှာမူ အင်းလျားရေပြင်ကို ဖြတ်တိုက်လာသော အေးမြသင်းပျံ့သော လေညင်းကိုလည်းကောင်း၊ ခန့်ညားဝင့်ထည်ကျက်သရေရှိလှသော ဘွဲ့နှင်းသဘင်ကြီးကိုလည်းကောင်း တရိပ်ရိပ်ဖြင့် ယောင်နေမိ





လေသည်။ တစ်ချိန်တည်းမှာပင် မြကျွန်းသာ၏ ရဲရဲနီသော စိန်ပန်းပွင့်များနှင့်မွှေးပျံ့ပျံ့ ကံ့ကော်ပန်းတို့၏ ရနံ့များကိုသာ လွမ်းဆွတ်တမ်းတနေမိသည်။

သည်ထောင်ကြီး ပတ်လည်မှာတော့ ဘာပန်းဘာမွှေးရနံ့မျှ မခံစားရ။ စာရေးဆရာများ ရေးလေ့ရှိသည့် ဤဘဝတက္ကသိုလ်၊ အင်းစိန်ဆောာရမှာကား ဆရာငြိမ်းကျော်၏ စာအုပ်ထဲကလို ဆိတ်ဖလူးနံ့သင်းပျံ့ပျံ့ခံစားရသလိုတော့ အရှိသား။

သင်တန်းကာလတွင်း အင်းစိန်ထောင်ထဲ လေ့လာရေးဆင်းရ၏။ ထထမဆုံး ထောင်ဘူးဝဲသုံးထပ်ပေါ်ရှိ ဗဟိုကင်းကို လက်တွေ့လေ့လာကြရ၏။ ထိုဗဟိုကင်းပေါ်က အင်းစိန်ထောင်ကြီးထဲ လှမ်းမျှော်ကြည့်မိသောအခါကျွန်ုပ် စိတ်ဝယ်အိပ်မက်ထဲ ရောက်နေသလို ခံစားနေမိ၏။

အုတ်နီခဲရောင်သန်းနေသော အလယ်လမ်းမကြီး၊ အကျဉ်းသားအိပ်ဆောင်များ၊ တိုက်ခန်းများ၊ မီးခိုးတလူလူထွက်နေသော ဖိုဝိုင်းကြီးသည့် အဆောက်အဦတို့မှာ နိုင်ငံခြား ကာတွန်းစာအုပ်များထဲမှ တွေ့ရသော ရဲတိုက်ကြီးများနှင့် တူနေသယောင်ယောင်။ ဟိုမှသည်မှ ဥဒဟိုသွားလာနေကြသော အကျဉ်းသားတို့မှာ နာယောင်ယောင်ကောက်ကောက်နှင့်ရှုန်းမကြီး၏ ကျိန်စာမိနေကြသူများသဖွယ် ထင်မိသည်။

နောက်ပိုင်း သင်တန်းဆင်း၍ အင်းစိန်ထောင်မှာပင် တာဝန်ကျသောအခါ ထိုအကျဉ်းသားများမှာ သူလိုငါလို သာမာန်လူများသာဖြစ်ကြောင်း သိရတော့၏။ တစ်ခုတော့ရှိသည်။ သူတို့မှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိသူများတော့ မဟုတ်။ ပြစ်မှုကြွေးကို အုတ်ရိုးများအတွင်း ပေးဆပ်နေကြရသူများဖြစ်ကြ၏။

ထိုမှ ရာထူးအဆင့်ဆင့်တက်၊ အိမ်ထောင်ကျဖြင့် နယ်အကျဉ်းထောင်အလုပ်စခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသောအခါ အကျဉ်းသားအမျိုးမျိုး၊ စရိုက်အဖုံဖုံနှင့် ထိတွေ့ဆက်ဆံရ၏။ သို့သော် တူညီတာတစ်ခုတော့ရှိသည်။ သူတို့အားလုံးမှာ အကျဉ်းကျနေသူများပါပင်။

ဤထောင်အလုပ်မှာ ကျွန်ုပ်အဖို့ နဂိုက ရည်မှန်းထားသည်လည်းမဟုတ်။ ဝါသနာကလည်း မပါ။ ဘဝပေးကုသိုလ်အရ ကံဇာတ်ဆရာ၏



www.burmeseclassic.com

www.burmeseclassic.com



အစီအမံအတိုင်းတာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ပေရာ ကြာတော့ ဤအလုပ်ကို ငြီးငွေ့လာသည်။ တာဝန်ထမ်းဆောင်ရသည်ကိုလည်း မပျော်ပိုက်တော့။

သည်ကြားထဲ ဘဝအကျိုးပေးမကောင်း၍ အမှုကြီးတစ်မှုပင် ရင်ဆိုင်ဖြေရှင်းခဲ့ရသေးသည်။ ထိုအမှန်မှာ ပြစ်မှုထင်ရှားလျှင် အနည်းဆုံး ထောင်ဒဏ် (၁၀)နှစ်မှ တစ်သက်တစ်ကျွန်းအထိ ကျခံရနိုင်သည်။ ကျွန်ုပ်တစ်ယောက်တည်းတော့ မဟုတ်ပါ။ စုစုပေါင်း ထောင်အရာရှိဝန်ထမ်း ခုနစ်ယောက်တိတိ။ သို့သော် ကံအားလျော်စွာ ကျွန်ုပ်တို့အားလုံး ထိုအမှုမှ လွတ်မြောက်ခဲ့ရ။

သို့တစေ ကျွန်ုပ် သက်ပြည့်ပင်စင်နီးမှ ဖြစ်ပွားခဲ့သော ဌာနဆိုင်ရာအမှုကကား မလွတ်မြောက်နိုင်ခဲ့ပေ။ ကျွန်ုပ်တွင် တိုက်ရိုက်အပြစ်မရှိသော်လည်း တာဝန်ရှိသည်ဟုဆိုကာ မယူမနေရ ပင်စင်အပေးခံခဲ့ရ၏။ နာမည်ကောင်းဖြင့် ပြန်ထွက်လာခြင်းကား မဟုတ်။ သို့တစေ ပင်စင်ခံစားခွင့်ကတော့ တခြားသာမန်ဝန်ထမ်းတို့၏ နှစ်ပြည့်ပင်စင်ရပိုင်ခွင့်နှင့်တော့ အတူတူဖြစ်၍ တော်ပေးသေးသည်။

ဒီတော့ ကိုယ့်ဇာတာစန်းလက်ကို လှေ့လာကြည့်တော့ အင်္ဂါသားအဓိပတိဖွားဖြစ်ပေမဲ့ ထောင်နံ့စနေက ပုတိခွင်မှာကျနေသည်။ ထောင်နှင့်အကျိုးမပေးဆိုသည့် သဘော။

မှန်ပါသည်။ ကျွန်ုပ်နှင့် ထောင်မှူးသင်တန်း တစ်ပတ်စဉ်ထဲဆင်းသူငယ်ချင်းတစ်ယောက်မှာ စနေအထွန်းဖွားဖြစ်၏။ ထောင်နှင့် အကျိုးပေးလိုက်ပုံများ ပင်စင်မသွားခင်ကတည်းက ကိုယ်ပိုင်ကားနှင့် တိုက်နှင့်ဖြစ်နေပြီ။ စီးပွားရေးလုပ်ငန်းတစ်ခုကိုပင် အခြေချပြီးဖြစ်နေသည်။ စနေနံ့အကျိုးပေးပုံကို ပြောပါတယ်။

ပြီးတော့ ဣဋ္ဌနှင့်အနိဋ္ဌ သဘောအရ သံဃာတော်၊ သီလရှင်များ၊ ကျောင်းဆရာ၊ ဆရာမများနှင့် သမ္မာအာဇီဝဖြင့် ဈေးရောင်းသူ စသည်ကို ဣဋ္ဌဟုခေါ်သည်။ ထောင်၊ ရဲ၊ တရားရုံး၊ အချုပ်ခန်း၊ သချိုင်း စသည်တို့ကိုကား မစည်ကားအပ်သော အရပ်အနိဋ္ဌဟုဆိုကြသည်။





ကျွန်ုပ် ဇာတာတွင် စနေမှာ ပုတိဖြစ်ရာ အနိဋ္ဌ၏သဘောသက်ဝင်နေ၍ အကျိုးပေးကမကောင်း။ စနေနံ့အထွန်း၊ ရာဇ စသည်တို့မှာ ရောက်နေသူတို့မှာကား အကျိုးပေး ကံကောင်းလှပါဘိတော့။ ကျွန်ုပ်မှာမူ အင်္ဂါအဓိပတိအမြင့်ဖွားဖြစ်နေ၍သာ ပင်စင်ခံစားခွင့်ဖြင့် အကောင်းပကတိ ပြန်ထွက်လာနိုင်ခြင်းဖြစ်၏။ သို့ပေမဲ့လည်း သုမနကျော်မှာတော့ ဒဏ်ရာအပြည့်ပါလာသည်။

မည်သို့ဆိုစေ ထိုအကျိုးမပေးသော ထောင်လုပ်ငန်းနှင့် နှစ်ပေါင်းသုံးဆယ်မျှပင် ပင်ပင်ပန်းပန်း ရုန်းကန်ပြီး တာဝန်ထမ်းဆောင်ခဲ့ရပြီး ထောင်ပိုင်ကြီးရာထူးဖြင့် အငြိမ်းစားရခဲ့လေရာ ထိုအချိန်ကျမှ ဟင်းချနိုင်ကာ လွတ်ပြီကျွတ်ပြီဟု သေဒဏ်ကျအကျဉ်းသားထက်ပင် ဝမ်းသာပီတိဖြစ်ခဲ့ရသည်။

အခုမှပင် တာဝန်အရ တကွဲတပြားစီနေခဲ့ရသော မိသားစုနှင့် သိုက်သိုက်ဝန်းဝန်းဖြစ်နေရတော့မည်ဟုလည်း ကြည်နူးမဆုံးဖြစ်မိသည်။ ကျွန်ုပ်၏ မိသားစုမှာ ထိုအချိန်တွင် ဇနီး၊ သားသမီးသုံးယောက်အပြင် မြေးနှစ်ယောက်ရရှိနေပြီဖြစ်ရာ အလွန်ပျော်ရွှင်ကျေနပ်ဖွယ် သီရိဂေဟာလေးဖြစ်နေခဲ့ပါလေတော့၏။ ထိုအခါကျမှပင် တစ်သက်လုံး ရုန်းကန်ခဲ့ရသမျှ မိသားစုမျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ဘဝအမောကို ဖြေသိမ့်ရပါတော့သည်။

သို့တစေ ကံကြမ္မာသည် ထိုအချိန်အထိ ကျွန်ုပ်ဘက်က ရပ်တည်ပေးခဲ့ပါချေ။ ကျွန်ုပ်၏ ရွှင်မြူးသာယာဖွယ် သီရိဂေဟာကို ရက်ရက်စက်စက် အစိပ်စိပ်အမွှာမွှာဖြစ်အောင် ခွဲချေပစ်လိုက်ပါလေသည်။

တခြားတော့ မဟုတ်။ အသက် (၆၂)နှစ်မျှသာရှိသေးသော ကျွန်ုပ်၏ချစ်ဇနီးသည်အား အနာရောဂါနှိပ်စက်စေလျက် မိသားစုနှင့် ဝေးရာတမလွန်ဆီသို့ ရုတ်တရက်ပို့ဆောင်လိုက်၍ပဲ ဖြစ်ပါသည်။

ကျွန်ုပ်မှာ ထေရဝါဒဗုဒ္ဓဘာသာဝင်ပီပီ အနိစ္စသဘော၏ မမြဲခြင်းသဘောတရား၏ နှမြှင့်ညပျောက်သံဝေဂတရားများကိုလည်းကောင်းစွာနားလည်သဘောပေါက်ထားပါသော်လည်း ချစ်ဇနီးအား လူကောင်းပကတိ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှ သေမင်းနိုင်ငံသို့ ရုတ်တရက်ခေါ်ဆောင်သွားသည်ကိုကား ပုထုဇဉ်တစ်ယောက်အနေဖြင့် ခံနိုင်စွမ်းရည် မရှိခဲ့ပါ။

ချစ်ဇနီးဆုံးသည်နှင့် ကျွန်ုပ်၏ ရုပ်နာမ်ခန္ဓာကိုယ်တစ်ခုလုံး အရုပ်ကြိုးပြတ် ပုံးပုံးလဲကျမတတ် စိတ်ဓာတ်ပါ ကျဆင်းသွားရပါသည်။ နေ့စဉ်ပြုနေကျ လုပ်ငန်းဆောင်တာမှန်သမျှ ဘာတစ်ခုကိုမှ လုပ်ချင်ကိုင်ချင်စိတ်မရှိအောင် ယိုင်လဲပြိုဆင်းသွားခဲ့ရပါလေပြီ။

ချစ်ဇနီးနှင့်အတူ တမလွန်သို့ လိုက်ပါသွားလိုစိတ်ပါ တားမရအောင် ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ဇနီးသေဆုံးရသည်ကို မကျေနပ်စိတ်များလည်း တဖွားဖွား ပေါ်ပေါက်လာနေသည်။

သို့တစေ ဘယ်သူ့ကို မကျေနပ်ပါလေသနည်း။ လောကကြီးကိုလား၊ ရှင်သန်သွားလာနေသော လူတွေကိုလား၊ ချစ်ဇနီး စောစောစီးစီးခေါ်ဆောင်သွားသော ရှင်သေမင်းကိုလား၊ မသိ။ မသိ။ ဘာကိုမှ တိတိကျကျ မသိ။

တစ်ချိန်တည်းမှာပင် အရင်က မျှော်လင့်မထားခဲ့ဖူးသော အတွေးဆန်းများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာသည်။ လူဟာ ဘာလို့သေကြရတာလဲ။ မွေးရင် သေရမယ်ဆိုရင် ဘာလို့ မွေးဖွားလာသေးသလဲ။ မမွေးအောင် လုပ်၍မရဘူးလား။ သေသောသူနှင့် တစ်နေ့ ပြန်ဆုံနိုင်သေးလား။ လူသေရင် ဘယ်လိုဘဝမျိုးတွေ ရောက်တတ်သလဲ။

ကျွန်ုပ်မှာ ယင်းသို့ တောင်စဉ်ရေမရ တစ်ယောက်တည်း မေးခွန်းထုတ်နေမိရာ ထိုမေးခွန်းများကို ဖြေဆိုနိုင်မည့် ပုဂ္ဂိုလ်ကို စဉ်းစားကြည့်လိုက်သောအခါ ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာတော် ဦးစန္ဒိမာအား ပြေး၍သတိရမိသည်။

ဟုတ်ပါသည်။ ကျွန်ုပ်ငယ်စဉ်က ရှင်ပြုရဟန်းခံပေးခဲ့သော ဆရာတော် ဦးစန္ဒိမာမှာ ဓမ္မကထိက ကျမ်းဂန်တတ် ပုဂ္ဂိုလ်ဖြစ်ပေရာ ကျွန်ုပ်သိလိုသမျှ ဖြေဆိုနိုင်ကောင်းရဲ့ဟု တွေးမိသည်။ ထို့ကြောင့်လည်း ဇနီးသည်ရုတ်တရက် ကွယ်လွန်ခြင်းအပေါ် မယုံကြည်၊ လက်မခံနိုင်ဘဲ ဖြေမဆည်





နိုင်အောင်ခံစားနေရသော ကျွန်ုပ်၏ ရင်တွင်းဝေဒနာကို ဆရာတော်အား လျှောက်ထားတင်ပြရန်ကိုပါ စိတ်ကူးမိ၏။

သို့ဖြစ်ရာ ကျွန်ုပ်သည် ထိုနေ့မှစ၍ ဆရာတော်ဦးစန္ဒိမာသီတင်းသုံးကျောင်းထိုင်ရာ ဗဟန်းကြားတောရလမ်း ဓမ္မသုခတိုက်ရှိ ကျောင်းသစ်ကျောင်းသို့ နေ့စဉ် ရက်ဆက်ဆိုသလို ချောင်းပေါက်မတတ် ရောက်ခဲ့မိပါတော့၏။

ဤဇာတ်လမ်းသည် ကျွန်ုပ် လျှောက်ထားမေးမြန်းသမျှ သေခြင်းတရားနှင့်ပတ်သက်သော မေးခွန်းများကို ဆရာတော် ဦးစန္ဒိမာက ဘုရားဟောကျမ်းဂန်အထောက်အထားဖြင့် ပြန်လည်ဖြေကြားခဲ့သော အခြေများဖြစ်ပါလေသည်။

✿ ✿ ✿

[၂]

❑

"ဒကာကြီး . . . ဘုရားသိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးမြင်ရာမှာ သူသေဆိုတာ ဘယ်လိုအရာကို ခေါ်တာလဲလို့ မေးမြန်းတဲ့အခါ ရထားထိန်းမောင်ဆန်က ဒီလို ပြန်ဖြေသတဲ့ကွယ့်"

"တင်ပါ့ဘုရား"

"အရှင်မင်းသား သူသေဆိုသည်မှာ ဆွေမျိုးမိဘများနှင့် နောင်ဘယ်သောအခါမှ ပြန်မတွေ့ရတော့သောသူ ဖြစ်ပါသည်လို့ ဖြေသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့လည်း လူတိုင်းဟာ မိဘဆွေမျိုးတွေနဲ့ အတူတကွ ထာဝရ နေလိုကြတယ်လေ။ ဘယ်သူမှ မသေလိုကြဘူး။ သေရမှာကို အလွန်ကြောက်ရွံ့ကြတယ်။ ဒါပေမဲ့ လောကမှာ လူဖြစ်လာရင် သေကြရမှာချည်းပဲလေ။ လူတွေက မသေဆေးအမျိုးမျိုး ရှာကြပြီး မသေအောင် နည်းမျိုးစုံနဲ့ ကြံစည်စိတ်ကူးနေကြပေမဲ့ ဘယ်သူမှ မအောင်မြင်နိုင်ကြပါဘူး။ ပုခက်ပေါ်ရောက်သူတိုင်း ခေါင်းထဲရောက်ရမည်ဆိုတဲ့ စကားလိုပဲ မွေးဖွားလာတဲ့ သတ္တဝါမှန်သမျှ သေခြင်းတရားကို ရှောင်လွှဲလို့မရဘဲ အချိန်တန်ရင် ကေန်မုချ သေကြရမှာမဟုတ်လား ...ဒကာကြီး"

"တင်ပါ့ ဘုရား"

"အရေးကြီးတာက သေခြင်းတရားကို မကြောက်ဖို့ပဲကွယ်။ အဲလို မကြောက်အောင်လည်း အသေမဦးခင် ဉာဏ်ဦးစေလို့ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့သလို ဝိပဿနာ ကျင့်ကြံအားထုတ်နေဖို့တော့ လိုလိမ့်မယ်။ နို့မို့ဆို သေခါနီး ကြောက်စိတ်ကြောင့် အလွဲလွဲအမှားမှားဖြစ်ပြီး နောက်ဘဝလားရာဂတိတွေ မကောင်းနိုင်ကြဘူးကွယ့် ဒကာကြီး"

"တင်ပါ့ဘုရား ...လားရာဂတိ ဘယ်နှစ်ပါးလောက်ရှိပါသလဲ"

"ရှေးဘဝဘဝက ပြုလုပ်ခဲ့တဲ့ကံကြောင်း ဖြစ်ရတဲ့ ရုပ်နာမ်ခန္ဓာကို ဘဝလို့ခေါ်တယ်။ ဘဝကို ဂတိနဲ့တွဲပြီး သုံးလေ့ရှိသကွယ့်။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသကိုယ်တိုင်ရေးတစ်ဘဝသံသရာစာအုပ်ထဲမှာတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ်ဗြဟ္မာလို့ လားဂတိငါးမျိုးရှိကြောင်း တွေ့ရတယ်ကွယ့်"

"တင်ပါ့ ဘုရား"

"ဆရာတော်ဘုရားကြီးရဲ့ အဆိုနဲ့အညီ ဗုဒ္ဓဘာသာဝင်တို့ဟာ လက်ရှိဘဝအပြင် ရှေးရှေးကလည်း ဘဝများစွာရှိခဲ့ဖူးပြီး နောက်နောင်လည်း ဘဝတွေ ဆက်ဖြစ်ရဦးမယ်ကွယ့်။ သံသရာမှာ တစ်ဘဝပြီးတစ်ဘဝ အသစ်တစ်ဖန် ကျင်လည်နေကြရတယ်လေ။ အဲလိုကျင်လည်ရမယ့် ဘဝတွေ





ကတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ် (၄)ဘုံ၊ လူ့ဘုံနဲ့ နတ်ပြည်ခြောက်ထပ်ဖြစ်တဲ့ ကာမသုဂတိ (၇)ဘုံနဲ့ ဗြဟ္မာ့ဘုံ (၂၀) ဆိုပြီး စုစုပေါင်း (၃၁)ဘုံရှိတယ်လို့ နားလည်ကြတယ်မဟုတ်လား"

"တင်ပါ့ ...ဘုရား၊ ငရဲကြီးရှစ်ထပ်ဆိုတာ ဘယ်လိုဟာတွေလဲဘုရား"

"ငရဲဘုံဆိုတာ ကောင်းမှုကုသိုလ်ပြုခွင့်မရဘဲ ဒုက္ခဆင်းရဲကို အမြဲမပြတ် ခံနေရတဲ့ နေရာပဲကွယ့်။ ဒီကမ္ဘာမြေကြီးအောက် ယူဇနာပေါင်း တစ်သောင်းငါးထောင် ကွာဝေးတဲ့အရပ်မှာ ဥမင်လိုဏ်ကြီးသဖွယ် သိဦးငရဲ ဆိုတာရှိတယ်။ အဲဒီအောက်အဆင့်ဆင့်မှာ ကာဠသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တပနငရဲ၊မဟာတပနငရဲ၊ အဝီစိငရဲဆိုပြီး ငရဲကြီးရှစ်ထပ်ရှိသကွယ့်။ အဲဒီ ငရဲကြီးရှစ်ထပ်မှာ ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ သက်ပံတောငရဲ၊ သံလျက်တောငရဲ၊ သံရည်မြစ်ငရဲဆိုပြီး ငရဲငယ်ငါးထပ်က တံတိုင်းခတ်ထားသလို ဝန်းရံပတ်နေကြတယ်တဲ့ကွယ်"

"တင်ပါ့ ဘုရား"

"တိရစ္ဆာန်ဆိုတာက ကုန်းနေ၊ ရေနေ အခြေလေးချောင်း၊ အခြေနှစ်ချောင်း၊ အခြေမရှိတဲ့ သတ္တဝါ( လူကလွဲပြီး) တွေကို ခေါ်တာပဲကွယ့်။ တိရစ္ဆာန်တွေရဲ့ ဆင်းရဲခြင်းဟာ လူတို့ရဲ့ မျက်မြင်ပဲဖြစ်တယ်။ ရာသီဥတုဒဏ်၊ အစားအသောက်ဆင်းရဲခြင်း၊ တစ်ကောင်နဲ့တစ်ကောင် ကြီးနိုင်ငယ်ညှင်းခံရတာ၊ ခြင်၊ ယင်၊ ပုရွက်၊ သန်း စတဲ့ ပိုးမွှားအကိုက်ခံရတဲ့ ဆင်းရဲခြင်းဒုက္ခတွေကို ဒကာကြီးတို့ မြင်တွေ့နေရတယ် မဟုတ်လား"

"တင်ပါ့ ဘုရား"

"ပြိတ္တာတို့၊ အသူရကာယ်တို့ကျတော့ လူနဲ့ဝေးတဲ့ တောချုံပိတ်ပေါင်း၊ တောင်စောင်း၊ လိုဏ်ဂူတို့ကို အမှီပြုပြီး ဆင်းရဲထူပြောစွာ ခံစားနေကြရတဲ့ သတ္တဝါပဲကွယ့်။ လူဖြစ်ခဲ့စဉ်ဘဝက ငြူစူဝန်တိုခြင်းများပြားပြီး မိမိကိုယ်တိုင်လည်း ပေးကမ်းစွန့်ကြဲခြင်းမရှိ၊ သူတစ်ပါးကို ပေးကမ်းလှူဒါန်းတာကိုလည်း တားမြစ်ခဲ့သူတို့ဖြစ်တယ်။ အဲဒီ မကောင်းမှုတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝတ်ခြင်း၊ ရေမွတ်သိပ်ခြင်း စတဲ့ ဒုက္ခတွေကို ခံစားကြရပြီး နှစ်ပေါင်း သိန်းသန်းကာလပတ်လုံးမှာပဲဖြစ်ဖြစ် မကျွတ်မလွတ်နိုင်ကြဘူးတဲ့။ အဲဒီ ကာလပတ်လုံးတွေမှာလည်း ထမင်းတစ်လုံး၊ ရေတစ်ပေါက်မှ မစားရ မသောက်ရဘဲ ဒုက္ခကြီးစွာ ခံစားနေရတဲ့ သတ္တဝါတွေပဲတဲ့ ဒကာကြီး''

''တင်ပါ့ ဘုရား''

''သင်္ဂါယနာဝင်၊ အဋ္ဌကထာဋီကာကျမ်းကြီးတွေမှာ ဖော်ပြထား တဲ့အတိုင်းဆိုရင် အဲလို ပြိတ္တာမျိုး (၁၂)မျိုးတောင်ရှိသေးသတဲ့။ အကျယ်ကို တော့ ဘုန်းကြီး မရှင်းပြတော့ဘူး။ ဒကာကြီးအားတဲ့အခါ ရှာဖတ်ကြည့်ပေါ့ ကွယ်''

''တင်ပါ့ ဘုရား''

''နတ်ဘုံမှာတော့ (၆)ထပ်ရှိသကွယ်။ စတုမဟာရာဇ်၊ တာဝတိံ သာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတီ၊ ပရနိမ္မိတ၊ ဝသဝတ္တီတို့ဖြစ်တယ်။ စတု မဟာရာဇ်နတ်ပြည်ကတော့ လူ့ပြည်နဲ့ ဆက်စပ်နေပြီး ရုက္ခစိုး၊ ဘုမ္မစိုး စတာတွေဟာ စတုမဟာရာဇ်နတ်မျိုးတွေပဲကွယ့်။ နတ်ပြည်တွေဟာ ကောင်း ကင်မှာ အဆင့်ဆင့်မြင့်ပြီး တည်ရှိကြတယ်။ ယေဘုယျအားဖြင့် နတ်စည်း စိမ်ဟာ လူစည်းစိမ်ထက် နေရာတိုင်းမှာ သာလွန်သတဲ့။ နတ်အားလုံးဟာ အသက်(၂၀)အရွယ် နတ်သား၊ အသက် (၁၆)နှစ်အရွယ်နတ်သမီးတွေ ချည်းပဲဖြစ်ပြီး ဆံဖြူ၊ သွားကျိုး၊ နားအူ၊ မျက်မွဲ၊ အရေတွန့်တာတွေ မရှိ ဘဲ ပကတိအလှမပျက် တစ်သက်လုံး တည်ရှိနေသတဲ့။ နတ်ဩဇာကိုပဲ စား သုံးရတာမို့လို့ ခန္ဓာကိုယ်မှာ အလေးအပေါ့သွားရတာတွေ မရှိဘဲ နတ်သမီး တို့မှာလည်း မမွတာသွေးအညစ်အကြေး ကင်းစင်ကြတယ်တဲ့။ ပြီးတော့ နတ်ဒေဝီတို့မှာ ကိုယ်ဝန်ဆောင်ရခြင်းဒုက္ခ မရှိကြဘဲ သားသည်ဖြစ်ထိုက်တဲ့ နတ်သားနတ်သမီးတို့ဟာ ရင်ခွင်မှာဖြစ်ဖြစ် အိပ်ရာပေါ်မှာဖြစ်ဖြစ် အလိုလို ဖြစ်ပေါ်လာသတဲ့ကွယ်။ နတ်သားနတ်သမီးတွေမှာလည်း ကုသိုလ်ကံ ကွာ ခြားသလို ဘုံဗိမ္မာန်နဲ့ ရုပ်အဆင်းပါ ကွာခြားတတ်ကြသတဲ့ကွယ့် . . . ဒကာ ကြီး''





''တင်ပါ့ ဘုရား။ ဖြဟ္မာတွေကျတော့ကော ဘယ်လိုနေရထိုင်ရ လဲ ဘုရား''

''ဗြဟ္မာ့ဘုံကိုရောက်ဖို့ ဈာန်ရတဲ့အထိ အားထုတ်ရတယ်။ ဈာန် ကုသိုလ်တရားကြောင့် ဗြဟ္မာတို့ဟာ အလွန်တည်ကြည်ငြိမ်သက်ကြတယ်။ သားသမီး၊ ဇနီးမောင်နှံရယ်လို့ မရှိကြဘဲ ဗြဟ္မာအားလုံးဟာ ယောက်ျား အသွင်သဏ္ဌာန်ရှိကြပေမဲ့ သူတို့မှာ ယောက်ျားင်္ဂါ၊ မိန်းမအင်္ဂါတွေ မပါကြ ဘူး။ ဒါကြောင့်မို့ ကာမဂုဏ်ချမ်းသာကို မခံစားကြရဘူးတဲ့။ နတ်ဘုံနတ် နန်းတို့ထက် ခမ်းနားလှတဲ့ ဗိမ္မာန်ဥယျာဉ်တွေမှာ လူယောဂီသူတော်စင် တွေနည်းတူ တချို့က မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းပြီး တချို့က ဈာန် ဝင်စားပြီး အေးချမ်းငြိမ်သက်စွာ စံမြန်းကြရတယ်။ လူ့ပြည်မှာ အချင်းချင်း အတန်းအစားကွာခြားသလို ဗြဟ္မာချင်းလည်း အတန်းအစား ကွာခြားသတဲ့ ကွယ့်။ လူ့ပြည်မှာ အရိယာအဖြစ် မဂ်ဖိုလ်ရခဲ့လို့ ဗြဟ္မာ့ဘုံရောက်ခဲ့ရင် ဗြဟ္မာ့ဘုံအောက်က ကာမဘုံကို ပြန်ပြီး ပဋိသန္ဓေမတည်တော့ဘဲ အဆင့် ဆင့် ဉာဏ်ရင့်ပြီး ရဟန္တာဖြစ်လို့ နိဗ္ဗာန်စံကြရတယ်။ အရိယာမဖြစ်သေး ရင်တော့ သူတို့ရဲ့ဈာန်အဟုန်ကုန်တဲ့အခါ လူ့ဘုံ၊ နတ်ဘုံ စတဲ့ အောက်ကာမ ဘုံတွေဆီ တစ်ဆင့်ပြန်ရောက်ကြပြီး ကံအကြောင်းမသင့်လို့ လျှောကျပြန် တဲ့အခါ အပါယ်လေးပါးမှာ ငရဲကောင်၊ ပြိတ္တာကောင်၊ တိရစ္ဆာန်ကောင် တောင် ဖြစ်နိုင်သေးသတဲ့ . . . ဒကာကြီးရဲ့''

''တင်ပါ့ ဘုရား။ (၃၁)ဘုံနဲ့ ပတ်သက်ပြီး ရှင်းပြလို့ တပည့်တော် သဘောပေါက်ပါပြီ။ တပည့်တော်သိချင်တာက တပည့်တော်ရဲ့ဇနီးဟာ အဲဒီ (၃၁)ဘုံထဲက ဘယ်လိုဘုံမျိုးကို ရောက်သွားနိုင်လဲဆိုတာပါ ဘုရား''

ဆရာတော်က လက်ကာပြတော့ . . .

''ဒကာကြီး . . . ဒီမေးခွန်းကိုမေးဖို့ အခုနေအခါ စောသေးတယ် လို့ ဘုန်းကြီးထင်တယ်။ ဒကာကြီးသိချင်တဲ့ သေခြင်းတရားနဲ့ပတ်သက်ပြီး အခု ဘုန်းကြီးဆက်ရှင်းပြမယ့် ဘုရားဟောမယ့် အကြောင်းတရားတွေကို စိတ်ရှည်ရှည်ထားလို့ နာယူပြီး အဲဒီမေးခွန်းတွေကို မေးမယ်ဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒကာကြီးအနေနဲ့ သူ့အလိုအလျောက် ရှင်းလင်းနားလည်လာမယ်လို့ ဘုန်းကြီး ယူဆမိတယ်လေ"

"တင်ပါ့ ...ဘုရား၊ တပည့်တော် သဘောပေါက်ပါပြီ။ ဒါဆို အရှင်ဘုရား မိန့်ကြားမယ့် တရားတော်တွေကို ဆက်ပြီး နာယူပါရစေ ဘုရား"

"အိမ်း ...ဘုန်းကြီး ဆက်ဟောကြားချင်တာကတော့ ဗုဒ္ဓရဲ့ အဘိဓမ္မာတရားတော်အရ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးတစ်ယောက် သေဆုံးရခြင်း အကြောင်းတရား လေးပါးပဲကွယ့်။ အဲဒါတွေကတော့ (၁) သက်တမ်းကုန်ခြင်း၊ (၂) ကံအစွမ်းကုန်ခြင်း၊ (၃) သက်တမ်းနှင့် ကံအစွမ်းကုန်ခြင်း နှစ်မျိုးလုံးကုန်ခြင်း၊ (၄) ဥပစ္ဆေဒကကံက သတ်ခြင်းစတဲ့ လေးပါးပဲကွယ့်"

"တင်ပါ့ ဘုရား"

"ဥပမာ ဆီမီးငြိမ်းရာမှာ ဆီကုန်ခန်းလို့ ငြိမ်းတာ၊ မီးစာကုန်လို့ ငြိမ်းတာ၊ ဆီနဲ့မီးစာနှင့် နှစ်မျိုးလုံးကုန်လို့ငြိမ်းတာနဲ့ လေပြင်းတိုက်ခတ်တာ၊ တမင်ငြိမ်းသတ်ခံရတာ စတာတွေ သဘောမျိုးပေါ့ကွယ်။ ဒီတော့ သက်တမ်းကုန်လို့ သေဆုံးခြင်းဆိုတာက ၃၁ ဘုံအသီးသီးမှာ သတ်မှတ်ထားတဲ့ သက်တမ်းတွေရှိတယ်။ လူ့သက်တမ်းဟာ (၁၀) နှစ်တန်းက နှစ်တစ်သိန်းတန်းအထိ ရှိနိုင်တယ်။ ခုအချိန်အခါက ဆုတ်ကပ်ဖြစ်တယ်။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူချိန်မှာ လူသက်တမ်းက တစ်ရာတန်းဖြစ်တယ်။ နှစ်တစ်ရာမှာ တစ်နှစ်ဆုတ်တဲ့အတွက် အခု သာသနာ ၂၅၀၀ ကျော်လွန်ပြီဖြစ်လို့ လက်ရှိလူ့သက်တမ်းဟာ (၇၅)နှစ် သက်တမ်းဖြစ်တယ်လေ။ ရှေးကံနည်းရင် (၇၅)နှစ်အထိ မနေနိုင်ကြဘူးကွယ့်။ ဒါကြောင့် (၇၅)နှစ်မှာ သေဆုံးရင် သက်တမ်းကုန်လို့ သေဆုံးတာဖြစ်တယ်။ ဆီကုန်လို့ မီးငြိမ်းတဲ့ သဘောပေါ့ကွယ်"

"တင်ပါ့ ဘုရား"

"ကံကုန်ခြင်းကျတော့ ဘဝတစ်ခုကို စီမံပေးလိုက်တဲ့ကံဟာ ပဋိသန္ဓေတည်ချိန်ကစပြီး မိမိသတ္တိ မကုန်သေးသမျှ ဘဝမပြတ်အောင် (မသေ





အောင်) အစဉ်အမြဲ ဖန်တီးပေးနေတယ်ကွယ့်။ ဒီကံအစွမ်းကို အားပေးကူညီတဲ့ တခြားကံတွေလည်း ရှိသေးတယ်။ ဒီကံအစွမ်းကို အားပေးကူညီတဲ့ တခြားကံတွေလည်း ရှိသေးတယ်။ မူလကံနဲ့ အားပေးတဲ့ကံတို့ရဲ့ အစွမ်းကုန်ရင် သက်တမ်းမကုန်သေးပေမဲ့ သေကြရတယ်။ (၇၅)နှစ်တန်းမှာ ကံအစွမ်းက အသက်(၆၀)အထိပဲရှိရင် (၆၀)အရွယ်မှာ သေကြရတယ်။ ဒါ ကံစွမ်းကုန်လို့ သေဆုံးတာဖြစ်ပြီး ဆီမကုန် (သက်တမ်းမကုန်သေးပေမယ့်) မီးစာကုန်လို့ မီးငြိမ်းရတဲ့သဘောပေါ့ ...ဒကာကြီး"

"တင်ပါ့ ...ဘုရား။ သက်တမ်းရော ကံပါ နှစ်မျိုးကုန်ဆုံးတာကျတော့ကော ဘုရား"

"သက်တမ်း (၇၅)နှစ်နေရန် ကံအစွမ်းပါလာသူ (၇၅)နှစ်မှာ သေဆုံးရင် အဲဒါကို သက်တမ်းနဲ့ကံအစွမ်း နှစ်မျိုးလုံးကုန်လို့ သေဆုံးခြင်းလို့ ခေါ်တယ်။ ဆီလည်းကုန်၊ မီးစာလည်း ကုန်လို့ မီးငြိမ်းရတဲ့သဘောပေါ့ကွယ်"

"တင်ပါ့ ...ဘုရား။ ဥပစ္ဆေဒကကံကြောင့် သေရတာကရော ဘုရား"

"မိဘ၊ ဆရာသမား၊ ဂုဏ်ကြီးတဲ့သူတွေကို စော်ကားတဲ့သူတွေဟာ အဲဒီကံကြောင့် သက်တမ်းစေ့မနေရဘဲ မမျှော်လင့်တဲ့အကြောင်းတစ်ခုကြောင့် ရုတ်တရက်သေဆုံးကြရတတ်တယ်ကွယ့်။ သတိမရှိ၊ ဉာဏ်မရှိလို့ အစားမတတ်၊ အသွားမတတ်သူများလည်း သေချိန်မကျဘဲ သက်တမ်းမကုန်ဘဲ သေကြရတယ်။ ရှေးဘဝက တစ်ပါးသူကို မကောင်းမှုဒုစရိုက် ပြုခဲ့သူတွေဟာ အခုဘဝမှာ သူတစ်ပါးလက်နက်နဲ့ သေရခြင်း၊ မတော်တဆ ဖြစ်လို့သေရခြင်း စတာတွေဖြစ်တတ်တယ်။ ဒါဟာ ဆီရော မီးစာပါ ရှိပါရက်နဲ့ လေပြင်းတိုက်ခတ်တာ၊ တမင်ငြိမ်းသတ်ခံရလို့ မီးငြိမ်းသွားတာမျိုးပေါ့ကွယ်"

"တင်ပါ့ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က အသင့်ငုံ့ပေးထားသော ရေနွေးကြမ်းတစ်ခွက်ကို ယူ၍ တဖြည်းဖြည်း သောက်နေလေသည်။ ပြီးမှ ချောင်းတစ်ချက်ဟန့်လိုက်ကာ . . .

"ဘုန်းကြီး အခု ဆက်ပြောချင်တာက လူတို့ ကွယ်လွန်ခါနီးမှာ နိမိတ်ထင်လာတတ်ပုံအကြောင်းပဲကွယ့်။ လူသာမက ဘယ်သတ္တဝါမဆို သေဆုံးခါနီးမှာ နိမိတ်သုံးပါး ထင်ပြီးမှ သေဆုံးကြရတယ်ကွယ့်။ အိပ်ပျော်နေတုန်း သေဆုံးတာဖြစ်ဖြစ် ရုတ်တရက် သေဆုံးတာပဲဖြစ်ဖြစ် နိမိတ်ထင်ပြီးမှ သေဆုံးကြရတယ်ကွယ့်"

"တင်ပါ့ ဘုရား။ လူတွေသေဆုံးခါနီးရင် ဘယ်လိုနိမိတ်မျိုး ထင်တတ်ပါသလဲဘုရား"

"သေဆုံးတော့မယ်ဆိုရင် (၁) ကံနိမိတ်၊ (၂) ကမ္မနိမိတ်၊ (၃) ဂတိနိမိတ်ဆိုပြီး နိမိတ်သုံးမျိုးထဲက တစ်မျိုးမျိုး ထင်လာတတ်ကြတယ်ကွယ့်။ ဒါနသီလ စတဲ့ကောင်းမှုကုသိုလ်များများပြုခဲ့သူတွေ သေခါနီးရင် ကောင်းသော ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တွေ ထင်လာတတ်တယ်။ သူ့အသက်သတ်ခြင်း၊ မကောင်းတဲ့ အကုသိုလ်တွေ ပြုလုပ်ခဲ့ကြသူတွေမှာဆိုရင်တော့ မကောင်းတဲ့ ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တွေ ထင်လာတတ်ကြတာပေါ့ကွယ်"

"တင်ပါ့ . . . ဘုရား။ အဲဒီ နိမိတ်သုံးပါးရဲ့ အဓိပ္ပာယ်ကရော ဘုရား"

"ကံနိမိတ်ဆိုတာ အသက်ရှင်နေခိုက် မိမိတို့ ပြုကျင့်ခဲ့တဲ့ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ (စေတနာ)တို့ကြောင့် ထင်လာတဲ့နိမိတ်ဖြစ်တယ်။ ကမ္မနိမိတ်ဆိုတာ အဲဒီ ကုသိုလ်နဲ့ အကုသိုလ်ပြုစဉ်က တွေ့ကြုံသုံးစွဲခံရတဲ့ အရာဝတ္ထုများ နိမိတ်ထင်လာတာပဲကွယ့်။ ဂတိနိမိတ်ဆိုတာကျတော့ သေဆုံးပြီး မိမိရောက်သွားရမယ့် ကောင်းတဲ့ ဘုံဘဝ၊ မကောင်းတဲ့ ဘုံဘဝ စတာတွေကို ကြိုတင်မြင်တွေ့ နိမိတ်ထင်လာပုံတွေပဲကွယ့် . . . ဒကာကြီး"

"တင်ပါ့ . . . ဘုရား။ တပည့်တော် သဘောပေါက်အောင် နိမိတ်သုံးပါးရဲ့ အကျယ်သဘောကို ဟောကြားတော်မူပါလား ဘုရား"





"သေဆုံးချိန်မရောက်ခင် စက္ကန့်ပိုင်းအလိုမှာဖြစ်ဖြစ်၊ နာရီဝက်၊ တစ်နာရီအလိုမှာဖြစ်ဖြစ် ရက်ပေါင်းလပေါင်း၊ နှစ်ပေါင်းများစွာ ဘဝပေါင်း၊ ကမ္ဘာပေါင်းများစွာ ကွာခြားတဲ့အခါကဖြစ်ဖြစ် ပြုခဲ့တဲ့ ကံအမျိုးမျိုးတို့ဟာ နောင်ဘဝသစ်မှာ အကျိုးပေးခွင့်ကြုံလာရင် ကွယ်လွန်ခါနီးကာလမှာ ထင်လာတတ်တယ်ကွယ့်။ အဲဒါကို ကံနိမိတ်လို့ခေါ်တယ်။ ကောင်းမှုကုသိုလ်ကံများခဲ့ကြတဲ့ ပုဂ္ဂိုလ်သတ္တဝါတို့ ကွယ်လွန်ခါနီးရင် ရှေးက မိမိပြုခဲ့ဖူးတဲ့ ဒါနကုသိုလ်ကံ၊ သီလကုသိုလ်ကံ၊ ဘာဝနာကုသိုလ်ကံတို့ကို ပြန်အမှတ်ရတဲ့သဘောနဲ့ စိတ်ထဲ အလိုလိုဖြစ်ပေါ်လာပြီး ထင်မြင်လာတတ်တယ်။ အဲဒါကို ကုသိုလ်ကံနိတ်မိတ်လို့ ခေါ်တယ်ကွယ့်။ အဲဒီလိုပဲ လူသတ်မှု၊ ခိုးမှု ကာမမှု စတဲ့ အကုသိုလ်အလုပ်တွေ လုပ်ခဲ့သူတွေဟာလည်း စိတ်ထဲမှာ အဲဒါတွေကို ပြန်မြင်လာတတ်တယ်။ အဲဒါကို မကောင်းမှုအကုသိုလ်ကံနိမိတ်လို့ ခေါ်တယ် . . . ဒကာကြီး"

"တင်ပါ့ ဘုရား"

"ကမ္မနိမိတ်ကျတော့ ပုဂ္ဂိုလ်သတ္တဝါတွေ ကွယ်လွန်ခါနီးရင် မိမိပြုလုပ်ခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်တွေကို လုပ်ကိုင်ခဲ့စဉ်က ပုံရိပ်တွေကို ပြန်လည်မြင်ယောင်လာခြင်းမျိုးဖြစ်တယ်။ ဥပမာ ကုသိုလ်ကံပြုခဲ့သူများမှာ ဒါနပြုရာ ကျောင်း၊ ဘုရား တည်ဆောက်ကိုးကွယ်သူဖြစ်ရင် ကျောင်း၊ ဘုရားပုံတော်ကို ရေစက်အလှူဒါန်းနေပုံ စသဖြင့် ကောင်းတဲ့ ကမ္မနိမိတ်တွေက ထင်လာတတ်တယ်။ အကုသိုလ်ပြုခဲ့သူများကျတော့ သူတစ်ပါးကို သတ်နေပုံ၊ သူများပစ္စည်း ခိုးနေပုံ၊ ကာမကျူးလွန်နေပုံ စတဲ့ မကောင်းတဲ့ကမ္မနိမိတ်ပုံရိပ်တွေ ထင်မြင်လာတတ်တယ်။ သတ်ဖြတ်စဉ်က အသုံးပြုခဲ့တဲ့ ဓား၊ တုတ်၊ သေနတ် စတဲ့လက်နက်တွေကိုပါ ကမ္မနိမိတ်များ ပြန်မြင်ယောင်လာတတ်တယ်ကွယ့်"

"တင်ပါ့ ဘုရား"

"ဂတိနိမိတ်ဆိုတာကျတော့ ပုဂ္ဂိုလ်သတ္တဝါတွေ နောက်ဘဝသစ်မှာ ကြုံတွေ့ရမယ့် လားရာဂတိ အာရုံပုံရိပ်တွေကို ထင်ဟပ်မြင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



လာတတ်တာမျိုးပဲကွယ့်။ ကောင်းမှုကုသိုလ်ပြုခဲ့သူများဟာ နောင်ဘဝမှာ မိမိတို့ ရောက်ရှိသွားရောက်ရမယ့် ဘုံဘဝရဲ့ သာယာဖွယ်၊ အဆောက်အဦး ဥယျာဉ်၊ ဗိမ္မာန်၊ နတ်သမီး၊ နတ်သား၊ နတ်ရထားတွေ ထင်လာတတ်တယ်။ လူ့ပြည် ပြန်ရောက်မယ့်သူဟာ အမိဝမ်းရေရဲ့ နီနီရဲရဲအဆင်း၊ လူ၊ အိမ်ရာ အဆောက်အဦတွေကို ထင်မြင်လာတတ်တယ်ကွယ့်။ မကောင်းမှု အကုသိုလ် ပြုခဲ့သူတွေမှာတော့ နောင်ဘဝမှာ မိမိတို့ သွားရောက်ရမယ့် မနှစ်သက်ဖွယ်၊ ကြောက်မက်ဖွယ်ရာတွေကို မြင်ယောင်လာတတ်တယ်။ တိရစ္ဆာန်ဘုံရောက်မယ့်သူက တိရစ္ဆာန်တွေရဲ့နေရာ၊ တိရစ္ဆာန်မိခင် ပုံပန်းသဏ္ဌာန် ငရဲကျမယ့်သူဟာ ငရဲမီး၊ ငရဲထိန်း၊ ခွေးနက်ကြီး၊ ပြိတ္တာဖြစ်မယ့်သူဟာ မိမိနေထိုင်ရမယ့် တောတောင်မြစ်ချောင်း၊ သမုဒ္ဒရာတောတွေကို ကြိုတင်ပြီး ထင်မြင်လာတတ်တယ်။ အဲဒါတွေဟာ အကုသိုလ်ဂတိနိမိတ်ထင်လာတာပဲ ... ဒကာကြီး"

"တင်ပါ့ ... ဘုရား။ ဒါနဲ့ အရင်က ကွယ်လွန်ခါနီး ဒီလို နိမိတ်သုံးပါး ထင်လာခဲ့ဖူးတဲ့သူတွေ မရှိဘူးလား ဘုရား"

"ရှိတာပေါ့ ... ဒကာကြီးရယ်။ မြတ်ဗုဒ္ဓကိုယ်တိုင်ဟောကြားခဲ့တဲ့ ဖြစ်ရပ်တွေ အများကြီးရှိတာပေါ့။ ဒါပေမဲ့ အဲဒါအားလုံးကိုတော့ ဘုန်းကြီး မပြောတော့ဘူး။ ဒကာကြီးနားလည်အောင် နမူနာတစ်ခုလောက်တော့ ပြောလိုက်မယ်၊ ဘုရားလက်ထက်က ရေဝတီအမည်ရှိတဲ့ အမျိုးသမီးဟာ ကျောင်းဒကာကြီး နန္ဒိယသူကြွယ်ရဲ့ ဇနီးဖြစ်တယ်။ မကွယ်လွန်ခင်ကပင် နတ်ပြည်မှာ ဘုံဗိမ္မာန်ပေါက်ရလောက်အောင် နန္ဒိယသူကြွယ်က သဒ္ဓါတရားထက်သန်သလောက် သူ့ဇနီး ရေဝတီမှာ သဒ္ဓါတရား ကင်းမဲ့လှတယ်ကွယ့်။ ရဟန်းတော်များကို ဆဲရေးတတ်တယ်။ နန္ဒိယသူကြွယ် ရှေးဦးစွာကွယ်လွန်တော့ နတ်ပြည်ရောက်သွားတယ်။ ရေဝတီ ကွယ်လွန်ခါနီးမှာ ငရဲမီး၊ ငရဲထိန်း၊ ခွေးနက်ကြီးတွေ နိမိတ်ထင်လာပြီး ကွယ်လွန်တော့ ငရဲထိန်းတွေ အတင်းဆွဲခေါ်ပြီး နတ်ပြည်က နန္ဒိယရဲ့စည်းစိမ်ကို အရင်ပြတယ်။ ပြီးမှ ငရဲအတင်းဆွဲချသွားတယ်တဲ့ကွယ်"





"တင်ပါ့ ဘုရား"

"ဘုရားရှင်လက်ထက်က ဓမ္မိကဥပါသကာ အမည်ရှိတဲ့ ပုဂ္ဂိုလ်သာ ဥပါသကာပေါင်းများစွာကို ခေါင်းဆောင်ပြီး သူတော်ကောင်းအဖြစ် နေထိုင်တယ်။ ရတနာသုံးပါးနဲ့ စပ်သမျှ ဒါန၊ သီလ၊ ဘာဝနာ၊ ဝေယျာဝစ္စ စတဲ့ ကုသိုလ်ကောင်းမှုတွေကို ဘဝတစ်လျှောက်လုံး ပြုလာခဲ့တယ်။ ကွယ်လွန်ခါနီး ရဟန်းတော်များရဲ့ တရားတော်နာစဉ် နတ်ပြည်(၆)ထပ်က နတ်ရထား (၆)စင်းရောက်လာတာ ထင်မြင်ရတယ်။ နောက်မကြာခင် ကွယ်လွန်တဲ့အခါ တုသိတာနတ်ရထားစီးပြီး နတ်သားအဖြစ် လိုက်ပါသွားရတယ်တဲ့ကွယ့်"

"တင်ပါ့ ဘုရား။ တပည့်တော်သိချင်တာ တစ်ခုက လူတွေဟာ သေခါနီးမှာ ဘာလို့ အဲလိုနိမိတ်တွေ ထင်လာရတာပါလဲ ဘုရား"

"ဒါကတော့ ဒကာကြီး လားရာဂတိအတွက် ကောင်းတဲ့နိမိတ်နဲ့ မကောင်းတဲ့နိမိတ်တွေ ထင်လာခြင်းဟာ မိမိပြုခဲ့တဲ့ ယခုဘဝနဲ့ ရှေးရှေးအဆက်ဆက်က ကံတွေနဲ့ အဲဒီကံတွေရဲ့ အကျိုးပေးလှည့်အစဉ်အပေါ်မှာ မူတည်ပါတယ်။ အဲဒီကောင်းမှု၊ မကောင်းမှုကံတွေရဲ့ အကျိုးပေးလှည့် အစီအစဉ်ကို ခွဲခြားထားတဲ့ကံ (၄)ပါးရှိသကွယ့်။ ယေဘုယျအားဖြင့် ကောင်းတဲ့ကုသိုလ်ကံတွေ ရှိတဲ့သူဟာ ကောင်းရာသုဂတိရောက်နိုင်သလို မကောင်းတဲ့အကုသိုလ်ကံတွေရှိသာဟာ မကောင်းတဲ့ ဒုဂ္ဂတိဘဝကို ရောက်ဖို့ရှိပေမဲ့ အဲဒီ ခွဲခြားထားရတဲ့ ကံလေးပါးကြောင့် လားရာဂတိတချို့ဟာ ပြောင်းလဲသွားတတ်တယ်တဲ့ကွယ့်"

"တင်ပါ့ .. ဘုရား၊ အဲဒီ ကံလေးပါးက ဘာတွေများလဲဘုရား"

"အဲဒါတွေကတော့ (၁) ကြီးလေးသော ဂရုကံ၊ (၂) သေခါနီးမှသော အာသန္နကံ၊ (၃) အမြဲတစေ ပြုလုပ်တဲ့ အာစိဏ္ဏကံ၊ (၄) ပြုမိရုံဖြစ်တဲ့ကံနဲ့ ရှေးဘဝများကကံ ကဋတ္တာကံတွေပဲ ဖြစ်တယ်ကွယ့်"

"တင်ပါ့ ... ဘုရား။ အဲဒီ ကံလေးပါးရဲ့ အကျယ်ကို မိန့်ပါဦးဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးလေးသော ဂရုကံဆိုတာ ကုသိုလ်ဘက်မှာ ဈာန်ရရှိတဲ့အထိ ကျင့်ကြံထားသူတွေ၊ အကုသိုလ်ဘက်မှာ အမိ၊ အဖ၊ ရဟန္တာတို့ကို သတ်တဲ့ကံတွေ၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုသောကံ၊ သံဃာကို သင်းခွဲတဲ့ကံဖြစ်တဲ့ ပဉ္စာနန္တရိယကံကြီးတွေပဲ ဖြစ်တယ်ကွယ့်"

"တင်ပါ့ ဘုရား"

"နောက်တစ်ခုက သေခါနီးမှာ ပြုလုပ်တဲ့ကံနဲ့ ရှေးကပြုခဲ့တာတွေကို သေခါနီးမှာ နှလုံးသွင်းတဲ့ အာသန္နကံဖြစ်တယ်ကွယ့်။ တတိယဖြစ်တဲ့ အာစိဏ္ဏကံဆိုတာ အမြဲတစေ နှစ်ရှည်လများပြုလုပ်တဲ့ကံတွေ၊ တစ်ခါပြုလုပ်ပြီးနောက် အဲဒီကံကို ထပ်ခါထပ်ခါ ဆင်ခြင်နှလုံးသွင်းမိပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ ကုသိုလ်ကံတွေနဲ့ တွေးမိတိုင်း ထပ်ခါထပ်ခါ စိတ်ပူပန်ဆင်းရဲနေရတဲ့ အကုသိုလ်ကံတွေပဲကွယ့်။ နောက်ဆုံး တစ်ပါးဖြစ်တဲ့ ကဋတ္တာကံကတော့ ရှေးကကံသုံးပါးမှာ မပါဝင်တဲ့ အမှတ်မထင်ပြုမိတဲ့ကံပဲဖြစ်တယ် ... ဒကာကြီး"

"တင်ပါ့ ဘုရား။ အဲဒီ ကံလေးပါးရဲ့ အကျိုးပေးအလှည့်အစီအစဉ်က ဘယ်လိုပါလဲ ဘုရား"

"ကံလေးမျိုးထဲမှာ ကြီးလေးတဲ့ ဂရုကံပြုမိတဲ့သူများဟာ နောင်ဘဝ ပဋိသန္ဓေအကျိုးကို မုချခံစားရတယ်။ ဂရုကံမရှိရင် သေခါနီးမှာပြုတဲ့ အာသန္နကံက အကျိုးပေးတယ်။ အာသန္နကံမရှိရင် အမြဲတစေ ပြုလုပ်တဲ့ အာစိဏ္ဏကံက ပဋိသန္ဓေအကျိုးပေးတယ်။ ရှေ့ကံသုံးပါးမရှိမှသာ ကဋတ္တာကံ အကျိုးပေးတယ်ကွယ့်"

"မှန်ပါ့ ဘုရား"

"နှစ်ရှည်လများ အမြဲပြုလုပ်တဲ့ အာစိဏ္ဏကံဟာ သဘာဝအားဖြင့် အားကောင်းတဲ့ ကံဖြစ်တယ်။ အာသန္နကံက အာစိဏ္ဏကံလောက် အားမကောင်းပေမယ့် သေပြီးနောက်ဘဝအတွက် ပဋိသန္ဓေ အကျိုးပေးရာမှာ သေခါနီးပြုလုပ်တဲ့ အာသန္နကံက ပဋိသန္ဓေနဲ့ နီးကပ်တာကြောင့် ပဋိသန္ဓေအကျိုးပေးနိုင်ဖို့ ပိုပြီး အခွင့်သာသွားတယ် ... ဒကာကြီး"

"တင်ပါ့ ဘုရား"





"ဥပမာအားဖြင့် နွားခြံထဲကို စားကျက်က နွားတွေ ပြန်ရောက်ရင် အားကြီးတဲ့နွားတွေ အရင်ရောက်တယ်။ အားနည်းတဲ့နွားအိုတွေ နောက်မှရောက်လို့ ခြံဝမှာ အိပ်ကြရတယ်။ မနက်စောစော နွားတွေကို စားကျက်ထွက်ဖို့ ခြံတံခါးဖွင့်ရင် ခြံရဲ့နောက်ပိုင်းနဲ့ အလယ်ပိုင်းမှာ ရောက်နေတဲ့ အားကြီးတဲ့နွားကြီးတွေ အရင်မထွက်နိုင်ဘဲ ခြံဝမှာရှိတဲ့ အားနည်းတဲ့ နွားအိုကြီးတွေကသာ အရင်ထွက်နိုင်သလိုမျိုး ပဋိသန္ဓေနဲ့နီးတဲ့ သေခါနီးပြုခဲ့တဲ့ အာသန္နကံက ပဋိသန္ဓေအကျိုးပေးခြင်းဖြစ်တယ်ကွယ့်။ သဘောပေါက်ရဲ့နော် ဒကာကြီး"

"တင်ပါ့ ဘုရား"

"အမှန်မှာတော့ ကြီးလေးသော ဂရုကံအားကြီးတဲ့ကံဖြစ်လို့ ဘယ်ကံကမှ တားလို့မရဘဲ ဒုတိယဘဝ ပဋိသန္ဓေအကျိုးကို မဖြစ်မနေ ပေးတယ်ကွယ့်။ ဈာန်ရရှိတဲ့အထိ အကျင့်ရှိတဲ့ ပုဂ္ဂိုလ်တွေကွယ်လွန်ရင် ဒုတိယဘဝမှာ ဗြဟ္မာ့ပြည်ကို မလွဲမသွေ ရောက်ရတယ်ကွယ့်"

"တင်ပါ့ ဘုရား"

"ကဲ ... ဒီနေ့တော့ ဒီလောက်နဲ့ ရပ်လိုက်ကြဦးစို့၊ ဘုန်းကြီးလည်း ညွှမ်းစားချိန်နီးနေပြီ။ မနက်ဖြန်မှပဲ ဆက်ကြတာပေါ့ကွယ်"

"တင်ပါ့ ... ဘုရား။ တပည့်တော်ကို ခွင့်ပြုပါဦး။ ဦးတင်ပါတယ် ဘုရား"

"အေး ... အေး ..."

ထိုနေ့ညအိပ်ရာဝင်တော့ ကျွန်ုပ်နားထဲဝယ် ဆရာတော် မိန့်ကြားလိုက်သော သူသေဆိုတာဟာ ဆွေမျိုးမိဘတွေနဲ့ နောင်ဘယ်သောအခါမှ ပြန်မတွေ့ရတော့သော သူဖြစ်ပါသည်ဆိုသော စကားကို ပြန်လည်ကြားယောင်မိတော့သာအခါ ကွယ်လွန်ခဲ့ပြီဖြစ်သော ကျွန်ုပ်၏ ချစ်ဇနီးနဲ့ ဒီတစ်သက်ပြန်မတွေ့နိုင်တော့သည်ကို တွေးမိကာ ရင်ကွဲမတတ် ခံစားရမိ၏။ ထို့ပြင် (၁၁)ဘုံ၌ရှိသော အပါယ်လေးဘုံ၊ နတ်ပြည်ခြောက်ထပ်နှင့် လူတို့၏ ကာမ (၇)ဘုံ၊ ဗြဟ္မာဘုံ(၂၀)တို့ကို သတိရမိသောအခါ ကျွန်ုပ်၏ချစ်ဇနီး ဘယ်ဘုံ၌ ရောက်နေလိမ့်မလဲဟု စိုးတထိတ်ထိတ်နှင့် စိတ်အားငယ်စွာ တွေးမိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓအဘိဓမ္မာတရားတော်အရ လူတို့သေဆုံးရခြင်း လေးမျိုးကို ဆင်ခြင်မိပြန် သောအခါ ကျွန်ုပ်၏ဖနီးဖြစ်သူ ဘယ်အကြောင်းကြောင့် အသက်ငယ်ငယ် ဖြင့် သေဆုံးခဲ့ရသည်ကို သိလိုစိတ်စောမိပြန်သည်။

သေဆုံးခါနီး နိမိတ်ထင်ပုံကို စဉ်းစားမိသောအခါ ကျွန်ုပ်ဖနီးမှာ အိပ်ပျော်နေရင်းက ဘဝကူးပြောင်းခဲ့ခြင်းဖြစ်ရာ မကွယ်လွန်မီ ဘယ်လိုနိမိတ် များ ထင်ခဲ့လေမလဲဟု တွေးမိပြန်လေသည်။ လူတို့သည် ကောင်းမှုကုသိုလ် ပြုခဲ့လျှင် ကောင်းရာသုဂတိသို့လားရ၍ မကောင်းမှုများခဲ့သူများမှာ ဒုဂ္ဂတိ ဘုံများသို့ ရောက်ရတတ်သည်ဖြစ်သော်လည်း လားရာဂတိအတွက် ကြီး လေးသောကံ၊ အာစိဏ္ဏကံ၊ အာသန္နကံ စသော ကံများ၏ အကျိုးပေး အစီအစဉ်အတိုင်းသာ ပြောင်းလဲရောက်ရှိနိုင်သည်ဖြစ်ရာ ကျွန်ုပ်၏ဖနီးသည် မည်သို့ အကျိုးပေးအလှည့်ကြောင့် မည်သည့်ဘဝသို့ ရောက်နေသည်ကို သိလိုချင်စမ်းပါဘိ။

✿ ✿ ✿

[၃]

❑

"ကဲ . . . ဒကာကြီး ဒီနေ့တော့ သေခြင်းတရားနဲ့ ပတ်သက်ပြီး ဘုန်းကြီး စွဲလမ်းတပ်မက်မှု (ဘဝတဏှာ)ကြောင့် လားရာဂတိပြောင်းတဲ့ တတ်ပုံနဲ့ စလိုက်ချင်တယ်"

"တင်ပါ့ ဘုရား"





နောက်တစ်နေ့နံနက် ဆရာတော်အား လှူဖွယ်ပစ္စည်းများဖြင့် ဦးချကန်တော့ပြီးချိန်ဝယ် ဆရာတော်က စတင်မိန့်ကြားလိုက်ခြင်းဖြစ်ပါ၏။

"ဘုရားရှင်လက်ထက်က တာဝတိံသာနတ်ပြည်က မာလာဘာရီ နတ်သားရဲ့ နတ်သမီးတစ်ဦးဟာ နန္ဒဝန်ဥယျာဉ်မှာ ပန်းခူးနေစဉ် နတ်သက် ကြွေပြီး စုတေသွားသတဲ့။ နတ်သမီးဟာ သာဝတ္ထိပြည်မှာ မိန်းကလေးအဖြစ် မွေးဖွား အတိတ်ဘဝကို ပြန်ပြီးသိနိုင်တဲ့ ဇာတိဿရဉာဏ်ရရှိတာကြောင့် မာလာဘာရီနတ်သားကို သတိရနေပြီး နတ်သားရဲ့ နတ်သမီးအဖြစ်ကိုသာ တောင်းတပြီး နတ်သားဆီမှာပဲ စိတ်အမြဲညွတ်နေသတဲ့ကွယ့်။ အဲဒါကြောင့် ကုသိုလ်ပြုတိုင်း နတ်သားဆီပြန်ရောက်ပြီး အတူနေရဖို့အတွက် အစဉ်တစိုက် ဆုတောင်းပတ္ထနာ ပြုနေခဲ့သတဲ့။ တစ်နေ့ အလှူဒါနပြုပြီး သီလစောင့်နေစဉ် ညချမ်းမှာ သေဆုံးသွားတဲ့အခါ မာလာဘာရီနတ်သမီးဘဝကို ပြန်ရောက် သွားသတဲ့။ ဒါဟာ ဘဝသစ်လားရာဂတိမှာ ဘဝဟောင်းကို စွဲလမ်းတပ် မက်တဲ့ ဘဝတဏှာအားကြီးတာကြောင့် စွဲလမ်းရာ ဘဝဟောင်းဆီပြန်ရောက် ရတဲ့ သဘောပဲကွယ့်"

"တင်ပါ့ ဘုရား"

"အလားတူပဲ အလ္လကပ္ပမြို့မှာ ဝတ်မှတ်ခေါင်းပါးတဲ့ ဘေးကြီး ဆိုက်တဲ့အတွက် အဲဒီမြို့က ကောတုပါလိတနဲ့ ကာဠီမည်တဲ့ဖနီးမောင်နှံနှစ် ယောက်ဟာ ကောသမ္ဗပြည်ကို ထွက်ပြေးကြရတယ်။ အဲဒီအချိန်မှာ ပစ္စည်း ဥစ္စာပြည့်စုံတဲ့ နွားမွေးသူတစ်ယောက်က နို့စားနွားမအတွက် နို့ညှစ်မဂ်လာ ပွဲကျင်းပတယ်။ နေ့စဉ် ဆွမ်းခံကြွလာတဲ့ ပစ္စေကဗုဒ္ဓါကို ဆွမ်းကျွေးမင်္ဂလာ ပွဲလုပ်တယ်။ အဲဒီအချိန်မှာ ဝတ်မှတ်ခေါင်းပါးလို့ ထွက်ပြေးလာတဲ့ ဖနီး မောင်နှံကိုမြင်ပြီး သနားတဲ့အတွက် များစွာသော ထောပတ်နဲ့ နို့ထမင်း ကျွေးသတဲ့။ နွားပိုင်ရှင်ကိုယ်တိုင် စားသောက်ပြီး အိမ်မှာမွေးထားတဲ့ ခွေးကိုလည်း ကျွေးတယ်တဲ့။ ဖနီးမောင်နှံနှစ်ယောက်အနက် ခင်ပွန်းသည် က အစားကောင်းစားနေရတဲ့ ခွေးမလေးကိုကြည့်ပြီး 'ဒီအိမ်မှာ ခွေးဖြစ်ရ ရင် ကံကောင်းလိုက်တာ။' ငါသာ ခွေးဖြစ်ရင် ဒီခွေးမလေးလို နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



အစားကောင်းတွေ စားနေရမှာပဲ’လို့ တွေးမိ ခွေးမလေးဘဝကို အားကျ တောင့်တနေမိသတဲ့ကွယ့်။ အဲလိုတွေးရင်း အစာမစားရတာကြာပြီဖြစ်လို့ ထောပတ်နဲ့ နို့ထမင်းကို အားရပါးရ စားလိုက်မိတာကြောင့် အစာမကြေဖြစ်ပြီး အဲဒီညမှာပဲ ကွယ်လွန်သွားသတဲ့။ စုတိကျတာနဲ့ အဲဒီအိမ်ကခွေးမရဲ့ ဝမ်းထဲဝင်စားပြီး ခွေးမရဲ့သားအဖြစ် မွေးဖွားခဲ့သတဲ့ကွယ်။ ဒါဟာ ကွယ်လွန်ခါနီးမှာ စွဲလမ်းတောင့်တမိတဲ့ (ဘဝတဏှာ)ကြောင့် ခွေးဘဝရောက်သွားတတ်တဲ့ အကြောင်းပဲ ဒကာကြီး”

“တင်ပါ့ ဘုရား”

“အခုခေတ်မှာလည်း စိတ်ညွတ်ရာ၊ လိုလားတောင့်တရာဘဝ တဏှာက ရောက်လိုရာဘဝ ရောက်ကြကြောင်း သာဓကများစွာရှိသကွယ့်။ အထူးသဖြင့် လူဝင်စားတွေဟာ မိမိတို့ရဲ့ ဆွေမျိုး၊ ခင်မင်ရင်းနှီးသူတွေဆီမှာ ဝင်စားတတ်ကြတယ်။ ဒီလိုဖြစ်ဖို့ရာမှာ စွဲလမ်းစိတ်ညွတ်မှုအပြင် ကောင်းမှုကုသိုလ်တွေလည်း ရှိဖို့လိုသေးသကွယ့်။ ဒါကြောင့်မို့ ကွယ်လွန်ခါနီးရင် လားရာဂတိကောင်းစေဖို့အတွက် အလွဲလွဲအမှားမှား မစွဲလမ်းမိဖို့ အရေးကြီးတယ် ဒကာကြီး”

“တင်ပါ့ ဘုရား။ ဒါဆို ကွယ်လွန်ခါနီးသူကို မိသားစုအနေနဲ့ ဘယ်လိုဆောင်ရွက်ပေးရမလဲ ဘုရား”

“မိသားစုအနေနဲ့ လူမမာရဲ့အနီးအနားမှာ အမြဲသန့်ရှင်းနေအောင် ပြုပြင်ပေးထားရမယ်။ ကွယ်လွန်ခါနီးသူ တစ်သက်ပတ်လုံး လုပ်ဆောင်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို အမှတ်ရစေဖို့ ပြောပြပေးရမယ်။ ဖြစ်နိုင်ရင် ရက်စွဲနဲ့တကွ ထူးခြားတဲ့ကုသိုလ်ကောင်းမှု ဒါန၊ သီလ၊ ဘာဝနာစာရင်းကို သတိပေးတဲ့အနေနဲ့ ဖတ်ပြရမယ်။ ဝမ်းမြောက်ဝမ်းသာ နှလုံးသွင်းနိုင်ဖို့လည်း တိုက်တွန်းပြောကြားပေးရမယ်။ ဗုဒ္ဓဆင်းတုတော်ကို လူမြင်သာတဲ့နေရာမှာထားပေးပြီး ဂုဏ်တော်တစ်ပါးပါးကိုဖြစ်ဖြစ်၊ ဂုဏ်တော်ကိုးပါးကိုဖြစ်ဖြစ် ရွတ်နိုင်ရင် ဖြည်းညင်းစွာ ရွတ်ဆိုနေပါစေ။ နှုတ်က မရွတ်ဆိုနိုင်ရင် စိတ်ထဲက ရွတ်ဆိုနေဖို့ သတိပေးရပါမယ်။ ပြီးတော့ ဘုရား၊ တရား၊ သံဃာ





ရတနာသုံးပါးကို အမြဲဦးထိပ်ထားဖို့ ပြောကြားပြီး ရတနာသုံးပါးကို နှုတ်ကဖြစ်စေ၊ စိတ်ထဲကဖြစ်စေ ရွတ်ဆိုပွားများစေဖို့ တိုက်တွန်းပေးရမယ်ကွယ့် ဒကာကြီး”

“တင်ပါ့ ဘုရား”

“နောက်ပြီး ဖြစ်နိုင်ရင် ကွယ်လွန်ခါနီး သူကိုယ်တိုင် ကုသိုလ်ပြုနိုင်ဖို့ ဖန်တီးပေးရမယ်ကွယ့်”

“ဘယ်လိုဖန်တီးပေးရမလဲ ဘုရား”

“သူနားလည်ကြိုက်နှစ်သက်တဲ့ ပရိတ်တရားတော်တွေကို ရွတ်ဖတ်ပေးရမယ်။ ဒါမှမဟုတ် တရားတိတ်ခွေကို မတိုးမကျယ် ဖွင့်ပေးရမယ်။ ရဟန်းသံဃာတော်တွေ ပင့်ဖိတ်ပြီး သူကိုယ်တိုင် ဆွမ်းကပ်လှူဒါန်းစေရမယ်။ ကိုယ်တိုင်မပြုနိုင်ရင် သူ့ကို အသိပေးလုပ်ဆောင်ပြီး အတူတကွ အမျှဝေကြရမယ်။ သူ့ကိုယ်စား ဘုရားစင်မှာ ဘုရားပန်း၊ ဆီမီး၊ အမွှေးနံ့သာ ကပ်လှူပူဇော်ထားတာကို အသိပေး လက်အုပ်ချီရှိခိုးစေပြီး ဝမ်းမြောက်ဝမ်းသာ ကြည်ညိုစေရမယ်ကွယ့်”

“တင်ပါ့ ဘုရား”

“သူဟာ ဘာဝနာပွားများခဲ့ဖူးသူဖြစ်ရင် မိမိပွားများနေကျ သမထဘာဝနာ၊ ဝိပဿနာဘာဝနာကို မမေ့မလျော့ ပွားများစေဖို့ တိုက်တွန်းရမယ်။ ပြီးတော့ ရဟန်းတော်ကြီးတွေကိုယ်တိုင် မေတ္တာတရားပွားများပေးဖို့ လျှောက်ထားပြီး မိမိကိုယ်တိုင်လည်း မေတ္တာသုတ် ရွတ်ဖတ်ပူဇော်နိုင်ဖို့ တိုက်တွန်းနှိုးဆော်ပေးရမယ်။ အရေးကြီးတာက ကွယ်လွန်ခါနီး သူ့ရဲ့ချစ်ခင်သူတွေနဲ့ ပိုင်ဆိုင်မှုစည်းစိမ်ဥစ္စာတွေကို မစွဲလမ်းအောင် ကူညီဖျောင်းဖျပေးရမယ်။ မိမိပြုလုပ်ခဲ့တဲ့ မကောင်းမှုအသေးအဖွဲ့တွေကစပြီး နောင်ပူပန်မဖြစ်မိစေအောင် ကူညီဖျောင်းဖျပေးရမယ်။ မိမိပြုလုပ်ခဲ့တဲ့ မကောင်းမှုအသေးအဖွဲ့တွေကစပြီး နောင်တပူပန် မဖြစ်မိစေအောင် ကူညီဖျောင်းဖျပေးရမယ်။ ဒါ့ထက် အရေးကြီးတာက ကွယ်လွန်ခါနီး သူ့ရဲ့အနီးအပါးမှာ ချစ်ခင်တဲ့ဆွေမျိုး၊ မိတ်သင်္ဂဟတွေ ပူဆွေးငိုကြွေးသံတွေကို မကြားနိုင်



www.burmeseclassic.com

www.burmeseclassic.com



စေဖို့ပဲဖြစ်တယ်။ အလားတူပဲ သူ့ရဲ့ သားသမီး၊ မြေးမြစ်တွေ၊ ကလေးငယ်တွေရဲ့ ငိုသံတွေကိုလည်း မကြားမိစေဖို့လိုတယ်။ ဒါ့အပြင် မဖွယ်ရာတဲ့ တိရစ္ဆာန်အသံဗလံတွေကို မကြားမိနိုင်စေဖို့ ကြိုးစားကာကွယ်ထားရမယ်။ ကွယ်လွန်ခါနီး သူတွေ့ဆုံလိုသူ မှာကြားလိုတာတွေမှာကြားနိုင်အောင် သူ့ရဲ့ ဆန္ဒပြည့်ဝအောင် တတ်နိုင်သမျှ ကူညီဖြည့်ဆည်းပေးရမယ် ဒကာကြီး''

''တင်ပါ့ ဘုရား''

ဆရာတော်က ရေနွေးကြမ်းတစ်ခွက်သောက်ပြီး နောက် ချောင်းတစ်ချက်ဟန့်လိုက်ကာ ဆက်ပြောသည်။

''ဘုန်းကြီး အခုဆက်ပြောချင်တာက ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေဟာ ထေရဝါဒဗုဒ္ဓဘာသာဝင်စစ်စစ်တွေ ဖြစ်ပါရက်နဲ့ မိမိတို့ရဲ့ ရိုးရာရပ်ရွာဒေသကိုလိုက်ပြီး သေခြင်းတရားနဲ့ ပတ်သက်ပြီး အမျိုးမျိုးအဖုံဖုံ အယူအဆတွေ ရှိကြတယ်ကွယ့်။ အဲဒီထဲက ဗုဒ္ဓတရားတော်အရ မှားယွင်းတဲ့ အယူအဆအချို့ကို ပြောပြချင်တယ် ဒကာကြီး''

''တင်ပါ့ ဘုရား''

''ပထမတစ်ခုက သဿတဒိဋ္ဌိလို့ခေါ်တဲ့ တည်မြဲအယူမှားပဲကွယ့်။ လူတစ်ယောက်သေဆုံးတဲ့အခါ ဘဝဟောင်းက ရုပ်ခန္ဓာကြီး အသုဘကောင်အဖြစ် ကျန်ရစ်ခဲ့တယ်။ သူ့ရဲ့ဝိညာဉ် (အသက်ကောင်အတ္တ) ဟာ ဘဝသစ်တစ်ခုကို ကူးပြောင်းသွားပြီး ဘဝသစ်မှာ ဖြစ်တည်နေတယ်လို့ ယူဆခြင်းဖြစ်တယ်။ တစ်နည်းအားဖြင့် ဘဝဟောင်းက ခန္ဓာအိမ်အသစ်ကို လဲလှယ်ကာ ဘဝသစ်ကိုပြောင်းရွှေ့သွားတဲ့ သဘောဖြစ်တယ်။ ဆိုလိုတာက အဲဒီဝိညာဉ်(အသက်ကောင်၊ အတ္တ)ဟာ မပျက်မဆီးဘဲ အမြဲတည်နေတယ်။ ဒီဝိညာဉ်ဟာ တစ်ဘဝပြီးတစ်ဘဝ ကူးပြောင်းသွားတယ်ဆိုတဲ့ အယူအဆမှားပဲကွယ့်''

''တင်ပါ့ ဘုရား''

''ဒုတိယတစ်ခုက ဥစ္ဆေဒဒိဋ္ဌိခေါ်တဲ့ ပြတ်စဲအယူမှားပဲ ဒကာကြီး။ လူတစ်ယောက်သေဆုံးသွားရင် ဘဝဟောင်းက ရုပ်ခန္ဓာကိုယ်နဲ့ ဝိညာဉ်





နှစ်ခုစလုံးဟာ ဘဝဟောင်းမှာပဲ အပြီးတိုင် ချုပ်ငြိမ်းပြတ်စဲသွားကြတယ်။ နောင်ဘဝမှာ ဖြစ်တဲ့ပုဂ္ဂိုလ်လူသတ္တဝါဟာ အသစ်တစ်ယောက်၊ အခြားတစ်ယောက်ဖြစ်တယ်ဆိုတဲ့ အယူအဆမှားပဲကွယ့်။ ဆိုလိုချင်တာက ဘဝဟောင်းက ရုပ်နာမ်ခန္ဓာအားလုံး (အသက်ကောင်၊ အတ္တနဲ့အနတ္တ) ဘဝသစ်နဲ့ လုံးဝအဆက်အစပ်မရှိတော့။ လူတစ်ယောက်သေရင် ဘဝဟောင်းနဲ့ လုံးဝပြတ်စဲတယ်။ တစ်ဘဝဆုံးရင် တစ်ဘဝရဲ့ ရုပ်နာမ်တွေ ပြတ်တယ်။ နောက်ထပ် ဆက်သွယ်ခြင်းမရှိတော့ဆိုတဲ့ အယူအဆမှားပဲ ဒကာကြီး''

''တင်ပါ့ ဘုရား''

''အဲဒီ အယူအဆမှားကြီးနှစ်ခုအပြင် ဘဝဟောင်းကချုပ်ပြတ်ပြီး ဘဝသစ်မကူးခင် ကြားကာလအချိန်အတွင်းမှာ ခေတ္တဘဝ တစ်ခုရှိသေးတယ်ဆိုတဲ့ အယူအဆရှိသေးတယ်။ အဲဒီအယူအဆကို တချို့ဗုဒ္ဓဘာသာဝင်တွေတောင် လက်ခံထားကြတယ်ကွယ့်''

''တင်ပါ့ ...ဘုရား။ ဘယ်လို ကြားကာလ ခေတ္တဘဝများလဲ ဘုရား''

''ဒါကတော့ အန္တရာဘဝဒိဋ္ဌိလို့ခေါ်တဲ့ ကြားခံဘဝအယူမှား တစ်ခုပဲကွယ့်။ လူတစ်ယောက် သေဆုံးပြီးနောက် ရောက်ထိုက်တဲ့ ဘဝသစ်ဆီ ရောက်ဖို့ အခြေအနေမပေးသေးရင် သေသူရဲ့ ဝိညာဉ်ဟာ သရဲ၊ တစ္ဆေအဖြစ်နဲ့ သချိုင်းနဲ့ တောတောင်တွေထဲ လှည့်လည်သွားလာနေရတယ်။ သူ့အိမ်၊ သူ့ပစ္စည်းဥစ္စာ၊ သူ့မိသားစု အနီးအနားမှာ သွားလာနေရတယ်။ တစ်ခါတစ်ရံ ကိုယ်ထင်ပြတယ်။ တစ်ခါတစ်ရံ အသံပေးတယ်။ များသောအားဖြင့် သေသူရဲ့ ဝိညာဉ်ဟာ (၇)ရက်အတွင်း ဘဝသစ်ကို မရောက်သေးဘဲ ဝိညာဉ်အဖြစ်နဲ့ သွားလာနေတယ်။ သေသူရဲ့ ဝိညာဉ်ကို ရည်စူးပြီး ဖွားလည်ဆွမ်းကပ်ခြင်း၊ သပိတ်သွတ်ခြင်း စတဲ့ ဒါနကောင်းမှုပြုပြီး အမျှအတန်းပေးဝေမှသာလျှင် ထိုဝိညာဉ်ကလေး ကျွတ်လွတ်ပြီး သူရောက်ထိုက်တဲ့ ဘဝသစ်ဆီ ရောက်သွားတယ်ဆိုတဲ့ အယူမှားကြီးပဲ ဒကာကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ ဘုရား"

"ဘုန်းကြီးတို့ ဗုဒ္ဓအဘိဓမ္မာအရတော့ သတ္တဝါတစ်စုံတစ်ဦး သေဆုံးတဲ့အခါ ရုပ်နဲ့နာမ်ပါ ချုပ်ငြိမ်းပျက်စီးသွားတယ်။ ယခုဘဝမှာ ပြုလုပ်ခဲ့တဲ့ စွဲလမ်းတပ်မက်မှုနဲ့ ကံ စတဲ့ အကြောင်းတရားတွေကြောင့် နောင်ဘဝမှာအကျိုးတရားအနေနဲ့ ရုပ်သစ်စိတ်သစ်၊ ဘဝသစ်ဖြစ်ပေါ်တယ်။ အဲလို ဘဝဟောင်း ရုပ်နာမ်ချုပ်ငြိမ်းပြီး (စုတိကျပြီး) ဘဝသစ်ကူးပြောင်းဖြစ်ပေါ်ခြင်းဟာ စက္ကန့်မျှတောင် မကြာတဲ့အချိန်အတွင်း ဖြစ်ပေါ်တယ်တဲ့။ ဒါကြောင့် ရှေ့ဘဝချုပ်ပျောက်တာနဲ့တစ်ပြိုင်နက် နောက်ဘဝအစ ပဋိသန္ဓေစိတ် ချက်ချင်းဖြစ်တယ်ကွယ့်။ ဒါကြောင့် နောက်ဘဝ ပဋိသန္ဓေနေရတာကို ပဲ့တင်သံ၊ မှန် စတာတွေနဲ့ ဥပမာတင်စား ပြောကြတယ် ဒကာကြီး"

"တင်ပါ့ . . . ဘုရား။ အဲဒီ ပဲ့တင်သံ၊ မှန် စတာတွေနဲ့ ဘဝကူးပြောင်းတာ ဘယ်လိုများ ဆက်စပ်နေလို့လဲ ဘုရား"

"ဒီလိုကွယ့် . . . ဒကာကြီး။ တောတောင်လိုဏ်ခေါင်းတွေထဲမှာ အော်လိုက်တဲ့အသံဟာ တောင်နံရံ၊ လိုဏ်နံရံတွေနဲ့ ထိခတ်မိတဲ့အခါ ပဲ့တင်သံကို ပြန်ကြားရတယ်မဟုတ်လား။ အဲဒီ ပဲ့တင်သံဟာ မူလအော်တဲ့လူရဲ့ အသံလည်း မဟုတ်၊ လူ့အသံနဲ့ကင်းပြီး အလိုအလျောက် ဖြစ်ပေါ်လာတာလည်း မဟုတ်ဘူးကွယ့်။ မူလအသံကြောင့် ဖြစ်ပေါ်လာတဲ့ ပဲ့တင်သံလိုပဲ ယခုဘဝက ကံစတဲ့ အကြောင်းတရားတွေကြောင့် နောင်ဘဝသစ်မှာ ပဋိသန္ဓေနေရမြင်ရတာနဲ့ တူတယ်တဲ့ ဒကာကြီး သဘောပေါက်ရဲ့နော်"

"တင်ပါ့ ဘုရား"

"အလားတူပဲ . . . ကိုယ်လုံးပေါ် မှန်ရှေ့မှာ လူတစ်ယောက်သွားရပ်လိုက်တဲ့အခါ အဲဒီလူရဲ့အရိပ်က မှန်ထဲ သွားထင်နေတယ်။ မှန်ထဲကအရိပ်ဟာ ရပ်နေတဲ့လူလည်း မဟုတ်ဘူး။ ဒီလူနဲ့ကင်းပြီးတော့လည်း မဖြစ်နိုင်ဘူးနော်။ ရပ်နေတဲ့လူကြောင့် ဖြစ်ပေါ်လာတဲ့ အရိပ်လိုပဲ ယခုဘဝကံ စတဲ့အကြောင်းတွေကြောင့် နောက်ဘဝသစ်မှာ ပဋိသန္ဓေနေရဖြစ်ရတာ





ဖြစ်တယ်ကွယ့်။ ဒါကြောင့် မှန်ရှေ့မှာရပ်နေတဲ့လူက ယခုဘဝက ကံစတဲ့ အကြောင်းတွေနဲ့တူတယ်။ မှန်ထဲကအရိပ်ကျတော့ နောက်ဘဝသစ်မှာ ပဋိသန္ဓေနေရ ဖြစ်ရခြင်းနဲ့တူတယ်ကွယ့် . . . ဒကာကြီး"

"တင်ပါ့ ဘုရား"

"ဒါကြောင့် ရှေးဘဝကံကောင်းရင် ယခုဘဝ ရုပ်နာမ်ကောင်းကောင်း ရှေးကံညံ့ရင် ယခုဘဝ ရုပ်နာမ် ညံ့တယ်။ ဒီဘဝမှာ အကောင်း အဆိုး အမျိုးမျိုးတွေ့ရတာဟာ ရှေးဘဝကပြုလုပ်ခဲ့တဲ့ ကံ၊ ဉာဏ်၊ ဝီရိယ တို့ကြောင့်ပဲကွယ့်။ သေဆုံးပြီး ပထမဆုံးဖြစ်တဲ့ ရုပ်နာမ်တို့ကို ပဋိသန္ဓေတည်နေခြင်းလို့ ခေါ်ရတာကြောင့် ကံအမျိုးမျိုးကို လိုက်ပြီးဖြစ်ရတဲ့ ပဋိသန္ဓေလေးမျိုးရှိသတဲ့ကွယ်"

"အဲဒါက ဘာတွေများလဲ ဘုရား"

"ပထမ ဩပပါတိက ပဋိသန္ဓေကြောင့် ခန္ဓာကိုယ်အထင်အရှားဖြစ်ရတယ်။ နတ်၊ ဗြဟ္မာ၊ ငရဲသား၊ ပြိတ္တာ၊ အသူရကာယ်တို့ဟာ ဥပပါတ်ပဋိသန္ဓေဖြစ်တဲ့အတွက် မိခင်ရဲ့ဝမ်းတွင်းအောင်းနေဖို့ မလိုဘဲ ပဋိသန္ဓေနှင့်၊ စိတ်နာမ်ဖြစ်တာနဲ့ တစ်ပြိုင်နက် သူတို့နေရမယ့် ဗိမ္မာန်၊ တောတောင် မြစ်ချောင်း၊ ကမ်း စတဲ့အရပ်ဒေသတွေမှာ သူတို့ နဂိုအရွယ်အတိုင်း အထင်အရှား ဖြစ်ရသတဲ့ကွယ့်"

"တင်ပါ့ ဘုရား"

"ဒုတိယဖြစ်တဲ့ သံသေဒဇပဋိသန္ဓေကတော့ ငြိတွယ်ပြီး ဖြစ်လောက်တဲ့ အရပ်မှကပ်ငြိတွယ်လို့ ဖြစ်ရတဲ့ ပဋိသန္ဓေပဲကွယ့်။ အလွန်သေးငယ်တဲ့ အရွယ်ကနေ တဖြည်းဖြည်း ကြီးလာရတယ်။ ပိုး၊ လောက် စတဲ့ သတ္တဝါတွေ မစင်ပုပ်၊ ငါးပုပ် စတဲ့အရာဝတ္ထုတွေမှာ ငြိတွယ်ပြီး ဖြစ်ရတဲ့ ပဋိသန္ဓေပဲကွယ့်။ တတိယပဋိသန္ဓေကတော့ အဏ္ဍဇပဋိသန္ဓေလို့ ခေါ်တယ်။ အမိဝမ်းတွင်းမှာ ဥခွံမှာဖြစ်ရတဲ့ ကြက်၊ ငှက် စတဲ့ သတ္တဝါတွေပဲကွယ့်။ နောက်ဆုံး တစ်မျိုးကတော့ ဇလာဗုဇပဋိသန္ဓေတဲ့။ အမိဝမ်းတွင်းသားအိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြစ်ကြရတဲ့ လူ၊ မြင်း၊ ကျွဲ၊ နွား စတဲ့ သတ္တဝါတွေကို ခေါ်တာကွယ့်။ ဘုမ္မစိုး၊ စတဲ့ အောက်နတ်တွေထဲမှာ တချို့နတ်တွေဟာ ဖလာဗုဇပဋိသန္ဓေ နေကြရတယ်တဲ့ ဒကာကြီး''

''တင်ပါ့ ဘုရား''

ဆရာတော်က တိုင်ကပ်နာရီကို လှမ်းကြည့်ကာ . . .

''ကဲ . . . ဒီနေ့လည်း ဆွမ်းချိန်နီးလာပြန်ပြီ။ မနက်ဖြန်ကျမှပဲ နိဂုံး ချုပ်ကြတာပေါ့''

''တင်ပါ့ ဘုရား''

ထိုညတွင်ကား ကျွန်ုပ်စိတ်ထဲဝယ် ဘဝကို ခွဲလမ်းတပ်မက်မှု (ဘဝတဏှာ) ကြောင့် နတ်ပြည်က စုတေလာသော နတ်သမီးမှာ အတိတ် ဘဝကို ပြန်သိနိုင်တဲ့ ဇာတိဿရဉာဏ်ရရှိတာကြောင့် သူ့ခင်ပွန်းဟောင်း နတ်သားနှင့် ပြန်နေလိုသော စိတ်ဖြင့် ကွယ်လွန်သွားရာက နတ်ပြည်တွင် ယခင်အတိုင်း နတ်သမီးပြန်ဖြစ်သွားပုံ၊ ကွယ်လွန်ခါနီး လူတစ်ယောက် အား ဘဝကူးကောင်းပြီး ကျန်ရစ်သူမိသားစုက ပြုမူဆောင်ရွက်ပေးရမည့် ဆောင်ရန်ရှောင်ရန်များကို ဆင်ခြင်ရန် မှတ်သားဖွယ်ရာများ၊ ထေရဝါဒ ဗုဒ္ဓဘာသာဝင်အချို့ပင် ယုံကြည်လက်ခံထားသော သေသူအနီးပတ်ဝန်းကျင် တွင် ဝိညာဉ်ဖြစ် (၇)ရက်နေပြီး ရက်လည်ဆွမ်းသွတ်ပေးမှ အမျှရပြီး ဘဝ သစ်သို့ ရောက်ရှိသွားပုံများ။ ယခုဘဝနှင့် နောက်ဘဝကို ပွဲတင်သံ၊ မှန်တို့ ကို ဥပမာထံ၍ ရှင်းပြခဲ့ပုံများကို ပြန်ကြားယောင်နေမိလေသည်။

✿ ✿ ✿

|၄|

❑

''ဒီနေ့ ဆက်လက်ပြီးတော့ သေသူအပေါ် ကျန်ရစ်သူ မိသားစု ရဲ့ အယူအဆကို ပြောပြမယ် . . . ဒကာကြီး''

''တင်ပါ့ ဘုရား''

နောက်တစ်နေ့ နံနက်ပိုင်းတွင် ဆရာတော်က ဆက်လက်မိန့် ကြားသည်။

''တချို့က သေသူရဲ့ သချိုင်းမြေပုံပေါ်မှာ မြေကြီးခဲကလေးဖြစ် စေ၊ သစ်ကိုင်းတစ်ကိုင်း၊ ပန်းခွေပန်းခြင်းမှ ပန်းတစ်ပွင့်ကိုဖြစ်စေ ယူပြီး အိမ်မှာထားတတ်ကြတယ်။ တချို့ကျတော့ သေသူရဲ့ဓာတ်ပုံရှေ့မှာ ထမင်း၊ ဟင်း၊ မုန့်ပဲသရေစာတွေ တင်ပေးထားတတ်ကြတယ်။ အဲဒါကို (၇)ရက် ပြည့်တဲ့အထိ လုပ်ဆောင်တတ်ကြတယ်။ တချို့မှာ သေသူဝိညာဉ် (၇)ရက် အတွင်း အိမ်တွင်းဝင်ထွက်နိုင်အောင် တံခါးပေါက်တွေ ဖွင့်ထားပေးကြတယ် ကွယ့်''



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ ဘုရား။ ဒါတွေက ဒီနေ့အထိ လူတိုင်းလိုလို လုပ်နေကြတာပဲ ဘုရား"

"ဟုတ်တယ် . . . အမှန်တော့ ဘုန်းကြီးတို့ ထေရဝါဒဗုဒ္ဓဘာသာမှာ ဒီလိုအယူအဆမျိုး မရှိဘူး။ တခြားဘာသာတွေကတစ်ဆင့် ကူးစက်လာတာဖြစ်တယ်။ သေသူဝိညာဉ်ဟာ (၇)ရက်အတွင်း ရှိနေသေးတယ်လို့ ယူဆရင် ဘုန်းကြီးတစ်နေ့က ပြောခဲ့သလို သဿတဒိဋ္ဌိနဲ့ အန္တရာဘဝဒိဋ္ဌိတွေဖြစ်သွားနိုင်တဲ့အတွက် အထူးဆင်ခြင်ပြီး လုပ်ဖို့လိုတယ်"

"တင်ပါ့ ဘုရား"

"နောက်တစ်ခုက လူတစ်ယောက်သေဆုံးပြီးတဲ့အခါ ယေဘုယျအားဖြင့် သက်ပျောက်ဆွမ်းကပ်တာကို သေဆုံးပြီးစ အချိန် နံနက်ပိုင်းမှာ ပြုလုပ်ကြတယ်။ သရဏဂုံတင်တာကိုတော့ အသုဘချတဲ့နေ့မှာ ပြုလုပ်တတ်ကြတယ်။ ရက်လည်ဆွမ်းသွတ်တာကို (၇)ရက်ပြည့်တဲ့နေ့မှာ ပြုလုပ်လေ့ရှိပြီး သံဃာငါးပါးကို ဆွမ်း၊ သင်္ကန်း၊ ဆေး၊ ကျောင်း အလှူ စတဲ့ ပစ္စည်းလေးပါးကို ရေစက်ချကပ်လှူပြီး သေသူအတွက် အမျှပေးဝေတတ်ကြတယ် မဟုတ်လား ဒကာကြီး"

"တင်ပါ့ ဘုရား။ ဒါကတော့ ဗုဒ္ဓဘာသာဝင်တိုင်း လုပ်နေကြတာပါဘုရား"

"အမှန်တော့ သရဏဂုံတင်တယ်ဆိုတာ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်တဲ့ စိတ်ပဲဒကာကြီး။ စိတ် (နာမ်)မရှိတော့တဲ့လူသေအလောင်းကို သရဏဂုံတင်လို့ မရဘူးကွယ့်။ ဘုန်းကြီးတို့လည်း ဒကာတွေပင့်ရင် သရဏဂုံတင်ပေးခဲ့ဖူးတာပဲကွယ့်။ ဒါပေမဲ့ ဘုန်းကြီးအယူအဆက လူသေအလောင်းကို တိုက်ရိုက်သရဏဂုံတင် တည်ဆောက်ပြီး ဒါန၊ သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုပြုလုပ်ပြီး ကွယ်လွန်သူ ချမ်းသာရေးအတွက် ရည်းစူးအမျှပေးဝေခြင်း၊ ကုသိုလ်ပေးဝေခြင်းသာ ဖြစ်တယ်ကွယ့်"

"မှန်ပါတယ် ဘုရား"





"ရက်လည်ဆွမ်းကပ်ကြပြီး အမျှဝေကြတာကလည်း (၇)ရက်ပြည့်တဲ့နေ့မှာ သေသူရဲ့ ဝိညာဉ်အမျှရပြီး ကောင်းရာသုဂတိ ရောက်ပါစေကြောင်း ရည်စူးဆောင်ရွက်ကြတာ မဟုတ်လားကွယ်။ အမှန်တော့ သေသူပြိတ္တာဖြစ်နေတာက တစ်ပါး (၃၁)ဘုံမှတခြား ဘဝတစ်ခုရောက်နေရင် ဘာမှသိနိုင်၊ မကြားနိုင်တော့ပါဘူး။ ပြိတ္တာတောင်မှ အလွန်ဝေးကွာတဲ့ တောတောင်၊ မြစ်၊ သမုဒ္ဒရာ ကမ်းမှာရောက်နေရင်လည်း အမျှရနိုင်ကြမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီအလှူဒါနဟာ အလကားတော့ ဖြစ်မသွားပါဘူး။ ကျန်ရစ်သူမိသားစု ဆွေမျိုးတွေရဲ့ ကောင်းမှုကုသိုလ်ပဲပေါ့ကွယ်။ တကယ်ဆိုကွယ်လွန်သူဟာ စုတိကျတာနဲ့ စက္ကန့်မဆိုင်းဘဲ ဘဝတစ်ပါး ကူးပြောင်းရောက်ရှိသွားပြီမို့လို့ ကျန်ရစ်သူတွေအနေနဲ့ ရက်လည်အောင် စောင့်ဆိုင်းနေကြတော့ဘဲ သေဆုံးတဲ့နေ့ကစပြီး နေ့စဉ် ကုသိုလ်ပြု၊ အမျှပေးဝေနိုင်ရင် အကောင်းဆုံးပဲ . . . ဒကာကြီး"

"တင်ပါ့ ဘုရား"

"ကဲ . . . ဒကာကြီး၊ ဒီလောက်ဆိုရင်တော့ ဒကာကြီးသိချင်နေတဲ့ သေခြင်းတရားနဲ့ ပတ်သက်တဲ့ အကြောင်းအချက်တွေ တော်တော်များများ သိလောက်ပြီထင်ပါတယ်။ တခြား ဘာများမေးမြန်းစရာ ရှိသေးသလဲကွယ့်"

"တင်ပါ့ ဘုရား . . . မေးရမယ်ဆိုရင်တော့ တပည့်တော် ပထမချက်က မေးခဲ့တဲ့မေးခွန်းကိုပဲ ပြန်မေးပါရစေ ဘုရား"

"ဘယ်မေးခွန်းများပါလိမ့် ဒကာကြီး"

"တပည့်တော်ရဲ့ ဇနီးသည်ဟာ (၃၁)ဘုံထဲက ဘယ်ဘုံကို ရောက်သွားသလဲဆိုတာပါပဲ ဘုရား"

"အိမ်း . . . ဒကာကြီးမေးတဲ့ မေးခွန်းက ဗုဒ္ဓဘုရားကလွဲပြီး ဘယ်သူမှ မဖြေနိုင်တဲ့ မေးခွန်းဖြစ်နေတယ်ကွယ့်။ ဒါကြောင့် ဘုန်းကြီးလည်း အတိအကျ မဖြေနိုင်ဘူးကွယ့်။ ဒါပေမဲ့ ဒကာမကြီး ဘယ်လိုဘဝမျိုး



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားနိုင်တယ်ဆိုတာကိုတော့ အကြမ်းအားဖြင့် ခန့်မှန်းနိုင်မယ်ထင်ပါရဲ့။ အဲဒီအချက် ဒကာကြီးက မေးခွန်းတချို့ ဖြေပေးရလိမ့်မယ်ကွယ့်''

''ဒါဆို မေးပါဘုရား . . . တပည့်တော်ဖြေပါ့မယ်''

''ဒကာမကြီးကွယ်လွန်ခါနီးမှာ ဘယ်လိုနိမိတ်မျိုးတွေ ထင်ဟပ်ခဲ့သလဲကွယ့်။ သူကိုယ်တိုင် ပြောလို့ဖြစ်စေ သူ့ရဲ့ အမူအရာအရဖြစ်စေ သိခဲ့နိုင်မှာပေါ့ . . . ဒကာကြီး''

ကျွန်ုပ် ခေါင်းခါယမ်းပြလိုက်မိသည်။

''တပည့်တော် မသိနိုင်ခဲ့ပါဘူး ဘုရား''

''ဘာဖြစ်လို့လဲကွယ့်''

''ဇနီးသည်က အိပ်ပျော်နေတုန်း ကွယ်လွန်သွားခဲ့လို့ပါ ဘုရား''

''ဟုတ်လား . . . ဘာလို့ အိပ်ပျော်နေခဲ့တာလဲ။ ညအချိန်မို့လို့လား''

''အိပ်ဆေးသောက်အိပ်ရလို့ပါ ဘုရား''

''ဟေ . . . ဘာလို့ အိပ်ဆေးသောက်ရတာတုံး ဒကာကြီး''

''ဒါက ဒီလိုပါ . . . ဘုရား။ ဇနီးသည်မှာ နာတာရှည်ကျောက်ကပ်ရောဂါ စွဲကပ်ကတည်းက ဆေးရုံကို တစ်ပတ်နှစ်ကြိမ် မှန်မှန်သွားပြီး ကျောက်ကပ်ဆေးခဲ့ရပါတယ်။ အဲလို ကျောက်ကပ်ဆေးလို့ မကြာခင်မှာ ညည အိပ်မပျော်တာ ဖြစ်လာပါတယ်။ ဒါဟာ ကျောက်ကပ်ဆေးရလို့ ဖြစ်လာတဲ့ ဘေးထွက်ဆိုးကျိုးတစ်ခုဖြစ်မယ်ထင်ပါရဲ့ ဘုရား။ အဲဒါ ဇနီးသည် ဆုံးမယ့်ညမှာလည်း ညဘက်အိပ်မပျော်တာနဲ့ တပည့်တော်ကိုပြောပြီး အိပ်ဆေးတစ်ခြမ်းသောက်ပြီး အိပ်ခဲ့ရပါတယ်။ အဲဒါ မနက်ထချိန်တန်လို့ နိုးမလာလို့ ကြည့်လိုက်တော့ ဇနီးသည်တစ်ကိုယ်လုံး အေးစက်တောင့်တင်းပြီး ကွယ်လွန်နေပါပြီ ဘုရား''

''အိမ်း . . . ဖြစ်ရလေ ဒကာကြီး။ အင်း . . . ဒါကြောင့်မို့ ဒကာမကြီးမှာ ဘယ်လိုနိမိတ်သုံးပါး ထင်ခဲ့တယ်ဆိုတာ ဒကာကြီး မပြောနိုင်တာ





တုံးကွယ့်။ ဒါပေမဲ့ ဘုန်းကြီးသိထားသလောက် ပြောရရင် လူဟာ အိပ်ပျော်နေတုန်း ကွယ်လွန်တာပဲဖြစ်ဖြစ်၊ ရုတ်တရက် သေဆုံးတာပဲဖြစ်ဖြစ် နိမိတ်တစ်ပါးပါးတော့ ထင်ပြီးမှ ကွယ်လွန်ကြရတယ်ကွယ့်။ ဒါဆို ဘုန်းကြီးမေးမယ်။ ဒကာမကြီး ကွယ်လွန်ချိန်က မျက်နှာအနေအထား ဘယ်လိုနေသလဲ။ ကြည်ကြည်လင်လင် ဖြစ်နေသလား။ ညှိုးငယ်နေသလား။ ဒါမှမဟုတ် ကြမ်းတမ်းတဲ့ အမူအရာမျိုး ဖြစ်နေသလားကွယ့်''

''တပည့်တော် စတွေ့လိုက်တဲ့အချိန်မှာတော့ ဇနီးသည်ရဲ့မျက်နှာဟာ အင်မတန်အေးချမ်းတည်ငြိမ်နေပြီး ပူဆွေးသောကတွေ ကင်းစင်ပြီး အားလုံးကို သံယောဇဉ်ပြတ်နေပုံပါပဲ ဘုရား''

''ဟာ . . . ဒါဆိုရင်တော့ ဒကာမကြီးဟာ မကွယ်လွန်ခင် နိမိတ်ကောင်းတွေ ထင်ဟပ်ခဲ့ပြီး ဘယ်ဘုံလို့ တိတိကျကျ မပြောနိုင်ပေမယ့် ကောင်းရာသုဂတိဘုံတစ်ခုကိုတော့ သေချာပေါက် ရောက်သွားပြီလို့ မှန်းဆရတယ် ဒကာကြီး''

''တင်ပါ့ . . . ဘုရား၊ ဒါဆိုရင်တော့ ကောင်းပါဘိ တပည့်တော်လည်း နံနက်တိုင်း အမျှဝေရင်း ကောင်းရာသုဂတိရောက်ဖို့ ဆုတောင်းပေးနေတာပဲဘုရား။ ဒါဆို တပည့်တော် နောက်ဆုံးအနေနဲ့ တစ်ခုတော့ မေးပါရစေဘုရား''

''မေးပါ . . . ဒကာကြီး။ ဘာများပါလိမ့်''

''တပည့်တော်နဲ့ ဇနီးသည်ဟာ ငယ်လင်ငယ်မယားပါ ဘုရား။ တစ်ယောက်နဲ့တစ်ယောက် အလွန်လည်း ချစ်မြတ်နိုးကြပါတယ်။ အခု မမျှော်လင့်ဘဲ အနာရောဂါစွဲကပ်ပြီး အသက်ငယ်ငယ်နဲ့ ရုတ်တရက်ကွယ်လွန်သွားခဲ့တာကို တပည့်တော် ဒီနေ့အထိ ဖြေမဆည်နိုင်အောင် ဖြစ်နေဆဲပါ ဘုရား။ အဲဒါကြောင့် တပည့်တော် မေးချင်တာက တပည့်တော်နဲ့ ဇနီးသည်တို့ (၃၁)ဘုံ ပြန်ဆုံတွေ့နိုင်ကြမလားဆိုတာပါပဲ ဘုရား''

ဆရာတော်က ရုတ်တရက်မဖြေသေးဘဲ ကျွန်ုပ်အား အတန်ကြာအောင် ငေးမောကြည့်နေပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း . . . (၃၁)ဘုံမှာတော့ သတ္တဝါတွေ မဂ်ဖိုလ်နိဗ္ဗာန်မဝင်နိုင်သေးသမျှ တစ်ဘဝပြီးတစ်ဘဝ ဆက်ခါဆက်ခါ ဖြစ်နေကြရဦးမှာပဲကွယ့်။ ဒီလောက် များပြားတဲ့ ဘဝအမျိုးမျိုးထဲမှာ ဒကာကြီးတို့ ဇနီးမောင်နှံပြန်ဆုံနိုင်မလားဆိုတာကိုတော့ ဘုန်းကြီးရဟန္တာမဖြစ်သေးတော့ ဒီမေးခွန်းကို ဖြေနိုင်စွမ်းမရှိသေးပါဘူး။ ဒါပေမဲ့ ဘုန်းကြီးအကြံတစ်ခု ပြုခဲ့ချင်တာက ဒီသံသရာဝဲဩဃထဲမှာ ဘဝအမျိုးမျိုးရှိတဲ့အထဲမှာ ဘယ်ဘဝမှ လူ့ဘဝလောက် မကောင်းမွန်နိုင်ဘူးတဲ့။ အထဲမှာ ဘယ်ဘဝမှ လူ့ဘဝလောက် ကောင်းမှုကုသိုလ်အပြုနိုင်ဆုံးနေရာမရှိ ဖြစ်နေလို့ပဲကွယ့်။ ဒါကြောင့်မို့ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး မိန့်ကြားခဲ့သလို အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားစေချင်တယ်။ ဉာဏ်ဆိုတာကတော့ ဝိပဿနာတရား ပွားများကျင့်ကြံခြင်းပဲကွယ့်။ ဝိပဿနာဉာဏ်လမ်းအဆင့်ဆင့် ရင့်ကျက်လာသည်နှင့်အမျှ ဒကာကြီး ခံစားနေရတဲ့ သောကပရိဒေဝမီးတွေလည်း တဖြည်းဖြည်းနဲ့ ငြိမ်းအေးသွားမှာမို့လို့ပဲ ဒကာကြီး"

"တင်ပါ့ . . . ဘုရား။ အခုလို ဖြေကြားပေးတာ ကျေးဇူးကြီးလှပါတယ် ဘုရား"

"သြော် . . . ဒကာကြီးတို့က သိချင်လို့မေးသမျှ ဖြေကြားပေးဖို့ ဘုန်းကြီးတို့ တာဝန်ပဲလေ"

"မှန်ပါတယ် . . . ဘယ်လိုပဲဖြစ်ဖြစ် ဆရာတော်ကို ကျေးဇူးအထူးတင်ပါရစေ ဘုရား"

ကျွန်ုပ်က အသင့်ပါလာသော လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆရာတော်အား ကပ်လှူပူဇော်၍ ဦးသုံးကြိမ်ချကာ ကန်တော့လိုက်သည်။

"သာဓု . . . သာဓု . . . သာဓု . . ."

မည်သို့ပင်ဆိုစေကာမူ ဆရာတော် ဦးစန္ဒိမာ၏ သေမြင်းတရားနှင့်စပ်လျဉ်းသမျှ အကြောင်းတရားများကို နာကြားခဲ့ခြင်းအားဖြင့် ကျွန်ုပ်၏ ရင်တွင်းက သောကအပူမီးတို့ သက်သာသင့်သလောက် သက်သာသွားခဲ့သည်တော့ အမှန်ပါပေ။

**စိတ်တူးသစ်စာပေ**



ကျွန်ုပ်အနေနှင့်ကား သူသေဆိုသည်မှာ ခွေမျိုးမိဘများနှင့် နောင်တယ်သောအခါမှ ပြန်မတွေ့ရသောသူဖြစ်သည်ဟုဆိုစေကာမူ မဂ်ဖိုလ်နိဗ္ဗာန်မရသေးမီ (၃၁) ဘုံ၌ ဘဝဆက်ခါဖြစ်လေရာဝယ် တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ ဘုံတစ်ဘုံဘုံတွင် ဝိညာဉ်ချင်း ဆက်စပ်နေကြသော ကျွန်ုပ်တို့ ဇနီးမောင်နှံ ပြန်လည်ဆုံတွေ့ကြဦးမည်ဟူ၍ မျှော်လင့်ရင်း ကြေကွဲရင်နှင့် ဒွယ်ဝေဒနာဆိုးကြီးကို ဖြေသိမ့်နေရသည် မဟုတ်ပါလား။

**ပီတာမြဦး**

www.burmeseclassic.com

www.burmeseclassic.com



[၁]

❑

''အမယ်ကြီးနှင့်၊ ဘကြီးတား၍ လားလားမနိုင်၊ သောကြာသား
ကားနိုင်၊ သံတိုင်ကျောက်ခဲ၊ လှူပျိုချင်းတွင် ပိုလို့ကဲ၊ ပဲနှင့်ပြောင်း
ပောင်းလျှင်ပစ်၍ အသစ်ရှာ၊ အောင်ပါလေလား သောကြာသား၊
ကြာသားကို၊ နတ်များပုံပေါင်း၊ ဆုကြီးတောင်း၊ ကောင်း၏မြောက်
အိမ်ကခွာ၊ ဖြူရာမှာငွမ်း၊ မောင်လှူပျို မယ်ကမှန်း၊ စိန်ပန်း ယင်းမာ၊
သောဘက်ရှုံး၊ နောက်မှပေါ်သည့် တောင်တစ်လုံး၊ ဆံထုံးပေါ်တွင်မျှ
ဂူတော်ပြင်မှာ၊ မှန်ပင်စိုက်ချင်သည်တည့်လေ''

နှင်းရည်နှင်းသားတို့ကို ဝလင်အောင် သောက်ထား၊ ချိုးထား
ဂမုန်းတစ်ရာက လန်းလန်းရွှင်ရွှင်။ စိမ်းနက်ရင့်မှောင် သန်စွမ်းလွန်း
ဂမုန်းတောကို ကျောပေး၍ အဘဦးရာကျော်သည် မျက်နှာနေကို
ဟပြုရင်း သူ့အနီးပတ်ပတ်လည် ဝန်းရံထိုင်နေကြသည့် သူ့သွေး
က်ရဲဘက်များနှင့် 'တဘောင်' သံချိုကို အသံနေအသံထားဖြင့် အကျ



www.burmeseclassic.com

www.burmeseclassic.com



အနကြီး တိုင်နေ၊ ရွှတ်ပြုနေသည့် သူ့ညာလက်ရုံး ဆရာဉာဏ်ကြီးအာ စေ့စေ့ကြည့်သည်။

'ဝုပ်မိသဲတိုင် တက်နိုင်ဖျားရောက်' သန္နိဋ္ဌာန်စိတ်ဖြင့် အရိုးအဆ ကြေကြေပြုန်းပြုန်း အလုံးစုံအမှုမထားတော့ဟန် ထိမထင်မျက်နှာတွေ သံထွေသံခဲကြီးတွေလို တည်တည်မောင်းမောင်း မြင်နေရ၏။

''အဲသလိုဆိုတော့ အလံတောင်ဘုန်းဘုရားနဲ့ အဘိုးလေး ကျွ ဆရာသန့်တို့ရဲ့ ပညာဆက်ပညာသွေး ကျုပ်တို့ရဲ့ရှမ်းကလေးက သည် ကနေ့ပြုမယ့် 'ဗုဒ္ဓရာဇမြို့နန်း' တည်ပြီး 'ရာဇဘိသေက' ဘိသိက်ခံမယ် ကိစ္စကြီးကို ရှေးရှေးက ကုန်းဘောင်နေမျိုး ဘေးလောင်းတော်ဘိုးလော တော်များရဲ့ အရိုးအစဉ်ကိုလိုက်ပြီး ဘုရင်ရှူးရှူးပြန်ချေပေါ့လို့ နှလုံးပိုက် တယ်ပေါ့။ ဟုတ်စ ...''

''အင်း ... အဲ ... အဲသလိုမျိုးကြီးတော့လည်း မယိုးစွပ်ဝံ့ပါဘူ အဘဉာဏ်။ ဟို ... ခေတ်ကာလအခြေအနေတွေနဲ့များ နည်းနည်းအံ နေတယ် ထင်မိသလားလို့''

''အဲသဟာတင်ပဲလား ... ရှမ်းကလေးရဲ့''

''အဲ ... ပြီးတော့လည်း သူ့ရှိမိစ္ဆာတွေရဲ့ စက်သေနတ်၊ မီးပေါ သေနတ်၊ လက်နက်စိန်ပြောင်းတွေ ဒုန်းဒေးကို ဟောဒီ ဂါထာ၊ မန္တ အင်း၊ စမ၊ ဂမ္ဘီရအစီအရင်ဆိုတာတွေလောက်နဲ့ ယှဉ်ဖို့ကြရင် လက်တွေ့ မျက်တွေ့မှာ တကယ်အရေးလုကြပါ့မလားလို့။ အဲဒါလည်း အရေးတော် ကြီးအပေါ် မယုံမရဲရှိလွန်းလှလို့ ဖျက်လိုဖျက်ဆီး စကားကုလားဖန်ထိ တာရယ်တော့ မဟုတ်ပါဘူး။ အရိုးခံအတိုင်း နိုင်ကိုနိုင်မှဖြစ်မယ့် ဒီအရေး တော်ပုံကြီးအတွက် စိတ်အေးရအောင်လို့ပါ အဘဉာဏ်''

''ရွှေ ... နိပ်ဟ။ အဲသလို တုတ်ထိုးအိုးပေါက် အာရုံးမှ စိတ်ချ အမှန်တဲ့ ... လူရ၊ ကြိုက်ပြီ ... ကိုရင်ရေ့။ ကိုရင့်ကိုတော့ လွှတ်ကြိုက် သွားပြီ။ ဘာတဲ့ ...'လူမိုက်ကံကောင်း'၊ 'ဂမ္ဘီရကံကောင်း' ...တဲ့ ဟုတ်စ ...။ ဘုန်းကြီးဘုရားနဲ့ အဘိုးလေးလွှတ်လိုက်တယ်ဆိုကတည်းက သာမည်ဉာဏ်ည အညတရထဲက မဟုတ်ဘူးလို့တော့ သိသာ။ ဒါပေသည့်





သည်လို တောက်တောက်ခါးခါး ထွင်းဖောက်သုံးသပ်နိုင်မယ့် ဉာဏ်ပဋိဘာန် တော့ဖြင့် ပြည့်စုံကောင်းရဲ့လို့ အထင်မရောက်မိခဲ့ရိုးကတော့ အမှန်ပျား။ ဘုရား ... သာဓု ... သာဓု ...''

အဘဦးရာကျော်၏နံဘေး ဝါးစိမ်းကွပ်ပျစ်ပေါ်၌ ကြေးဝါကွမ်း အစ်ကြီးကို တင်ပျဉ်ထက်ဝယ် ပွေ့ထားလျက် ကွမ်းသွေးတွေအရဲသားဖြင့် နှုတ်စ်ပေါက်ပိတ်လုခမန်း အားရပါးရ ထက်ထက်သန်သန်ကြီး ပြောနေသူ မှာ ဆရာဉာဏ် (ခေါ်) ဦးအာသဘာလူထွက် ကိုယ်တော်ကြီးစစ်စစ်ဖြစ်၏။ တစ်မျိုးလုံး၊ တစ်သာသနာလုံး အရေးမှိုသာ သာသနဓဇ 'ဗုဒ္ဓတံခွန်တော်' သင်္ကန်းမြတ်ကို ယာယီမျက်နှာလွှဲခဲ့ရသော်ငြား အရေးတော်ပုံကြီး၏အရေး တစ်ပါး လူဘုန်းကြီးပမာ အနေအစား သိပ်သည်းကျစ်လျစ်လွန်းလှသူဖြစ် သည်။ ဟောဟောဒိုင်းဒိုင်း၊ ပွင့်ပွင့်လင်းလင်းကြီး။ စိတ်နှလုံးနှင့် နှုတ်ခံတွင်း မှာ တိုးလျှိုပေါက်မို့ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံသူများ သူ့အနားသို့ပင် မသီဝံ့အောင် အာဏာစက်ပြင်းသူတစ်ယောက်လည်းဖြစ်၏။

အင်္ဂလိပ်မင်းအစိုးရ၏ မတရားသည့် အခွန်တော်များ အမွေ ကောက်ခံခြင်းကို 'အခွန်မပေးရေး' လှုပ်ရှားမှုများ၊ 'ဘူးအသင်းများ' ဖွဲ့စည်း ခံတုခြင်းဖြင့် သွေးတိုးစမ်း၍ 'လှုပ်' ကြည့်ခဲ့ကြခြင်းမှာလည်း သူ့အကြံ အစည်ပင်ဖြစ်သည်။

ဆရာစံ၊ ဦးစံရှား၊ ဦးရာကျော်၊ ဦးဉာဏ၊ ဆရာမြိုင် ... စသည် အစည်အမျိုးမျိုးဖြင့် ဂျီစီဘီအေအသင်းချုပ်ကြီး (G.C.B.A-General Council of Buddhist Association ဗုဒ္ဓဘာသာအသင်းများ အထွေထွေ ကောင်စီ) ၏ အမှုဆောင်လူကြီးတစ်ဦးအဖြစ် လူခွန်နှင့် သဿမေဒခွန်များ ဆောင်းအကျပ်ကောက်ခံမှုကို တညီတညွတ်တည်း ခုခံကာကွယ်ရန် သာယာဝတီ အင်းစိန်ခရိုင်များအပါအဝင် ခရိုင် (၈) ခရိုင်သို့ စုံစမ်းစစ်ဆေးမှုနှင့် စုစုစည်းရုံးမှုများ ကွင်းဆင်းပြုလုပ်ခဲ့ရာတွင် အနယ်နယ်အနှံ့နှံ့သို့ ဒိုးတူ ဘောင်ဖက်လိုက်ပါခဲ့ဖူးသည့် သူ့အမိကာလက်ရုံးကြီးတစ်ဆူလည်းဖြစ်သည်။

တက်ကြွလှုပ်ရှားနေကြသည့် ဆင်းရဲသားနင်းပြားတို့၏ တော်လှန် ချင်တန်လိုစိတ်ကို အထွတ်အထိပ်အထိရောက်အောင် မီးထိုးပေးပြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွေးတစ်စက်ကျန်သည်အထိ လူထုတိုက်ပွဲအသွင် မီးကုန်ရေကုန် တို နိုက်ပြိုင်ဆိုင်ရဲစေမည့် အားမာန်သတ္တိများ ကိန်းစေ၊ တည်စေရန် ယ သို့ မင်းတို့၏အဆောင်အယောင်ဖြင့် 'သုပဏ္ဏက ဂဠုန်ရာဇာ' ဘွဲ့ခံ၍ ဘု အဖြစ် 'ရာဇဝတ်သေက' ဘိသိက်ခံယူစေရေး ကိစ္စအဝဝကို အစစကြိ ကြိုးကုတ်ခဲ့ကြခြင်းမှာလည်း သူ့စိတ်ကူးပင်။

ဆရာစံကိုယ်တိုင်က သူ့အား 'ဆရာစံ၊ ဆရာကြီး' ဟု ကိန်း ခန်းကြီး ခေါ်ဝေါ်သုံးနှုန်းသည်မျိုးကို ကြိုက်တတ်သူမဟုတ်။ မျက်နှ ရှက်ရွံ့အားနာတတ်သူဖြစ်၏။ မြန်မာ့တိုင်းရင်းရိုးရာဆေးပညာရှင် ဦး ကျော်အဖြစ်သာ ရိုးရိုးကုပ်ကုပ် လူမသိသူမသိ နေလိုသူဖြစ်သည်။

က်ကောင်းကဲ့သို့ သူတို့အရေးတော်ကြီးအပေါ် အားမလိုအာ နိုင်စွာ အယူအမြင်သီသီလွဲနေသူ လူငယ်ပိုင်းတွေ များလှဘိတောင်း။

စကားဆုံးခိုက် 'လင်း' အောင် 'ရှင်း' မှ တော်ရော့မည်။ ဆ ဉာဏ်က သည်သို့တွေး၏။ ယုံကြည်မှု ရဲရင့်မည်မဟုတ်လော။

"အဲ ... စောစောက အဘတိုင်ပြခဲ့တဲ့ တဘောင်အကြောင်း အရင်စပြီး ရှင်းကြတာပေါ့ကွယ်။ တို့များမြန်မာ့ထုံးဓလေ့မှာ လျစ်လျူ အပ်တဲ့ စကားခွန်းကြီးတွေ ရှိသကွယ့်။ 'သိုက်စာ၊ တဘောင်၊ နိမိတ် စနည်း၊ ဘဝေါ' ... စသဖြင့်ပေါ့လေ။ အဲ ... အဲဒီအထဲမယ် 'တဘော ဆိုတဲ့ စကားမျိုးက ဖန်တီးစီရင်ပြုစုတဲ့ ပုဂ္ဂိုလ်မရှိဘဲ တစ်စုံတစ်ခုသော ထူးခြားတဲ့ အံ့အံ့အဲအဲ အကြောင်းရင်းခံတွေကြောင့် လူထုတွေပါးစပ်ဖျားမှ သူ့ဘာ့သာ အလိုလိုပေါ်လာပြီး တစ်ယောက်စကား တစ်ယောက်နား ရေ စား ကျော်ကြားလာတတ်တဲ့ အရပ်စကားဇာတ်စကား စာချိုးလိုလို၊ က ယောင်ယောင် အဖွဲ့တစ်မျိုးကို ခေါ်တာကွယ့်"

ဟုတ်သည်။

စောစောကလေးက အဘဉာဏ်ကြီး အားရပါးရ ရွတ်ဆိုပြနေခဲ့ သည်ကို ဘာအဓိပ္ပာယ်ဟု တိတိပပမသိငြား 'နားထောင်လို့တော့ ကော သား' ဟု တွေးလျက် ရေးရေးသီချင်းစာဟောင်းဟုပင် ထင်မိခဲ့သေး၏။





'တဘောင် ... တဘောင်' ... တဲ့။ အံ့အံ့အဲအဲ ကြားနိမိတ်တဲ့။

"'ကုလားကိုနိုင်လို့၊ စားဖို့မှာ မီးထည့်၊ ဝသဲ့တောင်ကို ထီးတင်၊ ကုလားကိုရှင်ပြု' ... တဲ့။ တဘောင်စကားတစ်ခု ပေါ်ခဲ့ဖူးသေးတာ ကြားဖူး ရဲ့ မဟုတ်လား မြေး"

"စိန်ကန့်လန့်တောကိစ္စတုန်းက အဘိုးလေးသန့်ရှင်းပြခဲ့ဖူးပါတယ် အဘဉာဏ်"

"ကိုင်း ... နို့မို့ဆို တို့များ ဟောဒီအလံတောင်တစ်ဝိုက်က စီနုစ်ခွာ မြေ၊ ဝမ်းတွင်း၊ အင်းကောက်၊ ရေတိုက်၊ ရွာသစ်၊ ကရင်စု၊ ကြက်ဆူ တော၊ အင်းရွာ၊ ဖားရွှေကျော် ... စတဲ့ရွာကလေးတွေဘက်မှာ သာမန် သမင်းစားရေသောက် နိစ္စဓူဝ ပြောရိုးပြောစဉ်စကားတွေအပြင် ထူးထူး ခြားခြား လှုံ့လှုံ့ဆွဆွဖြစ်နေတဲ့ အသံဗလံကလေးတွေကိုများ မကြားမိ၊ အစောင့်မထားမိကြဘူးလား မောင်"

"ကြားပ ... အဘဉာဏ်ရေ့။ ကြားလွန်းလွန်းလို့ ရင်တွေထဲ ထည်း ပြည့်၊ နားဝမှာလည်း လျှံထွက်နေပေါ့ခင်ဗျာ"

"အေး ... ဘယ်လိုများတဲ့လဲ။ တဆိတ်လင်းစမ်းပါဦး .. သခင် တိုက်စိုးရဲ့"

'လိပ်ကိုအခွံခွာမှ သေမည်' တို့၊ 'ဝတ်ရင်းမသေ၊ တိုက်ရင်း သေမယ်' တို့၊ 'စပါးတစ်တောင်းငါးပဲ ကုလားခေါင်းဓားဝဲ' တို့၊ 'ဗမ္မာ့ဒီပါ ထက်ျာတောင်ကျွန်း နေဝန်းသစ်ပေါ်မည်' တို့ ဆိုတာတွေမဟုတ်လား။ ရွာကလေးတွေဘက်နဲ့ တောစတောခြေတွေမှာတော့ နှပ်ချေးတွဲလောင်း ကလေးလေးတွေကတောင် တေးချင်းလုပ်ပြီး ဆိုတတ်နေကြမင့်ကော ... အဘရဲ့။ အဲသဟာတွေကို ပြောချင်တာမဟုတ်လား"

"ဟုတ်ပ ကိုရင် ... ဟုတ်ပ။ ဘယ်စာဆို၊ ဘယ်ပညာရှိကမှ 'ဆို ကြပေရော့' လို့ တမင်စပ်ပေး၊ ဆိုပေးထားတာ မဟုတ်ဘူးဗျား။ ခမျာများရဲ့ နေ့နေ့ညည ခံစားရချက်တွေက ဆိုးလွန်းလို့။ တစ်နေ့တစ်နေ့ ထမင်းတစ် နပ်၊ ဟင်းတစ်ဖတ်တောင်မှ နှပ်မှန်အောင် မစားရ၊ မမျိုရဘဲ လည်ချောင်း အထိဆိုက်နေတဲ့ ချစ်တီးကြွေးတွေနဲ့ အစိုးရအခွန်တော်တွေအတွက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လက်လှုပ်ခြေလှုပ်နေရရှာတဲ့ နင်းပြားတောင်သူလယ်သမားတွေရဲ့ ဘဝဒဏ်ချက်တွေက အဆမတန်ခိုးလွန်လွန်းလို့ သူတို့ရင်ထဲ၊ သူတို့အသည်းထဲက လျှံထွက်လာတဲ့ လူထုတဘောင်တွေဗျ ... လူထုတဘောင်တွေ ...။ တို့များအရေးတော်ပုံကြီးက အဲဒီ လူထုရဲ့ဟစ်သံတွေကို ကျောထောက်နောက်ခံပြုပြီး မဖြစ်မနေပေါ်လာရတဲ့ လူထုအရေး နင်းပြားတောင်သူတွေရဲ့အရေး 'သေမြေကြီး၊ ရှင်ရွှေထီး' အရေးကြီးကပဲ''

''ဒါဆို ... ခုနင်က အဘတိုင်ခဲ့တဲ့ တဘောင်အကြောင်း ပြောပြပါဦး အဘ''

''အိမ်း ... အဲသဟာ တို့များကုန်းဘောင်မင်းရိုးရဲ့ ကနဦးအစ အလောင်းမင်းတရားကြီးရယ်လို့ ဟောဒီဇမ္ဗူဒီပါကျွန်းတစ်ခွင်မှာ 'ကြောက်ဖွယ့်ဘုန်းတန်း' အာဏာစက်ကြီးလာမယ့် ဦးအောင်ဇေယျ ဖွားမြင်တော်မူတော့ မြေကြီးလျောင် ပွဲတင်ထဝ်မှု နေ့ရက်အကြိမ်များစွာ တုန်လှုပ်သတဲ့။ တော်လဲသတဲ့။ တောင်ကမ်းတွေပြို၊ မြေကြီးကွဲအက်၊ ရေထွက်သတဲ့။ အဲသလို မမြင်ဖူးမြဲ အံ့ဖွယ်သရဲ အတိတ်ကြီးနိမိတ်ကြီးတွေ ထင်လာသတဲ့ကွယ့်။ သူ့ရဲ့ ရှေးဘုန်းရှေးကံတွေပေါ့ကွယ်''

''ဟုတ်ကဲ့အဘ''

''အသက်တော် (၂၂) နှစ်မှာ ညဥ့်အချိန် အိပ်ပျော်နေစဥ် အာခံတွင်းက အခိုးအလျှံအရောင်အဝါတွေ လျှံထွက်ကွန့်မြူးခဲ့သတဲ့''

''အို ... ဆန်းလှချည်လား ဘရဲ့''

''ပြီးတော့ တစ်ခါသားမှာလည်း စက်တော်ခေါ်သခိုက် လက်ယာလက်ရုံးတော်က မီးတောက်မီးလျှံတွေ ထတောက်သတဲ့''

''ဟယ် ...''

''အဲ ... ရတနာပူရ အဝ (အင်းဝ) ပြည်ကြီးမှာ ဟံသာဝတီပါ မင်းတရားလက်ထက် ညောင်ရမ်းမင်းဆက်ပျက်ပြီး ပြည်ထဲရေးဝရုန်းသုန်းကားဖြစ်တော့မယ်ဆိုတော့ တိုင်းကားပြည်ရွာလူထုတွေအထဲမှာ 'မြောက်ဘက်အရပ်က မင်းလောင်းပေါ်လိမ့်မယ်' လို့ အုတ်အုတ်ကျက်ကျက် ကောလာဟလတွေ ဖြစ်ကြပါရော''





''အဲတော့ ...''

''အေးလေကွယ် ...။ ငါးဆူဒါယကာ အဝရွှေနန်းရှင်ဘုရားက ကိန်းခန်းယတြာစီရင်စေပြီး ကျိန်းကြေအောင် စာသင်ဆရာ ရွှေဖြိုးကို 'ဘုရင့်နောင်' အမည်နဲ့ ထီးဖြူမြှောက်၊ စည်ပေးပြီး စစ်ကိုင်းမှာ မင်းပြုစေသတဲ့။ နောက် ... 'တောင်ငူရာဇာ' ကိုလည်း စဥ့်ကိုင်မှာ မင်းပြုစေခဲ့သေးသတဲ့''

''အဲဒါနဲ့ မင်းလောင်းက ပျောက်သွားရောတဲ့လား အဘ''

''ပြောမယ်လေကွယ် ...။ ကောင်းကင်ကို လက်ဝါးနဲ့ကာသော်လည်း မလုံနိုင်ဘူးတဲ့။ အလောင်းမင်းတရားကြီးရဲ့ ဘုန်းလက်ရုံး၊ တိုင်းပြည်လူထုတွေရဲ့ ကုသိုလ်ကံအရှိန်အဝေါ်က နည်းမှတ်လို့။ အဲ ... အဲဒီမှာ အဘစောစောက တိုင်ခဲ့တဲ့ တဘောင်စာချိုးက အုတ်အော်သောင်းတင်း အကြော်အကြာဆိုမြည်လာကြပြန်သတဲ့။ အစီအရင် အင်းခွင်ကြီးလှမင့်လည်း နိမိတ်တဘောင်ကိုဖြင့် ပျက်အောင် မတတ်နိုင်ကောင်းခဲ့ဘူးတဲ့ကွယ်။ လူထုနှုတ်ဖျား၊ လူထုနားမှာ စိုးနေတဲ့ လူထုရဲ့လိုအင်တွေပဲလေကွယ်။ ဘယ့်နှယ်သုတ်သင်ဖျက်ဆီးလို့ ရနိုင်ပမလဲ''

''ဘာရယ်တဲ့ အဘ ...။ 'အမယ်ကြီးနဲ့၊ ဘကြီးတား၍ လားလားမနိုင်၊ သောကြာသားက၊ စကားခိုင်' ... တဲ့။ ဟုတ်လားအဘ''

''ထားပါလေကွယ် ...။ အခု ကိုရင်တို့ကို အဘပြောလိုရင်းက အဲဒီတဘောင်အကြောင်းဗျူပွတ် မဟုတ်ဘူး။ တဘောင်ဆိုတာ လူထုတွေရဲ့ ရင်ထဲက စိမ့်လျှံကျလာတဲ့ လူထုအသံစစ်စစ်လို့ ပြောချင်တာ။ တဘောင်ဟာ ခေတ်ကိုထင်ဟပ်တာ။ လူထုတွေရဲ့ဘဝကို လှစ်ပြတာ။ လူထုတွေရဲ့ ဆန္ဒကို ဟစ်ကြွေးတာ။ လူထုတွေရဲ့ ဓမ္မစစ် အရိုးခံဘဝစစ်စစ်တွေရဲ့ ပွဲတင်သံလို့ ထောက်ပြချင်တာကွယ့် ကိုရင်တို့ရဲ့။ ကိုင်း ... သဘောပါရဲ့ မဟုတ်လား ကိုရင်တိုက်စိုး ... အဲ ... အဲလေ ... သခင်တိုက်စိုး''

စကားအဝတ္ထုံ့အတင် မကြားရ။

စေ့စေ့တုတ်တုတ်မျှ အလှုပ်အရှားမရှိ။ ပကတိ ငြိမ်ဆိတ်နေကြ၏။ ဂဠုန်တပ်ဖွဲ့များ၏ အကြီးအမှူး အဘဦးရာကျော်သည်ပင်လျှင် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကြီးနှင့် သူ့လက်ရုံးလက်မောင်း အရည်ထက်သွေးသောက်များကို ပြုံးကြည့်လျက် ဆရာဉာဏ်ကြီးပြောသမျှကို အသာငုံ့လင့် နားထောင်နေတော့သည်။ သူ့ဆန္ဒ၊ သူ့သဘောထား။ သူ့ရင်နှလုံးအိမ်အတွင်းမှ သစ္စာတရားကို မျှဝေနားလည်နိုင်သူမှာ ဆရာဉာဏ်ကြီးမှတစ်ပါး အခြားမရှိ။

အဘဦးရာကျော်သည် 'ဆရာစံ' အမည်ဖြင့် သာယာဝတီခရိုင်နှင့် အင်းစိန်ခရိုင်နယ်စပ် အရှေ့စွန်းကလေးရှိ 'တောင်ညိုလေး' တွင် ဂဠုန်အရေးတော်ပုံကြီး၏ အဓိကခေါင်းဆောင်များနှင့်အတူ (၄၅) ရက် ဥပုသ်ကြီး ဝင်ခဲ့ပြီးပြီ။

သာယာဝတီခရိုင်၊ သာယာဝတီမြို့၏ အရှေ့ဘက် (၁၅) မိုင်ခန့်အကွာ ပဲခူးရိုးမအတွင်း သစ်ကြီးဝါးကြီးတို့ဖြင့် ဖုံးအုပ်လျက်ရှိသည့် သစ်တောဂရုကြီးအတွင်းမှ 'အလံတောင်' ဒေသကို ဘူမိနက်သန်အောင်မြေအဖြစ် အနိုင်အမာတပ်စွဲလျက် မိစ္ဆာအင်္ဂလိပ်တို့အား လက်နက်စွဲသည့် လူထုတိုက်ပွဲအသွင်ဖြင့် ဆန့်ကျင်တော်လှန်ရန် 'တိုက်မယူဘဲ မရနိုင်တော့သည့် အမျိုးဘာသာ သာသနာ၏ လွတ်လပ်ရေးအတွက်' ရင်မြေကတုတ်၊ အသက်နှင့်သွေးကို ပေးဆပ်စတေးရမည့် အခြေခံခြေကုပ်စခန်းကြီးအဖြစ် ရွေးချယ်သတ်မှတ်ထားပြီးခဲ့လေပြီ။

'ဗုဒ္ဓရာဇမြို့' အဖြစ် အလံတောင်ဒေသကို မြို့ပန္နက်ရိုက်လျက် သစ်၊ ဝါးတို့ဖြင့် တောတွင်းသစ်နန်းလည်း တည်ပြီးခဲ့ပြီ။

သုံးဆယ်ချောင်းနှင့် ရေကြည်ချောင်းဆုံရာ 'ရေကြည်ဝစခန်း' လေးသည် အလံတောင်၏ တံခါးဝဖြစ်၏။ ရေကြည်ဝစခန်းမှသည် တောင်နှစ်လုံးကို ကျော်ပြီးမှ အလံတောင်ကို ဒုတ်ဒုတ်ထိရောက်မည်။ 'မင်းမျှော်ရာဇာ' တောင်ဟု ပထမတောင်ကို ဆရာဉာဏ်က အမည်သမုတ်ထား၏။ ဒုတိယတောင်က 'ညှော်ခံတောင်'။ ပြီးမှ တတိယတောင်သည် 'အလံတောင်'။ တစ်နည်း 'ဗုဒ္ဓရာဇာနန်းမြို့' တည်ရာ မဟာပဗ္ဗတ။

တောင်သုံးလုံးစလုံးပင် အလွန်မတ်စောက်သည့်အပြင် ဝါးပင်ဝါးရုံကြီးများ၊ ရိုးမပျော်တောစိုးသစ်ပင်ကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်





သိပ်သည်းလွန်းလှ၏။ ခဲယဉ်းစွာ တက်ကြရသည်။ ကျွမ်းကျင်သည့် လမ်းပြမပါဘဲလျက် လမ်းရာလမ်းစပင်လျှင် ရှာဖွေမတွေ့နိုင်။ ဂဠုန်တပ်ဖွဲ့များ၏ တောတွင်းထောင်ချောက်များ၊ ညှောင့်ကျင်းများ၊ ပစ်တိုင်းထောင်ညှောင့်များ၊ ဝါးကျားပါးစပ်များ၊ သုတ်ကိုင်းများကိုလည်း ထပ်ထပ်ကြိမ်မျှ ဆင်ထားချထားပြန်သေးရာ အန္တရာယ်များလှဘိတောင်း။

အလံတောင်တောင်မကြီး၏ခြေရင်း ပြန့်ကလေးများတွင် ဆရာစံနှင့် ဦးစီးဂဠုန်များ၏ တဲကလေးများကို ဝါးစည်းရိုးနှင့် သစ်လုံးသစ်တပ်ကာလျက် အစီအရီ တွေ့နိုင်သည်။ ဂဠုန်တပ်ဖွဲ့များကို ကုန်းဘောင်ခေတ် စစ်တပ်ဖွဲ့စည်းပုံအတိုင်း သူ့ဇာတိရပ်ရွာအလိုက် ဖွဲ့စည်းပေးလျက် နေရာချထားပေးခဲ့ရာ ဝဲချာ၊ ရေတိုက်၊ အင်းကောက်၊ ဥက္ကံ၊ ဖြူကလေး ... စသည်ဖြင့် သူ့ကျေးရွာအစုနှင့်သူ သစ်ပင်များ၌ တပ်ခွဲအမည်များ ရေးထိုးထားသည့် တဲပိုင်း၊ တဲတန်းရှည်၊ တဲစုလေးများမှာ သစ်ပင်ချုံရိပ်ကို အကာအကွယ်ယူ ကိုယ်ရောင်ဖျောက်လျက် များပြားလှစွာ ရှိနေကြ၏။ ခြောက်လတမျှ နောက်ကြောင်းပြန်မကြည့်ရဘဲ စိတ်ထင်တိုင်း စစ်ရေးငင်နိုင်ဖို့ ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက် ... စသည့် စားနပ်ရိက္ခာတဲကြီးများမှာလည်း ဟည်းဟည်းထလျက်။

မနေ့ကပင် ဖျာပုံနယ်မှ ဂဠုန်တပ်ဖွဲ့တပ်မှူးကြီး ဦးအောင်လှ ပို့ပေးလိုက်သည့် ဆန်နှင့် ငါးပိ၊ ငါးခြောက်များ လှည်းခုနစ်စီးတိုက်စာ ရောက်လာခဲ့သေးသည်။

ဆရာစံ၏ ဌာနချုပ်တည်ရာ အလံတောင်ဒေသ၌ အရေးတော်ပုံကြီး ပြီးသည်အထိ အခြေချနေထိုင် တိုက်ပွဲဝင်ရန် နိုလုံ့ပေါင်းစည်းလာကြသည့် 'က' အဆင့် ဂဠုန်တပ်ဖွဲ့ဝင်ပေါင်း သုံးထောင်ကျော်ခဲ့ပြီ။ 'နေသူရိန်နော်ရထာ' ဘွဲ့ခံ ဗိုလ်ဖိုးချစ်နှင့် 'ရဲရဲကျော်ထင်' ဘွဲ့ခံ ဗိုလ်ဖိုးဆော့တို့က စခန်း၏ အရေးကိစ္စကြီးငယ်မဟူ ပတ်မအုပ်စုကို ထိန်းကျောင်းစီမံပေးလျက်ရှိ၏။

"အဲဒီတော့ ကျုပ်တို့အရေးတော်ကြီးနဲ့ ကိုယ်တော့်တလောင်ဆိုသဟာက ဘယ်လိုဆွေမျိုးနီးစပ်တော်ပြန်လို့တုံး ... ဦးဇင်းရဲ့ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



စာပေမကျတဲ့ တောသားတစ်တွေကို စိတ်အနေရှုပ်အောင်များလည်း လျှာမထိ အာမထိ လင်းစမ်းပါဦး''

ဗိုလ်ဖိုးဆော့က ဝါးစိမ်းကွပ်ပျစ်ပေါ်သို့ အသာတင်ပါးလွှဲ ဝင်ထိုင်ရင်း မေးလိုက်သည်။ သူက ဆရာညာဏ်ကို ရဟန်းဘဝနှင့် နှုတ်ကျိုးနေခဲ့သူပီပီ သူ့အခေါ်အဝေါ်တွေကို မပြောင်း။ သက္ကလပ်အင်္ကျီနက်ပြာ၊ ပိုးဘောင်းဘီနက်ပြာနှင့် သျှောင်တစောင်းထုံးထားသည့် ဗိုလ်ဖိုးဆော့၏ ရုပ်သွင်မှာ မေးရိုးကားကား၊ နေလောင်ထားသည့် အသားညိုညိုကြေးနီရောင်၊ နှုတ်ခမ်းမွေးစစ၊ ကြယ်ပြောင်လို တောက်တောက်လက်လက် မျက်စိနှစ်လုံးတို့ကြောင့် ခန့်မှန်းရခပ်ခက်ခက်။

''ရော် ... ကိုရင်ဖိုးဆော့နှယ်။ မသိသား ဆိုးဝါးရန်ကော လူရာ။ အခု ကျုပ်နဲ့ ဆရာကြီးဦးရာကျော်တို့ ရောက်ခဲ့လေသမျှ ခရိုင်တိုင်းက ကျေးလက်လူထုတွေ၊ ကျောမွဲတောင်သူလယ်သမားတွေရဲ့ နှုတ်လျှာဖျားမှာ စိုးနေ၊ ပျော်နေတဲ့ အဲဒီတဘောင်ဆိုတာတွေက အင်္ဂလိပ်မိစ္ဆာတွေကို ထချကြဖို့ အချိန်တန်ပြီလို့ အချက်ပြတဲ့ တပ်လှန့်သံ ကိုရင်ရဲ့ ... တပ်လှန့်သံ။ ဘာမှတ်သလဲ''

''ဟုတ်ပါပြီလေ ... အဲသဟာကို ကျုပ်လက်ခံပါပြီ၊ အဲဒီတဘောင်ကြောင့် ကျုပ်တို့က ဘုမသိဘမသိ မိုက်ရူးရဲ ထကြွကြရတာလား။ တိုင်းပြည်ရဲ့ နဖူးတွေ့ဒူးတွေ့ အခြေအနေတွေကကို အဲဒီတဘောင်ထဲကအတိုင်း 'တိုက်ရင်းမသေရင် ငတ်ရင်းသေရမယ့် ဘဝ' မျိုးမို့ သေချင်သေပစေ။ ဖြစ်ချင်ရာဖြစ်။ မြွေမကြောက်၊ ကင်းမကြောက် တုံးတုံးချ မျက်စိမှိတ် မိုက်ကြရတာလား။ ကျုပ်တစ်ဦးတည်းသဘောတော့ဖြင့် ဦးဇင်းရာ ... လက်ဖွဲ့တွေ၊ ယကြာတွေ၊ ဟိုဟာဒီဟာ အစီအရင်တွေမပါလည်း ဒီမိစ္ဆာကောင်တွေကို ချမှာပဲဗျ။ ဘယ့်နှဲ့ဗျာ ... ကျုပ်တို့ရဲ့အထွတ်အထိပ် ဦးခေါင်းထက်က ရတနာဘုရားရုပ်ပွားတော်မြတ်ကိုတောင် လည်ပင်းကြိုးတပ်ဆွဲပြီး 'မင်းတို့ ဘုရားသော်မှ တို့လက်တွင်းမှာ အပြစ်ပေးတာ မလွတ်နိုင်ဘူးကွ' လို့ မထီလေးစားစော်ကားရဲသေးတာ။ အသက်ချင်း လဲပစ်လိုက်မယ်ဗျ။ ဒီမွေ့နှာရာယ်ကောင်တွေကို ဒီအတိုင်းတိုင်းချည်း လက်ပိုက်ကြည့်မနေနိုင်တော့ဘူး ... သိလား''





''ဖိုးဆော့ရယ် ... မင်းမလည်း အရေးဆို ဒေါ်ချည်းပဲကိုးကွယ့်''

အဘဦးရာကျော်အနီးတွင် ထိုင်လျက် ဂမ္ဘီရတပ်ဖွဲ့ဝင်များ၏ စာရင်းကို ပြုစုနေသည့် ဗိုလ်ဖိုးသစ်က လှမ်းဟန့်သည်။

''ရှိပစေ ကိုရင်ဖိုးသစ် ... ရှိပစေ။ တို့များက ဒီလိုအချိန်မျိုးမှာ စိတ်အေးလက်အေး သွေးအေးနေမှာကိုပဲ စိုးတာ။ ဒီလိုမျိုး သွေးဆူ၊ သွေးပူနေတာမျိုးတော့ ကြိုက်လှချည့်ပေါ့။ သွေးမရဲဘဲ ဓားဆွဲထွက်လည်း ဘာအသုံးကျဦးမတုံး။ ဟုတ်ဘူးလား။ ဟေး ... ဟေး ... ဟေး ... ဟေး''

ဆရာညာဏ်ကြီးက သူ့စကားနှင့်သူ သဘောကျလွန်းလှသည် ထင့်။ တဟေးဟေး ရယ်မောနေလိုက်လေသေးသည်။

''ဟုတ်တယ် ... ဘရဲ့၊ ကျုပ်တို့လည်း ကိုရင်ဖိုးဆော့နဲ့ တစ်သဘောတည်းပဲ။ တဘောင်ဆိုတာထက် လူထုဆန္ဒကိုပဲ အလေးထားတာပါ။ ကျုပ်တို့သေတာ သေပါစေ။ ဆယ်သက်ဆယ်ပြန် သေရစမ်းပါစေ၊ ကျုပ်တို့သား၊ ကျုပ်တို့မြေး၊ ကျုပ်တို့ အမျိုးအညွန့်တွေလက်ထက်မှာ သခင်ဘဝနဲ့ လက်မထောင်နိုင်ရင်ပဲ တော်ပေါ့။ သေရကျိုး ... နပ်ပြီပ''

''ဟုတ်လည်းဟုတ်၊ ကျလည်းကျပေ့ လူတွေကွာ။ တို့များပြောပကော။ တဘောင်နဲ့ လူထုဟစ်သံဟာ တစ်သားတည်းပါ ဆိုနေမင့်ဟာ။ 'အရာကြီးနဲ့ ကုလားကြီး' အတူတူပေါ့လကွ။ တောသားလည်းဆိုသေး၊ ဗိုက်မှာလည်း ချက်ကြီးနဲ့ကိုး''

''ဟား ... ဟား ... ဟား ...''

''ဟား ... ဟား ...''

ရယ်သံတွေစဲအောင် စောင့်ရသည်။

ရယ်သံတွေသည် ရဲတင်းသံတွေလည်း ဖြစ်နေလေသည်မို့ အားတက်ရပေ၏။

''ဒီလိုလေ ကိုရင်တို့ရဲ့။ 'လက်နက်မစွဲ သူရဲမမည်' ... တဲ့ကွယ့်။ စစ်မြေကိုချီမယ့် စစ်သည်သူရဲမှန်ရင် ကျွမ်းကျင်ရာလက်နက် စွဲရရိုးထုံးစံ။ စစ်သည်ရဲ့အသက်ဟာ လက်နက်တဲ့။ ကိုယ်စွဲတဲ့ လက်နက်ကိုလည်း ကိုယ်ယုံကြည်ရဲရင့်ရတယ်။ စစ်မြေမှာ စစ်သည်သူရဲရဲ့ ကိုယ်နဲ့လိပ်ပြာ လက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်နက် …။ အဲဒီတြိသုံးပါး တစ်သားတည်းမဖြစ်ခဲ့ရင် ဖိတ်ရော့ စဉ်ရော့ပဲ”

“သြော် …”

“ကိုင်း … ကိုရင်တို့အထဲမှာ ရှေးမြန်မာမင်းစစ်သည်များရဲ့ ဓား ရေး ၃၇ ချင်း၊ လှံရေး ၃၇ ချင်း၊ မြင်းရေး ၃၇ ချင်း၊ တက်ရေး ၃၇ ချင်းကို ကုံလုံပြည့်ဝတဲ့သူ ဘယ်နှယောက်ပါသလဲ”

“အင် … အဲဒါတော့ အဘရယ် …”

“ဟုတ်တယ်ဦးဇင်း …။ ကိုယ်တော် ငါ့စကားနွားရလုပ်ပြီး စကားကို အဲဒီလို ကန့်လန့်တိုက် ကပ်ဖဲ့မပြောနဲ့။ ဝေါ်အသေမခံနိုင်လို့၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို မတော်မတရား နှိပ်နှိပ်နင်းနင်းလုပ်နေတာကို လက်ပိုက်ကြည့်မနေနိုင်တော့လို့ ရရာလက်နက်ဆွဲပြီး ပုဆိုးစုတ်၊ အင်္ကျီပြဲ၊ ကျောမည်းကျောမွဲကြီးတွေနဲ့ ဂျွန်တပ်ဖွဲ့ရာကို အားကိုးတကြီးပါလာတဲ့ ဓားမဦးချ တောင်သူလယ်လုပ် အရိုးခံသက်သက်ကြီးတွေ ခင်ဗျားရဲ့။ ကိုယ်တော်ရဲ့ ဟိုချင်းသည်ချင်းတွေကို တတ်ဖို့ထားလို့ ကြားတောင် မကြားဖူးဘူး။ ကဲ …”

“အမယ်မင်း … ရဲရဲကျော်ထင် ဗိုလ်ဖိုးဆော့ကြီးရယ် … တဆိတ် စိတ်များလည်း လျှော့ပါဦးဟ … လခွေးတဲ့မှ …”

“ဟား … ဟား … ဟား … ဟား …”

“အဲသလို ‘လူမတတ်လို့ လက်ဖက်ထုပ်တတ်’ အောင် ကာလံ၊ ဒေသံ၊ အဂ္ဂံ၊ ခန့်နဲ့အညီ ကြည့်ပြီးစီမံရတာကွယ့် … ကိုရင်တို့ရဲ့။ ရှင်းပလား”

“ဗျာ … ဘယ်လို … အဘဉာဏ်”

“ရော် … နံပါ့ … လူရာ။ ကဲ … ဟောသလိုတွေးကြည့်။ မိန္တာကောင်တွေရဲ့ မီးပေါက်သေနတ်တွေ၊ စက်သေနတ်တွေ၊ အမြောက်တွေ၊ ဗုံးဆန်တွေကို မျက်နှာချင်းဆိုင်ပြီး ရဲရဲကြီး ဓားမတိုနဲ့ ပြေးခုတ်ဝံ့အောင် ဘာကမျှား စွမ်းဆောင်နိုင်မယ်လို့ ထင်သလဲ။ ဘယ်ဟာက စေစားနိုင်မယ်လို့ တွေးသလဲ။ စဉ်းစားကြည့်စမ်း”





“ ………… ”

တုံဏှိဘာဝေ၊ ဆိတ်ဆိတ်နေ …။

ဆရာကြီး အဘဦးရာကျော်က အဖြေကို သိသော်ငြား ပြုံးထော့ ထော့ဖြင့် ပေ၍သာ နားစိုက်နေ၏။ ကံကောင်းသည်လည်း ရိုးတိုးရိပ်တိပ်ဖြင့် အရိပ်ချင်သား။ သို့သော် ရင်မရှင်းလှသေး။ သူလည်း တိတ်တိတ်။

“ကဲ … ဘယ်လိုလဲ … ကိုရှင်တို့”

“အဘပြောလည်း ပြောသမျှကို ခံရတော့မှာပဲခင်ဗျာ။ စိတ်ထဲ သိသလိုလိုနဲ့ ပါးစပ်ဖျားမှာတင် ပျောက်ပျောက်နေတယ်။ ပြောမထွက်ဘူး”

“ဟုတ်ပါ့ကွာ …”

“ခက် … ခက်နိုးနိုး … ကိုရင်တို့ရယ်။ ထူလိုက်ပ … အူလိုက်ပဟ …။ စိတ် … စိတ်တဲ့ခင်ဗျ။ စိတ်ရဲ့တန်ခိုးသတ္တိ၊ စိတ်ရဲ့တန်ခိုးအင်အား အဆုံးမရှိတဲ့ စိတ်ရဲ့စွမ်းအင်တွေပေါ့ လူတို့ရဲ့။ တို့များဘုရားရှင် ကိုယ်တော်မြတ်ကြီးတောင် ဟောတော်မူခဲ့သေးသလေ … ဘာတဲ့ … ‘ဆန္ဒဝတောကိ နာမကမ္မံ နသဖ္ဖုတိ’တဲ့။ ဟုတ်စ … ဆန္ဒသာ ထက်သန်ပြင်းပြရင် အရာရာ ကိစ္စပြီးဆိုတာကိုး။ အဲ … အဓိပတိတပ်ထိုက်အောင် ကဲကဲဝှန်ဝှန် ဆန္ဒမျိုးတော့ ဖြစ်ရလိမ့်မနော”

“အလိုလေးဗျာ … ဦးဇင်းရယ်၊ ကျုပ်တို့ ဂျွန်တပ်ဖွဲ့သားတွေကို ဓားသိုင်း၊ တုတ်သိုင်း၊ ပွဲကျောင်းသိုင်းပညာတွေ၊ လက်ဝှေ့ နပန်းပညာတွေကို လေ့ကျင့်ပေးနေကြရုံနဲ့ အားမရလို့ စိတ်တန်ခိုးရအောင် သမထတွေများ ကျင့်ခိုင်းဦးမလို့လား။ ရို … ဒီအတိုင်းဆို ဒီအရေးတော်ပုံကြီးဟာ ဘယ်ဘဝမှာမှ စဖြစ်ကြတော့မှာတုံး။ အဘိုးကြီးအို ခါးကုန်း၊ ဓားမတို ဓားတုံးဖြစ်ပြီး ခြေမကြွ၊ လက်မမြှောက်နိုင်ကာမှဆိုရင်တော့ မဖြစ်သေးဘူးနော် ကိုယ်တော်။ ကျုပ်မားက သွေးဆာနေတာပဲ ကြာလှပေါ့။ နေ့လား၊ ညလား မိန္တာသွေးသောက်ရမှနော”

ကိုရင်က တယ်ဆန္ဒစောကိုးဗျ။ ကျုပ်စကားကိုများလည်း ဆုံးအောင် နားထောင်စမ်းပါဦး။ ဒီလိုလေ ကိုရင်တို့ရဲ့ …။ စိတ်ရဲ့ အခြေခံအင်



www.burmeseclassic.com

www.burmeseclassic.com



အားဟာ ဘာတွေတုံး။ ကဲ … ကဲ … မျက်လုံးကြီးတွေပြူးပြီး ကျုပ်ကို ကြည့်မနေကြဘဲ ကိုရင်တို့တွေ ဂျွန်တပ်ထဲဝင်စဉ်က ကျမ်းသစ္စာ ဘယ်လို ပြုခဲ့ရသလဲ။ ကိုယ့်ဘာသာ တိုးတိုးဆိုကြည့်လိုက်ကြစမ်း''

ကံကောင်းအပါအဝင် သခင်တိုက်စိုးတို့ လူငယ်တစ်သိုက်က ဖြုန်း ခနဲထရပ်၍ ညာဘက်နှလုံးအိမ်ပေါ် လက်ဝါးဖြန့်အုပ်လျက် ဂျွန်တပ်ဖွဲ့၏ 'အရေးတော်ပုံကျမ်းသစ္စာ' ကို အားရပါးရ သံပြိုင် တိုင်တည်လိုက်ကြ၏။ ခက်မာရှင်းပြတ်သော အမိန့်ဗြာန်သည် တောလုံးညံ့။

အဘဦးရာကျော်ကိုယ်တိုင်ပင် ဝါးစိမ်းကွပ်ပျစ်မှ ထ၍ မတ်မတ်ရပ် လျက် သစ္စာသံကို နာခံနေလေရာ အနီးဝန်းကျင်ရှိ ဂျွန်တပ်မိုလ်၊ တပ်သား အစုစုတို့လည်း မတ်တတ်ထရပ်သူရပ်၊ ကျမ်းသစ္စာကို မီရာမှ လိုက်ဆိုသူ ဆိုဖြင့် ဇာတိမာန်မီးတွေ တောက်စားနေကြတော့သည်။

အလံတောင်၊ ညှော်ခံတောင်၊ မင်းမျှော်ရာဇာတောင် … တောင် မင်းကြီးသုံးလုံးသည်လည်း ခန့်ခန့်တည်တည်။

သူ့ရင်ခွင်မှ တော်လှန်ရေးတေးသံ၊ ထန်သည်းခက်မာသည့် ဇာတိမာန်ရှန်းကြွသံတွေကိုသာ မိန့်မိန့်ကြီးနားဆင်နေလေဟန်။

ဟိန်းဟိန်းညံသည့် သစ္စာတိုင်သံတွေကို လေတစ်ညင်းက သယ် ပိုးရင်း တောင်ယံတစ်ကြော၌ ဟိုမှသည်၊ သည်မှဟို လူးလာခေါက်တုံ့ ပြေးဆော့နေလေ၏။ တောအလုံးတွင် ပွဲတင်သံသည် ပွက်ပွက်ထလျက်။

''မိမိသည် အများပြည်သူတို့၏ ပစ္စည်းများကို အပ်တိုတစ်ချောင်း မျှပင် ပြစ်မှားခြင်းမပြုပါ။ သူတစ်ပါး၏ သားမျိုး၊ သမီးမျိုးများကို ဖျက်ဆီးခြင်း မပြုပါ။ အမျိုးဘာသာ သာသနာကို ပြန့်ပွားထွန်း ကားစေရန်နှင့် တိုင်းပြည် လူထုကောင်းစားရန်အတွက်ပါ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း သစ္စာ ပြုပါ၏။ ယခုပြုသည့် သစ္စာကို ခိုင်ခိုင်မြဲမြဲ ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုဘဲ ဖောက်လွဲဖောက်ပြန်ပြုလုပ်ပါက ရေသွား ရေဘေး၊ ကုန်းသွားကုန်း ဘေးသင့်ပါစေသား''

✿ ✿ ✿

[၂]

❑

''အိုင်ဆေး မင်းကြီးရေ … ဟောဒီ ဆောင်းဦးပေါက်ရာသီဟာ တော်တော်စိတ်ပျက်စရာကောင်းတဲ့ ရာသီပဲဗျာ။ စိတ်ကိုဖိတဲ့ အရေးကိစ္စ တွေဟာ မိုးဦးကျမှာ မှိုတွေပေါက်သလို ဟောတစ်ခု ဟောတစ်ခု ပေါ်ပေါ် လာနေတော့တာပဲ။ ကဲ … အဲဒီအထဲကနေ မနေ့ညက ပဲခူးကလပ် (Pegu Club) မှာ ပြဿနာကြီးတစ်ခု ပေါ်ခဲ့သေးတယ်ဆိုဗျူ။ ကိုင်း … လုပ်စမ်း ပါဦး။ အသေးစိတ်ကလေးတွေကို။ ကြိုကြိုတင်တင်သိထားမှပဲ ထိန်းထိန်း ကွပ်ကွပ်၊ ဖုံးဖုံးဖိဖိ လုပ်နိုင်မှာမဟုတ်လား။ ဘုရင်ခံ ဆာချားလ်အင်းနစ်က သည်း အင်္ဂလန်ကို ခဏပြန်နေတာဆိုတော့ ကျုပ်ကပဲ ဘုရင်ခံချုပ်ကြီး Mr. Baron Irwin ကို တိုက်ရိုက်အစီရင်ခံနေရတော့ ခေတ္တဘုရင်ခံဆိုတဲ့ နေရာက နေသာသပ လေညာက ဖြစ်နေသပေါ့ဗျာ။ ကိစ္စက စိတ်ဝင်စားစရာ တော့ ကောင်းလိမ့်မယ်ထင်ပါရဲ့''



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝန်ချုပ် မစ္စတာအက်ဖ်ဘာတန်လိချ် (F. Burton Leach) က သူ့လက်ထဲမှ စာအုပ်ကို ပိတ်လိုက်၏။ ဘုရင်ခံအိမ်တော်၏ ညည့်ခန်းပြတင်းပေါက်မှနေ လမ်းမကို ဖျင်းရိပျင်းတွဲလှမ်းကြည့်ရင်း ပြောလိုက်၏။

သူ့ရှေ့က ဆိုဖာထိုင်ခုံပေါ်၌ စိတ်ပျက်လက်ပျက်ထိုင်နေသည့် ပုလိပ်မင်းကြီး မစ္စတာဝဲလ်ဘုန်းမှာ သူ့လက်ထောက်ပုလိပ်မင်းကြီးအဖြစ် ဆောင်ရွက်ရန် လန်ဒန် စကော့တလန်ယာဒ်မှ ပူပူနွေးနွေးရောက်လာခါစ မစ္စတာသွန်ပဆင် (Mr. T.E. Lecky Thompson) ကို ကွက်ခနဲ လှမ်းကြည့်လိုက်မိသည်။ ချက်ချင်းပင် မျက်နှာတစ်ပြင်လုံး ရဲခနဲဖြစ်သွား၏။

ရှက်စိတ်ဖြင့် သူ့စိတ်အနေ ကျဉ်းမြောင်းလှသည်။

အားလ်စတားကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားပြီး လည်ပင်းတွင် စကော့လည်စည်းကိုပတ်ထားသည့် အရပ်မြင့်မြင့်၊ ဆံပင်အုံကောင်းကောင်း ပုဂ္ဂိုလ်သည် ဂလက်စတုံလက်ဆွဲအိတ်ကို ဘေးတွင်ချလျက် ခပ်အေးအေး အမူအရာဖြင့် ထိုင်နေသည်။

''ဟူး . . . အတွင်းဝန်ချုပ်ကြီးခင်ဗျာ။ ကျုပ်တော့ဖြင့် ဟောဒီ ၁၉၃၀ ခုနှစ်လောက် အမူအခင်းပွေတဲ့ ရာသီမျိုးကို ကြုံပဲမကြုံဖူးတော့ပါဘူး။ ဗန္ဓုကရသေ့တို့၊ မင်းလောင်းမောင်သန့်တို့၊ တောပုန်းကြီးစံဖဲတို့တုန်းကတောင် ဒီလောက် ဦးနှောက်မခြောက်ခဲ့ရဘူး။ ဒီနှစ်ထဲမှာတော့ခင်ဗျာ မြန်မာနိုင်ငံအရေးဟာ သပွတ်အူကို လိမ်နေတော့တာပဲ။ နောက်ဆုံး စာရင်းချုပ်လိုက်ပြန်တော့လည်း ပြည်သူလူထုတွေအပေါ် အတင်းအကျပ်ကောက်ခံနေတဲ့ အခွန်တော်ကိစ္စတွေ၊ ချစ်တီးတွေရဲ့ မတော်မတရားမှုတွေ၊ ပုလိပ်တွေရဲ့ နိုင့်ထက်စီးနင်း ပြုမှုတွေမှာသာ လာလာဂိတ်ထိုးနေတော့တာပဲ။ ပြဿနာအားလုံးရဲ့ ပင်မအခြေအမြစ်ဟာ လူထုတွေ တရားလွန်၊ တရားမင်းဆင်းရဲမွဲတေလာကြတာပဲ ဖြစ်လိမ့်မယ်ထင်ပါ့ဗျာ''

သက်ပြင်းမောကို အသာမှုတ်ချရင်း သူ့စကားတွေကို သူပြန်တွေးကြည့်နေမိ၏။

၁၄–၃–၁၉၂၇ ရက်နေ့က လူခွန်၊ သသသမေဒခွန် စုံစမ်းရေးကော်မတီက တင်သွင်းခဲ့သည့် 'ကုလားများကို ဆေးခြောက်ရောင်းချခြင်းဖြင့် လူခွန်





ကောက်ခြင်းမှ ရငွေကို အစားထိုးရန်၊ ဘိန်းခန်းများဖွင့်၍ ငွေရှာရန်၊ သေနတ်လိုင်စင်ခ တိုးကောက်ခြင်းဖြင့် လိုငွေကိုဖြည့်ရန်၊ မြန်မာပြည်သို့ရောက်လာသည့် ကုလားများကို အခွန်နှုန်းထားတိုးကောက်ရန် မထော်မနန်း မကြံကောင်းမစည်ရာတွေကို အကြံပေးခဲ့ကြပုံများအားလည်း ပြေး၍ သတိရလိုက်မိသေးသည်။ 'အမှိုက်ပုံပေါ် ငှက်ကျောက်ရှိုးလှည်း ဖြတ်မောင်းတာပဲ' ဟုတွေးသည်။ မြန်မာပြည်သူလူထုအား ဆင်းရဲတွင်းနက်လှအောင် တူးဆွနေကြပုံကိုလည်း ဩချနေမိရ၏။

''ကဲပါလေ . . . အဲဒါတွေကို အသာထားစမ်းပါဦး။ မနေ့ညက ဖြစ်ခဲ့တဲ့ကလေးကိုသာ အရင်ဆုံးသိစမ်းပါရစေ''

သာယာဝတီပုလိပ်အချုပ်တွင် လူထုပေါင်းများစွာကို နည်းမျိုးစုံဖြင့် ဆိတ်နေကြောင်း ပြည်ထဲရေးဝန်ကြီးထံ လိပ်မူ၍ သာယာဝတီတောင်ပိုင်းဒေတ်ဦးစောက ၁၇–၁၂–၃၀ ရက်စွဲတစ်လျက် သံကြိုးရိုက်တိုင်ကြားခဲ့သည့် စာရွက်ကလေးကို ဖန်တုံးဖြင့် ဖိကစားနေရာမှ အတွင်းဝန်ချုပ်က ဆာခေါ်၏။

ယခုတလောကလေး၌ သာယာဝတီခရိုင်တွင် ထူးထူးထွေထွေ အမူဖြစ်နေခြင်းကိုမူ သူက အမှတ်ထင်ထင် ရိပ်စားထားမိပြီးဖြစ်သည်။

''အဖြစ်ကတော့ မနေ့ည သန်းခေါင်သာသာကလေးမှာ ပဲခူးကလပ်မှာ ဖြစ်ခဲ့တာတဲ့ခင်ဗျ''

''အင်း . . . နောက်ရက်တွေက ရုံးပိတ်ရက်နေ့အားတွေ ဆိုလေတော့ ကလပ်မှာ အစိုးရပိုင်းက အတော်လူစုံတက်စုံ ရှိခဲ့ကြမှာပဲ။ ကျုပ်ကောင်မှ ဒုတိယဘုရင်ခံ ဆာဟာကုတ်ဘတ္တလာနဲ့ ယူနီဗာစီတီကောလိပ်ကျောင်းအုပ်ကြီး ပါမောက္ခမက်သရူးဟန်းတားအိမ်မှာ ရန်ကုန်တက္ကသိုလ်ထောက်ပံ့ရန်ပုံငွေ (University Endowment Fund) ကို တစ်နိုင်ငံလုံးမှာ ဈေးကောင်းကစားပိုင်းတွေဖွင့်ပြီး ရှာနေကြတဲ့ကိစ္စ၊ ငွေကြေးချမ်းသာတဲ့ သူဌေးသိကြ အလှူငွေတွေ မတန်တဆကောက်ခံပြီး K.S.M, A.T.M, T.P.S . . . တွေ ဘွဲ့တံဆိပ်တွေကို ဖောချင်းသောချင်းပေးနေတဲ့ ကိစ္စတွေကို ပြန်လည်ဆွေးတဲ့ ပညာရေးဆွေးနွေးပွဲကလေးအပြီး ညစာလယ်စားပွဲတစ်ခု ဆက်



www.burmeseclassic.com

www.burmeseclassic.com



တက်နေမိလို့ဗျို့။ နို့မို့ . . . ရောက်လာမိဦးမှာ။ ခင်ဗျားတို့ပုလိပ်ဘက်ကို ဖြ
ပေးမယ့် မစ္စတာစတီးဝပ် (C.G Stewart)၊ မစ္စတာမက်ကွိုင်း (A.M McCoi
မစ္စတာဒန်း (C.L Dunn) တို့နဲ့ ပိုကာဆွဲကြဖို့ ချိန်းထားခဲ့သေးတာ။ 'ပြည်ထဲ
အရေး ပေါက်နဲ့ကျေး' တွေကို ခဏဖြစ်ဖြစ် ခေါင်းထဲက ရှင်းပစ်လိုက်ချ
လွှန်းလို့ဗျာ''

''သြော် . . . ဒါကြောင့် ညက ကလပ်မှာရှိနေတဲ့ လူစာရင်းတွေထဲ
မှာ သူတို့အုပ်စုတွေကို တွေ့လိုက်ရတာကိုး။ ပြီးတော့ ဖဲလိမ်အရိုက်ခံပြီး
ပါသမျှငွေနဲ့ အဖိုးတန်လက်ဝတ်ရတနာတွေ တက်တက်ပြောင်သွားတဲ့ စိန်
ခေါ်ဖဲကစားဝိုင်း လူစာရင်းထဲမှာ ကျုပ်တို့လူ မက်ကွိုင်းနဲ့ သူ့ကိုယ်သူ 'ရွှေ
လက်ဝါး' ရယ်လို့ ဖဲဝိဇ္ဇာကြီးလုပ်နေတဲ့ စကော့သားကြီး မစ္စတာဒန်းတို့ ပါ
လာကြတာကိုး''

''ဘယ်လို . . . ဘယ်လို . . .''

''ဒီပုံဆို ညက ပဲခူးကလပ်ကို ဝင်မွှေသွားတဲ့မောင်က အဓိက
ပစ်မှတ်အဖြစ် ရွေးခဲ့တာ အတွင်းဝန်ချုပ်ကြီးကိုပဲ ဖြစ်မယ်ထင်ရဲ့ခင်ဗျား
ကလပ်မန်နေဂျာ ဂရက်ဆန်နဲ့ စားပွဲထိုးမှူးချုပ် အာသာတွီးဒဲလ်ပြောသာ
အလိုတော့ ဒီမောင်က အတွင်းဝန်ချုပ်ကြီးရဲ့ကားနဲ့ ကလပ်ကို လာခဲ့တာ
တဲ့ခင်ဗျ''

''ဟင် . . .''

''ဟုတ်တယ် . . .။ အတွင်းဝန်ချုပ်ကြီးက အရေးကြီးကိစ္စတွေ
မလာနိုင်တော့ဘူးလို့ပြောပြီး မက်ကွိုင်းတို့အဖွဲ့တွေနဲ့ ဝင်ရောရင်း ဖာတ်ရှ
ကြီး လုပ်သွားခဲ့တာ။ အတွင်းဝန်ချုပ်ကြီးရဲ့ ကားနဲ့လည်း လာခဲ့ပြန်၊ တောက်
ပြောင်လက်နေတဲ့ဦးထုပ်နဲ့၊ ခါးပြတ်အင်္ကျီမှာလည်း စိန်ကြယ်သီးတွေ တပ်
လို့။ လည်စည်းမှာ ပတ္တမြားရင်ထိုး၊ အဖိုးတန်ဖရော့ကုတ်အင်္ကျီ ဝတ်ထားတဲ့
လူမျိုးကို ဘယ်သူက ဖဲလိမ်ရိုက်မယ့်လူလို့ ထင်ပါ့မလဲ။ အတွင်းဝန်ချုပ်အိမ်
မှာ တည်းနေတဲ့ မိုးကုတ်က ကျောက်တွင်းသူဌေး၊ ရတနာဂီရိစံဘုရင်လော
ရဲ့ သွေးနီးတဲ့ အနွယ်တော်တစ်ဦးလို့ပဲ ထင်မိကြတာ ဘာဆန်းလို့တုံး''





''ကဲဗျာ . . . ကျုပ်ဖြင့် အံ့သြလွန်းလို့ သေတော့မယ်။ ဖြစ်ကြောင်း
ကုန်စင်ကို ခပ်မြန်မြန်ကလေး ပြောပြစမ်းပါဦး . . . အိုင်ခေဆေးရဲ့''

အတွင်းဝန်ချုပ်ကြီးမှာ ကြားရသမျှအပေါ် အံ့အားကြီးသင့်၍ နေ
တော့၏။ ဘာကို ဘယ်လိုယုံရမည်ပင် မသိ။ မနေ့ညဦးက သူ့အိမ်တော်မှ
ထွက်သွားသည့် ကားဒရိုင်ဘာ မစ္စတာကုက်ပလဲရှားနှင့်အတူ သူ့အိမ်တော်ပြန် ချိန်
ည ၁၂ နာရီခွဲကျော်ကျော်အထိ ရှိနေခဲ့သေးသည့်ကား သူ့အသိ။ အလို . . .
ဟုတ်ပ . . .။ မနေ့ညက သူ့ကားအတွင်းမှ သူ့နာခေါင်းမယဉ်သည့် ရေမွှေး
နံ့နှင့် သစ်ခွနက်ပန်းခက်ကလေးတစ်ခိုင် . . .။ ယခုတိုင် ပဟေဠိပမာ သူ့
ခေါင်းထဲ ဝင်ကလီနေဆဲ။

'ဘာလဲ . . . ဘာတွေလဲ . . .'

မေးခွန်းတွေကို ယခုမှ ဖြုတ်ခြည်း သတိရလိုက်မိ၏။

သားရေနံ့ အညိုရောင်ဆိုဖာထိုင်ခုံကြီးပေါ်၌ ကြောင်တစ်ကောင်
ဖွင်းရိပျင်းတွဲခွေနေသလို စိတ်အေးလက်အေး ပုံပုံကြီးထိုင်နေခဲ့သည့် လက်
ထောက်ပုလိပ်မင်းကြီး မစ္စတာသွန်ပဆင်ပင် သူ့ကိုယ်ပေါ်သို့ ဆေးလိပ်
မီးပွားစတွေ အပြုလိုက်ကြွေကျလာသလို ဆတ်ခနဲ ကိုယ်နေမတ်လာ၏။
မျက်ဝန်းတွေ လက်လက်ပြေးစပြုသည်။

''ဒီလို . . . အတွင်းဝန်ချုပ်ကြီးရေ၊ မနေ့ညက ပဲခူးကလပ်ကို
အတွင်းဝန်ချုပ်ကြီးရဲ့ ကားကိုစီးပြီး ရောက်လာတဲ့ ကျောက်တွင်းသူဌေးဆို
တဲ့ မောင်နဲ့ စိန်ပွဲစား၊ ပတ္တမြားပွဲစားဆိုတဲ့ ငနဲမ မောင်နှံက 'မိန်းမချင်း
ပေါင်တင်၊ လင်းချင်းပန်းတောင်း' လုပ်သွားကြလေရဲ့။ ပြောရမှာလည်း
ရှက်ပါရဲ့။ လောင်းကစားဝါသနာကြီးတဲ့ တကယ့်ဖဲဝိဇ္ဇာ အရာရှိကြီးတွေ
လည်း တစ်ယောက်မကျန် တက်တက်ပြောင်ကြရော . . . ဆိုကြပါစို့။ မိန်းမ
ဝိုင်းမှာလည်း ဖဲလိမ်ဝိဇ္ဇာငနဲနဲ့ အတူပါလာတဲ့ လေဒီက စိန်အတု၊ ပတ္တမြား
အတု၊ ရွှေအတုတွေကို ခပ်လှိုင်းလှိုင်းကလေး ပင့်ဆွဲပြီး ရောင်းချသွားလိုက်
တာ ခါးပိုက်နှိုက်ဓားခွဲခံရတာကမှ သက်သာလိမ့်ဦးမတဲ့။ ပြောင်တလင်းခါ
ရော။ ပိုဆိုးတာက ပဲခူးကလပ်မန်နေဂျာကြီးရဲ့ မီးခံသေတ္တာထဲက ငွေတွေ၊



www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန်ပစ္စည်းတွေနဲ့ ကလပ်မင်ဘာလူကြီးတွေရဲ့ သီးသန့်ရန်ပုံငွေတွေ အားလုံး ရေအငွေ့ပြန်သလို ပျောက်ကုန်တဲ့ကိစ္စပဲ။ အစုစု ပေါင်းစတာလင် ငွေ ၇၀,၀၀၀ ကျော်နဲ့ အိန္ဒိယရူပီးငွေ ၂၀,၀၀၀ ကျော်၊ ရွှေနဲ့ အဖိုးတန် လက်ဝတ်ရတနာပစ္စည်း ကာလတန်ဖိုး ပေါင် ၂၀၀,၀၀၀ နီးနီး၊ ကလပ်ပိုင် ရန်ပုံငွေ သုံးသောင်းခွဲလောက် ပါသွားသတဲ့ခင်ဗျ''

''အလိုလေး . . . မကြားဖူးမနာသာ ကိစ္စကြီးပါကလား။ နေပါဦး . . နေပါဦး . . .။ အဲဒီသတ္တဝါနှစ်ကောင်ကို ဖမ်းမမိကြသေးဘူးတဲ့လား။ မင်းကြီး တို့ ပုလိပ်ဘက်က ဘာတွေ ထိုင်လုပ်နေကြသလဲ။ ရန်ကုန်ပုလိပ်မင်းကြီး ရုပ်တဲဝပ်တို့၊ စီအိုင်ဒီတို့ကရော ဘာမှမလုပ်ကြတော့ဘူးတဲ့လား''

''ဒီမောင်တွေ လုပ်သွားကိုင်သွားပုံက ပိရိသေသပ်လွန်းလို့ ကျုပ် ပေါ်ကထုံးတွေ အားလုံးနီးပါး လူပါးပုလင်းထိ ဖြစ်ခဲ့ကြတာပလေ။ ဖြစ်ခဲ့ ရပုံကြီးက တကယ့်ထိတ်ထိတ်ကြဲ ပုလိပ်ဘက်က 'ခေါင်' တွေကိုမှ နားရွက် တံတွေးဆွတ်သွားခဲ့တာကလား။ ပြီးတော့ မှုခင်းဖြစ်စဉ်ကြီးထဲမှာ အတွင်း ဝန်ချုပ်ကြီးရဲ့ ကားကပါ ဝင်ပါနေပြန်သေးတာဆိုတော့ ချက်ချင်းလက်ငင်း ကြီး ဝုန်းဒိုင်းကြဲ မလှုပ်ရဲသေးဘူး။ လောလောဆယ် မစ္စတာစတီးဝပ်ကို တာဝန်ပေးထားတယ်။ ကျိတ်ပြီး လှုပ်ရှားနေကြပါပြီ။ မကြာခင် မိမှာပါ ခင်ဗျာ''

''တယ်လည်း အတင့်ရဲ၊ စော်ကားမော်ကား ရှိလှသကိုး''

အတွင်းဝန်ချုပ်ကြီးခမျာ ကြားရသည့်သတင်းအပေါ် မခံချိလွန်း လှ၍ တုန်လျက်ရှိ၏။ သူ့ထုံးစံတွေကိုပင် သူမေ့လျက် သူ့ရုံးသုံးဗီရိုကြီး၏ အတွင်းပိုင်းမှ ငွေရောင်ဘူးကလေးကိုထုတ်လျက် တဂွတ်ဂွတ်မော့၍ ကျိုက် ချနေတော့သည်။ ဖြူနုနုမျက်နှာမှာ ချက်ချင်းပင် ပန်းရောင်သန်းလာခဲ့ ပြီး ဖွေးဖွေးလှုပ်နေသည့် ငွေရောင်ဆံနွယ်မှျင်များက မသပ်မရပ် ဟိုတစ်စ သည်တစ်စ ဝဲကျလျက်ရှိနေရာ အရွယ်အိုအို လူဝံကြီး၏ မျက်နှာနှင့်ပင် တူလွန်းလှတော့၏။

ဖြူယောင်နီရောင်မျက်နှာမှာ သူ၏ ငွေရောင်ဆံပင်များနှင့် မုတ် ဆိတ်များကြောင့် ပို၍ပင်နီရဲနေသလို ထင်ရလေ၏။





''ဒီမှာအိုင်ဆေး . . . ဒီကိစ္စကြီးသာ အမှန်တကယ် ဖြစ်ခဲ့ရိုးမှန်ရင် ကျုပ်တော့ ဒီအတိုင်းတိုင်းချည်း လက်ပိုက်ကြည့်၊ ငြိမ်ခံမနေနိုင်ဘူးဗျ။ နဂါး မှန်းသိအောင် အမောက်ထောင်ပြရတော့မှာပဲ။ ဟောဒီရန်ကုန်မြို့တင်မက လို့ မြန်မာတစ်ပြည်လုံးကို မြေလှန်ချင် လှန်ပစ်လိုက်ရပစေတော့။ ပိုက်စိပ် တိုက်ပြီးသာ စစ်ဆင်ရေးတစ်ရပ်လို အမဲလိုက်ကြပေတော့။ 'Do or Die' ပဲဗျို့။ လျှော့ပေးတော့ မချနိုင်တော့ဘူး''

သူ့လက်သီးဆုပ်ကြီးဖြင့် သူ့စားပွဲကြီးကို တဒုန်းဒုန်းထုရင်း ဒေါ သူပုန်ထနေလေတော့သည်။

''စိတ်ချပါ . . . အတွင်းဝန်ချုပ်ကြီး။ ကျုပ်ရဲ့လက်ထောက် ပုလိပ် မင်းကြီး အသစ်စက်စက် ဟောဒီမစ္စတာသွန်ပဆင်ကို အထူးတာဝန်ပေးပြီး ဒီကိစ္စပေါ်အောင် လိုက်ပါမယ်။ မစ္စတာသွန်ပဆင်က လန်ဒန် စကော့တလန် ယာဒ်မှာကတည်းက အမ်. အိုင်. ဖိုက် (M.I.5) နဲ့ တွဲဖက်ဆောင်ရွက်လာ ခဲ့ဖူးတဲ့ ဒီလိုမှုခင်းမျိုး အထူးကျွမ်းကျင်သူဆိုတော့ မကြာခင် အဖြေပေါ် လာမှာပါ။ အဲ . . . ချက်ချင်းကြီးတော့လည်း အုတ်အော်သောင်းတင်း လုပ် လို့ မဖြစ်သေးဘူးခင်ဗျ။ ၁၉ ရက်နေ့မှာ ခေတ္တဘုရင်ခံကြီးရဲ့ ဒါဘာပွဲကြီး ကို သာယာဝတီမှာ ကျင်းပဖို့ မနက်ဖြန်ကစပြီး ပြင်ကြဆင်ကြရဦးမှာ မဟုတ် လား။ ပြီးတော့ အတွင်းဝန်ချုပ်ကြီးရဲ့ကား . . .''

''ကျွတ် . . . ဒီသောက်ဘုရင်ခံရူးကလည်း တစ်မျောင့်။ ဘုရင်ခံရဲ့ ဥပဒေပြုကောင်စီဝင်ကနေ ခေတ္တဘုရင်ခံ ခဏတဖြုတ်ကလေး တက်လုပ် ခွင့် ရလိုက်ပါတယ်။ တယ်အရေးက ပါချင်သကိုး။ ဒီသောက်ဒါဘာပွဲကို မလုပ်ဖို့ ဘယ်လိုတားတား တားလို့မရ။ တယ်ခက်တဲ့လူ။ ဩော် . . . ပြီး တော့ ဒီအရေးအရာမပါတဲ့ သောက်ဇာတ်ရှုပ်ကြီးထဲမှာ ကျုပ်ရဲ့ကားကိစ္စကို ဆွဲမထည့်ကြစေနဲ့ဦး။ ကြားလား . . . အိုင်ဆေး''

''အဲဒီကိစ္စကိုလည်း အားလုံးကို အသေးစိတ် မှာကြားပြီးပါပြီ အတွင်းဝန်ချုပ်ကြီး။ စိတ်မပူပါနဲ့ခင်ဗျာ''

မည်သို့ပင်ဖြစ်စေ မည်သို့ပင်တွေးကြည့်ကြည့် ခွင့်လွှတ်သည်းခံ နိုင်ဖွယ်မဟုတ်သည်ကား ကေန်။ ဗြိတိသျှကေရိဘုရင်မကြီး၏ ကျေးတော်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မျိုး အင်ပါယာအရာရှိကြီးများ မင်းပေါင်းစုံညီလှသည့် ပဲခူးကလပ်လို နေရာမျိုးသို့ပင် လက်ရဲဇက်ရဲတက်၍ ကျူးကျူးကျော်ကျော် စော်ကားမော်ကားပြုရဲသည်ကား ခံရခက်လွန်းလှသည်။ မခံချိစရာ။

"နေပါဦး ... အိုင်ဆေးရယ်၊ ကျုပ် မေးစမ်းပါရစေဦး။ နေ့ခင်းကြောင်တောင် အိပ်မက်မက်သလို ဖြစ်နေလို့ပါ။ အဲဒီပေါက်ပန်းဈေးကိုစွကြီးက ဘယ်လိုကဘယ်လို ဖြစ်ကြရတာတဲ့တုံး။ တစ်ဆိတ် ... ဂဃနဏရှင်းပြစမ်းပါဦးဗျာ။ တကတည်း ..."

"ဒီလိုခင်ဗျ ..."

ပုလိပ်မင်းကြီးက လျှာဖျားမှ တံတွေးကို အရင်ရှင်းလိုက်ရသေးသည်။ ပြောရမည့်စကားတွေက ချက်ချင်း ထွက်ကျမလာ။ အတွင်းဝန်ချုပ်ကြီးကိုလည်းကောင်း၊ သူ့လက်ထောက် မစ္စတာသွန်ပဆင်ကိုလည်းကောင်း ရှက်ရွံ့အားနာကြီးဖြစ်လျက် မျက်နှာကြီး နီချင်လာ၏။

"အဲ ... အဲဒီညက သူတို့တွေ ကလပ်ကို ရောက်လာခဲ့ကြတာ ည (၁၀) နာရီ ထိုးပြီးခါစလောက်ကလေးမှာပဲတဲ့ခင်ဗျ။ ကလပ်မှာ လူစုံတက်စုံ စုစုဝေးဝေးဖြစ်လို့ ပွဲစည်နေချိန်ဆိုပါတော့လေ။ သူတို့ရောက်မလာခင် ကလပ်မန်နေဂျာဆီကို အတွင်းဝန်ချုပ်ကြီးတော့ဖြင့် အရေးကြီးကိစ္စရှိလို့ မလာနိုင်တော့တဲ့အကြောင်းနဲ့ အတွင်းဝန်ချုပ်ကြီးရဲ့ကိုယ်စား သူ့ညီသည် ထိပ်တင်မောင်မောင်ကျော်နဲ့ လန်ကက်စတာလမ်းမှာနေတဲ့ ပုဂံမိဖုရားကြီးရဲ့ညီမတော် 'သရစိမ်းမိဖုရားစံအိမ်တော်' က 'ပြည့်ထိပ်တင်နွယ်' ဆိုတဲ့ အနွယ်တော် ရတနာပွဲစားမင်းသမီးတစ်ပါး လာမယ်လို့ ကြိုတင်ပြီး တယ်လီဖုန်းနဲ့ အကြောင်းကြားခဲ့သေးတာတဲ့။ မူလအစီအစဉ်အရတော့ 'သရစိမ်းမိဖုရား' အမြဲသုံးတဲ့ ဘာဂီရထားနဲ့ လာကြဖို့ပဲ။ အတွင်းဝန်ချုပ်ကြီးရဲ့ အိမ်တော်က ညီ့သည်ဆိုမှဖြင့် ဘယ်သူ့နေရဲပ့ါမလဲ။ ကလပ်မန်နေဂျာကြီး မစ္စတာဂရက်ဆန်နဲ့ စားပွဲထိုးမှူးချုပ် အာသာတွီးဒဲလ်တို့ကိုယ်တိုင် ထွက်ကြိုနေခဲ့ကြသတဲ့ခင်ဗျ။ အဲ ... လာမယ့်လာတော့ အတွင်းဝန်ချုပ်ကြီးရဲ့ ကားကြီးနဲ့ ဗြုန်းဆို ပေါက်ချလာခဲ့ကြတာတဲ့"

✿ ✿ ✿

❑

မီးရောင်က ဝင်းခနဲ။ မျက်စိကျိန်းလှမတတ်။ စက်ရှိန်ကိုလျှော့၍ ရှေ့မီးသီးကြီးတစ်စုံကို ပိတ်လိုက်တော့မှသာ အတွင်းဝန်ချုပ်၏ ကားကြီးကို မြင်လိုက်ကြရပြီး အံ့အားကြီးတွေသင့်၍ မှင်တက်မိသွားကြရခြင်းဖြစ်၏။

မစ္စတာဂရက်ဆန်သည် စားပွဲထိုးမှူးချုပ် အာသာတွီးဒဲလ်အား မျက်ရိပ်ပြလျက် ကားကြီးဆီ အပြေးအလွှားသွား၍ ကြိုဆိုလိုက်ကြ၏။

"မင်္ဂလာညချမ်းပါ လူကြီးမင်းများခင်ဗျာ"

အသံကိုသာ ဦးအောင် အလျင်ကြားလိုက်ကြရသည်။ အတွင်းဝန်ချုပ်ကြီးကား မဟုတ်။ လူငယ်လူရွယ်တစ်ယောက်၏ ဖျိုမျစ်မျစ်အသံ။ အားရှေ့တံခါးသည် တဖြည်းဖြည်း လူတစ်ကိုယ်စာသာသာ ပွင့်လာပြီး ကြော့မော့ခန့်ညားသည့် လူရွယ်တစ်ယောက် ဆင်းလာ၏။ ခြောက်ပေနီးပါး ရှားရှားပါးပါး အရပ်အမောင်း၊ တောက်ပပြောင်လက်နေသည့်ဦးထုပ်၊ စိန်ကြယ်သီးများ အပြည့်အစုံတပ်ထားသည့် ခါးပြတ်အင်္ကျီ၊ ပတ္တမြားရင်ထိုးဖြင့် သေသေသပ်သပ်လည်စည်း၊ အဖိုးတန်ဖရောကုတ်အင်္ကျီ၊ ညွန့်ပေ့ဆိုသည့် အညိုနုနု ကွမ်းရိုးစင်းသက္ကလပ်ဘောင်းဘီ၊ ပြောင်လက်နေသည့် အကောင်းစားရှူးဖိနပ်တို့ဖြင့် ဆင်ယင်ထားသည့် လူတစ်ယောက်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်၊ တွေ့လိုက်ရသည်နှင့် မခင်ဘဲနေ၍ မရအောင်ပင် ညှို့ငင်ဖမ်းစားနိုင်စွမ်းသည့် အပြုံးတစ်ခုကို အသားအရေဖြူဉဉ၊ မျက်ခုံးမွေးမည်းမည်းတန်းတန်းတစ်စုံ၊ ရယ်နေသည့် မျက်ဝန်းများနှင့်အတူ သတိထားမိလိုက်ကြရ၏။

ကိန်းဗရစ်လေသံ အဆင့်မြင့်မြင့် အင်္ဂလိပ်စကားပြောဟန်၊ သူ့ဝတ်စားဆင်ယင်မှု၊ သူ့ဥပမိတို့က အတွင်းဝန်ချုပ်၏ ကားကြီးကိုပင် သေးသိမ်သွားစေသလို ထင်ရသည်။

"Good evening sir."

သူတို့နှစ်ဦးစလုံး တလေးတစား ရိုရိုကျိုးကျိုး ကြိုဆိုလိုက်ကြ၏။

"ဟင် ..."

မျှော်လင့်ထားမိသည့်အထဲကပင် အံ့သြဘနန်း ဖြစ်ကြရသေး၏။

ကားကြီး၏ နောက်ခန်းတံခါးကို ရှုရှုဖွင့်၍ ထွက်လာသည့် နတ်မိမယ်ကိုကြည့်လျက် ရင်သပ်ရှုမော ...။

အမျိုးသမီးမှာ တကယ်ပင်ချောမောလှပသော အမျိုးသမီးတစ်ယောက် ဖြစ်နေသည်။ အရပ်မြင့်မြင့်နှင့် တည်ကြည်သိမ်မွေ့သည့် အမူအရာရှိ၏။ ဆံပင်ကောင်းကောင်း၊ အေးစက်ပြာလဲ့သော မျက်ဝန်းများရှိသဖြင့် ဟိတ်ဟန်ကောင်းရုံမျှမက အတန်ငယ်မာနကြီးသည့်အသွင်ကို ဆောင်နေလေသည်။ အဖိုးတန် နက်ပြာရောင်ကတ္တီပါဝတ်စုံပေါ်၌ မြွေပါမွေးဝတ်ရုံကို ဝတ်ထားပြီး အဖြူရောင်သက္ကလပ်ဦးထုပ်ကိုလည်း ရောင်စုံဖြာနေသည့် ဖာမထီငှက်တောင်တစ်ခုတပ်လျက် ဆောင်းထားလေ၏။ ပိုးပျော့လုံချည်အောက်မှ ခန္ဓာကိုယ်အလှမှာလည်း တင်းတင်းပြည့်ပြည့်။ အသားအရေကဝင်းလဲ့မှတ်စင်နေပြန်သေးရာ မဟာဆန်လွန်းသည့်မျက်နှာဟုပင် ဆိုရပေတော့မည်။

"ထိပ်တင်မောင်မောင်ကျော်ပါခင်ဗျာ"

"ကြွရောက်ချီးမြှင့်တာကို ဝမ်းမြောက်ဂုဏ်ယူပါရဲ့ခင်ဗျာ။ ကျေးဇူးကြီးလှပါပေရဲ့"





"ကျေးဇူးပါခင်ဗျာ ... ဟောဒီက ကျွန်တော့်နမနဲ့လည်း မိတ်ဆက်ပေးပါရစေ။ 'ပြည့်ထိပ်တင်နွယ်' ... တဲ့ခင်ဗျ။ ရတနာဂီရိစံ မင်းတရားကြီးရဲ့ သမီးတော်ကြီး အရှင်ထိပ်စုမြတ်ဘုရားရဲ့ နှိုထိန်းတော် တောင်ဖင်မြို့စား မင်းသမီးကြီးရဲ့ အဆက်အနွယ်ထဲကပါပဲ။ အခုတော့ သရစိမ်းမိဖုရားရဲ့ စံအိမ်တော်ကြီးမှာ ခေတ္တတည်းခိုနေထိုင်ပြီး လူကုံထံအသိုင်းအဝိုင်းမှာ စိန်နဲ့ပတ္တမြား ရတနာအရောင်းအဝယ်လုပ်ငန်းလေးကို လုပ်ကိုင်နေပါရဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ... ပရင့်ဆက်စ်။ အရှေ့တိုင်းရဲ့အလှကို ဂုဏ်ဆောင်နိုင်ပါပေတယ်ခင်ဗျာ။ မြင်လိုက်ရရုံနဲ့တင် ကျက်သရေမင်္ဂလာ ရှိလှပါပေရဲ့"

စကားအဖြစ်သာ မြှောက်ပင့်၍ တမင်ပြောနေခြင်းမဟုတ်။

ကာလပ်မန်နေဂျာကြီး မစ္စတာဂရက်ဆန်က သူ့အမြင်အတိုင်း ပွင့်ပွင့်လင်းလင်း၊ ရိုးရိုးစင်းစင်းကြီး ပြောချလိုက်ခြင်းဖြစ်သည်။ ထိုသို့ ရိုးဂုဏ်ဖြင့် ပြောလိုက်သည့်အတွက်ကြောင့်ပင် မိန်းမပျို၏အလှက ပို၍ လင်းလက်သွားသလို ဖြစ်ရသည်။

"ကြွပါခင်ဗျာ ... ကြွကြွပါ ...။ အားလုံးကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရမှာပါ။ တကယ့်မင်္ဂလာညချမ်းပါပဲခင်ဗျာ"

မစ္စတာဂရက်ဆန်က ဦးဆောင်လျက် ညှိခံခန်းမဆောင်ကြီးအတွင်းသို့ တောက်လျှောက်ကြီး ဦးတည်ဝင်သွားကြ၏။ စားပွဲထိုးမှူးချုပ်မစ္စတာအာသာတွီးဒဲလ်က မိန်းမပျို၏လက်မှ ဆွမ်းတော်အုပ်လေးသဏ္ဌာန်ရတနာပစ္စည်းများထည့်ထားသည့် ငွေသားစစ်စစ် လက်ကိုင်အုပ်ကလေးကို အသာအယာလက်ပြောင်းယူ၍ ပွေ့ကိုင်လျက် နောက်မှလိုက်လာသည်။

မီးရောင်သည် ထိန်ထိန်လင်းလျက်ရှိ၏။

ဖန်မီးဆိုင်းများ၊ နံရံကပ်အလှဆင်မီးတိုင်မီးအုပ်များမှ လျှပ်စစ်ရောင်စုံအလင်းတန်းများ တောက်စားကွန့်မြူးနေလေရာ နတ်ဘုံနတ်နန်းအလား ထင်စနိုးဖွယ် ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်မြူးမြူး တေးလုံးတေးသွားကလေးသည်လည်း ခန်းမဆောင်တစ်ခုလုံးကို လှုပ်လှုပ်ရှားရှားအသက်ဝင်စေအောင် ဖန်လျက်ရှိ၏။ အင်္ဂလိပ်အထီး၊ အင်္ဂလိပ်အမ ဒွိယံဒွိယံ စုံတွဲရောင်စုံများသည်လည်း အဖိုးတန်ဝတ်စားတန်ဆာများကို ကြော့နေအောင်ဝတ်ဆင်လျက် ယမကာခွက်ကလေးတွေ ကိုယ်စီဖြင့် ပန်းတစ်ခင်း၌ ထင်သလိုမင်းမူနေကြမြဲ ပျား၊ ပိတုန်း၊ လိပ်ပြာကောင်တွေနှယ် ဟိုသည်ဝဲပျံ လူးလာခတ်လျက် ရှုပ်ရှုပ်ထွေးထွေး။ ပျော်ပွဲသဘင်သည် စည်ချင်တိုင်း စည်နေလေသည်။

"Ladies and Gentlemen! တဆိတ်ခင်ဗျာ . . . လူကြီးမင်းများကို ကျွန်တော်များကလပ်ရဲ့ ဂုဏ်ထူးဆောင်အထူးဧည့်သည်တော်များနဲ့ မိတ်ဆက်ပေးပါရစေ။ 'ထိပ်တင်မောင်မောင်ကျော်' နဲ့ ညီမတော် 'ပြည့်ထိပ်တင်နွယ်' တဲ့ခင်ဗျ။ ရတနာဂီရိစံမင်းတရားကလေးရဲ့ သွေးနီးတဲ့ အနွယ်တော်ထဲကပါပဲ။ လက်ရှိတော့ အတွင်းဝန်ချုပ်ကြီးရဲ့အိမ်တော်မှာ တည်းခိုနေထိုင်ပြီး ရန်ကုန်မြို့ရဲ့အရသာကို ခံစားနေကြသူများ ဆိုကြပါစို့။ မစ္စတာကျော်က မိုးကုတ်မြို့က 'Burma Ruby Mine Co;ltd' ရဲ့ ရှယ်ယာမင်ဘာဒါရိုက်တာလူကြီးတစ်ဦးဖြစ်ပြီး ပရင့်ဆက်စ်ကတော့ စိန်နဲ့ပတ္တမြား အရောင်းအဝယ်လုပ်ပါသတဲ့ လူကြီးမင်းများခင်ဗျာ"

"ချီးယား . . . စ်"

"OH! Wonderful".

"သိပ်ခန့်ညားတာပဲ"

"တယ်ကျက်သရေရှိတဲ့ မိန်းမလှ"

"ဝတ်စားထားတာတွေကတော့ တကယ့်လန်ဒန်မြို့ကြီးသားတွေ ရှုံးလောက်ပါရဲ့ခင်ဗျာ။ တကယ်ပါပဲ . . ."

အသက်ငယ်ငယ်၊ ချောမောလှပ ခန့်ညားလွန်းသည့် ရုပ်သွင်၊ ဝတ်စားဆင်ယင်မှုနှင့် ကိုယ်၊ နှုတ် အမူအရာတွင် ကလပ်မန်နေဂျာကြီး မစ္စတာဂရက်ဆန် မိတ်ဆက်ပေးသည့် ဂုဏ်ဒြပ်တို့က ဟိတ်ကောင်းလွန်းနေပြန်ရာ မင်းပရိသတ်အပေါင်းမှာ လက်ခုပ်လက်ဝါးတီး၍ မပြီးနိုင်မစီးနိုင် ထောမနာပြု ကြိုဆိုလိုက်ကြလေသည်။





"အိုင်ဆေး မစ္စတာကျော်ရေ . . . အတွင်းဝန်ချုပ်ကြီး မလာနိုင်တော့ဘူးဆိုလို့ စိတ်ပျက်နေကြတာခင်ဗျ။ သည်လိုပုံအတိုင်းဖြင့် မစ္စတာကျော်ကြည့်ရတာ အောက်စဖို့ဒ်တို့၊ ကိန်းဗရစ်ချ်တို့မှာ အချင်းဆေးလာခဲ့တဲ့ ပုံပါပဲ။ ဘယ့်နှယ် . . . ပိုကာတို့၊ ဟောလီးဝုဒ်တို့ကိုဖြင့် အိမ်ဖြည့်ကလေးလောက်များ ဝင်ကစားပေးဖို့ စိတ်မဝင်စားဘူးလားခင်ဗျာ၊ Please! . . ."

လောင်းကစားခြင်း၊ ဖဲကစားခြင်းကို တမ်းတမ်းမက်မက်ရှိလွန်းလှသည့် မစ္စတာဒန်းက ခရီးရောက်မဆိုက်ပင် ဒိုင်းခနဲ ပြောချလိုက်တော့သည်။ မန်နေဂျာကြီးနှင့် စားပွဲထိုးမှူးချုပ်တို့၏ မျက်နှာနေမှာ အားနာဟန်အထင်းသား။

"ဟောဒီက ဖိတ်ခေါ်နေတဲ့ ကျုပ်မိတ်ဆွေကြီးကို ရင်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပြောလို့ ရပ့်မလားခင်ဗျာ"

"အို . . . မဟုတ်တာ မစ္စတာကျော်ရယ်၊ ရပါတယ် . . . ရပါတယ်။ ဖဲကစားတာကို စိတ်မဝင်စားဘူးဆိုရင်လည်း အခြား အချိန်ကို အကျိုးရှိရှိသုံးချင်စရာကိစ္စတွေ အများသားပါခင်ဗျာ။ ဆရာမြို့တို့၊ ရေမင်းသား ဆရာဆောင်တို့၊ ဦးဘဇော်တို့၊ ဦးဘညွန့်တို့ရဲ့ မြန်မာပန်းချီကားတွေ ကြည့်မလား။ တရုတ်မင်မင်းဆက်နဲ့ စုန့်မင်းဆက်လက်ထက်က ရှေးဟောင်းကြွေထည်အနုပညာလက်ရာတွေကိုပဲ ကြည့်ကြမလား။ မောင့်တ်ဗစ်တိုးရီးယားနဲ့ မောင့်တ်စာရာမေရိတို့၊ ခါကာဘိုရာဇီတို့ဘက်က ရှားပါးသစ်ခွဥယျာဉ်ထဲမှာပဲ အချိန်ကိုသုံးမလား။ ကော့တေးပါတီတက်ပြီး ဘူဖေးလ်သုံးဆောင်ရင်း ဂန္ထဝင်ဂီတရဲ့အရသာကို ခံစားကြည့်ကြမလား။ အများကြီးပါခင်ဗျာ"

"နိုး . . . နိုး . . .။ အဲဒီသဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူး မစ္စတာ ဂရက်ဆန်။ ဖဲကစားတာကို စိတ်ဝင်စားတာထက် ထမင်းမေ့ဟင်းမေ့ အသည်းစွဲပါပဲလို့ ပြောမလို့ပါခင်ဗျ"

"အို . . . ဟိုး . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . ."



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာကျော်က ပျော်တတ်ပုံရတယ်ဗျို့။ ကျုပ်တို့နဲ့ကတော့ တစ်သဘောတည်း။ တစ်ဖွဲ့တည်း 'တစ်လှေတည်းစီး တစ်ခရီးတည်းသွား' တွေ ဖြစ်သွားကြပြီပဲ။ ကြိုက်ပြီဗျို့။ ဟဲ . . . ဟဲ . . . ဟဲ . . ."

"ကဲ . . . ညီမလေးရေ။ ညီမလေးကတော့ လေဒီတွေဝိုင်းမှာပဲ အဆင်ပြေသလို ကြည့်နေရစ်ပေတော့။ ကိုကိုတော့ ဒီက လူကြီးမင်းတွေနဲ့ ဝင်နွှဲလိုက်ဦးမယ်"

"ကိုကိုနော် . . . အလွန်အကျွံတွေ မဖြစ်ပါစေနဲ့။ ကိုကိုက သောင်းကစားလုပ်တာမှာ သိပ်သွေးကြီး။ သွေးရဲလွန်းလို့ ပြောနေရတာ။ ဒါပဲနော် . . . ကိုကို့မှာ အလုံအလောက်ပါခဲ့ရင် ကိုယ့်ငွေ၊ ကိုယ့်ပစ္စည်းတွေနဲ့ပဲ စိတ်ကြိုက်ကစား။ ညီမလေးပစ္စည်းတွေကိုဖြင့် မျက်စောင်းမထိုးလှည့်ပါနဲ့နော်။ ညီမလေးမှာ ပါတာတွေက စိန်နဲ့ပတ္တမြား။ ပစ္စည်းကြီးတွေချည်းပဲမို့ ကိုကို့ကို မကူနိုင်ဘူးနော်"

"တယ် . . . ဒီကလေးမ။ ဖွဟဲ့ . . . လွဲပါစေ၊ ပယ်ပါစေ။ ဘယ့်နှဲ့ဗျာ . . .။ မဦးမချွတ်ကြီး။ ဝိုင်းတောင် မထိုင်ရသေးဘူး"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"စိတ်ချသွားပါ လေဒီပရင့်ဆက်စ်ရယ်။ ပရင့်ဆက်စ်ရဲ့ ကိုကိုကို ကျုပ်တို့က ကိုက်စားမပစ်ပါဘူးဗျ။ လောင်းကြေးကလည်း အပျော်သဘောသာသာပါ။ ဟော . . . ပရင့်ဆက်စ်ကို လေဒီဒိုဗာတန်နဲ့ မိတ်ဆက်ပေးရဦးမယ်ခင်ဗျ။ လေဒီရေ . . .။ ဟောဒါ ကျုပ်တို့ကလပ်ရဲ့ ဒီညအဖို့ ဂုဏ်ထူးဆောင်ဧည့်သည်တွေပဲခင်ဗျာ။ 'ထိပ်တင်မောင်မောင်ကျော်' . . . တဲ့။ 'ပြည့်ထိပ်တင်နွယ်' . . . တဲ့။ 'Burmese Royal Family' အနွယ်တော်ထဲကပဲ။ အဲ . . . ပရင့်ဆက်စ်ရေ။ လေဒီဒိုဗာတန်ပါခင်ဗျာ။ အင်္ဂလန်ကနေ မြန်မာပြည်ကို လာနေပြီး သစ်ခွနဲ့ဖယောင်းပန်းနွယ်ဝင် ပန်းသုတေသနပြုနေတဲ့ ပန်းပညာရှင် ဆရာမကြီးပါ။ ကလပ်ရဲ့ လေဒီတွေဝိုင်းမှာတော့ ခေါင်းသူကြီးပေါ့ခင်ဗျာ။ ကဲ . . . ကဲ . . . လေဒီရေ။ ပရင့်ဆက်စ်ကို လေဒီ့လက်ကို အပ်လိုက်ပြီနော်။ ပရင့်ဆက်စ်က ရတနာကုန်သည်တဲ့ခင်ဗျ။ ရောင်းဖို့ စိန်ထည်





နဲ့ နာမည်ကျော် မိုးကုတ်ပတ္တမြားထည်တွေလည်း ပါခဲ့သတဲ့။ လေဒီတို့ ...ကတော်တွေ အမြုံးနေမှာများဖြင့် မြင်ယောင်မိသေးတော့ဗျာ"

"OH! Really ....very great."

လေဒီဒိုဗာတန်သည် ဆွတ်ဆွတ်ဖြူသည့် ဝတ်ရုံဖြူရှည်ကြီးကို ...ထားပြီး ရင်ဘတ်တွင် ကြက်သွေးရောင်ပန်းပွင့်ကြီးတစ်ပွင့်ကို ထိုးစိုက်...လေ၏။ ဖန်းမီးဆိုင်းမှ ဖြာကျလျက်ရှိသည့် မီးရောင်သည် အနုစိတ်...ပုထုထားသကဲ့သို့ရှိသော သူ့မျက်နှာနှင့် တလက်လက်တောက်ပလျက်...သည့် သူ့ဆံပင်ထက်မှ စိန်ဆံထိုးများပေါ်သို့ ထိုးကျလျက်ရှိ၏။ သက်...တ်ပိုင်းကို ကျော်လွန်လာပြီဖြစ်သည့်တိုင် ခန့်ခန့်ညားညား လှပချောမော...သည့် လေဒီဒိုဗာတန်၏ ကျက်သရေသည် အခန်းတွင်းဝယ် ထင်းခနဲ...စားစားရှိလွန်းလှသည်။

"ကဲ . . . ပရင့်ဆက်စ်ရေ၊ လောလွန်းတယ်လို့လည်း မထင်နဲ့။ ...င့်ဆက်စ်ရဲ့ ရတနာတွေကို အိုင်တော့ စိတ်ဝင်စားလွန်းလို့ အသက်...ောင် မှန်အောင်မရှူနိုင်တော့ဘူး။ ဘဏ္ဍာရေးအတွင်းဝန်ကတော် လေဒီ...တန် (Lady Payton) နဲ့ တိုင်းမင်းကြီးကတော် လေဒီဆွီသီဘင့် (Lady ...thinbank) တို့ အုပ်စုတွေကို ပြောသတင်းပေးပြီး သစ်ခွဥယျာဉ်ထဲကို ...ပြောင်းလိုက်ကြစို့။ ကိုင်း . . . မစ္စတာကျော်ရေ။ ညီမတော်ကိုတော့ ခေါ်...ပြီနော်။ စိတ်ချလက်ချသာ ဝိုင်းဖွဲ့နေရစ်ကြပေတော့။ See You ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

“ဝိုင်းစစချင်းတုန်းကတော့ ကြေးက မိတ်ဖြစ်ဆွေဖြစ်သဘော
သတ်မှတ်ပြီး ကစားကြတာပဲတဲ့ အတွင်းဝန်ချုပ်ကြီးရဲ့။ နို့ပေတဲ့ ဒီမောင်
ဖဲကလည်းမြူး၊ ကံကလေးကလည်း မျက်နှာသာပေးတယ်လို့ပဲ ထင်
ကြတာတဲ့ခင်ဗျ။ တောက်လျှောက်ကြီး သူချည်းပဲ စွတ်ရှုတ်ပြီး နိုင်နေ
တာတဲ့လေ။ ဝိုင်းလုံးကျွတ်ချည်းပဲတဲ့။ ဖဲကောင်းမှန်သမျှ သူ့လက်ထဲ
ချည်းတဲ့။ ဝိုင်းသက်ကလေးရှည်၊ ရှုံးချက်က နာလာ၊ အိတ်ထဲက ပါ
သမျှကလေးတွေကလည်း ပါးပါးလိုက်လာတော့ ထုံးစံအတိုင်း ရှုံးမဲမဲ
ရော ဆိုကြပါစို့။ အဲဒီမောင် ဖဲခိုးရိုက်သလား၊ ဖဲလိမ်ဖဲဆင် ရိုက်သလ
ချောင်းကြတော့တာပေါ့။ ရှုံးနေကြတာကလည်း အတူတူနဲ့အနူနူချည်
တော့ တကူးတကတိုင်ပင်စရာတောင် မလိုတော့ဘူးတဲ့”

“အဲ ... အဲဒီတော့ မိရောတဲ့လား”

“လက်ဆုပ်လက်ကိုင် မည်မည်ရရဖြင့် ဘယ်လိုမှကို ပြစရာ
ဘူးတဲ့ခင်ဗျာ။ သူက ဖဲထုပ်ကိုလည်း လက်နဲ့ကိုင်တာ မဟုတ်ဘူး
ဒိုင်ဖဲကိုင်တဲ့သူက ကုလားဖန်ထိုး၊ ဖဲချိုးတဲ့သူက ချိုးပြီးပြီဆိုတော့မှ
ဖဲထုပ်ကို သူက သူ့လက်နဲ့ အသာပုတ်ရုံ ပုတ်တာတဲ့ခင်ဗျ။ ကဲ ... ဘယ်





ပြီး ဖဲလိမ်ရိုက်တယ်၊ ဖဲခိုးတယ်၊ ဖဲဆင်တယ်လို့ ယိုးစွပ်လို့ ရမှာတဲ့
”

“အင်း ... ဒီအထိကတော့ဖြင့် သူ့ဟာနဲ့သူ ဟုတ်နေတာပါပဲ
လား။ နို့ ... ကျုပ်တို့ဖဲဝိဇ္ဇာ ‘ရွှေလက်ဝါး’ မစ္စတာဒန်းကြီးနဲ့ ဘယ်နည်း
ယ်ပုံ ငြိကြသတဲ့လဲဗျာ။ ပြီးတော့ ဒီလို D.S.P အဆင့်ထက် မနိမ့်တဲ့
ရာရှိတွေချည်း အများဆုံးပါနေတဲ့ ဖဲဝိုင်းတစ်ဝိုင်းမှာ တစ်ဦးတစ်ယောက်
ပါလေသမျှ တက်တက်စင်ပြောင်ရလေအောင် ဒီငနဲတစ်ကောင်
ကြီးက ဘယ်လို ဖဲမှော်ပေါက်နေလို့တဲ့လဲ အိုင်ဆေးရဲ့။ ခင်ဗျားတို့ ပုလိပ်
အမြင်နဲ့ပဲ မြင်ကြည့်ကြစမ်းပါဦး”

“ဖြစ်ရပုံကြီးက ဒီလိုတဲ့ခင်ဗျ။ ရှုံးတာကလည်း ဒင်နဲ့အင်နဲ့ ခွက်
လန်အောင် ရှုံးနေ၊ ပါလေသမျှလည်း တက်တက်ပြောင်လုနီး။ ဒီမောင်
ဖဲလိမ်တယ်၊ ဖဲခိုးတယ် ယိုးစွပ်ရအောင်ကလည်း လောက်လောက်
လားပြစရာ ဖမ်းလို့ကလည်း မမိ။ အဲဒီမှာ ရှုံးမဲမဲပြီး ညစ်တွန်း တွန်း
တော့တာတဲ့ခင်ဗျ။ အဲ ... အဲဒီမှာတင် ပွဲက ပိုကြမ်းပြီး ဟိုမောင်က
ရာမရှိအောင် ထင်သလို လုပ်ချသွားခဲ့တာတဲ့”

“ဟင် ... ပြောပါဦးလေ အသေးစိတ်ကလေးတွေကို”

“ဇာတ်လမ်းစတာက ကျုပ်တို့လူ မစ္စတာမက်ကွိုင်းကြီးတဲ့ခင်ဗျ။
... အဲဒီငနဲနဲ့ တွေ့တော့တင်တင် မျက်နှာချင်းဆိုင် စိန်ခေါ်ပွဲ နွှဲကြတာ
တော့ ဟိုစကော့သား ဖဲဝိဇ္ဇာ မစ္စတာဒန်းကြီးနဲ့တဲ့။ အတွင်းဝန်ချုပ်ကြီး
ည်း သိတဲ့အတိုင်း မစ္စတာဒန်းကြီးက ရွှေလက်ဝါးဘွဲ့ ရထားတဲ့အတိုင်းပဲ
စားရတာ၊ ဖဲဆင်ဖဲလိမ်ရတာမျိုးမှာ လွတ်ဝါသနာကြီးတဲ့လူ။ မကာအို
တာဝန်ကျတုန်းက တရုတ်လူမျိုး ဖဲဝိဇ္ဇာဆရာကြီးတစ်ယောက်ဆီက
ကုလက်လှည့် လက်ထပ်သင်ထားခဲ့တာတဲ့ခင်ဗျ။ သူလည်း ခေသူ
တ်ထဲကပါပဲ။ ပဲခူးကလပ်နဲ့ ဂျင်မခါနာကလပ်တွေမှာ သူ့ကိုယှဉ်နိုင်တဲ့
မပေါ်သေးတာ အားလုံးအသိပဲဥစ္စာ။ ဒီတော့ မစ္စတာဒန်းကြီးကလည်း
ညာ သူအားကိုးပလေ။ တစ်ယောက်ချင်း ဖဲသုံးချပ်ကစားဖို့ ဟိုငနဲကို
တာပဲ စပြီး စိန်ခေါ်တာတဲ့ခင်ဗျ။ ဟိုအကြံသမား ငနဲက အေးအေးပဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူက လောလောဆယ် စင်ပေါ်က လူလေ။ နိုင်ချင်ကျွဲပဲဟာ။ ငါးကြင်းဆီ နဲ့ ငါးကြင်းကြော်ရတာပဲ။ ဘာဖြစ်ရာရှိမှာတုံး။ စိန်လိုက်ပေါ့။ နို့ပေတဲ့ ... ငနဲသားက ထပ်တွန့်အကွန့်တက်ပြီး တစ်မျိုးထွင်လာပြန်ရောတဲ့ခင်ဗျ''

''အင်း ... တဖြည်းဖြည်းနဲ့ စိတ်ဝင်စားစရာက ပိုကောင်းလာနေပြီဗျို့။ အိုင်ဆေး ...''

''နေဦး ... အတွင်းဝန်ချုပ်ကြီးခင်ဗျာ၊ ဒီထက်ဒီ 'သူ့ထက်ကဲ ရွှေပြည်စိုး' ဇာတ်လမ်းတွေက နောက်မှာ အများကြီး ကျန်သေးတာတဲ့ခင်ဗျ။ အဲဒီ ထိပ်တင်မောင်မောင်ကျော်ဆိုတာကို ကိုယ်တွေ့ကိုယ်ကြုံ နဖူးတွေ့ ဒူးတွေ့ မြင်လိုက်၊ တွေ့လိုက်ကြရတဲ့သူတွေက 'ပဥ္စလက်ဝိဇ္ဇာ' လိုလို၊ 'မှော်ဆရာ' လိုလိုတောင် တောင်တောင်အီအီတွေ တွေးပြီး ယိုးစွပ်ချင်နေကြသေးတာတဲ့ခင်ဗျ''

''အဲဒီလောက်တောင်တဲ့လားဗျာ''

''ဖြစ်လည်း ဖြစ်ချင်ကြစရာချည်းကိုးခင်ဗျ။ ဒီငနဲက ကျုပ်တို့လူမစွတာဒန်းကြီးကို စိန်ခေါ်လိုက်ပုံက ဖဲသုံးချပ် မကစားချင်တော့ဘူးတဲ့။ ဖဲသုံးချပ်ဆိုတော့ ဉာဏ်ကို စေစားရတာ ခရီးမတွင်ဘူးတဲ့ခင်ဗျ။ ကျုပ်တို့ 'ရွှေလက်ဝါး' ခန်းကြီးက ဖဲထုပ်ထဲက ကြိုက်တဲ့ဖဲတစ်ချပ်ကို စိတ်တိုင်းကျ ရွေးထုတ်ပြီး မှောက်ထားလိုက်တဲ့။ သူက အဲဒီဖဲဟာ ဘာဖဲလဲဆိုတာကို ပြောပြမယ်တဲ့။ ဖဲလှန်လိုက်လို့ သူပြောတဲ့ဖဲနဲ့ ပေါ်လာတဲ့ဖဲက လွဲနေရင် သူအရှုံးတဲ့။ ကဲ ... ဘယ်လောက် အရဲကိုးပြီး မိုက်ကန်းလိုက်သလဲဆိုတာ ကျွန်တော်တို့ သာမန်ပကတိဉာဏ်နဲ့ပဲတွက်တွက်၊ သင်္ချာနည်း 'ဖြစ်တန်စွမ်းအား သီဝရီ' အရပဲတွက်တွက် ဒါဟာ ဘယ်လောက် ဖြစ်နိုင်ခြေနည်းတဲ့ ကိစ္စမျိုးလဲခင်ဗျာ။ အတွင်းဝန်ချုပ်ကြီးပဲ ကိုယ်တိုင်သာ စဉ်းစားကြည့်ပါတော့''

''အင်း ... အဲဒီတော့ ...''

''အဲဒီတော့ ... ကျုပ်တို့ဖဲဝိဇ္ဇာ မစွတာဒန်းကြီးတင် မကတော့ဘူး။ မစွတာမက်ကွိုင်းတို့ရော၊ မစွတာစတီးဝပ်တို့ရော၊ အို ... ကုန်ကုန်ပြောရရင် ဒီအလောင်းအစားကို ကြားကြရ၊ သိကြရသမျှ ကလပ်ထဲက





လူသိုက်တွေ အကုန်နီးပါး မစွတာဒန်းကြီးဘက် စုပြုံရောက်ကုန် ကြတော့တာပေါ့။ မန်နေဂျာ ဂရက်ဆန်တို့၊ စားပွဲထိုးမှူးချုပ် အာသာဘီးဒဲလ်တို့တောင် လက်သိပ် ထိုးဝင်ပါလာကြသေးသတဲ့ခင်ဗျ''

''အဲဒီပွဲလည်း ကျုပ်တို့လူတွေ ကွဲကြတာပဲမဟုတ်လား''

''အစစ်ပခင်ဗျာ ...ဒီမောင်သတ်မှတ်ထားတဲ့ လောင်းကစားပွဲ တစ်ပွဲကို အနိမ့်ဆုံးလောင်းကြေး ပေါင်-၅၀၀ ဆိုတာထက် ပိုပြီး လွန်လွန် ကဲကဲကြီးကို စုပစ်လောင်းလိုက်ကြတာရယ်။ ချက်တိုင်းထိ၊ ထိတိုင်းမှန်၊ မှန်တိုင်းကွဲဆိုသလို ငနဲသားက တစ်ချက်မလွဲ အမှန်တွေချည်းပဲ ပြောသွားနိုင်ခဲ့သတဲ့ခင်ဗျ။ နိုင်လိုက်တဲ့ လောင်းကြေးငွေတွေဆိုတာ ဖွေးဖွေးကို လှုပ်လို့တဲ့''

"OH! Wonderful ....Wonderful ...."

''ဟုတ်ပခင်ဗျာ ... တကယ့်အံ့ဖွယ်သရဲပါပဲ။ နို့ပေတဲ့ ... အဲဒီနောက် ဒီငနဲထပ်ကွန့်လိုက်တဲ့အကွက်က ပိုဆိုးသေးတယ်ခင်ဗျ။ မှော်ဝင်မှော်စီးနေတဲ့သူ၊ ဒိဗ္ဗမဲ့ 'ပဥ္စလက်ဝိဇ္ဇာ' မဟုတ်ဘဲ ဘယ်နည်းနဲ့မှ လူသားနိုးရိုးတစ်ယောက်အနေနဲ့ ဒီလိုမျိုးလုပ်နိုင်လိမ့်မယ် မထင်ကြဘူးတဲ့ခင်ဗျာ''

''အိုး ... ဘယ်လိုဖြစ်ကြပြန်လို့တုံး ... အိုင်ဆေးရဲ့''

''ဒီလိုတဲ့ခင်ဗျ ... အဲဒီ 'မှော်ဝိဇ္ဇာ' ငနဲက ပြောသတဲ့။ ကျုပ်တို့ အင်္ဂလိပ်အက္ခရာစာမှာ အက္ခရာနှစ်ဆယ့်ခြောက်လုံး ရှိသတဲ့ခင်ဗျ။ အဲဒါကို နှစ်ဆပြုလိုက်ရင် ငါးဆယ့်နှစ်လုံးရတယ်။ အဲဒီအရေအတွက်ဟာ ဖဲထုပ် တစ်ထုပ်မှာပါတဲ့ ဖဲချပ်အရေအတွက်နဲ့ အတူတူပဲတဲ့ခင်ဗျ။ အကယ်၍ ကျုပ်တို့ဟာကျုပ်တို့ အက္ခရာတစ်လုံးစီကို ဖဲတစ်ချပ်ကျထားပြီး အမှတ်သညာများ လုပ်ခဲ့လို့ရှိရင် အဲဒါကိုသုံးပြီး လျှို့ဝှက်စကားဆက်သွယ်နည်း လုပ်နိုင်သတဲ့ဗျ။ ကလေးလေးတွေတောင် လုပ်နိုင်တဲ့ အရိုးဆုံးကစားနည်းတဲ့''

''ထူးထူးဆန်းဆန်းဗျာ ... သူမို့ပဲ တွေးလည်း တွေးတတ်လိုက်ပါပေရဲ့။ အဲ ... အဲဒီ လျှို့ဝှက်စကားဆက်သွယ်နည်းနဲ့ ဘယ်လိုများ လောင်းကစား လုပ်ကြပြန်သတဲ့တုံး''



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့လူ 'ရွှေလက်ဝါး'မစ္စတာဒန်းကြီးက သူ့စိတ်ကြိုက် ဖဲချပ်ငါးချပ်ကို ဖဲထုပ်ထဲက ရွေးယူလိုက်ရမတဲ့ခင်ဗျ။ သူက အဲဒီဖဲချပ်ငါးချပ်ရဲ့ ဖဲပွင့်တွေကို မှန်အောင်ပြောပြမတဲ့။ အဲဒီအပြင် အဲဒီဖဲချပ်တွေက ညွှန်ပြနေတဲ့ လျှို့ဝှက်သင်္ကေတတွေအရ ကျုပ်တို့လူရဲ့စိတ်ထဲမှာ အဲဒီဖဲချပ်တွေကို ရွေးထုတ်စဉ်က စိုးမိုးနေတဲ့အတွေးနဲ့ ဆက်စပ်နေတဲ့ အက္ခရာငါးလုံးပါတဲ့ စကားလုံးတစ်လုံးကို ပြောပြဦးမတဲ့။ ကဲ ... အဲဒီလိုကြီးဆိုတော့ ပွဲက ထပ်ကြမ်းကြပြန်ရောဗျာ။ ပါသမျှငွေတွေ ပြောင်နေကြပြီဆိုလေတော့ ကိုယ်ပေါ်က အဖိုးတန်ပစ္စည်းတွေကို ဖြုတ်ကြ၊ ထုတ်ကြ၊ တန်ဖိုးသင့်ပြီး လောင်းကြေးထပ်ကြပြန်ရောတဲ့ခင်ဗျာ"

"ကုန်ကြပြန်တာပဲတဲ့လား"

"မှန်လိုက်လေခင်ဗျာ ... ပထမဦးဆုံး ဖဲငါးချပ်ကို မစ္စတာဒန်းက ရွေးပြီး ခုံပေါ်မှာ မှောက်ထားသတဲ့။ လူလွန်မသား နေ့က ဖဲချပ်တွေကို စူးစိုက်ကြည့်ပြီး 'ဟောဒီက ကျုပ်မိတ်ဆွေကြီးရွေးထားတဲ့ ဖဲချပ်တွေကို ကိုယ်စားပြုတဲ့ အက္ခရာတွေကိုတော့ ဖော်နိုင်ပြီခင်ဗျ။ ဒီဖဲချပ်တွေဟာ ကျုပ်ပြောတဲ့ အက္ခရာတွေကို ကိုယ်စားပြုတယ်ဆိုလို့ရှိရင် ကျုပ်မိတ်ဆွေကြီးရဲ့အတွေးကို စိုးမိုးထားတဲ့စကားလုံးက 'Green' ပဲ ဖြစ်ရမယ်ဗျ။ ကျုပ်မိတ်ဆွေကြီးရဲ့ ခန္ဓာကိုယ်ကောင်ကြီးက ဒီအခန်းထဲမှာ လုပ်မြဲအလုပ်တွေကို လုပ်နေပေမယ့် စိတ်ဝိညာဉ်ကတော့ တစ်နည်းနည်း ထွက်ပေါက်ရှာပြီး စကော့နယ်က တောင်ကုန်းမြက်ခင်းစိမ်းစိမ်းတွေဆီကို ရောက်နေလေရဲ့။ အဲ ... အဲဒီတွေးလုံး မှန်ခဲ့ရင်လည်း ဟောဒီစားပွဲပေါ်က ဖဲငါးချပ်ဟာ ကျုပ်ပြောသလိုပဲ ဖြစ်နေရလိမ့်မယ်' လို့ အပ်ကျမပ်ကျပြောပြီး 'G' ကစလို့ ဖဲတစ်ချပ်ချင်း ပစ်ပစ်ချပြီး ပြောလိုက်တာများ ဒန်သေအံ့သေကြီး ကွက်တိကို ကျလို့တဲ့ခင်ဗျာ။ ကျုပ်တို့လူ မစ္စတာဒန်းကြီးတော့ သူ့နဖူးသူ ရိုက်ရိုက်ပြီး ရင်ထုမနာ ဖြစ်နေရှာတော့သတဲ့။ ဆိုကြပါစို့ အတွင်းဝန်ချုပ်ကြီးရယ် ...'မြန်မာ' ဆိုတာ ကိုယ့်လက်အောက်က မယဉ်ကျေးသေးတဲ့ အရိုင်းအစိုင်းတွေလို့ ထင်တစ်လုံးနဲ့ အပေါ်စီးက ငုံ့ကြည့်ချင်တတ်ခဲ့သမျှ





ကျုပ်တို့အဖွဲ့တွေ အချိုးကြီးကွဲကြရော ဆိုပါတော့ခင်ဗျာ။ ဖြူခါပြာခါကို ကျကုန်တော့တာပဲတဲ့"

"ကိုင်း ... မှတ်ဟ"

အတွင်းဝန်ချုပ်ကြီးမှာ နှုတ်မှ လွှတ်ခနဲ ပွင့်ထွက်သွားအောင် ပင် သူ့အရာရှိများ ညံ့ပုံ၊ ဖျင်းပုံကို စိတ်အပျက်ကြီး ပျက်သွားရလေသည်။ ခံလိုက်ရသူများမှာ မကြာမီရက်ပိုင်းအတွင်း၌ ပုလိပ်ဘက်တွင် အထူးတာဝန်များပေးအပ်ရန် လျာထားထားသူများဖြစ်၍လည်း ပိုပြီး အခံရခက်နေလေသည်။

"နို ... နေပါဦး။ အဲဒီငနဲနဲ့ အတူပါလာတဲ့ ပရင့်ဆက်စ်ဆိုတဲ့ မိန်းမဘက်မှာရော အခြေအနေဘာထူးသတဲ့လဲ"

"ထိုနည်းလည်းကောင်း ဆိုသလိုပါပဲလေ။ ခံရချက်ဆိုးပုံချင်း အတူတူလောက်ပါပဲ။ နို့ပေတဲ့ ... မိန်းမသားကလည်းဖြစ်ပြန်၊ ကျုပ်တို့ မင်းကတော်တွေကို ကိုင်တွယ်သွားပုံက နူးညံ့သိမ်မွေ့လွန်းနေပြန်ဆိုတော့ ခံလိုက်ရတာတောင် ခံလိုက်ရမှန်း မသိခဲ့ကြရဘူး။ လိုလိုလားလား အလဲအထပ်လုပ်ပြီး ထပ်ပိုးပေးလိုက်ရတဲ့ငွေတွေ၊ ကိုယ့်လက်ထဲက အစစ်အမှန် ရတနာပစ္စည်းတွေအစား စိန်အတု၊ ပတ္တမြားအတု၊ ရွှေအတုတွေချည်းပဲ ပိုက်ဘောမိ ကျန်ရစ်ခဲ့ကြတော့သတဲ့ခင်ဗျာ"

"အဲဒီသတ္တဝါတစ်စုက ဘယ်နည်းဘယ်ပုံ ပျောက်သွားကြတာတဲ့လဲဗျာ။ နည်းနည်းကလေးများ ရိပ်မိပြီး ဖမ်းဆွဲမထားနိုင်လိုက်ကြဘူးတဲ့လား"

"အဲဒါလည်း လုပ်သွားပုံက သင်းသင်းကလေးရယ်ခင်ဗျ။ ထင်မိမှာတောင် မဟုတ်ဘူး။ ဒီလိုတဲ့ခင်ဗျ ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

"မီး . . . မီး . . . မီးဖိုဆောင်မှာ လျှပ်စစ်ဝါယာရှော့ဖြစ်ပြီး မီးလောင်နေပြီဟေ့။ မီး . . . မီး . . ."

ထိတ်ထိတ်လန့်လန့် ဒရောသောပါးအော်သံကြီးနှင့်အတူ ကလပ်တစ်ခုလုံး လျှပ်စစ်မီးများ ဖြုန်းခနဲပြတ်သွား၏။ မှောင်ကြီးအတိကျ . . .။

ဟိုမှသည်မှ ရုတ်ရုတ်သဲသဲ၊ ဆူဆူညံညံ ပြေးကြလွှားကြသံတွေ ဝုန်းဒိုင်းကြနေတော့၏။ ကလပ်တွင် တပ်ဆင်ထားသည့် မီးဘေးအန္တရာယ် အချက်ပြဘဲလ်သံတွေက ဘီလူးသရဲသဘက်တွေနှယ် ပြူးပြူးပြဲပြဲ ခြောက်လှန့်နေလေရာ အခန်းတွင်းရှိ လူအားလုံးမှာ သူ့ထက်ငါဦး တံခါးဝဘက်သို့သာ စုပြုံ၍ တိုးဝှေ့နေကြလျက် တစ်ဦးနှင့်တစ်ဦး မှောင်ကြီးမည်းတောထဲ၌ မမြင်မစမ်း ထွေးထွေးရှုပ်မျှ လုံးထွေးနေကြလေ၏။

ကားတစ်စီး အပြင်းမောင်းထွက်သွားသံကို အားလုံးကြားလိုက်ကြရသည်။ အော်သံဟစ်သံတွေ ဧရုံးဖွက်မျှ ဆူညံနေသဖြင့် ကိုယ့်အာရုံနှင့်ကိုယ် ရစ်ပတ်နေကြဆဲ။ ကားကိုလည်း ထူးထူးလည်လည် အမှတ်မထားမိလိုက်ကြ။

ကြာသည်။





မိနစ်နှစ်ဆယ်သာသာ။ နာရီဝက်ခန့်နီးနီး။

လျှပ်စစ်မီးတွေ ထိန်ထိန်ညီးမျှ ပြန်လင်းလာခဲ့ပြီ။ အရေးပေါ် မီးငြိမ်းခဲ့ကြခြင်းကိုလည်း အရှိန်သတ် ထိန်းသိမ်းနိုင်ခဲ့ပြီ။

သို့သော်လည်း . . .

ထိပ်တင်မောင်မောင်ကျော်နှင့် ပရင့်ဆက်စ် ပြည့်ထိပ်တင်နွယ့်တို့ နှစ်ဦးမှာ ခြေရာလည်းပျောက် ရေလည်းနောက် ဖြစ်လျက် ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားခဲ့ပြီတည်း။

✿ ✿ ✿

❑

"သူတို့နှစ်ယောက်ကို သတိတရ အာရုံပြန်ထားမိကြတော့ နှစ်ယောက်စလုံးက ရေအငွေ့ပြန်သလို ပျောက်သွားခဲ့ကြပြီ။ အတွင်းဝန်ချုပ်ကြီး အားကြီးကိုလည်း မတွေ့တော့ဘူးတဲ့ခင်ဗျာ။ အကုန်လုံး ဒေါင်းတောက်ခံကြတော့တာပဲ။ ကျောချမှ ဓားပြမှန်း သိကြရတော့တာကိုးခင်ဗျ။ ဒီလူကြီးဟာ သွေးရိုးသားရိုးမဟုတ်နိုင်ဘူးဆိုတာကို အဲဒီတော့မှပဲ ရိုးတိုးရိပ်သိ သရိုးသရီဖြစ်ကြရတော့တာတဲ့။ နို့ပေတဲ့ သင်းတို့မှာရှိသမျှ ငွေရော၊ ပစ္စည်းတွေရော ပြောင်တလင်းခါ ကျန်ရစ်ခဲ့ကြရပြီလေ"

"ဩော် . . . ဖြစ်မှဖြစ်ရပလေ . . . အိုင်ခေးရယ်"

"အဲဒီမှာတင် ကလပ်မန်နေဂျာကြီး မစ္စတာဂရက်ဆန်တစ်ယောက် ဟာလူးဆန်ပြာနဲ့ ပေါက်ချလာပြီး သူ့အခန်းက မီးခံသေတ္တာ ဖောက်ထွင်းခံရတဲ့အကြောင်း၊ ကလပ်ပိုင်ငွေတွေ၊ ကလပ်မင်ဘာပုဂ္ဂိုလ်တွေက ယာယီ



www.burmeseclassic.com

www.burmeseclassic.com



အပ်နှံထားတဲ့ငွေနဲ့ အဖိုးတန်ပစ္စည်းတွေအကုန်လုံး ပါသွားပြီဆိုတဲ့အကြောင်း အော်ကြီးဟစ်ကျယ် လုပ်တော့တာပဲတဲ့ခင်ဗျ။ ပြီးတော့ သူ့စားပွဲပေါ်မှာ ထား ထားခဲ့တဲ့ ပန်းကလေးတစ်ခိုင်ရယ်၊ ဟောဒီကတ်ပြား ကလေးရယ်ကိုလည်း ကျုပ်တို့ပုလိပ်ဘက်ကို အပ်နှံခဲ့သေးသတဲ့''

''ပန်းခိုင်တစ်ခိုင် ... ဟုတ်စ''

''ဟုတ်ကဲ့ ... အတွင်းဝန်ချုပ်ကြီးခင်ဗျာ၊ လေဒီဒိုဗာတန်က မောင့်တ်ဝိတိုရိယကနေ တယုတယသယ်လာပြီး အင်္ဂလန်ကို ပြန်ယူသွား ကလပ်ပန်းဥယျာဉ်ထဲမှာ စနစ်တကျ ပြုစုမွေးမြူထားတဲ့ ရှားပါးသစ်ခွ စိတ်တစ်မျိုးရဲ့ ပန်းခိုင်ပါ။ 'သစ်ခွနက်' တဲ့ခင်ဗျ။ ပန်းနှစ်ခိုင်ရှိတာမှာ တစ်ခိုင် ပျောက်နေသေးတယ်။ အခုထိ ရှာမရသေးဘူး''

အတွင်းဝန်ချုပ်ကြီး၏ရင်တွင် ထိတ်ခနဲဖြစ်ရ၏။

သူ့ကားကြီးနောက်ခန်းတွင် ကျန်ရစ်နေခဲ့သည့် ပန်းခိုင်ပန်းခက် ကလေးများပေလား။

''အိုင်ဆေးရေ ... အဲဒီကတ်ကို တဆိတ် ခပ်မြန်မြန်လေး လှမ်း လိုက်စမ်းဗျို့။ ဘာတွေများရေးထားခဲ့သလဲ သိရအောင်''

ပုလိပ်မင်းကြီးက ရွှေရောင်ကနုတ်ပန်းနွယ်လေးများဖြင့် အနား ကွပ်ထားသည့် ကတ်ဖြူဖြူကလေး လက်တစ်ဝါးမရှိတရှိကို ရိုရိုကျိုးကျိုး ကမ်းပေးလိုက်သည်။

''*Thank you very much.*

*See you, coming soon.*

*yours,*

*Mr. Lucky*''

''OH! God save me''

အတွင်းဝန်ချုပ်ကြီး မိုက်ခနဲ ဖြစ်သွားရတော့၏။

'ကံကောင်း ... ကံကောင်းပဲတဲ့လား'





သူ့အတွက် ကံကောင်းမည့် နိမိတ်လက္ခဏာတစ်ရပ် မဟုတ်နိုင် သည်ကား သေချာနေပေပြီ။

သည်ကနေ့မှ သူသောက်ထားမိသည့် ဝီစကီနှစ်ပက်ခန့်က ပို၍ မူးစေသည်ထင်၏။ သူ့ခေါင်းထဲ၌ ဒေါင်ချာစိုင်းနေပေပြီ။

✿ ✿ ✿

| ၃ |

❑

''နောင် ...''

''နောင် ...''

''နောင် ...''

''ဘုန်းကြီးပါစေ''

''နောင် ...''

''သက်တော်ရှည်ပါစေ''

''နောင် ...''

''ဆင်ဖြူစကြာရောက်ပါစေ''

''နောင် ...''

''ရန်မာန်ခပ်သိမ်း ကင်းငြိမ်းပါစေ''

''နောင် ...''

''ပြည်ထဲလေးမျက်နှာ သာပါစေ''



www.burmeseclassic.com

www.burmeseclassic.com



"နောင် ..."

"နောင် ..."

"နောင် ..."

"ကံကောင်းသည် သူ့လက်ဝယ်စွဲထားသည့် ငွေသားစစ်စစ် မောင်းကလေးကို တနောင်နောင်ထုလျက်ရှိ၏။ ငွေသားစစ်စစ်မောင်းကလေးမှာ အသံသာလွန်းလှသည်။ ရှေးမြန်မာမင်းများထုံးစံ 'သုပဏ္ဏက ဂဠုန်ရာဇာ' ဆရာစံကြီး၏ ရာဇဝိသေက ဘိသိက်ခံပွဲ၌ ငွေမောင်းစွဲကိုင်၍ မင်္ဂလာစကားငါးခွန်းတင်ဆက်ကာ ငွေမောင်းတီးခွင့်ရခဲ့သဖြင့် 'ရဲစက်တံခွန်' ဘွဲ့ရ ကံကောင်းမှာ ဝမ်းအမြောက်ကြီး မြောက်နေတော့သည်။

ဆရာဉာဏ်ကြီး၏အစီအမံဖြင့် ဂဠုန်တပ်ဖွဲ့ဝင်များ၏ 'ဗုဒ္ဓရာဇတပ်မြို့' အရှေ့တောင်ဖျားတွင်ရှိ သုံးထပ်စည်တော်စင်ပေါ်မှ မင်္ဂလာစည်တော်သည်လည်း ကျက်သရေရှိစွာ ရိုက်ကျူးဆော်ညံလျက်ရှိ၏။ တောင်ကမ်းပါးယံတွင် ပဲ့တင်သံထပ်လျက်။

"ငါသို့သော မင်းမြေမင်းမြစ် ရှိသည်ဖြစ်လျက် သာသနာတော်၏ အခြေအမြစ်ဖြစ်သော တိုင်းကားရှင်လူ ပြည်သူအပေါင်းတို့ ဆင်းရဲဖြင့် ခနစ်မွန်းကောင်း။ လူအပေါင်းတို့၏ အကျိုးစီးပွားအပါအဝင် စရိယသုံးပါးကို ဖြည့်ကျင့်လျက် လူသာမန်တို့ ခံဝံ့ခဲသောဝန်ကို ခံတော်မူအံ့လို့ အလောင်းမင်းတရားကြီးက ကြွေးကြော်တော်မူခဲ့တာကွယ့်။

စစ်ထွက်တဲ့ အခါတိုင်းလည်း 'သူတည်း သာသနာပြုရန် ကုသိုလ်ကံအခွင့်ရှိမူ သူက အောင်စေသတည်း။ ငါတည်း သာသနာပြုရန် ကုသိုလ်ရှိသော် ငါက အောင်စေသတည်း' လို့ အဓိဋ္ဌာန်ပြုပြီး ရေစင်တော်သွန်းသေးတာတဲ့။ တို့များက အဲဒီရှေးက မြင့်မြတ်တဲ့အစုအစဉ်ကို မြတ်နိုးတနာပြုပြီး ဒီအစီအမံတွေကို လုပ်နေကြရတာပဲကွယ့် ... ကြားလား"

သစ်ကနက်သားဖြင့် ထုလုပ်ထားသည့် သူငယ်တော်ရုပ်ကလေး ရှစ်ရုပ်နှင့် ခြသေ့ရုပ်ရှစ်ရုပ်မှာ နေဝန်းကို မျက်နှာမူလျက်ရှိသည်။ လောကီအစီအရင်အရ စီရင်ပြုလုပ်ထားသည့် ထိုအရုပ်များကို ငွေလင်ပန်းငယ်ကလေးများဖြင့် တရိုတသေ နေရာချထားပေး၏။





ယင်းအရုပ်ကလေးများ၏ရှေ့တွင် ဂဠုန်တပ်ဖွဲ့ ဦးစီးအဖွဲ့ဝင်များကို ဘွဲ့မည်ရှည်၊ ဆေးတော်မှတ်၊ သစ္စာပေးရာ၌ အသုံးပြုခဲ့သည့် ကြေးဝါမောင်း၊ ဆေးထိုးစုတ်၊ ဆေးပုလင်းများ၊ လက်ဖွဲ့ကြိုးများကိုလည်း ကြေးဝါလင်ပန်းကြီးတစ်ချပ်ပေါ်၌ အစီအရီတင်ထားသည်။

သိဒ္ဓိတင်ထားသည့် မောင်းသေနတ်များ၊ ဓား၊ လှံ၊ လေးမြား လက်နက်များကိုလည်း အစီအရီ တွေ့နေရသည်။ ဗိုလ်ဖိုးချစ် (နေသူရိန်နော်ရထာ)၊ ဗိုလ်ဖိုးဆော့ (ရဲရဲကျော်ထင်)၊ ဗိုလ်ထွန်းသွယ် (နေမျိုးရွှေတောင်)၊ ဆရာစ (မင်းရဲသခ်ယာ)၊ ဗိုလ်တိုက်စိုး (နန္ဒယော်ဓ)၊ ဗိုလ်ဖိုးသစ် (မင်းကျော်ပုံချို)၊ ဦးအောင်လှ (ခ) ဗိုလ်သူရ (မင်းလှကျော်ထင်) စသည့် ဘွဲ့ဦးချည်ပြီးခါစ ဦးစီးဂဠုန်တပ်ဗိုလ်များသည် အဘဦးရာကျော် (ခေါ်) ဆရာစံနှင့် ဆရာဉာဏ်ကြီးတို့ ထိုင်နေကြသည့် ဝါးစိမ်းကွပ်ပျစ်ကို ဝန်းရံလျက် မတ်မတ်ရပ်ကာ ဆရာဉာဏ်ပြောသမျှကို နားစိုက်နေကြ၏။

'ရဲစက်တံခွန်' ဘွဲ့ခံ 'ဂမ္ဘီရကံကောင်း' သည်လည်း ရင်လှိုင်းဘောင်ဘင် တက်တုံ၊ သက်တုံ။ ဇောမာန်တွေကြီးလျက် မျက်ဝန်းမီးတွေ ဝင်းဝင်းတောက်နေတော့သည်။

"အဲ ... စောစောကလေးက တို့များပြောခဲ့ဖူးသလို ကိုယ့်ထက် လက်နက်အင်အားကြီးတယ်ဆိုတဲ့ မိစ္ဆာအင်္ဂလိပ်တွေကို တို့မှာရှိတဲ့ ဓားမတို၊ ကောက်ဆွ၊ တံစဉ်၊ လှံ၊ လေးမြားလောက်နဲ့ ရင်ဆိုင်တိုက်ကြဖို့ဆိုတာ 'ဒါ ... တို့ပြည် ... ဒါ ... တို့မြေ' ဆိုတဲ့ တို့မြေတို့ရေ တို့အမျိုးအနွယ်ကို မြတ်မြတ်နိုးနိုး ချစ်မက်တဲ့စိတ်၊ 'တို့သေရင်လည်း ဘာဖြစ်တုံး။ တို့သား၊ တို့မြေးတွေ သခင်ဘဝပြန်ရောက်ဖို့ တို့သွေး၊ တို့ချွေး၊ တို့အသက်၊ တို့ ခန္ဓာတွေကို ရက်ရက်ရောရောကြီး စွန့်မယ်၊ လှူမယ်' ဆိုတဲ့ ထက်သန်တဲ့ ဝံသာနုရက္ခိတစိတ်။ 'တို့အမျိုး၊ တို့ဘာသာ၊ တို့သာသနာ မကွယ်မပ ရလေအောင် ဒီအရေးတော်ပုံ၊ ဒီတော်လှန်ရေးကြီးကို ဆင်နွှဲရတာ။ တို့တစ်ဦးချင်း၊ တို့တစ်စုတစ်ဖွဲ့ရဲ့ စည်းစိမ်ဥစ္စာ၊ အကျိုးစီးပွားအတွက် မဟုတ်ဘူးဟေ့' ဆိုတဲ့ သစ္စာတရား။ အေး ... အဲဒီ အားကြီးသော အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သုံးရပ်ကသာ အဓိကအကြောင်းဟိတ်ကွယ့်။ တို့ရဲ့အရေးတော်ပုံကြီးဟာ အဲဒီလို 'သစ္စာတော်လှန်ရေး' ကြီးကွယ့်။ အောင်မြင်ချင်မှ အောင်မြင်မှာ။ ဒါ မသေချာဘူး။ ဒါပေမဲ့လည်း ဒီအချိန်ဒီအခါကာလကြီးမှာ လုပ်သင့်လုပ်ထိုက်တဲ့ ဒီအရေး၊ ဒီကိစ္စကြီးကို အသက်မစွန့်မလှူ မစတေးရဲလို့ မျက်နှာလွှဲခဲ့ရင် နောင် ... နာလန်မထူနိုင်တော့မှာကိုမြင်လို့ သေမယ်မှန်းသိသိကြီးနဲ့ အသက်ကို အရင်းအနှီးလုပ်ပြီး ရက်ရက်စွန့်လှူရမယ့် 'ပရိဘောဂတော်လှန်ရေးကြီး' ကို ဆင်နွှဲရတာကွယ့်။ ပါရမီကြီးသူ၊ ပါရမီရင့်သူတွေသာ လုပ်နိုင်တဲ့၊ တွေးကြံရဲတဲ့ ရောနန္တအလုပ်ကြီးရယ်''

''မှန်တယ် ... ဦးဖင်း။ ကိုယ်တော်ရှင်းပြမှပဲ ကျုပ်လည်း ရိပ်မိရတော့တယ်။ ကျုပ်တို့တစ်သက်တစ်ခန္ဓာ စတေးလိုက်ရတာ ဘာအရေးတုံးဗျာ။ ဆယ်ပြန်သေပစေ။ ကျုပ်တို့ သားမြေးတွေအထိ ဆင်းရဲတွင်းနက်သထက် နက်ပြီး ကိုယ့်မြေ၊ ကိုယ့်ရေပေါ်မှာ လူပြိတ္တာကြီးတွေလို မဝရေစာစားပြီး အသက်ရှင်မနေရရင် တော်ပြီ။ ဒီအရေးတော်ပုံကြီးကို အလံတောင်ကနေ ကမ္ဘာမြေအနှံ့ တိုင်းတုန်အောင် ချကြရမှာပဲ''

''အိမ်း ... သာဓု ... သာဓု ... သာဓု ... အဲသလိုကြားရတာ အဘ အားရှိလိုက်လေကွယ်''

''ဟုတ်ပဆရာကြီးရယ် ... ဟုတ်ပ''

လေးနက်တည်ကြည်သည့် အဘဦးရာကျော်၏ သာဓုသံက သူတို့တွေရင်ထဲ ဒုတ်ဒုတ်ထိဝင်သည်။ သာမန်ထက် အနည်းငယ်ရှည်ချင်ဟန်မျက်နှာနေတွင် မျက်ခုံး၊ မျက်လုံးမျက်ဖန်၊ နှာတံနှင့်နှုတ်ခမ်း၊ နားရွက်နှင့် မေးရိုးတို့က ပုံကျပန်းကျ အချိုးကျစွာ ပေါင်းစပ်ထားသဖြင့် အဘမျက်နှာက အဟန့်ကောင်းလှသည်။ လေးနက်တည်ကြည်ခြင်း၊ ပါးနပ်ထက်မြက်ခြင်း၊ ထက်သန်နိုင်မာခြင်း၊ လွှမ်းလွှမ်းမိုးမိုး တန်ခိုးဩဇာကြီးခြင်းတို့၏ ဗီဇလက္ခဏာတွေက အထင်းသား။ ဂုဏ် ... ပကတိဂုဏ်မင်း၏ မျက်နှာနေ။

''ဂမ္ဘီရသိပ္ပဆိုတာ မောင်တို့ယုံကြရဲ့လား''

'' ... ... ...''





''ယုံမှ ကြည်လင်တာကွယ့်။ အဲဒါကို သဒ္ဓါလို့ခေါ်တယ်။ ယုံကြည်မှု ရဲရင့်တာ။ ရဲရင့်မှ စိတ်တန်ခိုးသတ္တိ (Will Power) ကြီးပြီး အလုပ်အကြံ ပြီးစီးအောင်မြင်နိုင်တာ။ အဲဒါကြောင့် မောင်တို့ကိုစီရင်ပေးတဲ့ မြန်မာ့ဂမ္ဘီရအစီအရင်တွေအပေါ် ရှင်းရှင်းပြောကြစို့ကွယ်။

စောစောက မောင်တို့ပြုခဲ့ကြတဲ့ ဆေးမျိုတာ၊ အပ်သွင်းတာ၊ သစ္စာရေသောက်တာ၊ ကိုယ်ခံ ဧ မ ဆေးအစီအရင်တွေ၊ အင်းတွေ၊ ဆေးတော်တွေ မှုတ်တာ၊ ထိုးတာ စတဲ့အဆောင်တွေ။ လက်ဖွဲ့ကြိုး၊ ယတြာအစီအရင်၊ တန်ပြန် ဧ မ အင်းတွေ၊ ဆေးဝါးတွေ၊ မန္တန်တွေ စတဲ့ ကိုယ်နဲ့မကွာဆောင်ရမယ့် အရေးအရာဝတ္တုပစ္စည်းတွေ ဆောင်နိုင်းတာ၊ စားပြီး၊ တုတ်ပြီး၊ သေနတ်ပြီး၊ ကျည်လွှဲ၊ အမြောက်ကျည်ဆန်လွှဲတဲ့ အစီအရင်တွေ လုပ်နိုင်းတာ ... ကဲ ... အဲဒီကိစ္စတွေအပေါ် အဟုတ်တကယ် ယုံကြသလား''

သည်တစ်ခါ ဆရာစံ (ခေါ်) အဘဦးရာကျော်က စိတ်ရင်းဖြင့် တကယ်မေးနေခြင်းဖြစ်မှန်း အားလုံးသိနေကြ၏။ မပြောဘဲနေ၍ကလည်း ပြီးမည်မဟုတ်။ တကယ်တမ်းမူ ရင်တွေထဲ၌ ရှင်းရှင်းလင်းလင်း မရှိချင်။ ဟုတ်လိမ့်နိုးနိုး မဝံ့မရဲ မျှော်ကိုးလိုစိတ်တွေလည်း ကဲချင်၊ လွှမ်းချင်သည်။ 'ယုံလို့ လိုက်လုပ်မိကာမှ ဘာမျှဖြစ်မလာရင် ဒုက္ခ' ဆိုသည့် တစ်သက်တာသုံး အရိုးစွဲလာသည့် အငုံ့စိတ်၊ အပျက်စိတ်ကလေးတွေကလည်း သိသိကိန်းချင်၊ တည်ချင်သည်။

''ဒီလိုလေ ... သားတို့ရဲ့။ အဘပြောပြမယ်။ အဘငယ်စဉ် ပခုက္ကူမြို့ အရှေ့တိုက်ဆရာတော် ဦးစန္ဒအရှင်သူမြတ်ထံမှာ ပညာဆည်းပူးစဉ်က ဆရာဘုန်းကြီး မိန့်ခဲ့ဖူးတာလေးကို တစ်ဆင့်ဖောက်သည်ချလိုက်ဦးမယ်။ တို့များ ရတနာဂီရိစံ ဘုရင်မင်းတရားကလေးရဲ့ နေပြည်တော်ကို အပြီးအပိုင်သိမ်းယူဖို့ ပြည်သိမ်းစစ်ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ်နဲ့ သူ့ရဲ့အင်္ဂလိပ်စစ်သဘောင်္တွေ အမြောက်၊ လက်နက် အပြည့်အစုံနဲ့ ဧရာဝတီကိုဆန်ပြီး ချီတက်လာစဉ်တုန်းကပေါ့။ ပခုက္ကူမြို့အဝင်ဝက 'ဗုဒ္ဓေါကုန်း' ခံတပ်ကို ဘယ်လိုမှ မကျော်နိုင်ခဲ့ဘူး။ သုံးလေးကြိမ် တပ်လန်နေခဲ့ကြရသတဲ့။ အဲဒီ ခံတပ်မှာ 'ခံမတိုက်နဲ့။ ခံတိုက်ရင် သူပုန်' ဆိုတဲ့ ကင်းဝန်မင်းကြီးရဲ့ အမိန့်ကို



www.burmeseclassic.com

www.burmeseclassic.com



နလုံးမတွေ့ဘဲ 'ငါမသေဘဲ ငါ့နိုင်ငံ ကျွန်မဖြစ်စေရ' ဆိုတဲ့ ရဲသွေးနီနီ မြန်မာစစ်သား အစိတ်၊ နှစ်ဆယ်ပဲ ရှိတာ။ လက်နက်ကြီးဆိုလို့လည်း အမြောက်ကြီးတစ်လက်ပဲ ရှိခဲ့တယ်တဲ့ကွယ့်"

"အားရစရာကြီးခင်ဗျာ . . . နောက်တော့ ဘယ်လိုဖြစ်သွားပါသလဲ။ ပြောပါဦး ဆရာကြီး"

"တစ်နေ့တော့ မြန်မာစစ်သားတွေဟာ တိုက်ပွဲကလေးပြီးကာစမို့ အေးအေးဆေးဆေး နားနေကြသတဲ့။ လူစုကလေးကလည်း ပြန့်ပြန့်ကျဲကျဲပေါ့။ ဗိုလ်လုပ်တဲ့သူကလည်း သူ့ခမောက်ကိုချွတ်ပြီး ရေဆင်းချိုးနေသတဲ့ကွယ့်။ အဲဒီအချိန်မှာမှ ရန်သူအင်္ဂလိပ်သင်္ဘောတွေ ချီတက်လာပြီး ခံတပ်ကုန်းကို တရမန်းကြမ်း ပစ်ခတ်နှိမ်နင်းလာကြသတဲ့။ ဗိုလ်လုပ်တဲ့သူကလည်း ရေချိုးရာကနေ ကမန်းကတမ်းတက်လာပြီး ဆုတ်မပြေးဘဲ ပြန်လှန်ပစ်ခတ် တိုက်ခိုက်ကြတော့တာပေါ့။ ဒါပေမဲ့ ခါတိုင်းလို မထိရောက်ဘူး ဖြစ်နေသတဲ့။ နောက်ဆုံး မြန်မာစစ်သည်တွေရဲ့ အားကိုးခဲ့ကြရတဲ့ အမြောက်ကြီးရဲ့ ပြောင်းဝထိပ်ကို ရန်သူစိန်ပြောင်းကျည် တည့်တည့်ဝင်ပေါက်ကွဲလို့ တို့မြန်မာစစ်သည်တော်တွေ အရေးနိမ့်၊ ဆုတ်ပြေးခဲ့ကြရသတဲ့"

"ဟင် . . . ဘယ်လိုများဖြစ်သွားကြလို့လဲ . . . အဘရယ်"

"ဗုဒ္ဓေါကုန်းခံတပ်ကို ရန်သူတပ်တွေ အခါခါတပ်လန်ပြီး ပြန်ပြေးခဲ့ကြရတာဟာ အခြားကြောင့် မဟုတ်ဘူးတဲ့ကွယ်။ ဗိုလ်လုပ်သူတပ်မှူးရဲ့ စစ်ခမောက်မှာ 'အောင်ခြင်းရှစ်ပါးပါဠိတော်' တွေ အစအဆုံး လှည့်ပတ်ရေးထိုးထားပြီး အမြဲတစေ ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်နေလို့တဲ့ကွယ့်။ အဲဒါ အေးအေးဆေးဆေး ဦးထုပ်ချွတ်ပြီး ရေဆင်းချိုးမိခြင်းက ပခုက္ကူခံတပ်ကြီး ကျဆုံးခဲ့ရတဲ့အကြောင်း ဖြစ်ခဲ့ရသတဲ့။ ယုံခြင်း၊ မယုံခြင်းကို အသာထား။ အဖြစ်ကတော့ တကယ့်အမှန်ပဲတဲ့ကွယ့်"

"အဲဒါ ဘာကြောင့်လို့ထင်သလဲ . . . သီလား"

ဆရာဉာဏ်ကြီး၏ အောင်မြင်ခန့်ညားသည့် မေးသံ။ မည်သူမျှ အသံမပေးဝံ့ကြ။ အဘဦးရာကျော် ဆရာကြီး၏ ရှင်းပြချက်ကို တောင်းခံသည့် နှုတ်စလျှာစပျိုးသံဟု သူတို့သိထားကြသည်။





"အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ဟံသာဝတီကနေ အင်းဝ၊ အင်းဝကနေ ရွှေဘိုအထိ မြစ်စဉ်တစ်လျှောက် မြို့ရွာတွေ မလှုပ်မချောက်နိုင်အောင် အနိုင်အမာနင်းဖိလာတဲ့ ငါးသောင်းကျော်၊ ခြောက်သောင်းအင်အားရှိတဲ့ တလိုင်းရန်သူတွေကို ရဲဘော်သုံးကျိပ်၊ မြင်းရည်တက်ခြောက်ကျိပ်ရှစ်ယောက် . . . မဆိုစလောက် စစ်သည်၊ လက်နက်အင်အားကလေးနဲ့ ထန်းလုံးတပ်မြို့၊ ဝါးရင်းတုတ်တပ်နဲ့ အနိုင်ယူနိုင်ခဲ့တာ ဘာကြောင့်လဲ။ ရွှေဘိုတပ်က စစ်သည်တွေဟာ သူတို့မိခင်တွေရဲ့ ထဘီစကို နားရွက်မှာ နားတောင်းလိုလိပ်ပြီး ပန်ခဲ့ကြတာတဲ့ကွယ့်။ ပြီးတော့ မှန်ဆရာတော် ဘားမဲ့ဆရာတော်ကြီး၊ ယိုးဒယားက လောကသာရံဆရာတော်၊ အတုလဆရာတော် ခင်ကြီးဖျော်၊ ဟံသာဝတီပါ မင်းတရားကြီးရဲ့ မင်းဆရာတော်ဖြစ်တဲ့ ရေနံနတ်စက်ရောင်ဆရာတော်ကြီးတို့ကလည်း လိုအပ်သမျှ လောကီအစီအရင် ဂမ္ဘီရနည်းဗေဒတွေနဲ့ အထောက်အပံ့ပြုခဲ့ကြသတဲ့။ 'ငါတို့ကို အောင်ခြင်းရှစ်ပါးပရိတ်တော်တွေက၊ နားမှာပန်ထားတဲ့ အမေ့ထဘီစတွေက ရန်အပေါင်းကို ကာကွယ်ထားသဟဲ့' လို့ နက်နက်နဲနဲ ယုံကြည်စိတ်။ 'အဆောင်အရွက်အစီအရင်တွေက စွမ်းစွမ်းတမံအောင်မြင် စေမဟဲ့' ဆိုတဲ့ ဟူးဟူးလျှင်လျှင်ဝံ့ရဲစိတ် . . .။ အဲဒါတွေက သာမန်ကျေး တောသားတောင်သူလယ်လုပ်တွေကို ထူးချွန်ဝံ့ရဲတဲ့ စစ်သည်သူရဲတွေအဖြစ် ပြောင်းလဲပေးခဲ့တာပဲ။ ဟုတ်စ . . ."

အဘဦးရာကျော်၏စကားက သူတို့ရင်ထဲသို့ မြားတစ်စင်းခွင်းသလို ထွင်း၍ ဖောက်၍ ခွင်းသည်။ ဦးခေါင်းတညိတ်ညိတ် . . .။

သည့်တွင် ဆရာဉာဏ်ကြီးက လက်ခမောင်း တဖြောင်းဖြောင်း ခတ်လျက် ဝင်တောလာခဲ့ခြင်းဖြစ်သည်။

"ဒီမလေ ကျုပ်လူတို့ရဲ့ . . .။ ဟိန္ဒူဗြဟ္မဏဘာသာဝင်တွေ မီးနင်းတယ်ဆိုပြီး မီးကျီးခဲရဲရဲကြီးကို နင်းဖြတ်လျှောက်နိုင်တာ၊ ရောမဓားကြီး၊ လှံကြီး၊ စူးကြီး၊ ချိတ်ကြီးတွေနဲ့ အချိတ်အဓွယ်၊ အထိုးအဖောက်ခံနိုင်တာ ဘာကြောင့်လဲ။ စိတ် . . . စိတ်ဗျ။ အင်္ဂလိပ်မိစ္ဆာနယ်ချဲ့တွေရဲ့ လှံကြီး



www.burmeseclassic.com

www.burmeseclassic.com



ထူးကြီးတွေ၊ လစာရိက္ခာတွေ၊ ကျက်သရေဆောင် ရွှေစလွယ်ရမင်း 'K.T.M'၊ အမှုထမ်းကောင်းတံဆိပ်တော်ရမင်း 'A.T.M'၊ တိုင်းကျိုး ပြည်ဆောင်တံဆိပ်တော်ရမင်း 'T.P.S' ...စတဲ့ တံဆိပ်တွေ၊ ငွေဓား၊ စလွယ်၊ နှစ်လုံးပြူး၊ အမှုထမ်းကောင်းလက်မှတ် ...စတဲ့ အဆောင်တွေ၊ အစီအရင်တွေကရော ဗမာဗမာချင်း သတ်ရဲဖြတ်ရဲ နင်းရဲဖိရဲ၊ နှိပ်စက် ညှဉ်းပန်းရဲလောက်အောင် အစွမ်းထက်ရဲ့ မဟုတ်လားကွယ့်။ အဲဒါလည်း မိစ္ဆာတွေရဲ့ ဂမ္ဘီရအစီအရင်တွေပေ့ါလေကွယ်။ ဟုတ်ရဲ့လား။ ဟား ...ဟား ...ဟား ...ဟား''

''ဟုတ်ပ ...ဦးဖင်းရယ်၊ ဦးဖင်းပြောမှပဲ ...''

''ဘာလဲကွ ...ကောင်ကြီးဖိုးဆော့။ ချက်ချင်းပဲ ဉာဏ်အလင်းရသွားရောတဲ့လား''

''တကယ်တော့ကွယ် ...မြတ်ဗုဒ္ဓရဲ့ ထေရဝါဒဒေသနာနဲ့ မရောမယှက်တဲ့ လောကီဂမ္ဘီရပညာရပ်တွေဆိုတာ သီးခြားရှိခဲ့၊ ရပ်တည်ခဲ့တာ အမှန်ပါ။ လောကီချာန်တန်ခိုးဣဒ္ဓိပတ်တွေရတဲ့ ပုဂ္ဂိုလ်တွေလည်း ဒုနဲ့ဒေးပါပဲ။ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်မှာတောင် မောဂ္ဂလိဂေါ်သလတို့၊ နိဂဏ္ဍနာတပုတ္တတို့၊ သစ္စကပရဗိုဇ်ကြီးတို့ဆိုတာ ဘုရားကိုတောင် တက်ပြိုင်ယှဉ်ခဲ့၊ တရားပြိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေပဲ။ မိစ္ဆာဒိဋ္ဌိ ၆၂ ပါးတဲ့။ အများကြီး အများကြီးပ ...။ လောကီချာန်နဲ့ လောကီဂမ္ဘီရအရာတွေကို ဘုရားပယ်တော်မမူခဲ့ဘူး။ နို့ပေတဲ့ မဂ်၊ ဖိုလ်ရဲ့ အချည်းနှီးဖြစ်လို့ အထင်အရှားလည်း နှစ်လိုလက်ခံမှု မပြုခဲ့ဘူး။ သူ့အယူ၊ သူ့ဝါဒ၊ သူ့ပရိသတ်နဲ့သူ ကြီးပွားနေခဲ့ကြတဲ့ ကိစ္စတွေပဲလေ။ ကဲ ...အခု တို့များဂဠုန်တပ်ဖွဲ့ဝင် မှန်သမျှ တွေကို လက်မောင်းမှာ အပ်သွင်း၊ ဆေးမည်းနဲ့ ဂါထာတစ်ပိုဒ်၊ ဆေးနီနဲ့ အစက်သုံးစက်ကို ရင်ဘတ်မှာထိုး၊ စ ႎ မ တွေ၊ အင်းတွေ၊ ဆေးရိုးကြီးတွေ၊ မင်ကြောင်တွေနဲ့ လက်ဝဲ၊ လက်ယာနံတော် မှတ်ကြတယ်ဆိုတာလည်း ခရိုင် (၈) ခရိုင်မှာ စုစည်းထား၊ စည်းရုံးထားတဲ့ တို့များ 'က' ဂဠုန်တပ်ဖွဲ့ဝင် ၄၀,၀၀၀ အတွက် စိတ်တန်ခိုးသတ္တိ ထက်မြက်လာစေရုံမျှ သက်သက်တော့ဖြင့် မဟုတ်ဘူးကွယ့်။ ကိုယ့်ရှေ့မှာ စက်သေနတ်နဲ့ အသေသတ်ဖို့ စောင့်နေတဲ့ အင်္ဂလိပ်စစ်ဗိုလ်တွေကို ဓားမတိုနဲ့၊ ကောက်ဆွနဲ့ တက်ပြိုး





ခုတ်ရဲ၊ ရိုက်ရဲအောင် တမင်လှည့်စား၊ အယုံသွင်း၊ ရဲဆေးတင်ပေးရုံ သက်သက်လည်း မဟုတ်ဘူးကွယ့်။ ညောင်ရမ်းအပျက်၊ ကုန်းဘောင်အနွယ် အရိုး အစတည်ဦးကတည်းက ဘုန်းမီးနေလတောက်ပခဲ့တဲ့ ဘားမဲ့၊ ဘားအမော့၊ လောကသာရဲ၊ ရေနံ့နက်စက်ရောင်၊ အတုလ ...စတဲ့ ဘုန်းဘုရားကြီးများရဲ့ မြန်မာ့လောကီ ဂမ္ဘီရသိပ္ပအစီအရင်တွေရဲ့ အံ့မခန်းတဲ့အောင်ဘတ်၊ အောင်ဟိတ်၊ အောင်နိမိတ်တွေနဲ့ စီရင်ထားတာကွယ့် ...သားတို့ရဲ့ မင်းတို့သာ သစ္စာနယ်ကို မကျူးမကျော် တည်ကြည်နိုင်မြဲပစေ။ ဓားကျိုးသို့ လုံခွေပြီး မီးပေါက်ကျည်ဆန်တွေ မထိမရှ ကင်းလွတ်ရစေမကွယ့်။ တိုင်း ...ငါ့သားကြီး 'ရဲစက်တံခွန်' ဘွဲ့ခံ ဂမ္ဘီရကံကောင်းက အလံတောင်ဘုန်းဘုရားကြီးရဲ့ တို့များ မြန်မာ့ဂမ္ဘီရပညာစွမ်းကလေးကို ကိုရင့်သွေးသောက်ရောင်းရင်းများ ယုံမှတ်လက်ခံလောက်အောင်၊ မြင်ရဖူး ကြားရဖူးဘယ်ရှိအောင် တစ်ချီတစ်မောင်း ပြလိုက်စမ်းကွယ်''

အရှေ့ဆီတွင် နေဝန်းသည် ဝင်းဝင်းတောက်လျက်ရှိ၏။

အလံတောင်အောင်မြေ 'ဗုဒ္ဓရာဇတပ်နန်းမြို့တော်' တွင် ...။

✿ ✿ ✿

❑

''ဇာတိပုညာ၊ ဂုဏ်မာနဖြင့်၊ သံပဟုံစုံး၊ ဘက်မဲ့ကြူးသား၊ အားသုံးဆောင်ထား၊ မျိုးလေးပါး၏၊ တက်ပွားစောင်မာန်၊ လွှားတန်ခွန်ကို၊ ပြင်းဝှန်နှံတိုင်း၊ ခတ်ချိုးလှိုင်းသို့၊ ဖြတ်ပိုင်းလှည်းချ၊ တက်စွမ်းလှသား ...''

စိတ်ကို နှာသီးဝပေါ်သို့ စု၍တင်လိုက်သည်။ တဖြည်းဖြည်း တစ်စစ ထိုး၍ ဝှေ့၍ ပြေးလာသည့် ဝင်လေကို သက်သက်ငြိမ်ငြိမ်ဖြစ်အောင် သတိဖြင့် စောင့်၍ ထိန်းချုပ်ပဲ့ပြင်။ သဲ့သဲ့ယဲ့ယဲ့ အဆုံးထိတိုင် နှလုံးအိမ်အတွင်း ထိုးဝင်သွားသည့် အဖြူဆွတ်ဆွတ် အလင်းတန်းကြီး ...။



www.burmeseclassic.com

www.burmeseclassic.com



ရင်နှလုံးကို လှည့်ပတ်ရစ်ခွေလျက် တမျှဉ်းမျှဉ်း လာရာလမ်းအတိုင်း တစ်ပြန်တစ်လှည့်ဆုတ်ခွာ။ ထွက်သက်လေ၏လားရာ။ မီးလျှံမီးတောက်တွေ တဝင်းဝင်းဖြင့် နှာသီးဝနှစ်ဖက်မှ အသက်ဓာတ်အားတို့ ကွန့်ကွန့်မြူးမြူး။

"တစ် . . . နှစ် . . . သုံး . . . လေး . . . ငါး . . . . . . ကိုးဆယ့်ကိုး တစ်ရာ . . ."

ဝင်လေထွက်လေ၏ အလှုပ်အခတ်ကို အကြိမ်တစ်ရာတိတိ ဖျတ်ခနဲ ရပ်ပစ်လိုက်နိုင်သည်။

သူ့ဘဝင်စိတ်သည် စိတ်ချည်းသက်သက် ရုပ်နဘာဝဖြင့် သူ့ကိုယ်မှခွာ၍ လွတ်လပ်လဟာပြင်ထဲဝယ် လွင့်မျောလျက်။ ကျောက်စိုင်ကျောက်ခဲတစ်တုံး၊ စကျင်ကျောက်သားရုပ်တုတစ်ခုနှယ် မျက်တောင်တစ်ခတ်၊ ပင့်သက်တစ်ရှိုက်မျှပင် စိုးစိမျှ မတုန်မလှုပ်။ ပကတိသက်ငြိမ်းသူ့ခန္ဓာကိုယ်ကောင်ကြီး ဝိညာဉ်မဲ့ တောင့်မတ်တည်နေဟန်ကို အပေါ်စီးမှ သူက စီးမိုးမြင်နေရသည်။

အဘဦးရာကျော်၊ ဆရာညာဏ်ကြီး၊ ဆရာစ၊ ဗိုလ်တွန်းသွယ်၊ သခင်တိုက်စိုး၊ ဗိုလ်ဖိုးချစ်၊ ဗိုလ်ဖိုးသစ်၊ ဗိုလ်ဖိုးဆော့ . . .။ သူ့တင်ပျဉ်ခွေ တောင့်တောင့်မတ်မတ်ရုပ်ခန္ဓာကြီးကို ဝန်းရံကြည့်ရှုနေကြသည့် လူတွေ . . . လူတွေကို မြင်နေရ၏။ မျက်နှာနေတွေက မယုံကြည်နိုင်လွန်းဟန်။

သန်သန်မာမာ၊ တောင့်တောင့်ခိုင်ခိုင် 'ပေါက်လုကြီး' က သူ့ကိုယ်ကို ဆတ်ခနဲ တွန်းလှဲပစ်လိုက်သည်။

သူပြုံးလိုက်၏။

ကိုယ်နှင့်စိတ်၊ စိတ်နှင့်ကိုယ် . . .။ နာမ်သဘာဝနှင့် ရုပ်သဘာဝ။ ရုပ်နှင့်နာမ် မခွဲအတူတည်ရှိနေမှသာ အသက်ရှင်သည်တဲ့။ ရုပ်တခြား နာမ်တခြား။ စိတ်တခြားကိုယ်တခြား ခွဲခွဲခွာခွာဆိုလျှင်၊ နာမ်ခန္ဓာက ရုပ်ခန္ဓာကိုစွန့်လျှင် အသက်နဲ့ကိုယ် အိုးစားကွဲသည်တဲ့။ သေသည်တဲ့။ သည်သို့သာ လောကလူတို့ သိထားကြရိုးထုံးစံ။





စိတ်အနေသည် ကိုယ်ကောင်ဘာဝရုပ်ကြီးမှ ခေတ္တယာယီခွာ၍ တသီးတခြား တည်မနေနိုင်တော့ပြီလော။ သိမှု၊ တွေးကြံမှု၊ စေ့ဆော်တိုက်တွန်းမှု စိတ်စေတသိက်တို့ ယာယီငြိမ်း၍ အထည်ကိုယ်ကောင်ကြီးသက်သက်ဖြင့် တည်မနေနိုင်တော့ပြီလော။ ရုပ်ခန္ဓာ၏ တသီးတခြား 'အပ' အနေအထား၌ တည်သည့် စိတ်ဝိညာဉ်က ကိုယ်ကောင်ကြီးအပေါ် စေစားစီမံနိုင်မှု မရှိတော့ပြီလော။

ကံကောင်းသည် သူ့စိတ်ဖြင့် သူ့ကိုယ်ကိုအမိန့်ပေးလျက် သူ့ကိုယ်ကောင်ဘာဝရုပ်ကြီးကို ပြင်ပအင်အားတစ်ခုခုက လွှမ်းမိုးချုပ်ကိုင်၍ ရေနိုင်အောင် တောင့်ခံထားလိုက်သည်။

"အား . . . အီး . . . အီး . . ."

ကံကောင်း၏ သက်ငြိမ်ခန္ဓာကို ပေါက်လုမတွန်းမလှဲနိုင်။ ရှေ့သို့လည်း တွန်း၍မရ၊ နောက်သို့ ဆွဲလှဲ၍လည်း မလဲမပြို။ ချွေးသီးချွေးပေါက်တွေ ဖြိုင်ဖြိုင်ထလျက် သူ့တစ်ကိုယ်လုံးက အကြောအချင်တွေ ဖြတ်တောက်ကုန်လုခမန်း အားသွန်ကြိုးပမ်းနေဆဲ။

"ကိုင်းကွယ် . . .။ ရှမ်းကဒူးကြီး မောင်နုနဲ့ ရွှေဘိုသား တိုက်ကြီး မောင်တို့က ပေါက်လုကြီးကို ကူပြီး ကံကောင်းရဲ့ကိုယ်ကောင်ကြီးကို ရွှေ့အောင်ရွှေ့လိုက်ကြစမ်းပါကွယ်။ တကတည်း . . ."

ဆရာညာဏ်က ခပ်ပေါ့ပေါ့လေသံဖြင့် ပြောသည်။

သို့တစေ၊ သုံးယောက်အားဖြင့်လည်း မရ။ မလှုပ်မကြွ။

ထိုသည့်ဖြစ်ပုံကြီးကို အိပ်မက်ထဲ၌ မြင်သိနေရသလို အတိုင်းသားတွေ့နေရသည့် ကံကောင်းက ရင်ထဲ ကလိကလိ။ ရယ်ချင်ပက်ကျိစိတ်တို့ လိုက်တက်လာ၏။

'တန်သင့်ပြီ'

သူ့စိတ်က သူ့ကို သတိပေးသည်။

ဖြုတ်ချည်းပင် သူ့စိတ်ကလေးက သူ့ကိုယ်ကောင်ဘာဝရုပ်ကြီးထဲ ဒိုင်းခနဲရောက်ရှိသွား၏။ ကိုယ်နှင့်စိတ် ပေါင်းစည်းမိသွားကြပြန်သည်။ တစ် . . . နှစ် . . . သုံး . . .။



www.burmeseclassic.com

www.burmeseclassic.com



"ကျား . . . ဘသား . . . ဟိတ် . . ."

ကံကောင်းနှုတ်မှ ခက်ခက်မာမာ၊ ထန်ထန်ပြင်းပြင်း ကြုံးပသံကြ ဖြုန်းခနဲပေါ်လာပြီး သူ့ခန္ဓာကိုယ်က ကြောင်ရိုင်းတစ်ကောင်အလား လေထဲ သို့ မြောက်တက်သွား၏။ အားလုံး၏စိတ်အထင် ထန်းတစ်ဖျားခန့် ရှိမည် ပြီးလျှင် ငှက်မွေးကလေးတစ်မျှင် လွင့်စဉ်ဝဲပျံကျလာသလို သိမ်သိမ်မွေ့မွေ့ ကလေး၊ ကြွကြွရွရွကလေး ကျလာပြန်သည်။

"ဘာမထီဇာနည်မျိုးဟေ့ . . . ဗမာသွေးတဲ့လား . . ယောကျ်ား"

ဟိန်းသံကြီးက ဟီးထွက်လာပြန်သည်။

သေနတ်ပြောင်းဝမှ ကျည်ဆန်တစ်တောင့် 'ဒိုင်း' ခနဲ ပွင့်ကာ ထွက်သွားသလို ကံကောင်း၏ ကိုယ်ခန္ဓာက အလွန်လျင်မြန်လှစွာ ဝိုးခနဲ ဝိုးခနဲ လေဟုန်ကိုခွဲ၍ ပြေးရင်း ဦးတည်ရာအရပ် ဆယ်ပေအကွာခန့်တွင် ရှိနေသည့် လုံးပတ်ထွာဆိုင်ခန့် ဝါးပိုးဝါးကြီးများအား တစ်ချောင်းပြီးတစ် ချောင်း သစ်စိမ်းချိုး ပေါက်ကန်ချိုးချပစ်လိုက်ရာ ဝါးပင်ကြီးများမှာ လက်ရ တစ်ဖောင်ခန့်အမြင့်မှ တအုန်းအုန်း ပြိုလဲကျလာတော့သည်။ ဝါးပိုးဝါးကြီ ခုနစ်ချောင်း . . .။

"ဟိတ် . . ."

အမှတ်မထင် ဆရာညဏ်ကြီး ရုတ်တရက်ပစ်လွှတ်လိုက်သော ပေါက်ဓားပျံက ကံကောင်း၏ရင်အုံမို့မို့ ကြွက်သားစိုင်ကြီးအပေါ် တည့်တည့် တန်းတန်းကြီး ဝင်လာသည်။ ကံကောင်းက မတိမ်းမဖယ်။ တင်း၍ ခံ

"ဒေါက် . . ."

"ဘုတ် . . ."

"ဟင် . . ."

"ဟာ . . ."

ဓားသည် အဖျားကောက်သွားလျက် ပြုတ်ကျလာသည်။ ဝိုင်း ကြည့်ရှုနေကြသည့် ပရိသတ်သည် 'ဟာ' ခနဲ၊ 'ဟင်' ခနဲ ပါးစပ်ကြီး ဟလျက်သာ အသံမျိုးစုံအောင် အော်နေကြရတော့၏။

"ကိုင်း . . . ကိုရင်တို့၊ ဘယ်လိုသဘောရသလဲ"





မှင်တက်မိကာ အံ့သြတကြီးဖြစ်နေသူတို့ကို ခေတ္တမျှ အာရုံငြိမ် အောင် စောင့်လိုက်ပြီး ဆရာညဏ်က မေးသည်။

သူတို့လည်း ဘာပြန်ဖြေရမည်မသိ။

"ကံကောင်းလို အဓိဋ္ဌာန်ကြီးဝင်၊ ပါရမီခံကြီးရင့်မှ ပါမလာကြ သတဲ့ ကိုရင်တို့ လေးဆယ့်ငါးရက်ကြာ အကျိုးအပေါက်၊ အမြောက် အကျား၊ အညှိုးအရော်မရှိ ဆောက်တည်ခဲ့တဲ့ ဥပုသ်ကြီး၊ သီလတော်မြတ်ရဲ့ တန်ခိုး၊ 'တို့အမျိုး၊ တို့ဘာသာ၊ တို့သာသနာလွတ်လပ်ရေးအတွက်' ဆိုတဲ့ ခိုင်ကျည်တဲ့စိတ်ဓာတ်၊ 'အင်္ဂလိပ်မျက်နှာဖြူတို့အား တိုက်ခိုက်ချေမှုန်းပါ သည်။ အကယ်၍ ကတိသစ္စာ မတည်ရှိပါက ကုန်းသွားကုန်းဘေး၊ ရေသွား ရေဘေး၊ ဓားလှံလက်နက်ဘေးတို့ဖြင့် သေဆုံးပါစေသား' လို့ သွေးသစ္စာ ဆိုတည်ထားတဲ့ အဓိဋ္ဌာန်ပါရမီအဟုန်တွေကြောင့် ကိုရင်တို့ရဲ့ ဘေးဆီး နိုင်ကာ အစီအရင်တွေဟာ သိဒ္ဓိမြောက်မှာပါကွယ်။ မပူပါနဲ့"

"ဘာတဲ့ . . .။ 'ဧ ဓ မ အက္ခရာ၊ ဓာတ်လေးဖြာ၏၊ တေဇာတန်ခိုး သိဒ္ဓိမျိုးကို၊ ရှေးရိုးစဉ်လာ၊ ကျမ်းအမှာနှင့်၊ မှန်စွာမသွေ၊ စီရင်လေကာ၊ အားလုံးစသည်၊ မရှမနာ၊ လေးမြားမီးပေါက်၊ အမြောက်စိန်ပြောင်း၊ လွှတ်တုံ ချောင်း၍၊ ကိုယ်ကြောင်းကိုယ်ပြန်၊ ထိတ်သံခြေကျင်း၊ နှောင်မျိုးကင်းလျက်၊ အတွင်းကလည်း၊ အပတစ်မူ၊ ဖမ်းယူမမိ၊ အန္တိဆာယာ၊ ဝိစာသဒ္ဒ၊ မကြား သည်၊ ကာယတစ်နည်း၊ ငယ်သည်ကြီး၏၊ ကြီးသည်တစ်ဖန်၊ ငယ်ပြန် ခြင်း၊ ရေကိုနင်း၍၊ သွားခြင်းသိဒ္ဓိ၊ ဘူမိငုပ်လျှိုး၊ ထက်မိုးဝေဟံ၊ ငှက် သို့ပျံလျက်၊ ကြေးသံရွှေသံ၊ လိုလေရာရာ၊ ပြည့်စုံစွာ၏၊ ဘဏ္ဍာကျိုက္ခ ဖြစ်တုံကလည်း၊ တောင့်တတိုင်းပြီး၊ တစ်သီးထိုမှ၊ မိန်းမယောကျ်ား၊ နတ် အများပင်၊ ချစ်ကျွမ်းဝင်လျက်၊ အသက်ထောင်မှန်၊ သူ့အကြံကို၊ တစ်ဖန်- ကိုယ်က၊ သိနိုင်ရ၏၊ ဒေသခရီး၊ ဝေးလေပြီးလည်း၊ အနီးဖြစ်ရ၊ ဌာရသဟု၊ ဆာဓအပြား၊ ဆယ့်ရှစ်ပါးပင်၊ ပြီးအောင်မြင်၏' . . . တဲ့။ ကျမ်းစာအဆို နဲ့မဟုတ်လား။ ရှေးရှေးဆရာများရဲ့ အာစရိယဝါဒတွေ မတိမ်းမစောင်း အောင် မှန်မှန်ကန်ကန် စီရင်နိုင်၊ ဆောက်တည်နိုင်ရင်၊ သစ္စာမပျက်မပြား ခဲ့ရင် အကျိုးလိုရာ ပြီးနိုင်ပါပေရဲ့။ အေး . . . တစ်ခုတော့ ရှိသေးတယ်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးရှေးဆရာကြီးများလို ကိုယ်တစ်ယောက်ကနေ တစ်ရာ၊ တစ်ထောင် ဖန်ဆင်းပွားများယူလို့ မရစကောင်းကြတော့ပေမယ့် မှန်သောအယူအမြင် ဖြူစင်သော အတွေးအကြံတွေကိုဖြင့် တစ်သောင်း၊ တစ်သိန်းမက ပုံနှိပ် ပွားများ တိုးတက်အောင်တော့ ရှက်ဆောင်နိုင်ကောင်းသေးသကွယ့်။ ကြား လား ...။ တို့များရဲ့အရေးတော်ဟာ အဲသလိုပွားပြီး တစ်တိုင်းတစ်ပြည်လုံး မီးဟုန်းဟုန်းတောက်စေရမယ့် အရေးကြီးကွယ်။ ဟုတ်ပလား ...''

ဆရာဉာဏ်ကြီး၏ တရစပ် မရပ်မနားစကားသံများသည် သူတို့၏ ပီတိအဟုန်ကို မြှင့်တင်ပေးနေသလိုရှိ၏။

ကံကောင်းက အဘဦးရာကျော်အနီးတွင် မှဆိုးဒူးထောက်ထိုင် လျက် ...

''ကံကောင်း ... ကံကောင်း ...။ တော်ပေ့ကွယ်။ 'ရဲစက်တံခွန်' ဆိုတဲ့ အလောင်းမင်းတရားကြီးရဲ့ တပ်မှူး စစ်ကဲ စစ်သူရဲ လက်ရုံးကြီး တစ်ယောက် ဘွဲ့မည်ရည်နဲ့ ထိုက်ပေ၊ တန်ပါပေရဲ့။ ကိုရင့်ရဲ့ အဲဒီပညာ အမွေတွေကိုတော့ လက်လှမ်းမီရာမှာ လက်ဆင့်ကမ်းဖို့ မမေ့လေနဲ့ကွယ့်။ ဟုတ်စ ...။ ပညာဆိုတာ ရှေ့ရှေ့က နောက်နောက်ကို လက်ဆင့်ကမ်းခဲ့ တဲ့ အတွေ့အကြုံလို့ ဆိုသမဟုတ်လား''

''ဟုတ်ကဲ့ ... အဘဆရာကြီးခင်ဗျာ''

ထိုစဉ်အခိုက် ...

ဟေးဟေးဟားဟား အော်သံတွေ၊ အိုးစည်ဗုံမောင်းသံတွေ၊ ရှမ်း အိုးစည် ဗေထုံသံတွေ၊ နီးရာစပ်ရာကို ဝမ်းသာအားရ ထုကြရိုက်ကြသည့် အသံဗလံတွေကို တစ်ခဲနက် အုန်းအုန်းကြွက်ကြွက်ကြီး အနီးကပ်၍ ကြား လိုက်ကြရ၏။

''ဘာလဲဟေ့''

''ဖျာပုံဘက်က ဆရာကြီးဦးအောင်လှတို့တပ်တွေနဲ့ အင်းစိန်က ဗိုလ်အောင်ရွှေ၊ ဗိုလ်အောင်ဖေတို့တပ်တွေ၊ မော်ဘီ ဝါးနက်ချောင်းက သံမဏိဗိုလ်မင်းထင်တို့တပ်တွေ အချိန်မီ အောင်မြေနင်းလာကြပြီတဲ့အဘ။ လက်ရွေးစင် 'က' အဆင့် ဂျူနီတပ်ဖွဲ့ဝင်ချည်း ၄၀၀ ကျော် ပါခဲ့ကြ သတဲ့''





''ဟေ ... အောင်ဟိတ်။ အောင်နိမိတ်တွေကတော့ဖြင့် အလံ တောင်မှာ ဝေနေပေါ့ကွယ့်။ သာဓု ... သာဓု ... သာဓု ... ဘယ့်နှဲ့ ... ကိုဉာဏ်''

''ဟုတ်ပ ... ဆရာကြီးရယ်။ ပျော်စရာကြီးပေပနော''

''နို ... နေပါဦး။ မြင်းတွေနဲ့၊ အထမ်းသမားတွေနဲ့ များလှချည့် ကလား''

ဟိုး ... ဝေးဝေး ညော်ခံတောင်၏ တောင်ခြေတောင်စွယ် တောစ မှသည် အလံတောင် 'ဗုဒ္ဓရာဇ' တပ်မြို့တပ်စည်းနားအထိ ဂျူနီတပ်ဖွဲ့ အလံတွေ ဝေဝေစည်စည်ပါလာသည့် လူတန်းကြီးက မဆုံးသေး။ မြင်း တွေ၊ နွားလှည်း၊ ကျွဲလှည်းတွေလည်း ပါလာကြသေးသည်။ အညာပွဲ လှည်းတန်းကြီးနှယ်။

''ဝေး ... အစ်ကိုတို့ ... ဝေး ... ကိုမင်းထင် ...''

''ဟာ ... ဖိုးကံကောင်းပါလား။ ကိုယ့်လူ ပျောက်ချက်သား ကောင်းလှပြီ မှတ်နေတာ။ ဒီရောက်နေပေါ့ကိုး။ ကဲ ... ဟောဒီမှာ ... ကိုယ့်လူ။ ကိုယ့်လူမှာခဲ့တဲ့အတိုင်း အပြည့်အစုံဝယ်လာခဲ့တဲ့ ရိက္ခာ၊ ဆေးဝါး နဲ့ လက်နက်စာရင်း။ တစ်ယောက်ယောက်ကိုသာ စစ်ပြီး လက်ခံခိုင်းလိုက် ပေတော့။ လက်ကျန်ငွေကြေးနဲ့ ရတနာပစ္စည်းတွေကို အဘိုးလေးသန့် ကနေတစ်ဆင့် ဗားကရာတိုက်က ထိပ်တင်သခင်မကြီးဆီ အပ်ထားခဲ့လေ ရဲ့။ အရေးအရာရှိလို့ လိုအပ်ခဲ့ရင်လည်း လူလွှတ်လိုက်ရုံနဲ့ ရနိုင်အောင် စီမံထားခဲ့တယ် ကိုရင်''

''ကျေးဇူးကြီးလှပါရဲ့ ... အစ်ကိုတို့ရာ။ ဒါနဲ့ ... အဲဒီပဲခူးကလပ် ကိစ္စကြီးက ဘယ်လိုအခြေအနေရှိတုံး။ ကုလားသိုက် ကျားဝင်ကိုက်သလို ရှိနေမှာပေါ့။ ဟုတ်ရဲ့လား ... အစ်ကိုမင်းထင်''

''ကိုရင့်ကောင်တွေ ဒေါသနီးတွေ မွှန်နေလိုက်ပုံများ ရန်ကုန် တစ်မြို့လုံး မြေလှန်ပစ်တော့မလောက်နီးနီးပဲ။ ဒါပေတဲ့ မနက်ဖြန် (၁၉) ရက်နေ့ သာယာဝတီဒါဘာပွဲကို ဘုရင်ခံဆာရေဂျအော်မောင်ကြီး လာမယ့်ကိစ္စ နဲ့ တိုက်နေလို့ ... ဗျာရေ။ ခြေကျိုးနေကြတာ။ ဒါတောင် စကော့ဒလန်



www.burmeseclassic.com

www.burmeseclassic.com



ယာဒ်က ရောက်လာတဲ့ လက်ထောက်ပုလိပ်မင်းကြီးဆိုတဲ့မောင်ကို အာဏာကုန် လွှဲအပ်ထားသတဲ့။ လုပ်ကြလိမ့်မယ် ...။ ငတိတွေ အကြီးအကျယ် နာနုကင်းကိုက် ဖြစ်နေကြတာ''

''ဟား ... ဟား ... ဟား ... အားရလိုက်လေ ... အစ်ကို မင်းထင်ရာ''

''ရော့ ... ကိုရင် ... ဟောဒါ မြသွေးရည်ပေးလိုက်တဲ့ တံနဲ့ သေနတ်''

'' ... ... ...''

''ရော့လေ ... သူ့ရဲ့မယ်မယ် ထိပ်တင်သခင်မကြီးကို ဝန်ရှင်တော်မင်းကြီးက လက်ဆောင်အဖြစ် ပေးထားတဲ့ သေနတ်တဲ့။ ကျည်ဆန်တော့ (၁၀၀) လားပဲ ပါခဲ့တယ်။ အရေးတော်ပုံကြီး မစသေးခင် တစ်ခေါက်တစ်ကျင်းလာခဲ့ပါဦးတဲ့။ အမှာတော်ပါးလိုက်လေရဲ့ မောင်''

ကံကောင်းတစ်ယောက်ဖြင့် စကားဟာဟ မဆိုနိုင်ပြီ။

ဆင်စွယ်ရိုးတပ် ဝေါလ်သာဗီဗီကေ သေနတ်လှလှကလေးကို လက်ဝယ်ဆ၍ဆ၍ ကိုင်ကြည့်ရင်း လာဗင်ဒါရေမွှေးနံ့ကလေးတသင်းသင်း။ သနပ်ခါးရောင်ပိုးပဝါကလေးဖြင့် ထုပ်ထားသည့် စာအိတ်ကလေးကို ဖွင့်ဖောက်ဖတ်ကြည့်လိုစိတ်များကိုသာ မနည်းချုပ်တည်း ချိုးနှိမ်နေရသည်။

'ဩော် ... မြသွေးရည် ... မြသွေးရည် ...'

လွှမ်းရိပ်တိမ်တောင်တို့ သူ့ရင်၌ မိုးလုံးပြည့် ဖွဲ့ဆင်ညွတ်ကျလာကြသည်ထင့်။ မြသွေးရည်၏ မျက်နှာနုနုလှလှကလေးကို တရေးရေးမြင်ရင်း လွှမ်းမိုးသည်း၍ ...။

''အချစ်ရေးထက် စစ်ရေးခက်၏။

အလွှမ်းရေးထက် ဝမ်းရေးခက်၏ ... တဲ့ တို့ကိုရင်။ ကျုပ်တို့တော့ လွှမ်းမနေအားသေးဘူး။ နယ်ချဲ့မိစ္ဆာတွေရဲ့ လည်ချောင်းသွေးနဲ့ ဓားသွေးရဦးမယ်။ မိစ္ဆာနောက်လိုက်ခွေး ချစ်တီးကုလားတွေနဲ့ မန်ကျည်းသီးကုလားဒိန်ကုလားမည်းတွေရဲ့ အရိုးကို တံတားခင်းပြီး 'လွတ်လပ်ခြင်း' လမ်းကြီး ဖောက်ရဦးမယ်။ 'ရွှေပြည်တော်ဘယ်မဝေးပြီဘု' ဆိုပေမင့် ခရီးက အမှ





အစရှိသေးတာ ကိုရင်ရေ့။ လွှမ်းမျက်ရည်တွေ ဝေနေ၊ ဖြိုင်နေမယ့်အစားချွေးတွေ၊ သွေးတွေကို ရင်းစားလုပ်ပြီး တိုက်ပွဲတစ်ရာ၊ အောင်ပွဲတစ်ရာ ဆင်ကြရဦးမယ် ... ကိုရင်''

''အစ်ကိုမင်းထင်ရာ ... ကံကောင်းလည်း အစ်ကိုတို့နဲ့ တစ်သွေးတည်း၊ တစ်သားတည်းပါပဲ။ 'သူပုန်ဗိုလ်က ဂျုနရာဇာ' ဘွဲ့ခံ အဘဆရာစံရဲ့ အရေးတော်ပုံ ဂျုန်တပ်က 'ရဲစက်တံခွန်' ဆိုတဲ့ စစ်ကဲတစ်ဦးပါ အစ်ကိုရဲ့၊ ကံကောင်းသွေးကလည်း ရဲပါ၊ နီပါတယ်။ ကဲ ... လာကြ ... လာကြ အစ်ကိုတို့။ အဘဦးရာကျော်တို့၊ ဆရာညာဏ်ကြီးတို့ စောင့်နေကြလေရဲ့။ အဲ ... အဲ ... ရိက္ခာ၊ ဆေးဝါးနဲ့ လက်နက်တွေကိုတော့ 'ရဲရဲကျော်ထင်ဗိုလ်နှီးဆော့' က လက်ခံပါလိမ့်မယ်။ ကဲ ... အစ်ကိုဖိုးဆော့ရေ။ ကြည့်သာထုပ်လိုက်ပေတော့''

ခပ်လှမ်းလှမ်းဆီတွင် မြင်နေရသည့် အလံတောင် 'ဗုဒ္ဓရာဇ' တပ်မြို့၏ အရှေ့ဖျား၌ အလံဖြူလွှင့်ထူထားသည့် အဘဆရာစံကြီး၏ တဲနန်းသို့ ခြေဦးတည်မိကြ၏။

ဗိုလ်အောင်ရွှေက ရှေ့မှ ...။

ဗိုလ်အောင်ဖေ၊ သံမဏိဗိုလ်မင်းထင်နှင့် ကံကောင်းတို့က တစ်ဦးကိုတစ်ဦး လည်ပင်းဖက်၍ နောက်က စကားတွေဖောင်လောက်အောင်ပြောကာ လိုက်လာကြသည်။

အလံတောင် တောင်မင်း၏ ဦးထိပ်၌ နေဝန်းနီနီက ခွေးခွေးရဲရဲ ထိန်လင်းနေလေ၏။

ရတနာတြိ နမာမိ

**မိုးကျရွှေကိုယ်**

www.burmeseclassic.com

www.burmeseclassic.com



[၁]

❑

နေသည် တစ်စတစ်စဖြင့် အနောက်မိုးကုပ်စက်ဝိုင်းဆီသို့ ယွန်းငိုက်နိမ့်ဆင်းလျက်ရှိသည်။ ရော်ရွက်နုရောင်နေခြည်သည် သစ်ကိုင်းသစ်ခက် သစ်ရွက်ကြိုကြားမှ တောင်ကြောပေါ်သို့ ယိုအန်ကျနေသည်။ ချုံနွယ်မြက်ခင်းစိမ်းတို့သည် အနုအရင့်၊ အကွက်အပြောက်များဖြင့် တစ်မျိုးလှနေ၏။

လေက အေးစက်စပြုလာပြီ။

စိမ့်ခနဲ ကျောရိုးတစ်လျှောက် ဖျန်းတက်သွားသဖြင့် ထောင့်သန်းခေါက်၍ စလွယ်သိုင်းလာသော ပုဆိုးကိုဖြန့်ကာ ကျောလုံအောင် ပခုံးပေါ် လွှားတင်လိုက်၏။

သောက်ထားသော ခေါင်ရည်က အရှိန်ပြယ်ချင်နေပြီထင်သည်။ လျှောက်လာခဲ့သည့် ခရီးက နီးသည်မဟုတ်။ တောင်သုံးလုံးကျော် ...။



www.burmeseclassic.com

www.burmeseclassic.com



ရိုးတွေ၊ ချောက်တွေ၊ လျှိုမြောင်တွေက အများကြီး။ သည်တောင်ကြောဆုံးလျှင် လျှိုတစ်ခုထဲသို့ ဆင်းရမည်။ ချိုင့်ဝှမ်းတစ်ခုကိုဖြတ်ပြီး တောင်တစ်လုံးကို မော့တက် ...။ ထိုတောင်ကြောတစ်ဝက်လောက်တွင် ဘေးကိုဖဲ့ဆင်းလိုက်လျှင် ရောက်ပြီ။ မယ်ဖဲ့တို့၏ 'ကျောက်ပုံရွာ'။

'ရွာ' ဟုဆိုသော်လည်း အိမ်ခြေများများရှိသည်မဟုတ်။ ခုနစ်အိမ်လား။ ရှစ်အိမ်လား ...။ သည်မျှသာ။ ဘာထူးလို့လဲ။ မောင်ချိုတို့၏ 'မအူရွာ' မှာ ဆယ်အိမ်ပဲရှိသည်။ အမှန်တော့ တောင်ယာတဲစုလေးများသာဖြစ်သည်။ နောက်တစ်နှစ်နှစ်နှစ်ဆိုလျှင် သည်နေရာတွေမှာ သည်တဲစုရွာကလေးများ ရှိချင်မှ ရှိတော့မည်။ ယာစိုက်ရန်ကောင်းပြီး ရေနှင့်လည်းနီးသည့်နေရာ၊ မြို့ပြနှင့်လည်း အဆက်အသွယ် လွယ်ကူသည့်နေရာကို ရှာ၍ ပြောင်းကြဦးမည်။ သူတို့လို ရွှေ့ပြောင်းတောင်ယာသမားတွေအဖို့တော့ ရေကြည်ရာ၊ မြက်နုရာ သူတို့ရွာပဲဖြစ်၏။

မောင်ချိုသည် နံနက် နေထွက်တစ်ပြိုက်တည်းက ရွာမှထွက်လာခဲ့သည်။ နံနက်စာ ထမင်းချက်ပေးလိုက်ရန် မနေ့ကတည်းက အမေ့ကို ကပ်၍ ချော့မော့ပြောထားခဲ့ရသည်။ အမေက ချက်တော့ပေးပါ၏။ ပါးစပ်ကတော့ ပြောမဆုံး။

"ချိုတို့များဟယ် ... ဟိုအရင်တစ်ပတ်က အမေနေမကောင်းလို့ ရေစမ်းရွာသွားပြီး ဆရာမောင်ဆာဆီမှာ ဆေးတောင်းပေးပါဆိုတာ ဖင်လှည့်ခေါင်းလှည့်နဲ့။ မသွားချင်သလိုလို၊ သွားချင်သလိုလို ...။ ရေစမ်းရွာက နှစ်တောင်ကျော်ပဲဝေးတာ။ ချကြည့်စမ်း ...။ ဟိုး ... သုံးလေးတောင်ကျော်က ယောက်ဖလောင်းက မှာတယ်လည်းဆိုရော တစ်နေ့မဆိုင်းဘူး။ ပေါက်ခနဲပဲ"

အဖေသည် မီးဖိုအနီးတွင် ထိုင်လျက် ဆေးတံအရိုးတိုကို ပါးစပ်တွင်ခဲကာ ပြုံးစေ့စေ့လုပ်နေ၏။

အမေက ဆက်ပြောသည်။

"အလကား ... ဟိုကောင်တော့မှာတာ ဘာအကြောင်းမှ ရှိပုံမရပါဘူး။ သူ့နှမ မယ်ဖဲ့နဲ့ တွေ့ရအောင် မှာပေးတာပဲဖြစ်ရမယ်"





"ဟား ... ဟား ... ဟား ... အဟွတ် ... ခွီး ..."

အဖေသည် မီးခိုးကနိုသီးအောင်ပင် ရယ်ချလိုက်၏။

မောင်တုံ၏နှမ မယ်ဖဲ့မှာ မောင်ချို၏ အိမ်ထောင်ဖက်လောင်းကလေးဖြစ်သည်။ နှစ်ဖက်မိဘတွေ သဘောတူထားပြီးဖြစ်သည်။ အမှန်တော့ မယ်ဖဲ့နှင့်မောင်ချိုတို့မှာ ဆွေမျိုးမကင်းသူတွေဖြစ်သည်။ မယ်ဖဲ့၏အမေသည် မောင်ချို့အဖေ၏ နှမဝမ်းကွဲဖြစ်လေသည်။

မောင်တုံထံမှ လူကြုံဖြင့် အမှာစကားကို မနေ့က ရသည်။ အလုပ်လုပ်ကြတော့မည်ဖြစ်၍ သူ့ထံသို့ လာခဲ့ပါဟုဆိုသည်။ ထို့ကြောင့် မောင်ချိုသည် ဒူးလေး၊ မြား၊ ဓား၊ ကြိုး ... စသည့် သူ့လက်သုံးကိရိယာတန်ဆာပလာတွေကို မနေ့က တစ်နေ့လုံး ပြင်ဆင်နေခဲ့သည်။ အမှန်ဆိုရလျှင် မောင်ချိုက အလုပ်လုပ်ရန်အရေးကို သည်လောက်အထိ အလေးအနက်ထားသည်မဟုတ်။ မယ်ဖဲ့နှင့်တွေ့ရဖို့အရေးသည်သာ အဓိကဖြစ်သည်။ မြားဖြောင့်နေစဉ်တွင်လည်းကောင်း၊ ဓားသွေးနေစဉ်တွင်လည်းကောင်း၊ သူသည် မယ်ဖဲ့မျက်နှာလေးကိုသာ တရေးရေး မြင်ယောင်လျက်ရှိနေခဲ့လေသည်။

အဖေက မေးသည်။

"နင်တို့အလုပ်က ဘာလဲ။ ဘာသွားလုပ်မလဲ"

"ကျားကိုင်းထောင်မလို့ ... အဖေ"

အဖေ မျက်စိတွေမှေးအောင် ပြုံးသွားသည်။

"အေး ... သတိထားလုပ်။ မပေါ့နဲ့။ ပြော ကျားပိလို့ သတိမေ့နေတာ မှတ်မိသေးလား"

ဟုပြောပြီး အဖေသည် အသံထွက်အောင် တစ်ချက်ရယ်သည်။

မှန်သည်။ သူတို့တောင်ပေါ်တွင် ဖြစ်ဖူးပါ၏။ ကျားပိလို့ သတိလစ်မေ့မြောသွားသည့်အဖြစ်။ ကံကောင်းလို့ ကျားက ကိုက်မသွားတာ။

မောင်ပြာဆိုသောလူတစ်ယောက် ကျားကိုင်းထောင်ထားသည်။ ကျားကိုင်းထောင်ချိန်က ညနေချမ်း နေဝင်စအချိန်။ ကိုင်းလည်ချိန်က နံနက်စောစော နေဝန်းထွက်ပြူစ။ တောင်အကွေ့သို့ ရောက်စတည်းက



www.burmeseclassic.com

www.burmeseclassic.com



ပင် ကျားဟိန်းသံကို ကြားနေရသည်။ သူ့ကိုင်းမှာ ကျားမိနေတာ သေချာသည်။ မောင်ပြာသည် လုံလျှင်ကို ခါးတွင်ထိုးလျက် ဒူးလေးကို အသင့်ပြင်ကာ စမ်းချောက်အဝကို လှမ်းဝင်လိုက်သည်။

ကျားသည် ဘယ်အချိန်က ကိုင်းမှာမိနေသည်မသိ။ မောင်ပြာကြားနေရသည့် ဟိန်းသံမှာ ကျယ်လောင်စူးရှသည်။ ရုန်းလွန်းကန်လွန်းသဖြင့် အလွန်တရာနာကျင်နေပုံရ၏။ ကိုင်းကြိုးက နိုင်လွန်ကြိုးဖြစ်သည်။ ကျား၏လက် (သို့မဟုတ်) ခြေ တစ်ခုခုကို မိထား၍ ရုန်းလျှင် အရေပြားတွေသာ စုတ်ပြတ်သတ်ကာ သွေးစက်စက်ကျလိမ့်မည်။ ရုန်း၍လွတ်သည် မရှိ။ သည်ကြိုးမျိုးကို သွားဖြင့်ကိုက်ဖြတ်သည့်တိုင်အောင် ပြတ်ဖို့မလွယ်။ ပြတ်သည်လည်း မရှိဖူးခဲ့။

စမ်းချောက်တစ်ဖက်တစ်ချက် ချုံပင်နွယ်ပင်များသည် အပေါ်ဘက်၌ အဖျားချင်းဆက်ကာ ပေါင်းမိုးသဖွယ်ဖြစ်နေ၏။ ချောက်အတွင်း၌ အလင်းရောင်ကောင်းစွာမရ။ မှောင်ကျုတ်နေသည်။

မောင်ပြာသည် ဒူးလေးကို အသင့်ကိုင်လျက် ရေစပ်စပ်သာရှိသော စမ်းအတိုင်း တစ်လှမ်းချင်း လျှောက်လာသည်။ စမ်း၏အထက်ဘက် ဆင်းလမ်းတစ်နေရာတွင် သူကိုင်းထောင်ထားခဲ့သည်။ ခေါင်းပေါ်မှ ချုံနွယ်များကြောင့် ခါးကိုကုန်း၍ တဖြည်းဖြည်း လျှောက်ရ၏။ နီးလာသောအခါ ကျားဟိန်းသံ မကြားရတော့။ နာကျင်လွန်း၍ မရုန်းတော့ဟု ထင်ရသည်။ တစ်ညလုံး ရုန်းကန်ထားသဖြင့် မောလွန်း၍ အမောဖြေနေတာလည်း ဖြစ်နိုင်သည်။

စမ်းချောက်ဆုံးလျှင် ချုံနွယ်ပင်တွေလည်း ရှင်းသွားသည်။ မှုန်မှိုင်းမှိုင်းအလင်းရောင်တွင် ကိုင်းမိထားသော ကျားကို ရေးတေးတေးမြင်ရသည်။ သိပ်မဝေးတော့။ ဝါးတစ်ပြန်သာသာလောက်ပဲရှိသည်။ ဒူးလေးဖြင့် ပစ်ရန် လေးကြိုးကိုဆွဲတင်၊ မြားအသင့်ထည့်ပြီး မှဆိုးဒူးထောက်ထိုင်ချလိုက်၏။

မည်သို့ဖြစ်သည်မသိ။





'ဝေါင်း' ခနဲ ဟိန်းသံတစ်ချက်နှင့်အတူ လေထဲတွင်ပျံဝဲလာသော ကျားကြီးကို သူမြင်လိုက်ရသည်။ လက်ထဲက ဒူးလေး လွတ်ကျသွားပါ။ သွေးပျက်လုမတတ် ထိတ်လန့်တုန်လှုပ်လျက် မှင်တက်မိနေစဉ်မှာပင် ကျားခံဝမ်းဗိုက်ဖြူဖြူကြီးက သူ့မျက်နှာကို အရှိန်ပြင်းပြင်းဖြင့် 'ဘန်း' ခနဲ ဝင်တိုက်ပစ်လိုက်သည်။ သူ မက်လက်လန်လဲကျကာ သတိမေ့မြောသွားလေသည်။

ထိုအဖြစ်ကို တောလည်လာသော မုဆိုးဖြေျက အမှတ်မထင် မြင်လိုက်သည်။ မောင်ပြာကို ကျားစားနေပြီဟု သူထင်သည်။ မောင်ပြာ၏ ကိုယ်တစ်ပိုင်းမှာ ကျားကိုယ်အောက်သို့ ရောက်နေသည်။ ခြေထောက်နှစ်ချောင်းသာ နောက်ဘက်သို့ စွန်းထွက်နေသည်။ လက်ထဲက သေနတ်ဖြင့် ပစ်လိုက်လို့ မတော်တဆ မောင်ပြာ့ကိုယ်ကို သွားမှန်လျှင် အချောင်သက်သက် တရားခံဖြစ်မည်ဟု ဖြေျတွေးမိသည်။ ထို့ကြောင့် တူမီးသေနတ်ကို မိုးပေါ်ထောင်၍ ပစ်လိုက်၏။ သေနတ်သံကြောင့် ကျားသည် ဝုန်းခနဲခုန်ထကာ အလျားထိုး၍ ပြေးထွက်သွားလေသည်။

''ကျားက တစ်ညလုံး ရုန်းနေတော့ ကိုင်းမိထားတဲ့လက်ကလည်း နာ၊ ရေကလည်း အဆမတန် ငတ်နေပါလိမ့်မယ်။ တစ်တိတစ်တိ ကိုက်ဖြတ်ထားလို့ ကိုင်းကြိုးကလည်း ပြတ်လုတည်းတည်းကလေး ကျန်တော့တဲ့အချိန်မှာ ပြောကို မြင်လိုက်ရတော့ ဒေါသတကြီး ထပြီးအုပ်တာ ကိုင်းကြိုးက တောက်ခနဲပြတ်သွားရော။ ကျားဟာ အရှိန်လွန်ပြီး ပြောကို ဗိုက်နဲ့ ဝင်တိုက်မိပါလေရော။ ပြောလည်း ပက်လက်မှေ့။ ကျားလည်း ရေအိုင်စပ်မှာ မျက်နှာနဲ့အပ်ပြီး မှောက်ခုံပစ်ကျတော့တာပေါ့။ ကျားဟာ တစ်ညလုံး ရေငတ်နေခဲ့တာဆိုတော့ သူ့ဗိုက်အောက်ရောက်နေတဲ့ ပြော့ကို သတိမရနိုင်ဘူး။ ရေကို အငမ်းမရ ငုံ့သောက်နေတော့တာပေါ့။ အဲဒီတုန်းမှာ ငါက သေနတ်ဖောက်လိုက်တော့ လန့်ပြီး ပြေးပါလေရော။ သူ ရေငတ်မပြေသွားရင် ပြော့ကို စားတော့မှာပေါ့'' ဟု မောင်ပြာကို ရွာသို့ ထမ်းယူလာခဲ့သော မုဆိုးဖြေျက ပြန်ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြားရသူတို့မှာ ငိုအားထက် ရယ်အားသန်ကြရ၏။

ယခု ထိုအဖြစ်ကို ပြန်တွေးရင်း မောင်ချို ရယ်ချင်လာသည်။ မနက်ကလည်း မအူရွာ ဖိုးတို့အိမ်တွင် ပြောအကြောင်း ပြန်ပြောင်းပြော ရင်း ရယ်ခဲ့ကြသေးသည်။ မနက်က မောင်ချိုအိမ်မှထွက်လာတော့ နေထွက် တစ်ပြူသာ ရှိသေးသည်။ အရှေ့ဘက် တောင်နီထိပ်ပေါ် နေဝန်းကျော့စ တွင် မအီရွာသို့ ရောက်သည်။ မတွေ့ရတာ ကာလအတော်ကြာခဲ့ပြီဖြစ် သော သူငယ်ချင်းဖိုးကို ဝင်၍ နှုတ်ဆက်သည်။

ဖိုးက ဝမ်းသာလှိုက်လှဲစွာ . . .

''ဟဲ့ . . . ချို၊ အတော်ပဲဟေ့။ ငါ ဒီမနက် တောဝက်ရထားတယ် ကွ။ ဝမ်းတွင်းသားတွေ ချက်နေတာ ကျက်တော့မယ်။ နေဦး . . . ငါခေါင်အိုး ဖောက်လိုက်ဦးမယ်''

ဆိုကာ ခေါင်ထည့်ထားသော စဥ့်အိုးငယ်ကို အိမ်ရှေ့သို့ ထုတ် လာ၏။

ထို့နောက်တော့ သူငယ်ချင်းနှစ်ယောက် တောဝက်ဝမ်းတွင်းသား အမြည်းနှင့် တစ်ယောက်တစ်လှည့် ခေါင်ရည်စုပ်ကြသည်။ ခေါင်ရည်က များများစုပ်လျှင် မူးရှိုးသာမက ဗိုက်ပါတင်းလာသည်။ အမြည်းတွေလည်း များများစားပစ်လိုက်တော့ အမေထည့်ပေးလိုက်သည့် ထမင်းထုပ်ကလေး ကိုပင် ဖြေမစားဖြစ်ခဲ့။ မောင်ချို ခရီးဆက်ရန် ထိုင်ရာမှ ထသောအခါ ဖိုး က ခဏနေဦးဆိုသည့်သဘောဖြင့် လက်ကာပြ၍ အိမ်ထဲသို့ ဝင်သွားသည်။ ပြန်ထွက်လာတော့ ဘူးခြောက်တစ်လုံးပါလာသည်။

''ကောက်ညှင်းအရက်ကွ . . . မင်းအတွက် တမင်ချန်ထားတာ''

ဟု ဆိုသည်။

မောင်ချို အကြိုက်ကျသွား၏။

ယခု နေလည်း နိမ့်စောင်းစပြုပြီ။ မောလည်းမောပြီ။ ခေါင်ရည် အရှိန်လည်း ပြယ်ပြီ။ မောင်ချိုသည် မြက်ပင်နုလေးများ စိမ်းစိုနေသည့် တောင်ခါးပန်းတစ်နေရာတွင် ထိုင်ချလျက် ဖိုးပေးလိုက်သည့် ဘူးခြောက် ထဲက ကောက်ညှင်းအရက်ကို ပါးစပ်ပြည့်ပြည့်တစ်ငုံငုံပြီး မျိုချလိုက်၏။





ဆောင်းလိုက်သည့်အရက်။ လည်ချောင်းတစ်လျှောက်နှင့် ဝမ်းဗိုက်အတွင်း ဆင်းသွားသည်။ တစ်ကိုယ်လုံး ရှိန်းဖိန်းနွေးထွေးလာ၏။

နေရောင်သည် မှိန်ဖျော့စပြုပြီ။

မောင်ချိုသည် အရက်ကို တစ်ငုံပြီးတစ်ငုံ မော့လျက် နေခြည် နွေးနွေးအောက်တွင် အေးဆေးတိတ်ဆိတ်စွာ ဇိမ်ကျနေသည်။ ညင်းလေ သုန်သုန်အသွေးတွင် ပါလာသော တောပန်းတောင်ပန်းနှင့် တောရနံ့ တောင်ရနံ့သည် သူ့နှာခေါင်းတွင် ပို၍ ပြင်းပြင်းစူးရှလာသည်ဟု သူထင် သည်။ ကျေးငှက်တို့ တွန်ကျူးမြည်ကြွေးသံများသည်လည်း ပို၍သာယာ သည်ဟု သူခံစားလာရ၏။

ဘူးခြောက်ထဲက အရက်လည်း ကုန်ပြီ။

အမေထည့်ပေးလိုက်သည့် ထမင်းထုပ်ကို ယခုမှ ဖြေစားဖြစ် သည်။ မောင်ချိုတို့ကတော့ မနက်စာကို ညနေမှပင် စားသည်။ ကိစ္စမရှိ ထမင်းစားပြီး ဆက်သွားလျှင် နေလုံးစုံးစုံး မြုပ်မကွယ်မီ ကျောက်ပုံရွာသို့ ရောက်ပြီပဲ။

သို့သော် . . .

ထမင်းစားရင်းပင် ခေါင်းထဲတွင် ရီဝေလာသည်။ မျက်တောင် မွှေးကို ပင့်မ၍ မရအောင်ပင် မှေးစင်းလာသည်။ တစ်ချက်တစ်ချက် ခေါင်း သည် ငိုက်ခနဲ ငိုက်ခနဲ စိုက်ကျသွား၏။ မဖြစ်ချေဘူး။ ခဏတော့ မှေးဦး မှ စားလက်စ ထမင်းထုပ်ကို နံဘေးတွင်ချထားကာ မြက်ခင်းပြင်ပေါ် ပက် လက်လှန်ချလိုက်သည်။ ပခုံးပေါ်လွှားတင်ထားသော ပုဆိုးသည် အလိုက် သင့်ခင်းပြီးသားဖြစ်သွား၏။

ဟို . . . အဝေး . . . နှစ်တောင်ကျော်လောက်ခရီးက ချေဟောက် သံကို ကြားမိသလိုလိုရှိသည်ဟုသာ အမှတ်ရတော့သည်။ သူအိပ်ပျော် သွားလေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သောအခါ ထိန်ထိန်လင်းနေသည်ကို မြင်ရ၏။ မောင်ချို ထိတ်လန့်သွားသည်။ ဘယ်အချိန် ရှိသွားပြီလဲ။ မိုးပဲ စင်စင်လင်းသွားခဲ့ပြီလား။ ညနေစောင်း နေရောင်ခြည်ဖျော့မှိန်စတွင် အရက်တစ်ဘူး ကုန်အောင်သောက်ပြီး ထမင်းစားရင်း ခဏတဖြုတ်မှေးလိုက်တာ ယခုနိုးလာတော့ နေ့လယ်ကြောင်တောင်ကြီး ဖြစ်နေပါရော့လား။ ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲ။ အလွန်ဆုံးရှိလှမှ ညဉ့်ဦးယံပေါ့။ ညဉ့်ဦးယံဆိုလျှင် လရောင်လား။ လရောင်နှင့်လည်း မတူပါဘူး။ လရောင်ဆိုလျှင် ဖြူဖွေးနေမည်။ ယခုမြင်နေရသည့် အလင်းရောင်က ဝါဝါထိန်ထိန်။

မျက်စိကို ပြန်မှိတ်ကာ စဉ်းစားနေသည်။ နေ့လား . . . ညလား။

ဝမ်းဗိုက်ပေါ်သို့ ပိုးကောင်တစ်ကောင် တက်နေသလားမသိ။ ယားကျိကျိ ဖြစ်နေသည်။ လက်ဖဝါးဖြင့် အသာအယာ ပွတ်လိုက်သည်။ ဘယ်လိုဖြစ်ပြန်ပါလိမ့် . . .။ သူ့ဗိုက်တွင် ဘယ်တုန်းကမှမရှိခဲ့သော အမွေးအမှင်များကို စမ်းသပ်မိသည်။ အမွေးနုတိုတိုလေးများဖြစ်၏။ မောင်ချို့အယ်





တကြား ဒေါက်ခနဲထထိုင်သည်။ မျက်စိထဲတွင် ဖြူနီဝါနက်အရောင်တွေ အဖျပ်ဖျပ်ထင်ဟပ်လာ၏။ သူ့လက်တွေ ဖြူနီဝါနက်အစင်းကြောင်းများ။ ကောက်ကွေးချွန်ထက်သော လက်သည်းများ။

"အား . . . အမယ်လေး . . ."

တုတ်လှုပ်ချောက်ချားစွာ အော်လိုက်သော သူ့အသံသည် ကျားဟိန်းသံကြီးဖြစ်နေ၏။ သူသည် ဝမ်းဗိုက်၊ ကျောကုန်း၊ ပြီးတော့ သူ့မှာ ဘယ်တုန်းကမျှ မရှိခဲ့ဖူးသည့် အမြီး . . .။ အားလုံးကို အသေအချာ ကြည့်ရှုလိုက်ပြီးနောက် နားလည်သွားသည်။ သူသည် တခဏ်မျှ အိပ်ပျော်သွား ရုံဖြင့် လူ့ဝင်စစ်မှ ကျားအဖြစ်သို့ ဘဝပြောင်းခဲ့ရလေပြီ။ ဘာတတ်နိုင်ပါတော့ မည်နည်း။ ကျားဖြစ်မှတော့ ကျားလိုပဲနေတော့မည်ဟု မောင်ချို ဆုံးဖြတ်လိုက်သည်။

ထိုင်ရာမှ ခုန်ထလိုက်၏။

အောင်မယ် . . . ပေါ့ပါးလိုက်သည့်ဖြစ်ခြင်း။ တစ်ဖက် လူတစ်ရပ် အတွက်ကျော်မြင့်သည့် ဂူကမ်းပါးပေါ်သို့ လွှားခနဲ ခုန်တက်သည်။ လွယ်လွယ်ကူကူပင် ရောက်သွား၏။ ကျားဖြစ်ရတာ ကောင်းတော့အကောင်းသား။

မောင်ချိုသည် ကိုယ်ကသာ ကျားဖြစ်သွားသော်လည်း စိတ်ကမူ လူ့စိတ်အတိုင်းပင် ရှိနေသေးသည်။ လူလိုပင် တွေးခေါ်နေသေးသည်။ ကြာလာလျှင် မည်သို့ဖြစ်သွားမည်တော့ မသိ။

အချိန်ကို တွက်ဆကြည့်သည်။ ညဉ့်ဦးယံလောက်တော့ ရှိပေမည်။ တစ်တောလုံး၊ တစ်တောင်လုံး လင်းထိန်နေသည်မှာ ကျားတစ်ကောင်၏ အမြင်အာရုံအရ ဖြစ်ပေလိမ့်မည်။ လူတစ်ယောက်အဖို့ရာကား မှောင်မည်းနေမည်မှာ သေချာသည်။ သည်အချိန်မှာ ကျားဖြစ်သွားရတာ ကောင်း၏။ တကယ်တော့ကျားအစစ်တို့၏ အန္တရာယ်ကို ကြောက်နေစရာ မလိုတော့ပေ။ ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့်သွား၍ ရသည်။

လူက ကျားဖြစ်သည့်အကြောင်း လူကြီးသူမများ ပြောကြသည် မောင်ချိုကြားဖူး၏။ 'သမန်းကျား' ဆိုသည်လားမသိ။ လူမှဖြစ်သော ကျားသည် ကျားအဖြစ်နှင့် ကြာရှည်နေရသည်မဟုတ်။ လူပြန်ဖြစ်သည်။

www.burmeseclassic.com



နောင် . . . ကျားစိတ်ဝင်လာလျှင် ပြန်၍ကျားဖြစ်သွားတတ်သည်ဟု ဆို၏။ ယခု မိမိ၏ကျားအဖြစ်သည် အဘယ်မျှကြာမည် မပြောတတ်။ ကျားဖြစ်တုန်း ကျားစွမ်းပြထားဦးမှ။

မောင်ချိုသည် တောင်ကမ်းပါးစွန်းတွင် ရပ်လျက် ကျယ်ကျယ်လောင်လောင်ကြီး ဟိန်းလိုက်၏။

ကြည့်စမ်း . . .။ တစ်တောလုံး သားကောင်ငယ်တို့ ပြေးသံလွှားသံ၊ ချိုတိုးသံများ ဆူညံသွားသည်။ သုတ်ခနဲသုတ်ခနဲ ပြေးထွက်သွားကြသော သားကောင်ငယ်များသည် တောအတွင်း ယောက်ယက်ခတ်နေ၏။ မလှမ်းမကမ်းမှ ပြေးထွက်သွားသော ချေပေါက်ကလေးတစ်ကောင်ကို အစမ်းသဘောဖြင့် လှမ်းအုပ်ကြည့်လိုက်မည်ဟု စိတ်ကူးကာ အားယူရုံရှိသေး၊ ရပ်နေသော မြေပုံ့ကာ ကျားမောင်ချိုသည် တောင်စောင်းအတိုင်း တလိမ့်ခေါက်ကွေး ကျသွားလေ၏။ ကျားမို့လို့သာ တော်တော့သည်။ လူသာဆိုလျှင် နာလိုက်မည့်ဖြစ်ခြင်း။

မောင်ချိုသည် တောင်စောင်းအတိုင်း ကွေ့ပတ်လျက်ရှိသည့် လူသွားလမ်းပေါ် ရောက်သွားသည်။ လူသွားလမ်းအတိုင်း လျှောက်သွားတာက ဘေးကင်းမည်ဟု တွေးမိသည်။ ဆင်းလမ်း၊ တက်လမ်း၊ လျှို၊ မြောင်၊ စမ်းပေါက် . . . စသည့်နေရာများ၌ လူတို့က ကိုင်းထောင်တတ်ကြသည်ကို လူ့ဘဝကလာသော ကျားမို့ ကောင်းစွာ သဘောပေါက်သည်။ ထို့ကြောင့် သူသည် လူသွားလမ်းအတိုင်း ခြေလှမ်းမှန်မှန် လျှောက်လာခဲ့၏။

တောင်နှစ်ကွေ့ ကျော်လာခဲ့သည်။ ရင်ထဲက ပူလာ၏။ အရက်ရှိန်ကြောင့် ဖြစ်မည်ထင်သည်။ လျှိုထဲသို့ ဆင်းသွားလျှင်တော့ စမ်းတွေ့မည်။ ရေသောက်ရမည်။ သို့သော် . . . ကိုင်းထောင်ချင် ထောင်ထားနိုင်သည်။ ကိုင်းမိလျှင် မသက်သာ။ ကိုင်းထောင်ထားဖို့က များသည်။ သည်နေရာက မောင်တုံတို့ရွာနှင့် နီးသည်။ မောင်တုံမှာ ကျားကိုင်းထောင်ရန် အစီအစဉ် ရှိနေသည်မဟုတ်လား။ မိမိကိုပင် အဖော်ခေါ်ထားသေးသည်။ ကျားကိုင်း ထောင်ရန် အဖော်ခေါ်ထားကာမှ မိမိက ကျားအဖြစ်နှင့် သွားရှော အတော် ခွတီးခွကျနိုင်သည်။ ကျားအသွင်ဖြင့် မောင်တုံနှင့် တွေ့ရန်မလွယ်။





မောင်တုံသည် သူ့ကို အဝေးကမြင်လျှင် မလွဲမသွေ ဒူးလေးဖြင့် ပစ်လိမ့်မည်။ လက်လှမ်းတစ်မီဆိုလျှင် လှံလျှင်ဖြင့်သော်လည်း လှွတ်ထိုးမည်။ ဓားဖြင့်သော်လည်း လှမ်းခုတ်မည်။ အလွန်သတ္တိကောင်းသည့်အကောင်။ မည်သို့ ပင်ဖြစ်စေ။ သူတို့ရွာနှင့် နီးနေပြီပဲ။ သူတို့အိမ်အနီးသို့ ချဉ်းကပ်ကြည့်ဦးမည်။ မယ်ဖုံကိုလည်း မြင်ချင်သေးသည်။ သို့သော် သည်အချိန်ဆို သူတို့အိပ်နေကြရော့မည်။ အရေးထဲ ဗိုက်က ဆာ့လာပြန်၏။

တောင်ကြောပေါ်မှ လှမ်းကြည့်လိုက်ရာ မောင်တုံတို့၏ ကျောက်ပုံရွာကို အပေါ်စီးမှ မြင်ရ၏။ တောင်စောင်းတွင် ဟိုနားတစ်အိမ်၊ သည်နားတစ်အိမ် ခပ်ကျဲကျဲ ဆောက်ထားသည်။ မောင်တုံတို့အိမ်ကို သူကောင်းစွာမှတ်မိသည်။ အိမ်နောက်ဘက်တွင် သခွတ်ပင်ကြီးရှိသည်။ သခွတ်ပင်အရင်းတွင် မောင်တုံ၏ဝက်ခြံရှိသည်။ ဗိုက်ဆာနေသည်နှင့် အတော်ပင်။ ဝက်ပေါက်နုနုလေးတစ်ကောင် ဝင်ဖမ်းပြီး ချုံကောင်းကောင်းတွင် ဝင်၍ အေးအေးဆေးဆေး စားလိုက်ဦးမည်။

မောင်ချိုသည် ချုံပုတ်များကို အကာအကွယ်ပြုကာ တောင်ကြောပေါ်မှ တစ်လှမ်းချင်းဆင်းလာခဲ့သည်။ ကျောက်ပုံရွာသည် ငြိမ်သက်တိတ်ဆိတ်နေ၏။ လူသူအရိပ်အယောင် မမြင်။ ခွေးဟောင်သံလည်း မကြားရ။ တစ်ရွာလုံး အိပ်မောကျနေကြတာ သေချာသည်။ မောင်ချို အရဲကိုးချင်လာသည်။ လွှားခနဲ၊ လွှားခနဲ တစ်လျား၊ နှစ်လျား ထိုးခုန်ပစ်လိုက်၏။ မောင်တုံတို့အိမ်နောက်တည့်တည့်သို့ ရောက်သွားသည်။ သခွတ်ပင်ကြီးအကွယ်တွင် အသာအယာဝပ်ကာ မောင်တုံ၏ဝက်ခြံကို အကဲခတ်ကြည့်နေသည်။ ဝက်တွေလည်း ငြိမ်သက်လျက် . . .။

ဝက်ခြံမှာ ခြံတိုင်စိပ်စိပ်စိုက်ပြီး ဝါးလုံးတွေကိုဆင့်ကာ တန်းထိုး၍ ကာထားသည်။ ခြံအမြင့်မှာ လူ့ခါးလယ်လောက်ရှိသည်။ သည်လောက်အမြင့်က ကျားတစ်ကောင်အဖို့ မမှုလောက်။ မောင်ချိုသည် ခါးကိုညွတ်လျက် ဝပ်ကာတွားကာဖြင့် ဝက်ခြံအနီးသို့ တရွေ့ရွေ့ကပ်လာခဲ့၏။

"ဂလောက် . . . ဂလောက် . . . ဂလောက် . . ."

ကြားရသောအသံကြောင့် သူ ခြေလှမ်းတုံ့သွားသည်။ ဝက်ခြံထဲမှ လာသော အသံဖြစ်မည်။ ခဏငြိမ်လျက် ဝပ်နေလိုက်သည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ စဉ်းစားမိသည်။ အိပ်ပျော်နေရာမှ လှုပ်ရှားလိုက်သော ဝက်တစ်ကောင်က ဝက်စာခွက်(ဝက်စာကျင်း)ကို တွန်းတိုက်မိသွားခြင်းဖြစ်မည်။ သူ့အတွက် ဘာအန္တရာယ်မျှ မဖြစ်နိုင်။ မောင်ချျုသည် အရဲကိုး၍ ရှေ့တိုးလာခဲ့၏။

ကျားနံ့ရသည်လားမသိ။ ဝက်တွေ တကျွိကျွိမြည်လာသည်။ လှုပ်လှုပ်ရွရွ လှုပ်လာကြသည်။ နှောင့်နှေးနေ၍ မဖြစ်တော့။ လူတွေရော၊ ခွေးတွေပါ နိုးကုန်ရော့မည်။ ဝက်ခြံထဲသို့ လွှားခနဲခုန်ဝင်လိုက်၏။

"ဝုန်း ..."

"ဟာ ... ကျားဟေ့ ... ကျား ... ကျား ..."

အိမ်အနောက်ဘက် ကပြင်ပေါ်မှ ခုန်ချလာသော မောင်တုံနှင့် ကျားမောင်ချျု ပက်ပင်းတိုးသည်။ မောင်တုံ့လက်တွင် ဆောင်မားကြီးကို ကိုင်ထား၏။ မောင်တုံ၏ မားကိုင်လက် မြှောက်တက်အသွားတွင် မောင်ချျုက 'ဝေါင်း' ခနဲတစ်ချက်ဟိန်းကာ ရင်ဘတ်ကို တွန်းပစ်လိုက်၏။ မောင်တုံ ပက်လက်လဲကျသွားသည်။ မောင်ချျုသည် ခြိမ်းခြောက်သည့်သဘောဖြင့် နောက်တစ်ကြိမ်ဟိန်းသံပေးလိုက်ကာ ဝက်ခြံထဲမှ ကျွမ်းပစ်၍ ထွက်လာခဲ့လေသည်။

"ကျားတဲ့ဟေ့ ... လိုက်ဟ ... လိုက်ဟ ..."

"ကျားဟေ့ ... ကျား ... ကျား ..."

လူအော်သံ၊ ခွေးဟောင်သံ၊ အုန်းမောင်းခေါက်သံများနောက်တွင် ဆူညံပွက်လောရိုက်ကျန်ရစ်၏။ မောင်ချျုကား တစ်လျားပြီးတစ်လျား လွှားခနဲ လွှားခနဲ တောင်စောင်းကို လှန်တက်ကာ တောင်ကြောတစ်လျှောက် ပြေးလာခဲ့သည်။ လည်တံကို စောင်းငဲ့၍ တစ်ချက်ကြည့်လိုက်သည်။ အဝေးတွင် မီးတုတ်မှ မီးရောင်တွေ ရှုပ်ရှက်ခတ်နေသည်။ တစ်စတစ်စနှင့် မီးတုတ်ရောင်တွေ မှေးမှိန်ပျောက်ကွယ်ကာ အသံဗလံများလည်း အမှောင်ထုထဲတွင် နစ်ဝင်တိုးတိတ်သွားလေသည်။

❁ ❁ ❁

[ ၃ ]

❑

မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သောအခါ နေခြည်နုနုသည် သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်ကြိုကြားမှ ယိုအန်ကျနေသည်ကို မြင်ရ၏။ ပတ်ဝန်းကျင်တွင် နှင်းကြွင်းနှင့် မြူမှုန်တို့ ဝေမှိုင်း၍နေသည်။ ကျေးငှက်တို့ တွန်ကျူးသံသည် ကြားနေကျဖြစ်ပါလျက် ယခု ချိုမြိန်လွန်းသည်ထင်နေသည်။ သစ်ပင်ထိပ်ဖျားမှ ကျော်၍ ကြည့်လိုက်သည်။ အရှေ့မိုးကောင်းကင်သည် ဖြန်းလျက်ရှိလေသည်။ အရုဏ်ကျင်းခဲ့ပါပကော။

သူ့အနီးတွင် ဒူးလေးနှင့် လုံလျင်ကို တွေ့ရ၏။ လွယ်အိတ်သည် သစ်ပင်ကို မှီလျက်ရှိသည်။ ဖွင့်ဖြေထားသည့် ထမင်းထုပ်ငှက်ပျောဖက်များပေါ်တွင် စားကြွင်းစားကျန် ထမင်းလုံးအချို့ ပြန့်ကျဲနေသည်။

မောင်ချျုသည် သူ့ကိုယ်သူ ပြန်ကြည့်လိုက်ပြန်၏။ မနေ့မနက် အိမ်မှထွက်လာခဲ့သည့် လူသားစင်စစ် မောင်ချျုပါပဲ။ အလုံးမလျော့၊ အရပ်မလျော့။

သည်သို့ဆိုလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



မောင်ချိုသည် ဇဝေဇဝါဖြင့် အတန်ကြာ ငိုင်တွေ၍ နေမိလေသည်။

သူ ကောင်းစွာ မှတ်မိနေခဲ့သည်။

မန္တေ့ညနေစောင်းက သည်နေရာတွင် အရက်မူးပြီး အိပ်ပျော်သွားခဲ့၏။

နိုးလာတော့ သူသည် ကျားတစ်ကောင်အဖြစ်သို့ ဘဝပြောင်းနေသည်ကို တွေ့ရသည်။

ကျားအဖြစ်ဖြင့် လှုပ်ရှားခဲ့တာ မှန်သမျှကို မှတ်မိနေသည်။ မောင်တုံ့အိမ်နောက်ဖေး ဝက်ခြံကို ရောက်သွားတာ၊ ဝက်ခြံထဲခုန်ဝင်လိုက်တာ မောင်တုံ့နှင့် ပက်ပင်းတိုးသဖြင့် မောင်တုံ့ရင်ဘတ်ကို တွန်းလှဲပစ်ခဲ့တာ။

သူ့ကို ရွာသားတွေလိုက်သောအခါ အမောတကော ပြေးလာခဲ့ရသည်။ လူတွေလည်း ဆက်မလိုက်တော့။ သူလည်း ပြေးရင်းက သည်နေရာကလေးသို့ ပြန်ရောက်လာခဲ့သည်။ သည်မြက်ခင်းပြင်ပေါ် ဝပ်စင်းကာ အပန်းဖြေနေစဉ်မှာပင် သူ အိပ်ပျော်သွားခဲ့၏။ ယခု နိုးလာတော့ သူသည် လူသားစင်စစ် မောင်ချိုပြန်ဖြစ်နေသည်။

အိပ်မက်လား ...။ အိပ်မက်မဟုတ်တာတော့ သေချာသည်။

ပို၍သေချာအောင် မောင်တုံ့တို့၏ရွာသို့ သွားကြည့်မည်ဟု ဆုံးဖြတ်သည်။ များစွာဝေးလှသည် မဟုတ်တော့။

မောင်ချိုသည် သူ့ပစ္စည်းများကို ကောက်သိမ်းပြီး ထလာခဲ့၏။ တစ်တောင်ကျော်ခရီးမျှသာ ...။ နံနက်ခင်း မျက်လင်းစင်စမျှသာ ရှိသေးသည်။ မောင်တုံ့တို့ရွာအဆင်းလမ်းရောက်တော့ နေခြည်နွေးထွေးစ။

အိမ်ရှေ့မီးဖိုအနီးတွင် မောင်တုံ့ထိုင်နေသည်။ ချေးအထပ်ထပ်ဖြင့် ညစ်ပေနေသော လက်ယက်ချည်စောင်ကြီးကို ပခုံးပေါ်လွှားတင်ထားသည်။ ခေါင်းငုံ့ထိုင်နေရာမှ ဆတ်ခနဲ ခေါင်းမော့၍အကြည့် သူ့ကိုမြင်လိုက်သည့်အတွက် မောင်တုံ့ လန့်သွား၏။

"ဟဲ့ ... ငချို ဘယ့်နှယ် ... အစောကြီး ရောက်လာရတာလဲ။ မင်း ဘယ်အချိန်က အိမ်ကထွက်လာတာလဲကွ။ ဟေ ..."





မောင်တုံ့ ပြူးတူးပြဲတဲ မေးသည်။

မောင်ချိုက အေးအေးဆေးဆေးပင် ...

"ငါ မနေ့က မနက်ကတည်းက ထွက်လာခဲ့တာကွ"

"ဟင် ... ဒါဖြင့် ခုမှရောက်တယ်။ မင်း ညက ဘယ်မှာ အိပ်နေခဲ့တာလဲ"

"သိပ်မဝေးပါဘူးကွာ။ ဒီက၊ တစ်တောင်ကျော် တောင်ကြောရဲ့ ညာဘက် ကညင်ပင်ကြီးနှစ်ပင်ရှိတဲ့ တောင်ကုန်းသေးက ချုံကြားမှာ ငါ ညအိပ်ခဲ့တာကွ"

"ဟာ ... ဒုက္ခ။ ငါမပြောလိုက်ချင်ဘူး ... ချိုရာ။ ဒီလောက် နီးနီးလေး ဒီရောက်အောင် ဆက်လာခဲ့ရောပေါ့ကွာ။ ခုတလော ကျားတွေက သောင်းကျန်းသနဲ့။ ညက ငါ့ဝက်ခြံထဲတောင် ကျားဝင်သွားသေးတယ်ကွ"

"ဘာ ... ဘာ ... ဘယ်လို ..."

မောင်ချို့အသံက လိုအပ်သည်ထက် ပို၍ ကျယ်လောင်သွား၏။

မောင်တုံ့က မောင်ချိုကို နားမလည်သလို ကြည့်၏။

"မင်းက ဘယ်လိုဖြစ်သွားရတာလဲ။ အလန့်တကြားနဲ့ ...။ တို့ရွာတွေကို ကျားဝင်တာ အဆန်းလားကွ။ ညက ငါ့ဝက်ခြံထဲ ကျားဝင်သွားတယ်လို့ ပြောလိုက်တာနဲ့ မင်း ဒီလောက် အလန့်တကြားဖြစ်ရရောလား"

"မင်းဝက်ကို ဆွဲသွားရောလား"

"အင်း ... လာတုန်းကတော့ ဝက်ဆွဲမလို့နဲ့ တူပါရဲ့ကွာ။ ဒါပေမဲ့ ငါနဲ့တန်းတိုးနေတော့ ဝက်ရမသွားပါဘူး"

"နို ... မင်းကိုကော ကျားက ဘာမှလုပ်မသွားဘူးလား"

"အေး ... ခပ်ဆန်းဆန်းပဲကွ။ အမှန်က ငါ အရဲကိုးလွန်းတာကွ။ ကျားကိုက်လို့ သေသွားနိုင်တယ်။ ဒီကျားက ကြောင်တောင်တောင် အကောင်နဲ့ တူပါတယ်ကွာ။ ငါ့ကို မကိုက်ဘဲ ရင်ဘတ်ကို ကုတ်ဆွဲသွားတယ်။ ဒီမှာကြည့်စမ်းပါဦး"

မောင်တုံ့က စောင်ခြုံကိုလှစ်၍ သူ့ရင်ဘတ်ကို ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်တုံ၏ရင်ဘတ်တွင် နန္ဒင်းလိမ်းထားသော ပြဒါးတော်ရာများ ရှုပ်ပွနေသည်။

မောင်ချို့သည် ဆတ်ခနဲ ခေါင်းညိတ်လျက် . . .

"အဲဒါ သိလား . . . အဲဒီကျားဟာ တကယ့်တောထဲက ကျား အစစ် မဟုတ်ဘူးကွ။ ညက ငါ အရက်မူးပြီး အိပ်ပျော်သွားရာကနေ ကျား ဖြစ်သွားတယ်ကွ။ မင်းကို ကုတ်တာလည်း ရန်မူတာ မဟုတ်ပါဘူးကွာ။ မင်းက ငါ့ကို ဓားနဲ့ခုတ်မလို့လုပ်တော့ ကာကွယ်တဲ့သဘောနဲ့ မင်း ရင်ဘတ် ကို တွန်းလိုက်တာပါကွ"


မောင်တုံက ဟားတိုက်လျက် ရယ်ချလိုက်၏။

"ဟား . . . ဟား . . . ဟား . . . ဟော့ကောင် . . . ချို့။ မင်း အမူးမပြေသေးဘူးလား။ မနက်အစောကြီး ပေါက်ကရတွေ လာပြောနေ တယ်။ ဟား . . . ဟား . . ."

"ငါတကယ်ပြောနေတာပါ . . . တုံရာ။ မင်းတို့ရွာသားတွေလိုက် လို့ ထွက်ပြေးလိုက်တာ ငါအရက်ထိုင်သောက်နေခဲ့တဲ့ နေရာလေးရောက် တော့ အမောဖြေရင်း ခဏမှေးလိုက်တယ်။ အိပ်ပျော်သွားပြန်ရော။ နိုးလာ တော့ လူပြန်ဖြစ်နေတယ်ကွာ။ ဘာတွေ ဘယ်လိုဖြစ်ကုန်မှန်း ငါလည်း မသိတော့ဘူး"

"ဟား . . . ဟား . . . ရယ်ရတယ်ဟေ့ . . . ချို့။ အေး . . . မင်း ပြောတာ ဟုတ်များ ဟုတ်နေရော့သလားမသိဘူး။ ငါ့ရင်ဘတ်ကို ကုတ်သွား တဲ့ကျားက ဟိန်းလိုက်တော့လေ . . . အာပုပ်စော်မနံ့ဘဲနဲ့ကွာ အရက်စော် နံ့လိုက်တာမှ ဟောင်နေတာပဲ"

**အောင်သာမိုး**



www.burmeseclassic.com

www.burmeseclassic.com

❑

၂၅. ၁၁. ၂၀၀၉ ရက်နေ့က ကျွန်တော်တို့ စာရေးဆရာအဖွဲ့အား ဒေးဒရဲမြို့မှ ကိုအုံးသွယ်က ဖိတ်ကြားထားသဖြင့် ခရီးထွက်ရန် စီစဉ်ကြသည်။ အမှတ် (၁၄၉)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ စိတ်ကူးသစ်စာပေ ကိုတင်ထွန်းရုံးခန်းရောက်တော့ လူကမစုံ။ ကိုနေစိုးသော်က မလိုက်ဖြစ်။ ကိုတင်ထွန်းက စာအုပ်များဖြန့်ဝေရန် ကိစ္စပေါ်လာ၍ မလိုက်ဖြစ်ပြန်ပါ။ ကျွန်တော်နှင့် မောင်ညိုမှိုင်း(သန်လျင်)သာ ရှိနေကြသည်။

ချိန်းဆိုထားသည့်အချိန်ထက် (၁)နာရီကျော်သည်ထိအောင် စောင့်သော်လည်း ပန်းချီဆရာမြတ်မင်းဟန်က ဘယ်ချောင်တွင် မူးလဲနေသည် မသိ။ ပေါ်မလာပြန်။ ထို့အတူ တောစာစား၍ ငယ်မူပြန်လိုသည်ဟုဆိုသော မှဆိုးကြီးဦးလေးမောင်ကလည်း ရောက်မလာပါ။

"ကဲ … ဘယ်လိုလုပ်ကြမှာလဲ။ ဒီမှာလည်း အထုပ်အပိုးတွေနဲ့ အသေအချာ ချိန်ထားပြီးခါမှ အဖွဲ့ကို မလေးမစား လုပ်ကြတာလား"

ဟု ကျွန်တော်က မကျေမနပ်ဖြင့်ပြောရာ ကိုတင်ထွန်းက …

"ဆရာထောင်မှူးကြီးရယ် … သည်းခံပါဗျာ။ အရေးပေါ်ကိစ္စတွေ ပေါ်လာလို့ ဖြစ်ကြမှာပါ"





"ဒီလိုလုပ်လို့ မရဘူးလေ။ တစ်နေ့ကမှ လူစုံတက်စုံပြောကြတဲ့ ကိစ္စပဲ။ ကိုယ်တို့ကတော့ ချိန်းထားပြီးရင် ကတိကိုဖျက်တာ မကြိုက်ဘူး။ ဒီကိစ္စ ဘယ်သူ့မှာ တာဝန်ရှိသလဲ"

ကိုတင်ထွန်းက မျက်နှာငယ်ကလေးဖြင့် …

"ကျွန်တော့်မှာပဲ တာဝန်ရှိပါတယ် … ဆရာထောင်မှူးကြီးရယ်။ နောက်အပတ်မှ သွားကြတာပေါ့။ ကျွန်တော့်ရုံးခန်းမှာပဲ စားဖို့သောက်ဖို့ အကုန် စီစဉ်ပေးပါ့မယ်"

"နိုး … နိုး … လက်မခံဘူး။ ကိုယ်တို့က ဆရာမင်းဆွေရေးခဲ့တဲ့ မားဝတ္ထုထဲက 'ယိမ်းနွဲ့ပါး' မားလိုပဲ။ ထုတ်ပြီးရင် ခုတ်ရမှ ကျေနပ်တာ။ တို့မှိုင်း … ဘယ်လိုလုပ်ကြမလဲ"

"ဟုတ်တယ်ဗျ … ကျွန်တော်လည်း အသစ်စက်စက် လက်ထပ်ထားတဲ့ ဇနီးလေးကို ခေါက်ထားခဲ့ပြီး အပေါင်းအသင်းတွေနဲ့ ခရီးထွက်ချင်လို့ ထွက်လာခဲ့ရတာ။ ဘယ်သူမှမလိုက်ရင်လည်း ဆရာထောင်မှူးကြီးနဲ့ ကျွန်တော် နှစ်ဦးတည်းသွားကြမယ်"

"ဒါပဲပေါ့ … ဒီခရီးနဲ့ဒီခရီး ဝေးမှတ်လို့။ ဆက်သွယ်ရေး ဖုန်းတွေလည်း ရှိတာပဲ။ ကားတွေကလည်း နေ့ရောညပါ ရှိတယ်။ လမ်းလည်း ကောင်းတယ်။ ဒေးဒရဲက ကိုအုံးသွယ်ကိုလည်း ဒီနေ့လာမယ်လို့ ပြောပြီးသား။ ဟိုက ပြင်ဆင်ချက်ပြုတ်ထားရော့မယ်။ ကဲ … လာ သွားကြမယ်"

"ဆရာတို့ရယ် … ကျွန်တော် တောင်းပန်ပါတယ်။ တားမရရင်လည်း သွားကြပါ။ ကျွန်တော့်အတွက်တော့ ကျန်းမာရေးအတွက် သိုင်းကစားဖို့ ငှက်ကြီးတောင် မားကောင်းကောင်းတစ်လက်တော့ ဝယ်ခဲ့ပေးပါ။ ဒေးဒရဲမြို့က မားကောင်းထွက်တယ်ဆိုလို့ပါ"

"ရတယ် … ဝယ်ခဲ့မယ်။ ပြန်လာရင်တော့ မားတန်ဖိုးအပြင် သယ်ဆောင်ခနဲ့ ခရီးစရိတ်အတွက် တစ်ပွဲပေးရမယ်။ သဘောတူရင် ယူခဲ့မယ်။ သဘောမတူရင် အခုကတည်းက အပြတ်ပြော။ အလေးခံပြီး သယ်မလာဘူး။ ကိုယ်တို့က စာရေးဆရာတွေ … သိုင်းသမားတွေ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... ဆရာထောင်မှူးကြီးရယ်၊ ကျွန်တော် ကတိပေးပါတယ်"

"အေးလေ ... ဟုတ်ချင်ဟုတ်ပေါ့။ မဟုတ်ရင်တော့ နင်တို့ကို ပါလာတဲ့ဓားနဲ့ သင်းကွပ်ပစ်မယ်"

"အောင်မယ်လေးဗျ ... ချမ်းသာပေးပါ ဆရာထောင်မှူးကြီးရယ်။ ကျွန်တော် အလေးအနက် ကတိပေးပါတယ်"

"ကိုတင်ထွန်း ... ကျွန်တော်လည်း သက်သေရှိတယ်နော်။ ကျွန်တော်ကလည်း ဆရာထောင်မှူးကြီးဘက်က လိုက်မှာ"

ဆရာမောင်ညိုမှိုင်းက ဝင်ပြောသည်။

"အဟုတ် ... တကယ် ... အမှန်အကန် ကတိပေးတာပါ ... ဆရာတို့ရယ်။ ကျွန်တော်မောင်တင်ထွန်း ... ဆရာတို့ကို မလိမ်ရဲပါဘူး"

"ကဲ ... ဆရာထောင်မှူးကြီး ... သွားကြစို့"

ကျွန်တော်တို့နှစ်ဦး ဆိပ်ကမ်းသာလမ်းမှ လမ်းလျှောက်ပြီး ပန်းဆိုးတန်းဆိပ်ကမ်းသို့ ဆင်းခဲ့ကြပါသည်။ ကျွန်တော်တို့ ဆိပ်ကမ်းရောက်သည်နှင့် ကူးတို့သင်္ဘောကြီးမှာ အဆင်သင့်ဆိုက်နေသည်။

လက်မှတ်တစ်စောင် (၁၀)ကျပ်ဖြင့် ဝယ်ပြီး သင်္ဘောကြီးပေါ်သို့ တက်ခဲ့ကြသည်။ သင်္ဘောကြီးပေါ်၌ ထိုင်ခုံတန်းများမရှိတော့။ (၁၀) ကျပ်ဖြင့်ပင် ထိုင်ခုံကလေးများဝယ်၍ ထိုင်ကြရပြန်သည်။ (၁၅)မိနစ်ခန့်ဖြင့် ဒလဆိပ်ကမ်းဘက်သို့ ရောက်သည်။ ကားကို စုံစမ်းရသည်။

ဒလမြို့မှ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံနှင့် တွံတေးမြို့များသို့ သွားသော ကားကြီး၊ ကားလေး၊ ဂျစ်ကား အတော်စုံသည်။ သို့သော် လူစုံအောင် စောင့်ရမည်ဖြစ်၍ ကျွန်တော်တို့ကားစောင့်ရင်း နေ့လယ်စာ မငတ်စေရန် ဆိုင်တစ်ဆိုင်တွင် ထမင်းဝင်စားကြသည်။

ထမင်းရောဟင်းပါ လက်ရာ အတော်ကောင်းပါသည်။ တစ်ဦး (၁၁၀၀) ကျပ်စီတော့ ကျသည်။ စားသောက်ပြီးသည်နှင့် ကိုညိုမှိုင်းက ဆိုင်မှ မိန်းကလေးများအား စုံစမ်းရာ ...

"သမီးတို့ရေ ... ဦးတို့က ဒေးဒရဲသွားချင်တာ။ ဘယ်ကား စီးရင် အဆင်ပြေမလဲ"





"ဦးလေးတို့က အရေးတကြီး မြန်မြန်ရောက်ချင်တာလား၊ သက်သောင့်သက်သာနဲ့ မှန်မှန်ရောက်ချင်တာလား"

"နေ့လယ်စာ စားပြီးပြီဆိုတော့ သက်သောင့်သက်သာနဲ့ မှန်မှန်ရောက်ရင် တော်ပါပြီကွယ်။ အရင်မလိုပါဘူး။ မိုးမချုပ်မီ ဒေးဒရဲရောက်ရင် ပြီးတာပါပဲ"

"အဲဒါဆိုရင်တော့ ဒေးဒရဲမှန်လုံကားကြီးကိုသွားစီး ... ဦးလေး။ ထိုင်ခုံလည်းရတော့ ငြိမ့်တယ်။ အချိန်လည်း မှန်တယ်။ လမ်းမှာလည်း စိတ်ချရတယ်။ ကားခကလည်း (၁၅၀၀)ကျပ်ပဲပေးရတော့ သက်သာတယ်။ Super Roof (Taxi) တွေက မြန်တယ်။ အလယ်ခုံတန်းမှာ လေးယောက်တောင် စီးရတာဆိုတော့ ကျပ်တယ်။ ကားခကလည်း ဒေးဒရဲကို (၃၅၀၀) တောင်ပေးရတာ။ မြန်လွန်းတော့လည်း အန္တရာယ်ရှိတယ်"

"အေးကွယ် ... အဲဒါဆိုရင်လည်း မှန်လုံကားကြီးပဲ စီးတာကောင်းပါတယ်။ သူက ဘယ်အချိန်ထွက်တာလဲ။ ဘယ်နားက စီးရတာလဲ"

"ဟိုဘက်ကားဂိတ် အစွန်ဆုံးဝိုင်းထဲမှာပါ ... ဦးလေး။ (၂)နာရီတစ်ကြိမ် တစ်စီးထွက်တယ်။ လက်မှတ်ရုံက ဝိုင်းထိပ်မှာ။ အခု (၁၀) နာရီခွဲပြီဆိုတော့ (၁၂)နာရီလောက်မှ ထွက်လိမ့်မယ်"

"အေး ... အေး ... သမီး၊ ကျေးဇူးတင်ပါတယ်။ ဦးလေးတို့ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ရှင့် ..."

ကျွန်တော်တို့ တောင်ဘက်ကားဂိတ်ဘက်သို့ လျှောက်ခဲ့ကြသည်။ ဒေးဒရဲကားဂိတ်ဟု ဆိုင်းဘုတ်ရေးထားသော လက်မှတ်ရုံတွင် လက်မှတ်ဝယ်ကြသည်။ ပြီးနောက် လက်မှတ်ရောင်းသူက ကားမရောက်သေး၍ ရုံထဲဝင်ထိုင်စောင့်ရန် ဖိတ်ခေါ်သဖြင့် ကျွန်တော်တို့ အခြားခရီးသည်များနှင့်အတူ ထိုင်စောင့်နေကြစဉ် (၁၁)နာရီအချိန်တွင် ကားရောက်ကြောင်း သတင်းပို့လာသည်။ ကားလက်မှတ်ပေါ်တွင် ထိုင်ခုံအမှတ်နှင့် ထွက်ခွာမည့်အချိန် (၁၁း၄၅) နာရီဟု ရေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်တို့နှစ်ဦး ကျပ်တည်းကျဉ်းမြောင်းသော လက်မှတ်ရုံကလေးထဲမှ ထွက်ခဲ့ကြ၍ ကားဝင်းအတွင်းရှိ လက်ဖက်ရည်ဆိုင်သို့ လက်ဖက်ရည်သောက်ရင်း ပြောင်းထိုင်ကြသည်။ (၁၁း၃၀)နာရီတွင် အပေါ့အပါးသွားပြီး ကားပေါ်သို့တက်၍ လက်မှတ်တွင်ပါသည့် ထိုင်ခုံများတွင် နေရာယူ၍ ထိုင်ကြသည်။

ကားကြီးမှာ ဟီးနိုးကားကြီးဖြစ်၍ အတော်ကျယ်ဝန်းသပ်ရပ်သည်။ (၁၂)နာရီတိတိတွင် ကားကြီးထွက်သည်။ ကျဉ်းမြောင်းလှသည့် ဒလလမ်းပေါ်တွင်ကားဆရာက ကျွမ်းကျင်စွာ မောင်းသည်။ စပယ်ယာကလည်း ယဉ်ကျေးပျူငှာစွာ ဆက်ဆံသည်။ လမ်းကောင်း ကားရှင်းသည်နှင့် အမြန်မောင်းသည်။

စမ်းရွာကိုကျော်တော့ ကျွန်တော်တို့ရှေ့ထိုင်ခုံမှ အဘိုးကြီး အဘွားကြီး လင်မယား တိုးတိုးကျိတ်ကျိတ်ပြောကြပြီး အဘိုးကြီးကထ၍ ကားစပယ်ယာထံသွားသည်။ အပေါ့သွားလို၍ ကားရပ်ခိုင်းခြင်း ဖြစ်သည်။

"အဘ ... လမ်းဘေးမှာ သွားမှာလား ... ရှေ့နားမှာ ရပ်ပေးမယ်"

"အဘ မဟုတ်ဘူးကွယ့် ... အဘဇနီးပါ။ မိန်းမသားဆိုတော့ လမ်းဘေးမှာ ဘယ်သင့်တော်မလဲ"

"အဲဒါဆိုရင် ရွာတစ်ရွာရောက်မှ ရပ်ပေးတော့မယ် ... အဘ"

အဘက ထိုင်ခုံတွင် ပြန်ထိုင်သည်။ အဒေါ်ကြီးကတော့ မျက်နှာမသာမယာဖြစ်နေပြီး အဘိုးကြီးအား တိုးတိုးပြောသဖြင့် အဘိုးကြီးနေရာက ထ,၍ စပယ်ယာထံ သွားပြန်သည်။

"မောင်ရင် ... ရှေ့နားမှာ အဘတို့ဒေးဒရဲက ဆရာတော်ထိုင်တဲ့ ဒေးဒရဲကျောင်းရှိတယ်။ ရွာနဲ့က ဝေးသေးတော့ အဲဒီဘုန်းကြီးကျောင်းရှေ့မှာ ခဏရပ်ပေးပါနော်"

"ဟုတ်ကဲ့ ... အဘ၊ ရပါတယ်။ ကားရပ်ပေးပါ့မယ်"

ဒေးဒရဲ ကျောင်းရှေ့ရောက်တော့ ကားဆရာက လက်ဝဲဘက် ဘုန်းကြီးကျောင်းရှေ့သို့ ကားကိုကပ်ပြီး ရပ်ပေးသည်။ အဘိုးကြီးက အဘွား





ကြီးကို တွဲပြီး ကားပေါ်က ချပေးသည်။ (၁၅)မိနစ်ခန့် ကြာသည့်တိုင် ကားစက်မရပ်ဘဲ စိတ်ရှည်စွာ စောင့်ပေးရှာသည့် သဘောပြည့်လှသော ကားဆရာ၊ ကားစပယ်ယာနှင့် မိမိကိစ္စမိမိ ကြိုတင်မရှင်းသော ကားစီးခရီးသည်တို့၏ ပြဿနာဖြစ်ပေသည်။

ရန်ကုန်က ခရီးသည်တင် လိုင်းကားဆရာများနှင့်တော့ ဆီနှင့်ရေလို သဘောထား၊ အပြောအဆို၊ ဆက်ဆံရေး ကွာခြားလှတော့သည်။ ကျွန်တော် ကားလက်မှတ်ကလေးအား ထုတ်ကြည့်မိတော့ ရွှေမြန်မာ မှန်လုံအမြန်ယာဉ် ဒေးဒရဲ - ဒလ၊ ယာဉ်အမှတ် ၅ခ/၁၄၁၂ ဟု ဖော်ပြထားသည်။

တစ်လမ်းလုံးလည်း ကားကို ဆင်ခြင်စွာ မောင်းသည်။ တံတားအကွေ့များတွင် ဘရိတ်နင်း၍ ညင်သာစွာ ဖြတ်ကျော်သည်။ ကားချင်းရှောင်ရာ၌ပင် တစ်ဖက်ကားကို ဦးစားပေးတတ်သည်။ မိမိက ကားကြီးမောင်းသူဖြစ်သည်ဆိုပြီး အခွင့်အရေးမယူပါ။

ထို့ကြောင့်လည်း ကျွန်တော်တို့ မိုင် (၅၀) ကျော်ခန့်ဝေးသော ဒေးဒရဲအဝေးပြေးကားဂိတ် ဒေးဒရဲတံတားကြီးအခြေသို့ ရောက်သည်။ အချိန်မှာ ညနေ(၂)နာရီ ကျော်ခန့်သာ ရှိသေးသည်။ ဆိုက်ကားဆရာများက အလုအယက်လာ ခေါ်ကြသည်။

"ဆရာတို့ ... ဘယ်သွားမှာလဲ"

"ပြည်တော်သာလမ်း၊ အမှတ်-ရရ၊ ရွှေယမင်းလက်ဖက်ရည်ဆိုင်နားကို သွားမှာပါကွာ။ ဘယ်လောက်ပေးရမှာလဲ"

"တစ်ယောက် (၄၀၀)၊ နှစ်ဦး(၈၀၀) ပေးပါဆရာ"

"မင်းဟာ ... များတယ်ကွာ။ ဘုရာလမ်းကျော်ရင် ပြည်တော်သာလမ်း ရောက်တာပဲမဟုတ်လား"

"ဈေးနဲ့နီးသလား"

"နီးမယ် ထင်တယ်။ ဦးတို့က ဒေးဒရဲကို ပျားဂေဟာတက်တုန်းက ရောက်ဖူးတာ။ အခုဆိုရင် နှစ်ပေါင်း (၃၀)လောက်ရှိပြီ"

ပထမဆိုက်ကားသမားက အင်တင်တင်ဖြစ်နေ၍ ဒုတိယဆိုက်ကားသမားက ...



www.burmeseclassic.com

www.burmeseclassic.com



"လာ ... ဆရာတို့တက်ပါ။ ကျွန်တော် တစ်ယောက်ကို (၃၀ိ/-) ပဲယူမယ်။ နှစ်ယောက် (၆၀ိ/-)ပေါ့"

"အေး ... အေး ... ကျေးဇူးပဲ"

ကျွန်တော်တို့ ဆိုက်ကားပေါ်သို့ တက်ထိုင်ကြသည်။ ဆိုက်ကားဆရာက ဗိုလ်ချုပ်လမ်းအတိုင်းနင်းလာရာ ဘုရားလမ်းကို ကျော်ပြီးနောက် ပြည်တော်သာလမ်းသို့ ရောက်သည်။ အနောက်ဘက်ဈေးဘက်သို့ သွားနေသည်။ ကျွန်တော်ကလည်း လမ်းနံဘေးရှိအိမ်များမှ အိမ်နံပါတ်များကို ကြည့်လာရာ အိမ်နံပါတ်များမှာ (၁၀)အတွင်းသို့ပင် ရောက်လာနေပြီဖြစ်သည်။

'ဆိုက်ကားဆရာ ... မင်းဟာ မဟုတ်သေးဘူးထင်တယ်။ အိမ်နံပါတ်တွေက (၁၀) အတွင်းကိုတောင် ရောက်လာပြီ။ ဦးတို့သွားမှာက အမှတ် (၇၇) ရွှေယမင်းလက်ဖက်ရည်ဆိုင်အနားကို သွားရမှာ"

"ဦးလေးကလည်း စောစောက ပြောရောပေါ့။ ပြည်တော်သာလမ်းထဲမှာ ရွှေယမင်းလက်ဖက်ရည်ဆိုင်ဆိုတာ မရှိဘူး။ စိန်ယမင်းလက်ဖက်ရည်ဆိုင်ပဲရှိတာ။ အခု အဲဒီဆိုင်တောင် ပိတ်လိုက်ပြီ"

"ဒီမှာ ... ဆိုက်ကားဆရာ၊ မင်းအစောကတည်းက သိလျက်သားနဲ့ အရှေ့ဘက်ကို သွားရမှာကို အနောက်ဘက်ကို နင်းလာတယ်။ ညွှန်သည်ကို မညာကောင်းဘူးကွ။ ငါက ဆိုက်ကားငှားစဉ်ကတည်း လိပ်စာကို အသေအချာ ပြောခဲ့တာ"

ဆိုက်ကားသမား ပါးစပ်ပိတ်သွားပြီး အရှေ့ဘက်သို့ နင်းလာရာ စိန်ယမင်းလက်ဖက်ရည်ဆိုင်အဟောင်းရှေ့ရောက်တော့ ရပ်သည်။

ကျွန်တော်ကြည့်လိုက်တော့ အမှတ် (၇၉) ဖြစ်နေသည်။ သို့သော် အမှတ် (၇၇)မှာ အနီးအပါးတွင် ရှိမည်ဖြစ်၍ ဆိုက်ကားပေါ်မှ ဆင်းလိုက်ကြသည်။ ကျွန်တော်က နှစ်ယောက်စာငွေ (၆၀ိ/-) ပေးရန်အတွက် (၁၀၀ိ/-)တန်ကို ထုတ်ပေးလိုက်သည်။ ဆိုက်ကားသမားက ပြန်မအမ်းလှည့်ထွက်မည်အလုပ် ...

"ဒီမှာ ... ဆိုက်ကားဆရာ၊ ငွေ (၄၀ိ/-) ပြန်အမ်းဦးလေ။ ငါ့ကို ငှားလာတာ ၆၀ိ/- နဲ့ မဟုတ်လား"





"ဟာ ... ဦးလေးကလည်း ဦးလေးဆိုင်ကို ရှာရတာနဲ့ ကျွန်တော် ဈေးကျော်ပြီး အနောက်ဘက်တောင်နင်းပေးရတာ (၁၀၀ိ/-) တော့ ပေးရမှာပေါ့"

"ဟ ... မင်းက မြို့ခံပဲကွာ။ အမှတ် (၇၇)လို့ ပြောထားလျက်နဲ့ ပြောင်းပြန်နင်းလာတယ်။ ငါပြောမှ မင်းပြန်ကွေ့တာ။ ရန်ကုန်မှာ Taxi ကားငှားစီးလို့ နေရာမှားရင်တောင် ငွေပိုမတောင်းကြပါဘူး။ အခုတော့ကွာ"

ထိုစဉ် တစ်ချိန်လုံး ငြိမ်လိုက်လာသော မောင်ညိုမှိုင်းက ...

"ကဲ ... ဆိုက်ကားဆရာ သွားပါတော့။ မင်းပညာပြတာ ငါတို့သိပါတယ်။ ပထမတစ်ဦးကလည်း (၆၀ိ/-)လမ်းကို (၈၀ိ/-) တောင်းတယ်။ မင်းကတော့ ဈေးမှန် (၆၀ိ/-)ပဲတောင်းပြီး ပညာပြလို့ (၄၀ိ/-) ပိုယူတယ်။ ငါတို့စီးလာတဲ့ ကားသမားစိတ်ဓာတ်နဲ့တော့ တခြားစီပဲ။ မင်းတို့ ဆိုက်ကားသမားစိတ်ဓာတ်တွေ ပြင်ဖို့ကောင်းပြီ"

ဆိုက်ကားသမားလည်း ပြန်လှန်စကားမဆိုနိုင်တော့ဘဲ နင်းအပြေးခိုင်းခွက်ထဲဘီးကျပြီး စပုတ်တိုင် ဖြောင်းခနဲကျိုးသံကြားရပြီးနောက် ဖောင်းခနဲ ဘီးပေါက်သည်။ ထို့ကြောင့် ကိုညိုမှိုင်းက ...

"အဲဒါပဲပေါ့ ... ငါတို့လို ဂျီရစာရေးဆရာတွေကို ပညာပြပြီး ဆော်ကားတော့ လမ်းစောင့်နတ်က မနေနိုင်တော့ဘဲ အပြစ်ပေးတော့တာ"

ကျွန်တော်တို့ အိမ်အမှတ်(၇၇)ကိုရှာတော့ အမှတ်(၇၇)ပျောက်နေသည်။ (၇၈) နှင့် (၇၉) ကို တွေ့ရသည်။ စိန်ယမင်းဆိုင်ဝင်မေးတော့လည်း ညှိသည်ဖြစ်ဟန်တူသော ကလေးများက သူတို့မသိဟု ပြောကြသည်။

အနီးရှိ ကွမ်းယာဆိုင်ကလည်း မသိဟုဖြေသည်။ ကျွန်တော်တို့ ရှာလျက်နှင့် ဝေးနေကြပြီဖြစ်သည်။ ထိုစဉ် တစ်ဖက်ကမ်း တယ်လီဖုန်းအိမ်မှ ကျွန်တော်တို့အား လှမ်းခေါ်ပြီး ...

"ကိုအုံးသွယ်ညွှန်သည်တွေ ထင်ပါရဲ့။ သူ့အိမ်က အနောက်ဘက် တစ်အိမ်ကျော် တိုက်ခံအိမ်ကြီးပါ။ အိမ်နံပါတ်တွေက အပင်တွေ အုပ်နေလို့ ပျောက်နေတာ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အစ်ကိုကြီးခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အမှတ် (၇၇) ခြံထဲဝင်လာတော့ ကိုအုံးသွယ်ကို အဆင်သင့်တွေ့ရသည်။

''ဟာ ... ဆရာတို့ နောက်ကျလိုက်တာဗျာ။ ကျွန်တော် နေ့လယ်ကတည်းက မျှော်နေတာ။ ခဏနားပြီး ထမင်းစားကြတာပေါ့။ ကျွန်တော် အဆင်သင့်ချက်ထားပါတယ်''

''ကျွန်တော်တို့စားပြီးပြီ ... ကိုအုံးသွယ်''

''ဒါနဲ့ ကိုသိန်းဝင်းတို့က နှစ်ယောက်တည်းလား။ စာအုပ်တိုက်က ဦးတင်ထွန်းနဲ့အဖွဲ့တွေလည်း မပါဘူး။ သူငယ်ချင်း ကျော်စိန်ဝင်းနဲ့ ကိုဇော်မင်း၊ ကိုသောင်းလှိုင်တို့လည်း မပါကြပါလား။ ကျွန်တော်က အများကြီးလာကြမယ် မှတ်တာ''

''ကိုအုံးသွယ်ရေ ... စာရေးဆရာအဖွဲ့က အရေးပေါ်ကိစ္စတွေ ပေါ်လာလို့ မလိုက်ဖြစ်ကြတော့ဘူး။ ကျော်စိန်ဝင်းတို့အဖွဲ့ကလည်း နေ့ရွှေညရွှေလုပ်နေကြလို့ ကိုယ်နဲ့ဆရာမောင်ညိုမှိုင်းပဲ ချီတက်လာကြတာ''

''ကဲ ... ကိုသိန်းဝင်းရေ ထမင်းစားပြီးပြီဆိုရင်တော့ တိုးမြစ်ကမ်းပါးက ရေပေါ်စားသောက်ဆိုင်မှာ သွားနားကြမယ်။ မြစ်လေကလေး တဖြူးဖြူးနဲ့ အလွန်အေးချမ်းပါတယ်''

ကျွန်တော်တို့ အထုပ်အပိုးများထားခဲ့ပြီး လမ်းမတော်လမ်းကို ဖြတ်၍ ကမ်းနားဘက် ဆင်းခဲ့ကြသည်။ တိုးမြစ်ကိုဖြတ်၍ ဒေးအရဲတံတားကြီးမှာ အလွန်လှပရှည်လျားသည်။ ဖျာပုံမြို့သို့ ကားလမ်းဖြင့် အလွယ်တကူ သွားလာနိုင်ပြီဖြစ်သည်။

တိုးမြစ်ကမ်းပါးပေါ်တွင် နှစ်ထပ်သင်္ဘောကလေးတစ်စီး တင်ထားပြီး သင်္ဘောပေါ်တွင် စားသောက်ဆိုင် ဖွင့်ထားခြင်းဖြစ်သည်။ စားသောက်ဖွယ်ရာ အစုံရသည်။ ကိုအုံးသွယ်က ဘီယာနှင့်အမြည်းများ စုံလင်အောင် မှာသည်။ စားသောက်ရင်း ကျွန်တော်က ...

''ကိုအုံးသွယ်ရေ ... ကျွန်တော်တို့ ပျားဂေဟာ ကေဒါ (၁၄) ထဲက တုန်းက ဆင်မင်းသင်္ဘောနဲ့ ဒီဒေးအရဲဆိပ်ကမ်းမှာ ရပ်တာဗျနော်။ ဒီကနေ စက်လှေငှားပြီး သံဒိပ်ရွာဘက်သွားကြတာ။ ၁၉၈၀ လောက်ကထင်တယ် အခုတော့ အနေအထားတွေပြောင်းလို့ မမှတ်မိတော့ဘူးဗျာ''





ကျွန်တော်နှင့်ကိုအုံးသွယ်၊ ကျော်စိန်ဝင်းတို့မှာ ငယ်ပေါင်းသူငယ်ချင်းများဖြစ်ကြသည်။ ပျားဂေဟာ အတူတက်ကြပြီးနောက် ကွဲကွာသွားကြရာမှ ကျွန်တော်၏ ဝတ္ထုစာအုပ်များကို ဖတ်ရသဖြင့် ကိုအုံးသွယ်က စိတ်ကူးသစ်စာအုပ်တိုက် ဖုန်းနံပါတ်ကိုရသောကြောင့် ပြန်လည်ဆက်သွယ်မိကြခြင်းဖြစ်သည်။ ကွဲကွာသွားကြသည်မှာ အနှစ် (၃၀) ခန့်ပင် ရှိခဲ့ပြီ။

''ဟုတ်တယ် ... ကိုသိန်းဝင်းရေ ဒေးအရဲတံတားသစ်ကြီး ပြီးသွားတော့ လမ်းပန်းသာသွားပြီး ဒေးအရဲမြို့လည်း စနစ်တကျ စည်ကားသွားတာပေါ့ဗျာ။ သံဒိပ်ရွာက ဟိုးအရှေ့ဘက်ပင်လယ်ဝ သီလဝါပေါက်နားမှာဗျ။ လက်ဝဲဘက်မှာ၊ လက်ယာဘက်မှာတော့ မရမ်း၊ ထန်းတောဆိုတဲ့ရွာတွေ ရှိတယ်။ သမိုင်းဝင်ရွာတွေပေါ့ဗျာ''

''ဘယ်လို သမိုင်းဝင်တာလဲဗျ ... ကိုအုံးသွယ်ရ''

''ကျွန်တော့်အဖေပြောပြလို့ ကျွန်တော်သိရတာက ဒီလိုဗျ''

''ဆရာစံရဲ့ ဂဠုန်တပ်ဖွဲ့တွေကို အင်္ဂလိပ်အစိုးရက သာယာဝတီ အလံတောင်ကနေ တိုက်ထုတ်လိုက်တော့ ဒီက မရမ်း၊ ထန်းတောရွာမှာ လာခိုနေကြတာပေါ့။ အဲဒီတုန်းက မရမ်းရွာက ကျက်သရေဆောင် ရွှေစလွယ်ရသူကြီးက ဦးအောင်လှတဲ့ဗျ။

အင်္ဂလိပ်အစိုးရလက်အောက်မှာ အမှုထမ်းရပေမဲ့ သူက မျိုးချစ်ဂဠုန်တပ်ဖွဲ့ဝင်တစ်ယောက်ပဲတဲ့လေ။ ဒါကြောင့်လည်း ဆရာစံတို့အဖွဲ့ကို လက်ခံပြီး ဝှက်ထားပေးတာပေါ့။ အဲဒါကို အင်္ဂလိပ်တွေက သိပြီး ဝင်တိုက်တာ။ ဆရာစံတို့အဖွဲ့က ရှုပ်ရှုပ်ချွံချွံခုခံလို့ အင်္ဂလိပ် စစ်ရဲတပ်ရင်းဟာ အကျအဆုံးများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားရတယ်။

အရေးတော်ပုံသမိုင်းမှာ 'ထန်းတောရွာတိုက်ပွဲ'ဆိုတာ အလွန်ထင်ရှားကြီးတာပေါ့။ အခုတောင် အဲဒီတိုက်ပွဲအထိမ်းအမှတ် ကျောက်တိုင်ကို မရမ်းဆိပ်ကမ်းမှာ စိုက်ထူထားသေးတယ်။ အဲဒီတိုက်ပွဲမှာ ဂဠုန်တပ်သားအဖြစ် ကျွန်တော့်အဘိုး ဦးပန်းဖူးလည်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာစံကိုယ်တိုင် ဓားနှစ်လက်နဲ့ခုခံရင်း တိုက်ပွဲပြီးတော့ ဓား တစ်လက်ကို ကျွန်တော့်အဘိုးကို လက်ဆောင်ပေးသွားတာ။ သုပဏ္ဏက ဂဠုန်ရာဇာ ဆရာစံလို့ ဓားပေါ်မှာ ရေးထိုးထားတယ်။ ဓားက ရှေးဟောင်း ဓားဖြစ်ပေမဲ့ မရမ်းရွာက အရေးပေါ်လုပ်ပေးရတာကြောင့် ငှက်ကြီးတောင် ပုံစံ ဓားအင်္ဂါနဲ့တော့ မတူဘူး။ နည်းနည်းတိုတယ်။

လက်ကိုင်ရိုးကတော့ ကြေးဖြူ၊ ကြေးဝါစပ်ထားလို့ ရှေးဟောင်း ဓားမှန်း သိသာတယ်။ အဲဒီအချိန်ကလည်း အင်္ဂလိပ်အစိုးရလက်ထက်။ လက်နက်ဆိုလို့ အပ်တိုတောင် ကိုင်ခွင့်မပေးတာကြောင့် ကမန်းကတန်း လုပ်ကြရတာလေ။ အဲဒီဓားနဲ့လည်း အင်္ဂလိပ်စစ်ရဲ (၁၀)ယောက်ကို တောင် ခေါင်းဖြတ်နိုင်ခဲ့တယ်လို့ အဆိုရှိတယ်''

''နေစမ်းပါဦး . . . ကိုအုံးသွယ်ရဲ့၊ အဲဒီဓားအကြောင်းကို ခင်ဗျားက ညွှန်းလွန်းတော့ ဓားဟာ ခင်ဗျားလက်ထဲမှာ ရှိနေပုံရတယ်။ ကျွန်တော်တို့ ကြည့်လို့ရမလား''

''ရပေါ့ဗျာ . . . ကိုသိန်းဝင်း လိုချင်ရင်တောင် ကျွန်တော်က လက်ဆောင်အဖြစ်ပေးချင်လို့ ညွှန်းနေရတာပါ။ ကျွန်တော့်အတွက်တော့ အဘိုးရဲ့အမွေဖြစ်ပေမဲ့ အသုံးမလိုတော့ဘူးလေဗျာ။ ဒီခေတ်က ဓားခေတ်မှ မဟုတ်တော့ပဲ။ ခင်ဗျားက စာရေးဆရာ၊ သမိုင်းအမိကလည်း ယူထားပြီး သမိုင်းအထောက်အထား ဖာတ်လမ်းတွေရေးနေတော့ အသုံးတည့်ပါလိမ့် မယ် အမှတ်တရပေါ့ဗျာ''

''ကျေးဇူးပဲ . . . ကိုအုံးသွယ်ရေ။ ကျွန်တော်ကတော့ ဓားဆိုရင် မှတ်ဆိတ်ရိတ်တဲ့ ဘလိတ်ဓားပဲသုံးတာမို့ ကျွန်တော့်အတွက်တော့ မလို အပ်ပါဘူး။ ဒါပေမဲ့ ဓားကိုတန်ဖိုးထားပြီး ဓားသိုင်းလေ့ကျင့်နေတဲ့ ကျွန် တော်တို့ စိတ်ကူးသစ်စာပေက ကိုတင်ထွန်းက ဓားကောင်းတစ်ချောင်းမှာ ရှာခိုင်းထားတာနဲ့ အတော်ပါပဲဗျာ။ အဲဒီဓားသမိုင်းနဲ့ ခင်ဗျားရဲ့လက်ဆောင် အဖြစ် စာတစ်စောင်တော့ ရေးပေးဗျာနော်''

''ရေးပေးရမှာပေါ့ဗျာ။ နှစ် (၃၀)လောက်ကွဲကွာနေတဲ့ ခင်ဗျား တို့နဲ့ကျွန်တော့်ကို ချိတ်ဆက်ပေးတာ စိတ်ကူးသစ်စာပေက ကိုတင်ထွန်း ပဲ။ ကျေးဇူးရှိပါတယ်ဗျာ''





''အင်း . . . ဟုတ်ပါရဲ့ ကိုအုံးသွယ်ရယ်။ ကျွန်တော်တို့မှာလည်း လိပ်စာစာအုပ်တွေ ပျောက်နေတော့ ခင်ဗျားနဲ့ ဘယ်လိုဆက်သွယ်ရမှန်းမသိ ဘူး။ ဒေးဒရဲသမဝါယမဌာနမှာ ခင်ဗျားလုပ်ခဲ့တာကို ကျွန်တော်နဲ့ ကျော်စိန် ဝင်းသတိရပြီး ဖုန်းနဲ့ရော၊ ကြေးနန်းနဲ့ပါ ဆက်သွယ်ခဲ့ပါသေးတယ်။ မရပါ ဘူးဗျာ''

''ဘယ်ရမလဲ . . . ကိုသိန်းဝင်းရဲ့၊ ကျွန်တော်တို့က အရင်အိမ် ကိုရောင်းပြီး ဒီဘက်ပြောင်းလာတာလေ။ နောက်ပြီး ကျွန်တော်က ဝါသနာ ပါတဲ့ အချက်အပြုတ်သင်တန်းကိုတက်တော့ ဒီပလိုမာရတယ်။

အဲဒါ ကုမ္ပဏီထောက်မပြီး ဘရူနိုင်းနိုင်ငံကို ရောက်သွားတာ။ ဟိုမှာ Chief Cook (၇)နှစ်လုပ်ပြီး ဒီအိမ်ကိုပြင်တာပဲ။ နာဂစ်တိုက်တုန်းက အိမ်တောင့်လို့ မပြိုဘူး။ အမိုးပဲ ထိတာ။ အခုဈေးထဲမှာ အထည်ဆိုင်ကြီး နှစ်ဆိုင်ဖွင့်ထားတော့ အဆင်ပြေတာပေါ့ဗျာ''

''ဝမ်းသာပါတယ်ဗျာ . . . အခုလို ငယ်ပေါင်းသူငယ်ချင်းနဲ့ ကျန်း ကျန်းမာမာ ချမ်းချမ်းသာသာတွေ့ရတော့ မင်္ဂလာပါပဲဗျာ''

ထိုစဉ် တစ်ချိန်လုံးငြိမ်နေသော ကိုညိုမှိုင်းက . . .

''ဦးအုံးသွယ်ရေ . . . ကျွန်တော်လည်း ဓားသမိုင်းကို စိတ်ဝင် စားတယ်ဗျာ။ စားသောက်ပြီးရင်လည်း ပြန်ကြရအောင်။ ဓားကို ကြည့်ချင် လှပြီ''

''ကျွန်တော်တို့ အိမ်ပြန်ရောက်တော့ ညနေစောင်းပြီ ဖြစ်သည်။ ရေမိုးချိုး အဝတ်အစားလဲကြသည်။ ကိုအုံးသွယ်၏မိသားစုကတော့ ပြင်ဆင် ချက်ပြုတ်နေကြသည်။ ကိုအုံးသွယ်ကလည်း ကြီးကြပ် စီမံနေသည်။

ညပိုင်းတွင် စားစရာအမြည်းအစုံအလင်နှင့် ဝိုင်းလုပ်ပြန်သည်။

''ကိုအုံးသွယ် . . . တော်ပြီလေဗျာ။ နေ့လယ်ကလည်း သောက် ထားတာပဲ''

''နေ့လယ်ကသောက်တာ ဘီယာလေ။ အခုညပိုင်းက အရက် ပြင်း။ မတူပါဘူး။ ကျွန်တော်က Chief Cook လုပ်လာတော့ ခင်ဗျားတို့ကို ပြောရဦးမယ်။ အရက်ဆိုတာ ဆေးပဲ။ 'သောက်တတ်ရင်ဆေး၊ မသောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်ရင်ဘေး’ပေါ့ဗျာ။ အရက်ကို လူက သောက်တတ်ရမယ်။ လူကိုသာ အရက်က မသောက်စေနဲ့။

အရက်သောက်ရာမှာလည်း အချိန်အခါနဲ့၊ အမှန်းအဆနဲ့ သောက်ရမယ်။ အမြည်းကောင်းကောင်း စားရမယ်။ အမြည်းစားရာမှာလည်း Vitamin အချိုးအစားကိုညှိပြီး စားတတ်ရင် ပိုကောင်းတယ်။ ကျွန်တော်ကိုကြည့်။ အဆီ၊ အသားအပို အလိုမရှိဘူး။ Fit ပဲ။ ဒီမှာကြည့် ... ကျွန်တော်စီစဉ်ထားတာ။

ဒါက ငါးလေးချဉ်သုပ်၊ ဗိုက်တာမင်စီပါတယ်။ ဟောဒါက အသီးအရွက်ကြော်။ ဗိုက်တာမင်အေပေါ့။ ဟော့ဒါက ... ငါးကလေးကြော်။ ဗိုက်တာမင်ဒီပေါ့။ ဒါကတော့ ... ဘူးသီးဟင်းချို။ ဗိုက်တာမင်ဘီ အပြည့်ပဲ။

ထမင်းစားရင်လည်း ဗိုက်တာမင်အစုံပါတဲ့ ဟင်းတွေအပြင် အသီးအရွက်အစုံ၊ တို့စရာနဲ့ ငါးပိရည်လည်း စီစဉ်ထားသေးတယ်။ ငါးပိရည်ဆိုတာကလည်း Mineral လေ။ သတ္တုဓာတ်ပါတယ်။ ကဲ ... အားရပါးရ သုံးဆောင်ကြပါ”

“ကဲ ... ကိုအုံးသွယ်၊ စားရင်းသောက်ရင်း ကိုညိုမှိုင်း စိတ်ဝင်စားနေတဲ့ ခင်ဗျားရဲ့ သမိုင်းဝင်ဓားကြီးကို ပြလိုက်ပါဦး”

“ကဲ ... စားရင်းသောက်ရင်း စောင့်ကြ။ ကျွန်တော် အပေါ်ထပ်တက်ယူလိုက်ဦးမယ်။ ကလေးတွေ ယူဆော့မှာစိုးလို့ အသေအချာ သိမ်းထားရတာ။ မြေးဦးယောကျ်ားကလေးက သေနတ်တို့၊ ဓားတို့ဆို အလွန်ဝါသနာပါတယ်”

မကြာမီ ဆေးရောင်မှိန်မှိန် အနီရောင်ဓားအိမ်နှင့် ဓားရှည်တစ်ချောင်းကို ကိုင်၍ ဆင်းလာသည်။ ကျွန်တော်တို့အား ပေး၍ ကြည့်တော့ ဓားအိမ်ပေါ်တွင် ‘သုပဏ္ဏက ဂဠုဏ်ရာဇာ ... ဂဠုန်ဆရာစံ’ ဟု ကညစ်ဖြင့် ရေးခြစ်ထားပြီး ဓားကို ဓားအိမ်ထဲမှဆွဲထုတ်ပြီး ကြည့်တော့ ဓားသွားအရင်းပေါ်၌ ‘သုပဏ္ဏက ဂဠုဏ်ရာဇာဆရာစံ’ ဟု ရေးထိုးထားသည်။ ဓားမှာ မသုံးတာကြာ၍ သံချေးတက်နေသည်။





သို့သော် သံသားကတော့ အလွန်ကောင်းပုံရသည်။ ဓားမှာ ငှက်ကြီးတောင်လောက် မရှည်ပါ။ ဓားရွက်ကြီးပြီး လေးသည်။ အဖျားချွန်သည်။ ဓားရိုးကို ကြေးဝါနှင့်ကြေးဖြူ ရော၍လုပ်ထားသည်။ ရှေးဟောင်းဓားဖြစ်မှန်းတော့ သိသာသည်။

“ကိုအုန်းသွယ်ရေ ... ဓားကို ရေဆေးကော်ဖတ်စားပြီး ဆီသုတ်လိုက်မှ ကောင်းမယ်ထင်တယ်”

ကျွန်တော်က အကြံပေးရာ ...

“ရတယ် ... ကျွန်တော် မနက်ဖြန်မှ လမ်းထဲက ပန်းဘဲဖိုကို သွားပြီး ဆေးလိုက်မယ်။ ကိုတင်ထွန်းက ဓားသစ်လို့တောင် ထင်သွားဦးမယ်”

“ကိုတင်ထွန်းကတော့ ဓားသစ်ဖြစ်ဖြစ်၊ ဓားဟောင်းဖြစ်ဖြစ် သဘောကျမှာပါ။ သမိုင်းဝင်ဓားဆိုတော့ ဘာများ ထူးခြားချက်ရှိသေးသလဲ”

“ကျွန်တော့်ဆီရောက်မှတော့ တစ်ခါနှစ်ခါပဲ ထုတ်ကြည့်ဖူးတယ်။ ဘာမှုလည်း အသုံးမပြုခဲ့ဖူးပါဘူး။ သိမ်းထားတာ နှစ်ပေါင်းအတော်ကြာပေမဲ့ ထူးခြားချက်တော့ မတွေ့ရပါဘူး။ ဒါပေမဲ့ အဖေပြောသွားတာတော့ရှိတယ်။

မိမိကိုယ်ကို အသက်အန္တရာယ်ပြုမယ့်ကိစ္စကလွဲပြီး ဓားကို မသုံးရဘူးတဲ့။ ဆရာစံတို့ခေတ်က လက်နက်ပစ္စည်းတွေကို အင်းအိုင်ဂါထာမန္တန်တွေ စုတ်ပြီးမှ လုပ်တတ်တာမို့ သိဒ္ဓိဝင်ဓားလို့ ပြောသွားပါတယ်”

“အင်း ... ဟုတ်လိမ့်မယ် ... ကိုအုံးသွယ်ရေ။ ဆရာစံကို ကြိုးမပေးမီ သာယာဝတီထောင်မှာ ချုပ်ထားတုန်းက သူ့ကိုထားတဲ့အခန်းက စတိုခန်းတစ်ခုနဲ့ တွဲထားတာ။ ကျွန်တော် တာဝန်နဲ့ရောက်တုန်းက မြင်ဖူးတယ်။ အခုအထိ အမှတ်တရပြတိုက်သဖွယ် လုပ်ထားတယ်။ အခန်းနံရံတွေပေါ်မှာလည်း အင်းကွက်တွေရေးထားတာ စုံနေတာပဲ”

“ဟုတ်လိမ့်မယ်ဗျ ... ကျွန်တော်လည်း ဆရာစံအရေးတော်ပုံနဲ့ အတ္ထုပ္ပတ္တိစာတွေအတော်များများ ဖတ်ဖူးတယ်။ ဆရာစံက အင်းအိုင်ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်တွေကို လိုက်စားတယ်။ သူကိုယ်တိုင်လည်း ဓာတ်ပြီး တုတ်ပြီးတယ်လို့ အဆိုရှိတယ်ဗျ”



www.burmeseclassic.com

www.burmeseclassic.com



ကိုညိုမှိုင်းက ဝင်ခွေးနွေးလာသည်။

"ကဲ . . . ထမင်းစားကြရအောင်။ မနက်ဖြန် ဘယ်သွားချင်သေးသလဲ . . . ကိုသိန်းဝင်း"

"မနက်ဖြန် ဖျာပုံမြို့ကို သွားချင်တယ်။ ဒီကနေ့ ဘယ်လောက်ဝေးသလဲ . . . ကိုအုံးသွယ်"

"ဒေးဒရဲနဲ့ ဖျာပုံက (၁၆)မိုင်ပဲ ဝေးပါတယ်။ နေ့ချင်းပြန်လို့ ရပါတယ်"

"ဖျာပုံမှာ ကျွန်တော့်သူငယ်ချင်းလင်မယား ရှိတယ်ဗျ။ ကျွန်တော်တို့ သူငယ်ချင်းတွေ နာဂစ်မတိုင်မီက ဆုံခဲ့ကြဖူးတယ်။ နာဂစ်ပြီးတော့ သူငယ်ချင်းကိုသန်းမြင့်က ဆိုင်ကယ်မှောက်ပြီး ဆုံးပါးရှာတယ်။ ကြာတော့လည်း ကြာပြီပေါ့ဗျာ။ ဒါပေမဲ့ ဒီဘက်ရောက်တုန်း သတင်းသွားမေးချင်တယ်"

"ရပါတယ် . . . ဝေးတာမှတ်လို့။ မနက်ဖြန်မနက် Breakfast စားပြီး သွားကြတာပေါ့"

ကျွန်တော်တို့ ညစာစားပြီး လမ်းလျှောက်ကြသေးသည်။ ပြီးမှ ကိုအုံးသွယ်တို့အိမ်အပေါ်ထပ်တွင် ခြင်ထောင်တစ်လုံးစီဖြင့် သုံးယောက် လွတ်လပ်စွာ အိပ်ကြသည်။

ကျွန်တော်အိပ်ပျော်တော့ အိပ်မက်မက်သည်။ ကိုအုံးသွယ်၏ဓားကို စိတ်စွဲလို့လား မသိပါ။ ဓားအိပ်မက်ပင် ဖြစ်ပေတော့သည်။ အိပ်မက်ထဲ၌ နှုတ်ခမ်းမွေးဖြူဖြူ၊ ဆံပင်ကို ပန်းနုရောင်အုပ်ပေါင်း, ပေါင်းထားသော အဘိုးကြီးတစ်ဦးက ပြောလာခြင်းဖြစ်သည်။

"ငါ့မြေး . . . ဒီဓားဟာ သမိုင်းဝင်ဓားကောင်းတစ်လက်ဖြစ်သလို သိဒ္ဓိဝင်ဂမ္ဘီရဓားလည်း ဖြစ်တယ်။ ဆရာစံကိုယ်တိုင် စီရင်ပေးလို့ အဘကိုယ်တိုင် ပန်းပဲမှာ လုပ်ထားတာ။ ဓားလုပ်စဉ်က နှစ်ချောင်းကို တစ်ပုံစံတည်း လုပ်ခဲ့တာ။ ဓားဖိုဓားမပေါ့။ ဒီဓားက အဖို။

ဆရာစံကိုယ်တိုင် 'ထန်းတောရွာ' တိုက်ပွဲမှာ ဓားဖို,ဓားမ နှစ်လက်တွဲပြီး သုံးခဲ့တာ အောင်မြင်တယ်။ တိုက်ပွဲပြီးလို့ ဆရာစံတို့အဖွဲ့ ရုပ်ဖျက်





ပြီး ရှမ်းပြည်နယ်ဘက်ဆုတ်တော့ အဘိုးကို ဓားဖိုပေးပြီး ဓားမကို သာယာဝတီ၊ လှည်းလမ်းကူးရွာက ဦးသာမြတ်ကိုပေးခဲ့တယ်။

'ဓားဖို၊ ဓားမဆောင်ရင် အောင်တယ်' လို့လည်း ပြောခဲ့တယ်။ ဒါကြောင့် ဒီသမိုင်းဝင်ဓားတွေကို မရိုမသေမလုပ်နဲ့။ မသန့်တဲ့နေရာတွေမှာလည်း မထားနဲ့။ မိမိကိုယ်ကိုကာကွယ်ဖို့ အရေးပေါ် သုံးတာကလွဲလို့ ခဏခဏထုတ်မကြည့်နဲ့။ ကလေးတွေနဲ့ဝေးရာမှာ သော့ချိတ်ခတ်ပြီး အသေအချာ သိမ်းထားပါ။ ဓားက စီးနေတယ်"

ကျွန်တော် ညသန်းခေါင်ကျော် အိပ်ရာကနိုးတော့ တစ်ကိုယ်လုံး အေးစိမ့်နေသည်။ ဆောင်းဝင်လာပြီဖြစ်၍ အေးခြင်းဖြစ်သည်။ အထင်အရှားမြင်မက်ခဲ့သော အိပ်မက်ကို ပြန်လည်စဉ်းစားရင်း မိုးစင်စင်သာလင်းသွားသည်။ ပြန်၍ အိပ်မရခဲ့တော့ပါ။ ထိုအခါမှ ကျွန်တော် သတိရမိသည်။ အိပ်မက်ပေးသော အဘိုးကြီးနာမည်ကို ကျွန်တော် မမေးလိုက်မိခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ အိပ်ရာထ မျက်နှာသစ်ပြီး ဘုရားဝတ်ပြုကြသည်။ ထိုစဉ် အိမ်ရှင်ကိုအုံးသွယ်က စားပွဲစွာထ၍ Breakfast စီစဉ်နေပြီဖြစ်သည်။ ကျွန်တော်တို့ ဘုရားဝတ်ပြု၊ ပုတီးစိပ် အမျှဝေအပြီး ကိုအုံးသွယ် စီစဉ်ပေးသော ပဲပြုတ်ထမင်းကြော်၊ ဟင်းများနှင့်ကော်ဖီကို သောက်ကြရင်း စကားဝိုင်းဖွဲ့ကြပြန်သည်။

"ကိုအုံးသွယ် . . . အဘိုးက ဘယ်လိုပုံစံလဲ။ ဓားလုပ်ပေးတာလဲ သူပဲမဟုတ်လား"

"အဘိုးက နှုတ်ခမ်းမွေးဖြူဖြူ၊ ဆံပင်သျှောင်ကြီးကို ပန်းရောင်ပဝါ ပတ်ထားတတ်တယ်။ ကျွန်တော်လည်း လူကိုမြင်ဖူးတာ မဟုတ်ဘူး။ ဓာတ်ပုံပဲ မြင်ဖူးတာ။ ကျွန်တော်မှတ်မိတဲ့အရွယ်မှာ အဘိုးက ဆုံးပြီလေ။ နေဦး . . . ကျွန်တော် ဓာတ်ပုံယူပြမယ်"

ကိုအုံးသွယ်က အပေါ်ထပ်တက်ပြီး ဓာတ်ပုံတစ်ပုံကို ယူလာပြန်သည်။

"ရော့ . . . ဟောဒီဓာတ်ပုံက ကျွန်တော့်အဘိုး ဦးပန်းဖူးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။ ကျွန်တော် ညကအိပ်မက်ထဲတွင် မြင်ခဲ့ရသော အဘိုးပင်ဖြစ်ပါသည်။ အဖြူအမည်းစက်ပုံဖြစ်၍ အုပ်ပေါင်းပဝါမှာ ပန်းရောင်မဟုတ်ဘဲ အဖြူရောင်ဖြစ်နေသည်။

သို့သော် မေးစေ့မှ မှဲ့နက်ကြီးကတော့ ထင်ရှားစွာပေါ်နေ၍ ကျွန်တော် မှတ်မိပါသည်။ ကျွန်တော် ညက မြင်မက်ခဲ့သော အိပ်မက်အကြောင်းကိုပြောပြတော့ သူတို့ အလွန်အံ့ဩနေကြသည်။

''ဟုတ်တယ် ... ကိုသိန်းဝင်းရေ၊ ခင်ဗျားအိပ်မက်ထဲက အဘိုးက ကျွန်တော့်အဘိုး ဦးပန်းဖူးပဲ။ တိုက်ဆိုင်လိုက်တာဗျာ။ ဓားဖို၊ ဓားမ နှစ်ချောင်းရှိကြောင်းလည်း အခုမှ သိရတာပါ။ ကျွန်တော့်အဖေကလည်း မပြောခဲ့ဘူးဗျ''

''သာယာဝတီဘက်ရောက်ရင်လည်း လှည်းလမ်းကူးရွာဘက်သွားပြီး ဦးသာမြတ်ရဲ့ဆွေစဉ်မျိုးဆက်ကို စုံစမ်းပြီး ဓားမကိုရှာကြသေးတာပေါ့ဗျာ။ ဓားဖို၊ ဓားမ တစ်စုံလုံးဆောင်ထားရင် အရာရာအောင်မြင်နိုင်တယ်လို့ အဘိုးဦးပန်းဖူးက အိပ်မက်ထဲမှာ ပြောသွားတယ်လေဗျာ''

''အင်း ... ကိုတင်ထွန်းနဲ့တိုင်ပင်ပြီး ဒီတစ်ခါခရီးထွက်ရင် သာယာဝတီဘက် လှေ့လာရေးထွက်ကြတာပေါ့ဗျာ။ ကျွန်တော်က အလံတောင်ကို ရောက်ဖူးချင်နေတာ''

ကိုညိုမှိုင်းက ဝင်ပြောလာသည်။

ကျွန်တော်တို့ စားသောက်ပြီးသည်နှင့် ဒေးဒရဲတံတားကြီးအောက်မှ လျှောက်ကြရင်း အဝေးပြေးကားဂိတ်သို့ လှမ်းခဲ့ကြသည်။ ဆိုက်ကားခ တစ်ထောင်ပေးရသောခရီးမှာ အမှန်တော့ ဖြတ်လမ်းကသွားလျှင် မိုင်ဝက်ခန့်သာဝေးသောခရီး ဖြစ်ပေသည်။ တံတားကြီးအဆင်း ဗိုလ်ချုပ်လမ်းပေါ်ရှိ ဖျာပုံကားဂိတ်တွင် ဂျစ်ကားရသည်။

ဒေးဒရဲ-ဖျာပုံ (၁၆) မိုင်ဝေးသောခရီးကို ကျပ် (၅၀၀/-) စီသာ ပေးရသည်။ (၄၅) မိနစ်ခန့် စီးရသည်။ ဂျစ်ကားဖြစ်၍ စီးရသည်ကတော့ မသက်သာပါ။ ဂျစ်ကားလေးဂိတ်က ဖျာပုံတံတားကြီးအောက်တွင်ဖြစ်၍ ငှက်သမွန်ဖြင့် ဖျာပုံမြို့ဘက်သို့ ကူးရသည်။





တစ်ယောက် (၂၀၀/-) စီ ပေးရသည်။ ဖျာပုံဈေးဆိပ်သို့ရောက်မှ ကမ်းပေါ်တက်လမ်းလျှောက်ကြပြီး မြို့လယ်ဗိုလ်ချုပ်လမ်းသို့ သွားကြသည်။ သူငယ်ချင်း ကိုသန်းမြင့်တို့ပိုင်သော'ငွေကျွားမင်း' ဧည့်ရိပ်သာသို့ ဖြစ်ပေသည်။

ဖျာပုံမြို့မှာ နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသော်လည်း ပြန်လည်ပြင်ဆင်ပြီးဖြစ်၍ အပျက်အစီး မတွေ့ရတော့ပါ။ 'ငွေကျွားမင်း' ဧည့်ရိပ်သာမှာ လေးထပ်အဆောက်အအုံ ဖြစ်သည်။ မန်နေဂျာနှင့်တွေ့တော့ ဒေါ်သန်းမြင့်နှင့် ဖုန်းဆက်သွယ်ပေးသည်။

ကျွန်တော်နှင့် စကားပြောရာ သူမ အလုပ်မအားသဖြင့် ကမ်းနားရေလုပ်ငန်းအိမ်သို့ ကြွပါရန် ဖိတ်ခေါ်သည်။ တည်းခိုခန်းမန်နေဂျာက ဆိုက်ကားစီစဉ်ပေးသည်။ နှစ်မိုင်ခန့်ဝေးသော ရေလုပ်ငန်းအိမ်သို့ရောက်တော့ ဒေါ်သန်းမြင့်က မအား။ စက်လှေချူငါးများကို အရောင်းအဝယ်လုပ်နေသည်။

သမီးဖြစ်သူက လာရောက်ဧည့်ခံပြီး မုန့်ဟင်းခါး၊ လက်ဖက်သုပ်၊ ပဲရုံ့ကြော်ဖုတ်တို့ဖြင့် ဧည့်ဝတ်ပြုသည်။ နာဂစ်မတိုင်မီကပင် ကျွန်တော်တို့ ၁၉၇၂ခု သမိုင်းအဓိကအဖွဲ့နှင့် သမီးက ရင်းနှီးပြီးဖြစ်သဖြင့် အဆင်ပြေသည်။ သူ့ဖခင်ဦးသန်းမြင့် ဆိုင်ကယ်မှောက်၍ သေဆုံးရပုံကို ရှင်းပြသည်။

နာဂစ် မုန်တိုင်းတိုက်စဉ်က ရေကြီးသောအကြောင်းနှင့် ကျွန်တော် ဖျာပုံမြို့ကို အခြေခံ၍ ရေးခဲ့သော 'လူဝင်စားချစ်သူဝတ္ထုများ' အကြောင်းကို ပြောပြသည်။ ဇာတ်ဝင်ခန်းတွင်ပါဝင်သည့် သူမအဖေ ဦးသန်းမြင့်၏ရွာ၊ ကြို့ကုဘုန်းတော်ကြီးကျောင်းမှ သိက်ခက်များအား လှူဒါန်းပြီး ဒန်းပုခက်များ ချိတ်ဆွဲထားသည့်ခရေပင်ကြီးပင် နာဂစ်ဒဏ်ကြောင့် အမြစ်ကျွတ်၍ သေပြီသွားကြောင်း ရှင်းပြသည်။

သမီးရှင်းပြနေသည်ကို နားထောင်ရင်း နှစ်ပေါင်း (၃၀)ကျော် ကြာခွဲခွာနေကြသော ကျွန်တော်တို့သူငယ်ချင်းများ ပြန်ဆုံကြပြီး ဖျာပုံမြို့သို့ ရောက်လာ၍ ကိုသန်းမြင့်၊ မသန်းမြင့်တို့၏ 'ငွေကျွားမင်း'ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်နေကြစဉ် လိုလေသေးမရှိအောင်ပြုစုကြသော ကိုသန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



တို့မိသားစု၏ စေတနာသဒ္ဓါတရား ထက်သန်ပုံများကို ပြန်လည်မြင်ယောင်နေမိသည်။

ကြုံကူဘုန်းကြီးကျောင်းတွင် ရှင်အပါး (၁၃၀) ကျော်ဖြင့် အလှူကြီးလည်း ပေးခဲ့သည်။ တခြားအလှူအတန်းလည်း များစွာလုပ်ခဲ့သည်။ အဘက်ဘက်က ပြည့်စုံနေသောဘဝတွင် ကိုသန်းမြင့်တစ်ယောက် အသက် (၆၀)ခန့် အရွယ်ရောက်ခါမှ ရုတ်တရက် သေဆုံးရခြင်းဖြစ်ပေသည်။

ထိုစဉ် ဒေါ်သန်းမြင့်က ငါးလေ့များလက်ခံနေရာမှ ထလာပြီး ကျွန်တော်တို့ကို နှုတ်ဆက်သည်။ ကျွန်တော်ကလည်း ဝတ္ထုစာအုပ်များကို လက်ဆောင်ပေးလိုက်သည်။ ဒေါ်သန်းမြင့်ကလည်း တန်ဖိုးရှိသည့် ကြီးမားလှသော ငါးမုတ်များကို လက်ဆောင်ပြန်ပေးသည်။

ညအိပ်ရန်ပြောသော်လည်း ကျွန်တော်တို့နှုတ်ဆက်ပြီး ဒေးဒရဲသို့ ပြန်ခဲ့ကြပါသည်။ ဖျာပုံမြို့ကြီးကို နှုတ်ဆက်ပြီး ကွယ်လွန်သူ ကိုသန်းမြင့်အားလည်း ကောင်းရာသုဂတိလားစေရန် အမျှဝေလိုက်ပါသည်။

ဒေးဒရဲမြို့ ကိုအုံးသွယ်တို့ အိမ်သို့ပြန်ရောက်တော့ မွန်းတည့် (၁၂)နာရီခန့်သာ ရှိသေးသည်။ ကိုအုံးသွယ်က အမြည်းများဖြင့် ဗိုက်ဝလာပြီဖြစ်သဖြင့် နေ့လယ်စာ မစားတော့။ ကျွန်တော်တစ်ဦးတည်းသာ နေ့လယ်စာစားဖြစ်သည်။

ကိုအုံးသွယ်က ငါးမုတ်ကြီးများကို ကိုယ်တိုင်ကိုင်၍ ပေါင်းအိုးဖြင့် ပေါင်းသည်။ ပေါင်းနေစဉ်အတွင်း ဈေးသို့စက်ဘီးဖြင့် ပြေးပြန်သည်။ ကျွန်တော်တို့အတွက် ညနေစာ ပုစွန်တုပ်ဟင်း ကျွေးလိုသည်ဟုဆိုသည်။ သူပြန်လာတော့ ပုစွန်တုပ်မရ။ ပုစွန်ကျားအကောင်ကြီးများသာ ရသည်။ သူက မကျေနပ်သေးပါ။ ဗန်းဖြင့် လှည့်လည်ရောင်းသော ပုစွန်တုပ်သည်လာသည်နှင့် ထပ်ဝယ်ပြန်သည်။

ကိုအုံးသွယ်မှာ နိုင်ငံခြားထွက်၍ပင် Chife Cook လုပ်ခဲ့ဖူးသူဖြစ်သဖြင့် ညနေစာကို ဟင်းအမည်မျိုးစုံဖြင့် ခမ်းနားစွာ စီစဉ်ထားသည်။ သူ့အကြိုက် ငါးပိရည်နှင့် တို့စရာမျိုးစုံကလည်း ပါသေးသည်။ သူ့အိမ်





တွင်စားရသည့် ထမင်းအနှပ်တိုင်း ကျွန်တော် စား၍မြိန်သည်။ ကိုညီမှိုင်းတလည်း ကိုအုံးသွယ်လက်ရာကို ချီးကျူးသည်။

ညစာ စားသောက်ပြီးတော့လည်း ဒေးဒရဲတံတားကြီးပေါ်တွင် လမ်းလျှောက်ရင်း စကားပြောကြသည်။ တိုးမြစ်အတွင်းမှ တိုက်ခတ်လာသော လေနုအေးကို ရှူရှိုက်ရင်း လန်းဆန်းတက်ကြွလာသည်။ ကိုအုံးသွယ်က အရှေ့တောင်ဘက်မှ မရမ်းနှင့်ထန်းတောရွာ၊ အရှေ့မြောက်ဘက်မှ သံဒိပ်ကျေးရွာတို့အား ညွှန်ပြသည်။

"ကိုသိန်းဝင်းရေ ... သမိုင်းဝင်တဲ့အကြောင်းတွေ ပြောနေရင်း သတိရပြန်တယ်ဗျာ။ အခုခင်ဗျားတို့တည်းခိုနေတဲ့ ကျွန်တော်တို့အိမ်ဟာလည်း သမိုင်းဝင်တဲ့ အိမ်တစ်အိမ်လို့ဆိုနိုင်တယ်ဗျ။ အရင်တုန်းက အခု ကျွန်တော်တို့နေတဲ့အိမ်ဟာ ဒေးဒရဲမြို့သူကြီး ဦးအောင်မြင့်အိမ်ပဲဗျ။

ဂျပန်တော်လှန်ရေးကာလမှာ ဗိုလ်မှူးကြီးနေဝင်းကို မြို့သူကြီးက ကျွန်တော်တို့အိမ်ထပ်ခိုးပေါ်မှာ ဝှက်ထားပေးခဲ့တာ။ နောက်ဆုံး အမွေရတဲ့ သမီးဖြစ်သူ ဆရာမဒေါ်ခင်ဖြူဆီကမှ ကျွန်တော်က ဝယ်လိုက်တာပါ။ ဒါကြောင့် သမိုင်းဝင်အိမ်လို့ ပြောရခြင်းဖြစ်ပါတယ်"

ကျွန်တော်တို့ လမ်းလျှောက်ပြီး အိမ်ပြန်ခဲ့ကြသည်။ အိမ်အပေါ်ထပ်တွင် ကိုအုံးသွယ်၏ ဇနီးနှင့်သမီးက အိပ်ရာ၊ ခြင်ထောင် အသင့်ပြင်ဆင်ထားပြီး ညလယ်ပိုင်းတွင် ဗိုက်ဆာတတ်သော ကျွန်တော့်အတွက် စားပွဲပုကလေးပေါ်တွင် အသင့်ဖျော်ထားသော ကော်ဖီနှင့်ကိတ်မုန့်၊ ရေနွေးကြမ်းရေပုလင်းတို့ကို စီစဉ်ထားပေးသည်။ လိုလေသေးမရှိအောင် ပြုစုကျွေးမွေးပြီး ညှိဝတ်ကျေပွန်လွန်းသော ကိုအုံးသွယ်တို့မိသားစုကို ကျေးဇူးတင်လှပါသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ မနက် (၅)နာရီခန့် ထ၍ ဘုရားဝတ်ပြုပြီး ပြန်ရန်ပြင်ဆင်နေစဉ် ကိုအုံးသွယ်က မနက်စာကို ပြည့်စုံအောင် စီစဉ်နေပြန်သည်။ မနက်စာဝိုင်းတွင် ကျွန်တော်က ...

"ကိုအုံးသွယ်ရေ ... ကျွန်တော်တို့ ဒီနေ့ပြန်ပေမဲ့ ရန်ကုန်ကို တိုက်ရိုက်ပြန်မှာ မဟုတ်သေးဘူး။ လမ်းမှာ ကွမ်းခြံကုန်းမြို့ကို ဝင်ဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းခြံကုန်းမှာ ကျွန်တော့်မိတ်ဆွေတွေက ဖိတ်ထားတာ ရှိသေးတယ်။ ခင်ဗျားလည်း အားရင် လိုက်ခဲ့ပါဦးလား''

''ကွမ်းခြံကုန်းက ဘယ်သူတွေလဲ . . . ကိုသိန်းဝင်းရဲ့။ ကျွန်တော့်မိတ်ဆွေတွေလည်း ကွမ်းခြံကုန်းမှာ ရှိပါတယ်။ ကွမ်းခြံကုန်းနဲ့ ဒေးဒရဲက (၈) မိုင်ကျော်ပဲဝေးတာ၊ နာရီဝက်နဲ့ ရောက်နိုင်ပါတယ်။ ကျွန်တော်လည်း လိုက်ခဲ့ပါ့မယ်''

''ကွမ်းခြံကုန်း၊ မြို့မပိုင်း၊ အန်းကိုးစားသောက်ဆိုင်က ကိုထွန်းလှအောင်နဲ့ ဇနီးဒေါ်မွေး၊ သားမောင်ကောင်းမြတ်ရယ်၊ နောက်ပြီး ကျွန်တော့်သူငယ်ချင်းလူပျိုကြီး ကိုခင်မောင်သန်းတို့ရယ်ပေါ့ဗျာ။ စာအုပ်တွေ လက်ဆောင်ပေးရင်း နာဂစ်လေမုန်တိုင်း တိုက်တုန်းကအကြောင်း ကလေးတွေကိုလည်း သိချင်လို့ပါ။ မရောက်တာလည်း အတော်ကြာပါပြီဗျာ''

''ဟုတ်ပါရဲ့ဗျာ . . . နာဂစ်တိုက်တုန်းက ဒေးဒရဲထက် ကွမ်းခြံကုန်းက ပိုခံရတယ်ဗျ။ ကျွန်တော်လည်း ဖြတ်သွားဖြတ်လာ ကားပေါ်ကပဲ ကြည့်မိပါတယ်။ ကွမ်းခြံကုန်းကို မရောက်တာကြာပါပြီဗျာ''

''ကဲ . . . အဲဒါဆိုရင်လည်း နေမမြင့်မီ သွားကြစို့။ ညအိပ်ချင်ရင်လည်း အိပ်ကြမှာဆိုတော့ ခင်ဗျားအိမ်ကိုလည်းမှာခဲ့ဦး . . . ကိုအုံးသွယ်ရေ''

ကျွန်တော်တို့ ကိုအုံးသွယ်၏မိသားစုအား အစုံအစေ့ နှုတ်ဆက်ပြီး ဒေးဒရဲတံတားကြီးအောက်မှ ယုဉ်လျက် ဖြတ်လျှောက်၍ အဝေးပြေးကားဂိတ်သို့ ဆင်းခဲ့ကြပါသည်။ မှန်လုံကားကြီးကို အဆင်သင့်ရသည်။ (၈)မိုင်သာဝေးသဖြင့် ကားခ (၅၀၀/-) စီသာ ပေးရသည်။

နာရီဝက်ခန့်အကြာတွင် ကွမ်းခြံကုန်းတံတားအဆင်း ဈေးထိပ်သို့ရောက်၍ ကျွန်တော်တို့ဆင်းကြပြီး ဈေးထဲမှ ဖြတ်လျှောက်ကြသည်။ ထိုစဉ် ကျွန်တော်က အင်းစိန်မှ မိတ်ဆွေတစ်ဦးမှာလိုက်သော 'လဲလူ့ရှက်' ကို သတိရသဖြင့် ကိုအုံးသွယ်ကိုပြောပြီး ရှာကြသည်။

''ဘယ်သူ့အတွက်လဲ . . ကိုသိန်းဝင်းရဲ့၊ လဲလူ့ရှက်ဆိုတာ အသည်းရောဂါမှန်သမျှ ပျောက်တာကို ကျွန်တော်သိတယ်။ ကြက်သဟင်းရွက်





လည်း ကောင်းပါတယ်။ ကျွန်တော်က နေ့စဉ်သောက်တော့ Vitamin တွေကို ပြည့်စုံစွာစားတဲ့အပြင် အကာအကွယ်ဆေးအနေနဲ့လည်း လဲလူ့ရှက်နဲ့ ကြက်သဟင်းရွက်ကိုလည်း တစ်ပတ်နှစ်ကြိမ်လောက် စားတယ်ဗျ''

''အင်းစိန်က ကျွန်တော့်မိတ်ဆွေ ဗိုလ်ကြီးမြင့်လွင်ရဲ့ညီ အသည်းရောဂါ ဖြစ်နေလို့ပါဗျာ။ ရန်ကုန်မှာရှာတာ နှံ့နေပြီ၊ မရဘူး။ ကွမ်းခြံကုန်းရောက်မှ သတိရလို့ ရှာကြည့်တာပါဗျာ''

ကံကောင်းထောက်မ,စွာ ကျွန်တော်တို့ လဲလူ့ရှက်အစည်းကြီးတစ်စည်း ဝယ်၍ရသည်။ အသည်းရောဂါသည်အတွက် ကျွန်တော် အလွန်ဝမ်းသာမိပါသည်။

ကွမ်းခြံကုန်း မြို့မပိုင်းရောက်တော့ လူပျိုကြီး ဦးခင်မောင်သန်းအိမ်သို့ ဝင်သည်။ မတွေ့ရတာကြာပြီဖြစ်၍ လှိုက်လှဲစွာ ကြိုဆိုကြသည်။ အန်းကိုးစားသောက်ဆိုင်က ဒေါ်မွေးကလည်း နေ့လယ်စာစားရန် ဟင်းများချက်ချင်း ကြော်ချက်ပေးသည်။ ကျွန်တော်တို့ကလည်း ဝတ္ထုစာအုပ်များ လက်ဆောင်ပေးသည်။ ပြီးနောက်နေ့လယ်စာ ဝိုင်းဖွဲ့ရင်း စကားပြောကြတော့သည်။

စားရင်းသောက်ရင်း နာဂစ်မုန်တိုင်းဒဏ် ခံရစဉ်ကအကြောင်း၊ လဲလူ့ရှက်အကြောင်းနှင့် နောက်ဆုံး ဂျွန်ဆရာစံ၏အကြောင်း ရောက်သွားရာ ဓားကိုစိတ်ဝင်စားပြီး စာပေကျမ်းဂန်နှံ့စပ်သော ဒေါ်မွေးယောကျ်ား ကိုထွန်းလှအောင်က သမိုင်းဝင်ဓားကိုတောင်းသလောက် ပေးပါမည်ဟု ကမ်းလှမ်းပြီး ဝယ်တော့သည်။ လက်ကလည်း ဓားကို မချတော့။

ကျွန်တော်နှင့် ကိုညိုမှိုင်းက စိတ်ကူးသစ်စာပေမှ ကိုတင်ထွန်းအတွက် ကိုအုံးသွယ်က မေတ္တာလက်ဆောင်ပေးခြင်းဖြစ်၍ မရောင်းနိုင်ပါကြောင်း မနည်းတောင်းပန်ရတော့သည်။ ဓားရာဇဝင်အား ရှင်းပြပြီး ဓားမ,ရှိသော သာယာဝတီမြို့၊ လှည်းလမ်းကူးရွာတွင်နေသည့် ဦးသာမြတ်အကြောင်း ရှင်းပြတော့မှ ကိုထွန်းလှအောင်က သူ မရ, အရ လိုက်ရှာမည်ဟုပြောဆိုပြီး လက်လျှော့သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ကိုသိပြီး သမိုင်းအကြောင်းနားလည်သော ရှေးဟော
ပစ္စည်းကို တန်ဖိုးထားသူများအတွက် သမိုင်းဝင်ပစ္စည်းများသည် အဖွ
တန်ဖိုးရှိပေသည်။

ထိုနေ့က တစ်ညအိပ်ရန် အတန်တန် တားနေသည့်ကြားမှ ကျွ
တော်နှင့်ကိုညိုမှိုင်း အတန်တန်တောင်းပန်ပြီး ရန်ကုန်သို့ ပြန်ခဲ့ကြပါသည
ကားဂိတ်သို့ လူပျိုကြီးဦးခင်မောင်သန်းနှင့် မောင်ကောင်းမြတ်တို့က လိုက်
ကြသည်။ ကျွန်တော်နှင့် ကိုညိုမှိုင်းတို့က ရန်ကုန်ပြန်မည့် Super Ro
ကားအစီးရသဖြင့် ဒေးဒရဲပြန်မည့် ကိုအုံးသွယ် ကျန်ခဲ့တော့သည်။

မိုင် (၃၀)ခန့်သာ ကွမ်းခြံကုန်းနှင့်ဒလ ခရီးဝေးသဖြင့် (၁)နာ
ခန့်ဖြင့် ရောက်သည်။ ကူးတို့သင်္ဘောကြီးစီး၍ ရန်ကုန်ဘက် ပြန်ကူ
ဆိပ်ကမ်းသာလမ်း၊ အမှတ် (၁၄၉)၊ ကိုတင်ထွန်း၏ရုံးခန်းသို့ ရောက်တေ
ညနေ (၃)နာရီခန့်သာ ရှိသေးသည်။

ခရီးရောက်မဆိုက်ပင် ကိုအုံးသွယ် လက်ဆောင်ပေးလိုက်သေ
ဆရာစံ၏ဓားနှင့် ရေးပေးလိုက်သောစာကို ကိုတင်ထွန်းအား ပေးလိုက်ရ
ကိုတင်ထွန်းမှာ လွန်စွာ သဘောကျနှစ်မြို့နေသည်။ ကိုအုံးသွယ်၏စာအာ
ဖတ်ကြည့်ပြီးနောက် ထန်းတောရွာတိုက်ပွဲတွင် စစ်ပုလိပ်ခေါင်း(၁၀)လုံးအာ
ဖြတ်ခဲ့သည်ဟု ကိုအုံးသွယ်ကရေးထားသဖြင့် အတန်ငယ် ရွံ့ကြောက်ရေ
ဟန်တော့ တွေ့ရသည်။

ကျွန်တော်ကတော့ ယူနီဖောင်းဝတ်ကလာခဲ့သူပီပီ လုပ်ငန်းကိ
များ ပြီးမြောက်ပြီဖြစ်၍ ဒေးဒရဲမြို့မှ ကိုအုံးသွယ်ထံသို့ ရန်ကုန်သို့ ချောချေ
စွာ ပြန်ရောက်ကြောင်းနှင့် လက်ဆောင်သမိုင်းဝင်ဓားအား ကိုတင်ထွန်းထံ
သို့ ပေးအပ်ပြီးဖြစ်ကြောင်း တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်ရပ
တော့သည်။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ကျွန်ုပ်တို့မြို့လေးကို တချို့က တစ္ဆေမြို့ဟု ခေါ်သည်။

မြို့လေးမှာ ထူးဆန်းသော အဖြစ်အပျက်တွေက တစ်ပုံတစ်ပင် ညည မြို့လယ်ခေါင် နာရီစင်ကြီးမှ ၁၃ ချက်မြည်လျှင် နောက်တစ် လူတစ်ယောက်သေသည်ဟူသော ပြောစမှတ်။ ကိုယ်မပါသော ဝံပု ကောင်များ လပြည့်လကွယ် မြို့ထဲသွားလာတတ်သည်ဟူသော သတ ဆို။

မြို့အပြင်သချိုင်းမှ ခွေးအူသံပေါ်လျှင် လူမည်းကြီးတစ်ကောင် မြ ထဲဝင်လာသည်ဟူသော ချောက်ချားမှုမျိုး စသည်ဖြင့် အဖြစ်အပျက် က စုံသည်။ သို့သော်လည်း အချိန်ကြာမြင့်လာသောအခါ အထက်ပါ တို့ကို လူတိုင်း မေ့ပျောက်ကုန်ကြ၏။ မပြောကြတော့။

သို့ရာတွင် ထိုအမွေဆိုးကို ဆက်ခံသူမှာ ကျော်လင်း။ ကျော် သည် ကျွန်ုပ်တို့၏ အချစ်ဆုံးသူငယ်ချင်း။





ကျွန်ုပ်တို့ဆိုလိုသည်မှာ သူငယ်ချင်း (၄)ဦး။ ကျွန်ုပ်အပါအဝင် သားဦး၊ ချိုကြီးနှင့် ကျော်လင်းတို့ဖြစ်ကြသည်။ ကျောင်းနေဘက် ငယ်သူငယ်ချင်းတွေ။ ကျွန်ုပ်တို့အထဲမှာ ချိုကြီးက အသက်အရွယ်အကြီးဆုံး။ ပြီးတော့ အကြောက်တတ်ဆုံး။ သရဲတစ္ဆေအကြောင်း သူ့ရှေ့ ပြော၍မရ။ ပြောလျှင် လူကြားထဲ အတင်းဝင်တိုး၍ ကြောက်ဒူးတုန်နေတတ်၏။

ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့သူငယ်ချင်း (၄)ဦးမှာ သိပ်ချစ်ကြပါသည်။

ကျော်လင်းအကြောင်း ဆက်ပါဦးမည်။ ကျော်လင်းသည် ကျွန်ုပ်တို့အဖွဲ့မှာ ပျော်ပျော်နေတတ်သလောက် ငယ်စဉ်ကတည်းက အခြောက်အလှန့် ဝါသနာပါသူ။ ကျွန်ုပ်တို့ သူ၏ခြောက်လှန့်ခြင်းကို အကြိမ်ကြိမ်ခံခဲ့ရဖူးသည်။ ကျော်လင်းဆိုသည့် သူကောင့်သားကလည်း ကြောက်ပါသည်ဆိုမှ ပိုခြောက်လှန့်တတ်သူ။ ချိုကြီးဆိုလျှင် ကျော်လင်းကို ရွံ့ကြောက်ကြီးဖြစ်နေ၏။

လူကြီးမိဘများက ကျော်လင်းကို တား၍တစ်မျိုး၊ ဖျောင်းဖျ၍တစ်ဖုံ၊ အမျိုးမျိုး ပြောဆိုသော်လည်း ရှေ့တွင်ခေါင်းညိတ်ပြီး နောက်ကွယ်၌ ပို၍လုပ်ပြတတ်သူ။ ထို့ကြောင့် ကျော်လင်းကို ချစ်ကြသော်လည်း ခြောက်လှန့်တတ်သော သူ၏ဗီဇကြောင့် သတိထားပေါင်းနေရသည်။

တစ်ခါကလည်း သူ့ကောင်မလေးနှင့် ထိုကိစ္စကြောင့် ပြဿနာအကြီးအကျယ်တက်ပြီး လမ်းခွဲခဲ့ရဖူးသည်။ သူ့ကောင်မလေးသည် ကျွန်ုပ်တို့မြို့လေး၌ ငွေကြေးချမ်းသာပြီး ပညာတတ်ဖြစ်၏။ သဘောကောင်းသည်။ ပြီးတော့ အလွန်ကြောက်တတ်သူဖြစ်၏။ သရဲ၊ တစ္ဆေကို ဆိုလိုခြင်းဖြစ်သည်။

တစ်နေ့ . . .

ထိုနေ့က ဆောင်းမနက်ခင်း။

သူ့ကောင်မလေးကို မြို့အပြင်ရှိ ခရေပင်ကြီးအောက်သို့ ချိန်းဆိုလိုက်၏။ ကောင်မလေးရောက်လာသည့်အခါ ရိုးရိုးတန်းတန်းမနေဘဲ သစ်ပင်ပေါ်မှ ခုန်ချပြီး ခြောက်လှန့်လိုက်သဖြင့် ကောင်မလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



သွေးလန့်ပြီး ဆေးတွေဘာတွေ ကုလိုက်ရ၏။ ရက်သတ္တပတ်မျှ ကြာသည် အထိ။

သည်ကတည်းက ကျော်လင်းကို သူ့ကောင်မလေး အပြီးတိုင် လမ်းခွဲသွားခြင်းပင်။

ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့သူငယ်ချင်းတစ်စု ကျော်လင်း ကောင်မလေးကို ရှင်းပြဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ကြ၏။ သို့သော် အချည်းနှီး သာ။ ကောင်မလေးက သူ့အသံတောင် မကြားချင်တော့ဟု စိမ်းပြတ်ပြတ် ဆိုသည်။ နောက်ဆုံး ကျွန်ုပ်တို့သာ လက်လျှော့လိုက်ရ၏။

ယခုလည်း ကျော်လင်းသည် ချစ်သူတစ်ယောက် ဆုံးရှုံးသွားသည် ကို မမှတ်ဘဲ ခြောက်လှန့်နေဆဲဖြစ်၏။

ဒီကောင် ခြောက်လှန့်သည့် ခြောက်လှန့်မှုမျိုးကလည်း ယုတ္တိရှိ သည်။ အကြောင်းသိသော ကျွန်ုပ်တို့ပင် အကြိမ်ကြိမ်ခံရတာသာ ကြည့် တော့။

ညနေစောင်း နေဝင်ဖျိုးဖျအချိန် မြို့အပြင် သချိုင်းကုန်းထွက်၍ လာသမျှလူများကို ခြောက်လှန့်လွှတ်သည်။ တချို့ အကြောင်းမသိသူများ ဆိုလျှင် တကယ့်သရဲခြောက်သည်ဟူသော သတင်းက တစ်မြို့လုံး ပျံ့သွား စေသည်။

သေချာစုံစမ်းတော့ ကျော်လင်းဖြစ်နေ၏။ ဒီတော့ အားလုံးက ကျော်လင်းကို မေတ္တာပိုင်းပို့သည်။ ကျွန်ုပ်တို့ အပြစ်ပြောလျှင်လည်း ပြုံး ဖြီးဖြီးနှင့် ဘာမျှပြန်မပြောဘဲ အသာငြိမ်နေတတ်သူ။ အကြောင်းမသိလျှင်- တကယ့် မခုတ်တတ်သည့်ကြောင်။

ခုလည်း သူမဟုတ်သည့်အတိုင်း တစ်ချိန်က နာမည်ကြီးခဲ့သော မြို့လေး၏ ထင်ရှားမှုအမွေကိုယူ၍ တစ်စခန်းထလာပြန်ပြီ။

အကြောင်းမှာ သီတင်းကျွတ်ပွဲတော်ညတွင် အလွန်ကြောက် စရာကောင်းသော သရဲမျက်နှာဖုံး အရုပ်ကြီးတစ်ရုပ်ကို မည်သည့်အရပ်၊ သို့မဟုတ် မည်သည့်မိတ်ဆွေ၊ မည်သည့်မြို့၌ ဝယ်ယူလာမှန်းမသိသော ထိုအရုပ်ကြီးကို မျက်နှာ၌တပ်၍ တစ်အိမ်တက်ဆင်း ခြောက်လှန့်နေခဲ့ သောကြောင့် ဖြစ်သည်။





တချို့ကလေးများဆိုလျှင် ကျော်လင်း၏ ခြောက်လှန့်မှုကြောင့် ကြသည်။ ကလေးမိဘများမှာ ကျော်လင်းကို ရန်တွေ့ကြတော့ တော့ ကျွန်ုပ်တို့ ဝင်ပါရပြန်ပြီ။ တောင်းပန်သင့်သူကို တောင်းပန်၍ ချော့ သင့်သူကို ချော့ရသည်။

ဒါတောင် ကျော်လင်းဆိုသည့် သူကောင်းသားက အမှတ်မရှိချေ ပျောက်ဘဲ ခြောက်လှန့်နေဆဲသာဖြစ်သည်။

✿ ✿ ✿

[၂]

❑

တစ်နေ့ ကျွန်ုပ်တို့ထံ သူငယ်ချင်းမေဇင်ထွန်းနှင့် စုလတ် ရောက် သည်။

"နင်တို့ဆီလာတာ အကူအညီတောင်းမလို့"

မေဇင်ထွန်းက ပြောပြီး အားလုံးကို အားကိုးတကြီးပုံစံမျိုးနှင့် သည်။ မျက်နှာလည်း သိပ်မကောင်း။

"ဘာကိစ္စလဲ .. မေဇင်ထွန်း။ ငါတို့ ဘာအကူအညီ ပေးရမလဲ"

ကူညီဖို့ကိစ္စဆိုလျှင်လည်း ရှေ့ဆုံးမှပါဝင်တတ်သူ ကျော်လင်းက က်သည်။ အားလုံးလည်း ကျော်လင်းဆန္ဒအတိုင်း ရှိကြ၏။ ဤနေရာ င်တော့ ကျော်လင်းဆိုသည့်ကောင်က လေးစားစရာကောင်းသူ။ မည် အကူအညီတောင်းတောင်း ခေါင်းရှောင်လေ့မရှိ။ တတ်နိုင်သလောက် တတ်သူ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဟ . . . မနေ့ညက ငါ့ဦးလေးဆုံးသွားလို့။ အဲဒါ နင်တို့အဖွဲ့ကပဲ ဦးစီးပြီး ကူညီပေးဖို့ပါ"

မေဖင်ထွန်း၏စကားအဆုံးမှာ အားလုံး တအံ့တဩနှင့် ကြည့်လိုက်သည်။ အဆိုးဆုံးမှာ ချုံကြီးပင်ဖြစ်၏။ သရဲထစ္ဆေကြောက်တတ်သူမဟုတ်ပါလား။

"ဒါနဲ့ နေစမ်းပါဦး။ နင်တို့ဦးလေးမှာ ဆွေမျိုးသားချင်းတွေ မရှိဘူးလား"

ကျော်လင်း၏အမေးကို မေဖင်ထွန်းက အားမရှိစွာ ခေါင်းခါလိုက်ရင်း . . .

"မရှိလို့ နင်တို့ဆီ အကူအညီတောင်းတာပေါ့ဟာ။ သူက လူပျိုကြီး။ မြို့အပြင်က ခြံကြီးထဲမှာ တစ်ယောက်တည်းနေတာ။ ဒီကိစ္စကို တူအရင်းခေါက်ခေါက်ဖြစ်တဲ့ ငါမှ မဆောင်ရွက်ရင် ဦးလေးဈာပန မြေကျမှာမဟုတ်ဘူး"

"ကောင်းပြီလေ . . . ငါတို့အားလုံး ကူညီပေးပါ့မယ်။ နင် စိတ်အေးအေးထား နေလိုက်တော့ . . . ဟုတ်လား"

"ဟုတ်တယ် . . . မေဖင်ထွန်း။ နင်ဘာမှ အားမငယ်နဲ့။ သူစိမ်းတွေတောင် ငါတို့ ကူညီသေးတာ။ ငါတို့သူငယ်ချင်း အရင်းခေါက်ခေါက်နင့်ကို ပိုကူညီသင့်တာပေါ့ဟာ"

ကျော်လင်းစကားကို ကျွန်ုပ်က ဝင်ထောက်ခံလိုက်ခြင်းဖြစ်သည်။

"ကျေးဇူးတင်ပါတယ်ဟာ"

ဒီလိုနှင့် ကျွန်ုပ်တို့ သူငယ်ချင်း (၄) ဦး မေဖင်ထွန်း အကူအညီတောင်းရာ သူမ၏ ဦးလေးအိမ်သို့ လိုက်ပါသွားကြသည်။

ခြံက အကျယ်ကြီး။ အိမ်ကြီးကလည်း ရေနံ့ဝနေသော ရှေးဟောင်းအိမ်မည်းကြီး။ လွန်စွာမှ ချောက်ချားစရာ။

ထို့နောက် မေဖင်ထွန်း၏ ဦးလေးဈာပနကိစ္စအား ရပ်ကွက်ထဲ လူကြီးများနှင့်တိုင်ပင်၍ ဆောင်ရွက်သည်။

**စိတ်ကူးသစ်စာပေ**



ဈာပနမြေကျ၍ ရက်လည်သောနေ့မှပင် အားလုံးစိတ်စိတ်ထဲမှလည်း ပေါ့ပါးသွားကြသည်။ သို့ရာတွင် ထိုခြံကြီးအား သေဆုံးသူ မေဖင်ထွန်း၏ဦးလေး သေတမ်းစာအရ ထိုခြံနှင့် အိမ်ကြီးအား ရောင်းချငွေတစ်ဝက်ကို ကျောင်းဆောက်လှူရန်နှင့် ကျန်တစ်ဝက်ကို သူမအား အမွေအဖြစ် လွှဲပြောင်းပေးခဲ့ကြောင်း ရှေ့နေထံမှ သိရသောအခါ မေဖင်ထွန်းသည် ထိုအိမ်ကြီးအား မရောင်းမီစပ်ကြား ကျွန်ုပ်တို့ပင် စောင့်ရှောက်နေထိုင်ပေးရန် အကူအညီတောင်းပြန်၏။

ကျွန်ုပ်တို့ကလည်း အလွယ်တကူပင် လက်ခံလိုက်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအိမ်ကြီးအတွင်း၌ အဖိုးတန် အိမ်အသုံးအဆောင်ပစ္စည်းများ ရှိနေသောကြောင့်ဖြစ်သည်။

ထိုအိမ်ကြီးကို ဝယ်မည့်သူနှင့် ဈေးဆိုင်ထားသည်မှာလည်း ရက်အနည်းငယ်သာ ရှိတော့သဖြင့် အဆုံးတိုင်ကူညီပေးရန် ဆုံးဖြတ်ခဲ့ကြခြင်းပင်။

ထိုညက ဈာပနမြေကျပြီး ရက်လည်ညဖြစ်၏။ ထိုညက ကျွန်ုပ်တို့သည် တစ်လျှောက်လုံး ညမအိပ် နေ့မနားရှိခဲ့သဖြင့် အတိုးချအိပ်စက်ရန် ညဦးပိုင်းကတည်းက အိပ်ရာသို့ စောစောဝင်လိုက်ကြ၏။

သို့ဖြင့် ည၌ ၁၂း၀၀ နာရီအချိန်သို့ ရောက်သောအခါ ထိုအိမ်ကြီးအတွင်းထဲ လွန်စွာမှ ကြောက်မက်ဖွယ်ကောင်းသော ရယ်သံကြီးကို ကြားလိုက်ရသဖြင့် အားလုံး အိပ်ရာမှ နိုးထလာကြသည်။

ထိုအချိန်တွင် ကျော်လင်းပျောက်နေသည်။ အိပ်ရာထဲတွင် မတွေ့။ အားလုံး မျက်လုံးပြူးသွားကြ၏။

ထိုစဉ်အခိုက် လွန်စွာမှ ချောက်ချားဖွယ်ကောင်းသော အသံနက်တစ်ခုက ပေါ်လာ၏။

"ကူညီကြပါဦး . . . ငါ့ကို ကူညီကြပါဦး"

ကျော်လင်း၏ အသံဖြစ်သည်။ အသံက ဝေးသွားလိုက်၊ ကျယ်လာလိုက် ဖြစ်နေ၏။ အားလုံး ဇောချွေးများပြန်လာကာ မည်သို့လုပ်ရမှန်းမသိ။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ကူညီကြပါဦး . . . ငါ့ကို ကူညီကြပါဦးကွာ"

အိမ်ထပ်ခိုးပေါ်မှ အသံဖြစ်သည်။ ကျွန်ုပ်တို့အား အိမ်အောက်ထပ်ဧည့်ခန်းထဲ၌ စုအိပ်ကြခြင်းဖြစ်သည်။

ထို့ကြောင့် အိမ်ထပ်ခိုးပေါ်သို့ ပြေးတက်ခဲ့ကြ၏။ အသံလာရာအခန်းတံခါးကို ဆွဲဖွင့်လိုက်သောအခါ အားလုံး ကြက်သေသေ၍ မျက်လုံးပြူးသွားကြတော့၏။

အဘယ်ကြောင့်ဆိုသော် လျှာကြီးတန်းလန်း၊ သွေးအလိမ်းလိမ်းဖြင့် ရှိနေသော ကျော်လင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ထိုအချိန်မှာ ကျွန်ုပ်တို့အားလုံး ပြန်ပြေးရကောင်းနိုး၊ ရှေ့ပဲ တိုးရကောင်းနိုး ရှိနေကြ၏။ နောက်ဆုံး သွေးအလိမ်းလိမ်းဖြင့် လဲကျနေသော ကျော်လင်း၏အနားသို့ ကျွန်ုပ်တို့အားလုံး ရောက်သွားကြ၏။

ထိုအချိန်မှာ လဲကျနေသော ကျော်လင်းက . . .

"ဝါး . . ."

ဟု အော်ဟစ်၍ ကျွန်ုပ်တို့ကို လှမ်းဖက်လိုက်လေ၏။ ရုတ်တရက် ကျွန်ုပ်တို့ ကြောင်ငေးကြည့်ကာ ရှိနေချိန်မှာပင် ချိုကြီးခမျာ မေ့မောက်ပါလေတော့သည်။

သွေးသံတရဲရဲနှင့် လှမ်းဖက်လိုက်သော ကျော်လင်းကိုကြည့်၍ ချိုကြီး သတိလစ်သွားခြင်းကြောင့် ဖြစ်၏။

"ချိုကြီး . . . ငါပါဟ။ ငါ တကယ်မဖြစ်ပါဘူး။ မင်းတို့ကို တမင်ခြောက်လှန့်လိုက်တာပါ။ သူငယ်ချင်းချိုကြီး . . . သတိရပါဦး"

ချိုကြီးကို နှာနှပ်၍ မနည်းသတိပြန်ရအောင် လုပ်ရ၏။ သို့ဖြင့် ချိုကြီး သတိပြန်ရလာသောအချိန်မှာပင် ကျော်လင်းကို အားလုံး ဝိုင်းဆဲကြတော့သည်။

ကျော်လင်းဆိုသည့်ကောင်က ဤမျှအထိ ကျွန်ုပ်တို့အပေါ် ခြောက်လှန့်ကျီစားတတ်သူဖြစ်၏။ မိတ်ဆွေတို့ ကျော်လင်း၏အကြောင်းကို ယုံပြီမဟုတ်လား။





ထို့နောက် ရက်သတ္တပတ် တစ်ပတ်ပြည့်သောနေ့မှာပင် အိမ်ရောင်းအဝယ် တည့်သွား၏။ ကျွန်ုပ်တို့ စောင့်ရှောက်ညအိပ်ရန် မလိုတော့ချေ။

ထိုနေ့မှာပင် ကျော်လင်းသည် ၎င်း၏မိဘများနိုင်ငံစေရာ ပဲခူးသို့ အလုပ်ကိစ္စဖြင့် ခရီးထွက်သွားရ၏။ ရက်သတ္တပတ် တစ်ပတ်မျှ ကြာမည်ဟု သိရသည်။

✿ ✿ ✿

|၃|

ရက်သတ္တတစ်ပတ် မြောက်သောနေ့မှာ သတင်းဆိုးတစ်ခု ဝင်လာ၏။ ထိုသတင်းဆိုးမှာ ကျော်လင်းသည် ပဲခူးမြို့မှအပြန် ကားအက်ဆီးဒင့်ဖြင့် ဆုံးပါးသွားသော သတင်းဆိုးဖြစ်သည်။

ကျွန်ုပ်တို့အားလုံး ထိုသတင်းဆိုးကို ကြားသိသိချင်း အံ့ဩ မယုံနိုင်ဖြစ်၍ ရှိနေကြသည်။ သို့သော် မယုံကြည်၍လည်းမရ။ ကျော်လင်းအလောင်းအား ဆေးရုံမှတစ်ဆင့် အိမ်သို့ ပြန်သယ်ယူလာသောကြောင့်ဖြစ်၏။

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကျော်လင်းအလောင်းကို ကြည့်၍ ကျွန်ုပ်တို့ လွန်စွာမှ ကြေကွဲဝမ်းနည်းကြရသည်။

"အဖြစ်ဆိုးလှချည်လား . . . သူငယ်ချင်းရယ်။ အဖြစ်အပျက်ကသည့်ကို မယုံကြည်ချင်စရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဝမ်းနည်းကြေကွဲမှုနှင့် မယုံကြည်ခြင်းတို့က မည်သို့မျှ လက်မခံလိုက်ကြချေ။ ကျော်လင်းအလောင်းအား အိပ်ပြန်သယ်လာပြီး ညပိုင်းမှာပင် ကျွန်ုပ်တို့ ကျန် (၃)ဦးအတွက် ဆိုးရွားသော အဖြစ်အပျက်များကို ကြုံရတော့သည်။

မသေခင်က ကျွန်ုပ်တို့အား အမျိုးမျိုး ခြောက်လှန့်တတ်သော ကျော်လင်းသည် ယခု တကယ်သေဆုံးပြီဆိုသောအခါ တကယ်ပင် ခြောက်လှန့်လေမလားဟူသည်ကို တွေးလိုက်မိကြခြင်းကြောင့်ပင်။

"ဒုက္ခပါပဲကွာ . . . မသေခင်က အမျိုးမျိုးခြောက်လှန့်ခဲ့တဲ့ ကျော်လင်း။ အခုဆို ပိုခြောက်လှန့်တော့မှာ ကျိန်းသေတယ်"

"အင်း . . . ဟုတ်တယ်ကွ။ ဒီကောင်ကြီးသေဆုံးလို့ ဝမ်းနည်းကြေကွဲရတာမှ မဆုံးသေးဘူး။ ကြောက်လန့်စရာ ဖြစ်နေပြီ"

"ငါတော့ တစ်ယောက်တည်း အိမ်မှာမနေရဲတော့ဘူး။ ထွန်းဦးနဲ့ သာဦးရာ ငါမင်းတို့နဲ့ လာနေပါရစေကွာ"

ကျွန်ုပ်စကားအဆုံးမှာ သာဦးနှင့်ချိုကြီးက သူတို့၏ခံစားချက်ကို အသီးသီး ဆိုလာကြတော့သည်။

"ဒါဆိုလည်း မင်းအိမ်မှာ ငါတို့နှစ်ယောက်ပါ လာအိပ်မယ်ကွာ"

ကျွန်ုပ်တို့၏စကားကြောင့် ချိုကြီး ဝမ်းသာသွား၏။ ထို့နောက် ကျော်လင်းရှာပနကိစ္စ ရက်မလည်ခင် ရက်ပိုင်းအတွင်း ချိုကြီး၏အိမ်၌ ကျွန်ုပ်တို့သုံးဦး အိပ်ဖြစ်ကြသည်။ ချိုကြီးစိတ်ငြိမ်၍ မေ့ပျောက်သွားသောအချိန်မှ ကိုယ့်အိမ်ကိုယ်ပြန်မည်ဟု ဆုံးဖြတ်လိုက်ကြတော့သည်။

သို့ဖြင့် ချိုကြီးနှင့်အတူ ချိုကြီးအိမ်သို့ ကျွန်ုပ်တို့ အဖော်သွားအိပ်သောညမှာပင် ညဦးပိုင်းကတည်းက မအိပ်ကြဘဲ ဧည့်ခန်းအတွင်း ဝိုင်းဖွဲ့၍ ထိုင်နေကြ၏။

ချိုကြီးကြောက်မည်ဆိုလည်း ကြောက်ချင်စရာ။ ကျွန်ုပ်တို့ပင် ကျော်လင်းအကြောင်း သိထားသဖြင့် ဘာများဖြစ်မလဲဟူသော ဒွိဟစိတ်ဖြင့် ချောက်ချားနေကြခြင်းကြောင့်ပင်။

ညကား တဖြည်းဖြည်း ရင့်အို၍ နက်လာပြီဖြစ်၏။ ကျွန်ုပ်တို့ သုံးဦးမှာ ည ၁၂ နာရီထိုးသော်လည်း မအိပ်ပဲကြဘဲရှိကာ ထိုင်နေကြ၏





ဖောချွေးများပြန်၍ ထိတ်လန့်နေ၏။ အဝေးဆီမှ တစ်ချက်တစ်ချက် လွင့်စွာမှ သွေးပျက်ဖွယ်ကောင်းသော ခွေးအူသံတို့ကို ကြားရချိန်၌ ချိုကြီးမှာ ကျွန်ုပ်တို့ထက်ပင် ကြောက်ဒူးပိုတုန်၍ အသက်ရှူသံတွေ ပြင်းထန်နေသည်။

တိုင်ကပ်နာရီမှ တချက်ချက်မြည်သံကလည်း တိတ်ဆိတ်နေသော ဧည့်ခန်းအတွင်း လွင့်စွာမှ ချောက်ချားဖွယ်ကောင်းပါသည်။

ထိုအခိုက်မှာ အိမ်ရှေ့ပေါက်ဘက်မှ ခြေသံတဖျပ်ဖျပ် ကြားရသည်။

"ဝုန်း . . ."

"အမယ်လေး . . . ကယ်တော်မူပါ"

"မြတ်စွာဘုရား . . ."

"တောက် . . . ဒီကြောင်ကကွာ လန့်လိုက်တာ"

ခေါင်းရင်းပြတင်းဘောင်ပေါ်မှ ကြောင်တစ်ကောင် ရုတ်တရက် ခုန်ချလာသဖြင့် အားလုံး စိတ်အေးသွားသည်။

"ညတာကလည်း ရှည်လိုက်တာကွာ"

ချိုကြီးက အသံတုန်တုန်ယင်ယင်နှင့် ညည်းလိုက်ခြင်းဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် ကျော်လင်း လာခြောက်လှန့်လေမလားဟူသော ကြောက်စိတ်ဖြင့် မည်သို့မျှ မအိပ်စက်နိုင်ဘဲရှိ၏။ ဤသို့ဖြင့် ညတာကုန်ဆုံး၍ မိုးစင်စင် လင်းခဲ့ရချေပြီ။

ကျော်လင်းသည် ကျွန်ုပ်တို့ စွဲထင်ထားသလို ထိုညက ခြောက်လှန့်ခြင်းမျိုးမရှိပါ။ အရိပ်အယောင်မျှပင် မမြင်။ ကျွန်ုပ်တို့ ကြောက်လန့်နေ၍ မခြောက်လှန့်ခြင်းပေလော။ သို့တည်းမဟုတ် ကျော်လင်း၏ဝိညာဉ် ခရီးလွန်နေ၍လော။

ကျွန်ုပ်တို့ စဉ်းစားအဖြေရှာမရနိုင်ဘဲ နောက်ညပေါင်းများစွာကို ထိုကဲ့သို့ပင် ကျော်ဖြတ်ရပေဦးတော့မည်။

စကြာဒေဝီ

www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

❑

"ရွှေမင်းဆိုတဲ့ ကျုပ်ရဲ့ဘဝကတော့ ဇာတ်ပွဲကတဲ့အနေနဲ့ ပြောမယ်ဆိုရင် နောက်ပိုင်းငိုချင်းချရတဲ့ ဇာတ်တော်ကြီးတွေကနေရတဲ့ ဘဝမင်းသားကြီးဖြစ်နေပါပြီ ... စာရေးဆရာရယ်"

ကျွန်တော်နှင့်တွေ့ပြီး သိပ်မကြာသော ရက်ပိုင်းအတွင်းမှာ ရွှေမင်းဆိုသော ခြေသလုံးအိမ်တိုင်လုပ်နေသူရဲ့ စကားကို ခြောက်ကပ်အက်ကွဲစွာ ကြားရလေသည်။

"သဘာဝမင်းသားကြီး မဟုတ်ဘူးလား"

"ဘဝမင်းသားကြီးဗျ ... ငိုချင်းတွေ မပြတ်တမ်း ချနေရပြီလေ။ ကျုပ် ထောင်ကလွတ်လာပြီးကတည်းက ကျုပ်မိဘ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးအသိုင်းအဝိုင်းက ကျုပ်ကို စွန့်လွှတ်သွားတယ်။ နောက်ဆုံး ကျုပ်ကို သိပ်ချစ်ပါတယ်ဆိုတဲ့ မိန်းမကလည်း ကျုပ်သားလေး တစ်နှစ်သားလိုခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်လင်နောက်လိုက်သွားပြီး ကျူပ်ဘဝမှာ ဘာမှမရှိတော့ဘူး။ အခိပ္ပာယ် မရှိတော့ဘူး စာရေးဆရာရဲ့။ လမ်းလျှောက်နေပေမယ့် လမ်းပျောက်နေပြီ။ ဆူးညှောင့်ဖွက်တောထဲ ရှုန်းတိုးသွားနေရတဲ့ ဒုက္ခိတလိုဖြစ်နေပြီဗျာ''

ဘုရားစောင်းတန်းရှည်ကြီးရဲ့ အနောက်ဖက်မုခ်ဦးထိပ်ရှိ သစ်သား ခုံတန်းရှည်ကြီးပေါ်မှာ စာရေးသူက တစ်ဖက်ခြမ်းမှာထိုင်။ ကိုဌေးမင်းက တစ်ဖက်ရှည်ခုံတန်းရှည်ကြီးပေါ်မှာ ခြေပစ်လက်ပစ်လှဲပြီး ပြောနေကြခြင်း ပင်။

ကိုဌေးမင်းခမျာ ရေမချိုးခဲ့တာလဲ ကြာခဲ့ပုံရ၏။ ညစ်ပတ်ပတ်ဖြစ် နေ၏။ လူကလည်း ပိန်လှီပိန်ကိုင်းကြီး၊ အရပ်အမောင်းကောင်းသော်လည်း အရာမဝင်တော့။ မျက်နှာပုံစံကလည်း ဥပဓိရုပ်ကောင်းခဲ့ပုံပေါ်လွင်၏။ သို့ပြား အရောင်အဆင်း အိုမင်းပိန်လှီနေပြီ။ သူများသဒ္ဓါလို့ ကျွေးသွားမှ စားရ သည့်ဘဝ။

ဒီဘုရားစောင်းတန်းရှည်ကြီးမှာ သစ်သားခုံတန်းရှည်ကြီးတွေ ဟိုဖက်ဒီဖက် နှစ်ခုရှိ၏။ တစ်ခုလျှင် အလျားပေ ၂၀၊ အနံ ၆ ပေခန့် ကျယ် ဝန်း၏။ အများထိုင်နားနိုင်ရန် စောင်းတန်းအလှူရှင်တွေက လုပ်ပေးထား ခြင်းပင်။

ဒီနေရာလေးက အေးချမ်းငြိမ်သက်၏။ လူသွားလူလာလည်း နည်းပါး၏။ ဟိုတုန်းကဆိုလျှင် ရာဇဝတ်မှုတွေ မကြာခဏ ဖြစ်တတ်သော နေရာ။ စောင်းတန်းကြီးက အရှည်ကြီး။ ကားလမ်းမုခ်ဦးဝ ခုံတန်းနေရာ ကနေ ဘုရားရင်ပြင်တော်ဆီရောက်ဖို့ ကိုက်တစ်ရာခန့် လျှောက်ရ၏။

သွပ်မိုးပြီး သံကိုယ်ထည်၊ သစ်သားရောပြီးလုပ်ထားသော စောင်း တန်းရှည်ကြီးပင်။ ဒီစောင်းတန်းမှာ စာရေးသူက ရေးဖြစ်ရခြင်းမှာ (၁) အေး ဆေးမှုရှိခြင်း (၂) ပရလောကသားနှင့်ပတ်သက်မှု ဇာတ်လမ်းတစ်ခု ပွပွချွေးချွေး ဖြစ်သွားထား၍ မသိမသာကလေး လာရေးမိခြင်းလည်းဖြစ်၏။

ပွပွချွေးချွေး ဇာတ်လမ်းလေးဆိုသည်မှာ ဒီလိုရှိ၏။ ဆိုးပေဆို သော အသက်အစိတ်ခန့် လူတစ်ယောက် စောင်းတန်းပေါ်က သွပ်တွေကို မိုးပြီး ညာရောင်းစား၏။ ပထမတစ်ကြိမ် သုံးလေးချပ်ပါသွား၏။ ဘာမှ





ဖြစ်သေး။ ဒုတိယအကြိမ် ခြောက်ချပ်လောက်ပါသွား၏။ ဘာမှ မထူးခြား သေး။ ဂေါပကအဖွဲ့တွေကလည်း အခြားအရေးကြီးတာတွေ ဂရုစိုက်နေ၍ ပျောက်တာကို နောက်မှသိကြ၏။ အစောင့်ကလည်း စောင်းတန်းရှည်ကြီး အတိုင်း မထားနိုင်။

လခကောင်းကောင်းပေးလည်း ဘယ်သူမှ မစောင့်ချင်ကြ။ အနောက် ဖက်စောင်းတန်းရှည်ကြီးက အခြောက်အလှန့်ကြမ်း၏။ ဘယ်သူမှ မစောင့် ရဲ။ နှစ်ယောက်လောက် ထားတာတောင် "မစောင့်ရဲ။

သူမိုးကျတော့ အဲဒီခြောက်လှန့်တဲ့ ပရလောကသားတွေက ဘာမှ လုပ်ဖူးလား။ မေးစရာရှိလာ၏။ တတိယအကြိမ်မြောက်မှာ ခရီးထွက်သွား ရာက ပြန်ရောက်လာဟန်တူသော ပရလောကသား (သရဲသဘက်)ကြီးနှင့် သူခိုး ဆိုးပေတို့ ပက်ပင်းတိုးပါလေပြီ။

လူသူနှင့်ဝေးလွန်း၍ သွပ်ခွာသံမြည်လည်း အကြောင်းမဟုတ်။ ဆိုးပေကလည်း အောက်လမ်းဆရာပညာက မတောက်တခေါက်လေတတ်ထား တော့ တော်တန်ရုံသရဲလောက်ကို ဝေါက်ထုတ်လို့တောင်ရတဲ့ကောင်မျိုး။

ဆိုးပေ သွပ်တွေခွာနေတဲ့ ညသန်းခေါင်ကြီးမှာ အပေါ်သွပ်မိုး အတိုင်း ဖရောမမဲမဲကြီး တစ်ကောင်ရောက်လာတယ်။ သွပ်တွေပေါ် တဝုန်း ဝုန်း ခြေဆောင့်နင်းလာပြီ။

''ရပ်စမ်း ... ဆင်းစမ်း''

ဒီနှစ်လုံးပဲ အော်ပြောတယ်။ ဆိုးပေကလည်း အရက်ရှိန်နဲ့ မတောက် တစ်ခေါက် အောက်ပညာရှိန်လေးနဲ့ ဆိုတော့မကြောက်ဘူး။ သွပ်ဈေးက ကောင်းနေတော့ ဒီတစ်ကြိမ် သွပ်ဆယ်ချပ်လောက် ခွာသွားဖို့ တေးလာ တာလေ။

''မင်းက ဘာကောင်လဲ၊ ဘာကောင်မိုလို့ငါ့ကို လာတားရတာလဲ။ ထွက်သွားစမ်း ...''

''ရပ်စမ်း ... ဆင်းစမ်း''

''မရပ်ဘူး ... မဆင်းဘူး''

မဲမကြီးက ဆိုးပေကို အတင်ဝင်းလုံးလိုက်ရာက ဆိုးပေအောက် ကိုပြုတ်ကျသွား၏။ (၁၇)ပေလောက် အမြင့်က ပြုတ်ကျ၍ တစ်ခါထဲ အသက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားနိုင်၏။ ဆိုးပေက ခါးကျိုးသလိုဖြစ်သွားပြီး အံကြိတ်ကာ အတင်းပြန်ထနေ၏။ ဘယ်လိုမှ ထလို့မရ။ ခါးကလည်း ကျိုးတာမဟုတ်။ မျက်သွားတာပဲဖြစ်မည်။ ဒရွတ်တိုက်ပြီး ပါးစပ်က ဗလုံးဗထွေးတွေ အော်ဟစ်နေ၏။

အဖော်လိုက်လာသူနှစ်ယောက်က အောက်မှာ စောင့်နေတာမို့ ပြုတ်ကျလာသည့် ဆိုးပေကို ပြေးပွေ့ချီပြီး ထွက်ပြေးကြ၏။ မဲမဲကောင်ကြီးကို မတွေ့ရတော့။

ဆိုးပေ သူ့အိမ်ပြန်ရောက်ပြီး အိပ်ရာထဲလဲနေ၏။ မထနိုင်။ ပယောဂကုတဲ့ဆရာတွေ ခေါ်ပြ၏။ ဘယ်သူမှ ဆိုးပေမှာ ဝင်စီးနေသော အပကို မနိုင်ကြ။

ဆရာတစ်ယောက်က သမ္ဗုဒ္ဓေဂါထာရွတ်ပြီး ရေမန်းတိုက်ဖို့ပြင်၏။ ဆိုးပေမှာ ဝင်စီးနေသော သဘက်ကြီးက သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို လိုက်ဖျက်ဆိုနေ၏။

"သံပုံးတွေ၊ ဆီပုံးတွေ …"

အဲ့ဒါမျိုး သဘက်ကြီး။ စာရေးသူမခံချင်တာလဲ အဲဒီကိစ္စပင်။ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးကို မထီမဲ့မြင်ပြုတာကို လုံးဝမခံချင်။ စာရေးသူငယ်စဉ်ဘဝကတည်းက လက်စွဲ၊ နှုတ်စွဲ ရွတ်ဆိုသော ဂါထာတော်ကို မကောင်းဆိုးဝါးက စော်ကားသည်ဟုထင်ပြီး မကျေနပ်။

အကုသိုလ်က ကုသိုလ်ကို အနိုင်ယူလို့မရ။ စာရေးသူ ထိုအတိုင်းသားခံယူထား၏။ သဘက်ကြီးကို ဂါထာရွတ်ပြီး ပယောဂကုသည့်ဆရာမှာ သီလ၊ သမာဓိအားနည်း၍ ဖြစ်စေ၊ အဲဒီဆရာကိုယ်တိုင်က အကုသိုလ်ကြီးပြီး ကံနိမ့်နေတဲ့ အချိန်နဲ့ကိုက်နေလို့ဖြစ်စေ၊ ဂါထာအစွမ်းကို မပြတာသာဖြစ်ချင်ဖြစ်မည်။

နေ့စဉ်ရွတ်ဆိုနေသော စာရေးသူအဖို့အတွက်တော့ ဂါထာတော်က အလွန်စွမ်း၏။ သဘက်မပြောနဲ့ သူ့ထက်ကြီးတဲ့ မကောင်းဆိုးဝါးပဲလာလာ။ သမ္ဗုဒ္ဓေဂါထာကို စိတ်ထဲက ရွတ်လိုက်တာနဲ့ အကုန်ပြေး။





အိပ်မက်ထဲမှာလည်း ကြုံခဲ့ဖူး၏။ အပြင်လောကမှာလည်း အခြောက်အလန့်ကြမ်းတဲ့နေရာတွေ တစ်ယောက်ထဲဖြတ်သွားရသည့်အခါ ဂါထာရွတ်သွားလျှင် ကြက်သီးလေးတစ်ဖုပင်မထ။

ဥပမာ …

ဆိုင်ကယ်တိုက်လို့ ပွဲချင်းပြီး လူသေဆုံးသွားတဲ့နေရာ၊ ဖြတ်သွားဖြတ်လာတွေကို အတင်းလိုက်ဆွဲသည်ဆိုသော နေရာကို စာရေးသူ ဂါထာတော်ရွတ်ဖတ်ပြီး ဖြတ်သွား ဘာမှမဖြစ်။

အလွန်အစွမ်းထက်မြက်သော ဂါထာတော်ကြီးကို ပြက်ရယ်ပြုသလို လိုက်ရွတ်ရဲသော သဘက်ကောင်ကြီးကို ရင်ဆိုင်တွေ့ပစ်ချင်စိတ်ပေါက်နေမိ၏။

ဆိုးပေရဲ့ အကြောင်းကတော့ စွမ်းတဲ့ဆရာတစ်ယောက်က ဆေးကုပေးမယ်ဆိုပြီး အချိန်မီရောက်မလာ။ အပမှီနေရာက အမဲသားတစ်အိုးချက်ဂါကိုကျွေး၊ မကျွေးရင် ဒီကောင့်ကို စားပစ်မယ်လို့ ခြိမ်းခြောက်။ အိမ်ရှင်တွေကလည်း မကျွေးရဲ။ ဆရာကလည်း မကျွေးဖို့မှာခဲ့။ ဟိုဖက်လမ်းက ပြန်လာချိန်နောက်ကျ။

သဘက်ကြီးကလည်း အဲဒီဆရာရောက်လာရင် ခံရတော့မယ်ဆိုတာသိလို့ ဆိုးပေကို။

"ခြေထောက်ကနေ စ,စားပြီ"

"ဒူးခေါင်းရောက်အောင် စားနေပြီ"

"ဗိုက်ရောက်နေပြီ"

ဆိုကာ အော်ပြောနေ၏။ ဆိုးပေ သူ့ဘာသာ အော်ပြောရင်း သူ့ခြေ၊ သူ့လက်၊ သူ့ဗိုက်တွေ လှုပ်မရ။ တဖြည်းဖြည်း သေလိုက်၏။ နောက်ဆုံးတစ်ကိုယ်လုံးတုန်ကာ သေဆုံးသွား၏။

ဆိုးပေဘာသာ အမြင့်ပေါ်ကကျပြီး ခေါင်းထိသွားလို့ ပေါက်ကရတွေ ပြောတာလား။ သူပြောသလို သဘက်စားခံလိုက်ရတာလားတော့ သေချာမပြောတတ်။ ဆိုးပေ သူ့အိမ်မှာ သုံးလေးရက်ကြာမှ ဆရာစွမ်းသုံ့သူနဲ့ကုသခါနီး သေဆုံးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီဖြစ်ရပ်မှန်ဇာတ်လမ်းလေးကို စာရေးသူလည်း ဝတ္ထုတိုတစ်ပုဒ် ရေးဖူး၏။ တခြားစာရေးဆရာ တစ်ဦး၊ နှစ်ဦးလည်း ရေးပြီး မဂ္ဂဇင်းတွေဆီ ပို့ခဲ့ဖူး၏။

စာရေးသူ ဆက်ရေးပြချင်တာက သဘက်ကြီးကို သမ္မုဒ္ဒေဂါထာ ဘယ်လောက်စွမ်းတယ်ဆိုတာ စာရေးသူကိုယ်တိုင် အစွမ်းပြပြီး ရွတ်ပြချင်နေ၏။ ဆိုးပေ သေခဲ့ရသည့် စောင်းတန်းနေရာကိုလည်း တမင်တကာ လေ့လာခြင်းပင်။ စောင်းတန်းသေးမှာ ဖိုခနောက်ဆိုင် ပေါက်နေသော ထန်းပင်ကြီးသုံးပင်ရှိ၏။ အဲဒီမှာ အဲဒီအကောင်ကြီးနေသည်ဟု သတင်းကြားရ၏။ စောင်းတန်းနေရာမှာ စာရေးသူထက် အရင်ကြိုရောက်နေသူက ကိုဋ္ဌေးမင်းဆိုသောလူ။

ကိုဋ္ဌေးမင်းက ပကာသနဇာတ်ပျက်သမား။ စာရေးသူနဲ့တွေ့တော့ ကွမ်းဖိုး၊ ဆေးလိပ်ဖိုးလေး တောင်း၏။

စာရေးသူက ရေးနေတာကိုကြည့်ပြီး စာရေးဆရာလားဟုမေး၏။

"ဟုတ်တယ်"

"ကျွန်တော့်အကြောင်းကို စာရေးပေးပါလား ဆရာရယ်။ ကျွန်တော်က တစ်ချိန်က ဟော့ဒီမြို့လေးမှာ အထင်ကရကောင်ပါ။ အဲဒီကနေ အခုလို အညတရဘဝကို ရောက်ခဲ့ရတဲ့အဖြစ်က နောက်လာနောက်သားတွေ သတိပြုဆင်ခြင်လို့ရအောင် မိုက်နောင်တဇာတ်လမ်းမျိုးလေး ဆရာ ရေးပေးပါလား"

"ခင်ဗျားအကြောင်းကို အရင်ပြောပြပါဦး။ ဖြစ်ရပ်မှန်ပဲပြောနော် အပိုတွေ မပါစေနဲ့"

"စိတ်ချဆရာ ...ကျွန်တော်ကတော့ ဒီမြို့က ဆွေကြီးမျိုးကြီး ပိုက်ဆံရှိတဲ့ အသိုင်းအဝိုင်းက ပေါက်ဖွားလာတဲ့ လူသားတစ်ယောက်ပါ။ ယခုထိ ဆွေမျိုးတွေက ရိုက်သတ်မကုန်အောင် မြို့ထဲမှာရှိတယ်။ ကျွန်တော့်ကို ဘယ်သူမှ မကူညီကြဘူး။ အားလုံးက ဥပေက္ခာပြုထားကြတယ်။ မိဘတွေ ညီအစ်ကိုမောင်နှမရင်းချာတွေ မရှိတော့တာနဲ့ သူတို့က လျစ်လျူရှုထားကြတယ်။ ကျွန်တော့်ဘဝက ဖောင်စီးရင်း ရေငတ်နေရတဲ့သူလိုမျိုးပါဗျာ"





ကိုဋ္ဌေးမင်းရဲ့ ကြေကွဲဆိုနင့်ဖွယ် ပြောသံကြီးက စာရေးသူရင်မှာ စိတ်မကောင်းခြင်းတွေ ဖြစ်ပေါ်လာစေ၏။

ဒီလိုနဲ့ ကိုဋ္ဌေးမင်းက သူ့အကြောင်းကို စီကာပတ်ကုံး ပြောပြတော့၏။

ဘဝဆိုတာ နိမ့်ချည်တစ်ခါ၊ မြင့်ချီတစ်လှည့်ဆိုတာကို ကိုဋ္ဌေးမင်း မသိခဲ့။ မိဘတွေက မြင့်နေတော့ မြင့်တဲ့ဘဝနဲ့ တစ်သက်လုံးနေသွားရမယ်လို့ ဒုံးဒုံးချ ယုံကြည်ထားခဲ့မိတယ်လေ။ လက်ဖျားငွေသီး ကော့ပြီးနေတဲ့ လူချောလူဖြောင့်ဋ္ဌေးမင်းဆိုရင် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်။ ချစ်သူ ဝိုင်းဝိုင်းလည်နေခဲ့တာပေါ့လေ။

✿ ✿ ✿

[၂]

❑

ဋ္ဌေးမင်းတစ်ယောက် အချောအလှတွေကြားထဲက မင်းသမီးမေသန်းနုနှင့်အလွန်တူသည့် မချောမေနှင့် အိမ်ထောင်ကျသွား၏။ လူပျိုဘဝ သူဋ္ဌေးသားပီပီ သောက်စားသုံးဖြုန်းခဲ့သည့်အချိုးကို မပြင်။ အပေါင်းအသင်းတွေနှင့် ပေါးလားဝါးလားနေထိုင်၏။ ကြက်ဝိုင်း၊ ဖဲဝိုင်း၊ အလွတ်မပေး။ အရက်ကတော့ပင်တိုင်။ မိန်းမ လိုက်စားရတာလဲ ဝါသနာ။ ဋ္ဌေးမင်းဘဝကအထောက်အပံ့ကောင်းတော့ လွတ်ချင်သလို လွတ်နေ၏။

မချောမေနှင့် သားလေးတစ်ယောက်မွေး၏။ သားမယားထက် အပေါင်းအသင်းကို ပိုမက်ပြီး အိမ်ကိုလည်း အပေါင်းအသင်းတွေ ဝင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလာနေနိုင်း၏။ တစ်နေ့မှာ ရပ်ဝေးမိတ်ဆွေအပေါင်းအသင်းတစ်ဦးက အိမ်ကိုလာတည်းပြီး ပစ္စည်းထုပ်တစ်ခု ထားသွား၏။

''ဖွင့်မကြည့်ပါနဲ့ဗျား၊ အရေးကြီးတဲ့ ပစ္စည်းမို့ပါ''

''စိတ်ချ ယောင်လို့တောင် မဖွင့်ဘူး''

တစ်ပတ်ကြာသည်အထိ ထွက်သွားသော အပေါင်းအသင်းက ပေါ် မလာ။ ရဲတွေတော့ ရောက်လာ၏။ အိမ်ထဲဝင်ရှာပြီး အထုပ်ကို တွေ့သွား၏။ အထုပ်ကို ဖြည်ကြည့်သောအခါ ဘိန်းဖြူတွေဖြစ်နေ၏။ အပေါင်းအသင်းကို ရဲက တစ်နေရာမှာ မိထား၏။ အပေါင်းအသင်းက ဖော်လိုက်၍ လာရှာကြခြင်းပင်။ ဒွေးမင်းတစ်ယောက်နေရင်းထိုင်ရင်း အချောင်အမှုပတ်သွား၏။ စီမံချက်ရှိနေ၍ ဘိန်းပြစ်မှုကို ထောင်ဒဏ် (၁၀)နှစ်ထိ ချခံလိုက်ရ၏။

ဒွေးမင်းရဲ့ မိဘတွေလည်း စီးပွားရေးတွေ ထိုးကျကုန်၏။ မယားကလည်း အမှုစစ်အရာရှိနှင့် လာတွေ့ပြီး ဒွေးမင်းပြန်လွတ်ရာလွတ်ကြောင်း လိုက်လံဆောင်ရွက်၏။ ထောင်ထဲရောက်သွားပြီး ထောင်ဝင်စာသုံးလေးကြိမ် မယားက တွေ့၏။

ဒွေးမင်းရဲ့ ဖခင်ကြီးဆုံးပြီး မိခင်ကြီးနှင့် ညီမလေးသာကျန်တော့၏။ မိခင်ကြီးကလည်း ဒွေးမင်းထောင်ကပြန်လွတ်နိုးနှင့် ငွေလိုက်ထိုးရတာ ငွေကုန်တာ အဖတ်တင်၏။ စီးပွားရေး ပြုတ်ပြုတ်ပြုန်း၍ အိမ်ရောင်းပြီး တစ်မြို့တစ်ရွာ ရွှေ့သွား၏။

သားလေးသုံးနှစ်သားအရွယ်မှာ မယားဖြစ်သူလည်း ခိုကိုးရာမဲ့ပြီး အမှုစစ်ရဲအရာရှိနှင့် ယူသွားတော့၏။ ဒွေးမင်းဘဝက ထောင်ဝင်စာလာတွေ့သူပင် မရှိတော့။ ကောင်းတဲ့ကံတွေကုန်ပြီး မကောင်းတဲ့ကံတွေ စုပြီး ရောက်လာလေပြီ။

ဒွေးမင်းထောင်က ထွက်သည့်အချိန်မှာ ပိုဆိုးသေး၏။ လာကြိုမည့်သူမရှိ။ မြို့လေးကိုပြန်သွားတော့ မိဘတွေမရှိ။ ဆွေမျိုးတွေထံ ခဏတည်းခိုခွင့်တောင်းတာလည်း တည်းခွင့်လက်မခံ။ အမျိုးဟုပင် အသိအမှတ်မပြုကြ။ အပေါင်းအသင်းတွေက ပိုဆိုးသေး၏။ ဒွေးမင်းချမ်းသာတုန်းက





အနားမှာ ဝိုင်းဝိုင်းလည်နေသည့်ကောင်တွေက ဒွေးမင်းကို မဆက်ဆံချင်ကြတော့။

ဒွေးမင်းဘဝက ဂျစ်ပစီတွေလို ခြေသလုံးအိမ်တိုင် ဖြစ်ရလေပြီ။ ဟိုနေရာအိပ်၊ သနားလို့ပေးသွားတာလေးတွေ စားရသည့်ဘဝ။ မယားဖြစ်သူရဲ့ သတင်းကိုစုံစမ်းတော့ တခြားမြို့ငယ်လေးမှာ နောက်လင်က စခန်းမှူး ဖြစ်နေ၏။ အဲဒီကို ဒွေးမင်းလိုက်သွား၏။

သားလေးက ဆယ့်သုံးနှစ်သား။ ဒွေးမင်းကို မမှတ်မိ။ မယားက လက်ခံတွေ့သော်လည်း မျက်စိမျက်နှာ ပျက်နေ၏။

''ငါ့ကို ဘာလို့မစောင့်တာလဲ ... ချောမေရယ်''

''စောင့်နေရင် ငတ်သေလိမ့်မယ်။ အစ်ကိုကြီးက သနားလို့ဆိုပြီး ချောတို့သားအမိကို စောင့်ရှောက်လိုက်တာပါ''

လက်ဖက်ရည်လေးတစ်ခွက် ဖျော်တိုက်၏။ သူ့ယောကျ်ားစခန်းမှူး ပြန်ရောက်လာတော့ အံ့အားသင့်နေ၏။ ဒွေးမင်းကိုတောင် လက်ခံစကားမပြောနိုင်။ မယားကတစ်ဆင့် ...

ငွေငါးသောင်းပေးလာ၏။ မယားက စိတ်မကောင်းသည့် မျက်နှာလေးနဲ့။

''ဒီငွေတွေ ယူသွားပါ။ နောက်ဘယ်တော့မှ မလာပါနဲ့ သားလေးရဲ့ ရှေ့ရေးကို ငဲ့ညှာပါ။ သူ့အဖေဟာ ထောင်ထွက်မဖြစ်သင့်ဘူး။ စခန်းမှူးပဲ ဖြစ်သင့်တယ်။ ဒီမြို့မှာ ချောမေတို့ အတိတ်အကြောင်းကို ဘယ်သူမှ မသိကြဘူး။ ရှင်နားလည်ပေးပါ''

''ငါက ဘဝပျက်နေပါပြီ။ သားလေးရှေ့ရေး မင်းရဲ့နောင်ရေး စခန်းမှူးကတော်ဆိုတာကြီးကို ငါက ငဲ့ညှာပေးရမယ်ပေါ့။ နောက်လူနဲ့ သာယာသွားပြီပေါ့။ အေးလေ ... ငါ့ဘဝနဲ့ငါ ရှိပါစေတော့''

ဒွေးမင်းပြန်လာပြီး အရက်တွေ နွေ့သည့်မပြတ် အမူးအမော်သောက်ပေတော့ပြီး နေချင်သလို နေ၏။

သေသွားပါတော့လား။ ဘဝက အရှုံးသမားကြီး ဖြစ်နေပြီလေ။ ဒေသလဲကပြီးပြီ။ အော်ပရာလဲကပြီးပြီ။ ဇတ်ရှိုးလဲ ထွက်ပြီးပြီ။ မြောက်



www.burmeseclassic.com

www.burmeseclassic.com



လဲ ဝုန်းဒိုင်းကျဲပြီးပြီ။ နှစ်ပါးသွားလဲ ခင်းပြီးပြီ။ နောက်ပိုင်းဇာတ်ထုပ် ငိုချင်းချည့် ဆက်တိုက်ချရတော့မည်။

မယားကို တမ်းတသည့်စိတ်။

သားလေးကို မြတ်နိုးလွမ်းဆွတ်သည့်စိတ်တွေက ဒွေးမင်းရဲ့အသည်းနှလုံးကို သိမ်းကျုံးဆုပ်ဆွဲသလို နှိပ်စက်နေတော့၏။ ဝဋ်ကြွေးပါလာတော့ ဝဋ်ကောင်ဘဝနဲ့ သေလဲမသေ။ လမ်းဘေးမှာနေရ၏။ ရေအိုးစင်မှာ သောက်၏။ ချုံတောထဲမှာ တောထိုင်ရ၏။ ရေကတော့ ကြုံရင်ချိုး၊ မကြုံရင်မချိုးနဲ့ ဟိုနေရာနေတော့လည်း ဟိုကလက်မခံ၊ ဒီနေရာနေတော့လည်း ဒီနေရာက လက်မခံ။ နေရာတွေ လိုက်ပြောင်းနေရင်း နွမ်းမိုးဆောင်းတွေပြောင်းလာ၏။

လောကကြီးမှာ သူတော်ကောင်းစိတ်ကောင်း ရှိသူတွေလည်း ရှိသေး၏။ သူတို့ထံသွားတောင်းလျှင် ရှိတာလေးတွေ ပေးကမ်းစွန့်ကြကြ၏။ အဲဒါလေးတွေနှင့် အသက်ဆက်ရင်း ဒီဘုရားစောင်းတန်းကြီးကို ရောက်လာတာ သုံးလေးရက်ပဲရှိသေး၏။ မိခင်နှင့် ညီမသတင်းကို ဘယ်မှာမှ စုံစမ်းလို့မရ။

ဒွေးမင်းက စာရေးသူကို သူ့ဘဝဇာတ်ကြောင်းတွေ ပြောပြနေ၏။ ထိုစဉ် ဂေါပကလူကြီးနှစ်ယောက်နှင့် ဓာတ်ပုံဆရာတစ်ယောက်ရောက်လာကြ၏။ ဘုရားစောင်းတန်းပြုပြင်ရန်အတွက် လိုအပ်သောနေရာတွေကို ဘက်စုံလိုက်ရိုက်ခိုင်းနေ၏။

"ဟာ ... လင်းလင်း ... ဓာတ်ပုံဆရာက ကျွန်တော်ညီဝမ်းကွဲ လင်းလင်းပေါ့။ ကျွန်တော် ထောင်မကျခင်က ဒီကောင် မလေးရှားထွက်ပြီး ဒီကောင်တွေရဲ့ မိသားစုဓာတ်ပုံဆိုင်ကြီး ဟီးနေတာပဲ။ ဒီကောင့်ဆီက အကူအညီတောင်းရမယ်"

ဒွေးမင်းပြောပြီး ဓာတ်ပုံဆရာကို လိုက်ခေါ်၏။ ဓာတ်ပုံဆရာက ဒွေးမင်းကို တွေ့သော်လည်း မသိချင်ယောင်၊ မကြားချင်ယောင်ဆောင်နေ၏။ ဒွေးမင်းကလည်း အတင်းအနားကပ်ပြီး ...

"လင်းလင်း ... ငါဒွေးမင်းလေကွာ။ ငါဘဝပျက်ပြီး ဒီရောက်နေတာ ကျန်းမာရေးလည်း သိပ်မကောင်းဘူး။ ငါ့ကို ကူညီပါဦး ညီလေးရာ"





"ဟာ ... ဘာတွေ လာပြောနေတာလဲ။ ကျုပ် အောသူသွားဗျာ"

"ငါ့ကို ပိုက်ဆံလေးပါရင် နည်းနည်းပါးပါး ပေးခဲ့ပါကွာ"

"မ ... မရှိဘူးဗျာ ... သွား ... သွား"

အတင်းမောင်းထုတ် အော်ထုတ်ပြီး ထွက်သွား၏။ ဒွေးမင်း မျက်ရည်ဝဲပြီး ပြန်ရောက်လာ၏။

"တောက် ... ဒီကောင် မလေးမှာသွားလုပ်မယ်ဆိုတော့ ငွေလိုလို့ ကျုပ်ပဲ ငွေသုံးသိန်း ထောက်ကူပေးခဲ့တာ၊ ခုကျတော့ ကျုပ်ကို သူတောင်းစားလို့ မောင်းထုတ်တယ်ဗျာ"

စာရေးသူလည်း စိတ်မကောင်းမိ။ မြို့လေးထဲမှာ စုံစမ်းကြည့်တော့ ဒွေးမင်းပြောတာတွေ အားလုံးမှန်နေ၏။ ဒွေးမင်းကို ပတ်သက်ရာလူတွေက လူဆိုးဟု သတ်မှတ်ထားကြ၏။ သူထင်ရာသူ စွတ်လုပ်တတ်၏။ ခေတ်ကောင်းနေတုန်းကတော့ လုပ်ချင်တာလုပ် အကြောင်းမဟုတ် ခေတ်ပျက်နေချိန်မှာတော့ လုပ်ချင်တိုင်း လုပ်လို့မရ။ လှုပ်ချင်တာတောင် လှုပ်လို့မရတော့။

ဘဝရဲ့သင်ခန်းစာကို ကောင်းကောင်းကြီး ခံစားနေရသည်ကို ဒွေးမင်း နောက်ပိုင်းမင်းသားကြီးလို ရှိုက်ရှိုက်ပြီး ငိုနေတာကိုကြည့်ပြီး စာရေးသူလည်း ဝမ်းပန်းတနည်း။ ပါလာသည့် ငွေလေးတွေ ပေး၏။ စားစရာလေးတွေ ကျွေး၏။ ဒီလောက်နဲ့ ဒီလူ့ဘဝကို ကယ်တင်ဖို့မဖြစ်နိုင်။ စာရေးသူ သေချာတွေးပြီး ဒွေးမင်းရဲ့ ဘဝထွက်ပေါက်လမ်းကို ညွှန်ပြကူညီပေးရတော့မည်။

ဘဝသရုပ်ဖော် ဝတ္ထုတွေလိုပေါ့။ ဆင်းရဲသားတွေ ဆင်းရဲတွင်းနက်ပြီး အတိဒုက္ခရောက်နေတာတွေကို ဖွင့်လှစ်ပြသနိုင်၏။ ဘဝရဲ့ ထွက်ပေါက်၊ ဆင်းရဲတွင်းရဲ့ ထွက်ပေါက်ကို စင်စစ်ပေါက်ပေါက် လမ်းမပြနိုင်ကြ။ ဒွေးမင်းကို အကြောင်းပြပြီး ဘုရားစောင်းတန်းကို စာရေးသူမှန်မှန်ရောက်ဖြစ်နေတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



# ၂

❑

''ခင်ဗျားနေရာမှာ ကျုပ်ဖြစ်နေရင်တော့ ဘုန်းကြီးဝတ်ပြီး တရားကျင့်မှာပဲ ... ကိုဒွေးမင်း''

''ဝတ်ချင်တာပေါ့ကွာ ... ဆရာလေး၊ ကျုပ်ကို ပဋ္ဌင်းခံပေးမလား''

''စာရေးသူလည်း စဉ်းစားသွား၏။ အနည်းဆုံး ငွေသုံးသောင်းလောက် ကုန်ကျမည်မို့ 'အဆင်ပြေတဲ့နေ့ လုပ်ပေးမယ်ဗျာ' အားမငယ်နဲ့ လူ့ဘဝရောက်လာတာ မရှုံးသေးဘူး။ သံဝေဂရမှ တရားရတာဗျ။ လူ့ဘဝကို လူတွေရောက်လာတာ သားကျွေးမွေး၊ မယားကျွေးမွေး၊ စည်းစိမ်၊ အဆောင်အယောင် ချမ်းသာမှု၊ ဂုဏ်ပကာသန၊ ရာထူးအာဏာတွေအတွက် မဟုတ်ဘူး။ နိဗ္ဗာန်ရောက်ဖို့ လှေကားထစ်ပေါ်ပို့လိုက်တာ တရားအားထုတ်နိဗ္ဗာန်ရောက်အောင်လုပ်ဖို့သာ အဓိက အကြောင်းရင်းပဲ ခင်ဗျားနေရာမှာဆို သားမယားမိဘ၊ ဆွေမျိုးသံယောဇဉ်တွေ ကင်းပြတ်နေပြီ။ စည်းစိမ်ချမ်းသာလည်း မရှိလို့ တမင်စွန့်စရာတောင် မလိုတော့ဘူး။ လူ့ဘဝဆိုတာ မတည်





မြဲဘူး။ အားလုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်းပဲ။ ဘုရားလမ်းစဉ်အတိုင်းလိုက်ရင် ချမ်းသာရာ အစစ်အမှန်ကို ရောက်မှာပဲ''

စာရေးသူလည်း တတ်သလောက် မှတ်သလောက်လေးတွေ ဟောပြောပြီး လမ်းပြပေးမိ၏။ ဒွေးမင်းက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။

''ဒီတန်စောင်းထဲမှာ ခင်ဗျားညအိပ်တာ ဘာထူးခြားသေးလဲ''

''စုံတွဲတွေလည်း အချိန်မတော်လာတတ်တယ်။ ဆိုးတာကတော့ သရဲခြောက်တာပဲ''

''ခင်ဗျာ ဘုရားစာ ဘာရသလဲ''

''ရတယ် မေ့ကုန်ပြီ''

''ရတနာသုံးပါးကို မမေ့ရဘူးလေ။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ဓမ္မံသရဏံ ဂစ္ဆာမိ သံဃံသရဏံဂစ္ဆာမိဆိုတဲ့ သရဏဂုံသုံးပါးလောက်တော့ ခင်ဗျားရမှာပါ''

''ရတယ်ဆရာ''

''အားနေရင် အဲ့ဒါပဲ ရွတ်စမ်းဗျာ။ ခင်ဗျား အကျိုးထူးတွေရလာလိမ့်မယ်။ ခင်ဗျားက တရားစောင့်ရင် တရားက ခင်ဗျားကို ပြန်စောင့်ရှောက်လိမ့်မယ်။ ဘာသရဲမှလည်း လာမခြောက်ရဲတော့ဘူး။ ကျုပ်ပြောသလိုလုပ်ကြည့်စမ်းပါ''

ဒွေးမင်း သေချာနားထောင်ပြီး ခေါင်းညိတ်ပြ၏။ စောင်းတန်းထဲမှာ ဖြတ်သွားဖြတ်လာတွေရှိ၏။ ဟိုဖက်ရပ်ကွက် လမ်းမကနေ ဒီဖက်ရပ်ကွက်လမ်းမကို ဖြတ်လမ်းက လမ်းလျှောက်သွားလိုလျှင် စောင်းတန်းထဲက ဖြတ်သွားရ၏။ ဒွေးမင်းက ...

ဖြတ်သွားဖြတ်လာတွေထဲက တချို့တွေ ဖိနပ်စီးသွားလျှင် လိုက်ပြော၏။

''ဝတ္ထုကမြေထဲမှာ ဖိနပ်မစီးရဘူးလေ''

''ကလေးတွေ လာမဆူရ မဆော့ရဘူး''



www.burmeseclassic.com

www.burmeseclassic.com



အစောင့်ကြီးတစ်ဦးသဖွယ် အစ်မတော် မကောင်းတာတွေ တားမြစ်ပြောဆိုလေ၏။ တံမြက်စည်း လှဲပေး၏။ စာရေးသူပြောသလို အားအားနေ ဘုရားစာရွတ်ဖတ်၏၊ စာရေးသူက ...

''စိတ်ထဲကနေ ဘုရားပုံတော်ကို ဂုဏ်တော်သွင်းပြီး ရှိခိုး''

ဒွေးမင်း လိုက်လုပ်ရှာ၏။ စာရေးသူလည်း ကိုယ့်အကြောင်းနှင့်ကိုယ် ဘုရားစောင်းတန်းဖက်ကို မရောက်ဖြစ်။ တစ်ပတ်ကြာပြီးမှ စောင်းတန်းထဲ ရောက်သွား၏။ ပြောင်းလဲနေသော ကိုဒွေးမင်းကို အံ့ဩဖွယ်ရာ တွေ့လိုက်ရလေသည်။

✿ ✿ ✿

[၄]

❑

ဆရာလေးပြောတဲ့အတိုင်း သရဏဂုံသုံးပါးကို ရွတ်လိုက်တာ ဒီနားက ဘုန်းကြီးကျောင်းက ဆွမ်းဟင်းပိုလျှံတာတွေ နေ့လယ်ရော ညနေစာပါ လာပို့ပေးတယ်၊ ဖြတ်သွားဖြတ်လာတွေထဲက လူတွေက စောင်ဟောင်း ခေါင်းအုံးဟောင်းလေးတွေပေးတယ်။ တချို့က အိပ်ရာခင်း၊ တချို့က အဝတ်အစား၊ တချို့က ဖိနပ်၊ မုန့်ဖိုးတွေတောင် ပေးသွားကြသေးတယ်။ အခု ကြည့်ပါလား ... ဒီနားက ဆင်းရဲတဲ့ကလေးတွေတောင် ကျုပ်က မုန့်ဖိုးပြန် ပေးနေရသေးတယ်။ ဒီကောင်တွေကလည်း ကျုပ်ကို လာနှိပ်နယ်ပေးကြတယ်။ ကျုပ်မှာ ဟန်ကိုကျနေတော့တာပဲ။





စာရေးသူလည်း ပြုံးနေမိ၏။ ပြီးတော့ စာရေးသူသိချင်တာကို မေးကြည့်လိုက်၏။

''သရဲ တစ္ဆေတွေက လာခြောက်တာကော ခံရသေးလား''

''ဘာမှကို မခြောက်တော့ဘူး။ နားအေးပါးအေးပဲ''

ကိုဒွေးမင်းဘဝ ကန္တာရထဲမှာ အိုအေစစ်လေး တွေ့သွားလေပြီ။ စာရေးသူကလည်း တန်ဆောင်းက သဘက်ကြီးကို မကျေနပ်တာလေးရှိနေ၍ ညကိုးနာရီလောက်မှာ တစ်ခေါက်ပြန်လာဖြစ်၏။

ကိုဒွေးမင်းက အိပ်နေပြီ။ စာရေးသူနိုးမှ နိုးလာ၏။

''ဆရာလေး ... အချိန်မတော်ကြီး ဘာလာလုပ်တာလဲ''

''ကိစ္စလေးရှိလို့ ကျုပ် ဒီစောင်းတန်းအတိုင်း ဟိုဖက်ထိပ်ရောက်အောင် လမ်းလျှောက်မယ်။ ပြီးရင် ပြန်လာမယ်။ အဲ့ဒါကို သတိထားကြည့်နေစမ်းပါ။

''ကျုပ်တစ်ခုခုဖြစ်ရင် လာကူညီဗျာ''

ကိုဒွေးမင်း နားလည်အောင် ရှင်းပြလိုက်၏။ တန်ဆောင်းမှာရှိသော သဘက်ကြီးအကြောင်းပေါ့။ ကိုဒွေးမင်းက ...

''အဲဒါမျိုး ဘုန်းကြီးစာပြန်ရွတ်နိုင်တာ ကိုယ်တော်တွေ မကျွတ်ကျွတ်တာမျိုးတွေ ဖြစ်တတ်တယ်ဗျာ။ တန်ဆောင်းဒါယကာ ဘုရားစာ အတော်ရတဲ့ သူမျိုးလည်း ဖြစ်တတ်တာပဲ။ ဆရာလေးကသာ စိန်ခေါ်သလို မလုပ်နဲ့လေ''

''သိပါတယ်၊ ကျုပ်က မေတ္တာစိတ်အရင်းခံပြီး ရွတ်မှာပါ။ သမ္ဗုဒ္ဓေ ဂါထာစွမ်းတယ်ဆိုတာ သိအောင်ပြမှာ''

လူသူလေးပါး တိတ်ဆိတ်နေ၏။ ဟိုဖက်ထိပ်၊ ဒီဖက်ထိပ်သာ မီးရောင်ရှိ၏။ အလယ်လျှောက်လမ်းအရှည်ကြီးမှာ မှောင်မဲငြိမ်သက်နေ၏။ စာရေးသူ လျှောက်လာလိုက်၏။ အမှောင်ထဲ ရောက်သောအခါ ...

''သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးကို လှောင်ပြောင်ရဲတဲ့ သရဲသဘက်ကြီး နောက်တစ်ခါ မလှောင်ပြောင်ရဲအောင် ဂါထာတော်ကို ငါရွတ်နေပြီ။ ဒါ သစ်ယောက်ထဲလာတယ်၊ နင် စွမ်းရင် ငါ့ကိုစမ်း။ ငါရွတ်တဲ့ ဂါထာစွမ်းရင်



www.burmeseclassic.com

www.burmeseclassic.com



နင် နောက်ကို မလှောင်ပြောင်ရဲတဲ့အထိ ငြိမ်ကုပ်သွားစေ။ ငါ ဂါထာရွတ်ပြီး လာနေပြီ''

စာရေးသူက မိမိအတ္တ၊ မာနအတွက် စိန်ခေါ်ခြင်းမဟုတ်။ ဂါထာတော်မြတ်ကြီးအတွက် စိန်ခေါ်မိခြင်းပင်။ စောင်းတန်းအလယ် ရောက်လာ၏။ ကိုယ့်စိတ်က ကိုယ့်ကို ပြန်ခြောက်နေ၏။ ကြက်သီးတွေ ထ၏။ ခေါင်းနားဘမ်းတွေ ဖျန်းခနဲ ဖျန်းခနဲကြီးကြီး ထွက်သွားချင်၏။ နောက်ကနေ လေဟပ်ချင်သလိုလို၊ ဂါထာတော်ကို အသံမြှင့်ပြီး ကျယ်ကျယ်ရွတ်လိုက်လျှင် အဲဒီဟာတွေ ပျောက်သွားပြန်၏။

''သံပုံးတွေ ဆီပုံးတွေ မဟုတ်ဘူး။ သမ္ဗုဒ္ဓေကွ . . . ဂင်္ဂါဝါဠုသဲစု မက ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်တွေကွ။ ကုသိုလ်ကို အကုသိုလ်က ပြက်ရယ်ပြုလို့မရဘူး မှတ်ထား''

စာရေးသူ ရွတ်တာနားပြီး ကျယ်ကျယ်ပြော၏။ ပြန်ရွတ်၏။ ဘုရားရင်ပြင်ထိပ်မှာ ဘုန်းကြီးကျောင်းရှိသော်လည်း ဝင်းတံခါးပိတ်ပြီး ကျိန်းစက်နေကြပြီ။ ခေါ်လို့တောင် ကြားမှာမဟုတ်။ စာရေးသူလာရာလမ်းကို ပြန်လှည့်လိုက်တော့ အမှောင်လမ်းမှာ အရိပ်မည်းကြီး ယောက်ယက်ခတ်သလို ပြေးလွှားနေတာ ရိပ်ခနဲတွေ့လိုက်ရ၏။ အသေအချာကြည့်လျှင် ဘာမှမရှိတော့။ စာရေးသူလည်း ဂါထာတော်ကို ယုံကြည်စိတ်ဖြင့် ဒီဖက်ထိပ်ရောက်သော် ရွတ်ပြီးလျှောက်လာလိုက်၏။

ကိုဒွေးမင်းက ဆေးပေါ့လိပ်ဖွာပြီး ထိုင်ကြည့်နေ၏''

''ဆရာလေးကတော့ အာပဲဗျ။ ဒီအချိန် ဒီလမ်းကို တစ်ယောက်ထဲမပြောနဲ့။ သုံးလေးယောက်တောင် မသွားရဲဘူး။ အတွဲတွေတောင် ဘေးဖက်ထဲက သွားရဲတာဗျ''

''သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးက စွမ်းလို့ပါ။ သဘက်ကြီး ဘာမှ တောင်မလုပ်နိုင်ဘူး။ ငြိမ်သက်နေတာခင်ဗျား အတွေ့ပဲ၊ ဘယ့်နှယ့်ဗျ ကုသိုလ်ကို အကုသိုလ်နိုင်ရိုးမရှိရဘူး။ ခုလောက်ဆို သဘက်ကြီး သင်ခန်းစာရသွားလောက်ပြီ။ ကျုပ်တို့ ခင်ဗျားတို့သာ မမြင်ရတယ်၊ သူ့မှာ ရင်ထဲ ငရဲပူကျပြီး





ဟိုပြေးဒီလွှားဖြစ်နေခဲ့ရပြီ။ ဒီနေရာမှာတောင် ဆက်နေခွင့်ရချင်မှရတော့မှာ''

''ဟုတ်တယ် . . . ဆရာလေး။ ကျုပ်လည်း သရဏဂုံသုံးပါး ဆက်ရွတ်လိုက်ဦးမယ်။ မကောင်းမှုဖယ်ရင် ကောင်းမှုက ကယ်တင်တယ်မဟုတ်လား''

✿ ✿ ✿

[၅]

❑

စာရေးသူလဲ တခြားအလုပ်ကိစ္စတွေကြောင့် နောက်ထပ်တစ်ပတ်လောက်ကြာမှ ကိုဒွေးမင်းဆီ ရောက်ဖြစ်၏။

''အခြေအနေတွေကတော့ အတော်ကောင်းနေပြီဆရာလေးရေ။ ရန်ကုန်လျှော်စက်ရုံမှာ အလုပ်လုပ်နေတဲ့ ဝန်ထမ်းအပျိုဟိုင်းကြီးက ကျုပ်ကို လိုအပ်တဲ့ဆေး၊ ပိုက်ဆံပေးပေးသွားတာဗျ။ အလုပ်သွား အလုပ်ပြန် ဒီလမ်းကပဲသွားတယ်။ အဲဒါ ကျုပ်လည်း တမြန်နေ့က ဖျားနေတုန်း မမက နဖူးကို လက်နဲ့လာစမ်းတယ်၊ ကျုပ်လဲ အားကိုးတကြီးနဲ့ မမကိုချစ်တယ်လို့ ပြောလိုက်တာ ရှက်သွားတယ်။ မနေ့ကမှ ပြန်ပေါ်လာတယ်။ ကျုပ်ကိုချစ်တဲ့အကြောင်း စာလေးနဲ့ ရေးပေးသွားတယ်၊ ဒီမှာ ဖတ်ကြည့်ပါဦး''

သရဏဂုံကျေးဇူး ကုသိုလ်ရအောင် ဝတ္တကမြေထဲ ဖိနပ်ချွတ်ဖို့ ပြောဆိုပေးခြင်း၊ တံမြက်လှည်းခြင်း၊ အကျိုးတွေကြောင့် ကိုဒွေးမင်းအတွက် နောက်အိမ်ထောင် ထူလောက်ဖွယ်အကြောင်းတွေက ပေါ်လာလေပြီ။ သူ



www.burmeseclassic.com

www.burmeseclassic.com



များပေးတဲ့ အဝတ်အစားလေးတွေနဲ့ ရေစင်စင်ချိုးပြီး သန့်အောင်နေလာ၍ ဝန်ထမ်းမကပင် ပြန်ကြိုက်လာလေပြီ။

စာထဲမှာ ကောင်းအောင်နေဖို့၊ မမနဲ့အတူ နေချင်လျှင် အိမ်ခြံလေး မြို့ပြင်မှာဝယ်နိုင်အောင် ကြိုးစားဖို့တွေ ရေးထား၏။

"ခင်ဗျားက ဘယ့်နှယ် အိမ်ခြံဝယ်နိုင်မှာလဲ"

"မြို့ပြင်မှာ ဈေးပေါတဲ့ ပေနှစ်ဆယ်လေးကို ငါးသောင်းနဲ့ ဝယ်ဖို့ ပြောထားတယ်။ ဖနီးဟောင်းဆီ ဖုန်းဆက်ပြီး ငွေတောင်းထားတယ်။ လကုန်ရင် လာယူတဲ့။ အဆင်ကို ပြေနေတာပဲ"

"တယ်ဟုတ်ပါလား ... ကောင်းတယ်၊ ဘဝသစ်ပြန်စပေါ့ဗျာ။ သရဏဂုံသုံးပါးကိုတော့ မမေ့နဲ့ ... ဆက်လုပ်"

ကိုရွှေမင်းဘဝလေး ပြန်လည်စိုပြေလာ၍ စာရေးသူလည်း ဝမ်းသာမိ၏။ နောက်တစ်ပတ်ကြာမှ ကိုရွှေမင်းဆီရောက်တော့ ကိုရွှေမင်း အချိုးပြောင်းသွား၏။ ပြန်သောက်စားနေ၏။ နေကာထိုင်ကာ သူရွှေစတိုင်(လ်)နှင့် သူ့လို ခြေသလုံးအိမ်တိုင်တွေက စကုပ်ချရင်တောင် အော်ဟစ်ငေါက်ငမ်း ပြောဆိုလုပ်၏။

"ကိုရွှေမင်း ... ပြန်မသောက်နဲ့လေဗျာ မှားလိမ့်မယ်"

"နေပါ ... စာရေးဆရာရယ်၊ ကျုပ်ဇာတာ ပြန်တက်နေပါပြီ။ ခင်ဗျားလည်း ကိုင်းကြီးကြီးမှာ သွားနားတော့ ကျုပ်ကို အာရုံနောက်အောင် လာမလုပ်နဲ့။ အရက်သောက်မယ်၊ သီချင်းဆိုမယ်၊ ပျော်ပျော်နေမယ်၊ ဟော့ရှော့ရွှေမင်းပဲ ... ဟဲ ဟဲ ဟဲ"

မူးနေ၍ ပြောချင်တာပြောတာ ခွင့်လွှတ်နိုင်သော်လည်း ဆက်မူးနေလျှင် သူ့ရှေ့ရေးက ပိုဆိုးတော့မည်။ ပြောလို့လည်း မရ။ အမူးသမားကို တရားဟောလို့မရ။ စာရေးသူလည်း လွှတ်ပေးထားလိုက်ရတော့၏။ ဆောင်းတန်းဖက်ကိုလည်း မရောက်ဖြစ်တော့။

✿ ✿ ✿

| ၆ |

❑

လေးရက်လောက်ကြာမှ ရောက်ဖြစ်တော့ ကိုရွှေမင်း အခြေအနေက တော်တော်ဆိုးနေပြီ။ အရက်ကို သူများပေးတာလေးတွေနှင့် အမူးသောက်၏။ အိပ်တဲ့နေရာမှာပင် သေးပေါက်၏။ ဝတ္တကမြေပေါ်မှာ မလုပ်ကောင်းတာတွေ လုပ်နေပြီ။ လူတွေရော၊ ဘုန်းကြီးကျောင်းကပါ သူ့ကို မသဒ္ဓါတော့။ မပေးမကျွေးကြတော့။

မပေးလည်း သောက်ရမစိုက်ဘူး။ ရွှေမင်းတို့က သော်ကြော့နေလာတာ။ ငကန်းသေရင် ငစွေပေါ်လိမ့်မယ်။ မမဆိုတဲ့ မိန်းမကြီးလည်း စိမ်းကားရုံမကလို့ ရက်စက်သွားပါစေ၊ မလွမ်းဘူး။ အရက်လေးသောက်တာကို သောက်ပြစ်လိုက်ပြောနေတာ။ မလာကြနဲ့ အချစ်လည်း မရှိဘူး ဘဝလည်း မရှိဘူး။ ရွှေမင်းဘာသာ မူးမယ် ... ဘာဖြစ်လဲ ... ကိုယ့်ဘာသာကိုယ် ... မူးမယ် ... ဘာဖြစ်လဲ ... ဘာဖြစ်လဲ"

"ကိုရွှေမင်း ... စိတ်ထိန်းလေ ခင်ဗျားတော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''စာရေးဆရာ ...လာပြီး ဆရာမလုပ်နဲ့။ ဝေးဝေးနေစမ်းပါ။ ခင်ဗျားကိုလည်း ဂရုမစိုက်ဘူး၊ သဘက်ကြီးလည်း သောက်ဂရုမစိုက်ဘူး။ မိုက်တဲ့ကောင်နဲ့ ရိုက်လို့ရတယ်၊ ဒွေးမင်းက အားလုံးကို ဒါပဲထင်တယ်''

သွားပြီ၊ ဘယ်လိုမှ ထိန်းလို့မရတော့၊ လွှတ်ပေးထားလိုက်ရတော့၏။ ကုသိုလ်ကြောင့် ကောင်းတာတွေ ဖြစ်ပေါ်လာ၏။ ကောင်းတာတွေအပေါ်မှာ ယစ်မူးသာယာပြီး ကြဲဖန်မာန်တက်ကာ ဘဝင်လေဟပ်သွား၏။ အကုသိုလ်တွေချည်း ဖိလုပ်ပြန်လေသောအခါ ဒွေးမင်းဘဝ နောက်တစ်ကြိမ် ခွေးကျ ကျရပြန်ပေပြီ။

ပထမတစ်ကြိမ်က 'ကိန်'လို့ အော်နိုင်သေး၏။ နောက်တစ်ကြိမ်မှာ 'ကိန်'လို့ပင် မအော်နိုင်တော့။

✿ ✿ ✿

[၇]

❑

နောက်ဆယ်ရက်လောက်ကြာမှ စာရေးသူ စောင်းတန်းထဲကို ရောက်သွား၏။ ဒွေးမင်းနေရာမှာ ပြောင်ရှင်းနေ၏။ ဒွေးမင်း မရှိတော့။ အဘိုးကြီးတစ်ဦး ရောက်နေ၏။ ခြေသလုံးအိမ်တိုင် ဒုက္ခသည်ကြီးတစ်ဦးပင်။

''ဦးလေး ...ဒီနေရာကလူ ဘယ်ရောက်သွားပြီလဲ''





အရက်မူးပြီး သောင်းကျန်းလွန်းလို့ ဂေါပကလူကြီးတွေက မောင်းထုတ်လိုက်ပြီ။ ဦးလေးနဲ့ တစ်ည အတူအိပ်လိုက်ကြသေးတယ်။ သူ့ကို သဘက်ကြီးက အတင်းဆွဲချလို့တဲ့ အော်လိုက်တာ ယယ်သံကို ပါနေတယ်။ ဦးလေးကတော့ ဂုဏ်တော်ကွန်ချာကို ရွတ်ဖတ်အိပ်လို့ နိုးတောင်မနိုးဘူး။

''ဩော် ...ဒီလူ ဘယ်များရောက်သွားပြီလဲမသိဘူး''

''ဈေးဖက်ထဲရောက်သွားပြီး ``ပြောတာပဲ။ ညဖက်ဆိုင်တွေသိမ်းတော့ လွတ်တဲ့အပြင်ဆိုင်ခန်းတွေမှာ ဝင်အိပ်တယ်တဲ့။ လေဖြန်းချင်သလို ခြေဒရွတ်ဆွဲနေတယ်။ မစားရ မသောက်ရနဲ့ ဟိုအော်ဒီအော်လုပ်နေတာ စိတ်မချမ်းသာစရာပါကွာ။ ဦးလေး ရတဲ့အထဲက ကျွေးပါတယ်။ နေခွင့်မရတော့လည်း သူ့ကို ဘယ့်နှယ်လုပ်ပြီး ဆက်ပေးနိုင်တော့မှာလဲ''

စာရေးသူလဲ စိတ်မကောင်းစွာဖြင့် ထိုင်ငေးရီနေ၏။ ထိုစဉ်မှာပင် ဒွေးမင်းကို နှိပ်နယ်ပေးခဲ့သော ဆင်းရဲသည့် အသက်ဆယ်နှစ်သားကောင်လေးရောက်လာ၏။

''အစ်ကို ...ဦးဒွေးမင်း ဈေးထဲမှာ လေဖြတ်ပြီးသေသွားလို့ စည်ပင်သာယာကလူတွေ အလောင်းကို ကားနဲ့သယ်သွားကြတာ သား တွေ့ခဲ့တယ်''

''ဟင် ...ဟုတ်လား''

''ဟေ ...ဩော် ...ဝဋ်ကျွတ်သွားပြီပေါ့လေ''

''အဘကလည်း ဘယ်ကဝဋ်ကျွတ်ရမှာလဲ အကုသိုလ်နဲ့သေတာ အပါယ်သွားမှာ၊ အပါယ်လေးပါးထက်စာရင် လူ့ဘုံမှာ ဆင်းရဲချို့တဲ့နေတာက တော်သေးတယ်''

ကိုဒွေးမင်းဆိုသော ဘဝမင်းသားကြီးရဲ့နောက်ပိုင်း ဇာတ်ထုပ်ကလဲ မကောင်း။ ဇာတ်သိမ်းကလဲ မလှ။ ကိုဒွေးမင်း သေပြီဆိုတာကို သူ့အမေ၊ သူ့ညီမ၊ သူ့ဇနီး၊ သူ့သားတို့ သိကြလိမ့်မည်မထင်။ သိရင်ကော ဘယ်လိုခံစားကြမလဲ။



www.burmeseclassic.com

www.burmeseclassic.com




ထွေထွေထူးထူးဘာမှ ခံစားကြမည်မထင်။ နဂိုကတည်းက သေသူ လို့သဘောထားပြီး စွန့်သွားခဲ့ကြပြီပဲ။ ကုသိုလ်နဲ့ အဆင်ပြေနေရဲ့သားနဲ့ အကုသိုလ်ဝင်လာနှောက်တော့ အကုန်ပျက်ရချေပြီ။

ကုသိုလ်ကို အကုသိုလ် နိုင်ရိုးထုံးစံမရှိ။ သို့ငြား ကိုဌေးမင်းတို့လို အဝိဇ္ဇာဆိုသော မသိခြင်း၊ တဏှာဆိုသော တပ်မက်စွဲလမ်းခြင်းအကြီးစား အဖို့မှာတော့ ကုသိုလ်ကို အကုသိုလ်က ဖုံးလွှမ်းအနိုင်ယူသွားခဲ့လေပြီ။ မဖြစ် နိုင်မှန်းသိပေမယ့် ဖြစ်နိုင်လိုဖြစ်နိုင်ငြား ဆုတောင်းပေးမိ၏။ ကိုဌေးမင်း ကောင်းရာသုဂတိလားပါစေသတည်း။

အညတရတစ်ဦးသို့

ဩမိသ



www.burmeseclassic.com

www.burmeseclassic.com

[၁]

❏

ကျွန်ုပ်သည် ငယ်ရွယ်စဉ်က ဘုရားရှိခိုးလျှင် အသံကျယ်ကျယ်နှင့် ရှိခိုးတတ်သည်။ ရသမျှဂုဏ်တော်ဂါထာတော်များကို မှန်သည် မှားသည်ဟု မသိမတွေးဘဲ ရှိခိုးတတ်သည်။ ဒါကလည်း ကြားမြင်တွေ့ သိသမျှသော လူကြီးများက။

"ဟ ... တယ်ဟုတ်ပါလား၊ ငါ့ကောင်ကြီး တော်တယ်ကွာ"

"ဟယ် ... ဒီကလေးက လိမ္မာလိုက်တာ၊ ဘုရားမှန်းတရားမှန်း သိတတ်တယ်"

"အင်း ... ဒီကောင်လေးကမှ ကလေးဖြစ်ပြီး ဘုရားနဲ့တရားနဲ့ မင်းတို့ကြီးမိုက်တွေနဲ့တော့ ကွာပါ့ကွာ"

ဟုလူကြီးတချို့၏ ပြောစကားများကို ပီတိဖြစ်၍ လူတွင်ကျယ် လုပ်ခြင်းပင်ဖြစ်သည်။ ပို၍ပီတိဖြစ်ရခြင်း စိတ်ကြီးဝင်မိခြင်းမှာ အိပ်မက်ထဲတွင် အဘိုးကြီးတစ်ယောက်ကို မြင်တွေ့ရပြီး။

"အေး ... ငါ့မြေးက ပါရမီပါတယ်။ အကျိုးထူးခံစားရမယ်ကွ၊ လုပ်လုပ် ငါ့မြေး"





ဝတ်ဖြူစင်ကြယ် မုတ်ဆိတ်မွေးဖြူဖြူ လည်ပင်းတွင် စိပ်ပုတီး အကြီးကြီးဆွဲထားသည့် ထိုအဘိုးကြီးက ပြောပြောသွားသည်ကို အိပ်ရာမှ နိုးလျှင် သတိရနေခြင်းပင်။ ဒါကို လူကြီးမိဘများကို ပြောပြရာတွင် ...

"နင်ကတော့လေ လူကြီးတွေပြောတာ ဆိုတာတွေကို ကြားပြီး ဘိုးတော်ဖြစ်ချင်လို့လား"

သက်တူရွယ်တူတွေ ကြပြန်တော့လည်း ဟားတိုက်၍ ရယ်ကြပြီး ...

"ဘိုးတော်ရှူး နတ်ဟောစားမလို့လား"တဲ့။

ဒါပေမဲ့ အဖေကတော့ ကျွန်ုပ်ကို ပြောသည်။

"ငါ့သားက ထူးမှာကွ၊ ရေတက်နေတက်၊ အချင်းစလွယ်မျက်နှာဖုံးနဲ့ စနေသား"

ဟုပြောသည့် စကားများလည်း ပါသည်။ ယခုတော့ အရွယ်နှင့် အသက်ကလေးပါရပြီး ဆရာကောင်း၊ ရဟန်းသံဃာကောင်းများကို ဆည်းကပ်ရခြင်း၊ သွန်သင်မှုခံယူရခြင်း၊ စာပေတတ်၍ စာကောင်းပေကောင်းများကို ဖတ်မှတ်ရခြင်းကြောင့် ဘာသာတရားအကြောင်းကို ထမင်းစားရေသောက် အစွန်အဖျားလောက် သိမိလာခဲ့ရသည်။

ယခုတော့ ဘုရားရှိခိုးလျှင် ခပ်တိုးတိုး၊ ဂုဏ်တော်များ ရွတ်ပွားလျှင်လည်း ခပ်တိုးတိုးပင် ရွတ်ပွား၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်းများပါ ပြုတတ်လာသည်။ အခါကြီးရက်ကြီးများ ဥပုသ်သီလစောင့်ခြင်းနှင့် ဘုရားစေတီများကို သွားရောက်ဖူးမျှော်ခြင်းများကိုတော့ အလျဉ်းသင့်သလို ပြုမိသည်။ အများအားဖြင့် အလုပ်အားရက်မျိုးတွင် မြတ်စွာဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များကို ထည့်သွင်းဌာပနာ၍ တည်ထားသော စေတီပုထိုးများကို ဖူးမြော်ရန် သွားရောက်ခဲ့သည်။

တကြောင်းကလည်း ဓမ္မမိတ်ဆွေများ အသိအကျွမ်းများနှင့် တွေ့ဆုံ၍ "စတ္တရော အပါယ သကာဂေဟာသဒိသာ"ဟူသော ဓမ္မပဒ အဋ္ဌကထာလာ အပါယ်လေးဘုံတို့သည် ပုထုဇဉ်တို့၏ ဇာတိချက်ကြွေ အမြဲနေထိုင်ရာအိမ် နှင့် တူသည်။ ဆိုခြင်းအကြောင်းများကို မေးစမ်းဆွေးနွေး အသိဖလှယ်ရသည် ဖြစ်၍ပင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသည့်ကြောင့်ပင် ကျွန်ုပ်သည် တစ်နေ့၌ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမျှော်ကြည်ညို၍ နောင်တော်ကြီးစေတီ၏ ရင်ပြင် (ပစ္စယံ) ပေါ်တွင် ကျွန်ုပ်၏မွေးထောင့်ဖြစ်သော စနေထောင့်တွင်ထိုင်ပြီး လွယ်အိတ်ထဲမှ ပဝါပိုင်းကို ထုတ်ယူပြီး ခင်း၍ စိတ်ပုတီးကို တင်ထားကာ သုံးလောကထွဋ်တင် ရှင်တော်မြတ်ဘုရားကို စိတ်မှ မျှော်မှန်းကာ ထိခြင်းငါးဖြာဖြင့် ရှိသေစွာ ရှိခိုးလိုက်သည်။

''ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ''

ဟုဆိုပြီး ဘုရားရှင်ကို ဦးသုံးကြိမ်ချလိုက်ပြီး . . .

''နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ''ကိုလည်း သုံးကြိမ်ရွတ်ဆိုပြီး . . .

''ဩကာသ . . . ဩကာသ . . . ဩကာသ'' ပဏာမချီ၍ ကျွန်ုပ်ငယ်စဉ် လူမှန်းသိစအရွယ်က အဘိုးလေး ဆရာတော်ကြီးသင်ပေးသော ဘုရားရှိခိုးနည်းဖြင့် ရှိခိုးလိုက်သည်။ တွံတေးမြို့အဝိုင် မယ်ပြေရွာ ရွာဦးကျောင်းဆရာတော်ကြီး (ပျံလွန်တော်မူ) က ကျွန်ုပ်အား သင်ပေးခဲ့သော ဘုရားရှိခိုးမှာ။

''ဘုရား တရား သံဃာနှင့် မိဘနှစ်ပါး ဆရာသခင်ကျေးဇူးရှင်နှင့် ကျေးဇူးပြုဖူးခဲ့သည့် ပုဂ္ဂိုလ်ကြီးငယ်တို့ကို မနောကံ၊ ဝစီကံ၊ ကာယကံတို့ဖြင့် ပြစ်မှားမိခဲ့ပါလျှင် ထိုအပြစ်တို့မှ ကျေပါစေပျောက်ပါစေခြင်းအကြောင်းကို ရှိသေလေးမြတ်စွာဖြင့် ရှိခိုးကန်တော့၍ တောင်းပန်အပ်ပါသည်''

ဦးသုံးကြိမ်ချပြီးမှ ဆက်၍ . . .

''ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ ပါရမီတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားကြီး၏ ကြွင်းကျန်ရစ်သော ဓာတ်တော်၊ ဆံတော်၊ အံတော်အမွေတော်နှင့် အသုံးအဆောင်တော် ပရိဘောဂတော်များကို ထည့်သွင်းဌာပနာ၍ တည်ထားကိုးကွယ်ရပါသော ရုပ်ပွားဆင်းတုတော်မြတ်တို့နှင့် ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီတော်မြတ်အပေါင်းတို့ကို သက်ရှိထင်ရှား





ရှင်တော်မြတ်ဘုရားအမှတ်ဖြင့် ရှိသေလေးမြတ်စွာဖြင့် ရှိခိုးပါ၏ . . . အရှင်ဘုရား''

တစ်ကြိမ် ဦးချပြီးမှ . . .

''ဤသို့ ရှိခိုးကန်တော့ရခြင်းနှင့် (ဤလှူဖွယ်၊ ပန်းရေချမ်း၊ ဆီမီး၊ ဆွမ်း၊ ဆွမ်းဟင်းသစ်သီး) လှူဒါန်းရခြင်းအကျိုးနှင့် ပြုခဲ့ပြီးသော ကုသိုလ်ဒါနအစုစုတို့ကို ယခုဘဝအပါအဝင် နောင်ဖြစ်လေရာ ဘဝဘဝတိုင်းတို့တွင်ပါ ဗုဒ္ဓ၏အကျိုး၊ ဓမ္မ၏အကျိုး၊ သံဃာ၏အကျိုးတို့ကို သည်ပိုးရွက်ဆောင်နိုင်သည့်ကိုယ်ဖြစ်ပြီးလျှင် အလှူရေစက်လက်နှင့် မကွာပြုနိုင်သည့် လူသားစင်စစ်ယောကျ်ားသားဖြစ်ရပါလို၏ အရှင် ဘုရား''

ဟူ၍ အသံမတိုးမကျယ်ဖြင့် ရှိခိုးလိုက်သည်။

ဝေနေယျသတ္တဝါအပေါင်း အနီးဝန်းကျင်နှင့် ဝေးကွာသောအရပ်မှ ရှိရှိသမျှသော သူတော်စင်သူတော်ကောင်းအပေါင်းတို့နှင့် မြင်အပ်သော ပုဂ္ဂိုလ်မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်းတို့ကိုပါ မေတ္တာပို့ အမျှဝေလိုက်သည်။ ပုတီးစိပ်ရန်အတွက် နေရာထိုင်ခင်းကို သက်ဆိုင်ပုဂ္ဂိုလ်၊ နေရာဒေသ ပိုင်ဆိုင်သူတို့ထံတွင် တောင်းခံလိုက်သည်။ (စည်းချခြင်းမဟုတ် မည်သည့်နေရာတွင်ဖြစ်စေ၊ ကျွန်ုပ်ပုတီးစိပ်လျှင် စည်းမချပါ။ ကျွန်ုပ်သည် တားဆီးနိုင်သော အမိန့်အာဏာကို ပိုင်ဆိုင်သူမဟုတ်ခြင်း၊ မည်သည့်အရာမှ ပိုင်ဆိုင်မှုမရှိသော၊ လူ့ဘဝလူသားဖြစ်နေခြင်းကြောင့် ကျွန်ုပ်လိုက်မမီသော လောကသား ပုဂ္ဂိုလ်များ ရှိနေတတ်သောကြောင့် မထီမဲ့မြင်ပြုရာမကျအောင် လူ့ဝတ္တရားကျေစွာ နေရာထိုင်ခင်းတောင်းခြင်းဖြစ်သည်။

ထို့ကြောင့် ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်စနေထောင့် ဝိဇ္ဇာဘုရားရှေ့တွင် အဓိဋ္ဌာန်ပုတီးစိပ်စဉ် တစ်ခါက ပုတီး(၈) ပတ် မြောက်တွင် ကျွန်ုပ်၏ဘေးတွင် အသက်အတိုင်းအတာကို ခန့်မှန်းမရသော ဖြူဝင်းစိုပြေချောမောပြေပြစ်သော အမျိုးသမီးတစ်ဦးသည် ရင်ဖုံးအင်္ကျီလက်ရှည်၊ ချိတ်လုံချည် ပန်းနုရောင်နှင့် သွယ်နွဲ့ရှည်လျားနက်မှောင်သော ဆံပင်ကို ထုံးနှောင်မှုမပြုဘဲ လုပ်သော ရောင်စုံပန်းများကို ပွေ့ကိုင်ပြီး ရပ်နေသည်ကို ကျွန်ုပ်၏ ဓမ္မမိတ်ဆွေအဖော်များက မြင်ကြပြီး ကျွန်ုပ်ပုတီးစိပ်ပြီးချိန်တွင် ဘယ်သူလဲ ဘယ်ကလဲဟု ပိုင်းမေးကြပါသည်။ ကျွန်ုပ်က မမြင်မသိရှိးအနှံပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ပုတီးစိပ်လျှင်။

ဤနေရာဝန်းကျင်၌ရှိသော ပုဂ္ဂိုလ်များခင်ဗျာ၊ ကျွန်ုပ်သည် ယခု "ဤနေရာတွင် ဘုရားရှင်၏ ဂုဏ်တော်တရားတော်တို့ကို ရွတ်ပွားမှတ်ထင်၍ စိပ်ပုတီးဖြင့် စိတ်ကိုတည်ငြိမ်စေရန် ပွားများခြင်းပြုလိုပါသဖြင့် နေရာထိုင်ခင်းခေတ္တပေးပါရန် လေးစားသမှုဖြင့် တောင်းခံပါသည်။ ကျွန်ုပ်ပြုခဲ့ပြီးသော ကုသိုလ်ဒါန၏ ကောင်းမှုနှင့် ပြုဆဲကုသိုလ်တို့၏ အဖို့ကိုလည်း ရကြပါစေ၊ အမျှ အမျှ အမျှ ပေးဝေပါသည် သာဓုခေါ်နိုင်ကြပါစေ"

အမျှဝေနေရာတောင်းပြီးမှ စိတ်ပုတီးစိပ်ပါသည်။

တစ်ခါတွင်လည်း လမ်းမတော်အပိုင်း (ရွှေပုဇွန်မုန့်တိုက်ရှေ့) မှ စေတီလေးတွင် ထိုကဲ့သို့ပင် ပုတီးစိပ်ရာ ပုတီးပတ် (၈)ပတ်ပြည့်ပြီးတွင် ကျွန်ုပ်၏ဘေးတွင် ရုပ်ရည်တည်ကြည်ခန့်ငြားပြီး သျှောင်တစ်စောင်းနှင့် ပဝါပေါင်းပြီး တိုက်ပုံအင်္ကျီ ကြက်ဥနှစ်ရောင်းပိုးပုဆိုးနှင့် လူကြီးနှစ်ယောက်၊ ကြေးဖလား ခွက်ကိုင်၍ ရပ်နေကြသည်ကို ကျွန်ုပ်၏ ဓမ္မမိတ်ဆွေအဖော်များက မြင်တွေ့ကြသည်။ ကျွန်ုပ်က ပုတီးစိပ်ပြီး မေတ္တာပို့ အမျှအတန်းဝေမှုပဲ ပြုလိုက်နိုင်သည်။ ထိုပုဂ္ဂိုလ်တို့ကို ကျွန်ုပ်မမြင် မတွေ့ရပါ။ ကျွန်ုပ်နှင့် အကြောင်းဆက်ရှိသူများက သေဆုံးပြီး ဝိညာဉ်လောကကို (ပေတဂတိ) ရောက်ရှိနေသူတို့က လူ့ပြည်လူ့ဘဝကို ပြန်မရောက်မီအကြားတွင် ကျွန်ုပ်ပြုကောင်းမှုတို့ကို လိုချင်၍ လိုက်လံနေကြသည်ဟု ပြောကြသည်။ ကျွန်ုပ်ကိုတော့ အနံ့အသက်၊ အငွေ့အကြောင်း ထင်ရှားသည့်ကိုယ်ဟန်၊ အသံ တစ်မျိုးမျိုးဖြင့်ပါ အသိပေးခြင်း (ခြောက်လှန့်ခြင်းမဟုတ်) မျိုးကို မပြုလုပ်ကြပါ။ ကျွန်ုပ်သည် ကုသိုလ်ဒါနပြုတိုင်းနှင့် ပုတီးစိပ်ပြီးတိုင်းပါ၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်းကို ပြုပါသည်။ ယခုတစ်လောတွင်လည်း ကျွန်ုပ်ငယ်စဉ်က မကြာခဏ အိပ်မက်မက်သောအဘိုး ပြန်၍ အိပ်မက် မက်လာခဲ့ပြန်သည်။

✿ ✿ ✿

။၂။

❑

ရွှေတိဂုံစေတီတော်မှ နောင်တော်ကြီး စေတီတွင် ပုတီးစိပ်ခြင်းကိုပင် ပြန်ဆက်ပါရစေ။

ကျွန်ုပ်သည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံဂစ္ဆာမိကို ပုတီးတစ်ပတ်စီစိပ်ပြီး သမ္ဗုဒ္ဓေဂါထာတော်ကို နှုတ်မှ (၉) ခေါက်ရွတ်၍ နေရာထိုင်ခင်းများ ပြန်အပ်ပြီး မေတ္တာပို့ အမျှဝေလိုက်သည်။

စိပ်ပုတီးနှင့် ပုဝါကိုသိမ်းပြီး လွယ်အိတ်ထဲကို ပြန်ထည့်ရင်းမှ ဘေးဘယ်ညာကိုလှည့်ပတ်ကြည့်လိုက်ရာ လက်တစ်ကမ်းအကွာလောက်မှ ကျွန်ုပ်အား သေချာစွာ ထိုင်၍ကြည့်နေသော ယောဂီရောင်ပုဆိုးအင်္ကျီ ခေါင်းပေါင်းနှင့် လက်ထဲတွင် ပုတီးအလုံးကြီးတစ်နှင့် တောင်ဝှေးတစ်ချောင်းကိုလည်း ကိုင်ထားပြီး လွယ်အိတ်အညိုကြီးကို ဘေးတွင် ချထား၍ထိုင်နေသော လူကြီးတစ်ဦးကို ကျွန်ုပ်ကလည်း မြင်တွေ့ပြီး ကျွန်ုပ်ကိုလည်း ပြန်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း ... ငါ့မြေးက ဘာဂုဏ်တော်ကို ပုတီးစိပ်တာလဲ"

"ဗျာ ... ဟို သရဏဂုဏ်တော်ကို ပုတီးစိပ်ပြီး သမ္ဗုဒ္ဓေဂါထာကို ရွတ်ပါတယ်"

"အိမ်း ... အိမ်း ... ကောင်းပါလေ၊ ငါ့မြေးရယ်၊ ငါ့မြေး ဘုရားရှိခိုးတာက တစ်ကယ့်လောကနဲ့ အပ်စပ်တယ်ကွဲ ... သာဓု သာဓု သာဓု"

ကျွန်ုပ်သည် ၁၃၀၈ ခုနှစ် မွေးသူဖြစ်၍ ယနေ့ ကျွန်ုပ်အား ဦးလေး၊ ဦးကြီး၊ ဘကြီးအဘဟု အခေါ်များကြသည်။ သည့်နေ့တွင် ငါ့မြေးဟု ခေါ်သူနှင့်ကြုံနေရသည်။ ငါ့မြေးဟု ခေါ်ပြောနေသူကို လေ့လာကြည့်ကြည့်လိုက်မိသည်။

"အိမ်း ... ငါ့မြေးက အဘိုးရဲ့အသက်ကို တွက်စစ်နေတာကို၊ အေးကွယ်၊ အဘိုး ဒီရွှေတိဂုံစေတီတော်ကြီးကို သီပေါမင်းကလေးနဲ့ မိဖုရားပါ ရဲ့ရွှေတော်အပျိုတော်တို့နဲ့ ရယ်မောစကားဆိုနေကြတဲ့ တစ်ညနေမှာ သီပေါမင်းကလေးရဲ့ မယ်တော်က နန်းဆောင်ထဲကို ရုတ်တရက် ပျာတီပျာယာနဲ့ ဝင်လာပြီး ..."

"မောင်ရင် ... မောင်ရင် သည်းနန်းစည်းစိမ်ကိုလည်း မလိုချင်ပါနဲ့၊ ဘုရင်လည်း မလုပ်ချင်ပါနဲ့၊ မောင်ရင့်ညီတော် နောင်တော်၊ နှမတော်များရှိသေးရဲ့လားလို့ စစ်ကြည့်ပါဦး"

လို့ပြောပြီး မယ်တော်ပြန်ထွက်သွားတာနဲ့ သီပေါမင်းကလေးက အရှေ့နန်းဆောင်ထဲ ထွက်ပြီး မှူးမတ်တို့ကို ညီလာခံအမြန်ခေါ်ပြီး ...

"မင်းကြီးများ ... ကျုပ်ကို မထိန်မဝှက်ဘဲ မှန်တဲ့အတိုင်း တင်ကြစမ်းပါ၊ ချုပ်ထားသော ညီတော်၊ နောင်တော်၊ နှမတော်များ ရှိမရှိ သိလိုတယ်"

လို့မေးမြန်းတဲ့အခါ မင်းကြီးများက ...

"ဘုန်းတော်ကြောင့် အမှန်ကိုတင်ရပါလျှင် ဘုရင့်သားသည် ရွှေထီးရွှေနန်းကို အမှန်ကြံစမြဲဖြစ်၍ ကျွန်တော်မျိုးများ၏ စောင့်ရှောက်ရသော တာဝန်သည် အလွန်မှ ကြီးသည်ဖြစ်သောကြောင့် အချုပ်မှ လွတ်





ထွက်ပုန်ကန်လျှင် ဆင်းရဲသား အများသူငါတို့ အများအပြား သေကျေပျက်စီးကြမှာမြင်၍ သုတ်သင်ရှင်းလင်းရပါသည် ဘုရား"

လို့ သီပေါမင်းကလေးကို အမတ်တစ်ဦးကတင်သည့် အချိန်၊ အဘိုးနဲ့အဖ (အဘိုးရဲ့အဖေ) နဲ့ နန်းမြို့က ထွက်ပြီး ဒဂုံရဲ့ ဆံတော်ရှင်ကို တစ်ခေါက်ဖူးရပြီး သီပေါမင်းလေးကို ကုလားဖြူတွေ ဖမ်းဆီးခေါ်ဆောင်သွား၊ အဘိုးတို့ မောပြည်တစ်ခေါက်ပြန်ဆင်းလို့ ဆံတော်ရှင်ကို တစ်ခေါက်ဖူးရတယ်၊ အိမ်း ... အဲဒီအချိန်က အဘိုးက ကနောင်ကိုယ်တော်ကြီးရဲ့ လူယုံတော်တစ်ဦးမို့ ရွှေနန်းနဲ့ ဝေးခဲ့ရတယ်ပေါ့။ သာယာဝတီမှာ အခြေချရင်းနဲ့ ဂျွန်ဆရာစံရဲ့ အပါးမှာနေခဲ့ဖူးပြီး ဆေးဝါးအင်္ဂရပ် အလုပ်ကိုလုပ်ပြီး ဂျွန်တပ်ဖွဲ့ဝင်တွေကို ဆေးထိုးအဆောင်လုပ်ပေးဖို့ ဆရာစံက "အဘိုးရယ် ဂျွန်တပ်ဖွဲ့ရဲ့ ဆေးတော်ကိုင်" လုပ်ပေးပါဆို လို့ ဒီရွှေတိဂုံဆံတော်ရှင်စေတီကြီးမှာ အမိဌာန်ဝင်ခဲ့တာပါဆိုရင် သုံးကြိမ်ရောက်ဖူးပြီး ဆရာစံအဖမ်းခံရတော့၊ မြန်မာတစ်ပြည်လုံးက ဘုရားကျောင်းကန်တွေ လှည့်လည်နေခဲ့တာ၊ အခုတစ်ခေါက် ထပ်ရောက်ဖြစ်တာပေါ့ကွယ်"

"ဗျာ ..."

ကျွန်ုပ်၏ စိတ်အတွေးကိုသိပြီး ပြန်ဖြေလိုက်သော အဘိုး၏ စကားကြောင့် ကျွန်ုပ်၏နှုတ်မှ ဗျာဆိုသည့်စကားသံတစ်လုံးပဲ ထွက်မိအောင် အံ့ဩသွားမိသည်။

"လောကမှာ မထင်တာဖြစ်တတ်ရှိတတ်သလို ထင်တာတွေမဖြစ်တာလည်း ရှိတယ်။ အခု အဘိုးရဲ့ အမိဌာန်ခရီးက မပြီးသေးဘူး။ ငါ့မြေးနဲ့ နောက်တစ်ခါကြုံဖို့ ရှိပါသေးတယ်။ လူဟောင်းတွေနဲ့ ရွှေတိဂုံမှာ သာသနာ (၂၆၀၀) အလွန်မှာ ဆုံကြဖို့ပဲ၊ ငါ့မြေးလူဟောင်းများ ပဋ္ဌာန်ဆက်ပွဲမှာ ကုသိုလ်ယူပါကွယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ ... အဘိုး"

"ငါ့မြေးကို နမောတဿကို ပုတီးစိပ်ပါလို့ အဘိုးတိုက်တွန်းခဲ့တယ်"

"ဟုတ်ကဲ့ ... ကျွန်တော် လုပ်ပါ့မယ် ... အဘိုး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေးက နည်းနည်းတော့ ကန့်လန့်ဖြစ်ချင်တယ်၊ ဒါပေမဲ့ မှန်တယ်၊ ငါ့မြေး ဗေဒင်ဆရာတချို့ကို မယုံဘူး။ ဘာအဓိကကြောင့်လဲ ငါ့မြေးရဲ့"

ကျွန်ုပ်၏ အတွင်းစိတ်ကို အဘိုးက နှိုက်ယူနေသည်။ အမေးရှိလို့ ဖြေရသည်။

"ဟုတ်ကဲ့ . . . အဘိုးဗေဒင်လက္ခဏာဆိုတာ အရမ်းလျှို့ဝှက်သိပ်သည်းတဲ့ပညာပါ၊ ဘုရားရှင်မပွင့်ထွန်းမီထဲက ရှိတဲ့ ပညာရပ်ပါ။ အဲဒါကို လမ်းဘေးမှာထိုင်၊ လျှောက်လာတဲ့လူကို အတင်းခေါ်ဟော၊ ရာကျော်ထောင်ချီတောင်းပြီး ယတြာလုပ်ဖို့ဆိုတာက ပါသေး၊ ပြီးတော့ တန်ခိုးကြီးဘုရားတစ်ဆူမှာ ဘာသွားလုပ်လိုက်ပါ၊ ညာသွားလိုက်ပါနဲ့ ကြီးပဲဟောတော့ ဘုရားကတစ်ဆူ ဂေါတမဘုရားရှင်ပဲရှိတာ၊ ဗေဒင်ဆရာ တွက်တိုင်းတွက် တန်ခိုးကြီးဘုရားတွေ တိုးတိုးသွားတာ မနည်းမနောပဲ . . . အဘိုးရယ်"

ကျွန်ုပ်၏ အပြောကြောင့် အဘိုးကပြုံးပြီး . . .

"အိမ်း . . . ငါ့မြေးပြောသလိုပဲ ဟုတ်ပါကွယ်။ ကဲ . . . ကဲ . . . ငါ့မြေးကသာ လုပ်လို့မှ အစဉ်မပြေဘူး။ ရသမျှလည်း အဖတ်မတင်ဘူး။ အစွပ်အစွဲခံရသလို၊ အချုပ်အနှောင်ပါခံခဲ့ရတာကို ဒီအလုပ်လုပ်နေလို့ ဒီလောက်နဲ့ပြီးသွားတာ ထင်ပေါ်ကျော်ကြားမှုဖြစ်သင့်ပါရဲ့နဲ့ မဖြစ်ဘူး၊ စားရတာကတစ်ပဲ၊ လျော့ရတာက တစ်ကျပ်၊ ကျေးဇူးစွတ် ကျေးဇူးကန်းလည်း ခဏခဏခံရတယ်၊ အနေမကောင်းသလို အစားလည်း မကောင်းဘူး၊ စိတ်သွားတိုင်း ကိုယ်မပါဘူးပေါ့၊ ဟုတ်လား . . . ငါ့မြေး"

ကျွန်ုပ်မှာ လွန်စွာအံ့သြ၍ အံ့အားလည်း သင့်မိသည်။ အသက်ကို ခန့်မှန်း၍ မရသော သက်ကြီးသူက ကျွန်ုပ်ထက်နှုတ်ပြီး ယခုမှ တွေ့ပြီး ကျွန်ုပ်၏လက်ရှိအခြေအနေကို တစ်လုံးတစ်ကြောင်းမှ မလွဲအောင် ပြောဆိုနေမှုကပင် လေးစားစရာ ရှိသေးစရာ ဖြစ်နေသည်။

ကျွန်ုပ်က ဗေဒင်လက္ခဏာ ယုံကြည်ပါသည်၊ စီးပွားဖြစ်ဗေဒင်ပညာကို ရောင်းစားနေသူတို့ကို မယုံကြည်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ပါ . . . အဘိုး၊ ကျွန်တော်အဖြစ်က အဘိုးပြောတာနဲ့ တစ်လုံးမှ မလွဲပါဘူး"





"အိမ်း . . . အိမ်း . . . ဘိုးထိန်က သိလို့ပြောတာကွဲ့။ အဘိုးရဲ့ ကျင့်ကြံအားထုတ်မှုတွေ အမိဋ္ဌာန်ဓိရီးတွေကလည်း ဒီလိုသိခြင်းမျိုးက ဘာမှမဖြစ်လောက်ဖူး။ ဩော် . . . အဘိုးပြောတဲ့ နမောတဿဆိုတာက ဂါထာမဟုတ်ဘူးကွယ့်။ အခုက ဘုရားရှင်ဟောဖော်မိန့်မြွက်ခဲ့တဲ့ ဓမ္မတရားတွေက တေးချင်းတွေဖြစ်၊ တေးချင်းအစစ်အမှန်တွေက ဝိုချင်းဖြစ်၊ တေးချင်းလို့ပြောပြီး ဆိုနေတာတွေက ရန်ဖြစ်တာလား၊ ဖရုသဝါစာ အပြောတွေလား၊ အဝတ်အစားအရောင်အသွေးကလည်း မည်းမည်းနက်နက်တွေပဲ အဝတ်များကြတာ၊ ဝမ်းနည်းခြင်း အထိမ်းအမှတ်ပေါ့၊ အရှက်မဲ့လို့ ဝတ်တာတွေက အရှက်ကွဲကြဦးမယ်။ အဲဒီနမောတဿဆိုတာ အဘိုးတို့ရဲ့ ဘုရားရှင်ကို နတ်မင်းကြီးက ရှိခိုးကန်တော့တာ၊ ဘုရားရှိခိုး စစ်စစ်ကွယ့်။ အကျိုးသက်ရောက်မှုကို ငါ့မြေးသိရမှာ"

"ပြီးတော့ အိမ်မှာ ကြေးစည်သေးသေးတစ်လုံးကို ထားကွယ့်။ ဘုရားရှိခိုး မေတ္တာပို့ အမျှဝေပြီးတိုင်း ကြေးစည်ထု၊ ဂုဏ်တော်ဂါထာတော်တွေကိုရွတ်ပြီးရင်လည်း ကြေးစည်ထု၊ ကြေးစည်သံကြားရင် ကျွတ်လွတ်ချင်တဲ့ လူဟောင်းက သာခုခေါ်တယ်၊ ကြေးဆိုတာက လူနဲ့ခတ်ဖက်၊ ကျန်းမာတယ်၊ ရန်ကင်းတယ်၊ စီးပွားတိုးတယ်၊ မိုးကြိုးမခဘူး"

"ဟုတ်ကဲ့ . . . အဘိုး"

အဘိုးပြောသည်တို့ကို ကျွန်ုပ်က နားထောင်ပြီး အတော်ပင် စိတ်ဝင်စားမိသည်။ အဘိုးက ဆက်၍ . . .

"အိမ်း . . . အိမ်း . . . အဘိုးတို့ငယ်ငယ်က ကြေးအိုး၊ ကြေးခွက်၊ ကြေးဖွန်း၊ ဓားကိုတောင်ကြေးနဲ့ ကွပ်တယ်ကွယ့်"

"ဟုတ်ကဲ့ . . . အဘိုး၊ အခုက ကြေးတွေအရမ်းရှားပြီး အကုန်လုံးပလပ်စတစ်တွေကြီးပဲ နေရာဝင်ယူပြီး နောက်ဆိုရင် လူတောင်မှ ပလပ်စတစ်လူတွေ ဖြစ်လာဦးမလားမသိဘူး"

ကျွန်ုပ်က အမှန်နှင့်အရှိကို ပြောလိုက်သည်၊ အဘိုးက ခပ်ပြုံးပြုံးနှင့်ပင်။

"အိမ်းကွဲ့ . . . အဲဒါကြောင့် ငါ့မြေးပြောသလိုပဲ၊ လူတွေက ပလပ်စတစ်လို မြေဆီဖျက်အမှိုက်ရှုပ်သလို လူ့အသိတွေမဲ့ အရှက်အကြောက်



www.burmeseclassic.com

www.burmeseclassic.com



တရားမဲ့ ဟီရိဩတ္တပ္ပမဲ့ပြီး မပြုသင့်တာတွေ ပြုနေကြတာ၊ အစားထိုးက တယ်ဝါသနာပါကြတာကို။ ရောဂါမျိုးစုံတွေ ဖြစ်နေကြတာကို ကြည့်ပါ။ အဘိုးကြုံတုန်းပြောခဲ့မယ် ရွှေရှိရင် သောက်ရေအိုးထဲထည့်ထား၊ တန်ဆာဆင်တော့ ထုတ်ဝတ်ပေါ့၊ ရွှေစိမ်တဲ့ရေက သွေးသန့်တယ်။ အသားအရေဝင်းဝါစိုပြေတယ်၊ သည်းခြေနာကင်းတယ်၊ ဆံဖြူသွားကြွေနာပါ ပျောက်တယ်။ မှတ်ထား . . . ငါ့မြေး''

''ဟုတ်ကဲ့ . . . ငါ့မြေး''

ကျွန်ုပ်၏ ဟုတ်ကဲ့အဘိုးဟု စကားဆုံးတွင် ထိုင်ရာမှလည်း လွယ်အိတ်ကိုလွယ်၊ တောင်ဝှေးကို ကောက်ယူလိုက်သည်။ ကျွန်ုပ်က လက်အုပ်ချီ၍ ကန်တော့ရာ . . .

''အိမ်း . . . သာဓု . . . သာဓု . . . သာဓု အဘိုးကို ဘိုးထိန်လို့ မှတ်ထား။ အဓိဋ္ဌာန်ခရီးသည်ပေါ့ကွယ်''

''ဟုတ်ကဲ့ . . . အဘိုး''

ဦးသုံးကြိမ်ချပြီး၍ မျက်လုံးဖွင့်မော့ကြည့်လိုက်ရာ အဘိုးထိန်က ရှိမနေတော့။ ဘုရားကိုကန်တော့ပြီး နောင်တော်ကြီး စေတီကို တစ်ပါတ်ပတ်၍ အဘိုးထိန်ကိုရှာကြည့်ရာ မတွေ့သဖြင့်လှေခါးအတိုင်း ပြန်ဆင်းလာပြီး ရင်ပြင်တစ်ပတ်ရှာသော်လည်း အဘိုးထိန်ကို ရှာမတွေ့တော့ပါ။

ယောဂီရောင်အပေါ်အောက်နှင့် အညိုရောင်ခေါင်းပေါင်း၊ စိပ်ပုတီးတစ်ဖက်၊ တောင်ဝှေးတစ်ဖက်လွယ်အိတ်ကြီးနှင့် အဓိဋ္ဌာန်ရှင် ခရီးသည်ကြီးက ဘယ်အရပ်ဘယ်ဒေသ၏ စေတီကျောင်းကန်ဘုရားကို ရောက်ရှိနေမည်ဆိုသည်ကို ကျွန်ုပ်မသိနိုင်သလို ကျွန်ုပ်၏ အဓိဋ္ဌာန်ခရီးတစ်လျှောက်တွင်လည်း လူဟောင်းများ ဘယ်လောက်အထိ တွေ့ကြုံနေရဦးဟု မပြောနိုင်ပါလေ။

မိုးယံဥ်ထွန်း

www.burmeseclassic.com